
Pearl S. Buck
THE NEW YEAR
မောင်ပေါ်ထွန်း

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာလာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပို့မိုးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။


ရန်အောင်စာပေ-၂ စာအုပ်အမှတ် [၉၁]

# ဟောင်ပေါ်ထွန်း
# ရေမြေခြားသော်လည်း

## THE NEW YEAR
## PEARL S. BUCK

ရန်အောင်စာပေ-၂

အမှတ်(၈၅၅)ဦးငွေကိုင်လမ်း၊(၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ရန်ကုန်တိုင်း။
☎ ၀၉၅၁ ၉၄၆၂၉

ရေမြေခြားသော်လည်း

ပုံနှိပ်မှတ်တမ်းဆိုင်ရာမှတ်တမ်း
ဒုတိယအကြိမ် ၂၀၁၂ ခုနှစ်၊ ဇွန်လ

စာမူခွင့်ပြုချက်အမှတ်
၅၁၁၀ ၂၈၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၁၃၀၃၁၁၁၁

စီစဉ်ထုတ်လုပ်သူ
အောင်ဆိုနိုင်အောင်

မျက်နှာဖုံးပန်းချီ
ဝိုးအောင်

အတွင်းဖလင်
ထွန်းထွန်း

အတွင်းပုံနှိပ်နှင့် မျက်နှာဖုံး
ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ်(၁၅၅)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး
၃၅၀၀

၈၉၅.၈၃

မောင်ပေါ်ထွန်း၊

ရေမြေခြားသော်လည်း၊/ မောင်ပေါ်ထွန်း။ - ရန်ကုန်၊

သင်းစာပေ၊ ၂၀၁၂။

၄၀၆ - စာ ၁၃ x ၂၀ စင်တီ

(၁) ရေမြေခြားသော်လည်း

# ဘာသာပြန်သူ၏အမှာ

တစ်ခါတစ်ရံ မိမိအိမ်သို့ မျှော်လင့်မထားသည့်'မခေါ်ပင့်ချေ' ဧည့်သည် ရုတ်တရက် ရောက်လာတက်သည်ကို စာဖတ်သူလည်းကြုံဖူးပါလိမ့်မည်။ ယင်းသို့ရောက်လာလျှင်လည်း အိမ်ရှင်အဖို့ဝမ်းသာမျော်ရွှင်ရသည့် အဖြစ်မျိုးကများတတ်ပါသည်။ ဤစာအုပ်မှာလည်း ကျွန်တော့်အဖို့ မမျှော်လင့်သည့် ဧည့်သည်ပင် ဖြစ်ပါသည်။

အဘယ်ကြောင့် ဆိုသော်. . . .

လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ခန့်ကဖြစ်သည်။ တစ်နေ့တွင် လမ်းဘေးစာအုပ်ဆိုင်တစ်ဆိုင်၌ ပလက်ဖောင်းပေါ်ဖြန့်ခင်းထားသည့် စာအုပ်မျိုးစုံကြားတွင် New Year စာအုပ်ကို အမှတ်မထင် မြင်မိသည်။ ရေးသူမှာ နိုဘယ်ဆုရကမ္ဘာကျော်စာရေးဆရာမကြီး ပါးလ်အက်စ်ဘတ် (Pearl S. Buck ) ဖြစ်နေသည်။ ကျွန်တော်သည် ဆရာမကြီး၏ ဝတ္ထုတွေကို သုံးလေးအုပ်လောက်သာ ဖတ်ဖူးပြီး တော်တော်များများ မဖတ်ဖူးသော်လည်း မြင်ဖူး၍ နာမည်တွေကို သိနေသည်။ သို့သော်လည်း New Year အကြောင်းကိုတော့ ယခင်ကကြားလည်းမကြားဖူး မြင်လည်းမမြင်ဖူးပါ။ ယခုမြင်ရတော့မှသာ ပါးလ်ဘတ်ဝတ္ထုမှန်းသိရခြင်း ဖြစ်သည်။ ဝတ္ထုက ခပ်ပါးပါး၊ စာမျက်နှာ ၂၀၀ ပင်မပြည့်ပါ။ ဈေးနှုန်း မေးကြည့်တော့ (၁၀) ကျပ် ဟုဆိုသည်။ရှစ်ကျပ်နှင့်ဆစ်၍ ဝယ်လာခဲ့သည်။ သို့သော်လည်း မဖတ်အားသေး၍ စာအုပ်စင်ပေါ် တင်ထားလိုက်ပါသည်။

နှစ်လနေ့ရက် အတိအကျတော့ မမှတ်မိတော့ပါ။ မှန်းဆ

ပြောရလျှင် New Year စာအုပ်ဝယ်လာပြီးနောက် လေးငါးလလော
ကဟုထင်ပါသည်။ တစ်နေ့တွင် လမ်းထဲကအိမ်နီးချင်းမာမီကြ
ဒေါ်ဖွားမြူ ကျွန်တော့ဆီရောက်လာပြီး. . .

'ဟေ့ မောင်ပေါ်ထွန်း ၊ဖတ်စရာ Novel ဘာစာအုပ်ရှိသလဲ
မောင်ညွန့် သွေးတိုးလို့ ဆေးရုံတက်နေတယ်၊အပျင်းပြေ ဝတ္ထုဖတ်ချင်လို့
တဲ့၊ ဒါနဲ့ ပါးလ်ဘတ်ဝတ္ထုတွေထဲက ဘာတွေရှိသလဲ'

' လောလောဆယ် တစ်အုပ်တော့ ရှိတယ် မာမီ၊ နာမယ်က
New Year တဲ့၊ ကျွန်တော်လည်းမဖတ်ဖြစ်သေးဘူး၊ အဟောင်းဆိုင်မှာ
တွေ့လို့ ဝယ်လာခဲ့တာ၊ အဲဒီစာအုပ် ယူသွားပါလား၊ ကိုညွန့် ဖတ်ကြည့်
လို့ ကြိုက်ရင် ဘာသာပြန်သင့်ပြန်ရတာပေါ့'

' အေး. . ကောင်းတယ်၊ အဲဒီစာအုပ်ပေးလိုက်ပါ၊ မာမီက
ပါးလ်ဘတ် ပရိသတ်ကွယ့်၊ သူ့ဝတ္ထုတွေတော်တော်များများ ဖတ်ဖူးတယ်
New Year ကိုတော့ မဖတ်ဖူးသေးဘူး၊ ခုတော့ မျက်စိလည်းသိပ်
မကောင်းတော့ စာဖတ်နားထားလို့ ဝတ္ထု နဲ့အဆက်ပြတ်သွားပြီ'

မာမီကြီးမှာ အသက် ၇၀ ကျော်ပြီ၊ မော်လမြိုင် မစ်ရှင်ကျောင်း
ဆရာမ (အငြိမ်းစား) ဖြစ်သည်။ သူ့သားကိုညွန့်မြင့်ကတော့
ကုန်သွယ်ရေး (၁) ငုံမန်နေဂျာ (ငြိမ်း) ဖြစ်ပြီး လှိုင်သာယာ ညကျောင်း
ဆရာနှင့် စေတနာ့ဝန်ထမ်းကျူရှင်ဆရာလုပ်နေသည်။ အင်္ဂလိပ်စာတော်
ပြီး စာသင်စာပြလည်း ကောင်းသည်။ စာဖတ်ဝါသနာပါသူဖြစ်၍
ကျွန်တော်နှင့်ခင်မင်ရင်းနှီးသည်။

နောက်လေးငါးရက်လောက်အကြာတွင် မာမီကြီး ကျွန်တော့ဆီ
ရောက်လာပြန်သည်။

' ဟေ့ မောင်ပေါ်ထွန်း၊ နင်တော်တော်ညံ့တာပဲ၊ ဒီလောက်
ကောင်းတဲ့ဝတ္ထု ဘာလို့ဘာသာမပြန်သေးတာလဲ၊ မောင်ညွန့်က
ကြိုက်လွန်းလို့ မာမီ ဆက်ဆက်ဖတ်ကြည့်ပါဆိုတာနဲ့ ငါလည်း ဖတ်ကြည့်
တာ နေ့ဝက် တစ်ထိုင်တည်းနဲ့ ပြီးသွားတယ်၊ သိပ်ကောင်းတယ်၊
ဖတ်ကြည့်စမ်းပါ၊ ပြီးရင် ဘာသာပြန်ဖြစ်အောင် ပြန်ပါ' ဟု လှိုက်လှိုက်
လှဲလှဲ တိုက်တွန်းပါသည်။

သည်လိုနှင့် New Year ကို ကျွန်တော်ဖတ်ဖြစ်သွားသည်။
ကိုညွန့်တို့သားအမိလိုပဲ ကျွန်တော်လည်း ကြိုက်သွားပါသည်။

လူမျိုးကွဲ ချင်းအိမ်ထောင်ပြုမိရာမှ ဖြစ်ပေါ်လာသည့်
နောက်ဆက်တွဲ ပြဿနာကို ဆရာမကြီးပါးလ်ဘတ်က ဝတ္ထုဇာတ်လမ်း
လှလှပပကလေးဆင်ပြီး မေတ္တာစေတနာအပြည့်ဖြင့် ဖြေရှင်း ထားသည်
ကို အလွန်နှစ်သက်မိ၍ ဘာသာပြန်ဖြစ်သွားပါသည်။

ကွယ်လွန်သွားရှာပြီဖြစ်သော မာမီကြီး ဒေါ်ဖွားမြူနှင့်
သားဖြစ်သူ ဦးညွန့်မြင့်တို့၏ ကျေးဇူးကို အာရုံပြုလျှက်. . . ။

မောင်ပေါ်ထွန်း

(၂၄-၄-၁၁)

# အပိုင်း(၁)

"ကလင်...ကလင်...ကလင်"

မီးဖိုခန်း စားပွဲပေါ်မှ တယ်လီဖုန်း မြည်သံ ရုတ်တရက် ပေါ်ထွက်လာသည်။

ဂရိတာက မီးဖိုချောင်ဝတ် အဖြူရောင် ရှေ့ဖုံး ခါးစည်း အင်္ကျီကလေးကို လက်ဖြင့် အသာအယာ ပွတ်သပ်လိုက်ပြီးတော့မှ စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

အိမ်ရှင်မ ဖြစ်သူ မစ္စက် ခရစ္စတိုဖာ လော်ရာ ဝင်းတား၏ ကြည်လင်ချိုအေးသော အသံကို ကြားရသည်။

"မင်္ဂလာ နံနက်ခင်းပါ ဂရိတာ။ ငါ နယူးယောက်မှာပဲ ရှိနေသေးတယ်။ အခု အဲဒီက လှမ်းဆက်တာ။ ဒါနဲ့ ညည်းအစ်ကိုကြီး အောက်ထပ် ရောက်နေပြီလား"

"မရောက်သေးပါဘူး မမ။ အစ်ကိုကြီး အပေါ်ထပ်မှာပဲ ရှိနေပါသေးတယ်"

"အေး...ကောင်းတယ်...ကောင်းတယ်။ သူ့ကို အောက်ထပ် မဆင်းပါစေနဲ့ကွယ်။ သူက အောက်ထပ် ဆင်းလာရင် အပြင်ထွက်မှာ စိုးလို့ပါ။ မနေ့ညက ငါ့ဆီ ဒေါက်တာ ဖုန်းလှမ်းဆက်တယ်။ သူ့ တုပ်ကွေးရောဂါ

အခြေအနေက ပေါ့ပေါ့မဟုတ်ဘူးတဲ့။ အဲဒါကြောင့် သူ့အနေနဲ့ အိပ်ရာထဲမှာပဲ သက်သောင့်သက်သာ နေပါစေ သိလား။ အစာကိုလည်း အဝတ်လုံးဝ မစားစေနဲ့။ အရည်ကလေးပဲ တစ်နေ့လုံး တိုက်ပေးပါ...နော်"

"ကျွန်မက သူ့ကို အိပ်ရာထဲ နေနိုင်းလို့ရမှာ မဟုတ်ဘူး...မမရဲ့။ သူကလည်း ဘယ်နည်းနဲ့မှ နေမှာ မဟုတ်ဘူး။ ဒါနဲ့ မမ ဒီနေ့ အိမ်ပြန်လာမယ်ဆို...။ ကျွန်မကို မမ အဲဒီအတိုင်းပဲ ပြောသွားတယ် မဟုတ်လားဟင်"

"ဟုတ်ပါတယ်... ပြန်လာမလို့ပါပဲ။ ဒါပေမဲ့... အခုတော့ မပြန်ဖြစ်တော့ဘူး။ ဆေးဝါးဖော်စပ်တဲ့ သမားတော်တွေ အစည်းအဝေး ရှိနေလို့။ ဒီနေ့ပဲ အစည်းအဝေး လုပ်မယ်။ အဲဒီမှာ အဖွဲ့ဝင် တစ်ယောက် မတက်ရောက်နိုင်လို့ သူ့ကိုယ်စား ငါ တက်ရမယ်။ အဲဒါကြောင့် မို့လို့ပါ"

"ဪ...ဟုတ်ကဲ့ မမ"

"အဲဒီတော့ သူ့ကို အိပ်ရာထဲက ဘယ်မှ မသွားပါစေနဲ့ကွယ်။ နိုင်အောင် ထိန်းထားစမ်းပါနော်"

"ဟုတ်ကဲ့ပါ မမ...ကျွန်မ တတ်နိုင်သမျှ ကြိုးစားပြီး...အို... ဘုရားရေ ပြောရင်းဆိုရင်း သူ အခုပဲ အောက်ထပ်ဆင်းလာပြီ မမ"

သူမက တံခါးဘက်သို့ လှည့်ကြည့်လိုက်ပြီး

"ဒီမှာ...အစ်ကိုကြီး၊ မမက စကားပြောချင်လို့တဲ့"

"အိုကေ ဟန်ကျတာပဲ၊ အိပ်ရာထ မနက်ခင်းကို ဒီလို စရတာ သိပ်ကောင်းတယ်၊ မင်္ဂလာရှိတာပေါ့"

ခရစ္စတိုဖာဝင်းတားက ဂရိတာထံမှ စကားပြောခွက်ကို လှမ်းယူရင်း ပြောလိုက်သည်။ ထို့နောက် တဟွပ်ဟွပ်ဖြင့် ချောင်းဆိုးနေသည်။ သူက ဘာစကားမှ ပြန်မပြောနိုင်မီတွင်ပင် တစ်ဖက်မှ ဇနီးသည်၏ အသံက သူ့နားထဲသို့ ဝင်လာသည်။

"ဘယ့်နှယ်...မောင်။ အခြေအနေ ပိုဆိုးနေသလိုပါပဲလား...ဟင်"

"အို...မဆိုးပါဘူးကွယ်။ ကိုယ် ဘာမှ မဖြစ်ပါဘူး။ ကိုယ် နေကောင်း





ပါတယ်။ အခြေအနေ အများကြီး ကောင်းပါတယ် လော်ရာ...။ ဘာမှ မပူပါနဲ့... စိတ်ချပါ"

"မောင်...ဒီနေ့ ဘယ်သွားစရာ ရှိသေးသလဲ...ဟင်။ ဘယ်မှ မသွားပါနဲ့လား မောင်။ အိမ်မှာပဲ နားနားနေနေ နေလိုက်ပါဦးလား၊ နော် မောင်"

"အိမ်မှာနေလို့ မဖြစ်သေးဘူး...လော်ရာ။ မနက်စာ စားပြီးရင် တားမင်း ရောက်လာလိမ့်မယ်။ သူ ရောက်လာရင် ဌာနချုပ်ကို ချက်ချင်း လိုက်သွားရမယ်"

"ဒါနဲ့...ဒေါက်တာနဲ့ကော တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ။ မနေ့ညက တွေ့ပြီးပြီ"

"ကျွန်မဆီ ပြန်ဆက်ပါ...မောင်။ ခုနစ်နာရီဆိုရင် ကျွန်မ ဟိုတယ် ပြန်ရောက်မယ်။ မောင် ဒီအတိုင်းသာ ကိုယ့်ကိုယ်ကိုယ် မညှာမတာ လုပ်နေရင်တော့ ကျွန်မ ကြာကြာနေလို့မဖြစ်ဘူး။ ပထမ အသုတ် လေယာဉ်နဲ့ ပြန်လိုက်လာခဲ့မယ်"

"ကိုယ့်အတွက် ဘာမှမပူပါနဲ့ကွယ်။ ကိုယ်ဘာမှ မဖြစ်တော့ပါဘူး။ နေကောင်းနေပါပြီ"

"ဒီမှာမောင်..."

"ဘာလဲ...လော်ရာ"

"မောင့်ကို ကျွန်မ ဘယ်လောက် ချစ်တယ်ဆိုတာ မောင် သေသေချာချာကော သိရဲ့လားဟင်"

"မင်းက ကိုယ့်ကို အဲဒီအကြောင်းကော ပြောဖူးလို့လားဟင်"

"အမယ်လေး ပြောဖူးတာက ဟိုဘက်တောင် လွန်သွားပါသေးတယ် မောင်။ ကျွန်မ မောင့်ကို အဲဒီအကြောင်း နေ့တိုင်းလိုလို ပြောဖူးပါတယ်"

"ဒါဆိုရင်တော့ ကိုယ် သိပါတယ်။ ကိုယ် သေသေချာချာ သိပါတယ်"

"အဲဒီလို သိတာ ကျွန်မလည်း သဘောကျပါတယ်။ ဝမ်းလည်း သာပါသတဲ့ရှင်..."

"ဟင့်အင်း မယုံပါဘူး။ အလကား သူ ညာတာ"

သူက ဖုန်းကို ဆတ်ခနဲ ပြန်ချလိုက်သည်။ သူချောင်းဆိုးသံက တစ်ဖက်မှ သူ့မိန်းမ ကြားသွားမည် စိုးသောကြောင့် ဖြစ်သည်။

သူက အဝေး ရောက်နေသော သူ့ မိန်းမ စိတ်ချမ်းသာအောင် နေကောင်းပါတယ်။ ဘာမှမပူပါနဲ့ဟု ပြောလိုက်ရသော်လည်း အဖြစ်မှန်ကတော့ ဆန့်ကျင်ဘက် အခြေအနေတွင် ရှိနေသည်။ အမှန်ကတော့ သူ့ ကျန်းမာရေး အခြေအနေမှာ စိတ်ချရလောက်အောင် မကောင်းသေး။ တုပ်ကွေး ဒဏ်ကြောင့် ကိုယ်လက်တွေ တောင့်တင်း ကိုက်ခဲနေဆဲ ရှိသေးသည်။ တစ်ခါတစ်ခါ ချောင်းဆိုးပင် ဖောက်လာတတ်သေးသည်။ ထို့ကြောင့်လည်း ယနေ့မနက် အိပ်ရာမှ ထပြီးနောက် နံနက်စာ စားရန် အောက်ထပ်သို့ ဆင်းမလာမီတွင် ခါတိုင်းလို အဝတ်အစားပင် မလဲနိုင်ခဲ့။ မှတ်ဆိတ်ရိတ်၊ ရေမိုးချိုးပြီးနောက် အညိုရောင် သိုးမွေး ရေလဲ ဝတ်ရုံကြီးကိုသာ ကောက်စွပ်လာနိုင်ခဲ့သည်။

ယခုတော့ သူ နံနက်စာ စားပွဲတွင် အခန့်သား ထိုင်နေပြီ။

ဂရိတာ အဆင်သင့် ပြင်ထားသော လိမ္မော်ရည် ဖန်ခွက်ကြီးကို ကောက်ကိုင်ပြီး အားရပါးရ မော့သောက်လိုက်သည်။ အက်စစ်ဓာတ်က လည်ချောင်းကို စူးစူးရှရှ ဖြတ်ဆင်းသွားသဖြင့် သူ့မျက်နှာ ရှုံ့မဲ့သွားသည်။

"ဂရိတာ ကော်ဖီ လုပ်ပါဦး"

သူက မီးဖိုခန်းဘက်သို့ လှမ်းပြောလိုက်သည်။

"ဟုတ်ကဲ့...လာပါပြီ အစ်ကိုကြီး"

ဂရိတာက ကော်ဖီအိုးကို သူ့ရှေ့မှာ လာချသည်။

"ဒါနဲ့...အစ်ကိုကြီး ကြည့်ရတာ အများ မပြတ်သေးဘူးနဲ့ တူတယ်။ ဟုတ်လားဟင်"

"မနေ့ကလောက်တော့ မဆိုးတော့ပါဘူး။ ဒီနေ့ စာတွေ မရောက်သေးဘူးလား... ဂရိတာ"

"ဟုတ်ကဲ့...အစ်ကိုကြီး။ ကျွန်မ အခုပဲ သွားကြည့်လိုက်ပါ့မယ်"





သူမက ငွေကရားအိုးမှ အငွေ့ တထောင်းထောင်း ထွက်နေသော ...ကော်ဖီပူကို သူ့ ကော်ဖီပန်းကန်ထဲသို့ ငှဲ့ထည့်ပေးသည်။ ပြီးတော့ အိမ်ရှေ့ ...ပေါ်သို့ ထွက်လာခဲ့သည်။

မစ္စတာဝင်းတားထံ လာသော စာတွေအနက် အများစုမှာ သူ၏ ...ရှုနေ လုပ်ငန်းဌာန လိပ်စာဖြင့်သာ ရောက်လာတတ်ကြသည်။ သို့သော် ...နေ့တွင်ကား သူ့ဇနီး မစ္စက် ခရစ္စတိုဖာ ဝင်းတား လိပ်စာဖြင့် လာသော ...တွေထဲတွင် သူ့နာမည်နှင့်လည်း စာတစ်စောင် ရောပါလာသည်။ စာအိတ် ... ပါးပါးကလေး။ စာအိတ်ပေါ်တွင် ကပ်ထားသော တံဆိပ်ခေါင်းက ...ိုင်ငံခြား တံဆိပ်ခေါင်း။

ဂရိတာက စာအိတ်အားလုံးကို စားပွဲပေါ် တင်ပေးလိုက်ရင်း...

"ရော့ အစ်ကိုကြီး။ ဒါ ဒီနေ့ လာတဲ့ စာ အားလုံးပဲ။ အစ်ကိုကြီး ...တွက်လည်း တစ်စောင်ပါတယ်။ တံဆိပ်ခေါင်းတော့ ကျွန်မ လိုချင်ပါ ...ယ်။ ဘယ်နိုင်ငံကလဲ မသိဘူး"

မစ္စတာ ဝင်းတားက ပြာညိုရောင် စာအိတ်ကို ကောက်ယူလိုက်...ည်။

"ကိုရီးယားက လာတာပါ"

"ဟင် ကိုရီးယား က ဟုတ်လား။ အစ်ကိုကြီးမှာ ကိုရီးယားက အသိ...ိလားဟင်"

"ရှိမယ် မထင်ပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်ကတော့ ကိုရီးယားမှာ နေခဲ့ဖူးတယ်။ ကိုရီးယား စစ်အတွင်းကပါ"

"ဪ...ဟုတ်လား။ ဒါနဲ့ အခုကော အစ်ကိုကြီး အနေနဲ့ ကိုရီးယား ပြန်သွားချင်စိတ် ရှိသေးသလား ဟင်"

"မရှိတော့ပါဘူး အို...အင်း... ဟုတ်ပါတယ်။ ငါ ကိုယ့် နိုင်ငံပြန်လာ...ကိုပဲ သိပ်ပြီး ဝမ်းသာမိခဲ့တယ်"

"အစ်ကိုကြီး စစ်ထဲလိုက်သွားတုန်းက အစ်ကိုကြီးနဲ့ မတို့ လက်ထပ်...ဦးပြီလား အစ်ကိုကြီး"

"ဟုတ်တယ်။ တို့ လက်ထပ်ကြပြီးပြီ။ လက်ထပ်ပြီး သုံးရ အကြာမှာ ငါ စစ်ထဲ လိုက်သွားရတာ။ ကဲ... ငါ့ကို ဝက်သားကင်နဲ့ ကြက် ပေးစမ်းပါဦး"

"အို...ဟုတ်ပါရဲ့"

ဂရိတာ နေရာမှ ပြေးထွက်သွားသည်။ သူမ၏ မီးဖိုခန်းဝတ် အင်္ကျီ ဝါးစည်းကြိုးတွေက တယမ်းယမ်း ပါသွားသည်။

မစ္စတာဝင်းတားက စာအိတ်ကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်သည်။ စာအိတ်၏ လက်ဝဲဘက်ထောင့်စွန်တွင် ကိုရီးယားနာမည် တစ်ခုကို ရေးထား သည်။ သို့သော် အစ နာမည် 'ကင်' တစ်လုံးကိုသာ ဖတ်လို့ ရတော့သည်။ နောက်ဆုံး စာလုံးမှာ ရေစိုထား၍ မှုန်ဝါးနေသည်။

သူက စာအိတ်ကို ထောပတ်သုတ် ဓားကလေးဖြင့် ထိုးဖွင့်လိုက် သည်။

စာရွက်ချောချော ပါးပါးကလေး တစ်ရွက် ထွက်လာသည်။

စာရွက်ခေါက်ကို ဖြန့်လိုက်သည်။

အင်္ဂလိပ်စာနှင့် ရေးထားသည်။ လက်ရေးတွေက မညီမညာ ကလေး လက်ရေးလို။

ပထမဆုံးစာကြောင်းဆီသို့ မျက်လုံးရောက်သွားသည်။

**သားမောင်... လေးစားစွာ စာရေးလိုက်ပါတယ်... အမေရိကန် ဖေဖေ။**

နောက်တစ်ကြောင်းကလည်း ရှင်းနေသည်။

**ဖေဖေ့ဆီကို ဘယ်တော့မှ စာ မရေးရဘူးလို့ မေမေက ပြောပါတယ်။**

စာကြောင်းဆုံးလျှင် ဆုံးချင်း သူ သိလိုက်ပြီ။ ဘယ်သူ့ထံမှ စာဆို ကို သူ ချက်ချင်း မှတ်မိလိုက်ပြီ။





သူက စာရွက်ကို စားပွဲပေါ် ပြန်ချပြီး တခြား စာတွေနှင့် ဖုံးထားလိုက် သည်။

ထိုစဉ် ဝက်သားကင်နှင့် ကြက်ဥဗန်းကို ယူကာ ဂရိတာ ဝင်လာ သည်။

"ကျေးဇူးပဲ ဂရိတာ"

ဂရိတာ ပြန်ထွက်သွားသည်။ စားပွဲတွင် သူ တစ်ယောက်တည်းသာ ရှိတော့သည်။

သူ့အနေဖြင့် စိတ်ကို တတ်နိုင်သမျှ ထိန်းထားရမည်။

စောစောက စာရွက်ကို ပြန်မယူဘဲ သူ့ရှေ့မှ စားစရာတွေကိုသာ စတင် ကောက်စားသည်။ သို့သော် အစားအသောက်တွင် စိတ်မရောက်။ တခြားသို့သာ ရောက်နေသည်။ သူ စိတ်တခြား လူတခြား ဖြစ်နေပြီ။

**ဟုတ်ပါတယ် ဖြစ်နိုင်တာကတော့ တကယ် ဖြစ်နိုင်ပါတယ်။**

သူ ကိုရီးယားမှ သင်္ဘောနှင့် ထွက်လာချိန်တွင် ကလေးမှာ တစ်လ သား အရွယ်သာ ရှိသေးသည်။ သူက အမေရိကန်သို့ မပြန်ဘဲ ကိုရီးယားတွင် ပဲ ဆက်လက် နေထိုင်ရန် တတ်နိုင်သမျှ ကြိုးစားခဲ့သေးသည်။

သည်အတွက် သူ့ကိုယ်သူ ပြန်လည် ဖြေသိမ့်မိသည်။ သူ့ကိုယ်သူ ပြန်လည် စွင့်လွှတ်မိသည်။

"မငိုပါနဲ့တော့ ဆွန်ယာရယ် ကိုယ်တောင်းပန်ပါတယ် အချစ်ရယ်။ ကျေးဇူးပြုပြီး မငိုပါနဲ့တော့ကွယ်"

သူ့အသံကို သူ ပြန်လည် ကြားယောင်လာသည်။

နုနယ်သော ပူဆွေးအက်ကွဲသော သူ့အသံသည် ရှည်လျားသော အတိတ်ကာလကို ဖြတ်ကျော်ကာ ခမ်းနားလှပသော သူ့ အိမ်ကြီး၏ ဟိတ်ဆိတ် ငြိမ်သက်သော စားသောက်ခန်းထဲသို့ ပဲ့တင်ရိုက်စော် ရောက်ရှိ လာသည်။

ဤအိမ်ကြီးကား သူနှင့် သူ၏ချစ်ဇနီး လော်ရာတို့ ပျော်ရွှင်စွာ နေထိုင် ကြသော သီရိဂေဟာပင် ဖြစ်သည်။ သူတို့ဇနီးမောင်နှံတွင် သားသမီးရတနာ

တစ်ယောက်မျှ မထွန်းကားသော်လည်း သူတို့နှစ်ယောက် ပျော်ရွှင်ကြသည်။ စိတ်ချမ်းမြေ့ကြသည်။ တစ်ယောက်အပေါ် တစ်ယောက် ငံ့ထားမတတ် ချစ်မြတ်နိုးကြသည်။

သူတို့ ဧနီးမောင်နှံသည် အစတုန်းကလည်း ချစ်ခဲ့ကြသည်။ ယခု လည်း ချစ်ကြသည်။ နောက်ကိုလည်း သေတစ်ပန်သက်တစ်ဆုံး မမုန်းတမ်း ချစ်သွားကြမည်။

စားသောက်ခန်း တစ်ခန်းလုံးသည် သူ့မျက်စိ အာရုံတွင် တဖြည်း ဖြည်း မှုန်ဝါးကာ လုံးဝ ပျောက်ကွယ်သွားသည်။ တစ်သက်လုံး ဘယ်တော့ မှ ပြန်မပေါ်လာနိုင်တော့ဟု သူက စွဲစွဲမြဲမြဲ ယုံကြည်နေခဲ့သော အတိတ် ဇာတ်ကြောင်းသည် သူ့မျက်စိထဲတွင် ပီပြင်စွာ ပြန်ပေါ်လာသည်။

တကယ်တော့ ဘယ်သူမပြု မိမိမှုပင် ဖြစ်တော့သည်။ သူ ကိုယ်တိုင် ၏ မလိမ္မာ မိုက်မဲမှုပင် ဖြစ်တော့သည်။ သူ သည်မျှ မိုက်မဲလိမ့်မည်ဟု သူ့ကိုယ်သူ လုံးဝ မထင်ခဲ့။ လုံးဝ မယုံခဲ့။

ထိုစဉ်က သူ့အသက်က ၂၄ နှစ်။ လူတစ်ယောက်အနေဖြင့် ၂၄ နှစ် ဆိုလျှင် လူလားမြောက်ပြီ။ ဤအလုပ်ကား အမှား၊ ဤအလုပ်ကား အမှန် ဆိုသည်ကို ခွဲခွဲခြားခြား ကွဲကွဲပြားပြား သိသင့်ပြီ။

သို့သော် သူကား အမှားအမှန်ကို ခွဲခြား မသိခဲ့။ ထို့ကြောင့်လည်း မိမိကမ္ဘာနှင့် ခြားနားသော တခြား ကမ္ဘာတစ်ခုသို့ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်ရှိသွားသောအခါ မိမိ ကိုယ်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်သော အမှားကြီး တစ်ခုကို နဖူးတွေ့ ဒူးတွေ့ မျောက်မှား ကျူးလွန်မိပါလေတော့ သည်။

သူသည် သူ့အဘိုး သူ့ဖခင်တို့ကဲ့သို့ပင် လုပခမ်းနားသော ဘိုးစဉ် ဘောင်ဆက်ပိုင် ဤအိမ်ကြီးတွင်ပင် မွေးဖွားခဲ့သည်။ ဤအိမ်ကြီးသည် ပင်ဆီလ်ဗေးနီးယား ပြည်နယ် ဖီလာဒေးလ်ဖီးယား မြို့မှ "ရစ်တင်ဟောက်စ်" ရင်ပြင်ရှေ့တွင် တည်ရှိသည်။ ဤအိမ်ကြီးတွင် မိဘ အရိပ်အာဝါသ အောက် ၌ နေထိုင်ရသည်မှာ သူ့အဖို့ ဘာတစ်ခုမှ လိုလေသေးမရှိ ပြည့်စုံ အေးချမ်း





လှသည်။ သူ့ဘဝသည် ယင်းသို့ပင် တစ်သက်လုံး အေးချမ်းစွာ နေထိုင် သွားရလိမ့်ဟုလည်း အလေးအနက် စွဲမှတ် ယုံကြည်ထားခဲ့သည်။

သို့သော် တကယ့် အဖြစ်မှန်ကတော့ သူ မျှော်လင့်သလို ဖြစ်မလာခဲ့။ ကံကြမ္မာ အပြောင်းအလဲသည် သူ့အား ဇာတိဌာနေ ချက်မြှုပ်မြေမှ စွန့်ခွာကာ အာရှတိုက်မှ ရေးအကျဆုံး ထိုနိုင်ငံသို့ ရုတ်တရက် ပြောင်းရွှေ့ ပစ်လိုက် သည်။ သူသည် ဘာမှ မပြင်ဆင်လိုက်ရဘဲနှင့် ဘာမှ မစဉ်းစားလိုက်ရဘဲနှင့် စစ်မြေပြင်သို့ ရောက်ရှိသွားခဲ့ရသည်။

ပထမဦးစွာ အခြေခံစစ်သင်တန်း ခြောက်လတက်ရသည်။ သင်တန်း ဆင်းပြီးပြီးချင်း သူတို့တပ်ရင်းကို ကိုရီးယားနိုင်ငံသို့ ချက်ချင်း ပို့လွှတ်သည်။ ထိုအချိန်က ကိုရီးယားတွင် တောင်ပိုင်းနှင့်မြောက်ပိုင်း ခွဲခြမ်းရေး စစ်ပွဲကြီး အပြင်းအထန် ဖြစ်ပွားနေသည်။

သို့သော် သူ့အနေဖြင့် ကံကောင်းသည်ဟု ဆိုရမည်။ သူသည် နောက်ဆုံး အရှုံးအနိုင် စစ်ပွဲကြီး မပြီးခင်ကလေးတွင် ရှေ့တန်းသို့ ရောက်ရှိ လာသည်။ မကြာမီတွင် စစ်ကြီး ပြီးဆုံးသွားသည်။

သူ စစ်မတိုက်ရတော့။ သူတို့အားလုံး လုံးဝ စစ်နားခွင့်ရကြပြီ။

စစ်ကြီးပြီးသွားပေမဲ့ သူတို့ မပျော်ကြ။ စစ်သားတိုင်း အထီးကျန် ဖြစ်နေကြသည်။ အချိန်ရှိတိုင်း ဇာတိချက်ကြွေ မွေးရပ်မြေကိုသာ လွမ်းနေ ကြသည်။ ညီအစ်ကို မောင်နှမ မိဘဆွေမျိုးများကိုသာ အောက်မေ့ နေကြ သည်။

သူက သူ၏ ပူပူနွေးနွေး ဇနီးခါစ ချစ်ဇနီးကလေး လော်ရာထံသို့ စာတွေ အစောင်စောင် ရေးသည်။ သူမထံမှလည်း ပြန်စာတွေ တဖွဲဖွဲ ရောက် လာသည်။ သို့သော် ချစ်ဇနီး၏ အစောင်စောင်သော စာတွေကို အကြိမ်ကြိမ် ပြန်၍ လွမ်းစိတ်ကို ဖြေဖျော်ပါသော်လည်း အလွမ်းကား မပြေ။

သူတို့ ဇနီးမောင်နှံသည် တစ်ယောက်ကိုတစ်ယောက် ငံ့ထားမတတ် ချစ်ကြသည်။ သို့ပေမဲ့ ဘယ်နေ့ဘယ်ရက်တွင် ချစ်ဇနီးကလေးနှင့် ပြန်လည် ဆုံတွေ့ရမည်ကို သူ လုံးဝ မသိ။ ရပ်ဝေးမြေခြား နိုင်ငံတစ်ပါးသို့ ရောက်နေရ

သော သူ့ဘဝနှင့် သူ့ခံစားချက်များကို ချစ်စနိုးကလေးထံ ဘယ်သို့ဘယ်ပုံ စာပြန်ရေးရမည် ဆိုသည်ကိုလည်း သူ မသိတော့။ စာနှင့်ရေးပြရန်ကို မဆိုထားဘိ။ သည်မျှ ဝေးလံသော နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှနေပြီး မိမိချစ်စနိုးကလေး၏ လက်ရှိ အခြေအနေနှင့် ခံစားချက်များကို စိတ်ကူးဖြင့် ဘယ်လိုမှန်းဆခံစားရမည် ဆိုသည်ကိုလည်း လုံးဝ မသိတော့။

သူတို့ စနိုးမောင်နှံ၏ တိုတောင်းလှသော အိမ်ထောင်ရေး သက်တမ်းကို ပြန်လည် တွေးတောမိပြန်တော့လည်း ကြောက်စိတ်တွေ ဝင်လာကြသည်။ လက်မထပ်မီ ကာလတုန်းက ကြောက်စိတ်တွေ ဝင်ခဲ့မိသည့် အတိုင်းပင် ဖြစ်သည်။ လော်ရာအတွက် တွေးကြောက်တာလား။ ဒါမှမဟုတ် အိမ်ထောင်ရေးကိုပဲ တွေးကြောက်တာလား။ သည်အချက်ကိုလည်း သူက ကွဲကွဲပြားပြား စဉ်းစား၍ မရတော့။

သူနှင့်လော်ရာတို့သည် ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းကြပါမည်ဟု သစ္စာနံကာ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် တရားဝင် လက်ထပ်ခဲ့ကြပြီး ဖြစ်သည်။

သို့ပေမဲ့ လက်ထပ်ပြီး ရက်ပိုင်းအတွင်းတွင်ပင် ရပ်ဝေးမြေခြားစစ်မြေပြင်သို့ ထွက်လာခဲ့ရသည်။ သူသည် ရိုင်ဖယ် သေနတ်ကို အသင့်ချိန်ရင်း ရွံ့ဗွက်ပေါက်နေသော ကတုတ်ကျင်းထဲ၌ ဝပ်နေခဲ့ရသည်။ အခါမလင့် ရောက်လာနိုင်သော သေမင်းကို စောင့်မျှော်ရင်း အသည်း တထိတ်ထိတ် ရင်တဖိုဖို ခံစားနေခဲ့ရသည်။

သူနှင့်လော်ရာတို့ တခမ်းတနား မင်္ဂလာပွဲ ကျင်းပပြီး လက်ထပ်ခဲ့ကြတာ တကယ်များ ဟုတ်ပါရဲ့လားဟု တွေးနေမိသည်။ ရွှေရောင် ဆမ်းသောနေ့လယ်ပိုင်း မင်္ဂလာလက်ထပ်ပွဲ။ ပျော်စရာကောင်းလှသော သုံးရက်တာ ပျားရည်ဆမ်း မင်္ဂလာခရီး။ ဒါတွေဟာ တကယ်ပဲ ဖြစ်ခဲ့ပါရဲ့လားဟု သံသယ ဝင်လာမိသည်။

ကိုရီးယားနိုင်ငံမှ ညို့မှိုင်းမှိုင်း တောင်တန်းကြီးများ၊ အဆုံးမထင်သော ဆောင်းကာလ၏ အအေးဒဏ်၊ စစ်ကြီး ပြီးဆုံးပြီးနောက် ခံစားရသော





စိတ်ပျက်အားငယ်မှုများ....။ သည် အချက်များမှတစ်ပါး တခြား ဘာကိုမှ သူ တိတိကျကျ ရေရေရာရာ စဉ်းစား၍ မရတော့။

ရှေ့တန်းတွင် တိုက်ပွဲဝင်နေစဉ်အတွင်း ဒီစစ်ပွဲမှာ ငါ မသေဘဲ အသက်နှင့် ကိုယ် အိမ်ပြန်ရောက်နိုင်ရင် ဘယ်လောက်များ ပျော်စရာကောင်းလိမ့်မလဲဟု အကြိမ်ပေါင်းများစွာ တွေးနေမိခဲ့သည်။ သို့သော်.... သို့သော် စစ်ပွဲကြီး ပြီးဆုံး၍ သူ အသက် မသေခဲ့ပေမဲ့ သူကား မပျော်နိုင်ခဲ့။

သူ့ပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် ကြောက်စရာကောင်းလှသော ဆင်းရဲနွမ်းပါးခြင်း၊ စိတ်ဓာတ်တွေ ဖရိုဖရဲဖြစ်နေသော ပြည်သူများ၊ စစ်အတွင်းက မိဘဆွေမျိုးများ သေဆုံးသွားသဖြင့် လမ်းပေါ် ရောက်နေသော သနားစရာ ကလေးငယ်များနှင့် ဘုမသိ ဘမသိဖြင့် နိုင်ငံတစ်ပါးသို့ ရောက်လာကြရသော သူလည်း တစ်ယောက်အပါအဝင် အမေရိကန် စစ်သားလူငယ်များကိုသာ မမြင်ချင်အဆုံး တွေ့မြင်နေရသည်။ အရာခပ်သိမ်းတို့သည် ကြေကွဲစရာ ဝမ်းနည်းစရာတို့ဖြင့်သာ ဖုံးလွှမ်းနေကြသည်။ ဘယ်လိုမှ ဖယ်ရှောင်၍မရ။ ဘယ်နည်းနှင့်မှ မဖြစ်ချင်၍ မရ။

စစ်ကြီး ပြီးဆုံးသွားပေမဲ့ ဝမ်းမသာနိုင်။ မပျော်ရွှင်နိုင်။

သည်လိုနှင့် နောက်ဆုံးတော့ ဟယ် ပေါက်တဲ့နဖူး မထူးတော့ပါဘူးဟူသော စိတ်တွေ ဝင်လာပြီး သူသည်လည်း တခြား ထောင်ပေါင်းများစွာသော စစ်သားလူငယ်များကဲ့သို့ပင် "မိုးခါးရေ" သောက်ရတော့သည်။

"အမယ်....ကိုယ့်လူက ဒီစစ်တန်းလျားထဲ ငူငူကြီးထိုင်ပြီး ဘာမှိုင်နေတာလဲ။ မရှိတဲ့ ရည်းစား လွမ်းနေလို့ မှိုင်နေတာ ထင်တယ်။ ကဲ... ကိုယ့်ဆရာ ဘာမှ မှိုင်မနေနဲ့၊ ငိုင်မနေနဲ့၊ လာပါ တို့နဲ့ လိုက်ခဲ့စမ်းပါ။ မြို့ထဲထွက်ကြမယ်။ မင်း ပျော်ကိုပျော်သွားရမယ်။ ဘာပူနေစရာ လိုသလဲကွာ။ ဖြစ်ရာဘဝ ပျော်ပျော်ပဲပေါ့။ ပျော်ပျော်နေ သေခဲပဲပေါ့။ ကဲ...ထစမ်းပါ မြို့ထဲသွားကြရအောင်"

ပထမတော့ သူက ဘာမှမသိ။ သူငယ်ချင်းတွေ အတင်း ဆွဲခေါ်သွား၍သာ ဘုမသိ ဘမသိဖြင့် စိတ်မပါဘဲ မလိုက်ချင်လိုက်ချင် လိုက်လာခဲ့ရသည်။

သည်လိုနှင့် သူသည် ကပွဲခန်းမထဲ ရောက်လာခဲ့သည်။ ကပွဲဆိုပေမဲ့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားတော့ မဟုတ်။ ဆိုးလ် မြို့ထဲရှိ တိုက်ပြိုတိုက်ပျက်တွေ ကြားထဲမှ တဲကုပ်သာသာ အိမ်ကလေး တစ်ဆောင်မျှသာ ဖြစ်သည်။ လျှပ်စစ်မီးလုံးများကို ခေါင်မိုးတွင် ကြိုးတန်းလန်းနှင့် ဆွဲထားသည်။ အခန်းနံရံဘေးပတ်လည်တွင် ခုံတန်းရှည်များ ချထားသည်။ စန္ဒရားအပျက်ကြီးက အရှုးချေးပန်း ကကွက်ကို တဖြုန်းဖြုန်း တခြောင်းခြောင်း တီးပေးနေသည်။

အခန်းထဲတွင် လူတိုင်းလိုလို ကနေကြသည်။ ယူနီဖောင်းဝတ် လူငယ်တိုင်း၏ ရင်ထဲတွင် ကိုရီးယား အမျိုးသမီးကလေးများ ရောက်နေကြသည်။ ယင်း ကိုရီးယားသူကလေး အများစုသည် ပါးလွှာအိစက်သော အနောက်တိုင်း ဝတ်စုံများကို ဝတ်ထားကြသည်။ အနည်းစုကသာ မိမိတို့ ရိုးရာအတိုင်း ဂါဝန် ပွကြီးများနှင့် ဘော်ဒီ အင်္ကျီတိုများကို ဝတ်ဆင်ထားကြသည်။

ထိုနေ့ညက သူသည် ကပွဲထဲ ဝင်မလာဘဲ ခုံတန်းရှည်တွင် တစ်ယောက်တည်း ထိုင်ကာ ကပွဲ ပရိသတ်ကိုသာ ကြည့်နေမိသည်။

သူ နောက်ဆုံး ကခဲ့သည်မှာ သူတို့ ပျားရည်ဆမ်း ခရီးထွက်ခဲ့ကြသော ရက်အတွင်းက ဖြစ်သည်။ သူ့ ပါတနာက လော်ရာ...။ လော်ရာသည် သူနှင့် ပူးပူးကပ်ကပ် ရင်ချင်းအပ်ကာ ကျွမ်းကျင်စွာ ကခဲ့သည်။ ထိုနေ့သည် သူတို့ နှစ်ယောက်အဖို့ အပျော်ဆုံးနေ့တစ်နေ့။

ထိုနေ့တွင်ပင် သူသည် လော်ရာအား နှုတ်ဆက်၍ စစ်မြေပြင်သို့ ထွက်လာခဲ့ရသည်။

သည်နောက်တွင်တော့ သူသည် ကိုရီးယားနိုင်ငံမှ မတ်စောက်သော တောင်မြင့်ကြီးတွေကို တက်ရသည်။ ကျောက်ဆောင်ကြီးများနှင့် လျှိုမြောင် တောင်ကြားများကို ဖြတ်ကျော်ရသည်။ တစ်ဖက်ရန်သူနှင့် ရင်ဆိုင်တွေ့ကာ ဖြိုးဖြိုးဖြောက်ဖြောက် မဆိုစလောက် တိုက်ပွဲကလေးပေါင်း များစွာနှင့် အသက် ဖက်ရှက် ထုပ်ထားရသော တိုက်ပွဲကြီးပေါင်း များစွာတို့ကို တိုက်ရသည်။ သူသည် တစ်ချိန်လုံး သေခြင်းတရားကိုသာ မျက်ဝါးထင်ထင်





မြင်တွေ့ရနေမိတော့သည်။ ချစ်ခြင်းမေတ္တာဆိုသည်ကား စိတ်ကူးဖြင့် မှန်းဆနိုင်ရုံလောက်မျှသာ...။

သူသည် ကပွဲခန်းမထဲတွင် ငူငူကြီး ထိုင်နေရင်းမှ အတွေးရေလျဉ်ကြောတွင် မျောပါနေမိသည်။ လူတွေကြားထဲ ရောက်နေသော်လည်း ထိုလူတွေနှင့် သူနှင့် ဘယ်လိုမှ မဆက်စပ်။ တခြားစီ ဖြစ်နေသလို ထင်မှတ်နေသည်။ အမှန်ကတော့ သူသည် စိတ်ဓာတ်ကျပြီး အထီးကျန် ဝေဒနာကို ထုံ့ထိုင်းနှင့်နှင့် ခံစားနေရခြင်းပင် ဖြစ်သည်။

ထိုအခိုက် သူ့ သူငယ်ချင်း တွမ်ဆူလီဗန် သူ့ဆီသို့ လာနေသည်ကို မြင်လိုက်ရသည်။ တွမ်က သူ၏ သေတ္တာရှင်ဖက် တိုက်ဖော်တိုက်ဖက် ရဲဘော်ကလေး တစ်ယောက်။ တစ်ကြိမ်က တွမ်သည် တိုက်ပွဲတွင် ဒဏ်ရာ ရသွားသည်။ သူက တွမ်အား ကောက်ထမ်းပြီး တောင်ထက်မှ တောင်အောက်သို့ ခက်ခဲ ပင်ပန်းစွာ သယ်ယူ လာခဲ့ရသည်။ အခြေစိုက် သူနာပြုစခန်း ရောက်တော့ နှစ်ယောက်စလုံး၏ ကိုယ်ပေါ်တွင် သွေးတွေ ပေကျံနေသည်။ ပထမတွင် ဆရာဝန်အနေဖြင့် ဘယ်သူ့သွေးက ဘယ်သူ့ကို ခွန်းပေမှန်းကိုပင် မခွဲခြားနိုင်အောင် ဖြစ်ခဲ့ရသည်။

"ဟေ့လူ...ဘာထိုင်လုပ်နေတာလဲ။ လာပါ...ထစမ်းပါ။ ဒီမှာ ခင်ဗျားအတွက် ကျွန်တော် ပါတနာ တစ်ယောက် ခေါ်လာတယ်။ သူ့ နာမည်က ဆွန်ယာတဲ့။ ဒီမှာ...ဆွန်ယာ။ သူက ငါ့မိတ်ဆွေ ခရစ္စပဲ"

တွမ်က ယင်းသို့ ပြောပြီးနောက် အနီရောင် အဝတ်အစား ကျပ်ကျပ် ဝတ်ထားသော လေးထောင့်မျက်နှာနှင့် မိန်းကလေး တစ်ယောက်ကို တွဲခေါ်ကာ ကပွဲထဲ ပြန်ဝင်သွားသည်။

ခရစ္စတိုဖာက စိတ်မပါစွာဖြင့် ထိုင်ရာမှ ထလိုက်ရသည်။ သူ့မှုက ရှက်ကိုးရှက်ကန်း ဖြစ်နေသည့်ပုံမျိုး။

"က မလို့လား"

သူက မေးလိုက်သည်။

ဆွန်ယာက ပြုံးပြသည်။ ရှိသောအပြုံး။ တစ်နည်းအားဖြင့် ကြောက်ရွံ့နေသော အပြုံး။

သူက ဆုတ်ဆိုင်းဆိုင်းဟန်ဖြင့် သူမ၏ပခုံးကို သိုင်းဖက်လိုက်သည်။ သူကလေးသည် ကိုရီးယားထုံးစံ ပန်းရောင် ဂါ၀န်ရှည်ကြီးကို ဝတ်ထားသည်။ ဘော်ဒီ အင်္ကျီကတော့ ပိုးသားနုနု အဖြူရောင် ဓါးပြတ်။

မကြာမီတွင်ပင် သူမသည် အနောက်တိုင်း အကကို မကတတ်မှန်း ဓရစ္စက သိရသည်။

သူကလေး၏ အရပ်မှာ သိပ်မရှည်။ ကိုယ်လုံးကိုယ်ဖန်က ဓပ်သွယ်သွယ်။ သို့သော် ကျန်းမာရေး ကောင်း၍ ရုပ်ချောသူကလေး တစ်ယောက် ဖြစ်သည်။ တချို့ ကိုရီးယားသူကလေးတွေ တော်တော်ပင် ရုပ်ရည် ချောမော ကြသည်။ သည်အချက်ကို ဓရစ္စက သတိပြုမိခဲ့သည်။ သို့သော် ယခု ဆွန်ယာက တခြားမိန်းကလေးတွေထက် ပိုချောသလို ထင်မိသည်။ သူမ၏ အသားအရေက ပုလဲရောင်လို ဖွေးဖွေးနုနေသည်။

အညိုရောင် မျက်ခုံးနုနုအောက်မှာ အညိုရောင် မျက်လုံးအစုံက ဝိုင်းစက်ပြီး တလက်လက် တောက်ပနေသည်။ လက်ချောင်း ဖောင်းဖောင်း အိအိ ကလေးတွေကလည်း အရိုးမရှိသလို ထင်မှတ်ရသည်။

မှန်ပါသည်။ ယခု နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီး တောင်မှ ကလေးငယ် တစ်ယောက်၏ လက်ချောင်းများလို နူးညံ့အိစက်သော သူမ၏ လက်ချောင်းကလေးများကို သူ့မျက်စိတွင် အမှတ်ထင်ထင် မြင်ယောင် နေမိပါသေးသည်။

ထိုနေ့တုန်းက ဆွန်ယာ၏ ညာဘက်လက်ကလေးကို သူက ဘယ်လက်ဖြင့် ဆုပ်ကိုင်ကာ နှစ်ယောက်သား ပျော်ရွှင်စွာ ကခဲ့ကြသည်။ နောက်တော့ သူမ၏ လက်နှစ်ဖက်လုံးကို သူက ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ဆွန်ယာက အင်္ဂလိပ်စကားကို နည်းနည်းကလေးသာ ပြောတတ်သည်။ ထို့ကြောင့်လည်း ထိုနေ့က နှစ်ယောက်သား စကား သိပ်မပြောဖြစ်ဘဲ လက်ချင်းယှက်ကာ၊ ရင်ချင်းအပ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်းဖြင့်သာ ကခဲ့ကြသည်။ နှစ်ယောက်သား ပို၍ ရင်းနှီးလာအောင် ဘာသာစကား ဆက်သွယ်ရန် လိုအပ်သော်လည်း သူတို့နှစ်ယောက်အတွက် ဘာသာစကား မရှိသလို ဖြစ်နေခဲ့ရသည်။





"မင်း အသက် ဘယ်လောက်ရှိပြီလဲ"

သူက မေးကြည့်သည်။

သူမက မကတတ်။ အနောက်တိုင်း ကကြိုးကကွက်ကို သူမ နားမလည်။ ထို့ကြောင့် ဆက်ကနေ၍ အကြောင်းမထူးတော့။ (သို့သော် နောက်ရက်များ မကြာမီတွင်တော့ သူမသည် ဂီတကို အလွန် ဝါသနာ ပါကြောင်း။ သူမ၏ လက်ချောင်း အိအိကလေးများဖြင့် ဗျပ်စောင်းကို တီးခတ်ရင်း ကိုရီးယား သီချင်းများကို ကျွမ်းကျွမ်းကျင်ကျင် သီဆိုတတ်ကြောင်း သူ သိလာခဲ့ရသည်)

"အသက်၊ အို... ဟုတ်ကဲ့"

သူမက သည်လောက်ပဲ ပြန်ပြောတတ်သည်။

ပြီးတော့ ပထမ လက်ဆယ်ချောင်း ထောင်ပြသည်။ နောက် ရှစ်ချောင်း ထောင်ပြသည်။ ဆိုလိုတာကတော့ သူမအသက် ၁၈ နှစ်။

"ရှင့် အသက်"

သူမက ပြန်မေးသည်။

သူကလည်း သူမနည်းတူပင် လက်ချောင်းများကို ထောင်ပြပြီး သူ့အသက် ဘယ်လောက်ရှိပြီ ဆိုတာကို သင်္ကေတဖြင့် ပြန်ပြောလိုက်သည်။ ဤတွင် နှစ်ယောက်သား သဘောကျစွာဖြင့် ပထမဆုံးအကြိမ် ရယ်ကြသည်။

ထို့နောက် အက ရပ်ကြသည်။ သူက သူမအား ကိုကာကိုလာ ဝယ်တိုက်သည်။ သူမက သောက်လေ့သောက်ထ မရှိ၍ မကြိုက်။

"ဒါဖြင့် ဘာသောက်မလဲ"

သူ မေးတာကိုလည်း သူမက နားမလည်။

ထိုအခိုက် သူတို့အနီးသို့ တွမ်တို့ စုံတွဲ ရောက်လာသည်။

"ဒါက ဒေါ်လီတဲ့"

တွမ်က သူ့ကောင်မလေးနှင့် မိတ်ဆက်ပေးသည်။

"အဲဒါ သူ့နာမည်ရင်းတော့ မဟုတ်ဘူးကွ။ ငါက သူ့နာမည်ကို မထွက်တတ်ဘူး။ ဒါကြောင့် ခေါ်ရလွယ်အောင် ဒေါ်လီလို့ပဲ လွယ်လွ ခေါ်လိုက်ရတာ။ ဟဲ...ဟဲ"

"အဲဒါ သိပ်ကောင်းတယ်"

ဒေါ်လီက သွားတွေအားလုံးပေါ်အောင်ရယ်ပြီး ပြောသည်။

"သူက အရမ်း ကတတ်သွားပြီ။ ငါ သင်ပေးတာ။ ပထမ တရွတ်ဆွဲပြီး လိုက်နေရတယ်။ မဟုတ်ဘူးလား... အချစ်"

ဒေါ်လီက ရယ်လိုက်ပြီး...

"သိပ် ဟုတ်တာပေါ့"

"သူက ငါနဲ့ တွဲကရတာကိုလည်း သိပ်ပြီး ပျော်နေတာ။ သူ့မျက် ကြည့်ပါလား။ ဆွန်ယာလည်း နောက်တော့ ပျော်လာမှာပါ။ အင်္ဂလိပ်စကား ပြောတတ်သွားရင် သိပ် ပျော်ရမယ်။ ဆွန်ယာက စုတစ်ကြိမ်ပဲ ကဖူး တာ မဟုတ်ဘူးလား ဒေါ်လီ"

"ဟုတ်တာပေါ့၊ သူက မနေ့ကမှ တောရွာကလေးက ရောက်လ တာ"

သူတို့နှစ်ယောက် ပြန်ထွက်သွားကြသည်။ ခရစ္စနှင့် ဆွန်ယာတ နှစ်ယောက်သား ကျန်ရစ်တော့သည်။

*

ဆွန်ယာအား သူ စွဲလမ်းမိသော အချက်တစ်ချက်မှာ သူမ၏ တစ်မူ ထူးခြာ ချက်ပင် ဖြစ်သည်။ သူကလေးက အခြား မိန်းကလေးတွေလို မရဲတင်း တခြား မိန်းကလေးတွေလို မျက်နှာပြောင် မတိုက်။ ဆတ်ကော့လတ်ကော အမူအရာမျိုး လုံးဝ မရှိ။





သူမ၏ အမူအရာက တကယ်လည်း ရိုးသားပုံပေါ်သည်။ ရှက်စနိုး နှာကလေးကိုက ချစ်စရာ တစ်မျိုး ကောင်းနေသည်။

သူမ၏ ကိုယ်ကို သူ့လက်နှင့် အမှတ်မထင် သွားထိမိသောအခါ တွင် ရှက်စနိုး ဟန်ကလေးဖြင့် သူမကိုယ်ကလေး တွန့်သွားတတ်သည်။ ါတစ်ရံ တံတောင်ကလေးဖြင့် မသိမသာ တစ်ချက်တွတ်ပြီး တစ်ဖက် မသိမသာကလေး ကိုင်းသွားတတ်သည်။ သူ့အဖို့ သည်အမူအရာ လေးကိုပင် ချစ်စရာတစ်မျိုး ဟူ၍ ထင်မှတ်နေမိသည်။

သူတို့ နှစ်ယောက် ခုံတန်းရှည်ပေါ်တွင် ငြိမ်ချက်သား ကောင်းစွာဖြင့် င်နေကြသည်။

ခရစ္စက ကနေသူများကို ကြည့်နေရင်းမှ စိတ်လွှပ်ရှား နေမိသည်။ တေးတွင် ထိုင်နေသော မိန်းကလေးကို အမြဲတမ်း သတိရနေသည်။ သော် လှည့်၍တော့ မကြည့်မိ။ မကြည့်မိအောင်လည်း သူက စိတ်ကို န်းထားသည်။ တကယ်တော့ သူသည် သူ့စိတ်ထဲမှ ဆုံးဖြတ်ချက် တစ်ခု ပိုင်ပိုင်နိုင်နိုင် မချမှတ်နိုင်ဘဲ ဖြစ်နေခြင်းသာ။ သူ့စိတ်ထဲတွင် တွေဝေ ခြင်းသာ။

အမေရိကန်သား တစ်ယောက်က အာရှတွင် ဘာပဲလုပ်လုပ် မေရိကတွင် ဘာမှ ထူးခြားမှု မရှိဆိုတာ တကယ် မှန်ပါသလား။

အမေရိကန်နိုင်ငံ အနေဖြင့် ဘာမှ ထူးခြားမှု မရှိသည့်တိုင်အောင် အလုပ်ကို ပြုလုပ်သူ အနေဖြင့် ထူးခြားမှု မရှိနိုင်တော့ဘူးလား။

ဥပမာအားဖြင့် တွမ်ဆူလီဗန်ကိုပဲ ကြည့်ပါ။ သူသည် နက်ဘရာ ကာပြည်နယ်၊ စင်တာဗီးလ်မြို့မှ မထွက်စွာလာမီကလေးတွင်ပင် ပူပူ နွေး လက်ထပ်ခဲ့သူ တစ်ယောက်။ ယခုတော့ သူသည် ဇာတိရွာနေတွင် ကျန်ရစ်ခဲ့သော ဇနီးကလေးအား ဖုတ်လေသည့်ငါးပိ ရှိလေသည်မှ မသိ တော့သလို ပုံစံမျိုးဖြင့် ကိုရီးယားသူ ဒေါ်လီကလေးနှင့် မပြတ် 'တွဲ'က ပျော်ကြီး ပျော်နေသည်။

တွမ်၏ လုပ်ရပ်သည် မှန်ကန်သော လုပ်ရပ်လား။ လုပ်သင့် လုပ် ထိုက်သော လုပ်ရပ်လား။

သို့သော် တွမ်ကတော့ သူ့လုပ်ရပ် မှန်ကန်ကြောင်း ဆင်ခြေပေ
သည်။

"ငါ ဒီမှာ ဘာပဲလုပ်လုပ် ငါ့အကြောင်း သူတို့ မသိရင် ပြီးတာပဲကွ။ အမှန်ကတော့ ဒီအတွက် ဘာမှ ပူနေစရာ မလိုပါဘူးကွာ။ ဟိုကောင်းလည်း ရှိသားပဲ။ "အရှေ့သည်အရှေ့၊ အနောက်သည် အနောက်" ဆို မဟုတ်လာ ပြီးတော့ ဒေါ်လီကလည်း ငါနဲ့ အခုလို တွဲနေတာ ဘယ်လိုမှ လေးလေး နက်နက် မထားပါဘူး။ ဟုတ်တယ် ငါ့မှာ လက်ထပ်ထားတဲ့ မိန်းမရှိတယ် အဲဒါကို ဒေါ်လီလည်း သိတယ်။ ဒါဆို ရှင်းနေပြီပေါ့။ ဘာပူစရာ လိုသေး လဲ။ ဒီမှာ ကိုယ့်လူ ဘာမှ တွေးကြောက် မနေနဲ့။ ပျော်ပျော် နေစမ်းပါ ဖွတ်တယ် ထင်ရင် ဒူးသာဒူး။ ဒါပဲပေါ့ ဟဲ...ဟဲ...ဟဲ"

ကပွဲခန်းမတွင် ပူလည်း အလွန်ပူသည်။ သည်ကြားထဲ လမ်းပေါ်မှ ဖုန်တွေကလည်း ဝင်လာလိုက်သေးသည်။ ရေစ္စသည် အပူဒဏ်နှင့် ဖေ ဒဏ်ကို မခံမရပ်နိုင်အောင် ဖြစ်လာမိသည်။

သူက သူ့ဘေးတွင် ထိုင်နေသော ဆွန်ယာကို အသာ ခိုးကြည့်လိုက် သည်။ သူမကလည်း သူ့အကြည့်ကိုပင် တမင် ရှောင်လင့် နေပုံမျိုး။ သူမက သူ့ကို ပြုံးပြသည်။ သူက ဘာလုပ်ရမှန်း မသိသဖြင့် ထိုင်နေရာမှ ရုတ်တရက် အမှတ်မထင် ထရပ်လိုက်သည်။

ထိုအခိုက် တွမ်နှင့် ဒေါ်လီတို့ နှစ်ယောက်သား တစ်ယောက်လက် တစ်ယောက် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ သူတို့ အနားသို့ ရောက်လာ ကြသည်။

"မင်းတို့က ဘယ် ယွန်းဦးမလို့လဲ"

တွမ်က မေးသည်။

"ဘယ်ပဲဖြစ်ဖြစ်ကွာ။ ငါ ဒီနေရာမှာ ဆက်နေရင် မွန်းကျပ်ပြီး သေလိမ့်မယ်"

သူက ပြန်ပြောလိုက်သည်။

"ကဲ... ဒါဆို ကျွန်မတို့ တဲကို သွားကြရအောင်လား။ ကျွန်မ ခေါက်ဆွဲ လုပ်ကျွေးမယ်လေ"





ဒေါ်လီက ဖိတ်ခေါ်သည်။

သူက ခေတ္တ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။ ပြီးတော့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

အလည်အပတ်သဘော တစ်နာရီ နှစ်နာရီလောက် သူတို့နှင့်အတူ လိုက်သွားလို့တော့ ဘာမှ အကျိုးယုတ်နိုင်စရာ မရှိ။ သို့သော် ထို့ထက်ပို၍ တော့ မနေနိုင်။

*

"အစ်ကိုကြီး မစ္စတာ ဘားမင်း ရောက်လာပါတယ်"

မမျှော်လင့်ဘဲ ရုတ်တရက် ကြားလိုက်ရသော ဂရိတာ၏ အသံ ကြောင့် သူ့အတွေးသည် ကိုရီးယားမှနေ၍ ဖီလာဒေးလ်ဖီးယားမြို့သို့ ပြန် ရောက်လာခဲ့သည်။

သူက နိုင်ငံခြားစာအိတ်ကို တခြားစာတွေ ကြားထဲသို့ ကမန်းကတန်း ထိုးသွင်းထားလိုက်သည်။

"အေး... ဒီကို ခေါ်ခဲ့ပါ ဂရိတာ"

သူက ကော်ဖီခွက်ထဲမှ လက်ကျန်ကို မော့သောက်လိုက်ပြီးနောက် ကော်ဖီခွက်ကို ပြန်ချလိုက်သည်။

ထိုအခိုက် တံခါးဝတွင် လူသန် လူထွားကြီး တစ်ယောက် ပေါ်လာ သည်။

"ကဲ ကျွန်တော်တို့ရဲ့ ပြည်နယ် အုပ်ချုပ်ရေးမှူးလောင်းကြီး ဒီနေ့ မနက်မှာ ကျန်းမာခဲ့သလို ရွှင်လန်းပါစေ"

ဂျိုးဘားမင်းက ရင်းနှီးလိုက်လှဲသော ဟန်ဖြင့် ခပ်ကျယ်ကျယ် မေးလိုက်သည်။

"ထိုင်ပါ ဂျိုး၊ ဂရိတာ... နောက်ထပ် ကော်ဖီတစ်ခွက် လုပ်ပါဦး"

"ကျေးဇူးပါပဲဗျာ"

ဘားမင်း၏ အားပြည့်မာန်ပြည့် အသံကြီးက တစ်ခန်းလုံး ဟိန်းသွားသည်။ သူက လက်ကိုင်အိတ်ထဲမှ စာရွက် တစ်ထပ်ကြီးကို ဆွဲထုတ်လိုက်ရင်း...

"ဒါတွေကို ဘာတွေလို့ ထင်သလဲ။ ဘာတွေရမှာလဲ။ မဲဆန္ဒတွေပေါ့ဗျ။ မဲဆန္ဒတွေပေါ့။ တကယ့်ကို အပြတ်အသတ်ပဲ။ ပြည်သူတွေ အားလုံးကတော့ ကျွန်တော်တို့မြို့ရဲ့ ထိပ်တန်း ရှေ့နေကြီး ခရစ္စတိုဖာဝင်းတားဘက်က ရပ်နေကြပြီဗျ"

"အမယ်လေး... ဂျိုးရယ်။ တောင်းပန်ပါတယ်။ ဘာမှ အဖြူအမည်း မသိရသေးခင်မှာ ဒီအထိတော့ တစ်ချက်လောက် မကြွားပါနဲ့ဦး"

"ကျွန်တော်က အသားလွတ် ကြွားပြောနေတာ မဟုတ်ဘူးဗျ။ တကယ့် အဖြစ်မှန်ကို အမှန်အတိုင်း ပြောနေတာ။ ကျွန်တော်တို့က ပြည်သူ့ဆန္ဒကို သုတေသန လုပ်ထားပြီးပြီ။ ရပ်ရွင်ကြည့် ပရိသတ်တွေ၊ ကုန်ပဒေသာ ဈေးကြီးတွေ...။ လူစုလူဝေးတွေအားလုံး ဆန္ဒယူကြည့်ပြီးပြီ။ ဘာမှ သံသယ ဖြစ်နေစရာ မလိုဘူး။ တစ်မြို့လုံးကို ခင်ဗျား စီးထားပြီးပြီ။ အခု ပြည်နယ်ပဲ ကျန်တော့တယ်။ ပြည်သူတွေက ခင်ဗျားကို ကြိုက်နေကြပြီ။ သူတို့က တကယ့် ရည်မှန်းချက်ရှိတဲ့ လူစားမျိုးကိုမှ ခေါင်းဆောင် တင်ချင်ကြတာ။ ကျွန်တော်တို့က တကယ့် နိုင်ပေါက် ဝင်တိုးနေပြီဗျ။ ကျွန်တော် ပြောတာ ယုံစမ်းပါ... ပြည်နယ် အုပ်ချုပ်ရေးမှူးကြီးရဲ့။ ပြည်သူတွေက ခင်ဗျား လူတွေ ဖြစ်နေပါပြီ။ ကဲ... ဘယ်လောက် ဝမ်းသာစရာ ကောင်းတဲ့ အချက်လဲ။ ပျော်ပျော်ရွှင်ရွှင်သာ နေစမ်းပါဗျ။ ခင်ဗျား ကျိန်းသေပေါက် နိုင်ကိုနိုင်မှာပါ"

ရုတ်တရက် ချောင်းဆိုးဝင်လာသဖြင့် ခရစ္စဝင်းတားက ပြန်မပြောနိုင်ဘဲ ဖြစ်သွားသည်။ သို့ဖြင့်... ဘားမင်းကပင် ဆက်လက်၍...





"ကိုယ့်ဆရာ...ခင်ဗျား အအေးမိနေတယ်...နော။ အရေးထဲ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦးဗျ"

"စိုက်ပါတယ်ဗျာ။ စိုက်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီနေ့တစ်နေ့လုံး ဘယ်မှ မသွားဘဲ အိမ်မှာပဲနေပါ့မယ်ဆိုပြီးတော့ ကျုပ်မိန်းမကို ကတိပေးလိုက်သေးတယ်။ သူက ခပ်စောစောကပဲ နယူးယောက်က ဖုန်းလှမ်းဆက်ပြီး သတိပေးလို့..."

ဘားမင်း ရုတ်တရက် မျက်လုံးပြူးသွားသည်။

"ဟင်...ဒါဆို အမျိုးသမီးကလပ်က ကိုယ်စားလှယ် အဖွဲ့နဲ့ ချိန်းထားတယ်ဆိုတာ ဘယ်လို လုပ်မလဲ။ သူတို့က ဒီနေ့မနက် (၁၁)နာရီမှာ ရောက်လာ ကြမှာဗျ"

ခရစ္စဝင်းတားက သက်မ တစ်ချက် ချလိုက်ပြီး...

"အေးဗျာ...ဟုတ်ပါရဲ့...၊ အဲဒီကိစ္စ ကျုပ် လုံးဝ မေ့သွားတယ်။ ကောင်းပြီလေ၊ ဖြစ်ပါတယ်။ ကျုပ် လာဖြစ်အောင် လာပါ့မယ်၊ စိတ်ချပါ"

"ဒါနဲ့ ကျွန်တော်က အပြစ် ပြောတာတော့ မဟုတ်ဘူးနော်။ ခင်ဗျား မိန်းမက တော်တော်စွမ်း..."

"အို...ဒီလူက လူရယ်စရာတွေ ပြောနေပြန်ပါပြီ"

"လူရယ်စရာ ပြောတာ မဟုတ်ဘူးဗျ။ ကျွန်တော်က တကယ် ပြောတာ။ ခင်ဗျား မိန်းမက တော်လည်းတော်တယ်။ ချောလည်းချောတယ်။ ပြည်နယ် အုပ်ချုပ်ရေးမှူးကတော် တကယ် ဖြစ်ထိုက်တဲ့ အမျိုးသမီး တစ်ယောက်ပဲ။ ဒီ အရည်အချင်းတွေဟာ ဘယ်အထိ အထောက်အကူ ပြုနိုင်တယ် ထင်သလဲ။ ကျွန်တော် ပြောတာ မယုံမရှိနဲ့။ ပြည်နယ် အုပ်ချုပ်ရေးမှူးပြီးရင် သမ္မတ ဖြစ်မှာ ကျိန်းသေပဲဗျ"

"စောင့်ကြည့်သေးတာပေါ့ဗျ။ ကိုင်း...ဒီတော့ ခင်ဗျားဌာနချုပ်ကိုသာ ပြန်ပါတော့။ သူတို့ကို ကျုပ် တစ်နာရီအတွင်း ရောက်လာမယ်လို့ ပြောထားပါ"

"အိုကေ... ဆရာ"

ဂျိုးဘားမင်း ပြန်ထွက်သွားပြီးနောက် တစ်ခန်းလုံး ပြန်လည် တိတ်ဆိတ်သွားသည်။

ခရစ္စတိုဖာဝင်းတားက နိုင်ငံခြား စာအိတ်ကို တခြား စာတွေကြားမှ ဆွဲထုတ် လိုက်ပြီးနောက် သူ၏ ရေချိုးဝတ်ရုံကြီး အိတ်ထဲသို့ ထိုးထည့်ထားလိုက်သည်။

ကော်ဖီ ထပ်ဖျော်ပြီး ဂရီတာ အခန်းထဲ ပြန်ဝင်လာသည်။

“ဒီစာတွေ ငါ့ စာကြည့်ခန်းထဲက စားပွဲပေါ် သွားတင်ထားလိုက်ပါ ဂရီတာ။ ကော်ဖီပန်းကန်ကိုတော့ ငါ့ဘာသာ ငါပဲ အဝတ်လဲခန်းထဲ ယူသွားမယ်”

“ဒါနဲ့ အစ်ကိုကြီး...ဒီနေ့ အပြင်မထွက်ပါဘူး...နော်”

“အေးပါ... မထွက်ပါဘူး”

“မမက ကျွန်မကို ပြောတယ်။ အစ်ကိုကြီး အပြင် မထွက်ပါစေနဲ့တဲ့။ ဒါနဲ့တောင်မှ အစ်ကိုကြီး အပြင်ထွက်မယ် ဆိုရင်တော့... ဒီနေ့ည မမ ပြန်ရောက်တဲ့အခါ ကျွန်မကို အရမ်း ကြိမ်းတော့မှာပဲ”

သူက ဂရီတာအား မျက်လုံးမှေး၍ ကြည့်လိုက်ပြီး...

“အဲဒီလိုဆိုရင် ငါ့အမိန့်အတိုင်း လုပ်တာပါလို့ သူ့ကို ပြောလိုက်ပေါ့။ ဒီမှာ ဂရီတာ... ငါ ပြောတဲ့အတိုင်းလုပ်။ နို့မဟုတ်ရင်...အလုပ်ပြုတ်ပြီသာ မှတ်တော့”

“ဟုတ်ကဲ့ပါ...အစ်ကိုကြီး”

သူမက ခစ်ခနဲ တစ်ချက် ရယ်လိုက်ပြီးတော့မှ...

“ဒါပေမဲ့... အစ်ကိုကြီးအနေနဲ့ အပြင်ထွက်ဖို့ မသင့်တာတော့ အမှန်ပဲ။ မမ ပြောတာ မှန်တယ်”

*





...ပါထပ် အဝတ်အစားလဲခန်း ရောက်သောအခါ သူက အကျႌအိတ်ထဲမှ ...ယိတ်ကို ဆွဲထုတ်လိုက်သည်။

ဒီစာကို ဆက်ဖတ်ပြီး ငါ့အနေနဲ့ တစ်နေ့လုံး စိတ်ဆင်းရဲခံနေရဖို့ ...င့် သလားဟု သူက တွေးမိသည်။

သို့သော်... သူ့အတွက် ဆုံးဖြတ်ချက် မချနိုင်အောင် ဖြစ်နေရခြင်းမှာ ...ကို ဖတ်သင့် မဖတ်သင့်ဟူသော အချက်မဟုတ်။ အကယ်၍... သည်ကိစ္စ ...ကို ခနီးသည် လော်ရာအား ပြောပြရန် လိုအပ်၍ ပြောပြရတော့မည် ...ဆိုပါက... ‘ဘယ်လို ပြောပြရပါ့မလဲ’ ဟူသော အချက်သာ ဖြစ်သည်။

ဤအချက်သည်သာ သူ့အတွက် တကယ့် ပြဿနာကြီးဖြစ်သည်။

လော်ရာကို ပြောကော ပြောပြသင့်သလား။ မပြောမဖြစ် ပြောကို ပြောပြရမည်လား။

သူ စဉ်းစားကြည့်သည်။ ဘယ်လိုမှ အဖြေမထွက်။

တစ်ခေါင်းလုံး ကိုက်ခဲလာသည်။ တဟွပ်ဟွပ်နှင့် အဆက်မပြတ် ချောင်းဆိုးလာသည်။ တစ်ခန်းလုံး ချာချာလည်နေသလို ထင်ရသည်။

**ငါ ဌာနချုပ်လာခဲ့မယ်လို့ ဘားမင်းကို ပြောလိုက်တာ သိပ်မှားတယ်။ ဒါ လုံးဝ မဖြစ်နိုင်တဲ့ကိစ္စ။ ဟုတ်တယ်... ဒေါက်တာ ပြောတာ မှန်တယ်။ လော်ရာ ပြောတာလည်း မှန်တယ်။ ငါ မသွားတော့ဘူး။ အိပ်ရာထဲမှာပဲ နေတော့မယ်။**

မွေ့ယိုင်နွမ်းလျစွာဖြင့် အိပ်ရာပေါ် လှဲအိပ်လိုက်သည်။ ပြီးတော့... ခုတင်ဘေးမှ တယ်လီဖုန်းကို လှမ်းကိုင်လိုက်လေသည်။

*

"မောင်... အခြေအနေ ဘယ်လို နေသေးသလဲ၊ နေကောင်းရဲ့လား ဟင်"

ဖနီးသည် လော်ရာ၏ ကြည်လင်သော အသံ။ သူ့ နဖူးပေါ်တွင် အေးစက်သော သူမ၏ လက် အတွေ့အထိတို့ကြောင့် သူ အိပ်ရာမှ နိုးလာသည်။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ နိုးခါစမို့ မှုးတူးမှောင်တောင် ဖြစ်နေမိသည်။

"ဂရိတာက ပြောတယ်။ သူ အပေါ်ထပ် တက်ကြည့်တော့ မောင် အိပ်ပျော်နေပြီတဲ့။ မောင် တစ်နေ့လုံး အိပ်နေတယ်လို့ သူက ပြောတယ်။ ဒီနေ့ မနက် မောင့်ကြည့်ရတာ သိပ်မလန်းသလိုပဲ။ ဒါနဲ့... ကျွန်မလည်း ဆေးဝါးဗေဒပညာရှင်တွေနဲ့ အချိန် မဖြုန်းတော့ဘဲ အိမ်ကို တန်းပြန်လာခဲ့တာ"

"ဟုတ်တယ်ကွယ်... ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရသလိုပဲ။ စိတ်ဓာတ်တွေ ကျနေသလိုပဲ"

သူက သည်စကားမျိုး မပြောမိအောင် အားတင်းလိုက်ပေမဲ့ ပါးစပ်မှ အလိုလို ထွက်သွားသည်။ သူသည် တစောင်းအိပ်နေရာမှ ပက်လက် အနေအထားသို့ ပြောင်းကာ ခြေလက်များကို ဆန့်လိုက်သည်။ ပြီးတော့... ဆံပင်များကို လက်ဖြင့် အသာအယာ ပွတ်သပ် ဖြီးသင်နေသည်။

"မမျှော်လင့်ဘဲ ကောက်ရသလို ချက်ချင်း ဖြစ်သွားတာ..."

သူက ဆက်ပြောသည်။

"ကိုယ် မနက်စာ စားပြီးချိန်မှာ ဘားမင်း ရောက်လာတယ်။ သူ ပြန်သွားတော့ ကိုယ့်ကိုယ်ကိုယ် အိုကေပဲ ထင်နေတာ။ ဒါနဲ့... အိမ်ပေါ် ပြန်တက်လာတော့ လှေကားပေါ်လည်း ရောက်ရော ရုတ်တရက် ခြေကုန် လက်ပန်း ကျသွားတော့တာပဲ"

"အဲဒါ တုပ်ကွေးလက္ခဏာပေါ့...မောင်ရဲ့။ တုပ်ကွေး ဝင်လာရင် အဲဒီ အတိုင်းပဲ ဖြစ်တာပေါ့"





လော်ရာက ကိုယ်ကိုင်း၍ လင်တော်မောင်အား နမ်းမည်လုပ်သည်။ ချိုသော် သူက ခေါင်းကို တစ်ဖက်သို့ ရှောင်းလိုက်သည်။

"အို...မလုပ်စမ်းပါနဲ့၊ တုပ်ကွေး ကူးနေပါဦးမယ်"

"ဟင့်အင်း... ဘာမှမဖြစ်ပါဘူး။ ကျွန်မကို ဘယ်ရောဂါမှ မကူးနိုင်ပါဘူး"

သူမက သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး နှုတ်ခမ်းအစုံကို ရှုပ်နမ်းသည်။ သူက ကျေနပ်စွာ ပြုံးနေသည်။

"အင်း...ငါ့မိန်းမကတော့ ဖွဲ့သတ္တိအရာမှာ စံတင်လောက်ပါပေရဲ့"

"တကယ် ပြောတာလားမောင်။ ကျွန်မလည်း တစ်ခါတလေတော့ အဲဒီလို တွေးမိပါရဲ့။ ဒါပေမဲ့... ကျွန်မက တစ်သက်လုံး တစ်ခါမှ မဖျားဖူးပါဘူး။ ကျွန်းမာရေး ကောင်းလိုက်တာမှ ရိုက်သတ်တောင် သေမှာ မဟုတ်ဘူး။ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ကျွန်မ အစ်ကို နှစ်ယောက်က အမြဲလိုလို ဖျားနာ နေတတ်ကြတယ်။ ကျွန်မကတော့ ဘယ်တော့မှ ဘာမှ မဖြစ်ဘူး။ အဲဒါကြောင့် သူတို့ နှစ်ယောက်က ကျွန်မကို သိပ်မုန်းကြတာပဲ... သိလား"

သူ့စိတ်ထဲတွင် အတော်ကလေး နေကောင်းထိုင်သာ ရှိသွားသလို ခံစားရသည်။

သို့ဖြင့် ခုတင်ပေါ်တွင် ထထိုင်ကာ ဇနီးသည်အား လှမ်းဖက်ပြီး ရင်ဘတ်ချင်း အပ်ထားလိုက်သည်။ ပြီးတော့ ဇနီးဖြစ်သူ၏ လည်ကုပ်သား နုနုကို သူ့နှုတ်ခမ်းဖြင့် တယုတယ ထိနမ်းသည်။

အင်း... ငါ သူ့ကို အဖြစ်မှန် ပြောပြမှ ဖြစ်တော့မယ်၊ မပြောပြနိုင်စရာလည်း မရှိပါဘူး။ တို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် သိပ်ပြီးချစ်ကြတယ်။ ဒါနဲ့...ငါ အဲဒီစာ ဘယ်မှာ ထားမိပါလိမ့်။ ဪ... အဲဟုတ်ပြီ...။ ရေလဲဝတ်ရုံ အင်္ကျီအိတ်ထဲမှာ..။ အင်္ကျီကြီးက ကုလားထိုင်နောက်တန်းပေါ်မှာ။ တကယ်လို့များ သူ တွေ့သွားရင်..။

"ကဲ...လော်ရာ...ကိုယ့်ကို ရေလဲဝတ်ရုံကြီး ကောက်ပေးပါဦး။

ကိုယ် ထတော့မယ်။ နေလို့လည်း တော်တော် ကောင်းသွားပါပြီ။ မင်းလည်း အိမ်ပြန်လာပြီ မဟုတ်လား"

"မထပါနဲ့ဦးလား...မောင်။ အိပ်ရာထဲမှာပဲ ခဏ လှဲနေလိုက်ပါဦး လား...ဟင်"

"အို...မလိုတော့ပါဘူး။ ရပါတယ်။ ကဲ...လုပ်စမ်းပါ။ ဟိုအင်္ကျီကြီး ခဏ ပေးစမ်းပါ"

**မှုမမှန်တဲ့ ငါ့လေသံကို သူများ ရိပ်မိသွားပြီလား...။**

လော်ရာက ထိုင်ရာမှ ဖြည်းဖြည်း ထသွားကာ ရေလဲဝတ်ရုံကြီး ယူလာပေးသည်။ သူက ဝတ်ရုံကြီးကို ပခုံး နှစ်ဖက်ပေါ်သို့ ကမန်းကတန်း သိုင်းတင်လိုက်သည်။ ပြီးတော့...အပေါ်မှ စောင်ခြုံလိုက်ပြီး အင်္ကျီအိတ်ထဲသို့ မသိမသာ လက်နှိုက်၍ စမ်းကြည့်သည်။ **တော်ပါသေးရဲ့...၊ အိတ်ထဲမှာ စာ ရှိနေသေးတယ်၊ တကယ်တော့ သူ့ကို ပြောကိုပြောပြမှ ဖြစ်တော့မယ်၊ ဒါနဲ့... စာကို ဆုံးအောင်မဖတ်ဘဲ ငါက ဘာ့ကြောင့်များ အိပ်ပျော်သွားရတာ ပါလိမ့်၊ တကယ်လို့များ ငါ အိပ်နေတုန်း ဂရိုတာ ဝင်လာပြီး ငါ့ပစ္စည်းတွေ ဟိုစမ်း ဒီစမ်း လုပ်လို့ အင်္ကျီအိတ်ထဲက စာအိတ်များ ထွက်ကျသွားရင်ဖြင့်... တစ်ခါတည်း...ပြီးပါရော...ပြီးပါရော၊**

လော်ရာ၏လက်က သူ့နဖူးပေါ် ရောက်လာပြန်သည်။

"မောင့်မှာ အဖျား ရှိသေးတယ်။ ကျွန်မ ဒေါက်တာ လှမ်းခေါ်..."

သူက ခပ်မြန်မြန်ကလေး ဖြတ်ပြောလိုက်သည်။

"အို...မခေါ်ပါနဲ့။ မင်းကိုယ်တိုင် အပူတိုင်းကြည့်ပါလား။ ကိုယ့်မှာ အဖျားရှိရင် မင်းမှန်တာပေါ့။ မရှိရင် ကိုယ်မှန်တယ်။ ဒါဆို နှစ်ယောက်စလုံး ကျေနပ်ရောပေါ့ ဟုတ်ဖူးလား"

သူမက သဘောကျစွာ ရယ်လိုက်ပြီး...

"အင်း... မောင်ကတော့ တကယ်တော်တဲ့ နိုင်ငံရေးသမား တစ်ယောက်ပါပဲ။ ဒီအချက်ကို ကျွန်မ အမြဲတမ်း သတိထားပြီး အကဲခတ်မိခဲ့ ပါတယ်"





သူမသည် ပြောပြောဆိုဆိုဖြင့် ရေချိုးခန်း ဆေးဗီရိုဆီသို့ လျှောက်သွားသည်။ ခဏကြာတော့ ပြန်ဝင်လာသည်၊ ထို့နောက် အပူတိုင်း ပြဒါးတိုင်ကို လက်ဖြင့် သုံးလေးချက်မျှ လှုပ်ခါပြီးနောက် အလင်းရောင်တွင် ထောင်၍ ကြည့်နေရင်းမှ...

"မောင်က သူများနဲ့ ပြိုင်တာမှာတော့ နိုင်ပေါက်ကို တော်တော်ကို မြင်တာပဲ။ ဒီနေ့တော့ မောင့်ကို ကျွန်မက အနိုင်ယူရလိမ့်မယ်...မောင်"

"အင်း...ဆို...ဆိုစမ်းပါဦး"

လော်ရာက သူ့ပါးစပ်ထဲ ပြဒါးတိုင်ကို ထည့်ပေးနေစဉ် သူက အသံ ခပ်ဝါးဝါးဖြင့် ပြန်ပြောလိုက်သည်။

သူ ဆက်မပြောနိုင်မီ လော်ရာက ခပ်မြန်မြန်ကလေး ဆက်ပြောသည်။

"ပြည့်...ဒါနဲ့... ဗီလတန်ရဲ့စာအုပ် မောင်လည်း ဖတ်ပြီးပြီပဲ။ ကျွန်မ တော့ သူ့ စာအုပ်ရဲ့ နောက်ဆုံး လေးပုံသုံးပုံကို လုံးဝ သဘောမကျဘူး။ သူက မှန်ကန်တဲ့ နိဂုံးကို ဆွဲမပြနိုင်ဘူး။ ရေအောက်အပင်တွေနဲ့ ဖော်စပ်တဲ့ ဆေးတွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ လမ်းဆုံးနေပြီ ဆိုတဲ့အချက်ကို ကျွန်မ သဘောမတူဘူး။ ကျွန်မက စာရေးဆရာ မဖြစ်ခင်ကတည်းက သိပ္ပံပညာရှင် ဖြစ်ခဲ့တဲ့လူပါ။ တိရစ္ဆာန် ဦးနှောက် တစ်ရှူးတွေကို စမ်းသပ်လို့ရတဲ့ အချက် အလက်တွေနဲ့ လူ့ဦးနှောက် တစ်ရှူးတွေကို စမ်းသပ်အောင်မြင်နိုင်တယ် ဆိုတဲ့ အချက်ကိုလည်း ကျွန်မ တစ်စက်ကလေးမှ မယုံဘူး"

"ဒီတော့...တို့လူသားတွေလည်း တိရစ္ဆာန်တစ်မျိုးပဲဆို"

သူက ပါးစပ်တွင် ပြဒါးတိုင် တန်းလန်းကြီး တပ်ထားရင်းမှ ပြန်မေး သည်။

"မောင်ချည်းပဲ မပြောပါနဲ့။ ကျွန်မ ပြောတာလည်း ဆုံးအောင် နားထောင်ပါဦး။ ဒီအခွင့်အရေး ကျွန်မက အမြဲတမ်း ရနေတာ မဟုတ်ဘူး"

သူက ဇနီးသည်အား မျက်လုံးပြူးကြီးနှင့် ကြည့်သည်။ ဇနီးသည်က သဘောကျ၍ ရယ်သည်။ သူမက ဆက်ပြောသည်။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်။ မောင်ပြောတာ တကယ် ဟုတ်ပါ

တယ်။ မောင်က စကားအရာမှာ ကျွန်မထက် နှစ်ဆ သာပါတယ်။ ဒါ
မောင်လည်း သိပါတယ်။ မောင်က အပြတမ်း မှန်တာကိုချည်း ပြောတာ
တကယ်တော်တဲ့ လူ။ ဒါကြောင့်မို့လည်း မောင့်ကို ကျွန်မက ပိုပြီးချစ်ရတာ
ပေါ့နော်..."

သူမက ကိုယ်ကို ကိုင်းကာ သူမ၏ ပါးကို လင်တော်မောင်၏
ရင်ဘတ် ပေါ်တွင် အပ်ထားလိုက်သည်။ သူက သူမ၏ချစ်စရာ ပြောင်လက်
နေသော ရွှေနီရောင် ဆံပင်အိမျှားကို တယုတယ ပွတ်သပ်ကစားနေသည်။

"ကျွန်မ တကယ် ပြောတာပါ...မောင်။ ကျွန်မလေ မောင့်ကို သိပ်ပြီး
ချစ်တာပဲ သိလား"

သူမသည် လေသံကလေးဖြင့် ပြောနေသည်။

"မောင့်ကို ကျွန်မ ရင်နှင့်အမျှ ချစ်မဝနိုင်ပါဘူး မောင်ရယ်...။ ဟင်
ဒါနဲ့ မောင့်နလုံးတွေကလည်း ခုန်လှချည်လား။ ကျွန်မ နားထဲမှာ တဒိန်းဒိန်း
နဲ့တောင် ကြားနေရတယ်။ ဘာဖြစ်လို့ ဒီလောက်တောင် နလုံးခုန် မြန်နေ
တာ ပါလိမ့်။ နလုံး ခုန်တာကလည်း ပြတ်တောင်း ပြတ်တောင်းကြီး
တစ်ဆက်တည်းလည်း မဟုတ်ပါလား။ မောင်..နေမကောင်းဘူးလား..ဟင်
မောင့်မှာ ကျွန်မကို မပြောဘဲထားတဲ့ လျှို့ဝှက်ချက် တစ်ခုခုများ ရှိနေလို့
လား...ဟင်... မောင်"

သူမက ခေါင်းကို သူ့ရင်ဘတ်မှ ပြန်ခွာလိုသည်။ သူမ၏ မျက်လုံး
များသည် နက်မှောင်သော ကော့မျက်တောင်များ အောက်တွင် တဖျပ်ဖျပ်
အရောင်တောက်ကာ သူ့မျက်နှာကို စူးစမ်းအကြည့်ဖြင့် ကြည့်နေကြသည်။

သူ့ပါးစပ်ထဲတွင် အပ္ပတိုင်းပြဒါးတိုင် တပ်ထားသည်ကို သူက ကျိတ်
ပြီး ကျေးဇူးတင်မိသည်။ သူ့အတွက် ပြန်ဖြေရ သက်သာသွားသည် မဟုတ်
လား။

သူမက သူ့အဖြေကို စောင့်မနေတော့ဘဲ ပြဒါးတိုင်ကို ဆွဲနုတ်သည်။

ငါ့ရင်ထဲမှာ ပြောစရာ ရှိတယ်ဆိုတာ သူ ဘယ်လိုလုပ်ပြီး ခန့်မှန်းမိ
တာ ပါလိမ့်။ အို...ဘယ်နည်းနဲ့မှ သူ မသိနိုင်သေးပါဘူးလေ။





"ဟော...ကျွန်မ မပြောဘူးလား။ မောင့်မှာ အဖျားရှိသေးတယ်။ အပူ
ချိန် ၁၀၀ ဒေါင်ကျော်တယ်။ ဒီအခြေအနေမျိုးနဲ့တော့ အပြင်ထွက်ဖို့ လုံးဝ
မကောင်းဘူး... မောင်။ ညစာကိုလည်း အောက်ထပ် ဆင်းမစားပါနဲ့။ ဒီကို
ယူပြီး ကျွန်မနဲ့ အတူတူပဲ စားကြမယ်...နော်"

သူက လှဲအိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။

"မို...ကိုယ် အိပ်ရာထဲ အစာ စားရတာ မကြိုက်ဘူးကွယ်။ အပူဒီဂရီ
၁၀၀ ဆိုတာကလည်း ဘာမှ မရှိပါဘူး။ ဒီအခန်းကလည်း အရမ်း ပူတာပဲ။
ပြီးတော့... တို့နှစ်ယောက် အပေးအယူ လုပ်ကြရအောင်လား။ ကိုယ် အခု
ရေချိုးချင်းထပြီး ကမန်းကတန်း ရေချိုးလိုက်မယ်။ ပြီးတော့...အဝတ် နွေးနွေး
သန့်သန့် ဝတ်ပြီး အောက်ထပ်မှာပဲ ညစာ စားကြမယ်...ဟုတ်လား။ အဲဒီမှာ
မီးလင်းမယား နှစ်ယောက် ညစာ စားရင်း အေးအေးဆေးဆေး စကားပြော
ကြတာပေါ့။ မင်း ပြောစရာရှိတာတွေ အားလုံးပြော။ ငါ ပြောစရာရှိတာတွေ
အားလုံး ပြောမယ်။ ဘားမင်းကတော့ ဌာနချုပ်ရုံးမှာ အလုပ်ကိစ္စတွေ ပုံနေ
တယ် ပြောတာပဲ။ ပြည်သူ့ဆန္ဒ ကိစ္စတွေပဲ ဖြစ်မှာပေါ့။ သူ့ဆီက ဖုန်းတောင်
လာချင် လာလိမ့်ဦးမယ်"

"လာရုံတင် ဘယ်ကမလဲ။ သူ ဖုန်းဆက်တာ အကြိမ်ပေါင်း တစ်
ဒါဇင်လောက်တောင် ရှိနေပြီတဲ့။ ဂရိတာက ပြောတယ်။ သူ ဒီနေ့ည လာ
မယ်တဲ့။ ဒါပေမဲ့ ကျမကတော့ ကြည့်ကြသေးတာပေါ့လို့ ပြန်ပြောလိုက်
တယ်"

"အဲဒါ ကောင်းပါတယ်။ ဒါပေမဲ့... အခုဆိုရင် ကိုယ်လည်း အခြေ
အနေ ကောင်းနေပါပြီ။ ကိုယ် သူနဲ့ တွေ့ချင်တယ်။ လုပ်စရာ အလုပ်တွေက
တစ်ပုံကြီး ကျန်နေသေးတယ်။ နောက်အပတ် ဆိုရင်တော့ အဖြေအမည်း
ပြတ်ပြတ်သားသား သိရပါပြီ"

လော်ရာက ထုံးစံအတိုင်း ခင်ပွန်းဖြစ်သူ၏ ဆုံးဖြတ်ချက်ကို အလိုက်
သိစွာဖြင့် ထိုင်ရာမှ ထသည်။ သူမ၏ ခင်ပွန်း ဖြစ်သူသည် 'အိမ်ဦးနတ်'
ဖြစ်သည်။ သူမကလည်း မိမိ၏ ခင်ပွန်းဖြစ်သူအား ယင်းသို့သာ ဖြစ်စေချင်

သည်။ ခရစ္စတိုဖာ ဝင်းတားသည် နိုင်မာသော သဘောတရား တစ်ရပ်ကို စွဲမြဲစွာ ဆုပ်ကိုင်ထားသူ ဖြစ်သည်။ ယင်းသဘောတရားမှာ တခြား မဟုတ်။

"ကြံ့ခိုင်သော စနီးမယား တစ်ယောက်အတွက် ကြံ့ခိုင်သော လင် ယောကျ်ား လိုအပ်သည်" ဟူသော သဘောတရားပင် ဖြစ်သည်။ အလားတူ ပင်

"ကြံ့ခိုင်သော လင်ယောကျ်ား တစ်ယောက် အနေဖြင့်လည်း ကြံ့ခိုင် သော စနီးမယား လိုအပ်သည်" ဟူသော အချက်ကိုလည်း သူက အလေး အနက် ခံယူထားသူ ဖြစ်သည်။

သူက ခေတ္တစဉ်းစားနေပြီးတော့မှ ဆက်ပြောသည်။

"ဒါပေမဲ့... တစ်ခုတော့ ရှိတယ်။ ကိုယ်က ဘားမင်းကို သိပ်ပြီး မယုံချင်သေးဘူး။ သူ့ကို ရွေးကောက်ပွဲ မန်နေဂျာ ခန့်သင့် မခန့်သင့် ကိုယ် စဉ်းစားနေတယ်"

"သူက မောင့်ကို လေးစားတဲ့လူပဲ"

"ကိုယ်က အဲဒီအချက် စဉ်းစားနေတာ မဟုတ်ဘူး။ သူ့မိန်းမ အကြောင်း စဉ်းစားနေတာ"

လော်ရာက ရယ်လိုက်ပြီးနောက် ခင်ပွန်းသည်၏ ဘေးတွင် ပြန်ထိုင် သည်။

"ဩော်... သူ့မိန်းမအကြောင်းလား၊ ဒီကိစ္စက သူ့မိန်းမနဲ့ ဘာဆိုင် လို့လဲ"

"ဆိုင်တာပေါ့။ တော်တဲ့မိန်းမရဲ့ ယောကျ်ားဟာ မတော်တဲ့ မိန်းမရဲ့ ယောကျ်ားထက် ပိုတော်နိုင်တယ်။ ဘားမင်း မိန်းမက တော်တော်တုံးတယ်။ တုံးတဲ့မိန်းမကို ယူထားတဲ့အတွက် ဘားမင်း အနေနဲ့လည်း တစ်နေရာရာမှာ ခပ်တုံးတုံး ပျော့ညံ့ချက်တွေ ရှိနေတာ တွေ့ရတာပေါ့။ သူက သူ့မိန်းမကို ကျွန်လို ဆက်ဆံတယ်။ သူ့မိန်းမကလည်း ကျွန်အဆင့်လောက်ပဲ ရှိတာကိုး"

"ဒါဆို မောင်က ယောကျ်ား တစ်ယောက်ရဲ့ တန်ဖိုးကို သူ့မိန်းမကို ကြည့်ပြီး ဆုံးဖြတ်ချင်တာလား"





"ဒါပေါ့... ကိုယ်က ဒီအချက်ကို အလေးအနက် ထားတယ်။ ကြောင့်လည်း... ကိုယ်ဟာ မင်းရဲ့ လင်ယောကျ်ား ဖြစ်ရတာကို ဂုဏ်ယူ တယ်"

"ဒါ... တကယ် ပြောတာလား...မောင်"

"ပြောရုံတင်မကဘူး။ တကယ်လည်း ယုံကြည်တယ်။ မင်းဟာ လင် ယောကျ်ား တစ်ယောက်အဖို့ တကယ် ဂုဏ်ယူစရာကောင်းတဲ့ စနီးကောင်း တစ်ယောက်ပါ လော်ရာ။ ဒါပေမဲ့ တစ်ခုတော့ ပြောစရာ ရှိတယ်။ မင်းလို မိန်းမမျိုးကို တော်ရုံတန်ရုံ သတ္တိရှိတဲ့ ယောကျ်ားကတော့ လက်ထပ်ရဲမှာ မဟုတ်ဘူး"

သူ အံ့အားသင့်သွားမိသည်။ သူမ၏ အောက်နှုတ်ခမ်းကလေး ရှုရှု ကလေး တုန်ယင်နေသည်။ ဒါ ငိုချင်တဲ့ လက္ခဏာပဲဟု သူက ချက်ချင်း သိလိုက်သည်။ သူမ ငိုခဲပါသည်။ သို့သော် သူမက စိတ်ထိခိုက် လွယ်သူ ဖြစ်သည်။ ငိုချင်လျှင် အချိန်မရွေး ငိုနိုင်သည်။

သူက ပျာယီးပျာယာ ဖြစ်သွားပြီး သူမ၏ လက်ကို ကမန်းကတန်း ဆုပ်ကိုင်လိုက်သည်။

"ဟင်...လော်ရာ။ ကိုယ့်ကို စိတ်ဆိုးသွားသလားဟင်။ ကိုယ့်စကား မှားသွားတာ တောင်းပန်ပါတယ်ကွယ်။ အမှန်က ကိုယ် ပြောလိုတာက မင်းလို မိန်းမမျိုး ရတာ ကိုယ် ဂုဏ်ယူပါတယ်လို့ ပြောလိုတာပါ။ မင်းက တော်ဝင်တဲ့ အမျိုးသမီး တစ်ယောက်ပါ။ သာမန် ယောကျ်ားတစ်ယောက် ဟာ မင်းနဲ့ လားလားမှ မထိုက်တန်ပါဘူး။ ဒီလို မိန်းမမျိုး ဖြစ်ရတာကို မင်းကိုယ်မင်း ဂုဏ်ယူစမ်းပါ။ မင်းက ကြီးကျယ်တဲ့ ယောကျ်ားမျိုးနဲ့မှ ထိုက်တန်သူပါ။ ကိုယ် ပြောတာ မဟုတ်ဘူးလားဟင်။ တို့လင်မယားက တစ်ယောက်နဲ့ တစ်ယောက် နှိုင်းယှဉ်ပြီး တန်ဖိုး ထားကြတာ။ တို့ နှစ်ယောက်ဟာ နတ်ဖက်တဲ့ လင်မယားပါ။ ကိုယ်ဟာ မင်းလို စနီးမယား တစ်ယောက်အတွက် ထိုက်တန်တဲ့ ယောကျ်ားပါ။ ကိုယ်ပြောတာ ကိုယ့် ကိုယ်ကိုယ် အထင်ကြီးရာများ ရောက်သွားသလားဟင်"

လော်ရာက ခင်ပွန်းဖြစ်သူ၏ ရင်ခွင်ထဲတွင် ဝင်ခွေ့ရင်း ရယ်လည်း ရယ်သည်၊ ငိုလည်းငိုသည်။

"အို...မောင်ရယ်။ မောင်က ကျွန်မကို ဒီလောက်တောင်မှ အထင်ကြီး ပါကလားနော်။ မောင် ပြောတာတွေကို ကျွန်မ ယုံပါတယ် မောင်ရယ်။ အရှိုက်သည်းလှိုက် ယုံပါတယ်။ မောင့်ဇနီး ဖြစ်ရတာကိုလည်း ဂုဏ်ယူလို့ မဆုံးပါဘူး။ မောင်နဲ့ နေရတာ စိတ်လည်း အများကြီး ချမ်းသာပါတယ်။ ပျော်လည်း အများကြီး ပျော်ပါတယ်။ တကယ်တော့ လင်နဲ့မယား ကိစ္စမှာ အသိဉာဏ်နဲ့ မဆိုင်ပါဘူး မောင်။ တစ်ယောက်အပေါ် တစ်ယောက် ကြင်နာ မြတ်နိုးမှုသာ အဓိကပါ။ ကျွန်မက မောင့်ကို မြတ်နိုးတယ်။ မောင်က ကျွန်မ ကို ကြင်နာတယ်။ ဒါကြောင့် မောင်နဲ့ ကျွန်မ ညားလာခဲ့ကြတာပဲ မဟုတ် လားဟင်"

သူမက လက်နှစ်ဖက်ကိုဖြေကာ သူ့ရင်ခွင်မှ အသာကလေး ဆတ်ခနဲ ပြန်ခွာလိုက်သည်။ သူမ ဘာအကြောင်း စဉ်းစားနေသည် ဆိုတာကို သူ သိသည်။

သူတို့ လင်မယားတွင် သားသမီး ရနိုင်သေးသည်ဟု ယုံကြည် နေတုန်းကဆိုလျှင် နှစ်ယောက်သား မကြာခဏ ဆိုသလိုပင် သားသမီး အကြောင်းကိုသာ ပြောဆိုနေတတ်ကြသည်။ အကယ်၍ သားသမီး ရတာနာ ထွန်းကားလာလျှင်လည်း ဖအေနှင့် မအေလို ရုပ်ရည်လည်းချော၍ ဉာဏ်ရည် လည်း ကောင်းမွန်မည့် ကလေးတွေသာ မွေးဖွားလာမည်မှာ မလွဲဧကန် ဖြစ်သည်ဟု နှစ်ယောက်စလုံးက အလေးအနက် ယုံကြည်ခဲ့ကြသည်။ သို့သော် တဖြည်းဖြည်းနှင့် အချိန်တွေ ကုန်လွန်လာသောအခါ သူတို့ နှစ်ယောက်၏ မျှော်လင့်ချက်မှာလည်း တဖြည်းဖြည်းနှင့် လျော့ပါး၍ သွားခဲ့ တော့သည်။ ထို့ကြောင့်လည်း နောက်ပိုင်းတွင် သူတို့ နှစ်ယောက်သည် သားသမီးအကြောင်းကို မပြောဖြစ်ကြတော့။

သို့သော်... ဇေဇေက ဇနီးဖြစ်သူသည် သူ့ရင်ခွင်မှ ရုတ်တရက် ပြန်ခွာလိုက်စဉ်တွင် ဘာအကြောင်းကို တွေးနေလိမ့်မည် ဆိုသည်ကို ဓရှုတို ဖာဝင်းတားက အတပ် သိလိုက်သည်။





ထိုအချိန်တွင် သူ ကိုယ်တိုင်ကတော့ အကျီအိတ်ထဲမှ စာအိတ်ကိုသာ သတိရလိုက်မိသည်။ စာအိတ်ကို သတိရလိုက်မိသည်နှင့် တစ်ပြိုင်နက် ပင်... ခြော်...ငါဟာ သားတစ်ယောက်ဖခင်ပါကလား။ ငါ့မှာ သားကလေး တစ်ယောက် ရှိပါကလား ဟူသော အသိက ရုတ်တရက် ဝင်လာသည်။ တစ်ချိန်တည်းတွင် ဒါဟာ ငါ့အပြစ် မဟုတ်ပါဘူးဟုလည်း ကိုယ့်ကိုယ် ကိုယ် ပြန်ဖြေလိုက်မိသည်။

သူက ယင်းအတွေးကို ခေါင်းထဲမှ ပြန်ထုတ်ပစ်ရန် ကြိုးစားသည်။ သို့သော် အတွေးက ရုတ်တရက် ထွက်မသွား။

တကယ်တော့ လော်ရာမှာလည်း ဘာအပြစ်မှ မရှိပါဘူး။ လော်ရာ ဟာ ရုပ်အားဖြင့်လည်း အပြစ်ကင်းစင်တယ်။ စိတ်အားဖြင့်လည်း အပြစ်ကင်း စင်တယ်။ သူဟာ ငါနဲ့ လက်ထပ်တုန်းကလည်း အပြစ်ကင်းစင်တယ်။ အခုလည်း သူ့မှာ ဘာအပြစ်မှ မရှိဘူး။ ဒီအကြောင်း၊ သူ့ကို ဘယ်တော့မှ မပြောပြသင့်ဘူး။ သူ သိသွားရင် စိတ်ဆင်းရဲရရှာလိမ့်မယ်။

"ကဲ...ကိုယ် ရေတစ်ပေါက်လောက် သွားချိုးလိုက်ဦးမယ်"

သူက တွေးလက်စအတွေးကို ဖြတ်ကာ ရုတ်တရက် ပြောလိုက် သည်။

"ကျွန်မလည်း အဝတ်သွားလဲဦးမယ်"

လော်ရာက ယင်းသို့ပြောပြီးနောက် သူမ၏ အခန်းဘက်သို့ လျှောက် ထွက်သွားသည်။

*

ရေစွတိုဖာ ဝင်းတားသည် ရေချိုးခန်းထဲတွင် မှတ်ဆိတ်ရိတ်ရင်း ရေချိုးရန် အကြိတ်အနယ် အကြံထုတ်သည်။

**လော်ရာအတွက် အကြောင်းကြောင်းကို ထောက်ထားပြီး ဒီကိစ္စကို တစ်သက်လုံး လျှို့ဝှက်ထားလိုက်တာပဲ ကောင်းပါတယ်လေ။**

စာအိတ်က သူ့ရေလဲဝတ်ရုံကြီး အိတ်ထဲမှာပဲ ရှိနေသေးသည်။ ဝတ်ရုံ ကြီးကို တံခါးရွက်နောက်ဘက်တွင် ချိတ်ထားသည်။

**ဟုတ်ပါတယ်...ဒီအကြံ အကောင်းဆုံးပါပဲ။ စာအိတ်ကို ဖျောက်ဖျက် ပစ်လိုက်တာ အကောင်းဆုံးပဲ။**

**မဟုတ်သေးဘူး...မဟုတ်သေးဘူး။ တစ်နေ့ကျတော့ တစ်နည်းနည်း နဲ့ သူ သိသွားရင် ဘယ်လို လုပ်မလဲ။ အဲဒါမှ ပိုဆိုးသွားလိမ့်မယ်။ ငါ့ အနေနဲ့ အပြစ်ကြီး နှစ်ခုကို ထပ်ဆင့် ကျူးလွန်ရာ ရောက်သွားလိမ့်မယ်၊ အဲဒီတော့... အခုကတည်းက ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်တာ အကောင်းဆုံး ပါပဲ။ အဲဒီလို ပြောပြရင်လည်း သူက စာကို ဖတ်ချင်မှာပဲ။ အဲဒီတော့ စာကို ဆုတ်ပစ်ဖို့လည်း မဖြစ်သေးဘူး။ အင်း...လွယ်မယောင်နဲ့ တော်တော် စဉ်းစားရ ကျပ်တဲ့ ကိစ္စပါလား။ အဲလေ... ဘာပဲဖြစ်ဖြစ် သိပ်ပြီး အလော တကြီး ဆုံးဖြတ်ချက်ချလို့တော့ မဖြစ်သေးပါဘူး။**

ရေချိုးပြီးသွားတော့ ကိုယ်ကို ရေစင်စင်သုတ်သည်။ ပြီးတော့ တစ်ကိုယ်လုံး မျက်နှာသုတ်ပဝါကြီးနှင့် သိုင်းပတ်လိုက်သည်။ ထို့နောက် ရေလဲဝတ်စုံအိတ်ထဲမှ စာကို ဆွဲထုတ်လိုက်သည်။

**အင်း... သူ့သားကလေးကို ငါနဲ့ဘယ်တော့မှ အဆက်အသွယ် မလုပ်စေချင်ဘူးကိုး။**

သည်အကြောင်း တွေးမိပြန်တော့လည်း ရင်ထဲတွင် ကြင်နာမှု လှိုင်းဂယက်တွေ ရိုက်ခတ်လာပြန်သည်။ တကယ်တော့ ဆွန်ယာ့ကို သူ မမေ့ပါ။ ဆွန်ယာသည် သူ့ဘဝတွင် တစ်ကဏ္ဍ တစ်နေရာ၌ အမြဲတမ်း ရှိနေသည်သာ ဖြစ်သည်။ ထို့ကြောင့်လည်း ဆွန်ယာ အကြောင်း တွေးမိတိုင်း သူ့ရင်ထဲ နွေးထွေးသော ခံစားမှုတစ်ရပ် အမြဲတမ်း ဖြစ်ပေါ်လာတတ်သည်။ သို့ပေမဲ့...လော်ရာအပေါ် ထားရှိသော အချစ်နှင့်တော့ နှိုင်းယှဉ်၍မရ။ သူ့ဘဝ





တွင် ဆွန်ယာဆိုသော ကိုရီးယားသူကလေး တစ်ယောက် ရှိခဲ့ဖူးသည် ဟူသော အသိအမှတ် ပြုခြင်းမျှလောက်သာ ဖြစ်သည်။

**ဒါနဲ့တောင်မှ ကလေးက သူ့အမေစကား ဘာလို့ နားမထောင် ရတာလဲ။**

သူက စာရွက်ကို ဖြန့်၍ နောက်စာတစ်ကြောင်းကို ဖတ်ကြည့်လိုက် သည်။

ယခုအခါ သားမောင်မှာ ကျောင်းလည်း မနေရပါဘေ။

သူ ကိုရီးယားမှ ထွက်ခွာလာခဲ့သော အချိန်တွင် သူ့သားကလေးမှာ တစ်လသား အရွယ်မျှသာ ရှိသေးသည်။

ကလေးမွေးတဲ့ ရာသီကလည်း ဆောင်းဦးပေါက်ကာလ။ ပတ်ဝန်း ကျင် တစ်ခွင် တစ်ပြင်လုံးတွင် နှင်းတွေဝေပြီး မှုန်မှိုင်းလျက် ရှိသည်။ ချမ်းအေးလိုက်သည်မှာလည်း အရိုးကွဲလုမတတ်။ နေရာက မနိုင့်တနိုင် တဲအိမ်ကလေးထဲမှ လေမလုံသော ဖြစ်ကတတ်ဆန်း အခန်းကျဉ်းကလေး။ အအေးဒဏ်ကို ကာကွယ်ရန် တစ်ခုတည်းသော အားကိုးရာကတော့ ဂွမ်းကပ် လွှာစောင်ကလေးမျှသာ။ အပြောကျယ်လှသော ဆိုက်ဘေးရီးယား ရေခဲပြင် ကြီးကို ဖြတ်ကျော်ကာ မြောက်ပိုင်း တောင်ထွတ်များပေါ်မှ တိုက်ခတ်လာ သည့် ရေခဲဖုံးသော လေစိမ်းကလည်း သူ၏ အရိုးအရေကို မဆိုထားဘိ၊ ကျောက်စိုင်ကျောက်ခဲများ ထဲသို့ပင် ထိုးဖောက် ဝင်ရောက်နိုင်လိမ့်မည် လားဟု ထင်မှတ်ရသည်။ ထိုအချိန်က သူ့အဖို့ တစ်ခုတည်းသော နှစ်သိမ့် စရာမှာ ဆွန်ယာနှင့် အသားချင်း ထိကပ်၍ အိပ်ရခြင်းပင် ဖြစ်သည်။ ဤအချက်သည်ပင်လျှင် သူ့အား စိတ်ဓာတ်ကျ၍ မှုးသွပ်ခြင်းအန္တရာယ်မှ ကယ်တင်ခဲ့သည့် အဓိက အကြောင်းတစ်ရပ် ဖြစ်သည်။

သည်အကြောင်းတွေကို သူ့အနေဖြင့် လော်ရာအား ပြောပြ၍ ဖြစ်နိုင် ပါမည်လား။ လော်ရာသာမဟုတ်။ တခြား မိန်းမများကော သည်ကိစ္စမျိုးတွင် နားလည် ခွင့်လွှတ်နိုင်ပါမည်လား။

တခြားလူတွေကို မဆိုထားဘိ။ ကာယကံရှင်ဖြစ်သော သူကိုယ်တို
ပင်လျှင် သည်ဖြစ်ရပ်ကြီး တစ်ခုလုံးကို ကျိုးကြောင်းဆက်စပ်၍ နားလ
နိုင်စွမ်း မရှိတော့။

သို့သော်…သူက မေ့တော့ မမေ့ပါ။ ဖြစ်စဉ်တစ်ခုလုံးကို အသေးစိ
မှတ်မိနေတုန်းပင် ဖြစ်သည်။

အထူးသဖြင့်…ကလေးကိစ္စ။

ဆွန်ယာ့တွင် ကိုယ်ဝန် ရှိနေပြီဟု သိရသော နေ့ကဆိုလျှင် သူသည်
အကြီးအကျယ် စိုးရိမ် တုန်လှုပ်သွားမိလေသည်။ သို့သော်… ယင်းသို့ သူ
စိုးရိမ် တုန်လှုပ်ခြင်း ဖြစ်မိကြောင်းကို ဆွန်ယာ့အား ဖွင့်ဟပြောပြရန် သတ္တိ
တော့ သူ့တွင် မရှိ။ ဆွန်ယာကတော့ သူမတွင် ရင်သွေးကလေး ရတော့မည်
ကို တွေးပြီး အတိုင်းမသိ ဝမ်းသာပျော်ရွှင်နေသည်။ ဆွန်ယာ၏ ဝမ်းသာ
ပျော်ရွှင်မှုက သူ၏နှလုံးသားကို ရောင်ပြန်လာဟပ်သည်။ ထို့ကြောင့်ပင်လျှင်
သူ့အနေဖြင့်လည်း ဆွန်ယာမှ စိတ်ချမ်းသာပါစေတော့ ဟူ၍ သဘောပိုက်
ကာ ရောယောင်ပြီး ပျော်ရွှင်ဟန်ဆောင် လိုက်ရပါတော့သည်။

သည်အချက်ကိုတော့ သူ ကောင်းကောင်းကြီး မှတ်မိနေပါသေး
သည်။

အချိန်က နွေဦးပေါက်ရာသီ။ ဧပြီလ၏ နေ့တစ်နေ့…။

အပြင်ဘက်တွင် နေရောင်ဖြင့် နွေးထွေးသော်လည်း အရိပ်အောက်
တွင်တော့ ချမ်းအေးနေတုန်းပင် ရှိသေးသည်။

သူတို့နှစ်ယောက်သည် ထမင်းထုပ်နှင့် ချိုချဉ် သစ်သီးဝလံတွေ
ယူကာ မြို့ပြင်မှ တောင်ပေါ်သို့ တက်လာခဲ့ကြသည်။ နက်စောက်သော
တောင် ကမ်းပါးယံကို တက်သောအခါ လေက တဟူးဟူး တိုက်ခတ်သည်။
နောက်ဆုံး နေရောင်ရသော ကျောက်တောင်ကြားမှ အက်ကြောင်း တစ်ခု
တွင် စခန်းချကြသည်။ မြေကြီးပေါ်တွင် မြက်ခြောက်များခင်းကာ နှစ်
ယောက်သား ဘေးချင်းကပ်၍ ထိုင်ကြသည်။





သူက တပ်တွင်း ကုန်စုံဆိုင်မှ ဝယ်လာသော ချောကလက် တောင့်
ကို သူမအား ထုတ်၍ကျွေးသည်။ သူမက ချောကလက်ကို အလွန်ကြိုက်
၏။ သို့ပေမဲ့…သူမက ပြောသည်။

"နေပါဦး။ ထမင်း အရင်စားပါ။ ပြီးတော့မှ အချိုစားတာ ပိုကောင်း
မယ်"

သူမက စည်းကမ်းကို အလွန်လေးစားသည်။ ဘယ်အရာကိုမဆို
စည်းကမ်းအတိုင်းသာ လုပ်တတ်သည်။ ထို့ကြောင့်လည်း ချောကလက်ကို
ဘယ်လောက်ပင် ကြိုက်ကြိုက် ထမင်း မစားခင် ဘယ်တော့မှ စားလေ့မရှိ။

သို့ပေမဲ့…သူမအနေဖြင့် စည်းမစောင့်တာ တစ်ခုတော့ ရှိသည်။
ယင်းမှာ အခြားမဟုတ်။ သူ့ဆန္ဒကို အချိန်မရွေး လိုက်လျောခြင်းပင် ဖြစ်
သည်။

သူတို့ နှစ်ယောက်တည်းသာ ရှိကြသောအခါ နေ့ညမဟူ သူ တောင်း
ဆိုလာတိုင်း အမြဲတမ်း လိုက်လျောတတ်သည်။

သူမက သူ့"အချစ်"ကို တပ်မက်သည်။ တကယ်တော့ သူတို့ နှစ်
ယောက်၏ "အချစ်"ကို "အချစ်" ဟု ခေါ်၍ ရနိုင်ပါမည်လား။ သို့သော်…
ကမ္ဘာပ်သွင် အမျိုးမျိုးရှိသော အချစ်ကို အဘယ်သူသည် အဓိပ္ပာယ်အတိအကျ
ဖွင့်ဆိုနိုင်ပါမည်နည်း။

သူ့အချစ်ကိုပဲ ပိုင်းခြား ဝေဖန်ကြည့်ပါ။ ဆွန်ယာ့ကို ချစ်သော
အချစ်က တစ်မျိုး။ လော်ရာကို ချစ်သော အချစ်က တစ်ဖုံ။ ယင်းအချစ်
နှစ်ခုသည် တူသယောင်ရှိသော်လည်း လုံးဝ မတူပါချေ။ သို့သော်…သူက
ဆွန်ယာ့ကို ချစ်တာကတော့ အမှန်ပင်။

ဆွန်ယာ့အချစ်က အညာလွယ်သော အချစ်။ ရက်ရောသော အချစ်။
လော်ရာ အချစ်က လေးနက်သော အချစ်။ လေးစားမှုရှိသော အချစ်။

သူ ကိုရီးယားတွင် ရှိနေစဉ်တုန်းက ဆွန်ယာသည် သူ့အဖို့ ဤကမ္ဘာ
တွင် တစ်ဦးတည်းသော ချစ်သူ။ တစ်ဦးတည်းသော မိန်းမ။ သို့သော်
ယောကျ်ား တစ်ယောက်နှင့် မိန်းမ တစ်ယောက်တို့၏ အချစ်ကို သူက

မခွဲခြားတတ်သေး။ သူ့အသက်က အလွန် ငယ်သေးသည်။ အချစ်သဘော ကို ပိုင်းခြား ဝေဖန်ခြင်း မပြုတတ်သေးသည့် အရွယ်။

သို့သော်... ဆွန်ယာနှင့် ချစ်နေရတာကိုတော့ သူက အလွန် ကျေနပ် နေခဲ့သည်မှာ အမှန်။

ထိုနေ့က တောင်ကြားကျောက်ခေါင်းထဲတွင် ထမင်းလက်ဆုံစားကြ။ တစ်ယောက် ပါးစပ်ထဲ တစ်ယောက် ချော့ကလက်တွေ ခွံ့ကြဖြင့် ပျော်လိုက် ကြသည့်ဖြစ်ခြင်း။

ဆွန်ယာက သူ့လက်ကို ဆုပ်ကိုင်ကာ သူမ၏ ဝမ်းဗိုက်စူစူကလေး ပေါ်တွင်တင်လိုက်သည်။

"ဒါ မောင့်ကလေးပေါ့" ဟု သူမက ပြုံးပြုံးကလေး ပြောသည်။

"မောင်...ဝမ်းမသာဘူးလား...ဟင်"

အမှန်အတိုင်းပြောရလျှင် ကြားလိုက်ရသောစကားကြောင့် သူ လုံးဝ ဝမ်းမသာမိ။ တစ်ကိုယ်လုံး ကြက်သီးတွေဖြာပြီး ကျောစိမ့်သွားခြင်းသာ ဖြစ်မိ လိုက်သည်။ အာတွေခြောက်ပြီး ခေါင်းလည်း ချာချာလည် သွားမိသည်။ သူက ဆန့်ကျင်ဘက် စကားပြောရန် ပါးစပ်ကို ဖွင့်လိုက်တော့ သူမ၏ မျက်နှာ အမူအရာကြောင့် ပါးစပ်ပြန်ပိတ်သွားမိသည်။ သူမ၏ မျက်နှာတွင် ဝမ်းသာ ကြည်နူးခြင်း ရောင်ခြည်သည် လင်းဖြာဝင်းထိန်နေသည်။

အဖြစ်မှန်ကို သူ ချက်ချင်း သိလိုက်ပြီ။ သူမတွင် ကိုယ်ဝန်ရှိခြင်းဖြင့် သူက သူမအား မလွဲမသွေ လက်ထပ်ရတော့မည်ဟူ၍ သူမက ယုံကြည် သွားချေပြီ။

ဤမိန်းကလေးတွေ အားလုံးပင် ဤသဘောကို စွဲမြဲစွာ ခံယူထား ကြသည်။ ဒေါ်လီလို မိန်းကလေးတောင်မှ ဤသို့ပင် သဘောထားသည်။ သို့သော်...ဆွန်ယာက သူတို့နှင့်မတူ။ သူတို့နှင့် ခြားနားသော မိန်းကလေး။

ထို့ကြောင့်ပင် သူက ကန့်ကွက်လိုစိတ် မရှိတော့။ ဟန်ဆောင်ခြင်း ဖြင့်သာ ကျိတ်ခံလိုက်ရတော့သည်။





"မင်း တကယ် ပြောတာလား ဆွန်ယာ။ ဒါနဲ့... ဘာမှလည်း မကြာ သေးဘဲနဲ့... မင်းဗိုက်ကလည်း ဒီလောက်တောင် ကြီးနေပြီလား"

သူ့စကားတွင် စိုးရိမ်ရိပ်က ထင်ရှား ပေါ်လွင်နေသည်။ သူက ကကြောင့်များ စိုးရိမ်ရတာပါလိမ့်။ ကိုယ့်ရင်သွေးကလေး မွေးတော့မည်ကို သိရသော ယောကျ်ားတိုင်းသည် သည်လိုပဲ စိုးရိမ်စိတ်တွေ ဖြစ်တတ်ပါ သလား။

တကယ်တော့ ဆွန်ယာနှင့် ဆက်ဆံပေါင်းသင်းရာဝယ် သူ့အနေဖြင့် ကလေးမွေးဖို့ ကိစ္စကို လုံးဝ ထည့်မတွက်ခဲ့ရိုး အမှန်ပါ။ အကယ်၍ ကိုယ်ဝန် ရှိလာသည့်တိုင်အောင် ဆွန်ယာ့အနေဖြင့် တစ်နည်းနည်းနှင့် ကာကွယ်လိမ့် မည်ဟု သူက ယူဆနေခဲ့သည်။ သူမ အနေဖြင့် ကလေးမွေးရန် ကိစ္စကို လုံးဝ စဉ်းစားလိမ့်မည် မဟုတ်ဟုလည်း သူက ထင်မှတ်နေခဲ့သည်။ အမှန် ဆိုလျှင်... သူက ဆွန်ယာနှင့် မွေးဖွားသော ကလေးကို လုံးဝ မလိုချင်။ ဆွန်ယာနှင့် ပေါင်းသင်း ဆက်ဆံနေရခြင်းကိုသာ လိုလားခဲ့ခြင်း ဖြစ်သည်။

"ကျွန်မက အလကားသက်သက် ပြောရမှာလား မောင်။ တကယ် ရှိနေလို့ တကယ် ပြောတာပေါ့"

ဆွန်ယာက သူ့ပခုံးပေါ်တွင် ပါးကလေးအပ်ကာ ကျေနပ်စွာဖြင့် ပြန် ပြောသည်။

သို့သော် ဆွန်ယာက ဘယ်လိုပင် ပြောပြော သူကတော့ စိတ်ထိခိုက် သွားပြီ။ လောလောဆယ် ချစ်တင်းနှောနေရခြင်းကိုလည်း စိတ်မပါတော့။ သည်အချက်ကို ဆွန်ယာက သတိပြုမိသဖြင့် သူ့မျက်နှာကို မော့ကြည့်ကာ စိုးရိမ်တကြီး မေးသည်။

"မောင်... နေမကောင်းဘူးလား...ဟင်"

"ငါ နည်းနည်း အအေးပတ်သွားလို့ပါ။ တို့ပြန်ကြမှ ထင်တယ်... ဆွန်ယာ"

ထိုအချိန်တွင် နေသည် လျှိုမြောင်တောင်ကြားမှ တက်လာသော တိမ်လွှာထုထဲသို့ ဝင်သွားခဲ့ပြီ။

ဆွန်ယာက အဝတ်အစားများ ပြန်ဝတ်သည်။ ပြီးတော့ သူ့လက်ကို ဆွဲကာ တောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။ တောင်အောက် ရောက်တော့လည်း သူက သူတို့နှစ်ယောက် ချိန်းတွေ့နေကျ တဲအိမ်ကလေးထဲသို့ မဝင်တော့။

ဆွန်ယာ၏ ပါးပြင်မို့မို့ကလေးကို တစ်ချက် နမ်းပြီးနောက် ဘာစကားမှ မပြောတော့ဘဲ ချာခနဲသာ လှည့်ထွက်လာခဲ့တော့သည်။

ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ သူက နောက်ပြန် လှည့်ကြည့်သည်။ ဆွန်ယာက တဲအိမ်တံခါးဝတွင် ရပ်ကာ သူ့ကို စိုက်ကြည့်နေသည်။ သူမ၏ ချစ်စရာ မျက်နှာကလေးပေါ်တွင် ဝမ်းနည်းခြင်းနှင့် ဝေခွဲမရခြင်း အရိပ်အရောင်များကို မြင်ရသည်။

သူသည် ဆွန်ယာ့ဆီကို ငါးရက်တိတိ မသွားဘဲ နေလိုက်သည်။

နောက်တော့ သူ မနေတတ်မထိုင်တတ် ဖြစ်လာသည်။ အထီးကျန် ဖြစ်လာသည်။ ဆွန်ယာ့ ဗိုက်ထဲမှကလေးဟာ ငါ့ရင်သွေး အစစ်အမှန်ပါကလား ဟူ၍လည်း ခံယူလာသည်။

သည်နောက် သူ ဆွန်ယာ့ဆီသို့ ဆက်လက်၍ သွားဖြစ်တော့သည်။

သည်လိုနှင့် ကလေးမွေးပြီးနောက် ရက်ပိုင်းအတွင်းတွင်ပင် သူသည် မွေးရပ်ဌာနီ အမေရိကန်ပြည်သို့ ပြန်ရတော့မည်ကို သိရှိခဲ့ရသည်။

အမိနိုင်ငံကိုပဲ ပြန်သွားရမည်လား။ ကိုရီးယားနိုင်ငံတွင်ပဲ ဆွန်ယာနှင့်အတူ နေကျန်ရစ်ရမည်လား... ဟူသော ဘေးကျပ်နံကျပ် ပြဿနာနှင့် အကြိတ်အနယ် နပန်းလုံးရတော့သည်။ နောက်ဆုံးတော့ အမိနိုင်ငံသို့ ပြန်ရန်... မျက်စိကို ဇွတ်မှိတ်ပြီး ဆုံးဖြတ်လိုက်သည်။

သူ့ ဆုံးဖြတ်ချက်ကို ဆွန်ယာအား ပြောပြတော့ ဆွန်ယာက သူ့ကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုရှာသည်။ သူတို့နှစ်ယောက်ဘေးမှ ဖျာကြမ်းပေါ်တွင် ပက်လက်ကလေး သိပ်ထားသော သားကလေးကလည်း ခြေလက်ကလေးတွေ ယက်ကန်ယက်ကန်ဖြင့် တဝါးဝါး အော်ငိုနေသည်။

"ငါ မပြန်လို့ မဖြစ်လို့ပါ... ဆွန်ယာရယ်။ ငါ့မှာ မိဘတွေရှိသေး





ယ်။ ငါ့မိဘတွေကို ပြုစုစောင့်ရှောက်ရမယ့် တာဝန်က ရှိသေးတယ်" ဟု သူက ပြောပြသည်။

သူက "ငါ့မှာ အမေရိကားမှာ လက်ထပ်ပြီးသား မိန်းမ ရှိနေလို့ပါယ်" ဟုတော့ လုံးဝ မပြော။ တကယ်တော့လည်း သူ့မှာ အိမ်ထောင်ရှိကြောင်း သူက ဆွန်ယာအား ဘယ်တုန်းကမှ မပြောခဲ့ပါချေ။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်။ မိဘကို ဦးစားပေးရမယ်ဆိုတာ ကျမလည်း သိပါတယ် မောင်ရယ်။ နောက်ပြီးတော့... မောင်... ကျွန်မဆီကို ပြန်လာဦးမှာပေါ့နော်"

သူမက မျှော်လင့်ခြင်းကြီးစွာဖြင့် မေးလိုက်သည်။

"ငါ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် ဆွန်ယာ" ဟု သူက မယုတ်မလွန် ပြန်၍ ကတိပေးသည်။ စင်စစ် သူကလည်း လိမ်ညာ၍ မပြောချင်။ အကြောင်းကတော့ သူ ဘယ်တော့မှ ပြန်မလာနိုင်တော့ ဆိုသည်ကို သိထားပြီး ဖြစ်သောကြောင့်ပင်။

နောက်ဆုံး ခွဲခွာကြရသည့် အချိန်မှာတော့ သူ့အနေဖြင့် ရင်ဆို့မ်းနည်းစရာ ကောင်းလှတော့သည်။ ယခု လောလောဆယ် ပြန်တွေးမိသာ အချိန်တွင်ပင် အလားတူ ဝေဒနာကို တဆို့တနင့် ခံစားရမိသည်။

သူက တစ်လသားအရွယ် သူ့ရင်သွေးကလေး၏ မျက်နှာကို နောက်ဆုံးအကြိမ်အဖြစ် ကြည့်လိုက်သည်။

ကလေးငယ်သည် အေးဆေးငြိမ်သက်စွာဖြင့် မိခင် ရင်ခွင်ထဲတွင် ပက်လက်ကလေး အိပ်နေသည်။ တစ်ကိုယ်လုံးခြုံ၍ ကြည့်လိုက်လျှင်တော့ အာရှတိုက်သားကလေး ရုပ်သွင်မျိုး ပေါ်လွင်နေသည်။ သို့သော် မျက်နှာကျတော့ အာရှတိုက်သား မျက်နှာမျိုးမဟုတ်။

ငါဟာ သူ့အဖေဆိုတာ သိနေတဲ့ ပုံစံမျိုးပါလား ဟု သူက တွေးလိုက်မိသည်။ တစ်ချိန်တည်းတွင် သူ့ရင်ထဲ၌ အမည် မဖော်တတ်သော ဝေဒနာ တစ်ရပ်ကိုလည်း စူးစူးရှရှ ခံစားလိုက်ရသည်။

"သားကလေးက မချောဘူးလား...မောင်"

ဆွန်ယာက မျက်ရည်တွေ ရွှဲရွှဲစိုနေသည့်ကြားမှ ဇွတ်ယူသော လေသံဖြင့် မေးသည်။

"ဟုတ်ပါတယ်။ ချောပါတယ်။ မင်းနဲ့တူလို့ ချောတာပေါ့"

သူက စိတ်ကို တင်းလိုက်သည်။ ပြီးတော့... သူ့လည်ပင်းကို တင်းတင်း ဖက်ထားသော ဆွန်ယာ၏ လက်နှစ်ဖက်ကို ဆွဲဖြုတ်လိုက်သည်။

ဆွန်ယာသည် ရှိုက်ကြီးတငင် ငိုယိုရင်း ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားသည်။ သူက ကိုယ်ကို ကုန်းကာ ဆွန်ယာအား ပွေ့ချီထူမရန် မကြိုးစား။ ကြိုးစားနိုင်သော သတ္တိလည်း မရှိတော့။

သူ့လည်ချောင်းတွင် ဆို့ကျပ်လာသည်။ ဘာစကားမှ ပြောရှုမထွက်တော့။ ဘာစကားကို ဘယ်လို ပြောရမှန်းလည်း မသိတော့။

မျက်နှာကို ချာခနဲ လှည့်ကာ တဲအိမ်ကလေးထဲမှ ရုတ်တရက် ပြေးထွက်လာခဲ့လေတော့သည်။

ယခုတော့မှ သူ့သားကလေး သူ့ရင်သွေးကလေးက "သားမောင်လေးစားဗွာ စာရေးလိုက်ပါတယ်...အမေရိကန်ဖေဖေ" ဟူ၍ သူ့ထံသို့ စာရေးလိုက်ပါရောလား...။

"ခေါက်...ခေါက်...ခေါက်...မောင် နေကောင်းရဲ့လားဟင်"

တံခါးခေါက်သံနှင့်အတူ လော်ရာ၏ အသံကိုပါ ဆက်တိုက်ကြားလိုက်ရသည်။

"အို...အဲ...ကောင်းပါတယ်...အေး...ကိုယ်လာပါပြီကွယ်"

လက်ထဲမှစာကို ရေချိုးဝတ်ရုံ အင်္ကျီအိတ်ထဲသို့ ကမန်းကတန်း ထိုးထည့်လိုက်သည်။ ကတ္တီပါရေလဲဝတ်ရုံကြီးကို ကပျာကယာ ကောက်ခြုံသည်။

ပြီးတော့...ရေချိုးခန်းတံခါးကို ဖွင့်လိုက်သည်။

လော်ရာက ရေချိုးခန်းထဲ ဝင်၍ ရေချိုးသည်။ ပြီးတော့ အဝတ်အစားလဲသည်။

သူ့စိတ်က ဂနာမငြိမ်။ အတွေးက မပြတ်။ အတိတ်ကာလဆီသို့သာ





ပြန်၍ ပြန်၍ လွင့်မျောနေသည်။ ထို့ကြောင့် သူက စကားမရှိ စကားရှာ၍ ပြောသည်။

"အံမယ်... ဒီလိုဆိုတော့လည်း ကိုယ့်ဇနီးက တယ်ချောပါလား..."

"ဟုတ်တယ်... ချောလိမ့်မယ် အားကြီးကြီး။ ဒီအဝတ်အစား ပေါင်းကြီးနဲ့များ"

သူမက ရက်စနိုးအမူအရာဖြင့် ပြန်ပြောသည်။ တကယ်တော့ သူမ၏ လင်တော်မောင်က သူမအား ယခုကဲ့သို့ မြှောက်ပင့်စကား ပြောခဲ့လှသည်။

"ပေါင်းပေမဲ့... ကိုယ်ကတော့ ဒီအဆင်ကိုပဲ သိပ်ပြီး သဘောကျတယ်"

လော်ရာ ဝတ်ထားသော ဝတ်စုံမှာ လည်ဟိုက်ကျကျဖြင့် ပါးလွှာအိစက်သော အနက်ရောင် အပျော့စား လက်ရှည်ဝတ်စုံ ဖြစ်သည်။ သူမ၏ ကြည်စင် ဝင်းမွတ်နေသော အသားအရေနှင့် အလွန်လိုက်ဖက်သည်။ သူမ၏ ရုပ်ရည်နှင့် ပတ်သက်၍ ဝိန်လွန်းခြင်း တစ်ခုသာ ပြောစရာ ရှိသည်။ သို့သော် အရိုးအဆစ် ကတော့ အလွန် ပျော့ပျောင်းနူးညံ့သည်။

လော်ရာ့ ရုပ်သွင်ကို ကြည့်နေရင်းမှ ဆွန်ယာ့ ရုပ်သွင်ကို ရုတ်တရက် မြင်ယောင်လာမိသည်။

ဆွန်ယာက လော်ရာလောက် အရုပ်မရှည်။ ကိုယ်လုံးကိုယ်ပေါက် အိအိဖိုင့်ဖိုင့်နှင့် တစ်တစ်ရစ်ရစ် ရှိသည်။

သူက သူ့အတွေးကို စိတ်အာရုံထဲမှ အတင်း မောင်းထုတ် ပစ်လိုက်သည်။

ပြီးတော့... စားပွဲ အံဆွဲထဲတွင် လက်ကိုင်ပဝါ အသစ်တစ်ထည် နှိုက်ယူ နေရင်းမှ ပြောလိုက်သည်။

"ကဲ... အားလုံး အဆင်သင့် ဖြစ်ပါပြီတဲ့ချာ"

"ဒါဖြင့်... ကျွန်မ အောက်ထပ်ဆင်းပြီး ညစာ ပြင်ပြီးပြီလား... သွားကြည့်လိုက်ဦးမယ်"

သူ့ဇနီး လှေကားမှ ဆင်းသွားသံ ကြားရသည်။ သူ ကုလားထိုင်တွင်

ခေတ္တ ဝင်ထိုင်လိုက်သည်။ တစ်ကိုယ်လုံး နုံးချည့် နွမ်းခွေကျသွားသည်။ ရွေးကောက်ပွဲအတွက် မဲဆွယ်ရေး လုပ်ငန်းကြီးကြောင့် ခေါင်းမီးတောက်နေသည့်အထဲ သည်ကိစ္စက ဆိုင်းမဆင့် ဗုံမဆင့် ဝင်လာပြန်သောအခါ တစ်ပူပေါ် နှစ်ပူဆင့်သလို ဖြစ်သွားတော့သည်။

ဘာပဲဖြစ်ဖြစ် သည်ကိစ္စကို အလေးအနက်ထား၍မဖြစ်။ သားကလေးထံမှ ပေးစာကိုလည်း ပြန်စာမပို့ဘဲ သည်အတိုင်းပဲ ထားလိုက်မည်။ သူ့ဖေဖေထံ သူ့စာ မရောက်၍ စာမပြန်တာဟု ကလေးက ထင်လိမ့်မည်။

**မဖြစ်ဘူး... မဖြစ်ဘူး။ ဒီလိုလုပ်လို့လည်း မဖြစ်သေးဘူး။ ဒီကလေးက တခြား ကလေးမှ မဟုတ်ဘဲ... ငါ့ရင်သွေး...ငါ့သား။**

အကယ်၍သာ ဆွန်ယာသည် တခြား မိန်းကလေးတွေနဲ့ တူခဲ့လျှင်... အကယ်၍သာ ဆွန်ယာက သူမ၏ သားကလေးအား ဖခင်ထံ စာရေးဖြစ်အောင် ရေးပါဟု နိုင်းခဲ့လျှင်... သူ့အနေဖြင့် ယင်းစာကို လုံးဝ ဂရုမစိုက်ဘဲ ဆုတ်ပစ်လိုက်နိုင်သည်။

**ဟင့်အင်း... ဒါလည်း မဟုတ်သေးဘူး။ ဘာဖြစ်လို့ဆို စာရေးတဲ့ကလေးက တခြားကလေးမှ မဟုတ်တာ။ ငါ့သား... ငါ့ရင်သွေးပဲ။**

ဘာပဲပြောပြော ကလေး၏ဖခင် တစ်ယောက်အနေဖြင့် တရားဝင်မဟုတ်သော်မှ လူ့ကျင့်ဝတ်အရ သူ့တွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ တာဝန်ရှိသည်။ အာရှနိုင်ငံများတွင် သားသမီးများအတွက် ဖခင်ဖြစ်သူ ကသာ လုံးဝ တာဝန်ယူရသည်ဟု သူ ကြားဖူးခဲ့သည်။

မှန်ပါသည်။ ယင်းဓလေ့ထုံးစံကို သူ ကြားဖူးခဲ့သည်မှာ အတော့်ကြာခဲ့ပါပြီ။ နောက်တော့... သူ မေ့သွားသည်။ တမင် မေ့ချင်၍ မေ့ပစ်တာလား။ ယင်းသို့တော့ မဟုတ်။ အမှတ်မထင် မေ့သွားခြင်းသာ ဖြစ်သည်။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ကြားရပြန်သည်။

သူ နောက်ပြန် လှည့်ကြည့်လိုက်သည်။

"ဘယ်သူတုံး"





"ကျွန်မပါ အစ်ကိုကြီး"

ဂရိတာက အပြင်ဘက်မှ ပြန်ပြောသည်။

"ညစာ အဆင်သင့် ပြင်ထားပြီးပါပြီ... အစ်ကိုကြီး။ မမလည်း စားပွဲမှာ ရောက်နေပြီ။ ဖယောင်းတိုင်တွေလည်း ထွန်းထားပြီးပါပြီ"

"ကောင်းပြီလေ... ငါ ခုပဲ လာခဲ့မယ်"

**ဒီစာကို ဘယ်လိုလုပ်ရမလဲ။ ရေချိုးဝတ်စုံ အိတ်ထဲ ထည့်ထားတာထက် လက်ဆွဲသား ရေအိတ်ထဲ ထည့်ထားတာက ပိုပြီး စိတ်ချရလိမ့်မယ်...**

ဟု တွေးမိသည်။

ထို့နောက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

လော်ရာသည် စားသောက်ခန်းထဲမှ မီးလင်းဖိုဘေးတွင် ရပ်နေသည်။ မီးလင်းဖိုတွင် မီးတွေ တရှိန်းရှိန်း တောက်နေသည်။ လော်ရာ၏ မျက်နှာနှင့် ဆံပင်များပေါ်တွင် မီးရောင်ဟပ်ကာ အလှတိုးနေသလို ထင်မှတ်ရသည်။

"ခဏ...ခဏ... ကိုယ်လာခဲ့မယ်။ စာရေးစားပွဲပေါ်မှာ ကြည့်စရာ တစ်ခု ရှိလို့"

သူက စားသောက်ခန်း တံခါးပေါက်ဘေးမှ ဖြတ်သွားရင်း ဇနီးဖြစ်သူအား လှမ်းပြောလိုက်သည်။

ပြီးတော့ စာကြည့်ခန်းထဲ ဝင်လာခဲ့သည်။ တံခါးရွက်ကို ပြန်ပိတ်လိုက်သည်။

စိတ်ချရပြီ။ အခန်းထဲတွင် သူ တစ်ယောက်တည်းသာ ရှိသည်။

လက်ဆွဲသားရေအိတ်ကို ဖွင့်ပြီး စာအိတ်ကို စာရွက်ထပ်တွေထဲ ထိုးထည့်လိုက်သည်။

ထို့နောက် သားရေအိတ်ကို သော့ပြန်ပိတ်သည်။ သော့ကို အဝတ်ဗီရိုတွင် ချိတ်ထားသော ကုတ်အကျႌအတွင်းအိတ်ထဲ ထည့်ထားလိုက်သည်။

စိတ်ထဲတွင် တော်တော် သက်သောင့်သက်သာ ရှိသွားသည်။

ဒီလောက်ဆို စိတ်အေးရပြီ။

ထို့နောက်တွင်တော့... စားသောက်ခန်းစားပွဲတွင် ဇနီးဖြစ်သူနှင့် အတူထိုင်ကာ မြိန်ယှက်စွာ စားသောက်နေတော့သည်။

*

ဇနီးဖြစ်သူက စကားပြောနေစဉ် သူက ဘဲဥပုံ စားပွဲကြီး ထိပ်ဆုံး၌ ထိုင်ရင်း နှောင်တရသော ကြင်နာမှုဖြင့် နားထောင်နေသည်။ သူက သူမ၏ စကားကို စိတ်လည်း အလွန်ဝင်စားသည်။ တစ်ချိန်တည်းတွင် သူမအား ကြောက်သလိုလိုလည်း ခံစားရမိသည်။ သူမ၏ ဝါသနာ ထွေပြားမှုကို အဖြေယောကျ်ားတွေ နားမလည်နိုင်ပါ့မလားဟူ၍ သူ တွေးမိခဲ့သည့် အကြိမ်ပေါင်း မနည်းတော့။

သူမသည် ဆာဂက်ဆို ပင်လယ်ရေအောက်ရှိ "အယ်လဂျီ" အမည်ရှိ အပင်တစ်မျိုးမှ ပဋိဇီဝဆေးနည်း တစ်မျိုးကို ဖော်ထုတ်နိုင်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးစားရှာဖွေချိန်တွင် သူတို့နှစ်ယောက် စတင် သိကျွမ်းခဲ့ကြသည်။ သူမသည် "စကူဘာ" ခေါ် ကိရိယာ တစ်မျိုးကို အသုံးပြုကာ ယောကျ်ားများနှင့် ရင်ပေါင်တန်း၍ ပင်လယ်ရေအောက် အနက်ကြီးထဲသို့ စွန့်စွန့်စားစား ငုပ်ပြီး အယ်လဂျီ ဆေးပင်ကို ရှာဖွေသည်။

"စကူဘာဆိုတာ ဘာလဲ"

သူတို့နှစ်ယောက် စတွေ့ကြတော့ သူက မသိ၍ မေးကြည့်သည်။

"အလိုအလျောက် ရေအောက် အသက်ရှူကိရိယာကို ခေါ်တာပါ" ဟု သူမက ရှင်းပြသည်။

သူက "စကူဘာ" အကူအညီဖြင့် ကိုယ်တိုင်စမ်း၍ ရေငုပ်ကြည့်သည်။ လော်ရာ၏ သတ္တိကို အံ့သြမိသည်။ ချီးလည်း ချီးကျူးမိသည်။ အလိုအလျောက် အသက်ရှူ ကိရိယာ ပါသော်လည်း ရေအောက်တွင် ပုံမှန်





အသက် ရှူသွင်းခြင်း၊ မှုတ်ထုတ်ခြင်း ပြုလုပ်ရန် သတိမရခဲ့ပါလျှင် အဆုတ်ထဲတွင် လေတွေဖောင်းပွပြီး သေနိုင်ကြောင်း တွေ့ရသည်။

ထို့ကြောင့် သူက လော်ရာအား အန္တရာယ်များသော ရေအောက်သုတေသန လုပ်ငန်းကို မလုပ်ဘဲ ရေပေါ်သုတေသန လုပ်ငန်းကိုသာ လုပ်ရန် မေတ္တာရပ်ခံသည်။ သူမကလည်း ရှောရှောရှူရှူပင် သဘောတူသည်။

ယခုတော့ သူမသည် နယူးယောက်မြို့မှ "အဏ္ဏဝါဗေဒသိပ္ပံကျောင်း" တွင် ဓာတ်ခွဲ စမ်းသပ်ခြင်း လုပ်ငန်းကိုသာ အာရုံစိုက်၍ လုပ်ကိုင်လျက် ရှိသည်။

"ဒါနဲ့... ဒီနေ့ အစည်းအဝေးမှာ မင်း ဘာတွေ ပြောခဲ့သလဲ"

"ပထမတော့ ဝီလတန်ရဲ့ စာအုပ်ပါ အချက်အလက်တွေကို ဝေဖန်ကြတယ်။ နောက်ပိုင်းတော့... ပင်လယ် အပင်တစ်ပင်ဟာ ဘယ်အချိန်မှာ ဘယ်လို ပင်လယ်သတ္တဝါတစ်ကောင် အဖြစ် ပြောင်းလဲလာနိုင်သလဲ ဆိုတဲ့ အချက်ကိုပဲ ဆွေးနွေးကြတယ်။ ဒါက သိပ်တော့ အရေးမကြီးပါဘူး။ ဒါပေမဲ့ ကျွန်မ ထင်ပါတယ်။ သက်ရှိ ဟူသမျှမှာ တစ်နည်းမဟုတ် တစ်နည်းအားဖြင့် တူညီတဲ့ ဆက်စပ်မှုတွေ ရှိကြတယ်ဆိုတာကတော့ တကယ့်ကို အံ့သြစရာကောင်းတာပဲ... မောင်"

"ကဲ...ကျေးဇူးပြုပြီး လင်းစမ်းပါဦး"

"ဟုတ်ကဲ့...သဘောကတော့ ဒီလိုပါ။ တချို့ ပင်လယ် အပင်တွေက အစိမ်းရောင်တွေပါပဲ။ ဒါပေမဲ့ ထူးခြားတာက ဒီအပင်တွေဟာ ငါးတွေလိုပဲ ရေကူးတတ်ကြတယ်။ ငါးတွေလိုပဲ အစာစားကြတယ်။ တကယ်တော့... ဒါဟာ ပရိတိုဇွာမျိုးပညာဆိုင်ရာ အံ့ဖွယ် တစ်ရပ်ပါပဲ"

သူမသည် သိပ္ပံပညာအကြောင်း ပြောရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ အားရပါးရ ပြောပြတတ်သည်။ သူမ မျက်လုံးတွေက အရောင်တောက်နေသည်။ အသားအရေက ကြည်စင်နေသည်။

သူက ကိုယ်ကို ရှေ့သို့ကိုင်းပြီး စိတ်ပါလက်ပါ နားထောင်နေသည်။ သူမက ရှက်တက်တက် ဖြစ်လာပြီး စကားကို ရုတ်တရက် ရပ်ပစ်လိုက်သည်။

"ကဲ...နောက်ဘော ဘာကို ပြောရဦးမှာလဲ"

သူမက မေးလိုက်သည်။

သူက သူမ၏မျက်နှာကို စေ့စေ့ကြည့်ကာ ဖြည်းဖြည်းကလေး ပြောသည်။

"မင်းက ရေအောက်က ကြောက်စရာ အကောင်ဗလောင်တွေ အကြောင်း ပြောတော့ ငါက မဆီမဆိုင် ဖက်ရှင်ပြပွဲလုပ်တဲ့နေ့ကို သွားပြီး သတိရမိတယ်။ အဲဒီတုန်းက ကိုယ်က အလုပ်သင် သတင်းထောက်ကလေး ဘဝနဲ့ ဖက်ရှင်ပြပွဲ သတင်းယူဖို့ ရောက်သွားတယ်။ တက္ကသိုလ်ပိတ်ရက်မှာ အပျော်တမ်း ပညာဆည်းပူးတဲ့ သဘောပါ။ ဒါနဲ့ ပြပွဲရောက်သွားတော့ အရပ်ရှည်ရှည်နဲ့ သွယ်သွယ်နှောင်းနှောင်းနဲ့ သိပ်ပြီးလှတဲ့ မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ရတော့ ကိုယ်ဖြင့် အသက်တောင် မရှူနိုင်လောက်အောင် ဖြစ်သွားမိတယ်။ အဲဒီ မိန်းကလေးဟာ အဖြူရောင် နွေရာသီဝတ်စုံ၊ အဖြူရောင် ဦးထုပ်ကြီးနဲ့ မုံတန်းလမ်းကြားအတိုင်း ဆင်မယဉ်သာ လျှောက်ပုံမျိုးနဲ့ ဖြည်းဖြည်းကလေး လျှောက်လာတယ်။ အဲဒီ မိန်းကလေးဟာ မင်းပဲ ဖြစ်ရမယ်"

သူမက သူ့အပြောကို သဘောကျ၍ ရယ်သည်။

"ကျွန်မလည်း အဲဒီနေ့က ကိုလူပျိုကလေး တစ်ယောက်ကို သတိထားမိခဲ့တယ်။ ထောင်ထောင်မောင်းမောင်း ထွားထွားကျိုင်းကျိုင်းနဲ့ သိပ်ချောတဲ့ မောင်တစ်ယောက်ပဲ။ သူက ရှေ့တန်းမှာ ထိုင်နေတယ်။ ဒူးပေါ်မှာ မှတ်စု စာအုပ်ကလေး တင်ထားတယ်။ လက်ထဲမှာတော့ ခဲတံကိုင်လို့၊ သူ့ကိုမြင်တော့ ကျွန်မက ကျိတ်ပြီး မှတ်ချက်ချလိုက်မိတယ်။ ကြေနတော့ ဒီလူဟာ ဖက်ရှင် ပြပွဲကိုရော၊ ကိုယ်ဟန်ပြမယ်ကိုရော။ အထူးသဖြင့် အရပ်ရှည်ရှည်နဲ့ မိန်းကလေးကိုရော တစ်စက်ကလေးမှ စိတ်ဝင်စားပုံ မရဘူးလို့..."

"ကိုယ့်အနေနဲ့တော့ သိပ်ပြီးမရှည်လှပါဘူး။ ကိုယ်က အရပ်ရှည်ရှည် မိန်းကလေးမျိုးကိုမှ ကြိုက်တာ။ တတ်နိုင်ရင် ကိုယ့်အရပ်ထက် နည်းနည်း ပိုရှည်ရင် ပိုကြိုက်သေးတယ်။ သုံးလက်မလောက်ဆိုပါတော့။ ဒါနဲ့...နောက် တစ်ပတ် နှစ်ပတ်လောက် အကြာမှာ အဲဒီ မိန်းကလေးနဲ့ ကိုယ်နဲ့ အရပ်တိုင်း





ကြည့်ကြတယ်။ တကယ်ပါပဲ။ သူက ကိုယ့်အရပ်ထက် သုံးလက်မတိတိ ရှည်နေတယ်။ အဲဒီမှာပဲ...ကိုယ်က တစ်ချီတည်း ချစ်ခွင့်ပန်တော့တာပဲ... ဟုတ်သလား...ဟင်"

"ကျွန်မကလည်း သူ ချစ်ခွင့်မပန်မှာကိုပဲ ကျိတ်ပြီး ပူနေမိတယ်လေ။ ...ကျွန်မတို့ နှစ်ယောက်လည်း တော်တော်ပဲ မူးကြသေးတာပဲနော်။ ...'မီလ်ဂရန့်' ဖက်ရှင် တိုက်က ဒီနှစ်ပြပွဲအတွက် ကျွန်မကို ပြန်ခေါ်တာ မောင် သိပြီးပြီလား...ဟင်။ အပျော်သဘောအဖြစ် သွားလုပ်ရင် ကောင်းမယ်ထင်တယ်။ ကြီးကြပ်သူအဖြစ် တာဝန်ပေးမယ်လို့ ထင်တာပဲ"

"တို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းပြီးတဲ့ နောက်သုံးပတ်ကြာတော့မှ မင်းဟာ သိပ္ပံပညာရှင် တစ်ယောက်ဆိုတာ ငါ သိရတာတော့ လွန်လွန်းပါတယ်"

"တောင်းပန်ပါတယ်ရှင်"

"ငါကလည်း ဦးနှောက်ရှိတဲ့ မိန်းမကိုမှ လက်ထပ်ချင်တာ"

လော်ရာက စားနှင့် ခက်ရင်းကို ပန်းကန်ပြားပေါ် ပြန်ချလိုက်ပြီး...

"ကဲပါ...မောင်၊ ဒီအကြောင်းတွေ ဒီတင်ပဲ ရပ်လိုက်ကြပါစို့..."

"ဘယ်တော့မှ မရပ်နိုင်ဘူး၊ တစ်သက်လုံး ပြောသွားမယ်"

"တကယ်လား...ဟင်"

"တကယ်မကဘူး... နှစ်ကယ်"

ရုတ်တရက် တံခါးပွင့်ပြီး ဂရီတာ ဝင်လာသည်။ သူမအား အစားအစာ လာချသော အချိန်မှတစ်ပါး ဘယ်တော့မှ စားသောက်ခန်းထဲ ဝင်မလာရန် ရေရှက ပြောထားသည်။

"ငါက စားသောက်ချိန်မှာ တို့လင်မယား နှစ်ယောက်တည်းပဲ ရှိနေစေချင်တယ်" ဟု သူက အမြဲတမ်း ပြောလေ့ရှိ သည်။

ဂရီတာက မဝံ့မရဲဟန်ဖြင့်...

"ခွင့်ပြုပါ...အစ်ကိုကြီး၊ မစ္စတာဘားမင်း ရောက်နေပါတယ်"

သူက လက်ပတ်နာရီကို တစ်ချက် စောင်းကြည့်လိုက်ပြီး...

"အို...အေး...ဟုတ်သားပဲ၊ သူ တော်တော်စောတယ်။ သူလည်း တို့နဲ့ အတူ ကော်ဖီသောက်ပါစေ ဂရိတာ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ဂရိတာ ပြန်ထွက်သွားသည်။ ခဏအကြာတွင် ဂျိုးဘားမင်းက ထုံးစံအတိုင်း သွက်လက်ဖြူးကြွစွာဖြင့် စကားပြောရင်း ဝင်လာသည်။

"အလို...ကျွန်တော်တို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ကတော်ကြီးတောင် သိပ္ပံပညာ တောနက်ကြီးထဲက ပြန်ရောက်ပါပကော။ ဟုတ်တယ်ဗျာ... တကယ်ပါပဲ။ ခင်ဗျားရုပ်ကို ကြည့်ပြီး ပြောရင်တော့ ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ ကျွန်တော် ဆိုလိုတာက ခင်ဗျားဟာ အကျည်းတန်တယ်လို့ ပြောတာတော့ မဟုတ်ပါဘူး။ ခင်ဗျားက လူပိန်သလောက် ဦးနှောက်ကောင်းတဲ့ အမျိုးသမီးပါ။ ဒါကိုတော့ ကျွန်တော် အမြဲတမ်း ပြောရဲပါတယ်။ ဩော်... ဒါနဲ့ ဘယ်လိုလဲ။ ကိုယ့်ဆရာ...၊ နေကောင်းသွားပါပြီနော်"

"ကဲ...ထိုင်ပါ...ဘားမင်း။ ဂရိတာ ကော်ဖီ ယူလာလိမ့်မယ်"

"ဒါနဲ့... ကျွန်တော်တော့ ဒီအချိန်ထက် ပိုကောင်းတဲ့အချိန် မရှိတော့ဘူးလို့ ထင်တယ်။ ပြည်သူက ရွေးကောက်တင်မြှောက်ခြင်း ခံရတာ ဘယ်လို ခံစားရသလဲဗျ။ ခင်ဗျား သူ့ကို ပြောပြီးပြီလား"

"စောပါသေးတယ်၊ သူက ပြည်သူ့ဆန္ဒ ခံယူကြည့်တာကို ပြောတာပါ... လော်ရာ"

"ဆက်လက် ပေါ်ပေါက်လာမယ့် ဖြစ်ရပ်တွေက အရိပ်ပြနေပါပြီဗျာ"

ဘားမင်းက ကုလားထိုင်တွင် ဝင်ထိုင်ရင်း လေးနက်သော အမူအရာဖြင့် ပြောသည်။

"ဒီတော့...ခင်ဗျား မနက်ဖြန်ဆိုရင်တော့ ရုံးပြန်တက်နိုင်ပါပြီ...နော်။ တစ်ရက်ဆို တစ်ရက်မှတ်မှတ် အရေးကြီးနေပြီဗျ။ ကျွန်တော်တို့က ဘားရီးနဲ့ ပြိုင်ရမှာ။ သူက ရှေးဆန်ဆန် လူတစ်ယောက်ဆိုတော့ လူထုက သူ့ကို သဘောကျတဲ့ အချက်တွေ ရှိတယ်။ ဒါပေမဲ့... မစိုးရိမ်ပါနဲ့၊ ဒီနေ့ ကျွန်တော်





ကို လူတစ်ယောက်က ပြောသလို အနည်းဆုံးတော့ သူ့မှားကွက်တွေကို ကျွန်တော်တို့ သိပါတယ်"

"ဒီလူက စက်ရုပ်ကြီးပါဗျာ"

"ဟုတ်ပါတယ်။ ကျွန်တော်ကလည်း အဲဒီသဘောကို ပြောတာပါ"

သူက လော်ရာဘက်သို့ လှည့်ကာ...

"ဒါနဲ့... ကျွန်တော်တို့က ဒီအမျိုးသမီးကြီး ရှေ့မှာ အလုပ်ကိစ္စ ပြောနေလို့ ဖြစ်ပါ့မလား"

လော်ရာက ခင်ပွန်းသည်၏ မျက်နှာကို ကြည့်ကာ အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

ခရစ္စက ရယ်လိုက်ပြီး...

"စကားကို သတိနဲ့ ပြောစမ်းပါ...ဂျိုး။ ခင်ဗျားစကားက ကျုပ်ဇနီးကို စော်ကားသလို ဖြစ်နေပြီ"

ဘားမင်းက လော်ရာ မျက်နှာ တစ်လှည့်။ ခရစ္စမျက်နှာ တစ်လှည့် ကြည့်ရင်း...

"လွန်တာရှိ ဝန္ဒာမိပါဗျာ။ ကျွန်တော်က စော်ကားချင်လို့ ပြောတာ မဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာက..."

"အလကားပါရှင်။ မောင်က ကျွန်မကို သက်သက်စတာပါ။ သူပြောတာ ဗွေမယူပါနဲ့"

လော်ရာက တည်ငြိမ်စွာဖြင့် ပြောသည်။

သူမက ခင်ပွန်းသည်အား ကြည့်ကာ မျက်မှောင်ကြုတ်ရင်း ရယ်နေသည်။

"ဟုတ်ပါတယ်။ ကျုပ်က တမင်သက်သက် ရယ်စရာ ပြောကြည့်တာပါ။ ကျုပ်က လော်ရာကို အားလုံးပြောပြပါတယ်ဗျ။ ခင်ဗျားလည်း အသိသားပဲ။ လော်ရာက ကျုပ်အတွက် တန်ဖိုးရှိတဲ့ အကြံဉာဏ်တွေ ပေးတယ်။ အမှန်က ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးက သူနဲ့မှပိုပြီး ထိုက်တန်တာ"

"ကျွန်မက ဒီရာထူးကို အလကားပေးလည်း မယူပါဘူးရှင်။ ကျွန်မ အခု လုပ်နေတဲ့ အလုပ်ကိုပဲ တစ်သက်လုံး လုပ်သွားချင်ပါတယ်"

တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။

လော်ရာက ထိုင်ရာမှ ထလိုက်ပြီး...

"ကဲ...ကျွန်မကို ခွင့်ပြုကြပါဦး။ ကျွန်မဆီ ဓာတ်ခွဲခန်းက ဖုန်းလာတာ ဖြစ်လိမ့်မယ်"

သူမက ခင်မွန်းသည်၏ အနားမှ ဖြတ်လျှောက်လာပြီး သူမ၏ လက်ကို ကမ်းပေးလိုက်သည်။ ခင်မွန်းသည်က လက်ကို ဆုပ်ကိုင်ကာ လက်ဝါးပြင်နုနုကို တယုတယ နမ်းရှုပ်သည်။

"ပြန်လာဦးမလား"

"မလာဖြစ်တော့ဘူး ထင်တယ်။ မောင်တို့ နှစ်ယောက်တည်း စကား ပြောချင်တယ် မဟုတ်လား။ အဲဒီတော့... အေးအေးဆေးဆေး ပြောကြပေါ့။ ကျွန်မလည်း ညတုန်းက ရေးထားတဲ့ မှတ်စုတွေ ပြန်ကြည့်လိုက်ဦးမယ်"

"ဒါဆိုလည်း ကောင်းပြီလေ... နောက်မှ ထပ်တွေ့ကြတာပေါ့"

"ဟုတ်ကဲ့"

လော်ရာ အခန်းထဲမှ ပြန်ထွက်သွားသည်။ ဘားမင်းက သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက်...

"အင်း... တစ်နေ့မှာ သမ္မတကတော်ဘဝနဲ့ အိမ်ဖြူတော်ရောက်ရင် ဘယ်လိုများ နေမှာလဲ မသိဘူး"

"ဟုတ်ကဲ့..."

ခရစ္စ၏ ပါးစပ်မှ အမှတ်မထင် ထွက်သွားသည်။ ထို့နောက် သူက ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး...

"ကိုင်း... ကျုပ်တို့ နှစ်ယောက် စာကြည့်ခန်းထဲ ကော်ဖီသွားသောက်ကြရအောင်။ ခင်ဗျားကို ကျုပ် အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိတယ်"

*





"ဖြစ်ကတော့ အဲဒီအတိုင်းပါပဲ...ဂျူး"

ခရစ္စတိုဖာ ဝင်းတားက သူ့ဓာတ်လမ်းကို နိဂုံးချုပ်လိုက်သည်။

မီးသေသွားသော မီးသွေးခဲတစ်တုံး ပြာကျသွားသည်။

သူတို့ စာကြည့်ခန်းထဲ ရောက်လာတော့ သူက မီးလင်းဖိုကို စတင်၍ မွေးသည်။ နွေဦးပေါက်ရာသီ အစောပိုင်းကာလဖြစ်၍ လေက အေးစိမ့်နေသဲ ဖြစ်သည်။

ထို့နောက် ဘားမင်းကို သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ရန် ညွှန်ပြသည်။

သစ်တော်သားခြောက်ကို အရှိန်ကောင်းကောင်းဖြင့် မီးစွဲလောင်သောအခါ သူက သူ့ဓာတ်လမ်းကို ဆိုင်းမဆင့် ဗုံမဆင့် စတင် ပြောပြတော့သည်။

"မနက်ဖြန် ကိစ္စကို မပြောခင် ခင်ဗျားကို ကျုပ် ပြောစရာ တစ်ခု ရှိတယ်။ အတိအကျ ပြောရရင်တော့ ဒီကိစ္စဟာ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စ သက်သက်ပါ။ ဒါပေမဲ့... အခု အချိန်အခါမှာတော့ ဘယ်ကိစ္စပဲဖြစ်ဖြစ် ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာ မဟုတ်တော့ပါဘူး။ ဒီအကြောင်း ကျုပ် ဘယ်က စ ပြောရမှန်းတောင် မသိတော့ဘူး။ အဲဒီတော့... အစကပဲစပြီး အစဉ်အတိုင်း ပြောပြမယ်"

ဤသို့လျှင် နိဒါန်းချီပြီးနောက်... သူ ကိုရီးယားနိုင်ငံသို့ ရောက်ရှိသည့် နေ့မှစ၍ နောက်ဆုံး သူ့သားကလေး ထံမှ စာကိုရရှိသည်အထိ သူက အသေးစိတ် ပြောပြသည်။

မီးလင်းဖိုတွင် မီးတောက် ငြိမ်ကျသွားပြီ။ မီးသွေးတွေလည်း ပြာဘဝ ရောက်သွားကြပြီ။

ဘားမင်းက ခရစ္စတိုဖာဝင်းတား စကား ပြောနေစဉ်အတွင်း ကုလားထိုင်တွင် မကြာခဏ နေရာပြင်၍ ထိုင်သည်မှတစ်ပါး ဘာစကားမှမပြောဘဲ

တစ်လျှောက်လုံး စိတ်ဝင်စားစွာ နားထောင်နေခဲ့သည်။ ခရစ္စတိုဖာဝင်းက စကားဆုံးတော့မှ သူက ပြောသည်။

"အမှန်ကတော့ ခင်ဗျား ပြောသလိုပါပဲ။ အခုအချိန်မှာ ဘယ်ကိစ္စမဆို အားလုံးနဲ့ သက်ဆိုင်နေတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ တခြား လူငယ်တွေ ထောင်ပေါင်းများစွာတို့လည်း ခင်ဗျား လုပ်သလို လုပ်ခဲ့ကြတာပါပဲ။ အဲဒီတော့...ဒီကိစ္စက ထင်သလောက်တော့ စိုးရိမ်စရာ မရှိပါဘူး။ အဲဒီလို ဖအေ မပေါ်တဲ့ ကပြားကလေးတွေလည်း ထောင်သောင်းချီပြီး ရှိကြလိမ့်မယ်။ ဒီအကြောင်း ကျွန်တော် အရင်တုန်းက တစ်ခါမှ မစဉ်းစားမိခဲ့ပါဘူး။ ဒါပေမဲ့... အလားတူ ပြဿနာတွေ ရှိနေတာကတော့ အမှန်ပဲ။ အဲဒီတော့..."

သူက စကားကို ရုတ်တရက် ဖြတ်ပစ်လိုက်သည်။ ထို့နောက် မေးမှူကို လက်နှင့်ပွတ်ကာ စဉ်းစားဟန်လုပ်နေသည်။ ပြီးတော့မှ ဆက်ပြောသည်။

"အဲဒီတော့... ဒီကိစ္စက ဒီမှာလည်း မဟုတ်ဘူး။ ဟိုမှာလည်း မဟုတ်ဘူး ဆိုတဲ့ ကိစ္စပါ။ ကျွန်တော်လည်း စစ်အတွင်းက ဂျာမနီမှာ ရောက်နေခဲ့တာပဲ။ ဒါနဲ့ ဒီအကြောင်း ခင်ဗျားမိန်းမ သိပြီးပြီလား"

"လုံးဝ မသိသေးဘူး"

"ခင်ဗျားက ပြောပြမလို့ စိတ်ကူးထားသလား"

"ကျုပ်... ဟုတ်ကဲ့... ပြောပြမယ်လို့တော့ ဆုံးဖြတ်ထားတာပဲ။ ဒါပေမဲ့ ဘယ်တော့ ပြောရမလဲ။ ဘယ်လို ပြောရမလဲဆိုတာ ကျုပ် လုံးဝ စဉ်းစားလို့ မရအောင် ဖြစ်နေတယ်"

"သူ့ကို မပြောရင် မဖြစ်ဘူးလို့ ယူဆလို့လား"

ခရစ္စက ဘားမင်း၏ မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ခင်ဗျားက မပြောသင့်ဘူးလို့ ယူဆလို့လား"

နှစ်ယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် ကြောင်ကြည့်နေကြသည်။ အတန်ကြာတော့မှ ဘားမင်းက ပြောသည်။

"ကျွန်တော်ကတော့ ခင်ဗျား ပြောသင့်တယ်လို့ မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မပြောတာက ပိုကောင်းမယ် ထင်လို့ပဲ။ ဒီလို ကိစ္စမျိုးမှာ





…မိန်းမတွေက သွေးရူးသွေးတန်း ဖြစ်တတ်ကြတယ်ဗျ။ သူတို့က ယောက်ျားတွေရဲ့ အခြေအနေကို သဘောမပေါက်ကြဘူး။ ဒီအချက်ကို ခင်ဗျားလည်း …လည်ပြီးသားပါ။ တကယ်တော့ မိန်းမတိုင်း အတူတူပါပဲ။ အဲဒီတော့... …ကျွန်တော့် အနေနဲ့တော့ မပြောတာ အကောင်းဆုံးပဲလို့ ထင်တယ်။ ပြီးတော့ …ခင်ဗျားက စာမပြန်ရင် စာမရလို့ မပြန်တာပဲလို့ ကလေးက ထင်မှာ သေချာ…တယ်။ အဲဒီတော့ ဘာမှ စိတ်ကူး မလွှဲပါနဲ့။ အဲဒီ စာကို ဆုတ်ပစ်လိုက်ပါ။ …ပြီးတော့ ဒီကိစ္စကို လုံးဝ မေ့ပစ်လိုက်ပါ။ ခင်ဗျား သားကလေး တစ်ယောက် …ရှိတယ်ဆိုတာ ဘယ်တော့မှ မစဉ်းစားနဲ့တော့။ ဒါ ကျွန်တော် ပေးနိုင်တဲ့ …အကောင်းဆုံး အကြံဉာဏ်ပါပဲ"

"ဟုတ်ပါတယ်။ သူ့ကို ကျုပ်တွေ့တောင်မှ ကျုပ်ရဲ့သားလို့ ထင်မှာ မဟုတ်ဘူး"

"ခင်ဗျားသား အစစ်ကော ဟုတ်ရဲ့လား"

"အဲဒါကတော့ ဟုတ်ပါတယ်"

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"ဆွန်ယာက အပျိုစင်ပဲဗျ"

"ခဏ ဖျိုတာမျိုးလား"

"မဟုတ်ဘူး။ ကျုပ်အဲဒီမှာ ရှိနေတုန်းက ကျုပ် တစ်ယောက်ပဲ ရှိတာ"

ထို့နောက် စကားပြတ်သွားပြီး ငြိမ်ချက်သား ကောင်းနေကြသည်။ နှစ်ယောက်စလုံး မီးဖိုကိုသာ စိုက်ကြည့်နေကြသည်။ နောက်ဆုံး ဘားမင်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးတော့မှ...

"အဲဒီတော့ ကျွန်တော် ပြောချင်တာကတော့ ဒီကိစ္စ ဒီတင်ပဲ မေ့ပစ်လိုက်တော့။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက သာမန် လူတစ်ယောက်ဆိုရင် ဘာမှ ကိစ္စမရှိဘူး။ ခင်ဗျားက သာမန် ပြည်နယ်အုပ်ချုပ်ရေးမှူး တစ်ယောက်ဆိုရင်တောင် ဘာမှ အရေးမကြီးသေးဘူး။ ဒါပေမဲ့ ခင်ဗျား အပေါ်မှာ ပါတီက ဘယ်လို ရည်ရွယ်ချက် ထားရှိတယ်ဆိုတာ ခင်ဗျားအသိပဲ။ မှတော့ ခင်ဗျားက တစ်နေ့ သမ္မတ ရာထူးအထိ မျှော်မှန်းထားတဲ့လူ။ ခင်ဗျား

သွားရမယ့် ခရီးက အဝေးကြီး ကျန်သေးတယ်။ လူတွေက အရုက်တကွဲ ကိစ္စတွေ သိပ်ပြီး သည်းခြေ ကြိုက်ကြတာ။ ဒါပေမဲ့ သူတို့ရဲ့ သမ္မတကိုတော့ ခြောက်ပြစ်ကင်း သဲလဲစင်မှ လိုချင်ကြတယ်။ ဒါကြောင့်မို့ ဒီကိစ္စကို လျှို့ဝှက် နိုင်သမျှ လျှို့ဝှက်ထားပါ။ တကယ်လို့ တစ်နည်းနည်းနဲ့ ဒီသတင်းပြန့်သွား တောင်မှ ခင်ဗျားက ငြင်းလိုက်ရင် သူတို့က ယုံမှာ မဟုတ်တော့ပါဘူး။ ခင်ဗျားက ဝန်မခံသမျှ သူတို့ကလည်း ဘယ်တော့မှ မယုံနိုင်ပါဘူး။ အရေး ကြီးဆုံးကတော့ ဒီကိစ္စကို တစ်ဖက်လူတွေ မသိအောင် အစွမ်းကုန် လျှို့ဝှက် ထားဖို့ပါပဲ"

ဘားမင်းက တစ်မိနစ်ခန့်မျှ ငြိမ်သက်နေပြီးတော့မှ လေသံကို နှိမ့်၍ ဆက်ပြောသည်။

"ဒါနဲ့… ကျွန်တော် မသိလို့ တစ်ခုမေးပါရစေ။ အဲဒီ အာရှသူတွေက ဘာတွေများ ပိုထူးတာ ရှိလို့လဲ"

ခရစ္စက ရုတ်တရက် ခေါသထွက်သွားပြီး ထိုင်ရာမှ ငေါက်ခနဲ ထရပ် လိုက်သည်။ သူ့ ရှေ့တွင် ထိုင်နေသော ပုဂ္ဂိုလ်ကိုလည်း တော်တော်ပင် မုန်းတီးစိတ် ဖြစ်ပေါ်သွားမိသည်။ သို့ပေမဲ့ ချက်ချင်းလိုပင် သူ သတိတရား ပြန်ဝင်လာသည်။ ဘားမင်းနှင့် ရန်တွေ့၍မဖြစ်ဟူသော အသိ ဝင်လာသည်။

ဘားမင်းသည် သူ့အတွက် အလွန်လိုအပ်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ မရှိမဖြစ် လိုအပ်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သူက ပြန်လည် ချေပနေလျှင် ဘားမင်းကလည်း ပြန်လည် ခုခံမည်သာ ဖြစ်သည်။ ထို့ကြောင့် ဒေါသစိတ်ကို အသိတရားဖြင့် ပြန်ချုပ်ကာ သူက ကုလားထိုင် တွင် ပြန်ထိုင်သည်။

"ကဲ…ကျုပ်တို့ မနက်ဖြန်ကိစ္စ ဆက်ဆွေးနွေးကြစို့။ ခင်ဗျား ပေးတဲ့ အကြံဉာဏ်ကို ကျုပ် ပြန်ပြီး စဉ်းစားကြည့်ပါ့မယ်။ လောလောဆယ်တော့ ခင်ဗျားပြောတာ တစ်ဝက်မှန်တယ်ဆိုတာ ကျုပ် လက်ခံပါတယ်"

*





ဤကျတော့ အိပ်ရာထဲတွင် တစ်ယောက်တည်း ပြန်တွေးကြည့်သည်။ ဘားမင်း၏ အယူအဆ များကြောင်း သူ သိသည်။

လရောင်ဖျော့ဖျော့သည် အခန်းထဲတွင် ဖြာကျနေသည်။ သူ အိပ် မပျော်။

သူ အပေါ်ထပ် အိပ်ခန်းသို့ တက်လာချိန်တွင် သန်းခေါင်ပင် ကျော်ခဲ့ပြီ။ လော်ရာမှ အစောကြီးကပင် အိပ်ရာဝင်သွားခဲ့ပြီ။

သူက ခန်းဆွဲတံခါးကို ဖွင့်ကာ တစ်ဖက်ခန်းထဲ လှမ်းကြည့်လိုက် သည်။ လော်ရာသည် သူမ၏ ခုတင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေသည်။ သူမ၏ ဆံပင်များက ခေါင်းအုံးပေါ်တွင် ဖြန့်ကျနေသည်။ လက် တစ်ဖက်ကတော့ ပါးပြင်အောက်မှာ။

"ဒါလင်…"

သူက လေသံဖြင့် တိုးတိုးကလေး ခေါ်ကြည့်သည်။ လော်ရာက မနိုး။ နိုးရိမ်စိတ် တစ်ဝက်ဖြင့် တံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ သူ့ခုတင်ဆီ သို့ လာခဲ့ပြီး အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

သူ တစ်နာရီကျော်ကျော်လောက် အိပ်ပျော်သွားသည်။

ထို့နောက် ငိုသံလိုလို ကြားလိုက်ရသောကြောင့် သူ လန့်နိုးလာခဲ့ သည်။ နားကို စွင့်ကြည့်လိုက်သည်။ **လော်ရာများ ငိုနေတာလား။** ဘာသံမှ မကြားရ။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။

သူသည် သည်းမခံနိုင်လောက်အောင် စိတ်အားငယ်မိသည်။ ပြောပြ၍ မဖြစ်နိုင်လောက်အောင် အထီးကျန်ဝေဒနာကို ခံစားနေရသည်။

အပေါ်ထပ် တက်လာခဲ့တုန်းက လက်ဆွဲသားရေအိတ်ကိုပါ တစ်ပါ တည်း ယူလာခဲ့သည်။ ယခု သားရေအိတ်သည် သူ့ခုတင်ဘေးမှ ကြမ်းပြင် ပေါ်တွင် ရှိနေသည်။

သားရေအိတ်တွင် စာရှိနေသည်ဟူသော အသိကြောင့် စိတ်ထဲတွင် နေမထိ ထိုင်မသာ ဖြစ်နေသည်။

**စာကို နောက်တစ်ကြိမ် ဖတ်ဦးမယ်။ ပြီးတော့ ဆုတ်ပစ်လိုက်မယ်။ ဒါပေမဲ့... ဒီနေ့တစ်ညတော့ နေပါစေဦး...။**

ပြောလို့သာ ပြောရပေမဲ့ စိတ်ထဲတွင်တော့ မတင်မကျ ဖြစ်နေဆဲပင်။ သူ ဘာလုပ်သင့်သည် ဆိုသည်ကို ယတိပြတ် ဆုံးဖြတ်ချက် မချနိုင်သေး။

ညအ၏ တိတ်ဆိတ်ခြင်းသည် သူ့ကိုယ်ပေါ် ပိနေသော ဝန်ထုပ်ဝန်ပိုး ကြီးကို ပို၍ လေးလံစေသလို ထင်မှတ်ရသည်။

သူ့အနေဖြင့် တခြားလူတွေကို လိမ်ညာ၍ ဖြစ်နိုင်သော်လည်း မိန်းမ ကိုတော့ လိမ်ညာဖို့ မသင့်။ သူက သည်ကိစ္စကို ဘယ်လိုပင် လျှို့ဝှက်ထား ထား၊ တစ်နေ့တွင် တစ်နည်းနည်းဖြင့် လော်ရာ သိသွားခဲ့လျှင် ဘယ်လို လုပ်မည်နည်း။

တကယ်တော့ သူက သည်ကိစ္စကို ဘားမင်းလို စိတ်အပြောင်းအလဲ မြန်သော နိုင်ငံရေးသမားတစ်ယောက်အား ပြောပြလိုက်ခြင်းမှာ အလွန် မှားသည်။

ဒါကို လော်ရာ သိသွားလျှင် သူက ဘယ်လို ထင်လိမ့်မည်နည်း။ သူ့ကိုတော့ အလျှင် မပြောပြဘဲနှင့် တခြား လူတစ်ယောက်ကို ပြောပြရမည် လားဟု အပြစ်မတင်ဘဲ နေပါမည်လား။

"ကျွန်မကို ဘာဖြစ်လို့ အရင် မပြောရတာလဲ" ဟု သူက တစ်သက် လုံး မကျေမနပ် ဖြစ်နေတော့မည်မှာ သေချာသည်။

ဘားမင်းနှင့်စာလျှင် လော်ရာက သူ၏ အကောင်းဆုံး မိတ်ဆွေလည်း ဖြစ်၍ အချစ်ဆုံး ဇနီးမယားလည်း ဖြစ်သည်မဟုတ်ပါလား။

**ငါ့ရင်ထဲမှာ အောင့်မထားနိုင်တော့လို့ ကြုံရာလူကို ပြောလိုက်မိတာ ပါကွယ်။**

မိမိ၏ အပြစ်မှန်ကို အချစ်ဆုံး ဇနီးကိုပင်လျှင် မပြောရဲလျှင် သူ့ကို သတ္တိရှိသော လူတစ်ယောက်ဟူ၍ ခေါ်နိုင်ပါတော့မည်လား။





**ဟုတ်ပါတယ်။ ငါ သတ္တိမရှိလို့ ဒီလိုဖြစ်ရတာပါ။ ငါဟာ သူ့ရဲဘော ကြောင်တဲ့ အကောင်ပါ။**

သူ့စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေဆဲပင်။ ဆုံးဖြတ်ချက် တစ်ခုကို ပြတ်ပြတ်သားသား မချနိုင်သေး။

သူက လော်ရာ၏ အချစ်ကို ယုံသည်။ လော်ရာ၏ နားလည်မှုကို ယုံသည်။ သို့သော် တစ်ဖက်ကလည်း သံသယ ဝင်နေဆဲပင်။ လောကမှာ ဘယ်မိန်းမကိုမှ စိတ်ချ ယုံကြည်၍မရ ဟူသော အတွေးက ဝင်နေဆဲပင်။ ထို့ကြောင့်... မိမိ၏ ချစ်ဇနီးဖြစ်ပေမဲ့ လော်ရာကိုလည်း စိတ်ချယုံကြည်၍ မဖြစ်နိုင်သေး။ သနားခြင်းကို သူ မလိုချင်။ အဆုံးစွန် ပြောရလျှင် သူ့ကို ချစ်တာကိုပင် မကျေနပ်နိုင်သေး။ သည်ကိစ္စ သနားရုံ၊ ချစ်ရုံနှင့် ပြီးနိုင်သော ကိစ္စမဟုတ်။ သူ လိုချင်သော အရာမှာ သူ့အပေါ်တွင် နားလည် ခွင့်လွှတ်မှု သာ ဖြစ်သည်။

သူ လုပ်ခဲ့သော အလုပ်သည် တကယ် လုပ်ချင်၍ လုပ်ခဲ့သော အလုပ် မဟုတ် ဆိုသည်ကို နားလည် သဘောပေါက်စေချင်သည်။ တကယ်တော့... သူသည် အဖော်မဲ့ အထီးကျန် ဘဝတွင် ရှိနေစဉ် တဒင်္ဂဘဝ သာယာမှု အတွက် တခြား လူသားတစ်ယောက်နှင့် နီးနီးကပ်ကပ် နေချင်သော ဆန္ဒ ကြောင့်သာ ယင်းအမှုကို ကျူးလွန်ခဲ့မိခြင်း ဖြစ်သည်။ ကြေကွဲစရာ အနိဋ္ဌာရုံ ဖြစ်ရပ်များကို နိစ္စဓူဝ တွေ့မြင်နေရသော စစ်ကာလ အတွင်းဝယ် မိမိ ချစ် နှစ်သက်သော မိဘ ဆွေမျိုး မိတ်ဆွေ အပေါင်းအသင်း အားလုံးနှင့် ခွဲကာ တစ်နိုင်ငံ တစ်ပြည်ခြားသို့ ရောက်ရှိ နေရခြင်းမှာ ဖော်မပြနိုင်လောက်အောင် ပင် စိတ်ပျက်အားငယ်စရာ ကောင်းလှတော့သည်။ ထို့ကြောင့်လည်း သူသည် ဘဝကြမ်းနှင့်သာ နေ့စဉ် နပန်းလုံး နေရသော ရဲဘော်ရဲဘက်များ ထက် ပို၍ ဘဝနှစ်သိမ့်မှုကို ပေးစွမ်းနိုင်သော တစ်စုံတစ်ယောက်ကို တောင့်တမိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် ဆွန်ယာနှင့် တွေ့ဆုံ ရင်းနှီးခဲ့ရခြင်း ဖြစ်သည်။

ဤသဘောကို လော်ရာ နားလည်အောင် သူ ရှင်းပြနိုင်ပါမည်လား။

**ငါလည်းပဲ ရဲဘော်တွေအများကြီးထဲက ရဲဘော်ကလေး တစ်ယောက်**

ပါ။ ဒါကြောင့်မို့ တခြား ရဲဘော်တွေ လုပ်သလို ငါလည်း လုပ်ခဲ့မိတယ်။ မိန်းကလေး တစ်ယောက်နဲ့ အမှတ်မထင် တွေ့ဆုံပြီး တဒင်္ဂသာယာမှု ရှာခဲ့မိတယ်။ ဒါပေမဲ့ ဒီအချက်တစ်ချက်က လွဲပြီး တခြား နေရာတွေမှာတော့ ငါက တခြားရဲဘော်တွေနဲ့ လုံးဝ မတူပါဘူး။

လ လည်းဝင်၊ ရောင်နီလည်းပျိုးစ မှောင်တစ်ဝက် လင်းတစ်ဝက် စပ်ကြားကာလ တစ်ခဏတွင် သူဦးနှောက်သည် ကြည်လင်လာခဲ့သည်။ သူ ဘာလုပ်ရမည်ဆိုသည်ကို သိလာခဲ့သည်။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင် ရွှေရောင်သန်း၍ တစ်နေ့ သစ်လာ ချိန်တွင် သူ အိပ်ရာမှထသည်။

ရေချိုးခန်းထဲ ဝင်၍ သွားတိုက်သည်။ မုတ်ဆိတ်ရိတ်သည်။ ထို့နောက် ရေချိုးသည်။ ထို့နောက် အဝတ်အစား လဲ၍ ခေါင်းဖြီးသည်။

ပြီးတော့...လော်ရာ၏ အခန်းသို့လာခဲ့ပြီး တံခါးကို အသာဖွင့်လိုက် သည်။

လော်ရာ အိပ်ပျော်နေတုန်း ရှိသေးသည်။ သူမ၏ မျက်နှာပေါ်တွင် နံနက်ခင်း အလင်းရောင် ဖျော့ဖျော့က လှပစွာ ပက်ဖျန်းထားသည်။

သူမသည် အပူအပင် ကင်းသော ကလေးငယ် တစ်ယောက်ပမာ ထွက်သက် ဝင်သက်ကို ညင်းညင်းမှန်မှန် ရှူကာ နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိသည်။

သူက ကိုယ်ကိုကိုင်းညွတ်ကာ သူမ၏ စေ့ထားသော နှုတ်ခမ်း အစုံ ကို အသာအယာ နမ်းလိုက်သည်။ သူမသည် မသိမသာ လူးလွန့်လိုက်ပြီး နောက် မျက်လုံးများကို ဖွင့်ကြည့်သည်။

ပြီးတော့... သူမ၏ နှုတ်ခမ်းအစုံတွင် အပြုံးရိပ်သန်းလာသည်။

သူက ခုတင်ပေါ်တက်ကာ သူမ၏ဘေးတွင် ဖြည်းဖြည်းကလေး ဝင်လှဲလိုက်သည်။

"ညတုန်းက ကျွန်မ မောင့်ကို စောင့်နေသေးတယ်။ နောက်တော့... မျက်တောင်တွေ စင်းလာပြီး အိပ်ပျော်သွားတယ်"





သူမက လေသံဖြင့် တိုးတိုးကလေး ပြောသည်။

"မစောင့်တာဘဲ ကောင်းပါတယ်။ ကိုယ် တော်တော် နောက်ကျသွား ...ယ်"

သူမက သူ့ဘက်သို့ မျက်နှာလှည့်လာသည်။

သူက သူမ၏ လက်ကို ဆုပ်ကိုင်ကာ သူ့နှုတ်ခမ်းပေါ်တွင် ဖိထား ...က်သည်။ ပြီးတော့... သူမ၏ လက်ကိုစွာပြီး ရင်ဘတ်ပေါ်တွင် တင်ကာ ...လက်ဖြင့် ဖိအုပ်ထားလိုက်သည်။

"လော်ရာ...ကိုယ် မင်းကို တစ်ခု ပြောစရာရှိတယ်"

"ဘာပါလိမ့် မောင်... ပြောစရာရှိရင် ပြောလေ"

ထို့နောက် ယမန်နေ့က ဖြစ်ရပ်မှ အစချီကာ သူက ရိုးရိုးကလေးပင် ...ပြောသည်။

"ကိုယ် မနက်စာ စားနေတုန်း ဂရိတာက စာတွေ ယူလာတယ်။ ...တွေထဲမှာ ကိုရီးယားက ပို့လိုက်တဲ့ စာတစ်စောင်လည်း ပါလာတယ်။ ...ယ် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တဲ့ စာပဲ"

သူက ခေတ္တ ရပ်လိုက်ပြီးတော့မှ ဆက်ပြောသည်။ သူ့စကားလုံးတွေ ...မာတောင့်နေကြသည်။ သူ့ မျက်လုံးတွေက အခန်းမျက်နှာကြက်ကို ...ကြည့်နေကြသည်။

နံနက်ခင်း နေရောင်သည် တစ်ခန်းလုံး လွှမ်းခြုံသွားခဲ့ပြီ။

သူ့ကိုယ်နှင့် ထိကပ်နေသော သူမ၏ အတွေ့အထိသည် တစ်မျိုး ...တစ်ဖုံ ပြောင်းလဲသွားမှန်း သူ သတိပြုမိသည်။ သူမက ကိုယ်ချင်းကတော့ ...ပူးကပ်မြဲ ပူးကပ်နေသည်။ သို့သော် သူမသည် ဘာမှ မပြောဘဲ ...ကတိ ငြိမ်သက်စွာ လှဲနေသည်။ ကိုယ်၏တင်းမာမှု၊ စိတ်၏ တင်းမာမှုကို ...သူက စိတ်မှန်းဖြင့် ခံစားရသည်။

ခြံပြင် လမ်းမပေါ်မှ ဖူးပွင့်စ ဆစ်ကမိုးပင်များကို ဖြတ်ကျော်ကာ ...အိပ်ခန်းထဲသို့ နေရောင်ခြည်တန်းများ ဖြာကျလာချိန်တွင် သူက သူ့ ...တ်လမ်းကို အဆုံးသတ်လိုက်သည်။

သူသည် ဇနီးသည်၏ သက်မချသံကိုပင် ကြားရသည်။ ထို့နောက် သူမသည် အိပ်ရာပေါ်တွင် ထထိုင်ပြီး သူမ၏ ရှည်လျားသော ဆံပင်များကို ကျစ်ဆံမြီး ထုံးထားလိုက်သည်။

"ဘာပဲဖြစ်ဖြစ်... ကိုယ်တော့ မင်းကို အမှန်အတိုင်း ဖွင့်ပြောပြီးပြီ လော်ရာ"

"ဟုတ်ပါတယ်... မောင် ကျွန်မကို ပြောကို ပြောရမယ့် ကိစ္စပါ"

သူမသည် နေရောင်လွှမ်းသော ပြတင်းပေါက်ဘက်သို့ ငေးရင်း အတွေးနက်နေသည်။ သူမ၏ လေးနက်မှု တည်ငြိမ်မှုကို သူက မြင်နေရသည်။ သူက ဘာမှ မပြောဘဲ စောင့်ကြည့်နေသည်။

"ကျွန်မကတော့ ဒီကိစ္စကို ဘားမင်းကို မပြောစေချင်ဘူး...မောင်"

"မပြောပေမဲ့လည်း အနေးနဲ့ အမြန်တော့ သိမှာပါပဲ။ တကယ်တော့ ကိုယ့်အနေနဲ့ မင်းကို အရင်ပြောဖို့ သင့်တာ...။ ဒါပေမဲ့... ရွေးကောက်ပွဲအတွက် ဆက်ကြိုးစားနေလို့ ဘာမှ မထူးတော့ဘူးလို့။ မနေ့ညက ဘားမင်းကသာ ပြောခဲ့မယ်ဆိုရင် ကိုယ်က ဒီကိစ္စကို မင်းကိုလည်း တစ်ခါတည်း ပြောဖြစ်ခဲ့မှာပါ"

"ဒီကိစ္စကို ကျွန်မ သိသွားပြီဆိုတာ ဘားမင်းကို မောင်က မပြောစေချင်ဘူး"

"ကိုယ် မပြောပါဘူး၊ စိတ်ချပါ"

"ဘာဖြစ်လို့လဲ...ဆိုရင်"

သူမက ဆက်ပြောသည်။

"ဒီအကြောင်း သူ့ကို ပြောပြတာ ကျွန်မ လုံးဝ သဘောမတူဘူး။ ပြီးတော့... ဒီအကြောင်းနဲ့ ပတ်သက်လို့ သူက ဝေဖန် ပြောဆိုတာကိုလည်း ကျွန်မ လုံးဝ မကြားချင်ဘူး။ အမှန်က ဒီကိစ္စဟာ ကျွန်မနဲ့ မောင်နဲ့ ကြားမှာသာ ပြီးပြတ်သွားရမယ့် ကိစ္စပါ"

"ဟုတ်ပါတယ်။ အဲဒါကို ကိုယ်လည်း သိပါတယ်။ ဒီကိစ္စဟာ လောလောဆယ်မှာ ကိုယ်နဲ့မင်းနဲ့ ကြားမှာ ပြီးပြတ်သွားရမယ့် ကိစ္စပါ"





သူမက သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ဘာပြောတယ်၊ လောလောဆယ်မှာ... ဟုတ်လား။ လောလောဆယ်မှာ ဆိုတဲ့ စကား မသုံးပါနဲ့ မောင်။ တစ်သက်လုံးဆိုတဲ့ စကားကို သုံးစမ်းပါ"

"ဟုတ်ပါတယ်။ ကိုယ်က မင်းကို အစောကြီးကတည်းက ပြောပြခဲ့ဖို့ ကောင်းတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီပြဿနာဟာ အစောကြီး ကတည်းက ပြီးသွားပြီလို့ ထင်ခဲ့တယ်။ ဒါကြောင့်လည်း မေ့မေ့ပျောက်ပျောက်ပဲ နေလာခဲ့တာ"

"မောင့်အနေနဲ့ မေ့မေ့ပျောက်ပျောက် နေလို့တော့ ရချင်ရမယ်။ ဒါပေမဲ့ ဒီပြဿနာကတော့ မပြီးသေးပါဘူး။ ဘာဖြစ်လို့လဲဆို... သက်ရှိသက်ရှား ကလေးက ရှိနေသေးတယ် မဟုတ်လား"

"မင်း... သူ့ဆီက စာကို ကြည့်ချင်သလား"

သူမက ခဏ စဉ်းစားနေသည်။ ပြီးတော့မှ...

"နေပါစေ...မကြည့်ချင်ပါဘူး။ ကြည့်ချင်တောင်မှ လောလောဆယ်တော့ မကြည့်သေးပါဘူး။ လောလောဆယ်မှာ ကလေးက အရေးမကြီးဘူး။ သူ့အမေကသာ အရေးကြီးတာ"

"အို...လော်ရာရယ်၊ အဲဒီလို မဟုတ်ပါဘူး။ သူက ဘာမှ အရေးမကြီးပါဘူး"

သူက ဇနီးသည်အား လှမ်းဖက်သည်။ ဇနီးသည်က အဖက်မခံဘဲ နောက်သို့ ရုန်းထွက်လိုက်သည်။

"နေစမ်းပါဦး မောင်။ ကျွန်မ အေးအေးဆေးဆေး စဉ်းစားပါရစေဦး"

သူက မြဲထားသော စောင်ကို ဘေးသို့ ခွာချလိုက်သည်။

"ကောင်းပြီလေ။ ဒါဆို... တစ်ယောက်တည်းပဲ အေးအေးဆေးဆေး စဉ်းစားကြည့်ပေါ့... ဟုတ်လား"

သူက လေသံအေးအေးဖြင့် ပြောသည်။

တကယ်တော့ သူက လော်ရာ၏ ဝေဖန်ကန့်ကွက် စကားကိုသာ

ကြားချင်သည်။ သို့သော် လော်ရာက ဘယ်လိုမှ ဝေဖန်ကန့်ကွက်ခြင်း မ

သူက တံခါးဝတွင် ရပ်ကာ လော်ရာကို ပြန်ကြည့်လိုက်သ လော်ရာက အတွေးနက်သော မျက်လုံးကျယ်ကြီးများဖြင့် သူ့မျက်နှာ လှမ်းကြည့်နေသည်။ သူ့စိတ်ထဲတွင် ဝေခွဲမရ ဖြစ်နေသည်။ သံသယ တွေ ဝင်နေသည်။ သည်လို အခြေအနေတွင် လော်ရာ အနားမှ ထွက် သွားရန် ဝန်လေးနေမိသည်။ လော်ရာက ကြိုးစား၍ ပြုံးပြသည်။

သူက အလောကလေး ပြန်လျှောက်လာသည်။

"လော်ရာ... လော်ရာရယ်။ တို့နှစ်ယောက်ဟာ တစ်ယောက် တစ်ယောက် သိပ်ပြီးချစ်ကြတဲ့ လင်မယားပါကွယ်။ ဒါပဲ အရေးအကြီး မဟုတ်ဘူးလား...ဟင်"

"ဟုတ်ပါတယ်...မောင်။ မောင် ပြောတာ မှန်ပါတယ်။ ကျွန်မ နှစ်ယောက်ရဲ့ အချစ်ကို ဘယ်အရာကမှ ဖြိုခွဲလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ပြဿနာက..."

သူက ခုတင်စွန်းတွင် ဝင်ထိုင်လိုက်ပြီး...

"ပြဿနာက ဘာလဲ...ဟင်၊ ပြောပါဦး... အချစ်ရယ်"

"ကျွန်မ လောလောဆယ် ဘာပြောရမှန်း မသိသေးဘူး။ ပြဿနာ အဖြေကို ရပြီးတဲ့ နောက်မှ ကျွန်မ ပြောတတ်မှာပဲ။ ဒီသဘောဆန်ဆ စကားမျိုးကို တစ်ယောက်ယောက်က ပြောဖူးတယ်။ ဘယ်သူများပါလိမ့်"

"စာရေးဆရာမကြီး ဂျာထရူစတိုင်းပါ။ သူ အသက် ထွက်ခါနီး ပြော သွားတဲ့ စကားပေါ့..."

"ဪ...ဟုတ်ပါရဲ့။ ကျွန်မကလည်း မေ့တတ်လိုက်တာ။ အင်မတ အဓိပ္ပာယ်ရှိတဲ့ နောက်ဆုံးစကားပါပဲ။ သူက မေးတယ်၊ "ပြဿနာရဲ့ အဖြေက ဘာလဲ" တဲ့။ ဒါပေမဲ့ သူ့အမေးကို တစ်ယောက်မှ မဖြေကြဘူး ဒီတော့... သူကပဲ ပြန်မေးလိုက်တယ်။ "ဒါဆိုရင် ပြဿနာက ဘာလဲ" တဲ့

"စကားတွေပဲ သိပ်ပြီး ပြောမနေပါနဲ့တော့ကွယ်။ အလကား အချိန် ဖြုန်းသလို ဖြစ်နေလိမ့်မယ်"





"အဲဒါကို ကျွန်မ သိပါတယ်။ ကျွန်မမှာ စဉ်းစားဖို့အချိန် လိုအပ်နေ ယ်"

"ဟုတ်ပါတယ်။ တို့နှစ်ယောက်စလုံး စဉ်းစားဖို့ အချိန်ကို လိုအပ်နေ ယ်။ အဲဒီတော့ တစ်နေ့တာ လုပ်စရာရှိတာတွေ ဆက်လုပ်ကြရအောင်။ ကြယ် လုပ်ရင်းကိုင်ရင်းနဲ့ပဲ စဉ်းစားကြတာပေါ့။ နောက် တို့နှစ်ယောက် ကဲ့အခါ ပြန်ပြီး ညှိကြတာပေါ့... ဟုတ်လား"

သူမက ခေါင်းမွှန်းသည်အား စိုက်ကြည့်နေသည်။ မျက်လုံးတွေက တောက်နေသည်။ သို့သော် လေးနက်မှုကား မရှိ။ ကြောင်ကြောင် ကြည့်နေသလိုသာ ထင်မှတ်ရသည်။

သူက တည်ငြိမ်သော အသံဖြင့် ပြောသည်။

"လော်ရာ... မင်းကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ မှမေ့စေချင် ။ မင်း တစ်ယောက်ကိုသာ အချစ်ဆုံးပါ။ မင်းက ငါ့ကို ခွဲခွာသွားချင် င်မှ ငါက ဘယ်တော့မှ ခွဲနိုင်မှာ မဟုတ်ဘူး။ ခွဲလည်း မခွဲရဘူး။ ယ်လို့များ မင်းက ငါ့ကို ခွဲသွားမယ် ဆိုရင်လည်း ငါတော့ မင်း သွားရာ ကို ခွတ်အတင်းကို လိုက်မှာပဲ။ ငါ အသက်ရှင်နေသမျှတော့ မင်း အနားက ဘယ်ကိုမှ ထွက်မသွားရဘူး။ မင်း ထွက်သွားရင်လည်း သွားတဲ့ ရာ ငါ လိုက်မှာပဲ။ ငါ ပြောနေတာ ကြားမှကြားရဲ့လား လော်ရာ"

သူမက ခေါင်းညိတ်ပြသည်။ သို့သော် သူက သူမ၏ အမူအရာကို ကျေနပ်။

"ပါးစပ်နဲ့ ပြောစမ်းပါ။ ငါ့စကားကို မင်းကြားရဲ့လားဟင်..."

"ဟုတ်...ဟုတ်ကဲ့။ ကျွန်မ...ကြား..ကြားပါတယ် မောင်ရယ်"

*

"ခင်ဗျားမိန်းမလည်း ခင်ဗျားနဲ့အတူ မဲဆွယ်တရားဟော ထွက်လိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်" ဟု ဟင်နရီအလန်က ပြောသည်။

"ကျိန်းသေတော့ မပြောနိုင်သေးဘူး ခင်ဗျ"

ခရစ္စတိုဖာဝင်းတားက မယုတ်မလွန် ပြန်ပြောလိုက်သည်။

မနက်တုန်းက သူ နံနက်စာ စားရန် စားသောက်ခန်းထဲ ဝင်လာတော့ လော်ရာ ရောက်မလာသေး။

"မမက သူ့ကို စောင့်မနေပါနဲ့တဲ့ အစ်ကိုကြီး။ အစ်ကိုကြီးပဲ အရင်စား သွားပါတဲ့" ဟု ဂရိတာက ဆီး၍ပြောသည်။ သို့ဖြင့် ယနေ့ နံနက်စာကို သူ တစ်ယောက်တည်း စားခဲ့ရသည်။ နံနက်စာစားပြီးတော့ ရုံးကိုလာခဲ့သည်။ ရုံးခန်းစားပွဲတွင် ထိုင်၍မှ ဖင်မနွေးသေး။ ဘားမင်း မျာမျာသလဲ ဝင်လာပြီး တစ်မြို့လုံးတွင် အချမ်းသာဆုံး ဘဏ်သူဌေးကြီး ဟင်နရီအလန် ရောက်နေ ကြောင်း လာပြောသည်။

"သူ့ကို ခေါ်ခဲ့ရမှာလား"

ဘားမင်းက မေးသည်။

"ခေါ်ခဲ့ပါ"

ခရစ္စတိုဖာက ပြောသည်။

ဤသို့ဖြင့် ယခုအချိန်မှာတော့ အဘိုးကြီးက သူ့ရှေ့မှ ကုလားထိုင် တွင် သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေပြီ။ ဘဏ်သူဌေးကြီး ဟင်နရီအလန်ကို တစ်နယ်လုံးတွင် မသိသူ မရှိ။ ခပ်ကိုင်းကိုင်း အရပ်မြင့်မြင့်နှင့် ဥပဓိရုပ် ကလည်း ထူးခြားသည်။

သူသည် ကျိုကျိုတက် ချမ်းသာသူ တစ်ယောက် ဖြစ်သော်လည်း ကြွားကြွားဝါဝါ မနေဘဲ ရိုးရိုးနှင့် မှန်မှန်နေသည်။ မြို့ပြင်မှ ကျယ်ဝန်းသော ခြံဝင်းကြီး အတွင်းရှိ သူ၏အိမ်ကြီးမှာလည်း တစ်နယ်လုံးတွင် ရှေးအကျဆုံး နှင့် အကြီးဆုံး စံအိမ်ကြီးအဖြစ် ထင်ရှားသည်။

သူတို့ နှစ်ယောက်သည် တစ်နာရီ နီးပါးမျှ အေးအေးဆေးဆေး ဆွေးနွေးကြသည်။





သို့သော်... ခရစ္စတိုဖာကတော့ ဟင်နရီအလန်၏ တဲ့တိုး မေးခွန်း များကို ပြန်ဖြေသည့် အချိန်မှတစ်ပါး တစ်ချိန်လုံး နားထောင်၍သာ နေ သည်။

"ဘာပဲပြောပြော ကျုပ်တော့ ခင်ဗျား စီမံကိန်းကို သဘောကျတယ်"

ဟင်နရီအလန်က နိဂုံးချုပ်စကား ဆိုသည်။

"အထူးသဖြင့် အခွန်အကောက်နဲ့ ဘတ်ဂျက် ပြုပြင်ပြောင်းလဲရေး အတွက် သတ္တိရှိရှိနဲ့ အဆိုပြုရဲတာကို ပိုပြီး သဘောကျတယ်။ ဒါတွေဟာ အလွန်လိုအပ်နေတဲ့ အချက်တွေပဲ"

သူက စကားကို ဖြည်းဖြည်းနှင့် တိတိကျကျပြောသည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ခင်ဗျားရဲ့ အဲဒီ စီမံကိန်းကြီး အောင်မြင် ရေး အတွက် ခင်ဗျားမိန်းမရဲ့ အကူအညီကိုလည်း ယူရလိမ့်မယ်။ ဒါနဲ့ ခင်ဗျားမိန်းမက အဏ္ဏဝါ ဗေဒဘာသာရပ်ကို သိပ်ပြီး စိတ်ဝင်စားတယ် ဆိုပါ တလား"

"မှန်ပါတယ် ခင်ဗျား။ သူက နယူးယောက်က အဏ္ဏဝါဗေဒ သိပ္ပံ ကျောင်းမှာ ဒုတိယ အရေးပါဆုံး ပုဂ္ဂိုလ်တစ်ယောက်ပါ"

"ဒါဆို သူ့အနေနဲ့ အိမ်မှာနေရတဲ့အချိန် သိပ်နည်းမှာပေါ့နော်"

"မနည်းပါဘူးခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ သူက လောလောဆယ် စာအုပ်တစ်အုပ် ပြုစုနေပါတယ်။ သူ လေ့လာထားတဲ့ သုတေသန အချက် အလက်တွေကို အခြေခံပြီး ရေးတဲ့ စာအုပ်ပါ။ ဒါကြောင့်မို့... သူ့အနေနဲ့ တိုးပစ်အိမ်ပစ် ထွက်သွားရတဲ့ အဖြစ်မျိုးက ရံဖန်ရံခါလောက်ပဲ ရှိပါတယ်။ ဥပမာအားဖြင့်... မနေ့ကဆိုရင်တော့ သူတို့သိပ္ပံပညာရှင်တွေနဲ့ ညီလာခံ တစ်ခုကို တက်ခဲ့ရပါတယ်။ တစ်ခါတလေတော့လည်း သူတို့ရဲ့ သုတေသန ဌာနခွဲတွေဆီ သွားပြီး စစ်ဆေးရတာမျိုး ရှိတတ်ပါတယ်"

"ဒီလိုဆို အတော်ပဲပေါ့ဗျ၊ သူ့အနေနဲ့ ခင်ဗျားကို အချိန်မရွေး ကူညီ နိုင်တာပေါ့၊ မဟုတ်ဘူးလား"

"မှန်ပါတယ် ခင်ဗျား။ သူ တတ်နိုင်တဲ့ဘက်က ကူညီဖို့ အသင့် တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

"ဒါနဲ့...စကားမစပ်...၊ ခင်ဗျားတို့မှာ သားသမီးတွေ ရှိပါတယ်နော်"

တစ်ဖက်လူက အမှတ်မထင် မေးလိုက်သော မေးခွန်းဖြစ်သော်လည်း သူ့အနေဖြင့်တော့ ရုတ်တရက် မဖြေနိုင်အောင် ဆွံ့အ နေသည်။ သူသည် အတန်ကြာကြာ ရှိုက်ချတုံဖြစ်နေသည်။ နောက်ဆုံးမှ... တုံးတိတိကြီး ပြန်ဖြေ လိုက်သည်။

"တစ်ယောက်မှ မရှိပါဘူးခင်ဗျာ"

"အင်း... ဝမ်းနည်းစရာပဲဗျာ။ ကျုပ်ကတော့ နိုင်ငံသိ ပုဂ္ဂိုလ် တစ် ယောက်မှာ သားသမီး ရှိအပ်တယ်လို့ ထင်သဗျာ။ ကျုပ်မှာဆိုရင် ကလေး ခြောက်ယောက်တောင် ရှိတယ်။ အားလုံး သားတွေချည်းပဲ။ ကျုပ်က နိုင်ငံသိ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်ဖို့တော့ မကြိုးစားပါဘူး။ ဒါပေမဲ့ ဘဏ်လုပ်ငန်းရှင် တစ်ယောက်အနေနဲ့ သားတွေ ဝိုင်းဝိုင်းလည်နေတာကတော့ အင်မတန် တန်ဖိုးရှိတယ်။ ဘဝတည်မြဲမှုအတွက် အခြေခံ တစ်ရပ်ပဲလို့ ယုံကြည်တယ်"

"ဟုတ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ လင်မယားမှာ သားသမီး မထွန်းကားတာကတော့ အလွန် ဝမ်းနည်းစရာ ကောင်းပါတယ်ခင်ဗျား"

ခရုစ္စက တကယ်လည်း စိတ်မကောင်းစွာဖြင့် ဝန်ခံစကားဆိုသည်။

ဟင်နရီအလန်က ထိုင်ရာမှထလိုက်ပြီး...

"ကိုင်း...ကျုပ် ပြန်ဦးမှ ထင်တယ်။ စကားကောင်းနေကြတာ တစ် နာရီလောက်တောင် ကြာသွားပြီ။ ခင်ဗျားလည်း လုပ်စရာတွေ ရှိသေးတယ်။ အဲဒီတော့ ကျုပ် ကတိတစ်ခု ပေးမယ်။ ကျုပ်အနေနဲ့ ခင်ဗျားဘက်က အမြဲတမ်း ရှိနေတယ်လို့ သဘောထားပါ။ ခင်ဗျား အောင်နိုင်ရေးအတွက် လိုအပ်သမျှ ငွေကြေးကိုလည်း ကျုပ် ပေးပါ့မယ်"

ခရုစ္စကလည်း ထိုင်ရာမှ ထရပ်လိုက်သည်။

ပြီးတော့ သူ့လက်ကို ကမ်းပေးရင်း...

"မစ္စတာအလန်ကို ကျွန်တော် ဘယ်လို ကျေးဇူးတင်ရမှန်းတောင်





သိတော့ပါဘူး ခင်ဗျား။ မစ္စတာအလန်အနေနဲ့ ကျွန်တော့်ရဲ့ အကြံပေး ဂိုလ်များ အဖွဲ့မှာ ပါဝင်မယ်ဆိုရင်ဖြင့် ကျွန်တော့်အနေနဲ့ အတိုင်းထက် အလွန် ဝမ်းသာရမှာပဲခင်ဗျာ"

မစ္စတာအလန်က ယုံ့ယုံ့ပြုံးရင်း...

"ကျုပ် အသက်အရွယ်မှာ အကြံပေးတဲ့ အလုပ်ကလွဲပြီး တခြား လုပ် စရာ သိပ်မရှိတော့ပါဘူးဗျာ။ ခင်ဗျားရဲ့ ကမ်းလှမ်းချက်ကို ကျုပ် ဝမ်းမြောက် ဝမ်းသာ လက်ခံပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"

"ဟုတ်ကဲ့ခင်ဗျား။ အခုလို လူကြီးမင်း လက်ခံတဲ့အတွက် ကျွန်တော် လည်း အများကြီး ဂုဏ်ယူပါတယ်။ အဲဒီတော့... မကြာခင်မှာ ကျွန်တော့် ရွေးကောက်ပွဲ မန်နေဂျာ ဂျိုးဘားမင်း လူကြီးမင်းဆီ လာပါလိမ့်မယ်"

နှစ်ယောက်သား လက်ချင်းဆုပ်ကာ အားရပါးရ နှုတ်ဆက်ကြသည်။

ထို့နောက် ခရုစ္စက ဧည့်သည်တော်ကြီးအား တံခါးဝအထိ လိုက်ပို့ သည်။

တံခါးကို ပြန်ပိတ်လိုက်သည်။

ချက်ချင်းလိုပင် တံခါး ပြန်ပွင့်သွားပြီး ဂျိုးဘားမင်း ဝင်လာသည်။ သူက အလောတကြီး မေးသည်။

"သူ...သူ ဘာပြောသွားသလဲ...ဟင်။ သူ ကူညီမယ်လို့ ပြောသွား သလား ဟင်"

"သူ ကူညီလိမ့်မယ်။ ခင်ဗျား သူ့ဆီ သွားတွေ့လိုက်ဦး"

"ဒီနေ့ သွားတွေ့ရမှာလား"

"ဒီနေ့ မဟုတ်သေးဘူး။ မနက်ဖြန်လည်း မဟုတ်သေးဘူး။ သုံးလေး ရက်လောက်တော့ စောင့်လိုက်ပါဦး။ ကိုင်း... ဒီနေ့ ကျုပ် တစ်ယောက်တည်း နေပါရစေဦး။ ခေါင်း အေးအေးထားပြီး နည်းနည်း စဉ်းစားလိုက် ချင်လို့..."

ဘားမင်းက သူ့မျက်နှာကို အားတက်သရော ကြည့်ပြီး မေးလိုက် သည်။

"ဒါနဲ့... ဟိုကိစ္စ ခင်ဗျားမိန်းမကို မပြောသေးပါဘူး...နော်။ အိုး... ထားလိုက်စမ်းပါ။ ကျွန်တော့်ကို ဘာမှ မပြောပါနဲ့။ ကျွန်တော် သိလည်း မသိချင်တော့ပါဘူး။ ကဲပါ အေးအေးဆေးဆေးသာ စဉ်းစားပါ။ ဘယ်သူမှ ခင်ဗျားဆီ မလာစေရပါဘူး"

ဘားမင်းက တံခါးကို ဖွင့်ပြီး ပြန်ထွက်သွားသည်။

*

တစ်ခန်းလုံး တိတ်ဆိတ်နေသည်။

စာရေး စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဦးခေါင်းကို အောက်စိုက်ထား သည်။ အံကို ကြိတ်ထားသည်။ လက်နှစ်ဖက်ကို စာရေးစက္ကူကတ်ပေါ်တွင် တင်ကာ ကျစ်ကျစ်ပါအောင် လက်သီး ဆုပ်ထားသည်။ သည်ကိစ္စကို တစ်ခုခု ပီပီပေါက်အောင် အပြတ်လုပ်ရတော့မည်။ အချိန်ဆွဲထားလို့တော့ မဖြစ်တော့။

ကလေးကိစ္စ ဘယ်လို လုပ်ရမှာလဲ။ ကိုယ်လုပ်ချင်တာ လုပ်လို့မဖြစ်။ လုပ်သင့်တာကိုပဲ လုပ်ရမည်။

ရွေးကောက်ပွဲ ကိစ္စကော ဘယ်လို လုပ်ရမှာလဲ။ ဆက်လုပ်လို့ ဖြစ်ပါ့ မလား။ လုံးဝ ပြန်လည် ရုပ်သိမ်းလိုက်ရမှာလား။

တစ်ခုတော့ သတိထားရသည်။ လော်ရာဆန္ဒ၊ လော်ရာ သဘော ထား အတိုင်း လုပ်၍တော့ မဖြစ်။ ကိုယ့်ကိစ္စ ကိုယ့်ဆန္ဒအတိုင်းပဲ ဆုံးဖြတ် ချက် ချရမည်။

သူ သဘော တူချင်လည်းတူ။ မတူချင်လည်းနေ။ သူ့ကိစ္စ သူပဲ ဆုံးဖြတ်ပါစေ။ သို့ပေမဲ့... ငါ့ကိစ္စအတွက် သူကဝင်ပြီး ဆုံးဖြတ်ပေးတာတော့ မဖြစ်ရဘူး။





ခိတ်ကို တုံးတုံးချလိုက်ပြီးနောက် လက်ဆွဲသားရေအိတ်ကို ဖွင့်လိုက် သည်။ စာရွက်တွေထဲ လက်နှိုက်ပြီး စမ်းသည်။ အပြာရောင် စာအိတ်ကလေး ကို တွေ့ပြီ။ စာအိတ်ထဲတွင် စာအပြင် နောက်ထပ် စက္ကူချပ်မာမာကလေး တစ်ခုကိုလည်း စမ်းမိသည်။ ယခင်က သည်စက္ကူချပ်ကလေးကို လုံးဝ သတိမပြုမိခဲ့။

စာအိတ်ထဲမှာ စာကိုရော၊ စက္ကူချပ်ကလေးကိုရော ဆွဲထုတ်လိုက် သည်။

**ဟင်... ဓာတ်ပုံကလေးပါလား။**

ဓာတ်ပုံထဲမှ ကလေးက သူ့မျက်နှာကို စိုက်ကြည့်နေသည်။ လည် ပင်း ရှည်ရှည်။ နားရွက်ကြီးကြီး မျက်နှာဟောက်ဟောက်ကလေးနှင့်...။

သူ မျက်ချင်း မှတ်မိသည်။ မျက်လုံးတွေကတော့ အာရှမျက်လုံး။

သူ့မျက်လုံးတွေ ရုတ်တရက် ပူနွေးလာသလို ခံစားလိုက်ရသည်။ သူ မျက်ရည် ထွက်နေပြီ။

**ငါ့သားကလေး... ငါ့သားကလေး...။**

လောကတွင် လူမှန်သမျှ သားယောကျ်ားကလေး လိုချင်ကြသည်။ သူလည်း လိုချင်သည်။ သို့သော်...သည်ကလေးမျိုးတော့ မဟုတ်။ သည် မျက်နှာမျိုးနှင့် ကလေးမျိုးတော့ သူ မလိုချင်။

သူ့လည်ချောင်းထဲတွင် တင်းကျပ်လာသည်။ သူ့ရင်ထဲတွင် ငိုပွဲဆင် နေပြီ။ အာရှသူမှ မွေးဖွားသော သူ့ရင်သွေးအတွက် သူ မျက်ရည်ကျနေပြီ။ သူ ငိုနေပြီ။

"ဩော်... လော်ရာရယ်"

သူက အသံထွက်၍ ညည်းလိုက်မိသည်။ ပြီးတော့... တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

သူ့အိမ်ဖုန်းနံပါတ်ကို လှည့်သည်။

တစ်ဖက်မှ ဖုန်းမြည်သံ ကြားရသည်။ သူ နားစွင့်နေသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။

"ဘယ်သူပါလဲ။ ဪ...မောင်လား"

"ဟုတ်ပါတယ်...လော်ရာ။ ကိုယ်ပါ။ ကိုယ်ရုံးက လှမ်းဆက်တာပါ။ ဒီမှာ ကိုယ် ပြောစရာတစ်ခု..."

သူ ဘာကို ပြောရမှာလဲ...။ ဘယ်လို ပြောရမှာလဲ။ သူ ဘာမှ မပြောတတ်အောင် ဖြစ်နေမိသည်။ သူ နှုတ်ဆွံ့နေသည်။ အသက်ပင် မရှူမိတော့။

"မောင်...ပြောလေ။ ဘာပြောမလို့လဲ...ဟင်"

သူ ဘာမှပြန်မပြောနိုင်။ ဖုန်းခွက်ကို ပါးစပ်ဝကပ်ပြီး ငိုင်နေသည်။

"ဘယ့်နှယ်...မောင်၊ မောင်...နေမှကောင်းရဲ့လားဟင်။ ကျွန်မ လာခဲ့ရမှာလား...ဟင်"

သူက အားယူပြီး စိတ်ကို တင်းလိုက်သည်။ သူက လော်ရာထံမှ သနား ကြင်နာမှုကို မလိုချင်။ နားလည်မှုကိုသာ လိုချင်သည်။

"ခဏ...ခဏ..."

သူ့အသံက အက်နေသည်။ လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးတော့မှ ဆက်ပြောသည်။

"ဘာကြောင့်မှန်းတော့ ငါ မပြောတတ်တော့ဘူး။ ရုတ်တရက် ဖုန်းကောက်ကိုင်ပြီး မင်းဆီ ဆက်လိုက်မိတာပဲ။ အေး...ဟုတ်ပြီ။ ဒီမှာ ခတ်ပုံတစ်ပုံ တွေ့လို့..."

"ခတ်ပုံ... ဟုတ်လား"

"ဟုတ်တယ်။ မနေ့ညတုန်းက ငါ မတွေ့မိဘူး။ အခု ငါ့ရုံးခန်းထဲမှာ ငါ တစ်ယောက်တည်းပဲ ရှိတယ်။ အဲဒါ... ဟိုစာကို ထပ်ဖတ်ကြည့်မလို့ ပြန်ဖွင့်လိုက်တော့ စာအိတ်ထဲမှာ ခတ်ပုံကလေးတစ်ပုံ ထွက်လာတယ်။ စာအိတ် အောက်ဆုံးမှာ ကပ်နေလို့ ဟိုတုန်းက မတွေ့ခဲ့တာ"

"ခတ်ပုံက...ဟို... မိန်းမ ခတ်ပုံလား"

"အို...မ...မဟုတ်ပါဘူး။ မဟုတ်ဘူး။ သူ့ခတ်ပုံ မဟုတ်ဘူး။ ကလေး... ကလေးရဲ့ ခတ်ပုံပါ လော်ရာ။ အဲဒါ...အဲဒါ..."





တစ်ဖက်မှ ဘာသံမှ ပေါ်မလာ။ ဝိတ်ဝိတ်သား တိတ်ဆိတ်လျက်...။

အကြာကြီး တိတ်ဆိတ်နေသည်။

သူ စောင့်နေသည်။ နားစွင့်နေသည်။ နာရီပေါင်းများစွာ ကြာသွားပြီဟု ထင်မှတ်မိသည်။ ယခုတစ်ကြိမ်တော့ သူ့အလှည့်ရောက်ပြီ။ "လော်ရာ... မင်း နေလို့မှ ကောင်းပါရဲ့လား...ဟင်" ဟု အော်ပြီး မေးလိုက်ရတော့မလို ဖြစ်နေရပြီ။ သို့သော် သူက မမေး။ သူ ဆက်ပြီး စောင့်နေသည်။ ဆက်ပြီး နားစွင့်နေသည်။

နောက်တော့မှ တစ်ဖက်မှ အသံပေါ်လာသည်။

"ကျွန်မ ခုချက်ချင်း ထွက်လာခဲ့မယ်...မောင်။ ကျွန်မကို ရုံးအောက်ထပ်က ဆင်ဝင်ခန်းက စောင့်နေပါ။ ပြီးတော့... ကျွန်မတို့ တစ်နေရာ သွားကြတာပေါ့။ ပင်လယ်ကမ်းစပ်ဆိုရင် မကောင်းဘူးလား။ ကျွန်မ ကား ယူလာခဲ့မယ်။ ကျွန်မကို ဆက်ဆက်စောင့်နေပါ။ ဒီကြားထဲ ဘယ်သူ့ကိုမှ လက်ခံတွေ့ဆုံ မနေပါနဲ့..."

"စိတ်ချ...ကိုယ်စောင့်နေမယ်။ ဘယ်သူ့ကိုမှ မတွေ့ပါဘူး"

*

သူ တကယ်ပင် ဆင်ဝန်ခန်းမှ ထွက်၍ လော်ရာကို စောင့်ကြိုနေသည်။

ဘားမင်းနှင့် ရုံးအမှုထမ်းများအား သူ့တွင် အရေးပေါ် ကိစ္စတစ်ရပ် ပေါင်ရွက်စရာ ရှိ၍ အပြင်သွားမည် ဖြစ်ကြောင်း ပြောခဲ့သည်။ သူ့ အတွင်းရေးမှူး စာရေးမက ခတ်လှေကားနားအထိ သူ့နောက်မှ လိုက်လာသည်။

"ဒါပေမဲ့...ဒီနေ့ လုပ်စရာ အလုပ်တွေက..."

သူက စကားဆုံးအောင် နားမထောင်ဘဲ ဖြတ်ပြောလိုက်သည်။

"အို…လုပ်စရာ ရှိရှိ မရှိရှိ ထားလိုက်စမ်းပါ။ မနက်ဖြန်မှ လုပ်မယ်"

ယင်းသို့ ပြောပြီး သူက ခုတင်လျှောကားထဲ လှမ်းဝင်လိုက်သည်။

အင်္ကျီအိတ် လက်နှိုက်၍ စမ်းကြည့်သည်။ အိတ်ထဲတွင် စာနှင့်ခုတ်ပုံ ရှိသည်။

**အတော်ပဲ။ ဒီစာနဲ့ဓာတ်ပုံတွေကို လော်ရာကို ထုတ်ပြဖို့ အချိန်ရောက်ပြီ။**

သူက ဆုံးဖြတ်ချက် တစ်ခုကို ယတိပြတ် ချမှတ်ထားပြီး ဖြစ်သည်။

ကိုရီးယားသို့ သူကိုယ်တိုင် သွားမည်။ သားကလေးကို ကိုယ်တိုင် သွားကြည့်မည်။ သူ့သားကလေး ဘာကြောင့်များ ဒီလောက်တောင် ပိန်နေရသလဲ ဆိုတာကို သွားကြည့်ရမည်။ ဆွန်ယာ့ ကိစ္စက ဘာမှ အရေးမကြီး။ ဆွန်ယာ့အတွက် ဘာမှ ပူစရာ မလို။ သားကလေးအတွက်သာ ပူရမည်။ ကလေးအတွက် ဖခင်ဖြစ်သူတွင် တာဝန်ရှိသည်ဆိုတာကို လော်ရာအနေဖြင့်လည်း နားလည်နိုင်ပါလိမ့်မည်။

**ဟုတ်တယ်… လော်ရာ၊ ကလေးအတွက် ငါ့မှာ တာဝန်ရှိတယ်၊ သူ့အခြေအနေကို ငါ သိသင့်တယ်၊ သူ့အတွက် ဟိုတုန်းက ငါ ဘာတာဝန်မှ မယူခဲ့ဘူး။ အခုတော့ ငါ့အနေနဲ့ တာဝန်ယူရတော့မယ်၊ တကယ်ဆို နောက်တောင်ကျသွားပြီ၊ အို…သိပ်လည်း နောက်မကျသေးပါဘူးလေ၊ အချိန်တွေ အများကြီး ရှိပါသေးတယ်၊**

သူသည် ဆင်ဝင်အောက်တွင် ရပ်စောင့်ရင်း အတွေးနက်နေသည်။

နောက်ဆုံး စိတ်မရှည်တော့သဖြင့် လမ်းမပေါ် ထွက်လာခဲ့သည်။ နွေဦးပေါက် လေညင်းကလေးက တသွင်သွင် သုတ်ဖြူးနေသည်။ အပြာရောင် ကောင်းကင်တွင် ဖြူဖွေးနေသော တိမ်လိပ်များက ငွမ်းဆိုင်ပမာ တရွေ့ရွေ့ လွင့်မျောနေကြသည်။ ကြည်နူးစရာ ကောင်းလှသော မင်္ဂလာနံနက်ခင်းပင်။

ဟော…ဟိုမှာ…လော်ရာ လာနေပြီ။ သူမသည် ဇွေးနေ့လက်ဆောင်အဖြစ် သူ ဝယ်ပေးထားသော အစိမ်းရင့်ရောင် ကားကလေးကို ကိုယ်တိုင်





…င်းလာသည်။ လက်နှစ်ဖက်တွင် လက်အိတ်စွပ်ထားပြီး မီးခိုးရောင် …ကို ဝတ်ထားသည်။ ခေါင်းပေါ်တွင်တော့ ဦးထုပ်မပါ။ ဆံညှင်နုကလေး …က မျက်နှာပေါ်တွင် ရစ်ဝိုင်းနေကြသည်။

သူမ၏ မျက်နှာက သွေးရောင်ကင်းပြီး ဖြူရော်ရော် ဖြစ်နေသည်။ …မ ငိုများ ငိုလာတာလား။ အတိအကျတော့ မပြောနိုင်။

သို့သော် သူမကို ကြည့်ရသည်မှာ စိတ်ကို တင်းထားပုံရသည်။ သူမ… သူ့မျက်နှာကို စူးစူးရဲရဲ ကြည့်နေသည်။

သူက ကားရှေ့ခန်းပိုင်းတွင် ဝင်ထိုင်လိုက်သည်။

"ကိုယ် မောင်းရမလား" ။

"ဟုတ်ကဲ့… ကောင်းပါတယ်"

သူမက ခင်ပွန်းသည် ဘေးတွင် နေရာပြောင်းထိုင်လိုက်သည်။

ကားကလေးသည် မြို့တွင်းလမ်းများအတိုင်း ကွေ့ပတ်မောင်းနှင်လာခဲ့ပြီးနောက် ရိပ်သာလမ်းကျယ်ကြီးပေါ်သို့ ရောက်လာခဲ့သည်။ ထိုမှ တစ်ဆင့် ပင်လယ်ဘက်သို့ သွားသော အဝေးပြေး လမ်းမကြီးပေါ်သို့ ရောက်လာခဲ့သည်။

တစ်ယောက်မှ စကားမပြောကြ။

ခရစ္စက ဇနီးသည်၏ မျက်နှာကို နှစ်ကြိမ် သုံးကြိမ်မျှ လှည့်ကြည့်ပြီး ပြုံးပြသည်။ ဇနီးသည်ကလည်း ပြန်၍ ပြုံးပြသည်။ သည်တော့မှ သူ နေသာထိုင်သာ ရှိသွားသည်။

"ကိုယ့်အနေနဲ့ မင်းကို သိစေချင်တာက…"

မြို့ပြင် လမ်းမကြီးပေါ်သို့ ရောက်လာသောအခါ သူက ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သည်။

"ကိုယ် ဘယ်လို ဆုံးဖြတ်ချက် ချထားပြီးပြီ ဆိုတာကို မင်းကို အသိပေးရမယ့် တာဝန် ကိုယ့်မှာရှိတယ်။ မင်းအနေနဲ့လည်း မင်းကြိုက်သလို ဆုံးဖြတ်ချက် ချနိုင်ပါတယ်"

"ကျွန်မ အနေနဲ့ ဆုံးဖြတ်ချက်ချလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒီကိစ္စ ကျွန်မတို့ အားလုံးနဲ့ ဆိုင်နေတယ်။ အဲဒီတော့ ကျွန်မတို့ လေးယောက်စလုံး ဆုံးဖြတ်မှ ဖြစ်မယ်။ ကလေးရယ်၊ သူ့အမေရယ်၊ မောင်ရယ်၊ ကျွန်မရယ် ဆုံးဖြတ်ရမယ်။ အဲဒါမှ အားလုံးအတွက် အမှန်တရား ဖြစ်နိုင်မယ်"

"ဒါဆို မင်းက ပထမဆုံး ဆုံးဖြတ်ပါ"

"ပထမဆုံးဆိုတာ မရှိပါဘူး။ အားလုံးပဲ ဆုံးဖြတ်ကြရမှာပါ"

ထို့နောက် စကားပြတ်သွားကြသည်။ တော်တော်ကြီး ကြာသွားတော့မှ လော်ရာက မေးသည်။

"ကလေးဓာတ်ပုံ ယူလာခဲ့သလား။ ကျွန်မ ကြည့်လို့ရသလား"

သူက ခေါင်းညိတ်ပြသည်။

"ငါ့ အကျီအိတ်ထဲမှာ။ လက်နဲ့ နှိုက်ယူလိုက်"

လော်ရာက သူ့အကျီဘေးအိတ်ထဲကို လက်နှိုက်ပြီး စာအိတ်ကို ယူလိုက်သည်။ စာအိတ်ကိုဖွင့်ပြီး ဓာတ်ပုံကို ကြည့်နေသည်။ သူမစိတ်ထဲမှာ ဘာတွေများ တွေးနေပါလိမ့်မလဲဟု သူက စဉ်းစားမိသည်။

အတန်ကြာတော့မှ လော်ရာက ပြောသည်။

"သူက မောင်နဲ့သိပ်တူတာပဲ။ ကျွန်မတော့ သူ့ကိုတွေ့တဲ့နေရာမှာ မှတ်မိမယ်တောင် ထင်မိတယ်။ မျက်လုံးကလွဲရင် အားလုံး မောင်နဲ့တူတယ်။ သူ့အမေ မျက်လုံးလည်း ဒီအတိုင်းပဲလား...ဟင်"

"ကိုယ် သိပ်မမှတ်မိတော့ဘူး"

သူက ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ညာပြောရကောင်းမလားဟု တွေးမိသောကြောင့် ဖြစ်သည်။ သို့သော် သည်အဆင့် ရောက်နေမှတော့ ညာပြောရန် မလိုတော့ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူက ဆက်ပြောသည်။

"ဆွန်ယာ့ မျက်လုံးတွေက ပိုလှတယ်။ နက်မှောင်ပြီး အရောင်တလက်လက် တောက်နေတယ်။ အမှန်ကတော့ ကိုရီးယားလူမျိုးတွေ အားလုံး မျက်လုံး နက်ကြတာချည်းပါပဲ"





"ကျွန်မတော့ စဉ်းစားလို့ကို မရတော့ဘူး။ သူတို့က ကျွန်မတို့ လူမျိုးနဲ့ မတူဘဲ ဘာကြောင့်များ မျက်လုံးတွေ နက်နေကြတာပါလိမ့်နော်"

"ကိုယ့်အထင်တော့ သူတို့ဟာ တခြား ဘယ်လူမျိုးနဲ့မှ မရောဘဲ နေရာတည်းမှာ နှစ်ပေါင်းများစွာ အတူတကွ နေလာခဲ့ကြတယ်။ လည်း သူတို့လိုပဲ နှစ်ပေါင်း လေးထောင်လောက် ဘယ်သူနဲ့မှ မရောဘဲ နေရာတည်းမှာ နေကြမယ်ဆိုရင် သူတို့လိုပဲ မျက်လုံးအရောင် တူကြမယ်"

"ဟုတ်တယ်နော်။ ကျွန်မ ဒီအချက် လုံးဝ မတွေးခဲ့မိဘူး"

"ဓာတ်ပုံ ပြန်ထည့်ထားလိုက်တော့မှာလား"

"နေပါဦး။ ကျွန်မ စေ့ကြည့်ပါရစေဦး"

စကားပြတ် သွားကြပြန်သည်။ သူက မျက်လုံး ထောင့်ကပ်ပြီး မသိမသာ ခိုးကြည့်လိုက်သည်။

လော်ရာက ဓာတ်ပုံကို စေ့စေ့စပ်စပ် ကြည့်နေသည်။ အတော်ကလေး ကြာတော့မှ သူမက ဓာတ်ပုံကို သူ့အကျီအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

သူမက ဘာစကားမှမပြောဘဲ ငြိမ်ချက်သားကောင်းစွာဖြင့် ထိုင်လိုက်တာသည်။

**သူ ဘာကြောင့်များ စကားမပြောတာပါလိမ့်၊ သူ ဘာသဘောနဲ့ ငြိမ်ပြီတ်နေတာပါလိမ့်။**

ခရစ္စ၏ စိတ်ထဲတွင် မရိုးမရွ ဖြစ်လာသည်။ သို့သော်... သူက မေးတော့ မမေးမိ။

မကြာမီတွင် ပင်လယ်ကမ်းခြေကို လှမ်းမြင်လာရသည်။ လေထုထဲတွင် ဆားငန်နံ့နှင့် အန္တံ့နံ့များ သင်းနေသည်။

"တို့သွားနေကျ ကွေ့ကလေးကို သွားမလား"

သူတို့ သွားနေကျ ကွေ့ကလေးမှာ ပင်လယ်ကမ်းစပ်မှ သောင်ကွေ့ကလေး ဖြစ်သည်။ သောင်ပေါ်တွင် သဲသောင်ကုန်းကလေးများ ဖြစ်ပေါ်နေ၍ အလွန် ကြည်နူးစရာ ကောင်းသည်။

သည်လို အချိန်မျိုးတွင် ယင်းနေရာသို့ လူသူ အရောက်အပေါက် မရှိသလောက် နည်းသည်။ သဲသောင်ပေါ်တွင် ပက်လက်လှန်ကာ မြေပေါ် လက်ပစ် လှဲနေရသည်မှာ ဇိမ်ရှိလှသည်။

"စားစရာတွေ ဘာတွေ ယူလာခဲ့သေးသလား"

"ဘာမှ ယူမလာဘူး။ ကျွန်မတို့ အိုကြစတာ ရိပ်သာမှာ ရပ်ပြီး နေ့လယ်စာ စားကြမယ်လေ။ ပြီးတော့မှ စကားပြောကြတာပေါ့"

"ကောင်းပါတယ်"

ခရစ္စက ကားကို တံငါရွာဘက်သို့ ဦးတည် မောင်းနှင်လာခဲ့သည်။ မကြာမီတွင်ပင် လော်ရာ ပြောသော တည်းခိုရိပ်သာရှေ့တွင် ထိုးရပ်လိုက် သည်။

နှစ်ယောက်သား ကားပေါ်မှ ဆင်းကြသည်။ ဘေးချင်းယှဉ်ကာ ဆိုင်ထဲ ဝင်လာခဲ့ကြသည်။

*

"ကျွန်မတို့ နှစ်ယောက်ကြားမှာ ခြားနားချက် ရှိနေတယ်...မောင်"

လော်ရာက စပြောသည်။

ယခု သူတို့နှစ်ယောက်သည် သောင်ကျွန်းကလေးပေါ်သို့ ရောက်နေ ကြပြီ။ ခရမ်းရောင်နှင့် အနက်ရောင် ရောနေသော ပင်လယ်ပြင်တွင် လှိုင်း အိအိကလေးများ တလိပ်လိပ် ရွေ့လျားနေကြသည်။ စင်ရော်ငှက်ကလေး များက နေရောင်ထဲတွင် တပျော်တပါး ပျံသန်း ကစားနေကြသည်။

တည်းခိုရိပ်သာမှ ထွက်လာကတည်းကပင် ခရစ္စကသာ အများဆုံး စကားပြောလာခဲ့သည်။ ပထမတော့ သူ့အနေဖြင့် ပြောရတာ တော်တော





လေး ခက်ခက်ခဲခဲ ဖြစ်နေသည်။ နောက်တော့မှ တဖြည်းဖြည်းနှင့် က်သွက်လက်လက် ပြောနိုင်လာသည်။

သူ့ခံစားချက်ကို လော်ရာ နားလည်စ ပြုလာပြီဟု သူက ယူဆသည်။

လော်ရာက ခရစ္စ၏ ကုတ်အင်္ကျီကို ခေါင်းအုံးကာ သောင်ပြင်ပေါ်၌ ပ်ဆိပ်နေသည်။

သူမက တစ်ဖက်သို့ စောင်းကာ လက်မောင်းပေါ်တွင် ခေါင်းတင် ိုက်သည်။

သူမ၏ မျက်လုံးတွေက နေရောင်တွင် တလက်လက် တောက်နေ ကြသည်။

"ဘယ်လို ခြားနားချက်လဲ"

ခရစ္စက ပြန်မေးလိုက်သည်။

"မောင်က ကလေးအကြောင်းကိုချည်းပဲ ပြောနေတယ်။ ကျွန်မက ကလေးအမေ အကြောင်းကိုပဲ စဉ်းစားနေတယ်"

"ကလေးအမေက အရေးမကြီးပါဘူး"

"မောင့်အနေနဲ့ အရေးမကြီးဘူး ထင်ပေမဲ့ ကျွန်မက အရေးကြီး တယ်လို့ ထင်တယ်။ သိပ်ကို အရေးကြီးတယ်လို့ ထင်တယ်။ ကျွန်မ သူ့ အကြောင်း သိပ်သိချင်တယ်"

"ဘာလုပ်ဖို့လဲ။ ငါလည်း သူ့ကို မေ့တောင်နေပါပြီ"

"အိုး ဒီအကြောင်းတော့ ကျွန်မက မောင့်ထက် ပိုသိပါတယ်။ မောင်ဟာ သာမန် လူရိုးလူအ တစ်ယောက်သာ ဆိုရင်တော့ မောင်ပြောတာ ကို ကျွန်မ ယုံမှာပဲ။ ဒါပေမယ့်... မောင်က သာမန်လူတစ်ယောက် မဟုတ်ဘဲ 'မောင်' ဖြစ်နေတယ်။ ကျွန်မချစ်တဲ့ လေးစားတဲ့ မောင် ဖြစ်နေတယ်"

သူမက တစ်စောင်းလှဲနေရာမှ ပက်လက်လှန်အိပ်ကာ ဆုံးစ မထင် သော ကောင်းကင်ပြင်ကို မော်ကြည့်နေသည်။ ခဏကြာတော့မှ ဆက်ပြော သည်။

"အမှန်အတိုင်းပြောရရင် ကျွန်မဟာ မောင့်ကို ခက်ခက်ခဲခဲ တွေ့ရှိရတယ်။ ကျွန်မ မေမေ မှားခဲ့တဲ့ အမှားမျိုးကို မမှားမိအောင် ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားခဲ့တယ်။ ကျွန်မကို အသိဉာဏ် ပေးခဲ့တဲ့ လူဟာ မေမေပါ။ ဖေဖေ မဟုတ်ပါဘူး။ မေမေဟာ အသက်အရွယ် ကြီးရင့်လာတဲ့အခါ အမေ့မဲ့ပြီး အထီးကျန်ဘဝမှာ စိတ်မချမ်းမသာနဲ့ နေသွားခဲ့ရရှာတယ်။ ကျွန်မဟာ သိပ္ပံပညာရှင် အမျိုးသမီးကြီး မဒမ်ကျူရီအကြောင်း ဖတ်ဖူးပါတယ်။ ကျွန်မ မေမေလည်း မဒမ်ကျူရီလိုပဲ ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ နေသွားစေချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်မိခဲ့တယ်။ မေမေဟာ မဒမ်ကျူရီလိုပဲ ခံစား နားလည်မှု ရှိတဲ့ ယောကျ်ားမျိုးနဲ့ ညားခဲ့ရင် သိပ်ကောင်းမှာပဲလို့လည်း တွေးမိခဲ့ပါတယ်။ တစ်ချိန်တည်းမှာ... ငါ အိမ်ထောင်ပြုရင်လည်း ငါ ဘာပြောနေတယ်ဆိုတာ နားလည် ခံစားနိုင်တဲ့ ယောကျ်ားကိုမှ လက်ထပ်မယ်လို့လည်း ဆုံးဖြတ်ချက် ချခဲ့မိပါတယ်။ ဒါကြောင့်မို့လို့လည်း မောင် ကိုရီးယားကပြန်ရောက်လာတဲ့အခါ ကျွန်မဟာ ကျွန်မ ဝါသနာပါတဲ့ သိပ္ပံသုတေသနအလုပ်ကို အားသွန်ပြီး ဇိလုပ်ခဲ့တယ်။ မောင်ကလည်း ကျွန်မရဲ့ အခြေအနေကို နားလည်ခဲ့တယ်။ ကျွန်မကို မောင် နားမလည်ခဲ့ရင်လည်း ကျွန်မ သိခဲ့မှာပါပဲ"

"ဟုတ်ပါတယ်... မင်းကို ငါ နားလည်ခဲ့ပါတယ်။ ဘယ့်နှယ် နားမလည်လို့လည်း ရမှာလဲ။ မင်းက ငါ လုံးဝ မသိတဲ့ အကြောင်းတွေကို ပြောပြနေတာကိုး။ ငါ ဘယ်တော့မှ မစဉ်းစားမိတဲ့ အကြောင်းတွေကို မင်းက ငါ့ကို ပြောပြနေတာကိုး"

"ကျွန်မမေမေ ပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိတယ်။ ယောကျ်ားတွေဟာ အသိဉာဏ်ရှိတဲ့ မိန်းမမျိုးကို မလိုချင်ဘူးတဲ့။ ဒါကြောင့်...မေမေကသူ့ကို ခွင့်လွှတ်ဖို့ ဖေဖေဆီမှာ တောင်းပန်ခဲ့တယ်။ ဒါပေမဲ့...ကျွန်မကတော့ ဖေဖေ့ကို မုန်းတယ်... မောင်"

"အို...ဟုတ်လား"

"ကျွန်မမှာ အလှတစ်ခုတည်းသာ ရှိခဲ့ရင် မောင့်အနေနဲ့ ကျွန်မကို လက်ထပ်နိုင်ပါ့မလား"





"ဟင့်အင်း... ဘယ်ထပ်နိုင်ပါ့မလဲ"

"ဒါမှမဟုတ်... လုံးဝ မလှဘူးဆိုရင်ကော..."

သူ ချက်ချင်း မဖြေနိုင်။ အင်တင်တင် ဖြစ်နေသည်။ ပြီးတော့မှ...

"အဲဒါတော့... ငါမစဉ်းစားတတ်ဘူး"

"ဒါဖြင့်... မောင် ကျွန်မကို ဘာကြောင့် လက်ထပ်သလဲဟင်"

"မင်းကိုငါ မြင်မြင်ချင်း ချစ်မိခဲ့တယ်။ အဲဒီ မင်းဝတ်စုံအဖြူ၊ ဦးထုပ်ဖြူကြီးနဲ့ ကိုယ်ဟန်ပြမယ် လုပ်တဲ့နေ့ကပေါ့"

"တကယ်လို့ ကျွန်မဟာ အသိဉာဏ် မရှိဘူး ဆိုရင်ကော... ဘယ်လိုသဘောထားမလဲ"

"အဲဒီလိုဆိုရင် မင်းကိုငါ သတိတောင် ရတော့မှာ မဟုတ်ဘူး။ လောကမှာ ရုပ်ချောတဲ့ မိန်းကလေးတွေ တစ်ပုံကြီး ရှိပါတယ်။ မင်းကအင်္ဂါနဲ့ ကြာသပတေးနေ့တွေမှာ ကိုယ်ဟန်ပြမယ် လုပ်တယ်။ ကျန်ရက်တွေမှာ အဏ္ဏဝါ သုတေသနလုပ်ငန်း လုပ်တယ်။ အဲဒါကြောင့် မင်းကို ငါက စွဲလမ်းမိခဲ့တယ်"

"အဏ္ဏဝါဗေဒကို မောင်က ဘယ်တော့မှ စိတ်မဝင်စားခဲ့ပါဘူး"

"ဒါက အဓိကအချက် မဟုတ်ပါဘူး။ မင်းလည်း ဟိုတုန်းက နိုင်ငံရေးကို စိတ်မဝင်စားခဲ့ပါဘူး။ တို့နှစ်ယောက်က တစ်ယောက်အတွက်တစ်ယောက် တံခါးဖွင့်ခဲ့ကြတယ်။ ဒါဟာ သိပ်ပြီး စိတ်လှုပ်ရှားစရာ ကောင်းတယ်။ တို့အတွက် နေ့တိုင်း နေ့တိုင်း စိတ်တက်ကြွ လှုပ်ရှားစရာတွေပဲကြုံနေရတယ်။ ငါက အဝတ်အစားကို ဘယ်လို လှအောင် ဝတ်ရမယ်ဆိုတာကိုပဲ စိတ်ဝင်စားနေတဲ့ မိန်းမမျိုးကို မလိုချင်ဘူး။ လင်နဲ့မယားဆိုတာ လိင်ကိစ္စကို အခြေခံပြီး ဖွဲ့စည်းထားတဲ့ ကော်မတီတစ်ခုဆိုပေမဲ့ အသိဉာဏ်ရှိရှိနဲ့ ကြင်နာမှု နားလည်မှု မျှဝေခံစားမှုရှိတဲ့ မိန်းမမျိုးကိုမှ ငါက သဘောကျတယ်"

သူက ကိုယ်ကိုကိုင်းပြီး ဇနီးသည်၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေသည်။ သူ့လက်နှစ်ဖက်ကို သူမ၏ ဆံပင်တွေကြား ထိုးထည့်ထားသည်။

"မင်းကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ မင်း အသိဆုံးပါ လော်ရာ"

သူမက ခင်ပွန်းဖြစ်သူ၏ မျက်နှာကို မော့ကြည့်လိုက်ပြီး...

"ဒါဖြင့်... မောင်က ဆွန်ယာကိုရော ဘယ်လိုအချစ်မျိုးနဲ့ ချစ်ခဲ့တာလဲ"

သူမဆံပင်ကြား ထိုးထည့်ထားသော သူ့လက်တွေ အလိုလို ပြုတ်ကျသွားသည်။ သူမက လှမ်းကိုင်လိုက်သည်။ ပြီးတော့... သူမ၏ ရင်ဘတ်နှင့် ဖိကပ်ထားလိုက်သည်။

"မဟုတ်သေးဘူး... နေဦး... မောင်က ကျွန်မကို ရှင်းပြပါဦး။ ကျွန်မ သိချင်တာက... ဒါပေမဲ့ ကျွန်မ စိတ်ဆိုးလို့ မဟုတ်ပါဘူး။ ကျွန်မ အသည်းများ ကွဲနေသလား ဆိုတာလည်း ကျွန်မ အတိအကျ မသိတော့ပါဘူး။ မောင့်အနေနဲ့ ကျွန်မကို ဘယ်တော့မှ မပေးခဲ့တဲ့ အရာဟာ ဘာလဲဆိုတာ ကျွန်မ သိချင်တယ်။ သိလည်း သိရမယ်။ အို... ကျွန်မ ဒီစကား ပြောချင်တာ မဟုတ်ပါဘူး။ ကျွန်မ ဆိုလိုတာက ဒီလို မဟုတ်ပါဘူး။ ကျွန်မ ထပ်ပြီး ပြောကြည့်ဦးမယ်"

သူမက လင်တော်မောင်၏ လက်များကို ပြန်လွှတ်ပြီး သောင်ပြင်ပေါ်တွင် ဆောင့်ကြောင့် ပြင်ထိုင်လိုက်သည်။ ပြီးတော့...ကိုယ်ကို ကိုင်းကာ ဒူးပေါ်တွင် နဖူးတင်လိုက်သည်။ သူမ အကြာကြီး စဉ်းစားနေသည်။ ပြီးတော့မှ ခေါင်းကို ပြန်မော့လိုက်ပြီး...

"ဆွန်ယာ့မှာ မောင့်ကို ဆွဲဆောင်နိုင်တဲ့ အချက်တစ်ခုတော့ ရှိတယ်။ အဲဒါ ကျွန်မမှာ မရှိဘူး။ အဲဒါ ဘာများပါလိမ့်။ အဲဒါ ကျွန်မမှာ ရှိချင်ရှိမယ်။ ဒါပေမဲ့... ကျွန်မတော့ လုံးဝ မသိဘူး။ သူက မောင့်ကို ဘာပေးသလဲ။ ကျွန်မ မပေးနိုင်တာ ဘာပေးသလဲ။ ဒီစကားပြောလို့ ကျွန်မကို အထင်မလွဲပါနဲ့။ ကျွန်မ ပြောနေတာ သဝန်တိုလို့ မနာလိုလို့ မဟုတ်ပါဘူး။ လေးစားနဲ့ ပြောနေတာပါ။ ဖြစ်နိုင်ရင် ကျွန်မကိုယ်တိုင် သူ့ကို မေးကြည့်ချင်တယ်။ လေးလေးစားစားနဲ့ မေးကြည့်ချင်ပါတယ်"





သူမက စကားကိုရပ်ပြီး ခရစ္စ၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ပြီးတော့ ဆက်ပြောပြန်သည်။

"ဟုတ်တယ်။ ဖြစ်နိုင်ရင် ကျွန်မ လိုက်သွားချင်တယ်။ တကယ်ဆိုရင် ဖြစ်နိုင်စရာလည်း မရှိပါဘူး"

"အို...မင်းကလည်း အဓိပ္ပာယ် မရှိတာ ပြောနေပြန်ပြီ"

သူက စိတ်မရှည်တော့သဖြင့် လွှတ်ခနဲ အော်ပြောလိုက်မိသည်။ နောက်တော့မှ သတိရမိပြီး သူ့စိတ်ကို ထိန်း၍ အေးအေးဆေးဆေး ပြောသည်။

"ဒီမှာ...လော်ရာ... ငါပြောတာကို သေသေချာချာ နားထောင် စေချင်တယ်။ အခု မင်းပြောနေတာတွေကို ဆွန်ယာက ဘာမှ နားလည်မှာ မဟုတ်ဘူး။ တကယ်တော့ ငါလည်း နားမလည်ပါဘူး။ အမှန် သွားသင့်တာက ငါပါ။ တရားခံက ငါပါ။ မင်း မဟုတ်ပါဘူး။ ကလေး ဘယ်လို နေသလဲဆိုတာ ငါ သွားကြည့်ချင်တယ်။ သူ ကျောင်းတက်ပြီး ပညာသင် နိုင်အောင် လုပ်ပေး ချင်တယ်။ လိုအပ်ရင် ကျောင်းအိပ်ကျောင်းစားအဖြစ် အပ်ထားရမယ်"

"အဲဒီတော့...မောင်က ဆွန်ယာ့ကို ဘာမှမတိုင်ပင်ဘဲ ကိုယ့်သဘောနဲ့ ကိုယ် လုပ်မလို့လား။ ဒီကလေးက သူ့ကလေးပါ။ သူက အမေပါ"

"ဘာလဲ...မင်းက သူ့ဘက်က ရှေ့နေလိုက်နေတာလား...ရယ်စရာပဲ"

"မောင့်အနေနဲ့ ရယ်စရာဖြစ်ချင်ဖြစ်နေမယ်။ ကျွန်မအနေနဲ့ ရယ်စရာ မဟုတ်ဘူး။ မောင်ဟာ ဒီကလေး ပိစိကွေးကလေး အရွယ်ကတည်းက ထွက်လာခဲ့တယ်။ အဲဒီကတည်းက လုံးဝ ပစ်ထားလိုက်တယ်။ ခုတော့... ကလေးကို ကျောင်းအပ်ဖို့ ကိစ္စတောင် မောင်က ပြောနေပြီ။ တကယ်ဆိုရင်... မောင်က ဒီလောက်ထိ မစိုးရိမ်သင့်ဘူး။ ဒီကလေးမှာ သူ့အမေ ရှိပါသေးတယ်။ မောင်က မေ့ထားတဲ့ ကာလတွေ တစ်လျှောက်လုံး သူ့အမေက ပြုစုစောင့်ရှောက်လို့ပဲ ဒီအရွယ်တောင် ရောက်လာပြီပဲ"

"အဲဒါတော့ သေချာပေါက် ပြောလို့ ဘယ်ရမှာလဲ"

"မောင် ဘာကို ဆိုလိုတာလဲ"

"ဟာ... လော်ရာ။ ဟိုမှာ...ဒီရေတွေ တက်လာပြီ။ တို့ဆီရောက်လာ တော့မယ်"

သို့ဖြင့် နှစ်ယောက်သား ကုတ်အကျီတွေ ကမန်းကတန်း ကောက် ယူပြီး လက်ချင်းယှက်ကာ ထပြေးလာခဲ့ကြသည်။ ဒီရေလွတ်သော အပေါ် ပိုင်း သောင်ပြင် တစ်နေရာတွင် ပြန်၍ လှဲအိပ်လိုက်ကြသည်။

ခပ်လှမ်းလှမ်းတွင် လူခြေ တစ်ယောက်စ နှစ်ယောက်စ ဟိုနေရာ သည်နေရာ လမ်းလျှောက် နေကြသည်ကို မြင်ရသည်။

သောင်ပြင် ငှက်ကလေးများ ပင်လယ်ထဲ ပြေးဆင်း သွားကြသည်။ လှိုင်းလုံးတွေ လိမ့်တက်လာတော့ ကုန်းပိုင်းသို့ ပြန်ပြေးတက် လာကြသည်။

"ဒါနဲ့... တို့ စကားပြောတာ ဘယ်အထိ ရောက်ခဲ့သလဲ"

ခရစ္စက ရုတ်တရက် မေးလိုက်သည်။

"ဘယ်မှ မရောက်သေးဘူး။ ကိုရီးယားသွားဖို့ ကိစ္စ ငြင်းရင်းနဲ့ စကားပြတ်သွားတာ။ မောင်က ကလေးကို သွားကြည့်ချင်တယ် ပြောတယ်။ ကျွန်မလည်း ကြည့်ချင်တာပဲ။ ဒါပေမဲ့..."

ခရစ္စက ဆေးတံထုတ်ပြီး မီးညှိသည်။

"ဒါဖြင့်... မင်းက ငါနဲ့အတူလိုက်ဖို့ ဆုံးဖြတ်ချက် ချထားပြီးပြီ ဆိုပါ တော့..."

လော်ရာက သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"အဲဒီလို မဟုတ်ဘူး။ ကျွန်မက ကျွန်မ တစ်ယောက်တည်း သွားချင် တာ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုရင်... မောင်က ကျွန်မ မေးတဲ့ မေးခွန်း မဖြေတဲ့ အချက်ကြောင့်ပဲ"

"ငါ ဘယ်လို ဖြေရမယ်ဆိုတာ မသိလို့ပါ။ ငါဟာ ကိုရီးယားမှာ





...ပ်မှုပြီး အထီးကျန် ဖြစ်နေတယ်။ စစ်ကာလ အတွင်းမှာ ငါ့အဖို့တော့ ...ရာဟာ စိတ်ပျက်စရာတွေချည်း ဖြစ်နေတယ်။ ဒါနဲ့... ထွက်ပေါက် ...တဲ့ သဘောနဲ့ ရနိုင်တဲ့ ပျော်ရွှင်မှုကလေးတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဖြစ်သလို ...ပျော်ခဲ့မိတယ်။ ဒီလောက် ပြောပြလို့မှ မကျေနပ်နိုင်သေးရင်လည်း ငါ ...ထပ် ဘယ်လိုမှ မပြောတတ်တော့ဘူး။ ဟုတ်ပါတယ်။ ငါဟာ လူမျိုး ...ဘူး။ လက်ထပ်ပြီးစ မိန်းမရှိတဲ့ လူတစ်ယောက် ဆိုတာတော့ ငါ ...ပါတယ်။ ဒါပေမဲ့... ငါ့အနေနဲ့ မင်းနဲ့ ပြန်တွေ့ဖွင့် ရပါဦးမလား ဆိုတာ ...ငါ လုံးဝ မသိတော့အောင် ဖြစ်ခဲ့မိတယ်။ ငါဟာ အချိန်မရွေး သေခြင်း ...ရားနဲ့ ရင်ဆိုင် တွေ့နိုင်တယ်ဆိုတဲ့ အသိကသာ ငါ့ကို လွှမ်းမိုးထားခဲ့ ...ယ်။ အဲဒါကြောင့် မို့လို့လည်း အချစ်ဆိုတာကိုတောင် ငါ မသိနိုင်ခဲ့ဘူး။ ...ဒီတုန်းက ငါ့အရွယ်နဲ့ အချစ်ဆိုတာကို ခွဲခြား နားလည်ဖို့လည်း မလွယ် ...ူး"

"ဒါပေမဲ့... ကျွန်မကတော့ မောင်ဟာ သာမန် လူတိုင်းထဲက လူငယ် ...တစ်ယောက်လို့ မထင်ဘူး။ မောင် ကိုရီးယားမှာ နေခဲ့တဲ့ တစ်ချိန်လုံး မောင့် ...အကြောင်းကိုပဲ ကျွန်မ တွေးနေခဲ့မိတယ်။ မောင်ဟာ ကျွန်မ မျှော်မှန်းထားတဲ့ ...လူစားမျိုးအဖြစ်ပဲ ရှိနေလိမ့်မယ်လို့ အမြဲတမ်း ယုံကြည်နေခဲ့တယ်"

"ဒါပေမဲ့... ငါ့အပေါ် မင်း ဘယ်လို မျှော်မှန်းချက် ရှိတယ်ဆိုတာ ...မင်းက ငါ့ကို တစ်ခါမှ မပြောခဲ့ပါဘူး"

"ဟုတ်ပါတယ်။ ကျွန်မ မပြောခဲ့ဖူးပါဘူး။ ကျွန်မကလည်း မျှော်မှန်း ...ချက်ဟာ မျှော်မှန်းချက် အဆင့်ထက် ပိုလိမ့်မယ်လို့ မထင်ခဲ့ဘူး။ မောင် ...တိုက်ပွဲမှာ ကျသွားခဲ့ရင် ဘယ်လို လုပ်ပါ့မလဲ။ ဒါပေမဲ့... ကျွန်မ ဆိုရင်တော့ မောင် လုပ်သလို လုပ်မှာ မဟုတ်ဘူး"

သူက သက်မတစ်ချက် ချလိုက်သည်။

"ကောင်းပြီလေ... ငါ့အနေနဲ့ ဒီစာတ်ပြားဟောင်းကြီးကိုပဲ ထပ် ...တလဲလဲ ပြန်ပြီး မဖွင့်ချင်တော့ပါဘူး။ ဟိုက ယောကျ်ား မိန်းမတွေ၊ လူငယ် ...တွေ၊ မိန်းကလေးတွေ ခေတ်ကာလ အခြေအနေအရ ဘာတွေ လုပ်နေကြ

တယ် ဆိုတာ မင်းလည်း တွေးကြည့်ရင် သဘောပေါက်ပါလိမ့်မယ်။ ဒါပေမဲ့ ငါဟာ သူတို့နဲ့ မတွေ့ဘူးဆိုတာတော့ ငါ့မှာ ပြောစရာ အထောက်အထားတွေ အများကြီး ရှိပါတယ်။ ဘာပဲပြောပြော မင်းဟာ ငါ့ရဲ့ ခြောက်ပြစ်ကင်း သဲလဲစင် စံပြချစ်သူပါ... လော်ရာ"

"ဆွန်ယာနဲ့ မတွေ့ဘူးလား"

"လုံးဝ မတွေ့ဘူး"

"ဘယ်လို မတွေ့တာလဲ"

"အတိုင်းအဆ မရှိ ကွဲပြားတယ်။ အတိုင်းအဆ မရှိ ပိုတော်တယ်။ အတိုင်းအဆမရှိ ကျေနပ်စရာ ကောင်းတယ်"

"ဒါပေမဲ့... ဘယ်လို ကွဲပြားတယ်။ ဘယ်လို ပိုတော်တယ်။ ဘယ်လို ကျေနပ်စရာ ကောင်းတယ်ဆိုတာ ပြောပါဦး"

သူက စိတ်ပျက်လက်ပျက်ဟန်ဖြင့် လက်နှစ်ဖက်ကို ဖြန့်တန်းလိုက်ပြီး...

"အို... လော်ရာရယ်။ မင်းဟာ အရင်က လော်ရာမျိုး မဟုတ်တော့ပါလား။ အရင်တုန်းက မင်း ငါ့ကို အခုလို ဘယ်တော့မှ အကျပ်မကိုင်ခဲ့ပါဘူး"

"ဟုတ်ပါတယ်။ ကျွန်မ အရင်တုန်းက လော်ရာ မဟုတ်တော့ဘူး။ ဒါကြောင့် ကျွန်မ တစ်ယောက်တည်း ကိုရီးယားကို သွားမယ်။ ကလေးကို ကျောင်းအပ်ဖို့ ကိစ္စ ကျွန်မ စီစဉ်ပေးမယ်။ သူဟာ မောင့်ရဲ့ရင်သွေး... မောင့်သားကလေး။ သူ့အတွက် လိုအပ်တာမှန်သမျှ အားလုံး ရစေရမယ်။ ဆွန်ယာကိစ္စတော့... ကျွန်မ ဘာမှ မပြောနိုင်သေးဘူး။ ကျွန်မ သူနဲ့သွားတွေ့မယ်။ အခြေအနေကို လေ့လာမယ်"

"လော်ရာ... ဒါဟာ တို့လင်မယား ရန်ပွဲတော့ မဟုတ်ပါဘူးနော်"

သူက အမိန့်ပေးသံဖြင့် မေးလိုက်သည်။ လော်ရာက ခေါင်းသ ကင်းစင်သော မျက်လုံးများဖြင့် သူ့ကို ကြည့်နေသည်။ သူမ၏ မျက်နှာတွင် တစ်စ





ရာကို ယတိပြတ် ဆုံးဖြတ်ထားပြီးသည့် အရိပ်လက္ခဏာကို အတိုင်းသား င်နေရသည်။

"ကျွန်မ သွားကို သွားမယ်"

သူမက အလေးအနက် ထပ်ပြောသည်။

"ကျွန်မ... အမြန်ဆုံးသွားမယ်။ တစ်ယောက်တည်း သွားမယ်"

●

# အပိုင်း ( ၂ )

မက ဂျက်လေယာဉ် မှန်ပြတင်း အနီးသို့ ကပ်ပြီး ခရီးသွား နောက်ဆုံး ကြိမ် လှမ်းကြည့်လိုက်သည်။ သူသည် လေဆိပ် အဆောက်အအုံ အပေါ် ဝရန်တာတွင် ရပ်ရင်း အညိုရောင် လက်ကိုင်ပဝါကလေးကို လေထဲ ၌ ဝှေ့ယမ်းပြနေသည်။

သူသည် ဂျက်လေယာဉ် မြေပြင်မှ စတင် ထွက်ခွာချိန်ကို မီအောင် အပေါ်ထပ်သို့ လှေကားမှ ပြေးတက်လာခဲ့ရလိမ့်မည်။

သူမ တစ်သက်တာတွင် လွန်ခဲ့သော သုံးရက် ကာလသည် သူနှင့် ပူးကပ်ကပ် နေခဲ့ရဆုံး ရက်များလည်း ဖြစ်သည်။ တစ်ချိန်တည်းတွင် သူနှင့် အကင်းကွာဆုံး နေခဲ့ရသော နေ့ရက်များလည်း ဖြစ်သည်။

တစ်ယောက်၏ အချစ်ကို တစ်ယောက်ကလည်း အနည်းငယ်မျှ သံသယ မဝင်။ သူတို့နှစ်ယောက်အား ဘယ်အရာကမျှ ခွဲ၍ မရနိုင် ဆိုတာကို ည်း နှစ်ယောက်စလုံး အသိ။ တစ်ယောက်အပေါ် တစ်ယောက် သစ္စာ ရှိတာကိုလည်း အကြွင်းမဲ့ ယုံကြည်ကြသည်။ သို့ပါလျက်... သူတို့ နှစ် ယောက်သည် လွန်ခဲ့သော သုံးရက်အတွင်းက တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်၍ မရအောင် ဖြစ်နေခဲ့ကြသည်။ နီးလျက်နှင့် ဝေးနေခဲ့ကြသည်။

လွန်ခဲ့သော ညတုန်းကဆိုလျှင် တစ်ကိုယ်တည်း အိပ်ရာပေါ်တွင် လှဲရင်း သူမကိုယ် သူမ မေးခွန်းတွေ အပြန်အလှန် ထုတ်နေခဲ့မိသည်။

သူ ငါ့အခန်းကို မလာရင် ငါက သူ့အခန်းကို သွားရမှာလ မသွားဘဲ နေရမှာလား။ ငါ ကိုရီးယားမှာ ဘယ်နရက် နေခဲ့ရမှာလဲ။ ငါ ပြန်ရောက် လာရင်ကော မနေ့ညကလိုပဲ တစ်ယောက်နဲ့ တစ်ယော သူစိမ်းဆန်ဆန် နေကြဦးမှာလား။

သူမ အဖြေရှာမရ။ သို့သော် ကိုရီးယားတွင် ရက်ပိုင်းလောက် နေမည်ဟုတော့ ဆုံးဖြတ်လာခဲ့သည်။

သူကတော့ ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်း ကျန်းကျန်းမာမာနဲ့ ပြန်ရောက်လာရင်ပဲ ငါ ဝမ်းသာလှပါပြီ။ ငါ့ ခံစားချက်ကိုတော့ မမေ့ပါနဲ့။ မင်း တစ်ယောက်တည်း ထွက်သွားတာကို ငါ သဘောမတူချင်ဘဲနဲ့ သဘောတူလိုက်ရတယ်။ ဒီမှာ ငါတစ်ယောက်တည်း ကျန်နေခဲ့ရမယ့် အခြေအနေကို ခံစားကြည့်ပါ။ မင်း အိမ်ကို ပြန်မရောက်မချင်း ငါ စားလို့လည်း ဝင်မှာမဟုတ်ဘူး။ အိပ်လို့လည်း ပျော်မှာ မဟုတ်ဘူး။ မင်းထွက်သွားတာဟာ ငါ့ကိုယ်တစ်ခြမ်းကို ဖြတ်ယူ သွားသလိုပဲ။ ဒီအချိန်မှာ ကိုရီးယားဆိုတာ ဘယ်လိုနိုင်ငံမျိုး ဖြစ်နေမယ် ဆိုတာ ငါတောင် စဉ်းစားလို့ မရတော့ဘူး"

ကောင်းကင်ပေါ်တွင် မျောပါရင်း လွန်ခဲ့သော ရက်များက ဖြစ်ရပ်များ ကို ပြန်လည် သုံးသပ်နေမိသည်။

ထိုရက်များအတွင်း သူမသည် ခံစားမှု မရှိသော စက်ရုပ်တစ်ခုလိုသာ လှုပ်ရှားနေမိခဲ့သည်။ အိမ်မှုတာဝန် အားလုံးကို ဂရိတာနှင့်လွှဲထားပြီး သူမက သူမ၏ သိပ္ပံသုတေသန လုပ်ငန်းကိုသာ ဇွဲသွန် လုပ်ကိုင်နေခဲ့သည်။ အလုပ် သည် စိတ်သက်သာရာ သက်သာကြောင်း ထွက်ပေါက်တစ်ခုဟု သူမ ယုံကြည်သောကြောင့် ဖြစ်သည်။ ယောကျ်ားတွေလည်း ထိုနည်း လည်း ကောင်းပင်...။ အလုပ်ကို ဇွဲလုပ်ခြင်းဖြင့် ထွက်ပေါက် ရှာကြသည်သာ ဖြစ်သည်။

လုပ်စရာအလုပ်တွေ တစ်ပုံကြီး ရှိလျက်သားနှင့် မလုပ်ဘဲ ပစ်ထား ခဲ့ခြင်းအတွက် ဘယ်လောက်ထိ ခံစားရမည်ဆိုသည်ကို စဉ်းစားကြည့်လျှင် လူတိုင်း သိနိုင်သည်။





သူမသည် ရေးလက်စ စာအုပ်အတွက် သမုဒ္ဒရာ ရေအောက်ရှိ ထူးဆန်းသော အပင်များနှင့် ထူးဆန်းသော သတ္တဝါငယ်များ အကြောင်း ...မိ၊ တွေ့ရှိချက်များနှင့် ပက်သက်၍ အခန်း တစ်ခန်းတော့ ရေးပြီးခဲ့ပြီ။ ...စာအုပ် ပြီးသွားလျှင် ဆေးသိပ္ပံပညာအတွက် ကြီးမားသော အထောက် ...ကူ တစ်ရပ် ဖြစ်လိမ့်မည်မှာ မြေကြီးလက်ခတ် မလွဲ။ ဥပမာ... လျှပ်စစ် ...ငါးမှ နာဗ်ကြော တတ်ငွေ့အဆိပ် ဖြေဆေးကို ထုပ်လုပ်နိုင်လျှင်။ ရောဂါ ...ကြခြင်း တားဆေးကို ပင်လယ်ဖြူကောင်မှ ထုတ်လုပ်နိုင်လျှင်။ ...လယ်စွမှ ဆေးတောက်ခြင်း ကာကွယ်ဆေးကို ထုတ်လုပ်နိုင်လျှင် ခေတ် ...ဆေး သိပ္ပံပညာအတွက် အတိုင်းမသိ အကျိုးများပေလိမ့်မည်။

သူမသည် သိပ္ပံပညာရှင်ပီပီ စေ့စပ်သေချာသည်။ စည်းစနစ် ကြီး ...ည်။ အာရုံ စူးစိုက်မှု ထက်သန်သည်။ ထို့ကြောင့်လည်း လုပ်လက်စနှင့် ...န်းလန်းကြီး ထားပစ်ခဲ့ရသော သူမ၏ သုတေသန လုပ်ငန်းအတွက် ...လွန် စိတ်စောနေမိခြင်း ဖြစ်ရသည်။

ဂျက်လေယာဉ်ကြီးသည် ရုတ်တရက် တုန်ခါသွားပြီးနောက် တစ် ...ပြေးညီ အနေအထားမှ အာကာသထဲသို့ အရှိန်ပြင်းစွာဖြင့် ဦးထောင် ...တက်သွားသည်။

သူမက ကုလားထိုင်တွင် ကျောမှီ လှဲချလိုက်ပြီး မျက်လုံးများကို ...တ်ထားလိုက်သည်။

သူမသည် ကမ္ဘာသစ် တစ်ခုဆီသို့ အရှိန်ပြင်းစွာဖြင့် ရှေးရှုပျံသန်း ...လျက်ရှိသည်။ ဥရောပတိုက်သည် သူမအဖို့ အိမ်ဦးနှင့် ကြမ်းပြင်ပမာ ...ကျွမ်းတဝင် ရှိသည်။ သို့သော်... အာရှတိုက်ကား သူမအဖို့ သူစိမ်းတရံဆံ ဖြစ်နေသည်။ ခရစ္စ အိမ်ပြန်ရောက်လာတုန်းကတောင်မှ ကိုရီးယားနိုင်ငံကို ...သူမ လုံးဝ စိတ်ဝင်စားခြင်း မဖြစ်မိခဲ့။ တို့လင်မယား ပြန်ပေါင်းရပြီ ဟူသော ...အတွေးဖြင့် အတိုင်းမသိ ဝမ်းသာခြင်းသာ ဖြစ်မိခဲ့သည်။,

ဂျက်လေယာဉ်ကြီးသည် ဦးထောင် ပျံသန်းနေရာမှ တစ်ပြေးညီ ...အနေအထားသို့ ပြန်ရောက်လာသည်။

သူမ မျက်လုံးများကို ပြန်ဖွင့်သည်။

သူမဘဝတွင် ယခု အကြိမ်လောက် အယီးကျန် ဝေဒနာကို ခံ ရခြင်းမျိုး တစ်ခါမှ မဖြစ်ခဲ့စဖူး။

အတိတ်မှ အရိပ်ထိုးလာသော ပြဿနာကြီး တစ်ရပ်ကို သူ တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းရန် အကျောက်အကန် အငြင်းအခုံဖြ တာဝန်ယူ လာခဲ့ခြင်းမှာ မှန်ကန်သော လုပ်ရပ်ဖြစ်ပါသလား။ သူမ၏ လ တော်မောင် ခရစ္စနှင့် ကိုရီးယားသူ ဆွန်ယာတို့၏ တခဏ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာတစ်ရပ်ကို ဖြေရှင်းရန် တာဝန်ယူလာခဲ့ရာတွ သူမအနေဖြင့် မနာလို ဝန်တိုစိတ်များ ကင်းရှင်းပါ၏လော။

ဘယ်လိုပင်ဖြစ်ဖြစ် ခရစ္စ၏ ပုဆိုးတန်းတင် တရားဝင် ဇနီးမယား တစ်ယောက်အဖြစ် သည်ကိစ္စတွင် သူမလည်း ဘစ်နည်းနည်းဖြင့် ပါဝ ပတ်သက်နေသည် မဟုတ်ပါလော။ သို့ဆိုလျှင် ကိုရီးယားသူ ဆွန်ယာ အခြေအနေကို သူမကိုယ်တိုင် သွားရောက်အကဲခတ်ရန် မလိုအပ်ပါသလော။

ဆွန်ယာက ခရစ္စလို လူတစ်ယောက်အား ဘယ်အရည်အချင်းတွေန ပြုစားထားခဲ့သနည်း။ ဆွန်ယာက ဘယ်လောက်များ လှနေလို့လဲ။ ဘယ် လောက်များ ဆွဲဆောင်အား ကောင်းနေလို့လဲ။

သာမန် အပေါ်စား မိန်းကလေးတစ်ယောက် အနေဖြင့်တော့ ခရစ္စ လူတစ်ယောက်ကို ဘယ်တော့မှ ဆွဲဆောင် ဖမ်းစားနိုင်မည် မဟုတ်။ သည အချက်ကိုတော့ သူမအနေဖြင့် အကြွင်းမဲ့ ယုံကြည်သည်။

ခရစ္စ၏ စရိုက်က နက်နဲသိမ်မွေ့သည်။ ဇီဇာကြောင်သည်။ ဆန် ကြယ်ထွေပြားသည်။ ယင်းသို့ ရှုပ်ထွေးသော စရိုက် သဘာဝကိုပင် သူမ အလွန် သဘောကျသည်။

**ဒါနဲ့ သူ့သားကလေးက ဘယ်လို စရိုက်လက္ခဏာတွေ ရှိပါလိမ့် ဟုတ်တယ်... ကလေးကို ကိုယ်တိုင် သွားတွေ့ပြီး အကဲခတ်ရမယ်။**

**ပြီးတော့... ဆွန်ယာ၊ ဆွန်ယာက ပိုအရေးကြီးတယ်၊ ဆွန်ယာ အရင်ဆုံး သွားတွေ့ရမယ်၊ သူ့ကို သေသေချာချာ လေ့လာရမယ်၊ ဝင်လ ရေအောက်က သက်ရှိ မျိုးပွားတစ်ခုကို ဓာတ်ခွဲလေ့လာသလို ဆွန်ယာ**





**ကို၊ အသေးစိတ် လေ့လာကြည့်ရမယ်၊ ခရစ္စလို လူတစ်ယောက်ကို လောက်အထိ ဆွဲဆောင်နိုင်ခဲ့တဲ့ လူသားမျိုးပွား မိန်းမတစ်ယောက်ဟာ ဘယ်လို အမျိုးအစားများပါလိမ့်။**

အတောမသတ် တွေးရင်းတွေးရင်းဖြင့် အတွေးနယ် ကျယ်၍ကျယ်၍ သွားခဲ့သည်။

သူမ၏ စိတ်အာရုံသည် ခရစ္စနှင့် သူမတို့၏ မင်္ဂလာဦးည ဆီသို့ ပြန်သန်းသွားသည်။

သူမက ဗိုသဏ္ဍာဝါဆို ယင်ဖိုတောင် မနားဖူးသေးသော အပျိုစင် စစ်စစ်။ သို့သော် သူက လူပျိုစစ်သလား... မစစ်ဘူးလား ဆိုတာကိုတော့ မှ မမေးမိ။ မေးကြည့်ချင်စိတ်တော့ ဖြစ်မိခဲ့ပါ၏။ သို့သော် မေးရမှာ ရှက် လည်း ရှက်မိသည်။ ဘာဆိုင်လို့ မေးရမှာလဲဟူသော မာနစိတ်ကလည်း ခံနေသည်။ ပြီးတော့... သူမကိုယ်တိုင်က ဖြူစင်ရိုးအ လွန်းသောကြောင့် လည်း မမေးမိခဲ့ခြင်း ဖြစ်သည်။

ယခုတော့ သူမ နားလည်ခဲ့ပြီ။ သဘောပေါက်ခဲ့ပြီ။ ခရစ္စ ပြောသော ကိုရီးယား နိုင်ငံမှ တဲအိမ်ကလေးထဲတွင် ဆွန်ယာနှင့် အကြည်ဆိုက် နေခဲ့ကြ ပုံကို မြင်ယောင်လာသည်။ သူ အိမ်ပြန်ရောက်သော ညက ဆွန်ယာ့ နေရာ တွင် သူမ ဝင်ရောက်ခဲ့ရပုံကို ပြန်လည် မြင်ယောင်လာသည်။

သူ့ကို ကြည့်ရသည်မှာ ကိုရီးယားသို့ ရောက်ခဲ့ဖူးသူ တစ်ယောက်ဟု လုံးဝ မထင်ရ။ သူ့ကိုယ်သူလည်း ကိုရီးယားသို့ ရောက်ခဲ့ဖူးသည်ဟု လုံးဝ ထင်ပုံ မပေါ်။

တကယ်တော့... သူက သူမအပေါ်တွင် ဆွန်ယာထက် ပိုချစ်ကြောင်း သိသာလှသည်။ ဆွန်ယာကလည်း သူ့အပေါ်တွင် သူမလောက် ချစ်လိမ့်မည် ဟု သူမ မထင်။ တကယ်တော့ ဆွန်ယာဆိုတာက ရိုးအ လှသော သာမန် ကိုရီးယားသူကလေး တစ်ယောက်မျှသာ...။ သူမနှင့် အဘက်ဘက်က ဘယ်လို ယှဉ်လို့ ရနိုင်ပါ့မလဲ။

"ဒါနဲ့ သူက ဘာလုပ်သလဲ"

မနေ့ညက ခရစ္စအား သူမက မေးခဲ့မိသည်။

ထိုအချိန်က သူတို့ လင်မယားသည် ဧည့်ခန်းတွင်ထိုင်ကာ 'ကော့ တေးလ်' စပ် အရက် သောက်နေကြသည်။

သူ အစောကြီး အိမ်ပြန်ရောက်သည်။ ဆည်းဆာ နေရောင်သည် ပြတင်းပေါက် သံတိုင်များကို ဖြတ်ဝင်လာပြီး တစ်ခန်းလုံးကို ရွှေရောင် ပက်ဖျန်းထားသည်။

သူမ၏ မေးခွန်းကြောင့် သူ့မျက်နှာ နီရဲသွားသည်။ သူ့မျက်နှာ ယခုလို နီရဲသွားတာမျိုးကို သည်တစ်ခါပဲ မြင်ဖူးသေးသည်။

"မင်းက ဘာကို ဆိုလိုတာလဲ"

သူက ပြန်လှန် မေးခွန်းထုတ်သည်။

"ဪ... ကျွန်မ မေးတာက ရှင်းရှင်းကလေးပါ။ သူ ဘာအလုပ် လုပ်သလဲ။ ကျောင်းဆရာမလား။ ဒါမှမဟုတ် သူနာပြုဆရာမလား...လို့ မေးတာပါ"

"ဪ...အင်း...အဲဒါ မေးတာလား။ ငါ့အထင်တော့ သူ့မှာ ဘာ အလုပ်မှ မည်မည်ရရ ရှိပုံမရပါဘူး။ ဒါပေမဲ့... သူ ကျောင်းပညာတော့ အထိုက်အလျောက် တတ်ခဲ့ပါတယ်။ အထူးခြားဆုံးကတော့ သူ့ အသံပဲ။ သိပ်ပြီး အသံ ကောင်းတယ်။ သူ သီချင်းဆိုတယ်။ ငါ သိရသလောက်ဆိုရင် ကိုရီးယား လူမျိုးတိုင်း သီချင်းဆိုတတ်ကြတာချည်းပဲ။ သူတို့ကို ဂီတကို ချစ်တဲ့ လူမျိုးလို့တောင် ခေါ်နိုင်တယ်။ ဒါပေမဲ့...ငါက ဆွန်ယာတစ်ယောက်နဲ့ပဲ သိကျွမ်းခဲ့ရတာပါ။ တခြား ဘယ်သူနဲ့မှ မရင်းနှီးခဲ့ပါဘူး"

သူ စကားပြော ရပ်လိုက်သည်။ လော်ရာက ဘာမှပြန်မပြောဘဲ ငြိမ်၍သာ ထိုင်နေသည်။ တကယ်တော့ ဆွန်ယာ့အကြောင်း ခရစ္စက ဆက်ပြောမည်ကိုပင် သူမ စိတ်ထဲက တွေးကြောက်နေမိသည်။

ထို့ကြောင့် မင်္ဂလာဦးညက အတွေ့အကြုံများကို စိတ်ကူးထဲမှ ကြိုးစား၍ မောင်းထုတ်သည်။ သို့သော် အတွေးက ထွက်မသွား။ သူမ၏ စိတ်အာရုံထဲတွင် တရစ်ဝဲဝဲဖြင့် ရှိမြဲရှိနေသည်။





မင်္ဂလာအခမ်းအနားကလည်း အလွန် ပျော်စရာကောင်းသည်။ သူမ ကလေးဘဝတုန်းက နာမည်ပေး ကင်ပွန်းတပ်ခဲ့သော ပတ်စ်ဘဲဗင်းနယူး [illegible]ပေါ်မှ ရှေးဟောင်း ဘုရားရှိခိုးကျောင်းကြီးထဲတွင် ရိုးရိုးကလေးပင် ပြုလုပ်ခဲ့သည်။ သို့သော် သူမ၏ မင်္ဂလာဝတ်စုံကတော့ သူမ ဘွားဘွား [illegible]က်ထက် ကတည်းက ပါရီမှ အထူး မှာယူခဲ့သော ဝတ်စုံဖြစ်သည်။ ဖဲသား [illegible]ဆိပ်ပေါ်တွင် 'ဝါ့သ်'ဖက်ရှင်တိုက်ဟူသော နာမည်မှာ ယခုတိုင် လက်ရာ မပျက် ရှိနေသေးသည်။

သူမသည် ဘွားဘွား ခြုံလွှမ်းခဲ့သော ဇာသားခြုံလွှာကိုပင် ခေါင်းပေါ်တွင် ခြုံလွှမ်းထားသည်။

ထိုနေ့က သူမ အလွန် ပျော်နေသည်။ ခရစ္စကလည်း သူမလိုပင် ပျော်နေသည်။

မင်္ဂလာ အခမ်းအနား ပြီးဆုံး၍ ဂီတသံများ ထွက်ပေါ်လာသောအခါ နှစ်ယောက်သား လက်ချင်းချိတ်၍ ကခုန် ပျော်မြူးကြသည်။

အခမ်းအနားမှာ တည်ငြိမ်သော အချစ်ကိုလည်း ဆောင်သည်။ တစ်ချိန်တည်းတွင် ပျော်ရွှင် ကြည်နူးမှုကိုလည်း ပေးသည်။

သူမတို့ အိမ်တွင် မင်္ဂလာဧည့်ခံပွဲ လုပ်တော့လည်း အလွန် ပျော်ရွှင် ချမ်းမြေ့ခြင်း ဖြစ်ရသည်။ သူမက ကြောင်လိမ်လှေကားထိပ်တွင် ရပ်ရင်း ဧည့်ပရိသတ်များအား နှင်းပန်းများ ဖြန့်ကြဲပေးရသည်မှာ ပျော်စရာ ကောင်းလှသည်။

ထို့နောက်တွင်တော့ ကြင်စဦး ဇနီးမောင်နှံတို့သည် နယူးအင်္ဂလန်နယ်သို့ ပျားရည်ဆမ်းခရီး ထွက်ခဲ့ကြသည်။ သူမ အိမ်ထောင်ပြုလျှင် နယူးအင်္ဂလန်နယ်သို့သာ ပျားရည်ဆမ်း ခရီးထွက်မည်ဟု သူမ ၁၂ နှစ်သမီး ကပင် ဆုံးဖြတ်ထားခဲ့သည်။ နယူးအင်္ဂလန်တွင် ဘိုးစဉ်ဘောင်ဆက်ပိုင် ရှေးဟောင်း အိမ်ကြီးရှိသည်။ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော ဦးလေးနှင့် အဒေါ်တို့ နေထိုင်ကြဆဲ ဖြစ်သည်။

ဦးလေးနှင့်အဒေါ်တို့က အလွန် သဘောကောင်းကြသည်။ တူမလေး ဖနီးမောင်နှံတို့ စိတ်ချမ်းသာသလို နေထိုင်ရန် အစွမ်းကုန် စီစဉ်ပေးကြသည်။

သူတို့နှစ်ယောက်သည် မြို့ကြီးထဲတွင် ပျော်ရွှင်စွာ လမ်းလျှောက်ရင်း ချစ်သစွာ နံကြသည်။

အရာရာတိုင်းသည် နှစ်ယောက်စလုံးအတွက် အသစ် ဖြစ်နေသည်။ ပထမဆုံး အတွေ့အကြုံ ဖြစ်နေသည်။ သူမက သည်လိုပဲ ထင်ခဲ့သည်။

သူကလည်း သူမ၏ အချစ်ဦး။ သူမကလည်း သူ၏ အချစ်ဦး။ သူကလည်း သူမ အတွက် သည်တစ်မိုးအောက် သည်တစ်ယောက်သာ။ သူမကလည်း သူ့အတွက် သည်တစ်မိုးအောက် သည်တစ်ယောက်သာ။

သို့သော် ယခုတော့မူ... သူမသည် သူ့အတွက် သည်တစ်မိုးအောက် သည်တစ်ယောက်တည်း မဟုတ်တော့...။

ဤသည်ပင်လျှင် ပြဿနာ...။

သို့ပေမဲ့... သူမက ပြဿနာကို ဆင့်ပွားအောင် မလုပ်ချင်တော့။ တကယ်ဆိုတော့... သူမအား သူ ပြောပြခဲ့သမျှသည် အမှန်တွေပင် ဖြစ်ပါ လိမ့်မည်။

မနေ့ညက သူတို့နှစ်ယောက် လူချင်းနီးသော်လည်း စိတ်ခြင်း ဂဟေပြတ်နေချိန်တွင် သူမက အရဲစွန့်၍ ပြောခဲ့သည်။

"မောင်... ဘာကြောင့်မှန်း မသိဘူး။ ကျွန်မ တစ်ကိုယ်လုံး အေးစက် နေသလိုပဲ ခံစားနေရတယ်။ တစ်ကိုယ်လုံး တုန်တက်လာတော့ မတတ်ပဲ"

"ဒါဆို ငါ ဖက်ထားမယ်လေ"

သူမက ဖက်ခွင့်ပြုသည်။ ခဏအကြာတွင် သူက ဖက်ထားသော လက်ကို ရုတ်တရက် ပြန်ရုပ်လိုက်ပြီးနောက်...

"ဒါနဲ့... မင်း စိတ်ပြောင်းသွားပြီလား...ဟင်"

သူက ဆိုင်းမဆင့် ဗုံမဆင့် ကောက်ကာငင်ကာ မေးသည်။

"ဟင့်အင်း... ကျွန်မ စိတ်မပြောင်းပါဘူး။ ကျွန်မ နေမကောင်း[illegible] သလို ခံစားရလို့ပါ။ အားနည်းသွားသလိုပဲ။ ဘာကိုမှလည်း သိပ်ပြီး အ[illegible]





[illegible]အားချင်တော့သလိုပဲ။ တော်တော်ဆန်းနေတယ်။ ဒါပေမဲ့... မကြာပါဘူး။ [illegible] ပျောက်သွားမှာပါ။ ရုတ်တရက် လန့်သွားသလို ဖြစ်သွားလို့ပါ"

သူမက ရယ်ပြီး ဆက်ပြောသည်။

"အဖြစ်ကတော့... ပင်လယ်ရေအောက်က ရုတ်တရက် ပြန်တက် [illegible]တဲ့အခါ ခြေကုန်လက်ပန်းကျပြီး အသက် မရှူနိုင်အောင် ဖြစ်သွား [illegible]လိုပဲ"

"ငါ စိတ်မကောင်းပါဘူး... လော်ရာ"

သူ့အသံက တိုးပြီး တုန်နေသည်။

နောက်ပိုင်း သူမတစ်ယောက်တည်း ရှိသောအခါ ပြန်ပြီး တွေးကြည့် [illegible]သည်။ ယခုလည်း ပြန်တွေးကြည့်မိသည်။

သူမ တကယ် စိတ်ပြောင်းသွားသလား။

အမှန်ကတော့ အရာရာတိုင်း ပြောင်းလဲခဲ့သည်သာ ဖြစ်သည်။

**ရေရှူဟာ ငါ မျှော်လင့်ထားတဲ့အတိုင်း ပြောင်းလဲသွားခဲ့ရင် အရာရာ [illegible]တိုင်းလည်း ပြောင်းလဲသွားပြီပေါ့။ တကယ်တော့ ငါဟာ ငါမသိတဲ့ ကမ္ဘာသစ် တစ်ခုထဲ ရောက်နေပါရောလား။**

အတိတ်မှ အရိပ်များသည် သူမ၏ စိတ်အာရုံ ပိတ်ကားပေါ်တွင် တစ်ပိုင်းစီ တစ်စစီ ဖြတ်သန်းလွင့်မျောသွားကြသည်။

မိခင်ကြီး ပြောခဲ့သော စကားတစ်ခွန်းကို ကြားယောင်လာသည်။ [illegible] မင်္ဂလာ မဆောင်မီ တစ်ညတုန်းက ပြောခဲ့သောစကား...။

"သမီး... မေမေတော့ သမီးဟာ ရေရှူအပေါ်မှာ အချစ်ကြီးလွန်းတယ် လို့ ထင်မိတယ်"

သူမက မိခင်မျက်နှာကို မျက်လုံးပြူး မျက်ဆံပြူးနှင့် ကြည့်လိုက် သည်။

"ဘယ့်နှယ် ပြောပါလိမ့် မေမေ။ သမီးရဲ့ လင်ယောက်ျားဖြစ်မယ့် လူကို သမီးက အချစ်ကြီးတာ သဘာဝမကျဘူးလို့ မေမေက ဆိုလိုတာ လားဟင်"

"မေမေက သမီးအတွက် ပြောတာပါ...သမီး"

"ဒါပေမဲ့...သူ့ကို သမီး ချစ်နိုင်သမျှ ချစ်ရတာ သမီး စိတ်ချမ်းသာ တယ်...မေမေ"

"အဲဒါ အန္တရာယ်ပဲပေါ့ သမီး"

မိခင်ကြီးက သက်ပြင်း တစ်ချက်ချလိုက်သည်။ ပြီးတော့မှ...

"ဒီအတွက်ကြောင့် တစ်နေ့မှာ သမီး အသည်းကွဲရလိမ့်မယ်...သမီး"

ယခုတော့ မိခင်ကြီး၏ စကားကို သူမ နားလည်ခဲ့ပါပြီ။ သဘော ပေါက်ခဲ့ပါပြီ။

သူမသည် လင်တော်မောင်အား တစ်သမတ်တည်းသော စိတ်ဖြင့် ချစ်ခဲ့သည်။ အသည်းနှလုံး တစ်ခုတည်းဖြင့် ချစ်ခဲ့သည်။ သူမ၏ ဘ၀၊ သူမ၏ အလုပ်၊ သူမ၏ သတ္တိကို ချစ်သလို လင်တော်မောင်ကိုလည်း အလားတူ ချစ်မြတ်နိုးခဲ့သည်။

သူတို့လင်မယားသည် သာမန် သူလိုငါလို လင်မယား မဟုတ်ကြ၊ တစ်ယောက်အပေါ် တစ်ယောက် ချစ်သလို မိမိတို့၏ အလုပ်ကိုလည်း အလွန်ချစ်သော လင်မယား ဖြစ်သည်။

သူမတွင် သားသမီး မထွန်းကားသောကြောင့် သူမ၏ အတွေးနှင့် အချိန်အားလုံးကို လင်တော်မောင်နှင့် အလုပ်တွင်သာ မြှုပ်နှံထားခဲ့သည်။

တခြား မိန်းမတွေက အားအားရှိလျှင် သားသမီးအကြောင်း၊ အိမ်မှု ကိစ္စ အကြောင်း၊ လင်ယောက်ျားများ အကြောင်းကိုသာ ပြောလေ့ရှိကြသည်။ သူမက သူတို့နှင့်မတူ၊ သူမကိုယ် သူမ သူတို့ထက် ကြီးကျယ်သူ တစ် ယောက်ဟု သဘောထားသည်။

ယခုတော့ သူမ မာနချပါပြီ။ သူမတွင် သားသမီး မရှိ။ အကယ်၍ သားသမီး ရှိခဲ့လျှင် သူမအတွက်ရော လင်တော်မောင် အတွက်ရော ပိုကောင်း လိမ့်မည်ဟု တွေးမိသည်။

သူတို့ဇနီးမောင်နှံတွင် အနည်းဆုံး ကလေးတစ်ယောက်သာ ရှိခဲ့လျှင် သူမ၏ အချစ်ကို ခရစ္စအား မျှဝေပေးနိုင်လိမ့်မည်။ ခရစ္စအနေဖြင့် ယခု





...ချိန်တွင် တစ်ယောက်တည်း အိမ်တွင် အောင်းကာ အထီးကျန် ဖြစ်နေစရာ ...။ ကလေးနှင့် ကစားရင်း ပျော်ရွှင်ချမ်းမြေ့နေမည်မှာ မလွဲ။

**တကယ်လို့များ ငါ့မှာ ကလေးမွေးလာခဲ့ရင် ဘယ်လိုများ နေလိမ့် ...။ ကလေးမွေးလာရင် ငါ့အလုပ်ကို စွန့်လွှတ်ရတော့မယ်။ ဟင့်အင်း... ...လုပ်ကိုတော့ ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး။ ဒါဆိုရင် ငါ့အနေနဲ့ ...လေးအကြောင်း စိတ်ကူးထဲ လုံး၀ ထည့်စရာ မလိုတော့ပါဘူး။**

သူမ၏ စိတ်ကူးသည် ခရစ္စဆီသို့ ရောက်သွားပြန်သည်။

ခရစ္စသည် လွန်ခဲ့သော သုံးလေးရက် အတွင်းတွင် သူ့ကိုယ်သူ ...မျက်အောင် အထူး ကြိုးစားပြီး ဟန်ဆောင်နေခဲ့သည်။ သည်အချက်ကို ...တော့ သူမ သိသာလှသည်။

ခရစ္စက သူမ၏ ခါတိုင်းနှင့်မတူ တစ်မူထူးခြားသော အမူအရာကို ...ကဲခတ်မိသည်။ ထို့ကြောင့်လည်း သူ စိတ်မချမ်းသာ ဖြစ်နေရသည်။

သူနှင့် ခွဲခွာလာခါနီးတွင် သူက သူမကို ဖက်ပြီး ပြောခဲ့သေးသည်။

"လော်ရာ...ဒီကမ္ဘာမှာ မင်းတစ်ယောက်တည်းကိုသာ ငါချစ်ပါတယ် ...ကွယ်။ အခုလည်း ချစ်လျက်ပါ။ နောက်ကိုလည်း တစ်သက်လုံး ချစ်သွား ...မှာပါ။ ယုံပါ အချစ်ရယ်"

သူက ယင်းသို့ပြောပြီး သူမကို အားပါးတရ နမ်းလိုက်သည်။

သူ့အနမ်းသည် သူမ မျက်နှာပေါ်တွင် ယခုတိုင် နွေးထွေးလျက်ပင် ရှိသေးသည်။

သူမ၏ ဦးနှောက်ထဲ အသိတစ်ခု ရုတ်ခြည်း ၀င်လာသည်။

တကယ်တော့...ခရစ္စသည် လုံး၀ မပြောင်းလဲ။ ပြောင်းလဲတာက သူမသာ ဖြစ်သည်။

ခရစ္စအကြောင်းကို သူမ အကြွင်းမရှိ အလုံးစုံမသိတာကတော့ အမှန်။ ခရစ္စသည် သူမနှင့်ပေါင်းသင်းလာခဲ့သော ကာလတစ်လျှောက်လုံး လျှို့၀ှက် ချက်ကြီး တစ်ရပ်ကို သူ့ရင်ထဲ၌ မျှိုသိပ်ထားခဲ့သည်။ ယင်းလျှို့၀ှက်ချက်ကို သူက သူမအား ထုတ်ဖော် မပြောဘဲ နေခဲ့သော်လည်း လျှို့၀ှက်ချက်ကတော့

အမြဲတမ်း ရှိနေခဲ့သည်ပင်။ သို့ပေမဲ့ သူမသည် သူ့အား တစ်လျှောက်လုံး ချစ်လာခဲ့သည်။ သို့ဖြစ်လျှင် ယခုအချိန်တွင်ကော သူမက သူ့အား ဆက် လက်၍ ချစ်မြဲတိုင်း မချစ်နိုင်တော့ဘူးလား။

ဤမေးခွန်းကို သူမကိုယ်သူမ အရဲစွန့်၍ အတင်း မေးကြည့်သည်။ အဖြေက ထွက်မလာ။ သူမ အဖြေရှာ မရ။

သူမသည် ၂၄ နာရီလုံးလုံး အာကာသထဲတွင် လွင့်မျောလျက်ရှိ သည်။ သူမ စီးနင်း လိုက်ပါလာသော ဂျက်လေယာဉ်ကြီးသည် တစ်နည်း အားဖြင့် သူမနှင့် တူညီနေသည်။

ဖြူးဖွေးနေသော တိမ်လွှာများအောက်မှ ပထဝီမြေပြင်ကို လုံး၀ မမြင်ရ။ တစ်ခါတစ်ရံ သမုဒ္ဒရာ ရေပြင်ကျယ်ကြီးကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်လိုက်ရသည်။ အောက်ဘက်မှ ရေပြာပြာသည် အထက်မှ ကောင်းကင် ပြာပြာနှင့် လိုက်ဖက်ဟပ်မိနေသည်။

လေယာဉ်ပေါ် ရောက်နေသော သူမ၏အခြေအနေမှာ ဘာမှ ထူးခြား မှု မရှိ။ ပုံမှန် သံသရာထဲတွင် လည်နေသည်။

လေယာဉ်ခရီးသည်များအား အစားအသောက်မျိုးစုံကို အလျှံပယ် ကျွေးမွေးသော်လည်း သူမကတော့ စားသည်ဆိုရုံမျှ တို့ကနန်း ဆိတ်ကနန်း သာ စားသည်။ ကောက်တေးလ် အရက် တစ်ခွက် နှစ်ခွက် သောက်သည်။ ညစာ စားပြီးတော့ ကော်ဖီနှင့် အစာပိတ် အရက် အနည်းငယ် သောက်သည်။

ကောင်းကင်တစ်ခွင် တစ်ပြင်တွင် မှောင်ရိပ်သမ်းလာသောအခါ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်သည်။ နံနက် အရုဏ်တက် ရောင်နီလာသော အခါ အိပ်ရာမှ နိုးလာသည်။

ပြီးတော့...ရေမိုးချိုးသည်။ ဖြူရော်ဖျော့တော့နေသော မျက်နှာကို မိတ်ကပ်ခြယ်သည်။ ပွသရောင်းထနေသော ဆံပင်ကို ဖြီးသင်သည်။

တစ်ချိန်လုံးတွင် သူမသည် တစ်ယောက်တည်း ဖြစ်နေသည်။ တခြား ခရီးဖော်များနှင့် ကင်းကွာနေသည်။ သူမ၏ လှုပ်ရှားမှုမှန်သမျှသည် လည်း စက်ရုပ်တစ်ရုပ်၏ လှုပ်ရှားမှုမျိုးသာ ဖြစ်နေသည်။





တခြားခရီးဖော် တစ်ဦးဦးက ပြုံးပြလျှင် သူမကလည်း ပြုံးပြသည်။ ...စကားပြောရန် ပြော၍ မိတ်ဆက်လာလျှင်လည်း တစ်ခွန်း၊ နှစ်ခွန်းမျှသာ ...ပြောသည်။

သူမသည် ဘယ်နေရာမှာမှ မရှိ။ ဘယ်သူမှ မဟုတ်။ ဘာမှ မဟုတ်။

သူမအဖို့ အတိတ်လည်း မရှိတော့။ အနာဂတ်လည်း မရှိတော့။ ...တိတ်ကာလမှာ စိတ်ကူးယဉ် ကမ္ဘာထဲတွင် မျောပါသွားခဲ့ပြီ။ အနာဂတ် ...ကာလကိုလည်း ဘယ်လိုမှ ခန့်မှန်း၍ မရ။

**အိမ်ကို ပြန်မသွားတော့ဘဲ ဦးတည့်ရာကို ထွက်ပြေးသွားရ ကောင်း ...လား၊ သည်ဘ၀သည်မျှနဲ့ပဲ စာတ်မြုပ်လိုက်ရ ကောင်းမလား၊ ဟင့်အင်း... ဟင့်အင်း... ဒီလိုလုပ်လို့လည်း မဖြစ်သေးဘူး၊ မဖြစ်သေးဘူး၊ ငါသွားရမယ့် လမ်းက စီမံကိန်းချပြီးသား၊ စီမံကိန်းအတိုင်း အဆုံးရောက်အောင် ဆက် သွားရမှာက ငါ့တာဝန်...၊**

*

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ သူမ ရောက်ခဲ့ပြီ။ သူမ၏ ပတ်ဝန်းကျင်တွင် ဆံပင်နက်နက်၊ မျက်လုံးနက်နက်ဖြင့် အသားအရောင် တစ်မျိုးတည်းသာ ရှိသော လူတွေကိုသာ မြင်တွေ့နေရသည်။ သူမ မကြားဖူးသော ဘာသာ စကားနှင့် မကြားဖူးသော အသံဗလံများကိုသာ ကြားနေရသည်။

သို့သော် သူမမှာ ခရီးလမ်းညွှန် ပါလာသည်။ ရေနွှက အဆင်သင့် စီစဉ်ပေးလိုက်သည်။ တည်းခိုရမည့် ဟိုတယ်နာမည်နှင့် လမ်းနာမည် အပြင် အကောက်ခွန်ကိစ္စ ရှင်းလင်းပြီးနောက် ဟိုတယ်သို့ ဘယ်လို သွားရမည် ဆိုသော လမ်းညွှန်ချက်များ အပြည့်အစုံ ပါလာသည်။

လူငယ် အကောက်ခွန်အရာရှိ၏ အင်္ဂလိပ်စကားပြောသံ ကြားလိုက်ရတော့ သူမ အလွန်ဝမ်းသာ သွားမိသည်။

"မဒမ်က ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ ခင်ဗျ"

"အတိအကျတော့ မပြောတတ်သေးပါဘူး"

"အနည်းဆုံး နှစ်ပတ်လောက် ဆိုပါတော့"

"ဟုတ်ကဲ့။ အဲဒီထက်တော့ မပိုနိုင်ပါဘူး"

"နှစ်ပတ်ထက် ပိုနေမယ်ဆိုရင်တော့ သက်ဆိုင်ရာက ခွင့်တောင်းရလိမ့်မယ် ခင်ဗျာ"

"နှစ်ပတ်ထက်တော့ ပိုမယ် မထင်ပါဘူး"

အကောက်ခွန်အရာရှိက ပြုံးပြသည်။ သူ့သွားတွေက ညီညာဖြူဖွေးနေသည်။

"ဒီမှာက ကြည့်စရာ ရှုစရာ အလှအပတွေ အများကြီး ရှိပါတယ် မဒမ်။ ရက်ကြာကြာ နေနိုင်လေ ကောင်းလေပါပဲ"

သူမ မပြုံးခဲ့သည်မှာ ရက်အတန်ကြာခဲ့ပြီ။ သို့သော်... ယခုတော့ သူမ ပြုံးလိုက်ပါပြီ။ အကောက်ခွန် အရာရှိကလေး၏ အပြုံးကလည်း ရင်းနှီးလှိုက်လှဲသော အပြုံးမျိုး။

"ဟုတ်ကဲ့။ အများကြီး ကျေးဇူးတင်ပါတယ်ရှင်"

သူမကလည်း တကယ်ပင် လှိုက်လှဲဝမ်းသာ တုံ့ပြန်လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် သူမအနေဖြင့် စိတ်ကို ငြိမ်အောင်တော့ အစွမ်းကုန်ထိန်းထားရမည်။ စိတ်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်လျှင် ဘယ်အခက်အခဲမျိုးကို မဆို ကျော်လွှားနိုင်လိမ့်မည်။

ဟိုတယ်သို့ သွားရန် အငှားကားတစ်စီး ခေါ်လိုက်သည်။ အငှားကားက ဂျစ်ကားဟောင်း။ ဘေးပတ်လည်နှင့် အမိုးများကို သံဖြူပြားကပ်ပြီး သံနှင့် ရိုက်ထားသည်။ သို့သော် ကားဖြစ်လျှင်တော်ပြီ။ စီးလို့ဖြစ်လျှင် လုံလောက်ပြီ။

ဒရိုင်ဘာက လူငယ်။ ဖာထေးရာအပြည့်နှင့် မွဲခြောက်ခြောက်အရောင်





ကြမ်း ဝတ်စုံဟောင်းကို ဝတ်ထားသည်။ အင်္ဂလိပ်စကား မပြောတတ်။ သို့ပေမဲ့ သွက်သွက်လက်လက်ရှိပြီး ဖော်ရွေရွှင်ပျသည်။

သူက ဟိုတယ်နာမည်ကိုလည်း ချက်ချင်း မှတ်မိသည်။ ကားမောင်းလာခဲ့သည်မှာ သိပ်မကြာသေးဟု တွေးမိသည့် အချိန်မှာပင် တံ့ခနဲ ကားရပ်သွားသည်။

ဒရိုင်ဘာလူငယ်က ကားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းပြီး အထုပ် နှစ်ထုပ်ကို ဆွဲချကာ ဟိုတယ်ဘက်သို့ လှမ်းအော်လိုက်သည်။

ဟိုတယ်ထဲမှ ပေါ်တာ အလုပ်သမား တစ်ယောက် ပြေးထွက်လာသည်။ သူက ဒရိုင်ဘာလက်မှ ပစ္စည်းများကို လှမ်းယူလိုက်သည်။ ပြီးနောက် လော်ရာက ဒရိုင်ဘာအား ကားခ ရှင်းပေးနေသည်ကို ရပ်စောင့်နေသည်။ ဒရိုင်ဘာက သူ့လက်ညှိုးကောက်ကောက်ဖြင့် အကြွေတွေကို ကူညီရေတွက်ပေးသည်။

ဒရိုင်ဘာက သူ့သွားဖြူဖြူတွေကို ပြုံး၍ပြပြီး ကားပေါ်သို့ လွှားခနဲ တစ်စောင်း ခုန်တက်ကာ လူတွေပြည့်ကျပ်နေသော လမ်းအတိုင်း ပြန်လည်မောင်းထွက်သွားသည်။

သည့်နောက်မှာ...လော်ရာက ဟိုတယ်ထဲသို့ ဝင်လာခဲ့သည်။

ခရေစ္စက သူမထက် စော၍ ရောက်နှင့်ပြီ။ ဧည့်ခန်းစားပွဲပေါ်တွင် သံကြိုးစာ တစ်စောင် အဆင်သင့် ရောက်နေသည်။ ဟိုတယ်စာရေးက သူမနာမည်ကို ကြိုသိထားပြီ။

"အခန်းထဲမှာ ပန်းတွေလည်း အဆင်သင့် ရောက်နေပါပြီ...မဒမ်"

ဟိုတယ်စာရေးက သတင်းပေးသည်။

ပန်းဆိုသည်နှင့် ခရေစ္စအား ချက်ချင်း သတိရလိုက်မိပြန်သည်။

သံကြိုးစာကို လက်ထဲတွင်ကိုင်ကာ ဟိုတယ်စာရေး နောက်မှ သွက်လက် ရွှင်မြူးစွာဖြင့် လိုက်ခဲ့သည်။

တကယ်ပါပဲ။ အခန်းထဲတွင် ရောင်စုံပန်း တစ်စည်း အဆင်သင့် ရောက်နေသည်။

သူမက ဟိုတယ်လုလင်အား 'လက်ဖက်ရည်ဖိုး' ပေးပြီးတော့ အခန်းတံခါးကို ပိတ်လိုက်သည်။ ပြီးတော့မှ သံကြိုးစာအိတ် ဖွင့်ဖောက်လိုက်သည်။

ငါဟာ မင်းနဲ့အတူ ရှိနေပါတယ်...လော်ရာ။

ငါဟာ မင်းနဲ့အတူ နေ့ရောညပါ ရှိနေပါတယ်။

မင်းကိုချစ်သော

ခရစ္စ

ရင်ထဲတွင် သိမ့်ခနဲ ခံစားလိုက်ရပြီး မျက်ရည်တွေ သွန်ကျလာခဲ့သည်။ သူမ တသိမ့်သိမ့် ငိုနေမိပြီ။ ယခင်က ဘယ်တော့မှ မငိုခဲ့ဖူးသော မိန်းမ... ယခု ငိုနေမိပါပြီ။

မျက်ရည်များနှင့်အတူ ရင်ထဲတွင် တင်းကျပ်နေသော နာကျင်မှုတွေ ပျောပါသွားသလို ခံစားလိုက်ရသည်။

**ခရစ္စဟာ ငါ့ကို တကယ်ချစ်တာပါကလား။ သူဟာ တစ်ချိန်လုံး ငါ့ကိုပဲ သတိရနေတာပါကလား။ ငါဟာ တစ်နိုင်ငံတစ်ပြည်ခြား ရောက်နေပေမဲ့ အားငယ်စရာ မရှိတော့ဘူး။ ငါနဲ့အတူ ခရစ္စလည်း ရှိနေပြီပဲ...။**

သူမ ရပ်ဝေးမြေခြားသို့ ရောက်ရှိနေသော်လည်း သူမ၏ အိမ်ကို လှမ်းမြင်နေရသည်။ ခရစ္စ စားပွဲတွင် ထိုင်နေသည်ကို မြင်ရသည်။ ခရစ္စ တစ်ယောက်တည်း အဖော်မဲ့စွာ ထိုင်နေသည်။ သူမ မရှိ၍ သူ အဆွေးနေသည်။

**ဩော်... ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်ဂေဟာဆိုတာ သိရိဂေဟာပါကလား။ အဖိုး မဖြတ်နိုင်သော အိမ်ဂေဟာ ပါကလား။ အို... ထာဝရဘုရားသခင်... အဖိုးမဖြတ်နိုင်အောင် ကျက်သရေအပေါင်းနဲ့ ပြည့်စုံသော အိမ်ဂေဟာကို မှီတင်း နေထိုင်သူ လူသားတွေရဲ့ အားနည်းမှု၊ မိုက်မဲမှုကြောင့် ဘယ်တော့မှ ဖျက်ဆီးလို့ မရနိုင်ပါစေနဲ့...ဘုရားသခင်။**





သူမ စိတ်ရှည်ရမည်။ သည်းခံရမည်။ ခွင့်လွှတ်ရမည်။ ခွင့်မလွှတ်နိုင်သည် သောက စိတ်ကို ပွားစေသည်။ ထို့ကြောင့် သူမ ခွင့်လွှတ်ရမည်။ သူမ ဖိုးမကွာ အိမ်မကွာစေရန် ခွင့်လွှတ်ရမည်။ အိုးကွာအိမ်ကွာ ဖြစ်ခြင်းသည် အထီးကျန်ဘဝသို့ ရောက်ခြင်းပင် ဖြစ်သည်။ အထီးကျန် ဘဝရောက်ခြင်း လူတစ်ယောက်အဖို့ ဘဝပျက်ခြင်းပင် ဖြစ်သည်။

*

တောင်ထိပ်ပေါ်တွင် မေးတင်၍ ထွက်ပြူလာသော အရုဏ်ဦး အလင်းရောင်ကြောင့် သူမ အိပ်ရာမှ နိုးလာခဲ့သည်။

မနေ့ညက မြို့တွင်း လမ်းများကိုသာ တွေ့မြင်ခဲ့ရသည်။ ယခုမူ အိပ်ရာမှ ထ၍ ပြတင်းပေါက်တွင် သွားရပ်သောအခါ မြို့တော်တစ်ခွင်တစ်ပြင်လုံးကို မြင်ကွင်းကျယ် မြင်တွေ့ရသည်။

တောင်ကြားချိုင့်ဝှမ်းကြီးထဲတွင် ခေတ်မီ အိုးအိမ်တိုက်တာများနှင့် ထိပ်ဆို အိမ်ဟောင်းများ ရောပြွမ်းပြွတ်သိပ် စုပြုံနေကြသည်။ တောင်များပေါ်တွင် သစ်ကြီးဝါးကြီးတွေ မရှိ။ တောင်ရိုးကျောကုန်းကြီးတွေ ပြိုင်းပြိုင်းပေါ်နေသော ကျောက်တောင်ကြီးများ ဖြစ်သည်။ တောင်ခြေတွင် စရမ်းရောင်အရိပ်များ ထိုးနေပြီး တောင်ထိပ်များပေါ်တွင်တော့ ရွှေရောင် ဝင်းလျက်ရှိသည်။ ရှုမော ဘုံမခန်းစရာ အလှတစ်မျိုးပါပင်။

**ဒါပေမဲ့ စစ်သားကလေး ခရစ္စအနေနဲ့ တက်ရောက် တိုက်ခိုက်ခဲ့ရသော ဒီကျောက်တောင် ကျောက်ကမ်းပါးကြီးတွေပဲပေါ့။ သူ့မျက်လုံးထဲ ဘယ်လောက်များ ပင်ပန်းရှာလိမ့်မလဲ။ ဘယ်လောက်များ စိတ်ပျက်ရှာလိမ့်မလဲ။ ငါ ဘာကြောင့် စစ်တိုက် နေရပါလိမ့် ဆိုတာကိုလည်း မသိ။ အိမ်ကို အောက်မေ့စိတ်ကလည်း အမြဲတမ်း ဖြစ်ပေါ်နေတဲ့ စစ်သားကလေး၊**

**တစ်ယောက် အနေနဲ့ ဒီကျောက်တောင်ကြီးတွေကို နေပူမိုးရွာမရှော င် တက်ပြီး သေမင်းကို လိုက်ရှာနေကြရတာ ဘယ်လောက်များ စိတ်ဆင်းရဲ လိမ့်မလဲ...။**

သူမ၏ရင်တွင် စာနာသနားခြင်း လှိုင်းတံပိုးသည် အရှိန်ပြင်းစွာ ရိုက်ခတ်လာသည်။

သူသည် သည်အကြောင်းတွေကို သူမအား ပုံပြင်ပမာ စိကာသတ်ကာ ပြောပြခဲ့သည်။ သူမကလည်း ကိုယ်တိုင် ခံစားရသလို ညီတူညီမျှ ခံစား ရသည်။

သို့သော် သူက ဆွန်ယာ အကြောင်းကိုတော့ တစ်ခွန်း တစ်ပါဒမျှ မပြောပြခဲ့။ ကိုရီးယားမှ မမျှော်လင့်ဘဲ စာတစ်စောင် ရောက်လာတော့မှပင် ဆွန်ယာ့ အကြောင်းကို သူမ သိခဲ့ရတော့သည်။

သည်အကြောင်းကို တွေးမိပြန်တော့လည်း သူမ၏ ရင်သည် ဆို့ကျပ် လာသည်။ အသက် မရှူနိုင်အောင် ဖြစ်လာမိသည်။

နောက် တစ်နာရီခန့် အကြာတွင် သူမသည် ဟိုတယ် လှေကား ကျယ်ကြီးအတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဆောင်ကူး ဧရန်တာ ခန်းကို ဖြတ်ကာ နံနက်စာ စားရန် စားသောက်ခန်းမကြီးထဲသို့ ဝင်လာ သည်။

တစ်ခန်းလုံး လူတွေနှင့် ပြည့်ကျပ်နေသည်။ အများစုမှာ အမေရိကန် လူမျိုးတွေ ဖြစ်နေသည်။ အနောက်တိုင်း ဝတ်စုံ ဝတ်ထားသော ကိုရီးယား တိုင်းရင်းသားများကိုမူ မဆိုစလောက်သာ တွေ့ရသည်။

သူမသည် တံခါးဝတွင် ခေတ္တရပ်ကာ ထိုင်ခုံလပ် ရှိမရှိ ဝေ့ကြည့် လိုက်သည်။ ပန်းဥယျာဉ်ဘက်သို့ ဖွင့်ထားသော တံခါးပေါက် အနီးရှိ နှစ်ယောက် စားပွဲတွင် ထိုင်ခုံနေရာ လပ်နေသည်ကို တွေ့ရသည်။

စားပွဲတွင် ထိုင်နေသူက ကိုရီးယား အမျိုးသား။ အရပ်ရှည်ရှည်နှင့် လူလတ်ပိုင်း အရွယ်။ ဖြူရော်ရော် သူ့မျက်နှာက ခံ့ညား တည်ကြည်သော အသွင် ရှိသည်။





လော်ရာအနီးသို့ စားပွဲထိုး ရောက်လာသည်။

"ဝမ်းနည်းပါတယ်...မဒမ်။ လောလောဆယ်တော့ နေရာလပ် မရှိ ပါဘူး"

စားပွဲထိုးက တောင်းပန်စကား ဆိုသည်။

လော်ရာက ထိုင်ခုံဆီသို့ မေးထိုးပြရင်း...

"ကျွန်မ ဟိုနေရာမှာ ထိုင်လို့ ရမလား"

စားပွဲထိုးက ချက်ချင်း ပြန်မဖြေဘဲ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ထိုတော့မှ... စားပွဲမှ ထိုင်နေသော ကိုရီးယား အမျိုးသား ထံသို့ လျှောက် သွားပြီး စကား ပြောသည်။ ထိုသူက အံ့သြသွားဟန်ဖြင့် မျက်နှာ မော်ကြည့် သည်။ လော်ရာကို မြင်တော့ ထိုင်ရာမှ ထရပ်လိုက်သည်။

"ထိုင်နိုင်ပါတယ် ခင်ဗျား"

သူက လော်ရာအား တလေးတစား ဖိတ်ခေါ်သည်။

"ကျေးဇူးတင်ပါတယ်ရှင်" ဟု လော်ရာက ပြောပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ထို့နောက် နံနက်စာ မှာလိုက်သည်။ ပြတင်းပေါက်ဘက်သို့ မျက်နှာ မူ၍ ကြည့်လိုက်တော့ ပန်းဥယျာဉ်ကို လှမ်းမြင်ရသည်။ ဥယျာဉ်က ကျောက်တုံး ဥယျာဉ်။ ကျောက်တုံးတွေ ကြားထဲတွင် သဲဖြူမြေလွှာတွေ ရှိသည်။ မြေလွှာ များ ပေါ်တွင် ရောင်မျိုးစုံပန်းတွေ ဖူးပွင့်နေကြသည်။ ပန်းနွယ်များက ကျောက်တုံးတွေပေါ် တွားတက်နေကြသည်။ ပင်စည် ကောက်နေသော ထင်းရှူးပင်ကြီး တစ်ပင်က ရေကန်ဘက်သို့ ကိုင်းညွတ်နေသည်။

သူမသည် နံနက်ခင်း၏ လှပသောမြင်ကွင်းကို ကြည့်နေသော်လည်း စိတ်ထဲကတော့ သူမနှင့် တစ်စားပွဲတည်း ထိုင်နေသည့် အရပ်ရှည်ရှည်နှင့် လူကို သတိရနေသည်။ သို့သော် သူမက စကားတော့ မပြော။

ခဏအကြာတွင် ထိုသူကပင် စတင် နှုတ်ဆက်သည်။ သူ့အင်္ဂလိပ် စကားက ကောင်းလွန်းလှသည်။

"ကျွန်တော် မိတ်ဆက်ပါရစေလား ခင်ဗျား"

သူက မှတ်စုသားရေအိတ်ကလေးကို ထုတ်ကာ ကတ်ပြားကလေး တစ်ခု ဆွဲထုတ်လိုက်ပြီး လော်ရာ့ရှေ့မှ စားပွဲပေါ်တွင် တင်လိုက်သည်။ သူမက ကတ်ပေါ်မှနာမည်ကို အသံထွက်၍ ဖတ်လိုက်သည်။

"မစ္စတာချို့ယုရင်"

"ဟုတ်ပါတယ်ခင်ဗျား"

သူက ပြုံးပြီးပြောသည်။

"ကုန်သည် တစ်ယောက်ပါ။ ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းပါ။ ကျွန်တော်ပိုင် ကုမ္ပဏီ ရှိပါတယ်"

လော်ရာက သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ အကြင်နာတရား ရှိသော မျက်နှာရိပ် ပေါ်လွင်နေသည်။

"မင်္ဂလာ နံနက်ခင်းပါ...မစ္စတာချို့"

မစ္စတာချို့က ဦးညွှတ်လိုက်ပြီး...

"တစ်ယောက်တည်း ခရီးထွက်လာတာပါလား...မဒမ်"

"ဟုတ်ပါတယ်။ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ပါ"

"တော်တော်ကြာမယ် ထင်ပါရဲ့"

"သိပ်ကြာမယ် မထင်ပါဘူး။ ကျွန်မကို တလွဲ မထင်ပါနဲ့ရှင်။ ကျွန်မ ဟာ ကိုယ်ရေးကိုယ်တာကိစ္စကြောင့်ပဲ အိမ်ကို သိပ်ပြီး ပြန်ချင်နေလို့ပါ။ ဒါကြောင့်မို့ ကျွန်မအနေနဲ့ ရှုခင်းသာတွေ လိုက်ကြည့်နေဖို့ အချိန်မရပါဘူး။ ဒီလို ပြောရတာ ကျွန်မ တောင်းပန်ပါတယ်။ တကယ်တော့ ကျွန်မ ဒီမှာ သုံးလေးရက်လောက်ပဲ နေနိုင်မှာ မို့လို့ပါ"

မစ္စတာချို့နှင့် စကားပြောရသည်မှာ သက်တောင့်သက်သာ ရှိသည်။ စိတ်ချယုံကြည်ခြင်းလည်း ဖြစ်မိသည်။

မစ္စတာချို့က လက်ထဲမှ ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ပြားပေါ် ပြန်ချ လိုက်သည်။ သူ စားနေတာက အမေရိကန် နံနက်စာ။ ဝက်ပေါင်ခြောက်၊ ကြက်ဥဟပ်ဘွိုင်၊ ပေါင်မုန့်မီးကင်၊ ကော်ဖီနှင့် သစ်သီးစုံ။

"ကျွန်တော့် စကားမှားရင် ခွင့်လွှတ်စေချင်ပါတယ် ခင်ဗျား။





ကျွန်တော်က မဆိုင်တာ စပ်စုတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့... ကျွန်တော့် စိတ်သက် မမေ့နိုင်တဲ့ ကိစ္စမို့ ကြုံတုန်း ရင်ဖွင့်ရတာပါ။ ကျွန်တော်ဟာ မဒမ်တို့ နိုင်ငံမှာ ကျောင်းသားဘဝနဲ့ တော်တော်ကြာကြာ နေခဲ့ဖူးပါတယ်။ ပျော်လည်း အလွန် ပျော်ခဲ့ရပါတယ်။ ၁၉၃၅ ခုနှစ်တုန်းက ယေးတက္ကသိုလ် ကျောင်းသားဘဝနဲ့ပါ။ အခုလည်း စီးပွားရေးကိစ္စနဲ့ ပတ်သက်လို့ တစ်နှစ် တစ်ခေါက် ဆိုသလို မပြတ် ရောက်ပါတယ်။ ကျွန်တော့် ကုမ္ပဏီက မဒမ်တို့ နိုင်ငံက ထိပ်တန်း ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေနဲ့ ဆက်သွယ် လုပ်ကိုင်နေပါတယ်။ အမေရိကားကို သွားလည်ရတာ ကျွန်တော် အလွန် ပျော်ပါတယ်။ မဒမ်တို့ လူမျိုးတွေကလည်း အလွန် ဧည့်ဝတ် ကျေပွန်၏ပါ တယ်"

သူက စကားဖြတ်၍ ဆက်ပြောသည်။

"ဒါနဲ့...မဒမ် အခု ကိုရီးယားကို လာတာ ပထမ အခေါက်ပဲလား ခင်ဗျား"

"ဟုတ်ပါတယ်။ ပထမအခေါက်ပါ"

မစ္စတာချို့က စကားပြတ်သွားပြန်သည်။ လော်ရာက သူ့မျက်နှာကို စေ့စေ့ကြည့်နေသည်။ သူ့မျက်လုံးများက နက်မှောင်နေသည်။ မေးခွန်း ထုတ်နေသော မျက်လုံးများ...။

သို့သော် လော်ရာက ဘာမှ မပြောဘဲ ငြိမ်နေသည်။ စားပွဲထိုးက သံပုရာရည်၊ ကော်ဖီ၊ ကြက်ဥနှင့် ပေါင်မုန့်မီးကင်များ လာချသည်။

စားပွဲထိုး ပြန်ထွက်သွားတော့မှ မစ္စတာချို့က ဆက်ပြောပြန်သည်။

"ကျွန်တော် တစ်ခုခု မှားသွားရင် ခွင့်လွှတ်ပါ မဒမ်။ အမေရိကန်နိုင်ငံ က ကျွန်တော့်အပေါ် အများကြီး ဧည့်ဝတ် ကျေပွန်လိုက်ပေမဲ့ ကျွန်တော့် ဘက်က ကျေးဇူးပြန်ဆပ်ဖို့ အခွင့်အရေး အလွန် ရှားပါတယ်။ ဒါကြောင့်မို့လို့ မဒမ် အနေနဲ့ ဒီနိုင်ငံမှာ လိုအပ်တဲ့ အကူအညီ ရှိရင် အားမနာပါနဲ့။ ပြောသာ ပြောပါ။ ကျွန်တော် တတ်နိုင်တဲ့ဘက်က ကူညီပါရစေ။ မဒမ်ကို ကျွန်တော့် ဇနီးနဲ့ မိတ်ဆက် ပေးခွင့်ရရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် တွေးမိပါ

တယ်။ ဒါပေမဲ့ ကျွန်တော့်ဇနီးက မနှစ်ကပဲ ဆုံးသွားရှာပါတယ်။ အခုဆိုရင် ကျွန်တော်ဟာ ဒီဟိုတယ်မှာပဲ တစ်ယောက်တည်း အခန်းငှား နေပါတယ်။ စနေ၊ တနင်္ဂနွေ ကျတော့မှ တောက အိမ်ကို ပြန်ပါတယ်။ အိမ်မှာ ကျွန်တော့် အမေ နေပါတယ်။ ကျွန်တော့် သားကတော့ ကျွန်တော် တက်ခဲ့တဲ့ မဟာ တက္ကသိုလ်မှာပဲ တက်နေပါတယ်။ ကျွန်တော့်မှာ အဲဒီ သားတစ်ယောက်ပဲ ရှိပါတယ်"

လော်ရာက မစ္စတာချီအား အကဲခတ်ရင်း စိတ်ဝင်စားစွာ နားထောင်သည်။ မစ္စတာချီသည် ရုပ်ရည် ချောမောသလောက် လေးစားခင်မင်စရာ ကောင်းလှသော လူကြီးလူကောင်း တစ်ယောက်ဟု သဘောပိုက်မိသည်။

သူက အရပ်လည်း ရှည်သည်။ ဝတ်ထားသော ဝတ်စုံကလည်း အင်္ဂလန်ချုပ် မီးခိုးရောင် အကောင်းစား ဝတ်စုံ။ ဆံပင်က နားသယ် နှစ်ဖက်တွင် နည်းနည်းပါးပါး အဖြူရောင် သမ်းစပြုနေသည်မှတစ်ပါး နက်မှောင်နေသည်။ မျက်လုံးကလည်း အနက်ရောင်။ မျက်လုံး အရောင်က လွဲလျှင် သူ့ကို အီတာလျံ တစ်ယောက်။ သို့မဟုတ် စပိန်တစ်ယောက်ဟု ထင်မှတ်စရာရှိ သည်။ သို့သော် သူ့မျက်လုံးတွေက အာရှတိုက်သား မျက်လုံးများ

ဘယ်လိုပင်ဖြစ်ဖြစ် သူ့ ကြည့်ရသည်မှာ ပွင့်လင်းသည်။ သိက္ခာရှိသည်။ လေးစားစရာ ကောင်းသည်။

ထို့ကြောင့်... လော်ရာက သူမ၏ လက်ကိုင်အိတ်ကို အလိုအလျောက် ဖွင့်မိလျက်သား ဖြစ်သွားသည်။

သူမက ကတ်ပြားကလေး တစ်ခုကို ထုတ်ယူလိုက်သည်။ ကတ်ပြားလေးပေါ်တွင် ဆွန်ယာ၏ နေရပ်လိပ်စာကို ရေးကူးပေးလိုက်သည်။

"ဒီလိပ်စာ ဘယ်မှာ ရှိပါသလဲ။ ကျေးဇူးပြုပြီး ကြည့်ပေးပါရှင်"

မစ္စတာချီက လိပ်စာကတ်ကို ကြည့်သည်။ သူ့မျက်နှာ တည်သွားသည်။

"ဒီလိပ်စာက တော်တော်ရှာရခက်တဲ့ နေရာပါကလား။ တောင်ဘက် မြို့ပြင်ကို တော်တော်လေး ဝေးပါတယ်။ မဒမ် ဘယ်လိုသွားမှာလဲ။ ကားနဲ့ပဲ သွားရမှာပေါ့"





"ဟုတ်ပါတယ်။ တက္ကစီ ငှားသွားမယ်လို့ စိတ်ကူးထားပါတယ်"

"တစ်ယောက်တည်း သွားမှာလား"

"ကျွန်မမှာ ဒီမှာ အသိတစ်ယောက်မှ မရှိပါဘူး"

မစ္စတာချီက စဉ်းစားနေသည်။ ပြီးတော့မှ...

"အမေရိကန် သံရုံးက တစ်ယောက်ယောက် ခေါ်သွားရင် ပိုကောင်း ... ခင်ဗျာ"

"အို... အဲဒါတော့ မဖြစ်နိုင်ဘူးရှင့်"

သူမက ခပ်မြန်မြန် ဖြတ်ပြောလိုက်သည်။

"ကျွန်မကိစ္စက ကိုယ်ရေးကိုယ်တာ ကိစ္စမို့လို့ပါ"

သူက လိပ်စာကတ်ပြားကို ပြန်ပေးသည်။ လော်ရာက ကတ်ကို ...က်ကိုင်အိတ်ထဲ ပြန်ထည့်လိုက်သည်။

မစ္စတာချီသည် ဘာမှ ပြန်မပြောဘဲ ကြက်ဥနှင့် ကော်ဖီကို လက်စ ...တ်ရင်း စဉ်းစားခန်း ထုတ်နေသည်။ စားပြီးသွားသောအခါ ပန်းကန် ...များကို ဘေးသို့ ဖယ်လိုက်သည်။

"ကျွန်တော့်ကို လိုက်ခွင့်ပြုနိုင်ပါ့မလား"

သူက ဖြတ်ခနဲ မေးလိုက်သည်။

သူမ အံ့အားသင့်သွားသည်။

"အို...မဖြစ်နိုင်ဘူးထင်ပါတယ်။ ရှင်က အလုပ်လည်း အားမှာ မဟုတ် ...ပါဘူး"

"ကျွန်တော့် အလုပ်မှာ ကျွန်တော် ဆရာပါ။ ကျွန်တော့် ရုံးခန်းကို ...တယ်လီဖုန်းဆက် လိုက်ရုံပါပဲ။ ကျွန်တော့်ကို စိတ်ချယုံကြည်စေချင်ပါတယ် ...မသံ။ အမေရိကန် အမျိုးသမီး တစ်ယောက်အနေနဲ့ ဒီလို ခေါင်တဲ့နေရာ ...မျိုးကို တစ်ယောက်တည်း သွားလို့ မသင့်တော်ပါဘူး။ မဒမ် ဆန္ဒရှိရင် ကျွန်တော့် အတွင်းရေးမှူး စာရေးမကိုပါ ခေါ်သွားလို့ ရပါတယ်။ အင်း... ကျွန်တော်နဲ့ မရင်းနှီးသေးတော့လည်း ဒီလိုပဲ ဖြစ်ရမှာပေါ့လေ"

"အို...ဒီလို မဟုတ်ပါဘူးရှင်"

သူမက နောက်ထပ် စကားဆက်မပြောနိုင် ဖြစ်နေမိသည်။

"မဒမ်က ကိုယ်ရေးကိုယ်တာ ကိစ္စလို့ ပြောတယ်။ အဲဒီမှာ ကျွန်တော်က တက္ကစီ ကားထဲမှာ စောင့်ကျွန်ရစ်ခဲ့ရင်ကော မဖြစ်ဘူးလား ခင်ဗျာ"

သူမ စိတ်လှုပ်ရှား လာသည်။

"တကယ်တော့ ကျွန်မ ကိစ္စလည်း မဟုတ်ပါဘူး။ ကျွန်မ ခင်ပွန်းနဲ့ ပတ်သက်တဲ့ကိစ္စ တစ်ခုအတွက်ပါ"

"ဪ... ဒီလိုဆို မဒမ်က အိမ်ထောင်နဲ့ကိုး"

"ဟုတ်ပါတယ်။ ကျွန်မနာမည် မစ္စက် ဝင်းတား...။ မစ္စက် ခရစ္စတိုဖာဝင်းတားပါရှင်"

"ဘယ်က လာတာပါလဲ"

"ဖီလာဒေးလ်ဖီးယားကပါ"

သူက ပြုံးလိုက်သည်။ စောစောက တည်နေသော သူ့မျက်နှာတွင် ထူးခြားသော အရောင်တစ်မျိုးဖြင့် ထိန်လင်းသွားသလို ထင်ရသည်။

"အား...လတ်စသတ်တော့ မစ္စက်ဝင်းတားက ဖီလာဒေးလ်ဖီးယားကကိုး။ မမျှော်လင့်ဘဲ အခုလို တွေ့ရတာ ဝမ်းသာလိုက်တာဗျာ။ ဖီလာဒေးလ်ဖီးယားက သိပ်ပြီးလှတဲ့ မြို့တစ်မြို့ပဲ။ ကျွန်တော် အကြိုက်ဆုံး မြို့တစ်မြို့ပေါ့။ ကျွန်တော်က ခရစ္စမတ် ကျောင်းပိတ်ရက်တိုင်း ဖီလာဒေးလ်ဖီးယားမြို့ကို သွားလည်တာပဲ ခင်ဗျာ။ အဲဒီမှာ ဒေါက်တာ ဟမ်းစ်ဝပ်သ်တို့ ဇနီးမောင်နှံ ရှိတယ်။ မစ္စက်ဝင်းတား သိပါသလား"

"ဟို...ကမ္ဘာကျော် အရှေ့တိုင်းယဉ်ကျေးမှု ပါရဂူကြီးကို ပြောတာလား"

"အား...ဟုတ်လိုက်လေ ခင်ဗျား။ သူ့ကို မစ္စက်ဝင်းတား သိသလားဟင်"

"ရင်းတော့ မရင်းနှီးပါဘူး။ ဆုံဖူးရုံပါ"





"ဒါဆို ခင်ဗျား သူ့ကို ကောင်းကောင်းမှတ်မိတာပေါ့။ ဒီပုဂ္ဂိုလ်ကြီးက ...ကြိမ် မြင်ဖူးရင် တစ်သက် မမေ့နိုင်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ကျွန်တော်က ...ကို အမေရိကန် ဖေဖေလို့ ခေါ်တယ်။ အခုဆိုရင် ဆရာကြီး တော်တော် ...လှရောပေါ့။ ကျွန်တော်တော့ အမေရိကန်ရောက်တိုင်း သူ့ကို အမြဲတမ်း ...ကန်တော့ပါတယ်။ သူကလည်း ကျွန်တော့်ကို ကိုရီးယား သားသားလို့ ...ခေါ်တယ်။ ပြီးတော့ ကျွန်တော့် သားလည်းပဲ အမေရိကမှာ ပညာသင်နေ ...နိုး ကျွန်တော့် အစဉ်အလာကို ဆက်လက် ကျင့်သုံး နေပါတယ်။ ကျောင်း ...ပိတ်တိုင်း ဆရာကြီးတို့ လင်မယားနဲ့ အတူ အဲဒီ အလွန်လှတဲ့ ရှေးဟောင်း ...အိမ်ကြီးမှာ သွားပြီး အချိန်ဖြုန်းပါတယ်။ အင်း... ဒါနဲ့ ဆရာကြီးကတော် ...သက် မရှည်ခဲ့တာ စိတ်မကောင်းပါဘူးဗျာ။ ဆရာကြီးကတော်က ကျွန်တော် တက္ကသိုလ် တက်နေတုန်းမှာ ဆုံးသွားရှာတယ် ခင်ဗျာ"

လော်ရာအနေဖြင့် မစ္စတာချိုအပေါ်တွင် အကြွင်းမဲ့ ယုံကြည်သွားခဲ့ပြီ။ ...တ်ကိုလည်း တုံးတုံးချပြီး ဆုံးဖြတ်လိုက်သည်။ သူမ ကံကောင်းပါသည်။ ...မှုမတွင် မိတ်ဆွေကောင်း တစ်ယောက် ရခဲ့ပြီ။

သို့ဖြင့် သူမက တည်ငြိမ်စွာ ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်မနဲ့အတူ လိုက်ခဲ့ပါ...မစ္စတာချို"

"ကောင်းပါပြီ မစ္စက်ဝင်းတား၊ စားသောက်ပြီးတော့ သွားကြတာပေါ့"

*

လော်ရာသည် ဆိုးလ်မြို့ထဲတွင် တစ်လမ်းဝင် တစ်လမ်းထွက် ကားစီးလာရင်း ဆုံးဖြတ်ချက်တစ်ခုကို အပြတ်ချမှတ်လိုက်သည်။ ဆုံးဖြတ်ချက်က တခြား မဟုတ်။ သူမအနေဖြင့် ဘယ်ကိစ္စကိုမှ ရှင်းလင်း ပြောပြခြင်း မပြုရန် ဖြစ်သည်။ သူမသည် ဤသင်ခန်းစာကို ကလေးဘဝကပင် ရလာခဲ့သည်။

အကြောင်း တစ်ခုခုကြောင့် မိခင်ကြီးက ဆူပူကြိမ်းမောင်းခြင်း၊ ရွယ်၍ ပြောဆိုခြင်း ပြုလာလျှင် သူမက ဘာမှ ပြန်မပြောဘဲ 'ဟုဏ်ဘာဝေ' ဝါ၏ ကျင့်သုံးကာ ငြိမ်၍သာ နေလိုက်တော့သည်။

တစ်ပါးသူ ထံမှလည်း ရှင်းလင်းချက် မတောင်း။ မိမိကလည်း ရှင်းလင်းချက် မပေးခြင်းဖြင့် သူမအဖို့ ကလေးဘဝ၊ မိသားစုဘဝနှင့် အိမ်ထောင်ရှင်မ ဘဝများတွင် စိတ်ချမ်းသာမှုကို ရရှိခဲ့သည်။

ယခုလည်း မစ္စတာချိုနှင့်အတူ လှပသည်ကားသော လမ်းများ၊ ပန်းခြံ များကို ဖြတ်ကာ အငှားကား စီးလာစဉ် သူမသည် စကားကို လိုအပ် သလောက်သာ ပြောလာခဲ့သည်။ မစ္စတာချိုက အလွန် ဖော်ရွေသည်။ အလွန် ယဉ်ကျေးသည်။ စကားပြောလည်း လိမ္မာသည်။

သူက လမ်းတွင် ဖြတ်ကျော်လာသော အထိမ်းအမှတ် ရုပ်တုများ၊ ကျောက်တိုင်များနှင့် အဆောက်အအုံများ အကြောင်းကို လော်ရာအား ရှင်းပြ လာသည်။ လော်ရာအား အမေရိကသို့ မပြန်ခင် ရှေးဟောင်း နန်းတော်များ နှင့် အသစ် တည်ဆောက်ထားသော အမျိုးသားပြတိုက်ကို သွားကြည့်ရန် လည်း တိုက်တွန်းသည်။

လော်ရာက ဘာမှ ပြန်မပြောဘဲ အပြုံးဖြင့်သာ တုံ့ပြန်သည်။ သို့သော် အချိန်ရလျှင် မစ္စတာချို ဖိတ်ခေါ်သည့် နေရာများသို့ သွားလည်မည်ဟုတော့ ရည်ရွယ်ထားသည်။

သူမက မစ္စတာချို၏ ရုပ်ရည်နှင့် အပြောအဆိုကို နဂို ကတည်းက သဘောကျပြီးသား။

သူမသည် ယောကျ်ားတွေနှင့် ဆက်ဆံရာတွင် ကျင့်သားရ နေပြီ။ သိပ္ပံပညာရှင် တစ်ယောက်အဖြစ် ယောကျ်ားတွေ အများကြီးနှင့် လက်တွဲပြီး သုတေသန လုပ်ငန်းတွေ အများကြီး လုပ်ဖူးခဲ့ပြီ။ ထို့ကြောင့် သူမအနေဖြင့် ဘယ်ယောကျ်ားနှင့် မဆို ရှက်ရွံ့ တွန့်ဆုတ်ခြင်း မရှိဘဲ တန်းတူ ဆက်ဆံရဲ သည်။

သို့သော်... ယခု မစ္စတာချိုကတော့ သူမအဖို့ လူသစ် ဖြစ်နေသည်။





မြင်ပန်း အနေအထားထက် အတွင်းသဘော အနေအထားက ပို၍ စိမ်းနေ သည်။

သူက သူမ မျှော်လင့်တာထက် ပို၍ ယဉ်ကျေး ဖော်ရွေလွန်းနေသည်။ သူမ မျှော်လင့်တာထက် ပို၍ လည်ပတ် လိမ္မာလွန်းနေသည်။ ထို့ကြောင့် သူ့ကို အကြွင်းမဲ့ နားလည်ရန် မလွယ်။

ပထမတွင် သူမ၏ ရုတ်တရက် ဖြစ်ပေါ်လာသော စောဆန္ဒကြောင့် မစ္စတာချို အပေါ်တွင် အချိန်တိုအတွင်း ယုံကြည်မိခဲ့ခြင်းဖြစ်သည်။ ယခုတော့ သူမ သံသယ ဝင်လာမိပြီ။

သူမသည် ဓာတ်ခွဲခန်းထဲတွင် နာရီပေါင်းများစွာ သုတေသန လုပ်ခဲ့ သော စိတ်ရှည်ခြင်း ပညာကို ရခဲ့သည်။ ယခုလည်း ယင်းပညာဖြင့်ပင် မစ္စတာချိုအား သူမ အကဲခတ် လေ့လာနေသည်။

သူက ယောကျ်ားပီသသည်။ အသိဉာဏ်လည်း ရှိသည်။ သွက်လက် ချက်ချာသည်။ သို့သော် အသိခက်သော 'မင်'တော့ ရှိသည်။ သူက ပွင့်လင်း သည်။ ရှက်ရွံ့ခြင်း လုံးဝမရှိ။ သို့သော်... သူ စကားပြောသောအခါ မပြောဘဲ ချန်ထားတာတွေ အများကြီး ကျန်နေသေးသည်ဟု လော်ရာက ယူဆသည်။ ထို့ကြောင့်... လိမ္မာပါးနပ်သော မေးခွန်းများကို လော်ရာက သတိနှင့် ဖြေနေ ရသည်။

"မစ္စက်ဝင်းတားက အနုပညာရှင် တစ်ယောက် ထင်ပါတယ်"

"မဟုတ်ပါဘူး။ ရှင်က အဲဒီလို ဘာကြောင့်ထင်သလဲ"

"မစ္စက်ဝင်းတားရဲ့ ပြောပုံဆိုပုံနဲ့ အမူအရာကိုကြည့်ပြီး ကျွန်တော်က ထင်မိတာပါ"

"ကျွန်မက သိပ္ပံပညာရှင်ပါ"

သူ တော်တော်ကို စိတ်ဝင်စားသွားသည်။

"အမျိုးသမီးနဲ့ သိပ္ပံပညာရှင်။ ကျွန်တော့်အထင်တော့ ဆန့်ကျင်ဘက် ကြီးလိုပဲ ခင်ဗျာ"

"ရှားတော့ ရှားပါတယ်။ ဒါပေမယ့် မဆန့်ကျင်ပါဘူး။ အတူတူသဖြင့်

ကျွန်မတို့ နိုင်ငံမှာ မဆန်းကျင်ပါဘူး။ ကျွန်မက အဏ္ဏဝါဗေဒ သိပ္ပံပညာ ပါ။ ရှင့်လိုပဲ အဏ္ဏဝါဗေဒ ဆေးသိပ္ပံ ပညာရှင် တစ်ယောက် ဆိုပါတော့

"ဒါဆို မစ္စက်ဝင်းတားက ဆေးဝါး ဖော်စပ်ဖို့အတွက် ရေအော သုတေသန လုပ်တာပေါ့နော်။ ကျွန်တော်တို့ ကိုရီးယား လူမျိုးတွေလည်း ပင်လယ်ထွက် ပစ္စည်းတွေနဲ့ ဆေးဝါး ကုသ နေကြပါတယ်"

"ဟုတ်ပါတယ်။ ကျွန်မ တစ်ခါတလေ ရေအောက် သုတေသ လုပ်ပါတယ်။ လက်ထပ်ပြီးတော့မှ သိပ်မလုပ်တော့ပါဘူး"

"ဘယ်လို သုတေသနမျိုး လုပ်ပါသလဲ"

"ကျွန်မ နောက်ဆုံးလုပ်ခဲ့တဲ့ သုတေသန လုပ်ငန်းကတော့ ပနားမ ကမ်းခြေ စူးစမ်းရေး လုပ်ငန်းပါ။ အဲဒီမှာ ကျွန်မ ရေပေါ်မျော ပိုးမွှား သုတေသန လုပ်ခဲ့ပါတယ်"

"မစ္စက်ဝင်းတား တစ်ယောက်တည်းပါလား"

"မဟုတ်ပါဘူး။ ကျွန်မနဲ့အတူ အခြား သိပ္ပံပညာရှင် သုံးယောက် လည်း ပါတယ်။ ကျွန်မတို့က သမုဒ္ဒရာနဲ့ ပတ်သက်ပြီး ရေအောက် ကြမ်းပြင် ပုံပန်းသဏ္ဍာန်။ ကွန်တို အနေအထား။ ရေအမျိုးအစား။ ရေစီးအကြောင်း။ ရေနေ သက်ရှိအပင်တွေ။ သတ္တဝါတွေအားလုံး လေ့လာတယ်။ သမုဒ္ဒရာရဲ့ ဓာတုဗေဒနဲ့ ရူပဗေဒ သဘာဝတွေ အားလုံးပါပဲ။ အဲဒီလို လေ့လာတဲ့အခါ တာဝန်ခွဲပြီး လေ့လာကြပါတယ်။ ကျွန်မ တာဝန်ကတော့ ရေနေအပင်တွေနဲ့ ရေနေ သတ္တဝါတွေရဲ့ ဆက်နွယ်မှုပါပဲ"

"ဟုတ်ကဲ့။ သူတို့က တစ်မျိုးနဲ့ တစ်မျိုး ဆက်စပ်နေတဲ့ ရေသတ္တဝါ တွေပဲ။ သိပ်ပြီး အရေးပါပါတယ်။ ကျွန်တော်တော့ မစ္စက်ဝင်းတားရဲ့ လုပ်ငန်းအတွက် သိပ်ပြီး ဂုဏ်ယူမိပါတယ်။ အံ့လည်း အံ့ဩပါတယ်"

လော်ရာက ဘာမှ ပြန်မပြော။ အဘယ့်ကြောင့်ဆိုသော် သူတို့ စီးလာ သော ကားသည် အုတ်တိုက်ကြီး နှစ်ခုကြားတွင် ညပ်နေသော တိုက်ခံအိမ် ကလေး တစ်ခုရှေ့တွင် ရုတ်တရက် ထိုးရပ်လိုက်သောကြောင့် ဖြစ်သည်။

မစ္စတာချို့က တက္ကစီ ဒရိုင်ဘာအား တစ်စုံတစ်ရာ ပြောသည်။





ဒရိုင်ဘာက ခေါင်းညိတ်ပြသည်။ ထို့နောက် မစ္စတာချို့က လော်ရာဘက်သို့ လှည့်ကာ...

"ကျွန်တော်တို့ ရောက်ပြီ မစ္စက်ဝင်းတား။ မစ္စက်ဝင်းတား ခွင့်ပြုမယ် ဆိုရင် ကျွန်တော်ကပဲ အရင် မိတ်ဆက်ပေးပါရစေ။ ပြီးတော့...ကျွန်တော်က အပြင်ဘက်က စောင့်နေပါ့မယ်"

နဖူးတွေ့ ဒူးတွေ့ တွေ့ကြရတော့မည်။ သူမ တစ်ယောက်တည်း တွေ့ချင်။

"အပြင်က စောင့်မနေပါနဲ့ မစ္စတာချို့။ ကျွန်မနဲ့ အတူတူပဲ လိုက်ခဲ့ပါ။ ကျွန်မက ကိုရီးယားစကား မတတ်ပါဘူး။ မစ္စတာချို့ကပဲ စကားပြန် လုပ်ပေး စေချင်ပါတယ်။ ကျွန်မ တစ်ခု ပြောဦးမယ်။ ကျွန်မက ကလေး တစ်ယောက်နဲ့ သူ့အမေကို တွေ့ချင်လို့ လာခဲ့တာပါ"

"ဟုတ်ကဲ့... ရပါတယ်"

မစ္စတာချို့က တက္ကစီပေါ်မှ ဆင်းကာ ဒရိုင်ဘာအား လက်ကာပြပြီး ကားထဲတွင် စောင့်နေရန် အရိပ်ပြလိုက်သည်။

"ကဲ... မစ္စက်ဝင်းတား။ ကျွန်တော် အရင်သွားစုံစမ်း ကြည့်လိုက် ပါဦးမယ်။ ဒါနဲ့ သူ့နာမည် ဘယ်လို ခေါ်ပါသလဲ"

"မစ္စ...မစ္စက်...ကင်...။ ဟုတ်ပါတယ်...မစ္စက်ကင်ဆွန်ယာတဲ့"

မစ္စတာချို့က အိမ်ရှေ့တံခါးဝသို့ လျှောက်လာသည်။

တစ်ဝက် ပွင့်နေသော သစ်သားတံခါးကို ခေါက်လိုက်ပြီး ခပ်ကျယ် ကျယ် ချောင်းသံ ပေးလိုက်သည်။

မကြာမီတွင် အဘွားကြီး တစ်ယောက် တံခါး လာဖွင့်ပေးသည်။ အဘွားကြီးသည် ဟောင်းနွမ်းသော အနက်ရောင် ချည်ဂါဝန်ကို ဝတ်ထား သည်။ အကျီက အစိမ်းရောင်။

မစ္စတာချို့က တစ်စုံတစ်ရာကို ပြောလိုက်သည်။ အဘွားကြီးက ခေါင်းညိတ်ပြသည်။ မစ္စတာချို့က ထပ်ပြောသည်။ အဘွားကြီးက ခေါင်းခါ ပြသည်။

မစ္စတာချို ကားဆီသို့ ပြန်လာသည်။

"မစ္စကင် အိပ်နေတယ်တဲ့ မစ္စက်ဝင်းတား။ သူက ညဘက်မှာ အလုပ် လုပ်ရတယ်။ ဒါကြောင့်မို့ အိပ်ရာထ နောက်ကျတာတဲ့။ ခုနက အဘွားကြီး က သူ့အမေပဲ။ သူက ■က်ဝင်းတားကို အိမ်ပေါ်တက်ဖို့ ဖိတ်ပါတယ်။ သူ့သမီးကို အဘွားကြီး နှိုးပေးလိမ့်မယ်"

လော်ရာ ခဏ စဉ်းစားနေပြီးတော့မှ...

"ဒီအိမ်မှာ ကလေးတစ်ယောက်ကော ရှိသလား"

မစ္စတာချိုက အဘွားကြီးကို သွားမေးသည်။ အဘွားကြီးက တစ် တစ်ရာ ပြန်ပြောသည်။

မစ္စတာချို ပြန်လာကာ လော်ရာအား ဘာသာပြန်ပြောသည်။

"ကလေးတစ်ယောက်လည်း ရှိတယ်တဲ့"

"ယောကျ်ားကလေးလား"

"ဟုတ်ပါတယ်"

"အခု သူ ရှိသလား"

မစ္စတာချိုမှာ အဘွားကြီးဆီ ပြေးမေးရပြန်သည်။ အဘွားကြီးက ခေါင်းခါပြသည်။ စိတ်ဆိုးမာန်ဆိုးဖြင့် စကားလည်း ကျယ်ကျယ်ပြောသည်။ မစ္စတာချိုက တိုးတိုးပြောရန် လက်ကာပြသည်။

ပြီးတော့ လော်ရာဆီ လာပြီး ပြန်ပြောသည်။

"ကလေး လောလောဆယ် အိမ်မှာ မရှိဘူး။ အဘွားက ပြောတော့ ကလေးက သိပ်ပြီး ဆိုးတယ်တဲ့။ အမြဲတမ်း အိမ်ကထွက်ပြေး တတ်တယ် တဲ့။ ထမင်း မစားရတော့မှ အိမ်ပြန်လာတတ်တယ်တဲ့။ ဒီကလေးကြောင့် သူနဲ့ သူ့သမီးတို့မှာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေကြရတယ်။ သူ့ အပြောအရဆိုရင် ကလေးက ပျက်စီးချင်တိုင်း ပျက်စီးပြီး အရိုင်းကလေး ဖြစ်နေတယ်။ အသက်က ၁၁ နှစ် ရှိပြီတဲ့ မစ္စက်ဝင်းတား"

"ဘာပဲဖြစ်ဖြစ် အဘွားကြီးနဲ့ သူ့သမီးကို ကျွန်မ တွေ့ချင်ပါတယ်။ သူ့ခမျာ သိပ်ပင်ပန်းနေရှာတယ် ထင်ပါရဲ့။ သူ့ကို နှိုးရတာ အားနာစရာ





■င် ဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်မက သူနဲ့တွေ့ချင်လွန်းလို့ အဝေးကြီးက ■ရတာပါ။ ကိစ္စပြီးရင်တော့ အမြန်ဆုံး ပြန်ချင်ပါတယ် မစ္စတာချို"

"ဟုတ်ကဲ့...၊ ကျွန်တော် သဘောပေါက်ပါတယ် မစ္စက်ဝင်းတား"

သူတို့နှစ်ယောက် အခန်းကျဉ်းကလေးထဲသို့ ဝင်လာခဲ့ကြသည်။ ■ခန်းက ကျဉ်းသော်လည်း သန့်ရှင်းသည်။ အခန်းထဲတွင် စားပွဲနိမ့်ကလေး ■လုံး။ စားအုပ် သုံးလေးအုပ်နှင့် ကြမ်းခင်းထိုင်ဖုံများ ရှိသည်။ အခန်း ■တွင် ရှုခင်းပန်းချီကား တစ်ချပ် ကပ်ထားသည်။ တခြား ဘာပစ္စည်းမှ ■။ အဘွားကြီးက ထိုင်ဖုံတစ်ခုကို လက်နှင့် ပုတ်ပြသည်။

"သူက မစ္စက်ဝင်းတားကို ထိုင်ပါလို့ ဖိတ်တာ" ဟု မစ္စတာချိုက ပြောပြသည်။

နှစ်ယောက်သား ထိုင်ကြသည်။ အဘွားကြီး အခန်းထဲ ပြန်ဝင်သွား ■ည်။ သူတို့ ထိုင်စောင့်နေကြသည်။ မစ္စတာချိုက ဘာစကားမှ မပြော ■တော့။ လော်ရာက စဉ်းစားနေသည်။ သူမသည် ဘာကြောင့် ရောက်လာ ■ကြောင်းကို မစ္စတာချိုအား အသေးစိတ် ပြောပြသင့် မသင့် ချိန်ဆနေသည်။ ■နောက်ဆုံးတော့... "အို...မလိုအပ်ပါဘူးလေ" ဟု ဆုံးဖြတ်လိုက်သည်။ ■သူမသည် သည်ပုဂ္ဂိုလ်နှင့် သိကျွမ်းခဲ့သည်မှာ နာရီပိုင်းမျှသာ ရှိသေးသည်။ ■နောက် နာရီပိုင်း အတွင်းတွင်ပင် သူနှင့် ပြန်လည် ခွဲခွာရတော့မည်။ ■တစ်ယောက်နှင့် တစ်ယောက် ဘယ်တော့မှ ပြန်ဆုံစရာ အကြောင်း မရှိတော့။

သူမက သူ့မျက်နှာကို ပြုံး၍ကြည့်သည်။ ကျေးဇူးတင် အပြုံး။

သူက အိမ်ရှင်ကိုယ်စား တောင်းပန်စကားဆိုသည်။

"ကြည့်ရတာတော့ တော်တော် ဆင်းရဲပုံရတယ် မစ္စက်ဝင်းတား။ ■မစ္စကင်က ဘာအလုပ် လုပ်သလဲ မသိဘူး။ ယောကျ်ားတော့ ရှိပုံရတယ်။ ■ရှိရင်လည်း သူ့ယောကျ်ားက အလွန်ဆုံး စာရေးအဆင့်လောက်ပဲ ရှိမှာပဲ။ ■မစ္စကင်က အရက်ဆိုင် တစ်ခုခုမှာများ လုပ်သလား မသိဘူး။ အရက်ဆိုင်မှာ လုပ်တဲ့ မိန်းကလေးတွေ များသောအားဖြင့် ညပိုင်းမှ လုပ်ကြရတယ်။ ■ယောကျ်ားတွေက ညပိုင်း အိမ်မှာရှိကြတာကိုး။ အခြေအနေ ကြည့်ရတာ

တော့ မစ္စကင်ဟာ ယောကျ်ားရတဲ့ ပိုက်ဆံနဲ့ မစားသောက်လို့ ညဗိုင်း အလုပ် လုပ်နေရတဲ့ပုံပဲ"

လော်ရာက ပြန်မပြော။ ပြန်ပြောရန် အချိန်လည်း မရတော့။

အဘယ်ကြောင့်ဆိုသော်... အိမ်ခန်းတွင်းတံခါး ဖြည်းဖြည်းပွင့်လာပြီး တံခါးဝတွင် ဆွန်ယာ ပေါ်လာသောကြောင့်ပင် ဖြစ်သည်။

လော်ရာက ဆွန်ယာ့ကို ချက်ချင်း မှတ်မိလိုက်သည်။ အရွယ်က သိပ်ပြီး မငယ်တော့သော်လည်း ကိုယ်လုံးကိုယ်ထည်ကတော့ ဖွံ့ဖြိုး စွင့်ကားနေဆဲ။

သူက ကိုရီးယားဝတ်စုံကို ဝတ်ထားသည်။ အနက်ရောင် ဂါဝန်ရှည် နှင့် ရင်သားကို တင်းတင်းစည်းထားသော အဖြူရောင် ဘော်ဒီအင်္ကျီ...။

နက်မှောင်သော ဆံပင်ကိုတော့ ခေါင်းနောက်တွင် ရစ်ပတ် ထုံးဖွဲ့ ထားသည်။ မျက်နှာက ဖြူရော်ရော်။ မျက်လုံးက နက်နက်။ မျက်တောင် တွေက ကော့ပျံနေသည်။

အားလုံးခြုံကြည့်လိုက်လျှင် သူမ၏မျက်နှာတွင် သိမ်မွေ့နူးညံ့သော အရိပ်လက္ခဏာတွေ ထင်ရှားစွာ ပေါ်လွင်နေသည်။ ကိုယ်ခန္ဓာ ဝဝဖိုင့်ဖိုင့် ကလေးဖြစ်ပေမဲ့ မိန်းမပီသသော ရုပ်သွင်ရှိသည်။ အရိုးအဆစ် ပျော့ပျောင်း ပြေပြစ်သည်။ ရုပ်ရည် ချောမောလှပသည်။

လော်ရာက ကြည့်နေရင်းမှပင် မနာလိုချင်သလို ဖြစ်လာမိသည်။

အမေရိကားမှ ထွက်ခွာလာစဉ်က သူမ ဆုံးဖြတ်ချက် တစ်ခု ချလာ သည်။

ဆွန်ယာ့ကို ပထမဆုံးမြင်ရ၍ ဖြစ်ပေါ်လာသော သူမ၏ ခံစားချက် အပေါ် အခြေခံကာ အနာဂတ် စီမံကိန်းကို အကောင်အထည် ဖော်မည် ဟူသော ဆုံးဖြတ်ချက် ဖြစ်သည်။

ထိုစဉ်က သူမက ခရစ္စအား ပြောခဲ့သည်။

"မောင့်ကို ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ ကျွန်မက အဲဒီ မိန်းမနဲ့ ဘာမှ မပတ်သက်ဘူး။ သူနဲ့ ပတ်သက်လို့ ကျွန်မမှာ ဘာတာဝန်မှ





မရှိ၊ မရှိဘူး။ ဒါပေမဲ့...ကလေး အတွက်တော့ ကျွန်မမှာ တာဝန်ရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် ကလေးဟာ မောင့်ရင်သွေး ဖြစ်နေတယ်။ ဟုတ်တယ်... မောင့်ရင်သွေးမို့ ကျွန်မမှာလည်း တာဝန်ရှိတယ်။ ဒါကြောင့် ဟိုရောက်ရင် ကလေးကို ကျောင်းထားဖို့ကိစ္စ ကျွန်မ အဆင်ပြေအောင် လုပ်ပေးခဲ့မယ်။ သူ့ကို ဒီကိုတော့ ခေါ်မလာနိုင်ဘူး။ သူ့နိုင်ငံမှာပဲ နေပါစေ"

ခရစ္စက သူမမျက်နှာကို စိုက်ကြည့်နေရာမှ...

"ဟုတ်ပါတယ်။ ကိုရီးယားနိုင်ငံဟာ သူ့နိုင်ငံပါ။ ဒါ အမှန်ပါပဲ"

ဆွန်ယာသည် တံခါးဝတွင် ရပ်နေရာမှ အခန်းထဲသို့ ဖြည်းဖြည်း ကလေး လျှောက်ဝင်လာသည်။ ခြေထောက်တွင် ရာဘာညှပ်ဖိနပ် စီးထား သည်။ ခြေချောင်းကလေးတွေက မသိမသာ ထောင်နေကြသည်။

သူမက မစ္စတာချိုရှေ့တွင် ဝင်ထိုင်ကာ စကားတွေ တရဟော ပြော တော့သည်။ သူမ အသံက ညင်သာသည်။ ကလေးငယ် တစ်ယောက်၏ အသံမျိုး။ သို့သော် ကြည်လင်စူးရှသည်။

မစ္စတာချိုက ပါးစပ်ဟောင်းလောင်းဖြင့် အံ့အားသင့်စွာ နားထောင်နေ သည်။

"သူ...ဘာပြောတာလဲ...ဟင်"

လော်ရာက မစောင့်နိုင်တော့၍ မေးလိုက်သည်။

"သူ အရင်က ကျွန်တော့်ကို မြင်ဖူးသတဲ့"

သူက ဒါပဲ ပြောသည်။ ထပ်၍ ရှင်းမပြ။

လော်ရာက စိတ်ရှည်စွာ စောင့်နေသည်။ မစ္စတာချိုက ဘာမှဆက် မပြော၍ သူမက ထပ်မေးသည်။

"သူ့အကြောင်း ကျွန်မ ဒီထက်ပိုပြီး သိခွင့်ရှိပါသလား...မစ္စတာချို"

"ဖြည်းဖြည်းပေါ့ မစ္စက်ဝင်းတား"

မစ္စတာချိုက ခပ်တည်တည်ဖြင့် ပြောသည်။

"သူ့ကို ကျွန်တော် အခုမှ မှတ်မိပြီ"

ထို့နောက် မစ္စတာချိုနှင့် ဆွန်ယာတို့ ဆက်လက်၍ စကားပြော ကြ
သည်။ ဆွန်ယာ ပြောနေစဉ် မစ္စတာချိုက မကြာခဏ ဖြတ်၍မေးသည်။

ဆွန်ယာက သံအေးအေးဖြင့် စိတ်ပါလက်ပါ မနားတမ်း ပြော
သည်။

အဘွားကြီး ဝင်လာပြီး အိမ်တွင်းထရံကို ကျောမှီ၍ ထိုင်သည်။

အိမ်ရှေ့တံခါးဝတွင် ကလေးတွေ ဝိုင်းအုံလာကြသည်။ အိမ်ထဲတွ
ဘာတွေ ဖြစ်နေကြောင်း သိချင်၍ အချင်းချင်း တိုးဝှေ့ပြီး မျက်လုံးအဝိုင်း
ကလေးများဖြင့် လှမ်းကြည့်နေကြသည်။

မစ္စတာချိုက အိမ်ရှေ့သို့ လှည့်ကြည့်ပြီး ကလေးတွေကို မောင်းထုတ်
လိုက်သည်။ ကလေးတွေ လူအုပ်ကွဲပြီး လမ်းမပေါ်သို့ ပြေးထွက်သွားကြ
သည်။ အတန်ကြာ၍ ဧည့်သည်တွေ စကား ဆက်ပြောကြချိန်ကျတော့
သူတို့တစ်တွေ မသိမသာနှင့် တံခါးဝတွင် ပြန်စုကြပြန်သည်။

လော်ရာက စောင့်နေသည်။ နာရီပေါင်းများစွာ ကြာသွားပြီဟု ထင်
သည်။ တကယ်တော့ နာရီဝက်မျှသာ ကြာသည်။ မစ္စတာချိုက တောင်းပန်
သည်။

"နည်းနည်း ကြာသွားတာ ခွင့်လွှတ်ပါ... မစ္စက်ဝင်းတား။ မစ္စကင်က
အိမ်ခန်းကိစ္စနဲ့ ပတ်သက်ပြီး တော်တော် စိတ်ညစ်နေရရှာတယ်။ အိမ်ရှင်က
အိမ်ပြောင်းဖို့ လာပြောနေတယ်။ ဒီကြားထဲ သားကလေးကလည်း ထိန်းမရ
အောင် ဆိုးသွမ်းနေတယ်။ ကလေးက အိမ်နီးချင်းတွေ ဆီက တစ်ခုမဟုတ်
တစ်ခု ခဏ ခဏ ခိုးယူနေတယ်။ သူ့မှာ ယောကျ်ားလည်း မရှိဘူး။
ဒါကြောင့်မို့ တစ်အိမ်လုံး စားဝတ်နေရေးအတွက် သူ တစ်ယောက်တည်း
ဒိုင်ခံ ရှာဖွေနေရရှာတယ်"

"သူက ဘယ်မှာ လုပ်သလဲ"

လော်ရာက ဖြတ်မေးသည်။

မစ္စတာချို မသိမသာ မျက်နှာပျက်သွားသည်။ သူက ဗိုးလက်ကို





ကို ထုတ်ပြီး နဖူးကို ချွေးသုတ်သည်။ ထို့နောက် လက်ဖဝါးတွေကို
တ်သည်။ ပြီးတော့မှ...

"ကျွန်တော် နောက်တော့မှ ပြောပြပါမယ်။ သူက သူ့ရဲ့ အကြီးကျယ်
ပြဿနာကို ကျွန်တော့်ကို ပြောပြတယ်။ တခြား မဟုတ်ပါဘူး။
ကလေး ပြဿနာပါပဲ။ ကလေးက တခြား ကလေးတွေလို မဟုတ်ဘူး။
မရိကန် တစ်ယောက်နဲ့ ရတဲ့ ကလေးပါ။ လွန်ခဲ့တဲ့ ၁၂ နှစ် လောက်က
အဲဒီလူနဲ့ ဆုံခဲ့ကြတယ်။ စစ်ပြီးစ ကာလက ဆိုပါတော့။ ဒီလိုနဲ့ သူတို့
ယောက် တစ်နှစ်ကျော်ကျော်လောက် အတူတူနေခဲ့ကြတယ်။ အမေရိကန်
သူ့ကို လက်ထပ် ယူလိမ့်မယ်လို့ သူက ယူဆထားတယ်။ အဲဒီလူက
ည်း ပြန်လာခဲ့ပါ့မယ်လို့ ကတိပေးတယ်။ ကလေး တစ်လသား အရွယ်မှာ
ဒီလူဟာ အမေရိကားကို ပြန်သွားတယ်။ အဲဒီကတည်းက ဘာသတင်းမှ
ကြားရတော့ဘူး။ လောလောဆယ်မှာတော့ သူ့မှာ သားကလေးကိုပဲ
တာဝန်ယူ စောင့်ရှောက် နေရတာပေါ့။ တကယ်ဆိုရင် ဒီကိစ္စဟာ သူ့တာဝန်
မဟုတ်ပါဘူး မစ္စက်ဝင်းတား"

သည်စကား ကြားရတော့ လော်ရာ၏ရင်တွေ တဖျပ်ဖျပ် ခုန်လာ
သည်။ သို့သော်... သူမအနေဖြင့် လင်တော်မောင်အား သိက္ခာချ၍ မဖြစ်။
သူမသည် ခရစ္စ၏ ဇနီးအဖြစ် သာရောက်ခြင်း မဟုတ်ဘဲ မိတ်ဆွေ
တစ်ယောက် အဖြစ်သာ လာရောက်ခြင်း ဖြစ်ကြောင်းကို သူတို့အား ပြောပြ
သည်။

"သူ့တာဝန် မဟုတ်ရင် ဘယ်သူ့ တာဝန် ဖြစ်ရမှာလဲ"

လော်ရာက တည်ငြိမ်စွာ ပြောသည်။

"သူက ကလေးရဲ့မိခင်အရင်းပဲ၊ သူပဲ တာဝန်ယူရမှာပေါ့"

"ကျွန်တော်တို့နိုင်ငံမှာက သားသမီးကိစ္စကို အဖေလုပ်သူကပဲ လုံးဝ
တာဝန်ယူရပါတယ်...မစ္စက်ဝင်းတား။ အဖေမရှိတဲ့ အိမ်ဟာ မိသားစု မရှိတဲ့
အိမ်ပဲ။ ကလေးကိုလည်း ဘယ်သူမှ အသိအမှတ် မပြုဘူး။ သူ ကျောင်း
နေလို့ မရဘူး။ အလုပ် လုပ်လို့လည်း မရဘူး။ ဘာဖြစ်လို့လဲဆိုတော့
အဖေလုပ်သူက ကလေးကို တရားဝင် မွေးစာရင်း မသွင်းခဲ့လို့ပဲ။ အဲဒါဆိုရင်

ကလေးကိုလည်း မွေးဖွားခဲ့တယ်လို့ကို အဲသိအမှတ် မပြုဘူး။ သူ့မှာ မိဘ မရှိဘူး။ သူ့ကို အကာအကွယ်ပေးမယ့်လူ တစ်ယောက်မှ မရှိဘူး။ ဒါကြောင့် သူလည်း ရှိကို မရှိဘူး။ အဲဒီလိုပဲ သဘောထားကြတယ်။ ဒါဟာ ဒီနိုင်ငံရဲ့ ရိုးရာထုံးစံပဲ"

လော်ရာက ရုတ်တရက် ဒေါသထွက်ချင်သလိုပင် ဖြစ်လာမိသည်။

"ဘယ့်နှယ်...ရယ်စရာကြီးပါလား။ ဒီကလေးဟာ တကယ်လည်း မွေးဖွားခဲ့တယ်။ တကယ်လည်း အသက်ထင်ရှား ရှိနေတယ်။ ဒါနဲ့များ သူ မရှိပါဘူး ဆိုတော့ တော်တော်ခက်တဲ့ ဓလေ့ ထုံးစံပါလား"

"ဟုတ်ပါတယ်။ တော်တော်လည်း ခက်ပါတယ်။ ဒီထုံးစံအရ အဖေ မရှိတဲ့ ကလေးဟာ လုံးဝ တရားမဝင်ပါဘူး။ လူ့လောကမှာ လုံးဝ မရှိပါဘူး"

လော်ရာ ဘာမှ ပြန်မပြောတတ်တော့။ သူမသည် ထူးဆန်းသော ကမ္ဘာသစ် တစ်ခုသို့ ရောက်နေပါရောလား။ သူမ မကြားဖူး မကြုံဖူးသော ကမ္ဘာသစ် တစ်ခုသို့ ရောက်နေပါရောလား။ သူမ တစ်ခါမှ မမြင်မတွေ့ဖူးသော လူတွေကြားထဲ ရောက်နေပါရောလား။

သူမက တောင်းပန်သည့်မျက်နှာဖြင့် ဆွန်ယာဘက်သို့ လှည့်ကြည့်လိုက်သည်။

သူတို့နှစ်ယောက် အကြားတွင် မိန်းမသားချင်း အပြန်အလှန် စာနာစိတ်၊ နားလည်စိတ်များ ဖြစ်ပေါ်သွားကြသည်။

ထို့ကြောင့်...ဆွန်ယာက လော်ရာ၏အကြည့်ကို တုံ့ပြန်သောအားဖြင့် ထိုင်ရာမှ ထကာ အခန်းအလယ်ရှိ စားပွဲအနိမ့်ကလေး၏ အံဆွဲကို ဖွင့်သည်။ အံဆွဲထဲမှ ပိုးထည်စဖြင့် ပတ်ထားသော စာအိတ် တစ်အိတ်ကို ဆွဲထုတ်လိုက်သည်။ စာအိတ်ထဲမှ ဓာတ်ပုံနှစ်ပုံ ထုတ်ယူကာ မစ္စတာချို ထံသို့ ကမ်းပေးသည်။ ပါးစပ်ကလည်း တစ်စုံတစ်ရာကို တိုးတိုးကလေး ပြောသည်။

မစ္စတာချိုက ဓာတ်ပုံများကို ခေတ္တကြည့်ပြီးနောက် လော်ရာ၏ လက်ဆင့်ကမ်းလိုက်သည်။





"ကလေးအဖေ ဓာတ်ပုံပေါ့"

အမှန်အတိုင်းပြောရလျှင် လော်ရာသည် ယင်းဓာတ်ပုံတွေကို လုံးဝ မကြည့်ချင်။ သို့ပေမဲ့...သူမက ဓာတ်ပုံများကို လှမ်းမိလျက်သား ဖြစ်သွားသည်။

ဟုတ်ပါသည်။ ရေရှ၏ပုံ အစစ်ပါပဲ။ စစ်သားကလေး ရေရှက ဆွန်ယာ၏ ပခုံးကို ဖက်ထားသောပုံ။ ဆွန်ယာ့ရုပ်က အလွန်ငယ်သေးသည်။ သူကလေးသည် ရေရှ၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ရင်း အပြုံးတွေ ဝေနေသည်။

နောက်တစ်ပုံတွင် ရေရှက သူ့သားကလေး ရင်ခွင်ပိုက် ပွေ့ချီထားသည်။ ဆွန်ယာက သူမ၏ ဦးခေါင်းကို ရေရှ၏ ပခုံးပေါ်တွင် ရှုရှုကလေး မှီတင်ထားသည်။

ငါ့ဝမ်းကမွေးတဲ့ ငါ့ရင်သွေးကလေးကို သူ အခုလို ပွေ့ချီထားတာကို ဘယ်တော့မှ မြင်ခွင့်ရတော့မှာ မဟုတ်ပါဘူးလေ။

ယင်းသို့ တွေးရင်း လော်ရာ၏ရင်တွင် စူးရှသော ဝေဒနာ တစ်ရပ်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။ သူမသည် ရင်၌ဖြစ်သော ဝေဒနာကို ဟန်မပျက် ထိန်းချုပ်ထားရင်းမှ ဓာတ်ပုံများကို ဆွန်ယာ့ လက်ထဲသို့ ပြန်အပ်ပေးလိုက်သည်။

ယခု အချိန်မှစ၍ ဆွန်ယာနှင့် တိုက်ရိုက် စကားပြောချိန် တန်ပြီဟု လည်း တွေးလိုက်မိသည်။

"အင်္ဂလိပ်စကား ပြောတတ်သေးသလား"

လော်ရာက မေးလိုက်သည်။

ဆွန်ယာက ခေါင်းခါပြရင်း...

"သိပ် မတတ်တော့ဘူး။ နည်းနည်းလောက်ပဲ ပြောလို့ရပါတယ်"

"ပြောသာပြောစမ်းပါ။ ဘာမှရှက်နေစရာ မလိုပါဘူး။ သူ့ကို မင်းရဲ့ မိတ်ဆွေတစ်ယောက်လို သဘောထားပါ။ သူကလည်း မင်းနဲ့တွေ့ချင်လွန်း

လို့ တကူးတကန့် လိုက်ရှာလာခဲ့ရတာ" ဟု မစွတာချိုက အားပေးစကား ပြောသည်။

ဆွန်ယာက သူမ၏ လက်ဖဝါး နုနုကလေးကို ရင်ဘတ်ပေါ် ဖိကပ် လိုက်ပြီး...

"ခြော်...မမက ကျွန်မကို တွေ့ချင်လို့...ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်။ ညီမကို တွေ့ချင်လွန်းလို့ မမ အဝေးကြီးက တောင် လာခဲ့ရပါတယ်"

လော်ရာ ဘာဆက်ပြောရမှန်း မသိတော့။ အဖြစ်မှန်မှတစ်ပါး သူမ ဘာစကား ပြောစရာ ရှိပါဦးမည်နည်း။

သူမသည် ဟိုမျက်နှာတစ်လှည့် သည်မျက်နှာတစ်လှည့် ကြည့်နေမိ သည်။ အားလုံးပင် ပုံစံတူ အရေ့တိုင်း မျက်နှာများချည်း ဖြစ်ကြသည်။ မျက်နှာတိုင်းပင် ကြည်လင်ကြသည်။ ရိုးသားကြသည်။ စိတ်ရှည်ကြသည်။ သို့သော်... တစ်စုံတစ်ရာကို သိလိုပုံ ပေါ်လွင်နေသော သံသယ မျက်လုံး များ...။

ဆွန်ယာက ရေနွေးအိုးကို လက်ဖြင့် အသာစမ်းကြည့်သည်။ ရေနွေး က ပူနေတုန်း ရှိသေးသည်။ စားပွဲနိမ့်ကလေးပေါ်မှ ရေနွေးပန်းကန်များ ထဲသို့ ငှဲ့ထည့်သည်။

မစွတာချိုက ရေနွေးပန်းကန်ကို ယူပြီး တစ်ကျိုက်ချင်း မှုတ်သောက် နေသည်။ ဆွန်ယာက နေရာတွင် နေသားတကျ ပြန်ထိုင်သည်။ လက် နှစ်ဖက်ကို ပေါင်ပေါ်တွင် တစ်ဖက်စီ တင်ထားသည်။

အားလုံးပင် လော်ရာကိုသာ စိုက်ကြည့်နေကြသည်။ သူတို့အားလုံး လော်ရာ ပြောမည့်စကားကိုသာ နားစွင့်နေကြသည်။

လော်ရာအနေဖြင့် အဖြစ်မှန်ကို ဖွင့်ပြောရမည့် အချိန် ရောက်ပြီ။ သူမသည် လက်ကိုင်အိတ်ကို ဖွင့်ကာ သားရေဖုံး စာအုပ်ပါးကလေးကို ထုတ် ယူလိုက်သည်။ ပြီးတော့ စာအုပ်ကလေးကို ဖွင့်လိုက်သည်။ ခရစ္စ၏ ယာ လက်ရှိ အသက်အရွယ်နှင့် ရိုက်ထားသော ဓာတ်ပုံ။





သူမက စိုက်ကြည့်နေသော မျက်လုံးတွေကို မော်ကြည့်လိုက်သည်။ တကယ့်ကို ဖြူစင်ရိုးသားသော မျက်လုံးများ...။

သူမက ဘာစကားမှ မပြောတော့ဘဲ ဓာတ်ပုံကို ဆွန်ယာ့ ဆီသို့ ကမ်းပေးလိုက်သည်။

ဆွန်ယာက လှမ်းယူသည်။ စေ့စေ့စပ်စပ် ကြည့်သည်။ ထပ်တလဲလဲ ကြည့်သည်။ ပြီးတော့မှ မျက်နှာမော့ကာ လော်ရာ့ကို ကြည့်လိုက်သည်။

"ဒါ...သူ...သူပဲ"

သူမ၏ အသံက တိုးလွန်းသည်။ သို့သော် လော်ရာက ကြားပါ သည်။ ထို့ကြောင့် ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

ဆွန်ယာက ဓာတ်ပုံစာအုပ်ကလေးကို မစွတာချိုလက်သို့ ကမ်းပေး လိုက်သည်။

မစွတာချိုက လှမ်းယူပြီး ဓာတ်ပုံကို စိုက်ကြည့်နေသည်။ ပြီးတော့မှ လော်ရာ ဘက်သို့လှည့်ကာ...

"ဒီပုံဟာ ကလေးအဖေရဲ့ ပုံပဲလို့ သူက ပြောတယ်"

"အဲဒါ ကျွန်မလည်း သိပါတယ်"

လော်ရာက တည်ငြိမ်စွာ ပြန်ပြောသည်။

သူမ ရုတ်တရက် မူးမေ့ သွားတော့မလားဟု ထင်လိုက်သည်။ ဦးခေါင်းထဲတွင် တဒိန်းဒိန်း မြည်လာသည်။ ရင်ခုန်သံ နှစ်ဆမြန်လာသည်။

မစွတာချိုက ဆွန်ယာဘက်သို့ လှည့်ကာ ကိုရီးယားဘာသာဖြင့် တစ်စုံတစ်ရာကို မေးသည်။

"ခရစ္စ..စတို..ဖာ ဝင်းတား"

ဆွန်ယာက တဖြည်းဖြည်းချင်း ပီပီသသ ပြောသည်။

မစွတာချိုက ဓာတ်ပုံစာအုပ်ကလေးကို ပြန်ပိတ်ပြီး လော်ရာ့ဆီ ပြန် ပေးလိုက်သည်။

ပြီးတော့ သူက ပြောသည်။

"မစ္စက်ဝင်းတား... စင်ဈားဟာ အင်မတန် သတ္တိရှိပြီး အင်မတ
သဘောထား ကြီးတဲ့ အမျိုးသမီး တစ်ယောက်ပါပဲ"

လော်ရာမှာ စိတ်ကို မထိန်းနိုင်တော့ဘဲ မျက်ရည်တွေ ဝိုင်းလာ
မျက်ရည်တွေ ပါးပြင်ပေါ်သို့ တရဟော စီးကျလာတော့သည်။

သူမက လက်ကိုင်ပဝါကို လိုက်စမ်းသည်။ ရုတ်တရက် ရှာမတွေ့
ချေ။ မစ္စတာချိုက သူ့ပိုးလက်ကိုင်ပဝါကို ကမ်းပေးသည်။ လော်ရာ
လှမ်းယူပြီး မျက်ရည်များကို သုတ်ပစ်လိုက်သည်။ ပြီးတော့... မစ္စတာ
ဘက်သို့ လှည့်၍...

"ကျွန်မ ရှင်နဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်...မစ္စတာ
ကျွန်မတို့ ကားဆီ ပြန်သွားကြရအောင်လား"

"ဟုတ်ကဲ့...ရပါတယ်...မစ္စက်ဝင်းတား"

ထို့နောက် မစ္စတာချိုက ဆွန်ယာအား တစ်စုံတစ်ခု ပြောသည်
ဆွန်ယာက စိတ်ဝင်စားစွာ နားထောင်သည်။ ပြီးတော့... ထိုင်ရာမှ ထ
လိုက်သည်။ သူမစိတ်ထဲ ချိုတုံချတုံ ဖြစ်နေသည်။ ထို့နောက် ရုတ်တ
စိတ်ကို တင်းလိုက်သည့် ဟန်မျိုးဖြင့် လော်ရာ၏ ဘေးသို့ လာ၍ ရပ်လို
သည်။ သူမ စကားပြောချင်ပုံ ရသည်။

သို့သော်...ဘာစကားမှ မပြော။

ဆွန်ယာက စကားမပြောတော့ဘဲ လော်ရာ၏ ပါးပြင်ကိုသာ သူမ
လက်ဖဝါးနုနုကလေးဖြင့် အသာအယာ ပွတ်သပ်လိုက်သည်။

လော်ရာမှာ သူမ၏ ပါးပြင်ကို လိပ်ပြာကလေးတစ်ကောင် တော
နုနုဖြင့် ညင်သာစွာ ပွတ်ကစားသလို ခံစားလိုက်ရလေသည်။

မစ္စတာချိုက သူ့ဘေးတွင် ထိုင်နေသော လော်ရာအား မသိမသာ
စောင်းကြည့်လိုက်သည်။ သူမသည် အညိုရောင် သားရေလက်ကိုင်အိတ်
ပေါင်ပေါ်တွင် တင်ကာ လက်အိတ်စွပ်ထားသော လက်နှစ်ဖက်ကို လက်ကိုင်
အိတ် ပေါ်တွင် ယှက်တင်ထားသည်။

သူမသည် ဆွန်ယာတို့နေထိုင်သော အိမ်ကလေးမှ ပြန်လည် ထွက်





လာသည့် အချိန်မှစ၍ တစ်လမ်းလုံး စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်၍
လိုက်လာသည်။ ယခုတော့ မစ္စတာချိုက သူမအား စောင်းကြည့်သည်ကို
သတိပြုမိလိုက်သဖြင့် ပြုံးပြရန် ကြိုးစားကြည့်သည်။ သို့သော် ပြုံး၍မရ။

လမ်းများပေါ်တွင် လူတွေ ကြိတ်ကြိတ်တိုး သွားလာနေကြသည်။
ဈေးဆိုင်များ ပေါ်မှ သူမ မဖတ်တတ်သော ဆိုင်းဘုတ်အမျိုးမျိုးကို မြင်နေ
ရသည်။ မြို့၏ တစ်ဖက်တွင်တော့ မြင့်မားသော ကျောက်တောင်ကြီး
များ...။

သူမအဖို့ အရာခပ်သိမ်း တစိမ်းပြင်ပြင် ဖြစ်နေသည်။ သူမဘေးတွင်
ထိုင်နေသော လူကလည်း တစိမ်းပြင်ပြင်။

သူတို့နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောချင်သည်။
ဘယ်နေရာကို သွားကြမည်နည်း။ သူ့ကို ယုံကြည်လို့ ဖြစ်ပါ့မလား။

သူမသည် အတွင်းစိတ် ခံစားချက်ကို လွယ်လွယ်ကူကူဖြင့် ဖွင့်ဟ
ထုတ်ဖော် ပြောပြခြင်းကို ကျွမ်းကျင်သူ တစ်ယောက် မဟုတ်။

ကလေးဘဝကလည်း စကားနည်းခဲ့သည်။

အရွယ်ရောက်လာ ပြန်တော့လည်း စကားနည်းသည်။

အိမ်ထောင်ရှင်ဘဝ ရောက်ပြန်တော့လည်း ထိုနည်းလည်းကောင်း
ပင်။

သူမသည် အချစ်ကို စကားဖြင့် မဖော်ပြတတ်။ ဟန်အမူအရာ၊
အတွေ့အထိ လုပ်ရည်တို့ဖြင့်သာ ဖော်ပြတတ်သူ ဖြစ်သည်။

သို့သော်...ယခုအချိန်တွင် မိမိ၏ လင်တော်မောင် ရေစွသည် အဝေး
ကြီးတွင် ရှိနေသည်။ သူမအနီးတွင် မစ္စတာချိုမှ တစ်ပါး မည်သူမျှ မရှိ။
သည်ပုဂ္ဂိုလ်အား သည်နေ့ မနက်တွင်ပင် ကြုံတောင့်ကြုံခဲ တွေ့ခဲ့ရသည်။
သူ၏ အင်္ဂလိပ်စကားပြော ကောင်းခြင်းကြောင့် သိကျွမ်း ရင်းနှီးခဲ့ရသည်။

"မစ္စက်ဝင်းတား ကြည့်ရတာ တော်တော် နွမ်းနယ်နေပုံရတယ်"

မစ္စတာချိုက စကားဆိုလာသည်။

"ကျွန်တော်တို့ တစ်နေရာသွားပြီး တစ်ခုခုစားလိုက်ကြရင်

ကောင်းမယ်ထင်ပါတယ်။ လက်ဖက်ရည်ဖြစ်ဖြစ် သောက်လိုက်ကြရအောင်လား။ အခု ဆိုရင် (၁၂)နာရီတောင် ကျော်သွားပြီ"

သူက စကာရပ်လိုက်ပြီးမှ မျက်ခုံးကို ပင့်ကာ...

"ကပါ...ဖြစ်ပါတယ်။ မစ္စက်ဝင်းတားက အမေရိကန်လူမျိုးပါ။ ကျွန်တော်လည်း အမေရိကန်အိမ်တွေကို အများကြီး သွားလည်ပြီး စား သောက်ဖူးပါတယ်။ အဲဒီတော့... ကျွန်တော့်အိမ်လိုက်ပြီး တစ်ခုခု စားပါလား။ အဲဒီမှာ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ ကျွန်တော့်မေမေက အင်္ဂလိပ် စကားတော့ မပြောတတ်ဘူး။ ဒါပေမဲ့ မစ္စက်ဝင်းတားကို မြင်ရင် သူ ဝမ်းသာမှာပါ။ ကျွန်တော် အမေရိကမှာ ပညာသင်တုန်းက အမေရိကန်တွေက ကျွန်တော့်ကို ကူညီလိုက်တဲ့အတွက် မေမေကလည်း သိပ်ပြီး ကျေးဇူးတင်နေပါတယ်။ အခုလည်း ကျွန်တော့် သားကို ဆက်ပြီး ကူညီနေတဲ့အတွက် မေမေက ကျေးဇူးတင်လို့ မဆုံးပါဘူး"

"အခုလို ကျွန်မအပေါ် စေတနာထားတာ အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာချို"

လော်ရာက တိုးတိုးလေး ပြန်ပြောလိုက်သည်။

တက္ကစီကားကလေးသည် ရေလှိုင်းများအား သင်္ဘောဦးဖြင့် ခွဲသွားသလို ပြွတ်သိပ်နေသော လမ်းသွားလမ်းလာများအား ခွဲကာ ဟွန်းသံ အဆက်မပြတ်ပေးရင်း တစ်လမ်းပြီး တစ်လမ်း ကျော်ဖြတ်၍ မောင်းနှင်လာခဲ့သည်။

မစ္စတာချိုကား ဤမြို့တွင် လူသိများသူ တစ်ယောက်ဖြစ်သည်။ သူ့အား လမ်းသွားလမ်းလာများက လှမ်း၍ နှုတ်ဆက်ကြသည်။ မစ္စတာချိုက သူတို့အား အပြုံးဖြင့် ပြန်လည် တုံ့ပြန်သည်။

မြို့ပြင် ရောက်လာသည်အထိ တစ်ယောက်မျှ စကား မပြောကြ။ ကားကလေးသည် လမ်းမကြီးပေါ်တွင် အရှိန်ကောင်းကောင်းဖြင့် ပြေးနေရာမှ အေးချမ်းသာယာသော လမ်းသွယ် တစ်ခုထဲသို့ ချိုးဝင်လိုက်သည်။ လမ်းသွယ် တစ်ဖက်တစ်ချက်တွင် ရွက်နုထွက်စ ပေါ်ပလာပင်များ စီတန်း နေကြသည်။





မီးနီးရောင် အုတ်တံတိုင်း ကာထားသော ခြံဝင်းကြီးတစ်ခု၏ တံခါးဝတွင် ကားရပ်သွားသည်။ သစ်သားဂိတ် တံခါးကျယ်ကြီးကို အနီရောင် သုတ်ထားသည်။

ဒရိုင်ဘာက လှမ်းအော်လိုက်သည်။ ဂိတ်တံခါး ဖြည်းဖြည်းပွင့်လာပြီး တံခါးစောင့်ကြီး ထွက်လာသည်။

"ဒါ...ကျွန်တော်တို့ရဲ့ ဘိုးဘွားစဉ်ဆက် အိမ်ကြီးပဲ မစ္စက်ဝင်းတား"

မစ္စတာချိုက ယင်းသို့ပြောပြီး လော်ရာအား ခြံဝင်းကျယ်ကြီးထဲသို့ ဦးဆောင် ခေါ်လာသည်။ ခြံဝင်းကြီးထဲမှ အိမ်ကြီးက တစ်ထပ်မျှသာ ဖြစ်သော်လည်း ရှေးမ အိမ်ကျယ်ကြီး။ အိမ်တိုင်များကလည်း ဟင်္သပြဒါး သုတ်ထားသော ရှေးမ တိုင်ကြီးတွေ။

"သိပ်ပြီး အေးချမ်းတဲ့ နေရာပဲနော်"

လော်ရာက မှတ်ချက်ချသည်။

"အမြဲတမ်းတော့ မအေးချမ်းခဲ့ပါဘူး"

မစ္စတာချိုက ပြန်ပြောသည်။

"ဂျပန်ခေတ်တုန်းကဆိုရင် ဂျပန်စစ်ဗိုလ်ချုပ်ကြီး တစ်ယောက်က နှစ်ပေါင်းများစွာ အပိုင်စီးထားခဲ့တယ်။ အမေရိကန်တွေ ရောက်လာပြန်တော့လည်း အမေရိကန် စစ်ဗိုလ်ချုပ်ကြီး တစ်ယောက်က သိမ်းပိုက်ခဲ့ပြန်တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကမှ ကျွန်တော်တို့ လက်ထဲ ပြန်ရောက်လာခဲ့ပါတယ်"

အိမ်ရှေ့တံခါးဝတွင် အသင့်စောင့်နေသော အိမ်စေမိန်းကလေးက သူတို့၏ ဖိနပ်များကို ချွတ်ပေးပြီး အဝတ်ညှပ်ဖိနပ်များကို ပြန်စွပ်ပေးသည်။

မစ္စတာချိုက အိမ်စေမကလေးအား တစ်စုံတစ်ရာကို တိုးတိုးလေး ပြောလိုက်သည်။ သူမက တလေးတစား ခေါင်းညိတ်ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်သွားသည်။

ထို့နောက် မစ္စတာချိုက လော်ရာအား ဧည့်ခန်းမကြီးထဲသို့ ခေါ်လာခဲ့သည်။

"မိန်းကလေးက မေမေ့ကို သွားပြောပါလိမ့်မယ်။ ဒီအတောအတွင်း ကျွန်တော်တို့ အေးအေးဆေးဆေး အနားယူကြတာပေါ့။ သိပ်ပြီး အလျင်မလိုပါနဲ့ မစ္စက်ဝင်းတား၊ သက်သောင့်သက်သာ ထိုင်ပြီး အနားယူပါ။ ပန်းဥယျာဉ်နဲ့ ရေကန်ကိုလည်း မြင်နေရပါတယ်။ ဒီအချိန်က ဆောင်းရာသီကုန်ပြီးလို့ နွေဦးပေါက် ရာသီဝင်စဆိုတော့ တောတောင် သဘာဝကလည်း အလွန်သာယာ ကြည်နူးစရာ ကောင်းပါတယ်။ ဒါဟာ မစ္စက်ဝင်းတားအတွက် နိမိတ်ကောင်း ဖြစ်ပါလိမ့်မယ်"

ဧည့်ခန်းက ကျယ်ဝန်းသလောက် ခမ်းလည်း ခမ်းနားသည်။ စားပွဲ ကုလားထိုင် စသည့် ပရိဘောဂ အားလုံးပင် အနောက်တိုင်း လက်ရာများဖြစ်ကြသည်။ တစ်ခန်းလုံးကို မြက်စိမ်းရောင် ကော်ဇောကြီး အပြည့်ခင်းထားသည်။ ပြတင်းပေါက်များတွင် ရွှေရောင် ဖဲလိုက်ကာများ တပ်ထားသည်။

အခန်းနံရံတစ်ဖက်ကို တွန်းဖွင့်၍ရသော မှန်ဂျိုမှန်သားဖြင့် ကာထားသည်။ မှန်ချပ်ကို ပိတ်ထားသဖြင့် တစ်ဖက်တွင် ဘာတွေများ ရှိပါလိမ့်မည်ဟု လော်ရာက တွေးမိပြန်သည်။

လော်ရာသည် ရွှေရောင်ဖဲသားထိုင်ဖုံ တပ်ထားသော ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အပြင်သို့ လှမ်းကြည့်လိုက်လျှင် ကျောက်လှေကားကို ဖြတ်ပြီး ပန်းဥယျာဉ်နှင့် ရေကန်ကို လှမ်းမြင်နေရသည်။ ရေကန်အစွန်း တစ်နေရာမှ ရေကန်ထဲသို့ ရေတွေ အဆက်မပြတ်ပေးသွင်းထားသည်။

မစ္စတာရျိုက လော်ရာ့အေးမှ ကုလားထိုင်လွတ်တွင် ဝင်ထိုင်သည်။ သူက ယွန်း စီးကရက်ဘူးကို ဖွင့်၍ လော်ရာအား စီးကရက် တစ်လိပ် ကမ်းပေးသည်။ လော်ရာက ခေါင်းကို မသိမသာ ယမ်းကာ ငြင်းသည်။

မစ္စတာရျိုက စီးကရက်ကို မီးညှိ သောက်နေသည်။

အိမ်စေမကလေး တစ်ယောက်က လက်ဖက်ရည်အိုးနှင့် ပန်းကန်များယူကာ အခန်းထဲသို့ ဝင်လာသည်။ နောက်တစ်ယောက်က ကိတ်မုန့်နှင့် ချိုချဉ်ဗန်းကို ကိုင်၍ ဝင်လာသည်။





"ကဲ…လန်းသွားအောင် သုံးဆောင်လိုက်ပါဦး မစ္စက်ဝင်းတား"

မစ္စတာရျိုက ပြောသည်။

"စိတ်ချမ်းသာသလို နေပါ။ ဘာမှ အားနာစရာ မရှိပါဘူး။ မစ္စက်ဝင်းတားက အတော်ကလေး လှုပန်းစိတ်ပန်း ဖြစ်နေတယ်"

နှစ်ယောက်သား စကားမပြောဘဲ တိတ်ဆိတ်စွာဖြင့် သောက်ကြသည်။ တဖြည်းဖြည်းနှင့် လော်ရာ နေသာထိုင်သာ ရှိလာသည်။ သူမက လက်ဖက်ရည် ပန်းကန်ကို စားပွဲပေါ် ပြန်ချလိုက်သည်။ မစ္စတာရျိုက လက်ဖက်ရည် ထပ်ထည့် ပေးလိုက်သည်။ ထိုအခိုက် နှစ်ယောက်သား မျက်လုံးချင်း ဆုံသွားကြသည်။ လော်ရာ့ မျက်လုံးတွေက မေးခွန်း ထုတ်နေသော မျက်လုံးများ…။ မစ္စတာရျို၏ မျက်လုံးများကတော့ အားပေးနေသော မျက်လုံးများ…။

သို့ဖြင့် လော်ရာ အားတက်လာပြီး ရုတ်တရက် မေးလိုက်သည်။

"မစ္စတာရျိုက ဆွန်ယာ့ကို သိတယ်နော်"

"ဟုတ်ကဲ့…။ သူ့ကို လူတိုင်း သိပါတယ်။ ဒါနဲ့ ဒီအချိုမုန့်ကလေး စားကြည့်ပါဦး မစ္စက်ဝင်းတား။ ဒီမုန့်က မေမေ့ စပ်နည်းအတိုင်း လုပ်ထားတာ။ ကျွန်တော်တို့ သိပ်ကြိုက်ကြတာပဲ"

လော်ရာက ဗန်းထဲမှ မုန့်သေးသေးလေး တစ်တုံးကို ယူကာ မြည်းကြည့်သည်။

"သိပ်အရသာရှိတာပဲ မစ္စတာရျို။ ဒါနဲ့ ဆွန်ယာ့ကို ဘာကြောင့် လူတိုင်း သိနေရတာလဲ…ဟင်"

"သူ့ကို လူတိုင်း သိနေတာက သူ့ ကပွဲရုံကြောင့်ပါ။ သူ့ ကပွဲရုံက သိပ်ပြီး နာမည်ကြီးတယ်။ ဒါပေမဲ့ သူက တခြား မိန်းကလေးတွေနဲ့တော့ မတူဘူး။ ရိုးရိုးကုပ်ကုပ်ပဲ နေတယ်။ သူ့အိမ်ကို မစ္စက်ဝင်းတား မြင်ခဲ့သားပဲ။ သူ့အိမ်ကို ကျွန်တော် ဟိုတုန်းက တစ်ခါမှ မရောက်ခဲ့ဖူးပါဘူး။ သူ ဘယ်မှာ နေတယ်ဆိုတာလည်း မသိဘူး။ သူ့နာမည် ကင်ဆွန်ယာ ဆိုတာတောင်မှ မသိပါဘူး။ သူက အလုပ်မှာ နာမည် တစ်မျိုး ပေးထားတယ်။ သူ့ ကပွဲရုံ

နာမည်က "ပန်းရိပ်သာ" တဲ့။ သိပ်ပြီး ခမ်းနားတယ်။ မိန်းကလေးတွေ သိပ်ပြီး ချောကြတယ်။ သူက အဲဒီ မိန်းကလေးတွေကို အဆိုအက သင်ပေးတယ်။ သူ ကိုယ်တိုင်လည်း အဆိုအက အလွန်တော်တယ်။ ဒါပေမဲ့ အခုတော့ သူ ကိုယ်တိုင်လည်း မဆို၊ကလည်း မကတော့ပါဘူး။ စည်းကမ်း တစ်ခု ထုတ်ထားတယ်။ သူ့ရိပ်သာကို ကိုရီးယား အမျိုးသား ကိုသာ လာခွင့် ပြုထားတယ်။ ရိပ်သာနှုန်းကလည်း သိပ်ပြီး ကြီး ဒါကြောင့်မို့ သူ့ရိပ်သာကို သူဌေးတွေပဲ အများဆုံး သွားကြတယ်"

မစ္စတာချိုက... "ကျွန်တော်တို့လို သူဌေးတွေ အများဆုံးသွား တယ်" ဟု မပြောသည်ကို လော်ရာ သတိပြုမိလိုက်သည်။

ယင်းသို့ မပြောခြင်းမှာ သူ့အနေဖြင့် ပန်းရိပ်သာသို့ မကြ သွားလေ့ မရှိဟု ဆိုလိုသောကြောင့်ပေလော။ ဘာပဲပြောပြော ဆွန်ယာကိုတော့ ကောင်းကောင်း သိနေသည်။

**အလို...ဒီကိစ္စက ငါနဲ့ ဘာဆိုင်လို့လဲ။ ငါက ရေခ္ဆအတွက် ဒီကို ရောက်လာရတဲ့ သူပါ။**

သူမသည် ခံစားချက် အမျိုးမျိုးဖြင့် ဝေခွဲမရဖြစ်နေရာမှ ဖြစ်ရပ်ကို စတင် ရင်ဖွင့်လေတော့သည်။

"လွန်ခဲ့တဲ့ ၁၂ နှစ်လောက်က ဒီကို ကျွန်မယောကျ်ား ရောက် တယ်။ သူနဲ့ ဆွန်ယာတို့ တွေ့ကြတယ်။ အဲဒီတုန်းက ဆွန်ယာက ပေါက် အရွယ်ပဲ ရှိပါသေးတယ်။ နောက်တော့ သူတို့မှာ သား တစ်ယောက် ရလာတယ်။ ကျွန်မ ယောကျ်ားက အဲဒီ အကြောင်း မပြောဘဲ အကြာကြီးနေခဲ့ပါတယ်။ ကျွန်မတို့က တစ်ယောက်နဲ့တစ် အလွန် ချစ်ကြတဲ့ လင်မယားပါ။ ကျွန်မတို့ နှစ်ယောက် အကြားမှာ လျှို ချက်ဆိုတာ လုံးဝ မရှိပါဘူး။ ဒါကြောင့်မို့ ဒီအကြောင်း သူက ကျွန် အစကတည်းက ဘာလို့ ဖွင့်မပြောခဲ့တာပါလိမ့်လို့ ကျွန်မ စဉ်းစား အခုတော့...ကလေးဟာ ကျောင်းမနေရပါဘူးလို့ သူ့ဆီ စာရေးလိုက် သူ ကျွန်မကို အဖြစ်မှန် ပြောပြတယ်။ ဒါနဲ့ပဲ ကျွန်မ ဒီကို ရောက်လာခဲ့

မစ္စတာချိုက ကိုယ်ကို ရှေ့သို့ကိုင်းလျက်...





"ဒီလိုဆိုရင် မစ္စက်ဝင်းတားရဲ့ ခင်ပွန်းက မစ္စက်ဝင်းတားကို ဒီကို ယောက်တည်း လွှတ်လိုက်တာပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး...ကျွန်မသဘောနဲ့ ကျွန်မ လာခဲ့တာပါ။ သူ့အနေနဲ့ လုပ်များနေလို့လည်း မလာနိုင်ပါဘူး။ ပြီးတော့ ကလေးရဲ့ ပညာရေး အတွက် အဆင်ပြေအောင် စီစဉ်ဖို့ ကိစ္စမှာ ကျွန်မ အနေနဲ့လည်း သက်ဆိုင် ပါတယ်။ ကျွန်မ ယောကျ်ားရဲ့ သားကလေးတစ်ယောက် စာမတတ် မတတ် ဘဝမျိုး ရောက်သွားရမှာကို ကျွန်မ အနေနဲ့ လုံးဝ မရှုရက်ပါဘူး"

သူမက သူမ၏စေတနာအမှန်ကို အမှန်အတိုင်းပင် ပြောလိုက်သည်။

"ကျွန်မ အခုလို လာခဲ့ရတာကတော့...ဒီလိုဖြစ်ရပ်မျိုး ဘာကြောင့် ရတယ် ဆိုတာ ကိုယ်တိုင်ကိုယ်ကြပ် သိချင်လို့ လာခဲ့ရတာပါ"

"ဟုတ်ပါတယ် မစ္စက်ဝင်းတား...။ အခုလို မစ္စက်ဝင်းတား ကိုယ်တိုင် တာ အများကြီး သဘာဝကျပါတယ်"

မစ္စတာချိုက လေသံအေးအေးဖြင့် ပြောသည်။

"မစ္စက်ဝင်းတားဟာ ကိုယ့်ရဲ့လင်ယောကျ်ားကို သိပ်ပြီး ချစ်တာကိုး။ နိုင်ငံမှာမဆို ကိုယ့်ယောကျ်ားက တခြား မိန်းမတစ်ယောက် ယူတယ် မယားကြီး အနေနဲ့ အသည်းကွဲစရာပါပဲ"

"အဲဒီတုန်းက ကျွန်မတို့ လက်ထပ်ပြီးခါစ ရှိပါသေးတယ်"

မစ္စတာချို၏ မျက်နှာတွင် ကြင်နာရိပ်တွေ ပေါ်လာသည်။ လော်ရာ နှုတ်ခမ်းတွေ တရွရွ လှုပ်လာသည်။ သူမက ကြိုးစားပြီး ပြုံးလိုက်သည်။

"ကျွန်မတို့ နှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ သိပ်ပြီး အဆင်ပြေ တယ် မစ္စတာချို။ အခုလို ပြဿနာ ပေါ်လာတောင်မှ ဘာမှ မဖြစ်ပါဘူး။ လည်း မဖြစ်နိုင်ပါဘူး။ ကျွန်မတို့ လင်မယားက တစ်ယောက်ကို ယောက် နားလည်ကြပါတယ်။ တစ်ယောက်ကို တစ်ယောက် ခွင့်လွှတ် တယ်။ အကျိုးတူ ပြဿနာတွေကို မျှဝေ ခံစားကြတယ်"

"ကျွန်တော် သဘောပေါက်ပါတယ်...မစ္စက်ဝင်းတား"

မစ္စတာချိုက လေးလေးနက်နက် အမူအရာဖြင့် ပြောသည်။

"ဒါပေမဲ့ ဒီလို ပြဿနာမျိုး ပေါ်လာရင် အဖွဲ့ကိုတော့ ထိတာပါပဲ။ နောက်တော့လည်း သူ့အလိုလို ပြေပျောက် သွားမှာပေါ့။ ဒီတော့ မစွက်ဝင်းတားက ဆွ ယာနဲ့ ပထမဆုံး တွေ့မယ်။ ပြီးတော့မှ ကလေး တွေ့မယ် ဆိုပြီး လာခဲ့တယ် ပြောတယ်။ ဒါဆို ဆွန်ယာ့ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လို စဉ်းစားထားပါသလဲ"

လော်ရာက စဉ်းစားနေသည်။ ခဏကြာတော့မှ…

"ဒါတော့ ကျွန်မ အတိအကျ မပြောနိုင်သေးပါဘူး။ သူနဲ့ပတ်သက် ပြီး ကျွန်မ မိန်းမသားချင်း ကိုယ်ချင်းစာမိပါတယ်။ ခံလည်း ခံစားရပါတယ်။ ဒါပေမဲ့…ဘာမှတော့ ပြတ်ပြတ်သားသား မစဉ်းစားရသေးပါဘူး။ သူက နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက် ဆိုတာတော့ သိရပါပြီ"

"အဲဒီလို မဟုတ်ဘူး။ သူက အလွန် စိတ်ခတ်နိုင်မာတဲ့ မိန်းကလေး ပါ"

"သူက ကျွန်မပါးကို လက်ဝါးနဲ့ပွတ်တာ နူးညံ့တဲ့သဘောကို ပြတာ ပေါ့"

"သူ့မှာလည်း သနားကြင်နာမှု ရှိတယ်ဆိုတာကို ပြတာပါ"

"ကျွန်မကို သနားတာလား"

"တခြားဘဝတူ မိန်းမသားတစ်ယောက်ကို သနားတာပါ။ ယောက် တွေနဲ့ ပတ်သက်လို့တော့ သူက အမြင်ရှင်း နေပါပြီ။ သူက သူ့ရိပ်သာ မိန်းကလေးတွေကို ခဏ ခဏပြော တတ်တဲ့ စကားကို မစွက်ဝင်းတား ကြားစေချင်ပါတယ်"

သူက သဲ့သဲ့ကလေး တစ်ချက် ရယ်လိုက်ပြီးတော့မှ…

"သူ့ကို ကျွန်တော် ကောင်းကောင်း သိပါတယ်။ ဟုတ်ပါတယ် ကျွန်တော်ဟာ သူ့ဖောက်သည် တစ်ယောက်ပါ။ သူက သိပ်ပြီး လူသိများတဲ့ အမျိုးသမီးပါ။ သူ့ရိပ်သာကို ကိုရီးယား အမျိုးသားတွေက လွဲပြီး ဘယ်သူမှ မလာရဘူး။ အနောက်တိုင်းသားတွေကို လုံးဝ လာခွင့် မပြုဘူး။ အထူးသဖြင့် အမေရိကန်တွေကို လုံးဝ ခွင့်မပြုဘူး။ သူတို့က တတိယတန်း အဆင့်





ယောက်နဲ့ပဲ တန်တယ်။ အဲဒီကိုပဲ သွားကြပါစေဆိုပြီး သူက မကြာခဏ ပြောတတ်တယ်။ ဒါဟာ တစ်ယောက်ယောက်ကို ကလဲ့စားချေတာပါ။ သူ ကောင်းတဲ့ဈေး ပေးနိုင်တဲ့ ကိုရီးယား အမျိုးသားတွေဆိုရင် အောက်တန်းစား မှ။ နိုင်ငံခြားသားတွေနဲ့ လုံးဝ မဆက်ဆံတဲ့ မိန်းကလေးတွေကို တွေ့ခွင့် ရတယ်။ အဲဒီ မိန်းကလေးတွေက သန့်လည်းသန့်ကြတယ်။ ပညာလည်း တတ်ကြတယ်"

သည်စကား ကြားရတော့ လော်ရာအဖို့ အောင့်သက်သက် ဖြစ်သွားမိ သည်။ အံ့လည်း အံ့ဩမိသည်။ ဩော်…ရေစ္စမျော သနားစရာပါကလား…။

"ဆွန်ယာက အမြဲတမ်း ဒီအတိုင်းပဲလား"

"အမြဲတမ်း… ဟုတ်လား၊ မဟုတ်ပါဘူး။ အမြဲတမ်း ဒီအတိုင်းပဲ မဟုတ်ပါဘူး။ ကျွန်တော် သူ့ကို ပထမဆုံး အကြိမ်တွေ့တော့…"

မစ္စတာချိုက ခဏရပ်ပြီး ချောင်းဆိုးနေသည်။

"ပြောသာပြောပါ…မစ္စတာချို။ ဘာမှ ရှက်စရာမရှိပါဘူး။ ကျွန်မ တို့ရဲ့ ဆက်ဆံရေးက အဲဒီအဆင့်ထက် ကျော်သွားပါပြီ။ ကျွန်မတို့ တွေ့ကြရ တာ အချိန်မကြာသေးပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် နားလည်သွားကြ ပြီပဲ။ မဟုတ်လား… ကျွန်မ ပြောတာ"

မစ္စတာချိုက ရယ်လိုက်ပြီး…

"အင်း…မစွက်ဝင်းတားကတော့ ချီးကျူးလောက်ပါပေတယ်ဗျာ။ အလွန် နားလည်မှုရှိတဲ့ အမျိုးသမီး တစ်ယောက်ပါပဲ။ ဒါနဲ့…ဆွန်ယာ့ အကြောင်း ဆက်ပြောရဦးမယ်။ ကျွန်တော်နဲ့ စတွေ့တုန်းက သူ့မှာ ကိုယ်ပိုင် ရိပ်သာ မရှိသေးပါဘူး။ နာမည်ကြီး ကပွဲရုံ တစ်ခုမှာ သီချင်းဆိုတယ်။ ကတယ်။ ဖြေဖျော်တယ်။ မျက်နှာကလေး ညှိုးညှိုးငယ်ငယ်နဲ့ သူ့သီချင်း သံ ကြားရတော့ ကျွန်တော့် စိတ်ထဲမှာ သူ့ကို အလိုလို စိတ်ဝင်စားလာမိ တယ်။ သူက မြူးမြူးရွှင်ရွှင် ပျော်စရာ သီချင်းကို ဆိုတာတောင်မှ သူ့အသံ မှာ ဆွေးမြည့်ကြေကွဲသံ ပါနေတယ်လို့ ကျွန်တော် ထင်မိတယ်။ ဒါနဲ့… ကျွန်တော်က သူ့ကို ဖိတ်ခေါ်ပြီး ကျွေးတယ်။ စကား ပြောတယ်။ မစွက်

ဝင်းတားနဲ့ ကျွန်တော်နဲ့ ပြောကြသလိုပေါ့။ သူ့ဘဝ အခြေအနေကို ကျွန်တော် ကို ပြောပြတယ်။ သူဟာ မိခင်အိုကြီးနဲ့ သားကလေး တစ်ယောက်ကို ... ကျွေးနေရတယ်လို့ ပြောတယ်။ နောက်တော့ သူ့သားကလေး သတင်း... ကို ကျွန်တော် ကြားလာရတယ်။ ကလေးအဖေဟာ အမေရိကန်လူမျိုး ဖြစ်ကြောင်း။ ဆွန်ယာက ကလေးအဖေနဲ့ ပြန်ပြီး ဆက်သွယ်ဖို့ ကြိုးစား... ကြောင်း သိလာရတယ်။ ဒါနဲ့ သူက အဲဒီ အမေရိကန်ဆီ စာတွေ တစ်စောင်... ပြီး တစ်စောင်ရေးတယ်။ ဒါပေမဲ့ ပြန်စာ တစ်စောင်မှ မရခဲ့ဘူး။ နောက်တော့ ကျွန်တော်က ကိုယ်ပိုင် ကပွဲရုံထောင်ဖို့ သူ့ကို တိုက်တွန်းတယ်။ ကျွန်တော် ကပဲ အရင်းငွေ ထုတ်ချေးတယ်။ နောက်ပိုင်း သူက အကျေအလည် ပြန်ဆပ်... တယ်။ တကယ်တော့ ဆွန်ယာဟာ စီးပွားရေး အမြင်ရှိတဲ့ မိန်းကလေး တစ်ယောက်ပါ"

လော်ရာက စိတ်ဝင်စားစွာ နားထောင်နေသည်။ သည်ပုဂ္ဂိုလ်နှင့် တိုက်တိုက်ဆိုင်ဆိုင် လာပြီး တွေ့ဆုံရခြင်းကို အံ့လည်းဩမိသည်၊ ဝမ်းလည်း သာမိသည်။ ယခုတော့ ဆွန်ယာ့ကို အကြောင်းပြုပြီး သည်ပုဂ္ဂိုလ် သည် သူမနှင့်ရော ဓရုစ္စနှင့်ပါ ပတ်သက်သော အရေးပါသည့် ပုဂ္ဂိုလ် တစ်ယောက် ဖြစ်နေပြီ။

တံခါးဝသို့ အိမ်စေ မိန်းကလေး ရောက်လာပြီး မစ္စတာချို့အား တစ်စုံတစ်ရာကို ပြောသည်။

"အား...ဟုတ်ပြီ။ မေမေနဲ့ သွားတွေ့လို့ ရပါပြီ...မစ္စက်ဝင်းတား"

မစ္စတာချို့က ပြောသည်။

သို့ဖြင့် သူတို့နှစ်ယောက် အိမ်စေမကလေး နောက်မှ လိုက်လာ ကြသည်။ ဧည့်ခန်းကျယ်ကြီးတစ်ခုထဲ ဝင်လာကြသည်။ လေးဖက်လေးတန် မှန်ခန်းဆီးများကို ဖွင့်ထားသဖြင့် အခြား ဆက်တွဲ အခန်းများကို မြင်နေ ရသည်။ အခန်းကျယ်ကြီး ထဲတွင် ကြက်သွေးရောင် ကော်ဇောကြီးကို ခန်းလုံးပြည့် ခင်းထားသည်။ အရောင် တလက်လက် တောက်နေသော ယွန်းထည် အနက်သုတ် စားအုပ်ဗီရို နိမ့်နိမ့်ကလေးများနှင့် ခေတ်မီ ... ကုလားထိုင်များ ခင်းကျင်းထားသည်။ စားပွဲနိမ့်ကလေး တစ်လုံးနှင့် ကိုယ်လုံး





...ယ်ထည် သေးသေးညှက်ညှက်နှင့် တစ်ခေါင်းလုံး ဖြူဖွေးနေသော အဘွား ... တစ်ယောက် ထိုင်နေသည်။ အဘွားအိုမှာ အသက်အရွယ် ကြီးရင့်ပြီ ...ဖြစ်သော်လည်း မျက်နှာက ထူးထူးခြားခြား ချောမောလှပသည်။ အနက် ...ရောင် မျက်လုံးများမှာလည်း အရောင် တလက်လက် တောက်နေသည်။ ...တင်းတင်း နေထားသော ပါးစပ်ကတော့ တည်ငြိမ်ခြင်းနှင့် ဇာတိမာနကို ...ပြနေသည်။

မစ္စတာချို့က မိခင်ကြီးအား ဦးညွတ်၍ အရိုအသေပြုကာ ကိုရီးယား ... စကားပြောသည်။ မိခင်ကြီးက ခေါင်းညိတ်ကာ ဧည့်သည်ကို စိုက်ကြည့် ...နေသည်။ ပြီးတော့ အသံသေးသေးဖြင့် တစ်စုံတစ်ရာကို တိုးတိုးကလေး ပြန်ပြောသည်။ သားဖြစ်သူက လော်ရာအား ဘာသာပြန်ပြောသည်။

"မစ္စက်ဝင်းတားမှာ သားယောက်ျား ဘယ်နှယောက် ရှိတယ်ဆိုတာ ...မေမေက သိချင်ပါတယ်"

"ဝမ်းနည်းပါတယ်ရှင်။ ကျွန်မမှာ သားသမီး တစ်ယောက်မှ မရှိ ပါဘူး"

မစ္စတာချို့က မိခင်ကြီးအား ပြန်လည် ပြောပြသည်။ အဘွားကြီးက မျက်လုံးဝိုင်းကြီးများဖြင့် လော်ရာအား စိုက်ကြည့်နေဆဲပင်။ ထို့နောက် သူမက တစ်စုံတစ်ရာကို မေးမြန်းပြန်သည်။

"မေမေက ပြောတယ်။ မစ္စက်ဝင်းတားက သိပ်ပြီး ချောတယ်တဲ့။ ဒါပေမဲ့ ဆံပင်နဲ့ မျက်လုံး အရောင်တွေကိုတော့ မေမေက မကြိုက်ဘူးတဲ့"

လော်ရာက ရယ်လိုက်ပြီး...

"ကျွန်မလည်း မကြိုက်ပါဘူး။ ကျွန်မက ဆံပင်နက်နက် မျက်လုံး နက်နက် သိပ်လိုချင်ပါတယ်။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်မဘဝက ...လို့ပဲ ဖြစ်လာတာ။ ဖြစ်လာတဲ့ အတိုင်းပဲ ကျေနပ်ရတော့မှာပေါ့"

မစ္စတာချို့က မိခင်ကြီးအား ဘာသာပြန် ပြောပြလိုက်သည်။ အဘွားကြီး၏ ဆင်စွယ်ရောင် မျက်နှာပေါ်တွင် အပြုံးရိပ် သန်းသွားသည်။ ပြီးတော့ အသံတိုးတိုးဖြင့် တစ်စုံတစ်ရာကို ပြောသည်။

မစ္စတာချိုက ပြန်ပြုံးပြသည်။ အဘွားကြီးက ပြောပြန်သည်။ မစ္စတာချိုက ဦးညွှတ်လိုက်သည်။ ပြီးတော့ လော်ရာဘက်သို့ လှည့်ကာ...

"ကျွန်တော်တို့ ပြန်နိုင်ပါပြီတဲ့။ မေမေက အသက် ၉၀ ပြည့်တော့မယ်။ သိပ်ပြီး စိတ်မရှည်တော့ဘူး။ တစ်ယောက်တည်း နေတာ များတယ်။ ...မေ အခုလို အသက်ရှည်တာ ကျွန်တော်တို့ သိပ်ပြီး ဂုဏ်ယူပါတယ်။ သူဟာ တစ်အိမ်လုံးမှာ လူတိုင်းရဲ့ အချစ်တော်ပဲ မစ္စက်ဝင်းတား"

လော်ရာက အဘွားကြီးအား ဦးညွှတ်၍ အရိုအသေ ပြုသည်။

ထို့နောက် အသင့် ကားရပ်ထားသော အိမ်ရှေ့တံခါးဝသို့ ပြန်ထွက်လာခဲ့ကြသည်။

"မစ္စက်ဝင်းတားက ဒီနေ့ မနက်ပိုင်းမှာ တော်တော် ပင်ပန်းသွားပြီ။ အဲဒီတော့... ဟိုတယ် ပြန်ပြီး အနားယူလိုက်ပါဦး။ မနက်ဖြန်ကျတော့ ပြန်တွေ့ကြတာပေါ့။ ကျွန်တော့် အကူအညီ လိုရင်လည်း အားမနာပါနဲ့ ပြောသာပြောပါ"

လော်ရာက ကားပေါ်တွင် ဝင်ထိုင်လိုက်သည်။ မစ္စတာချိုကလည်း သူမ ဘေးတွင် ဝင်ထိုင်သည်။

ထို့နောက်...မြို့တွင်းသို့ ပြန်ဝင်လာခဲ့ကြသည်။

လော်ရာသည် တကယ်လည်း ပင်ပန်း နွမ်းနယ်နေသည်။ အချိန်တိုကလေးအတွင်း စိတ်လှုပ်ရှားစရာ ဖြစ်ရပ်တွေကို အများကြီး မြင်တွေ့ ခံစားခဲ့ရသည်။ တစ်လမ်းလုံးတွင် မစ္စတာချိုက စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်လိုက်လာသည်ကို အထူး ကျေးဇူးတင်မိသည်။

ဟိုတယ် ရောက်တော့ မစ္စတာချိုက ဓာတ်လှေကားအထိ လိုက်ပို့ကာ ထုံးစံအတိုင်း ဦးညွှတ်၍ နှုတ်ဆက်သည်။

လော်ရာက အပေါ်ထပ်မှ သူမ၏ အခန်းသို့ တက်လာခဲ့သည်။

အခန်းမှာ ဘာမှ ခြေရာလက်ရာ မပျက်။ သူ ထားခဲ့သည့်အတိုင်းပင်...





...အားလုံး နေသားတကျ ရှိနေကြသည်။ သို့သော် စားပွဲပေါ်မှ အစိမ်းရောင် ...န်းအိုးကလေးထဲမှာတော့ တောင်အုန်းပင်ကလေး တစ်ပင် ရောက်နေသည်။ ...တင်းပေါက်မှ ဝင်လာသော ညနေစောင်း နေရောင်တွင် တောင်အုန်းပင် ...ကလေးမှာ စိမ်းစိုလန်းဆန်းလျက် ရှိသည်။

သူမက ပန်းအိုးတွင် ချိတ်ထားသော ကတ်ပြားကလေးကို ကြည့်...လိုက်သည်။ မစ္စတာချိုထံမှ ပို့လိုက်ခြင်း ဖြစ်သည်။ ကျေနွတော့ သူ့အိမ်မှာ ...စဉ်တုန်းက သူက အိမ်စေ တစ်ယောက်ယောက်ကို စီစဉ်ခိုင်းလိုက်တာ ...ဖြစ်မည်။

တောင်အုန်းပင်သည် ကိုရီးယား လူမျိုးတို့အဖို့ အသက်ရှည်ခြင်း။ ...၀ နိုင်ကြည်ခြင်း အထိမ်းအမှတ် အပင်တစ်မျိုး ဖြစ်သည်။ ဟိုတယ်တွင် ...ာ်ရာ တစ်ယောက်တည်း စိတ်ဓာတ်ကျနေမည်ကို တွေးမိပြီး မစ္စတာချိုက ...၍ တောင်အုန်းပင်ကလေးကို မှတ်မှတ်ရရ ပို့ခိုင်းလိုက်ခြင်းပင် ဖြစ်မေ...လိမ့်မည်။

သို့သော်... လောလောဆယ်တွင် လော်ရာကတော့ ကိုယ်ရောစိတ်ပါ ...မ်းနယ်လျက် ရှိသည်။ သူမ တော်တော်ပင် စိတ်ဓာတ်ကျနေသည်။ သည်...ဖြစ်မှ လွတ်မြောက်ရာကို သူမ တမ်းတမိသည်။ ကိုယ့်အိမ်မှာ သာဆိုလျှင် ...တ်ပြေလက်ပျောက် ဖြစ်သွားအောင် ဓာတ်ခွဲခန်းထဲ ဝင်ကာ အလုပ် လုပ်...မည် ဖြစ်သည်။ သို့မဟုတ်လျှင်လည်း အေးမြသော သမုဒ္ဒရာ ရေလှိုင်...ာက်သို့ ငုပ်လျှိုးကာ စိတ်အာရုံကို လွှဲပြောင်းလိမ့်မည် ဖြစ်သည်။

သို့သော်... သည်နေရာတွင်တော့ ယင်းအရာတွေကို ဘယ်လိုမှ ...နိုင်။

ထို့ကြောင့်... အဝတ်အစားလဲကာ အိပ်ရာပေါ်တွင်သာ ခြေပစ် ...က်ပစ် လှဲချလိုက်မိတော့သည်။

သူမ မကြာမီ အိပ်ပျော်သွားလေသည်။

*

နောက်နေ့မနက်တွင် အိပ်ရာမှ နိုးလာသည်။

နှင်းဆီရောင် နေခြည်များ ပြတင်းပေါက်မှ ဖြတ်ဝင်လာကာ အခ ထဲတွင် ထိန်လင်း နေသည်ကို မြင်လိုက်ရတော့ မနေ့ မနက်က ဆည်း အချိန်များလားဟုပင် ရုတ်တရက် ထင်လိုက်မိသေးသည်။

ညတုန်းက အိပ်မက်ရာမက် ကင်းစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျ သဖြင့် စိတ်ရောကိုယ်ပါ လန်းဆန်းနေသည်။ ပူပင်သောကစိတ်လည်း လု မရှိတော့။

အိပ်ရာမှ ထကာ ရေမိုးချိုးသည်။ အဝတ်အစား လဲကာ ဖြီး ပြင်ဆင်သည်။

အချိန်က အစောကြီး ရှိသေးသည်။

သို့ပေမဲ့... သူမသည် အောက်ထပ်ရှိ စားသောက်ခန်းသို့ ဆင်း သည်။

အခန်းထဲတွင် ဧည့်သည် ဖြစ်ဟန်တူသော လူငယ် သုံးယော တစ်ပါး မည်သူမှ မရောက်သေး။ မစ္စတာချို့လည်း သည်အချိန်တွင် အိ မှုပင် နိုးဦးမည် မဟုတ်။

သူမက မစ္စတာချို့ မရှိဘဲ ယခုလို တစ်ယောက်တည်း ဆေးဆေး လွတ်လွတ်လပ်လပ် တွေးနေရသည်ကိုပင် ဝမ်းသာနေမိသ

သူမသည် နံနက်စာ စားသောက်ပြီးလျှင် တစ်ယောက်တည်း လျှောက်ထွက်နိုင်သည်။ ထို့နောက် ပြန်လာပြီး ခရစ္စထဲသို့ စာရေး ထို့နောက်တွင်တော့ ပထမဆုံး လုပ်စရာ အလုပ်ကို စတင်ရမည်။

နံနက်စာ စားသောက်ပြီးသောအခါ အခန်းသို့ မပြန်ဘဲ လမ်းမပေါ် ထွက်လာခဲ့သည်။

လမ်းမပေါ်တွင် လူတွေ ဥဒဟို သွားလာ နေကြသည်။ စာရေး တွေက ရုံးသို့ သွားကြသည်။ မိန်းမတွေက ဈေးသို့ သွားကြသည်။ က





တွေက ကျောင်းသို့ သွားကြသည်။ အပေါင်းနှင့် အသစ်၊ ဆင်းရဲခြင်းနှင့် မ်းသာခြင်းသည် လမ်းပေါ်တွင် ရောထွေးနေကြသည်။ ဟိုတယ်နှင့် က်နှာချင်းဆိုင်တွင် ပန်းဥယျာဉ် တစ်ခု ရှိသည်။ ဥယျာဉ်ထဲတွင် အဘိုးကြီး စ်ယောက် စကားများနေကြသည်။ သူတို့နှစ်ယောက် ဘာဖြစ်နေကြောင်း ချင်၍ ဥယျာဉ်ထဲသို့ ဝင်လာခဲ့သည်။ အဘိုးကြီး နှစ်ယောက်မှာ ဥယျာဉ် များ ဖြစ်ကြပြီး ပန်းပင်စိုက်ရန် နေရာ ရွေးရင်း အချင်းချင်း စကားများ ကြခြင်း ဖြစ်သည်။

အသက်ငယ်သော အဘိုးအိုက မြေပုံကားချပ် ထုတ်၍ ပန်းပင်စိုက်ရန် ရွေးထားသော နေရာကို ပြသည်။ သို့သော် အသက်ကြီးသော အဘိုးအို သဘောမတူ။ စိုက်ပြီးသား အပင်များကို ပြန်နုတ်ပြီး နေရာသစ်တွင် နိုက်သည်။

အဘိုးအို နှစ်ယောက်ကို ကြည့်၍ လော်ရာက ပြုံးမိသည်။ လူငယ်နှင့် ကြီး ပြဿနာသည် နေရာတိုင်း၊ တိုင်းပြည်တိုင်းတွင် ရှိပါကလားဟု ည်း တွေးလိုက်မိသည်။

သူမ ဆက်လျှောက်လာခဲ့သည်။

နောက်မှ အပေါ်အင်္ကျီစွန်ကို ဆွဲထားသလို ခံစားလိုက်ရသဖြင့် လှည့် ကြည့်လိုက်သည်။

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဖြင့် ကလေး လေး ငါး ခြောက် ယာက်ကို တွေ့ရသည်။ လမ်းပေါ်မှ ခြေသလုံးအိမ်တိုင် သူတောင်းစား လေးများ ဖြစ်သည်။

သူတို့က ညစ်ပတ်ပေရေနေသော လက်ဝါးကလေးတွေ ဖြန့်ကာ လော်ရာ ထံတွင် ပိုက်ဆံ တောင်းကြသည်။

"သူတောင်းစား တွေ့ရင် ပိုက်ဆံ လုံးဝ မပေးနဲ့" အိမ်မှ ထွက်ခွာနီး ကြက မှာလိုက်သည်။ "အထူးသဖြင့် ကလေး သူတောင်းစားတွေကို လုံးဝ ပေးပါနဲ့။ သူတို့ကို မြင်ရင် ဝေးဝေးကသာ ရှောင်ပြေး။ နို့မဟုတ်ရင် မင်း ကိုညစ်ရလိမ့်မယ်"

သူမက ရှောင်ပြေးမည်ဟု ခြေလှမ်း ပြင်လိုက်စဉ်မှာပင် ထူးခြားသော ကလေး တစ်ယောက်ကို မြင်လိုက်မိ၍ ခြေလှမ်း ရပ်သွားသည်။

ထိုကလေးမှာ မိန်းကလေး ဖြစ်သည်။ သူကလေးသည် ဆူဆူညံညံ ပိုက်ဆံတောင်းနေသော တခြား ကလေးတွေနှင့် မရောဘဲ ခပ်လှမ်းလှမ်းမှ မျက်နှာညိုးကလေးဖြင့် ရပ်ကြည့်နေသည်။ ရုပ်ရည်ကလည်း အရိုးပေါ် အရေတင်လို့...။ သူကလေး အသက်ဘယ်လောက် ရှိမည်ဆိုတာကို လော်ရာ မှန်း၍ မရ။

လော်ရာက သူကလေး အနီးသို့ လျှောက်လာပြီး မေးစေ့ကို လက်ဖြင့် ကိုင်ကာ မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။

**အလို...ကပြားမကလေးပါလား။**

သို့သော်... မျက်လုံးတွေကတော့ တခြား ကလေးတွေအတိုင်း ဖြစ်သည်။ အာရှတိုက်သား မျက်လုံးများပင် ဖြစ်သည်။ မျက်လုံးပြူးပြူး ချစ်စရာ မျက်နှာကလေး။

"ကလေးက ဘယ်သူလဲ"

သူမ၏ စကားကို ကလေးက နားလည်မည် မဟုတ် ဆိုသည်ကို သိသော်လည်း လော်ရာက လေသံဖြင့် မေးလိုက်မိသည်။

တခြား ကလေးတွေ ဆူညံသံ ရပ်သွားကြသည်။ အသက်အကြီးဆုံး ယောကျ်ားကလေး တစ်ယောက်က မိန်းကလေး၏ လက်ကို ကိုင်ကာ လော်ရာ့ထံတွင် လက်ဖြန့်၍ ပိုက်ဆံတောင်းရန် အတင်းတိုက်တွန်းနေသည်။ မိန်းကလေးက ငြင်းဆန်နေသည်။

ထို့နောက်...လက်ကို အတင်း ဆွဲဖြုတ်ကာ လူအုပ်ထဲမှ ထွက်ပြေး သွားတော့သည်။

"အို...သူ ဘာလို့ ထွက်ပြေးတာပါလိမ့်"

လော်ရာက အော်ပြောလိုက်ပြီး ကလေး နောက်သို့ ပြေးလိုက်လာ သည်။ ကလေးမကလေးသည် ဟိုတယ်နောက်ဘက် လမ်းကြားကလေး ထဲသို့ ဝင်ပြေးသွားသည်။





လော်ရာက ဆက်လိုက်သွားပြီး လမ်းထောင့် တိုက်ကွယ်မှ အသာရပ် ကြည့်နေသည်။

ကလေးမကလေးသည် ဟိုတယ် နောက်ဘက်ပေါက်နှင့် မလှမ်း မကမ်းတွင် ရပ်နေသည်။ သူ့ကို ကြည့်ရသည်မှာ တစ်စုံတစ်ယောက်ကို စောင့်နေသည့်ပုံမျိုး။ မျက်လုံးကလေးတွေ ပေကလပ် ပေကလပ်နှင့် ကမျှော်မျှော် လုပ်နေသည်။

အဖြစ်မှန်ကို လော်ရာ သိရပါပြီ။

ဟိုတယ် အလုပ်သမား တစ်ယောက်သည် စားကြွင်းစားကျန်များကို ဇန်းကြီးတွင် ထည့်ကာ ဟိုတယ် နောက်ပေါက်မှ ထွက်လာသည်။ သူသည် မြပြင်မှ သစ်သား သေတ္တာ ဟောင်းကြီးထဲသို့ စားကြွင်းစားကျန်များကို သွန်ထည့်ပြီးနောက် ဟိုတယ်သို့ ပြန်ဝင်သွားသည်။

ကလေးမကလေးသည် လက်ဝဲ လက်ယာ ဘေးဘီသို့ မျက်ကလူး ဆန်ပျာ ကြည့်လိုက်သည်။ ပြီးတော့...သစ်သား သေတ္တာကြီး ရှိရာသို့ လာခဲ့ပြီး သေတ္တာထဲသို့ လက်နှင့် နှိုက်စမ်းနေသည်။ ထို့နောက် ဟင်းဖတ် စေအနကလေးများကို ရွေးကာ ပါးစပ်ထဲသို့ အငမ်းမရ သိပ်ထည့်နေတော့ သည်။

**ငါ ဘာလုပ်ရမှာလဲ။ ဘာကူညီရမှာလဲ။ ငါ ဘာလုပ်ပေးနိုင်သလဲ။**

လော်ရာက ကလေးမကလေးကို ရပ်ကြည့်နေရင်းမှ သူမကိုယ်သူမ မေးခွန်းတွေ ထုတ်နေပါသည်။

သူမကို မြင်သွားလျှင် ကလေးမကလေး ထွက်ပြေးမည်မှာ သေချာ သည်။

**ငါ သူ့ကို အတင်းသွားဖမ်းရင်တော့ မိမှာပဲ။ မိတော့ကော ငါက သူ့ကို ဘာအကူအညီများ ပေးနိုင်မှာလဲ။**

တကယ်တော့... သည်နိုင်ငံတွင် သည်လို ကလေးတွေ ထောင် သောင်း ချီ၍ ရှိနေသည်။ သူမ ဘာများ တတ်နိုင်ပါအံ့နည်း။

သူမသည် သည်နိုင်ငံသို့ ဘာကြောင့် လာခဲ့ပါသနည်း။ ကလေး

တစ်ယောက်ကို ရှာရန် လာခဲ့ခြင်း ဖြစ်သည်။ ယခု ယင်းကလေးကို သူ
တွေ့ခဲ့ရပြီ။

ထို့ကြောင့် ယင်းကလေး ကိစ္စကိုသာ သူမ ပူပန်ရမည်။ တ
ကလေးတွေကိစ္စ လျှောက်တွေးနေ၍ မဖြစ်။ သူမအနေဖြင့် အဓိက ကိ
လုပ်ရမည့် ကိစ္စကိုသာ ဦးစားပေးသင့်သည် မဟုတ်ပါလော။

ဘုရားရေ…သူ ငါ့ကို မြင်သွားပြီ။

လေးမကလေးသည် စားကြွင်းစားကျန်များကို လက်နှစ်ဖက်
အပြည့်ကျုံးယူပြီး လမ်းကြားအတိုင်း သုတ်ခြေတင် ထွက်ပြေးသွား
သည်။

လော်ရာသည် စိတ်ပျက်လက်ပျက်ဖြင့် လမ်းမပေါ်သို့ ပြန်လှည့်
သည်။ သူမသည် ကိုယ်ရောစိတ်ပါ နွမ်းခွေကျသွားသည်။ လမ်းလျှေ
လိုစိတ်လည်း မရှိတော့။

ဟိုတယ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

အခန်းထဲသို့ ရောက်သောအခါ စာရေးစားပွဲတွင် ထိုင်၍ ရေ
ပေးရန် စာရေးသည်။

သည်စာကို ရေးရသည်မှာ ခါတိုင်းထက် ကြာသည်။ နေ
ခေါင်းပေါ် ရောက်တော့မှ စာတစ်စောင် ရေး၍ ပြီးသွားသည်။ သို့
စာက အရှည်ကြီး မဟုတ်။ တိုတိုတုတ်တုတ်သာ ဖြစ်သည်။

မျှော်လင့်တာထက် အများကြီး မြန်ပါတယ် မောင်။
အခုဆိုရင် ကျွန်မ လုပ်ငန်း စနေပါပြီ။ ဆွန်ယာနဲ့လည်း
တွေ့ပြီးပါပြီ။ ဒါပေမဲ့… စကားတော့ သေသေချာချာ မပြော
ရသေးပါဘူး။ ကလေးနဲ့လည်း ဒီနေ့ တွေ့ဖြစ်အောင်
တွေ့မယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်မ အထင်တော့
သူ့အမေက ကလေးကို လွယ်လွယ်နဲ့ လက်လွှတ်နိုင် လိမ့်
မယ်လို့ မထင်ဘူး။ အဘွားအိုကြီးနဲ့ နေရတာ ကလေးမျာ
သနားစရာပါပဲ။ ပြီးတော့… ဆွန်ယာ…





သူမက ဆက်မရေးတော့ဘဲ ဆွန်ယာ့ နာမည်ကို ပြန်ခြစ်ပစ်လိုက်
သည်။

စိတ်ထဲကတော့ ဆွန်ယာ၏ 'ပန်းရိပ်သာ' အကြောင်း။ ကလေး
ခြေအနေ။ အမှိုက်ပုံထဲမှ စားကြွင်းစားကျန် ကောက်စားနေသော ကလေးမ
လေးအကြောင်း… စသည့် စသည့် သူမ တွေ့ကြုံ ခံစားရသမျှတွေကို စရှ
း စီကာပတ်ကုံး အသေးစိတ် ပြောပြလိုက်ချင်သည်။

သို့သော်…သူမ ပြောလို့ မထွက်။ ရေးလို့မရ…။ နှလုံးသားတွေက
ကျဉ်နေသည်။ လက်တွေက ဆွဲမရ။ လေးလံနေသည်။ ထို့ကြောင့်…
က်မရေးတော့ဘဲ…

မောင့်ကို ထာဝစဉ် ချစ်လျက်ပါ ဟူသော စာကြောင်းဖြင့်သာ စာကို
ဆုံးသတ်လိုက်တော့သည်။

ဟုတ်တယ်။ ငါ ဆွန်ယာ့ဆီ ပြန်သွားရမယ်။ ငါတစ်ယောက်တည်း
မှဖြစ်မယ်။ ဒါမှ သူနဲ့ပိုပြီး ရင်းရင်းနှီးနှီး စကားပြောနိုင်မယ်။ ဒီနေ့ဆိုရင်
လေးလည်း အိမ်မှာ ရှိရင် ရှိနိုင်တယ်။ နေကလည်း တော်တော်မြင့်နေပြီ။
ထုပ် ဆောင်းသွားမှ ဖြစ်မယ်။

သူမ ဟိုတယ်ခန်းထဲမှ ထွက်မည်လုပ်တော့ စားပွဲပေါ်မှ ပန်းအိုး
မ်းမြင်လိုက်မိသည်။ ပန်းအိုးထဲတွင် တောင်အုန်းပင်ကလေး ညိုးနေပြီ။

ပန်းအိုးထဲမှ မြေကြီးကို လက်နှင့် စမ်းကြည့်သည်။ ရေမရှိတော့။
ခြောက်နေပြီ။

သို့ဖြင့် လက်ကိုင်အိတ်ကို စားပွဲပေါ်တွင် ပြန်ချပြီး ရေချိုးခန်းထဲ
ကာ ရေတစ်ခွက် ယူလာသည်။

ပြီးတော့…ပန်းအိုးထဲ ရေလောင်းထည့်လိုက်သည်။

*

ဆွန်ယာတို့အိမ်ကို လွယ်လွယ်ကူကူပင် ရှာတွေ့သည်။ လော်ရာက အမှတ်သညာ အလွန်ကောင်းသည်။ ဧရှူက ကားမောင်းလျှင် သူမက ဘေးတွင်ထိုင်ကာ မြေပုံကို ကြည့်ပြီး လမ်းတွေ အဆောက်အအုံတွေ မှတ်သွားတတ်သည်။

ယနေ့ မနက်တွင်လည်း အငှားကားဆရာ ဘေးတွင် သူမကပင် လမ်းညွှန်ပြီး လိုက်လာခဲ့သည်။ မနေ့ကလောက်ပင် မကြာ။ အချိန်တိုတိုပြီး တိုက်ခံအိမ်ကလေးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။

ဆွန်ယာက အလုပ်သွားရန် အိမ်ရှေ့သို့ ထွက်လာစဉ် အိမ်ရှေ့တွင် အငှားကား ထိုးရပ်လိုက်သည်။ လော်ရာ ကားပေါ်မှ ဆင်းလိုက်သည်။ ဆွန်ယာက လက်ထဲမှ လက်ဆွဲအိတ်နှင့် ထီးကို အသာပြန်ချပြီး လော်ရာဆီသို့ လျှောက်လာသည်။ လော်ရာလက်ကို ဆွဲကာ အိမ်ပေါ်ခေါ်လာခဲ့သည်။

အိမ်ထဲတွင် တခြား ဘယ်သူမှ မရှိ။ အဘွားကြီးကိုလည်း မမြင်ရ။

ဆွန်ယာနှင့် နှစ်ယောက်တည်း တွေ့ရတာကို စိတ်ထဲ တစ်မျိုးကြီး ခံစားရသည်။ သို့သော် အေးအေးဆေးဆေး နှစ်ယောက်တည်း ကိုယ့်ကိုယ်တာ ကိစ္စများကို ပြောရတာ တစ်မျိုးတော့ ကောင်းသည်။

ဆွန်ယာက အင်္ဂလိပ်လို လိပ်ပတ်လည်အောင်မှ ပြောတတ်ပါလော။ သူ့ရိပ်သာတွင် အမေရိကန်တွေကို လက်မခံဆိုတော့ သူ့အနေနဲ့ အင်္ဂလိပ်စကားပြော ကျင့်ရန် အခွင့်အလမ်း ပိတ်နေတာ တော်တော်ကြာရောပေါ့။ မနေ့တုန်းကတော့ မစ္စတာချို က စကားပြန် လုပ်ပေး၍ အဆင်ပြေခဲ့သည်။

ဆွန်ယာက လော်ရာအား ဧည့်ခန်းကိုဖြတ်ပြီး အတွင်းခန်းထဲ ခေါ်လာခဲ့သည်။ ဧကန္တ သူ့အိပ်ရာခန်းဖြစ်မှာပဲ။ အခန်းကလေးက သပ်သပ်ရပ်ရပ် ရှိသည်။ အမေရိကန်ဆန်ဆန် ပြင်ဆင် မွမ်းမံထားသည်။

ပြတင်းပေါက်တွင် ပန်းရောင်မှင့်ရိုက် လိုက်ကာ တပ်ထားသည်။ ခုတင် ခန်းဆီးကြီးကလည်း ပန်းရောင်ပိုးထည်။ ကြမ်းခင်းထိုင်ဖုံ အခင်းကလည်း ပန်းရောင်ပိုးထည်။





အလှပြင် မှန်တင်ခုံပေါ်တွင် ဓာတ်ပုံတစ်ပုံ ထောင်ထားသည်။ ဧရှူ၏ပုံ။ နုပျိုသော။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိသော အပြုံးမျက်နှာနှင့်...။

သည်ဓာတ်ပုံကို မြင်လိုက်ရတော့ လော်ရာ ငိုချင်သလိုပင် ဖြစ်လာမိသည်။ စိတ်ကို တင်းထားလိုက်သည်။

**သူတို့နှစ်ယောက် သည်အခန်း သည်အိပ်ရာမှာပင် ချစ်ရည်လူးခဲ့ကြလေသလား။**

ဆွန်ယာက လော်ရာ၏ အကြည့်ကို သတိထားမိသဖြင့် မှန်တင်ခုံနားလျှောက်သွားပြီး ဓာတ်ပုံကို နံရံဘက်သို့ လှည့်ထားလိုက်သည်။

"ဒါတွေက ကြာခဲ့ပါပြီ။ အချိန်တွေ အများကြီး ကြာခဲ့ပါပြီ။ သူ့ဘဝက အခုအချိန်မှာ ပြောင်းလဲသွားခဲ့ပါပြီ။ သူက မမရဲ့ ယောကျ်ား ဖြစ်နေပါပြီ။ ကျွန်မကတော့ အောက်မေ့ သတိရရုံ သက်သက်ပဲ ရှိပါတော့တယ်။ ဒီ့ထက် မပိုတော့ပါဘူး"

ဆွန်ယာက လေသံအေးအေးဖြင့် အင်္ဂလိပ်လို ပြောသည်။

"ဒါနဲ့...ညီမမှာ သားကလေး ရှိတယ်...နော်"

"မမ ခေါ်သွားမှာလား"

"မခေါ်ပါဘူး"

"ဒါဖြင့် ဘာလုပ်ဖို့ လာတာလဲ"

"မမကိုယ် မမလည်း ဒီမေးခွန်းကို ခဏခဏ မေးနေခဲ့တယ်။ ဒါပေမဲ့ အဖြေ အတိအကျ မရသေးပါဘူး။ ကလေးက သူ့...အေး...မမ ယောကျ်ားနဲ့ ဓာလှမ်းရေးတယ်။ မိမိတို့အနေနဲ့ ကလေးအတွက် ဘာအကူအညီပေးနိုင်သလဲဆိုတာ ကိုယ်တိုင်ကိုယ်ကျ သိချင်လို့ လာခဲ့တာပဲ။ အထူးသဖြင့်တော့ ကလေးရဲ့ ပညာရေးအတွက်ပါပဲ"

ဆွန်ယာက လက်ဝါးကို ကာပြရင်း...

"ဒါကတော့ ကျွန်မ အပြစ် မဟုတ်ပါဘူး။ သူ ကျောင်းတက်ခွင့် မရတာက မွေးစာရင်း မှတ်ပုံ မတင်ခဲ့လို့ ဖြစ်ရတာပါ။ သူ ကျောင်းတက်ခွင့်

ရတောင်မှ မလွယ်ပါဘူး။ တခြား ကလေးတွေက သူ့ကို နောက်ကြပြောင်ကြ မှာပဲ။ အခုလည်း သူ့ကို မြင်ရင် ညစ်တီးညစ်ပတ် စကားလုံးတွေနဲ့ စကြ တယ်။ သူ့အဖေက အမေရိကန် ဖြစ်နေတာကိုး။ သူက ကျွန်မကို မေးတယ်။ သူ့အဖေဟာ ဘာဖြစ်လို့ အမေရိကန် ဖြစ်တာလဲတဲ့။ ဒီမေးခွန်းကို ကျွန်မ ဘယ်လို ဖြေရမှာလဲ။ ကျွန်မ ဘယ်လိုမှ မဖြေတတ်ဘူး။ ဘာပဲဖြစ်ဖြစ် သူ့ အနေနဲ့ ပညာတော့ နည်းနည်းပါးပါး သင်ရပါတယ်။ တစ်ချိန်က ကျွန်မက ဆရာငှားပြီး သင်ပေးခဲ့တယ်"

လော်ရာက မသိမသာ ရှက်သွေးဖြာနေသော ဆွန်ယာ၏ မျက်နှာကို စေ့စေ့ကြည့်နေသည်။ သူတို့နှစ်ယောက်သည် အလယ်တွင် စားပွဲနိမ့်ကလေး ခြားကာ ကြမ်းခင်းထိုင်ဖုံများ ပေါ်တွင် ထိုင်နေကြသည်။

တစ်ဖက်မှ မှန်စန်းဆီးကို ဖွင့်ထားသဖြင့် ကျောက်တုံးဥယျာဉ်ကို မြင်နေရသည်။ ပင်စည်ကောက်ကောက် သစ်ပင်တစ်ပင်၏ အကိုင်းပေါ်တွင် အညိုရောင် ငှက်ကလေး တစ်ကောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ တေးဆိုမြည်ကျူးနေသည်။

"ဒီတော့ သူ့အဖေက ဘာဖြစ်လို့ အမေရိကန် ဖြစ်ရတာလဲ"

လော်ရာက လေသံမှု တိုးတိုးကလေး မေးလိုက်သည်။

အကြာကြီး ငြိမ်သက်နေပြီးတော့မှ ဆွန်ယာက ဖြေသည်။

"အမှန်အတိုင်းပြောရရင် ကျွန်မ သူ့ကို မြင်မြင်ချင်း မချစ်ခဲ့ပါဘူး။ ကျွန်မက သိပ်ပြီး ဆင်းရဲပါတယ်။ စစ်ပြီးကာလမှာ လူတိုင်းလိုလိုပဲ ဆင်းရဲ ကြပါတယ်။ မုံးဒဏ်ကြောင့် ကျွန်မ ဖေဖေ ဆုံးသွားရှာပါတယ်။ အိမ်လည်း မီးလောင်ပြီး ပျက်စီးသွားပါတယ်။ ကျွန်မက တစ်ဦးတည်းသော သမီးပါ။ တခြား မိန်းကလေးတွေ တော်တော်များများဟာလည်း ကျွန်မလိုပဲ ဒုက္ခ ရောက်ကြရပါတယ်။ တခြား လုပ်စရာ အလုပ်ကလည်း မရှိတော့... ကျွန်မ တို့မှာ သီချင်း ဆိုရ ကကြရပါတယ်။ ဒီလိုနဲ့ အမေရိကန် စစ်သားတွေနဲ့ ဆုံကြရပါတယ်။ ပထမတုန်းက ကျွန်မ ဘယ်ယောကျ်ားနဲ့မှ မဆက်ဆံခဲ့ ပါဘူး။ သီချင်းဆိုရုံ၊ ကရုံသက်သက်ပဲ ရည်ရွယ်ခဲ့ပါတယ်"

"အဲဒီတုန်းက ညီမအသက် ဘယ်လောက်ရှိပြီလဲ"





ချစ်စရာကောင်းသော မျက်လုံးတွေ ပြူးကျယ်သွားသည်။

"ကျွန်မအသက် ၁၈ နှစ်ပဲ ရှိပါသေးတယ်။ အမေရိကန် တွက်နည်းနဲ့ ဆိုရင်တော့ ၁၇ နှစ်ပါ။ အဲဒီတုန်းက ကျွန်မ အရပ်လည်း အခုလောက်ပဲ ရှည်ပါတယ်။ ယောကျ်ားဆိုရင် ကျွန်မ သိပ်ကြောက်တယ်။ ယောကျ်ား တိုင်းကို ကြောက်ပါတယ်။ ယောကျ်ားတွေက ကျွန်မကို ကြည့်ရင် မျက်နှာ တစ်ဖက်ကို လွှဲပစ်တယ်။ အဲဒီလို နေလာခဲ့ရင်းက တစ်ညကျတော့ တခြား ယောကျ်ားတွေထက် ပိုတော်တဲ့ လူတစ်ယောက်ကို ကျွန်မ တွေ့ရတော့တာ ပဲ"

"တခြား ယောကျ်ားတွေထက် ပိုတော်တယ်...ဟုတ်လား"

"ဟုတ်ပါတယ်။ သူက အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့ ရုပ်လည်း ချောတယ်။ သူ့မျက်နှာကလည်း ဝမ်းနည်းနေတဲ့ မျက်နှာမျိုး။ သူက တခြားယောကျ်ားတွေလို ပြူးလည်း မပြူးဘူး။ ရယ်လည်း မရယ်ဘူး။ ဟေးလားဝါးလား အော်ဟစ်တာမျိုးလည်း မရှိဘူး။ သိပ်ပြီး တည်ငြိမ်တာပဲ။ သူ့ကြည့်ရတာ မျက်နှာ ညှိုးညှိုးနဲ့ စိတ်မချမ်းသာတဲ့ ပုံမျိုးပဲ။ သူက မိန်းကလေးတွေကိုလည်း မကြည့်ဘူး။ နောက်တော့... ဆူဆူညံညံ တေတေ ပေပေ စစ်သား တစ်ယောက်က ကျွန်မကို လာပြီး အတင်း ဆွဲခေါ်တယ်။ တက္ကဆက် ပြည်နယ်သား ဆိုလားပဲ။ သူက အရက်လည်း တော်တော်မူးနေ တယ်။ ကျွန်မလည်း တအား ငိုယိုပြီး သူဆွဲရာ ပါသွားတယ်။ အဲဒီမှာ စုနက ပြောတဲ့ အရပ်ရှည်ရှည် ဝမ်းနည်းနေတဲ့ မျက်နှာနဲ့ စစ်သားကလေးက ထိုင်နေရာက ထလာပြီး ကျွန်မကို ဟိုလူကြမ်းလက်က ဆွဲဖြုတ်လိုက်တယ်။ ပြီးတော့ သူထိုင်တဲ့ စားပွဲကို ခေါ်လာတယ်။ ကျွန်မက ကြောက်ကြောက် လန့်လန့်နဲ့ သိပ်ပြီး ငိုထားတော့ မျက်နှာ တစ်ပြင်လုံး မျက်ရည်တွေ အိုင်ထွန်း နေတယ်။ ဒါနဲ့...သူက သူ့ လက်ကိုင်ပဝါကို ထုတ်ပြီး ကျွန်မကို မျက်ရည် သုတ်ပေးတယ်"

သို့သော်...ရေစွာပြောပြတုန်းက သည်အချက်တွေ လုံးဝ မပါ။ သူက ဆွန်ယာ့ကို လိုက်လည်း မရှာ။ စားပွဲသို့လည်း ခေါ်မလာ။

အခု ဆွန်ယာပြောနေတဲ့စကားတွေဟာ အမှန်ပဲလား။

ဘာပဲပြောပြော ဆွန်ယာက တကယ့် ခံစားမှုဖြင့် စိတ်ပါလက်ပါ ပြောပြနေတာကတော့ အမှန်ပင်။

လော်ရာ ကြည့်နေရင်းမှပင် ဆွန်ယာ၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝိုင်းလာသည်။ သူမလက်နှင့် သုတ်သည်။ မျက်ရည်က မစဲ။ လက်ကိုင်ပဝါ ထုတ်၍ သုတ်သည်။

ဆွန်ယာ့ကို လော်ရာ တကယ် ယုံပါပြီ။

**ဆွန်ယာ တကယ် ခံစားနေရတာပါကလား။**

"သူက တခြား ယောကျ်ားတွေနဲ့ မတူဘူး"

ဆွန်ယာက တစ်ချက် ရှိုက်လိုက်ပြီးမှ ဆက်ပြောပြန်သည်။

"အကြင်နာတရား ရှိတဲ့ လူတစ်ယောက်။ ဒီလိုကြင်နာမှုမျိုးကို ကျွန်မ ဖေဖေက လွဲပြီး ဘယ်ယောကျ်ားဆီကမှ မရခဲ့ဖူးပါဘူး။ ဒီလိုနဲ့... နောက်ရက် ညလည်း ကပွဲကို သူရောက်လာ ပြန်တယ်။ ပထမတော့ သူ မရောက်သေးဘူး။ သူ မလာမှာကို ကျွန်မ တွေးပြီး စိုးရိမ်နေမိတယ်။ နောက်တော့ သူ ရောက်လာတယ်။ ကျွန်မက သူ့စားပွဲနား ပြေးသွားမိတယ်။ သူ့အနားရောက် သွားတော့ ကျွန်မ အားရှိသွားပါတယ်။ ပျော်လည်း ပျော်နေမိပါတယ်"

ဆွန်ယာက စကားပြော ရပ်လိုက်သည်။ ခေါင်းကို ခါယမ်းပြီး မျက်လုံးများကို လက်ကိုင်ပဝါနှင့် အသာအယာ တို့နေသည်။

အပြင်ဘက်တွင် အညိုရောင် ငှက်ကလေးက တေးဆိုမြဲ ဆိုနေသည်။ အသံက သေးပေမဲ့ အလွန် နားဝင်ချိုသည်။

"နောက်တော့ကော...ဆက်ပြောပါဦး"

လော်ရာက စကားစ ဖော်ပေးသည်။

"နောက်တော့... ကျွန်မတို့ နှစ်ယောက် တစ်ခါတလေ တောင်ပေါ် ပျော်ပွဲစား ထွက်ကြတယ်။ တစ်ခါတလေလည်း ညပိုင်းမှာ ကပွဲ သွား ကကြတယ်။ ပြီးတော့ နှစ်ယောက်သား စကားထိုင်ပြောကြတယ်။ သူ မိန်းမရှိမှန်း ကျွန်မ မသိပါဘူး။ ကျွန်မ မေးလည်း မမေးမိဘူး။ သူကလည်း မပြောဘူး။ ကျွန်မက ကိုယ့်စိတ်ကူးနဲ့ကိုယ် သိပ်ပြီး ပျော်နေမိတာ





ကျွန်မက သိပ်ပြီး စိတ်ကူးယဉ်တတ်တာ။ အဲဒီလို စိတ်ကူးယဉ်တာ ကျွန်မ အမှားပါပဲ။ သူက ငါ့ကို လက်ထပ်မယ်။ ပြီးတော့ အမေရိကကို ခေါ်သွားလိမ့်မယ်။ ကျွန်မက အဲဒီလို စိတ်ကူးယဉ်နေမိတာ။ နောက်တော့ သူက ကျွန်မကို နမ်းတယ်။ ဒီလိုနဲ့... ကျွန်မတို့ နှစ်ယောက် ချစ်သွားကြတယ်။ ကျွန်မတို့ တဲအိမ်ကလေးမှာ ညတိုင်းလိုလို ဆုံကြတယ်"

"သူက ညီမကို လက်ထပ် ယူပါ့မယ်လို့ မပြောဘူးလား"

"မပြောပါဘူး။ တစ်ခါမှ မပြောပါဘူး။ ကျွန်မကတော့ သူတစ်နေ့ပြောနိုး တစ်နေ့ပြောနိုးနဲ့ မျှော်နေတာပေါ့"

"ဒါနဲ့ ညီမမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ ဘယ်တော့လောက် သိရသလဲ"

ဆွန်ယာက မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်သည်။ ပြီးတော့... လက်ကို ပြန်ရုပ်ကာ ပေါင်ကြားထဲ ညှပ်ထားလိုက်သည်။ သူ့ ရုပ်သွင်ကို မြင်ရသည်မှာ နေလောင်ထားသော ကြာမွှင့်လို ညှိုးရော်ပျော့အိနေသည်။

"ကျွန်မ ကလေး မလိုချင်ပါဘူး။ ယုံပါ။ ကျွန်မ တကယ်ပြောတာပါ။ ဒါပေမဲ့ သူက ပူဆာပါတယ်။ ကျွန်မ မလိုချင်ပေမဲ့ သူ လိုချင်တယ်တဲ့။ သူ့အတွက် ကလေးတစ်ယောက် မွေးပေးပါတဲ့"

"ဘာ...ဘယ်လို...သူက ဒီလိုပဲ တကယ်ပြောသလား...ဟင်"

**ဒါ လုံးဝ မဖြစ်နိုင်။ ရေးနက ဒီစကားမျိုး ဘယ်တော့မှ မပြောနိုင်။**

"ကဲ...ပြောစမ်းပါဦး။ သူက တကယ်ပဲ အဲဒီလို ပြောသတဲ့လား"

လော်ရာက ဒေါသသံ မပါအောင် စိတ်ကို မနည်းထိန်းထားရသည်။

ဆွန်ယာက သူမ၏ နက်မှောင်နေသော မျက်ခုံးနှစ်ဖက်ကို ပင့်ကာ ဆက်ပြောသည်။

"သူဟာ အိမ်ကို မပြန်နိုင်ဘဲ တစ်နေ့နေ့မှာ သေရတော့မယ်ဆိုတာ ... ဓာ ပြောတတ်ပါတယ်။ သူက ပြောတယ်။ တိုက်ပွဲ ပြီးသွားပေမဲ့ စစ်ပွဲ မပြီးသေးဘူးတဲ့။ တကယ်လို့ သူသေသွားခဲ့လို့ရှိရင် ဘာမှ ကျန်ရစ်မှာ

မဟုတ်ဘူးတဲ့။ သူ့ကို ဘယ်သူမှ သိတော့မှာ မဟုတ်ဘူးတဲ့။ ဒါကြောင့်မို့ သူ့ရင်သွေး ကလေး တစ်ယောက်လောက် ထားပစ်ခဲ့ချင်တယ်တဲ့"

"ဒါနဲ့ပဲ...ညီမက သူ့အတွက် ကလေး မွေးပေးတယ် ဆိုပါတော့..."

"ကျွန်မက သူ့ကို သိပ်ပြီး ချစ်လို့ပါ...မမရယ်"

မိန်းမသား နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေကြသည်။

"ကျွန်မ သူ့ကို အမြဲတမ်း သတိရနေပါတယ်။ သူ့အကြောင်းကို နေ့ရှိသရွေ့ တွေးနေမိပါတယ်။ သူဟာ ကျွန်မနဲ့ ကလေးကို တစ်နေ့နေ့မှာ အမေရိကကို ခေါ်လိမ့်မယ်ဆိုတာ ကျွန်မ အမြဲတမ်း မျှော်လင့်နေခဲ့ပါတယ်။ သူနဲ့ရတဲ့ သူ့သားကလေး ရှိနေတဲ့အတွက် သူက ကျွန်မကို ခေါ်ကိုခေါ်မယ်လို့ ယုံကြည်နေပါတယ်။ အဲဒီလိုနေနေရင်း...တစ်နေ့ကျတော့... တစ်နေ့ကျတော့... စာတစ်စောင် ရောက်လာပါတယ်"

"ဘာစာလဲ၊ ဘယ်လို စာလဲ"

လော်ရာက အသက်အောင့်ပြီး ကမန်းကတန်း မေးလိုက်သည်။

"မမဆီက စာပါ။ ဟုတ်ပါတယ်...ကျွန်မ ကောင်းကောင်း မှတ်မိပါတယ်။ ကျွန်မ သေသေချာချာ ဖတ်ပါတယ်။ သူ အိပ်ပျော်နေတုန်း သူ့အင်္ကျီအိတ်ထဲက ကျွန်မ ယူပြီး ဖတ်ပါတယ်။ မမက သူ့ကို ပြန်လာစေချင်လို့ပြီ။ သူ့ကို မမက ပြန်ခေါ်တယ်။ ကျွန်မ စာဖတ်ပြီးတော့ စိတ်ကို တုံးတုံးချ လိုက်တယ်။ သူ ပြန်သွားမယ်ဆိုတာ ကျွန်မ သိလိုက်ပြီ။ ကျွန်မ စာကို သူ့ အိတ်ထဲ ပြန်ထည့်လိုက်တယ်။ သူ့ကို ဘာစကားမှ မပြောဘူး။ တစ်ခုတော့ ရှိပါတယ်။ ကျွန်မ မမစာကို ဖတ်ပြီးတော့ သူ့ကို အရင်ကထက် ပိုပြီး ချစ်သွားမိပါတယ်။ အစတုန်းကတော့ ကျွန်မ မျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ မျှော်လင့်တာ မကောင်းပါဘူး။ မမခေါ်သံကို သူ ကြားနေရတယ်။ ဒါကြောင့်ပဲ တစ်နေ့ကျတော့ သူ ပြန်သွားပါတယ်။ နောက်နေ့ကျတော့ သူ့ မိတ်ဆွေ တစ်ယောက်က ကျွန်မကို ပိုက်ဆံရယ်။ သူ့စာရယ် လာပေးတယ်။ သူက စာထဲမှာ သူ့လိပ်စာ ရေးထားတယ်။ သူ့အဖေ အမေတွေနဲ့ နေတဲ့ အိမ်တဲ့။ ကျွန်မ တစ်ခုခု ဒုက္ခရောက်နေရင် သူ့ဆီ စာရေးပါတဲ့"





"အဲဒီအိမ်က အခု မမတို့နေတဲ့ အိမ်ပေါ့။ သူ့မိဘတွေက အခု မရှိကြတော့ဘူး။ ဆုံးသွားကြပြီ။ အဲဒီစာ ညီမဆီမှာ ရှိသေးသလား"

"ရှိသေးတယ်။ ကျွန်မ တစ်သက်လုံး သိမ်းထားတယ်"

ဆွန်ယာက ခုတင်အောက်မှ သေတ္တာကလေး တစ်လုံးကို ဖွင့်သည်။ သေတ္တာထဲ လက်ဖြင့်စမ်း၍ ရှာနေသည်။ ပြီးတော့ ဝေခွဲမရဟန်ဖြင့် ပြန်လှည့်ပြီး...

"ဟင်...ဒီမှာလည်း မရှိပါလား...။ ဒီစာ ဘယ်ရောက်သွားပါလိမ့်။ ကြော်... သိပြီ။ သိပြီ။ ဒီကောင်လေး လက်ချက်ပဲ။ သူ ယူတာဖြစ်ရမယ်။ တစ်ခါတုန်းက သူ့ကို ကျွန်မ ဖတ်ပြတယ်။ ဒီကလေးက သိပ်ပြီး အမေး အမြန်း ထူတာပဲ။ "ကျွန်တော့် ဖေဖေဘယ်သူလဲ။ ဘယ်မှာ နေသလဲ။ သူ ဘာဖြစ်လို့ စာမရေးတာလဲ။ သူ ပြန်မလာတော့ဘူးလား" ဆိုပြီး ခဏခဏ မေးနေတာပဲ။ ဒါနဲ့ ကျွန်မက စာကိုထုတ်ပြီး သူ့ကို ဖတ်ပြလိုက်တယ်။ "ဒီစာကို မင်း ဘယ်တော့မှ မကိုင်နဲ့" လို့လည်း ပြောလိုက်တယ်"

"ဒါကြောင့်မို့ သူ လိပ်စာ သိသွားပြီး အမေရိကကို စာရေးလိုက်တာ ဖြစ်မှာပေါ့"

ယခုတော့ ဖြစ်ကြောင်းရယ်ကုန်စင်ကို လော်ရာ အပြည့်အစုံ သိရပါပြီ။

သို့သော်... ဒီလူသား နှစ်ယောက်ကို စွန့်ခွာပြီး အမေရိကသို့ ခရူ ပြန်လာအောင် သူမက ဘာတွေများ ရေးလိုက်ပါလိမ့်။ ဘယ်လိုများ ရေးလိုက်ပါလိမ့်။ သူမ... မမှတ်မိတော့။

ဆွန်ယာ၏ တရှုပ်ရှုပ် ရှိုက်သံကြောင့် သူမ စိတ်မချမ်းမသာ ဖြစ်ရပြန်ပြီ။

"မငိုပါနဲ့ ညီမရယ်။ ညီမကို မမ အပြစ်မတင်ပါဘူး။ တကယ်တော့ ဒီကိစ္စက သူ့အပြစ်ပါ။ သူ့ကြောင့် ဖြစ်ရတာပါ။ သူ သိသင့်ပါတယ်။ ခံစားသင့်ပါတယ်"

ဆွန်ယာက ရုတ်တရက် အားတက်လာသလို ခေါင်းကို မော့လိုက်သည်။

"သူ့အပြစ် မဟုတ်ပါဘူး။ မမ အပြစ်ပါ။ မမကြောင့် ခုလို ဖြစ်ရတာပါ"

"ဟင်...မမအပြစ်။ ဘာကြောင့်ပါလိမ့်။ မမလည်း မသိရပါလား ကွယ်"

"မမ သူ့ဆီ စာရေးလိုက်တာ မမ အပြစ်ပဲပေါ့"

သူမ ကောင်းကောင်း မှတ်မိပြီ။ ထိုနေ့သည် သူမ အသက် ၂၃ နှစ် ပြည့်သောနေ့။ ချမ်းအေးလှသော နိုဝင်ဘာလ၏ နေ့တစ်နေ့။ သူမ၏ မွေးနေ့။

နယူးယောက်မြို့ရှိ သူမ မိဘများ အိမ်ကြီးအပေါ်ထပ်မှ သူမ အခန်း သို့ မွေးနေ့ ဝတ်စုံဝတ်ရန် တက်လာခဲ့သည်။ အခန်းပြတင်းက 'ဂရေမာစီ' ပန်းခြံကို မျက်နှာမူနေသည်။

မိုးသီးမိုးပေါက်များက ပြတင်းပေါက်မှန်တံခါးများကို အဆက် မပြတ် ရိုက်ခတ်နေကြသည်။ လှသူ ကင်းပြတ်နေသော ပန်းခြံကို မိုးစက် တွေ ကြားမှ မှုန်ဝါးဝါးသာ မြင်နေရသည်။ သူမသည် အထီးကျန် ဆေးနာကို ရုတ်တရက် ခံစားလာရသည်။

လွန်ခဲ့သော သုံးနှစ်လောက်က သူနှင့် ဇေရှူတို့သည် လက်ချင်း ယှက်ကာ ပန်းခြံတွင် လမ်းလျှောက်ခဲ့ကြဖူးသည်။

ထိုစဉ်က သူမမှာ အသက် ၂၀ မျှသာ ရှိသေးသည်။ မိမိ၏ ချစ်သူနှင့် ခွေလက်တွဲကာ ပန်းခြံထဲ လမ်းလျှောက် နေရသည်ကို သူမ အလွန် ပျော် သည်။ မကြာမီ တက္ကသိုလ်သို့ ပြန်သွားပြီး အလုပ်ကိစ္စအတွက် စဉ်းစား ရတော့မည်ကိုပင် သူမ သတိမရနိုင်အောင် ဖြစ်ခဲ့ရသည်။ တက္ကသိုလ် ပြန်





ရောက်လျှင် သူ့ဆီ မကြာ မကြာ စာရေးရန် ဇေရှူက တတွတ်တွတ် မှာနေ သည်ကို ကြားယောင်လာမိသည်။

ထိုစဉ်က ကိုရီးယားနိုင်ငံ အကြောင်းကို တစ်ယောက်မျှ မတွေးမိကြ။ ဝေးလံသော တစ်နေရာမှ သည်နိုင်ငံကလေးအကြောင်းကို သူတို့နှစ်ယောက် လုံး သိလည်း လုံးဝ မသိကြ။

သူမက သူ့ဆီ စာတွေ မကြာ မကြာ ရေးပါမည်ဟု ကတိပေးခဲ့ သည်။ သို့သော် ကတိတော့ ပြည့်ပြည့်ဝဝ မတည်နိုင်ခဲ့။ အေးစက်စက်နိုင်လှ သော။ သမီးရည်းစား မဆန်သော စာတိုကလေးတွေကို ကြိုကြား ကြိုကြား ရေးနိုင်ခဲ့သည်။ တကယ်တော့ သူမ အခြေအနေက စာရေးရန်ပင် အချိန် မရှိသလောက် ဖြစ်နေသည်။ သူမသည် ကမ္ဘာကျော် အင္ဂလဝါမေဒသိပ္ပံ ပညာရှင်ကြီး ဒေါက်တာ ဒွန်လောဆန်၏ လက်အောက်တွင် စာတွေ့ လက်တွေ့ ပညာ ဆည်းပူးရင်း လက်မလည်နိုင်အောင် အလုပ်များနေသည်။ ဆရာကြီးက သူမ အပါအဝင် တခြား သိပ္ပံပညာရှင် သုံးဦးတို့အား အင္ဂလဝါ ဒေသ လေ့လာရေး ခရီးထွက်ရန် ခေါ်သည်။ ရေအောက် ကြမ်းပြင်ရှိ ပယ်လကျေ အပင်များကို လေ့လာ စူးစမ်းကြရန် ဖြစ်သည်။ ဤခရီးသည် သူမ အတွက် ပထမဦးဆုံး သိပ္ပံလေ့လာရေး ခရီးဖြစ်၍ သူမ၏ အနာဂတ် အတွက် အလွန်အရေးပါသည်။ ထို့ကြောင့်လည်း သူမသည် ဇေရှူထံသို့ စာရှည်ကြီးတွေ မကြာခဏ ရေးနိုင်ခဲ့ခြင်း ဖြစ်သည်။

သူမ၏ ၂၃ နှစ်မြောက် မွေးနေ့ကို ကောင်းစွာ မှတ်မိနေပါသေး သည်။ သူမသည် ပြတင်းပေါက်ဝတွင် ထိုင်ကာ ဇေရှူအား ဆို့ဆို့နင့်နင့် သောက်မေ့နေမိသည်။

သူ့ထံမှ နောက်ဆုံး ရခဲ့သော စာသုံးစောင်ကို သူမ မကျေနပ်နိုင် ဖြစ်နေသည်။ သူက သူမ သိချင်သော အချက်တွေကို ဘာမှ ရေးမထား။

ထိုင်ရာမှ ထကာ စာရေးစားပွဲဆီသို့ လာခဲ့သည်။

ပြီးတော့... သူမ ဘယ်တုန်းကမှ မရေးခဲ့ဘူးသော စာမျိုးကို ကမန်း ကတန်း ရေးချနေမိသည်။

မောင်...

ဒီနေ့ဆိုရင် ကျွန်မ အသက် ၂၃ နှစ် ပြည့်ပါပြီ။ မောင်က သတိမှ ရပါရဲ့လား။ မောင့်ဆီက စာမလာတာလည်း ကြာလှပါပြီ။ ကျွန်မကတော့ မောင့်ဆီက စာတွေကို နေ့ရှိသမျှ မျှော်နေမိတယ်။ စာမရေးနိုင်ရင် တယ်လီဖုန်း ဖြစ်ဖြစ် ဆက်ပါလား။ သို့ ဝေးဝေမဲ့ ဆက်ချင်တဲ့ ဆန္ဒရှိရင် မခက်ခဲပါဘူး။

ဒီနေ့ ကျွန်မ မွေးနေ့မှာ ကျွန်မကို မောင် သတိမှရပါရဲ့လား။ အခု ကျွန် စာရေးနေတဲ့ အချိန်မှာ မိုးတွေ သဲသဲမဲမဲ ရွာနေတယ်။ လေကလည်း တိုက်နေတယ် ဝန်းခြံထဲက ရွက်ကြွေတွေ မိုးတွေ လေတွေထဲမှာ လွင့်မျောပါသွားကြတယ်။ ချမ်း ကလည်း ချမ်းလိုက်ပါဘိသနဲ့။

ဒါနဲ့...မောင် ဘယ်တော့ပြန်လာမှာလဲ...ဟင်၊ မောင်... ပြန်လာရင် ဘယ်လို ဖြစ်နေပါလိမ့်မလဲဆိုတာ ကျွန်မ စိတ်ကူးနဲ့ မှန်းကြည့်ပါတယ်။ မောင် စိတ် ပြောင်းသွားမှာလား။ ကျွန်မကော စိတ်ပြောင်းသွားမှာလား။ ကျွန်မ အဲဒီလို မတွေး မောင် အရင်ကထက် နည်းနည်းတော့ ဒိုစာ သွားလိမ့်မယ် ဆိုတာလောက်ပဲ တွေး တယ်။

ကျွန်မ အခု ဆရာကြီး ဒေါက်တာလောဆန်နဲ့ အတ္တာဝါဗေဒ လေ့လာ ခရီးထွက်ဖို့ စီစဥ်နေတယ်။ တခြား သိပ္ပံပညာရှင် သုံးယောက်လည်း ပါတယ် မောင့်ဆီက စာ အချိန်မီ ရောက်လာရင်တော့ ကျွန်မ သူတို့ နဲ့ လိုက်မသွားတော့ပါ အဲဒီတော့... ကျွန်မဆီကို အမြန်ဆုံးသာ စာပြန်ပါ...မောင်၊ တကယ့် မောင့်နှလုံးသား ခံစားပြီး ရေးတဲ့ စာမျိုးကိုမှ ကျွန်မ ဖတ်ချင်ပါတယ်။

မောင် တစ်ထဲ ပြန်ဝင်ဖို့များ ဆုံးဖြတ်ထားသလား။ အဲဒီလို ဆိုရင်တော့ ကျွန်မ ဆရာကြီးတို့ အဖွဲ့နဲ့ လိုက်သွားတော့မယ်။

သူမ ရေးခဲ့သော စာကို ယနေ့တိုင် လုံးစေ့ပတ်စေ့ မှတ်မိနေသည်။ သို့ပေမဲ့...ခရစ္စဆီက ပြန်စာ မလာ။





သူမ ဘာမှ ခံစားမနေတော့။ စိတ်ကို တင်းထားလိုက်သည်။

ပြီးတော့... ဆရာကြီး ဒေါက်တာလောဆန်နှင့် ခရီးထွက်လာခဲ့တော့ သည်။

ဆရာကြီးက ရေအောက်သို့ ငုပ်လျှိုးပြီး အယ်လဂျေပင်များကို ရှာဖွေ နေစဉ် သူမက နိုင်လွန်ကြိုး တပ်ထားသော ပိုက်ကွန်ကလေးဖြင့် ရေပေါ်မျော ပိုးမွှားကို ဆယ်ယူနေသည်။ နိုင်လွန်ကြိုးကို ရွက်သင်္ဘော ပဲ့ပိုင်းတွင် ချည် ထားသည်။ ရွက်သင်္ဘောကို ဆရာကြီး၏မိတ်ဆွေ သန်းကြွယ် သူဋ္ဌေးကြီး တစ်ဦးထံမှ ခေတ္တ ငှားယူလာခဲ့ခြင်း ဖြစ်သည်။

သူမသည် ရေကူးဝတ်စုံကို ဝတ်ကာ သင်္ဘောကုန်းပတ်ပေါ်တွင် တစ်နာရီပြီး တစ်နာရီ၊ တစ်နေ့ပြီး တစ်နေ့ ထိုင်ရင်း ပိုးမွှားများကို ဆယ်ယူ သည်။

သူများတွေကတော့ သူမကိုမြင်လျှင် တကယ့်ကို ကြိုးစားသော သိပ္ပံ ပညာရှင်မကလေးဟု ချီးကျူးထောမနာ ပြုကြလိမ့်မည်။ သို့သော်... သူမ အကြောင်းကို သူမသာ အသိဆုံး။ သူမ စိတ်တခြား လူတခြား ဖြစ်နေတာကို သူမ အသိဆုံး။

**မောင့်ဆီက ဘာလို့ ပြန်စာ မလာတာပါလိမ့်။**

သည်အတွေးသည် သူမ ခေါင်းထဲတွင် အချိန်တိုင်း ဝင်မွှေနေသည်။

ထို့ကြောင့် သူမသည် သုံးရက် တစ်ကြိမ်စီ အိမ်သို့ မှန်မှန် ဖုန်းဆက် နေသည်။

"မေမေ... ဘာစာမှ မလာဘူးလား...ဟင်"

"ကိုရီးယားက ဘာစာမှ မလာဘူး...သမီး"

သူမ အိမ်ပြန်လာတော့ ခရစ္စ ပြန်ရောက်နေသည်ကို တွေ့ရတော့ သည်။

သူ တကယ် အိမ်ပြန်လာခဲ့ပြီ။ သူက ကိုရီးယားတွင် ဆက်လက် နေထိုင်ရန် ဆုံးဖြတ်ထားပေမဲ့ လော်ရာ ရေးလိုက်သော စာကြောင့် စိတ် ပြောင်းသွားပြီး အပြီးအပိုင် ပြန်လာခဲ့ရသည်ဟု ဆိုသည်။

သူ ကိုရီယားတွင် ဘာကြောင့် ဆက်လက် အမှုထမ်းချင်ခဲ့ကြောင်းကို ယခု နှစ်ပေါင်း ဆယ့်တစ်နှစ်မျှ ကြာညောင်းခဲ့ပြီးသောအခါမှ လော်ရာ သိရ တော့သည်။

သူက အာရှကို ချစ်နေမိပြီ။ အာရှကို သံယောဇဉ် တွယ်နေမိပြီ။

ယခု ရုပ်ရည် ချောမောသော အာရှသူကလေးသည် သူမ ရှေ့တွင် ထိုင်လျက်ရှိသည်။

"သူက မမကို ချစ်လို့ ကျွန်မကို ပစ်သွားတာပါ"

ဆွန်ယာမှာ မသိမသာကလေး သက်မချသည်။

ပြီးတော့... ခေါင်းကလေးငုံ့ကာ သူမ၏ ဂါဝန်မှ ပိုးသားနနု အမှာ တွန့်ကလေး များကို ခေါက်ကစားနေသည်။ ဆွန်ယာ့စိတ်ထဲ ဘာတွေ တွေးနေသည်ကို လော်ရာက ခန့်မှန်း၍မရ။

နှစ်ယောက်သား ဘာစကားမှ မပြောဘဲ ငြိမ်ချက်သား ကောင်းနေ ကြသည်။

အတန်ကြာတော့မှ အိမ်ပြင်ဘက်မှ မိန်းမ တစ်ယောက်၏ ကျယ်ကျယ်လောင်လောင် စကားပြောသံကို ကြားလိုက်ရသဖြင့် လော်ရာ အတွေးပြတ်သွားသည်။ စကားသံမှာ အသက်ကြီးကြီး မိန်းမ တစ်ယောက် က တစ်စုံတစ်ယောက်အား ကိုရီးယားလို ဆူပူကြိမ်းမောင်းသံ ဖြစ်သည်။ ဆက်တိုက်လိုပင် လူငယ်တစ်ယောက်၏ ရယ်ရယ်မောမော ပြောသံကိုပါ ကြားလိုက်ရသည်။

ဆွန်ယာက ခေါင်းမော့လာသည်။ လော်ရာက သူမ မျက်နှာကို စေ့စေ့ ကြည့်၍ ပြောသည်။

"ကလေးကို မမ တွေ့ချင်တယ်"

ဆွန်ယာ ထိုင်ရာမှ ထရပ်သည်။ ဝရန်တာဘက်သို့ လျှောက်သွားပြီး မြို့ဝင်းထဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် လော်ရာဘက်သို့ ပြန်လှည့်၍ ပြောသည်။





"ကျွန်မ ဒီနေ့ ပြန်မလာတော့ဘူး။ ကလေးကို မမဆီ ကျွန်မ လွှတ် လိုက်မယ်။ ဒီက ထိုင်စောင့်ပါ"

ယင်းသို့ ပြောပြီးနောက် ဆွန်ယာသည် လက်ဆွဲအိတ်နှင့် ထီးကို ကောက်ယူပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ ထို့နောက် ဘဲဥပုံ ရေကန်ကလေး ပေါ်တွင် အုပ်မိုးနေသော မိုးမခပင်တွေနောက်ကွယ်သို့ ဝင်ရောက် ပျောက် ကွယ် သွားသည်။

*

သူမ ထိုင်စောင့်နေသည်မှာ ဘယ်လောက်ထိ ကြာသွားပြီဆိုသည်ကို လော်ရာ အတိအကျ မပြောတတ်တော့။ သို့သော် သူမ စိတ်ထဲကတော့ တစ်သက်တာလောက်ပင် ကြာသွားပြီဟု ထင်မိသည်။ တကယ်တော့ သူမ ထိုင်စောင့်နေသည်မှာ မိနစ်ပိုင်းမျှသာ ရှိပါသေးသည်။

ဥယျာဉ်ထဲတွင် တိတ်ဆိတ်နေသည်။ ငှက်သံကျေးသံတွေလည်း မကြားရတော့။

လော်ရာသည် အိမ်ပေါ်တွင် မလှုပ်မယှက် ထိုင်နေသည်။

ဒီကလေး ဘယ်ဘက်ကများ ပေါ်လာလိမ့်မလဲ။ ဥယျာဉ်ဘက်က ပေါက်လာမှာလား။ အိမ်နောက်ကများ ဝင်လာမှာလား။

အိမ်ထဲတွင်လည်း အပ်ကျသံ ကြားရမတတ် တိတ်ဆိတ်နေသည်။

ငါ့ကို ဆွန်ယာများ တစ်ပတ်ရိုက်သွားပြီလား။ သူ့ သားကလေးကို များ တစ်နေရာရာသို့ခေါ် ထုတ်သွားပြီလား။ သူ ငါ့ကို ဒီအတိုင်းပဲ ထား ပစ်ခဲ့တာများလား။

ယင်းသို့ တွေးပူနေရင်းမှပင် ကလေးကို ရုတ်တရက် လှမ်းမြင်လိုက် ရသည်။

သူသည် အိမ်ဘေးမှ ပတ်ဝင်လာပြီး ဥယျာဉ်ကို ကျော်ပေးကာ သူမ ရှေ့တွင် ရပ်နေသည်။

ကလေးကို ရုတ်တရက် မြင်လိုက်ရတော့ လော်ရာမှာ လည်ချောင်း ခြောက်သွားသလို ခံစားလိုက်ရသည်။

ကလေးက သူ့အဖေနှင့် ချွတ်စွပ်တူနေသည်။ ခရစ္စ ဆယ့်နှစ်နှစ်သား အရွယ်ကလည်း သည်ကလေးလိုပင် ရှိလိမ့်မည်။ ကလေးက အရပ်ရှည်ရှည် သွယ်သွယ်နှောင်းနှောင်း။ ခြေထောက်တွင် ဖိနပ်ဗလာ။ အပြာရောင် ဘောင်းဘီတိုကလေးနှင့် အဖြူရောင် စပို့ရှပ်ကို ဝတ်ထားသည်။ ဘောင်းဘီရှေ့ အကျီများက ဟောင်းနွမ်း နေကြပြီ။ ညစ်ပေနေကြပြီ။ ဆံပင်ကတော့ နက်မှောင်နေသည်။ သေသေသပ်သပ် ဖြီးထားပေမဲ့ တစ်ခေါင်းလုံး ရေစိုနေသည်။ အသားရောင်နှင့် ပါးစပ်တို့ကလွဲလျှင် ခရစ္စနှင့် တစ်ပုံတည်းပင်။ သူ့ပါးစပ်က အမေ့ပါးစပ်နှင့် တူသည်။ ပါးပါးအိအိကလေး။

"မင်္ဂလာနံနက်ပါ...မဒမ်"

ကလေးက စတင် နှုတ်ဆက်သည်။

သူက ရှက်စနိုးဟန်ကလေးဖြင့် ရပ်ကြည့်နေသည်။ မျက်လုံးအစုံတွင် အားတက်ခြင်း အရိပ်အရောင်များ ပေါ်လွင်နေသည်။ သူ့အသက်အရွယ်နှင့် စာလျှင် လူလိမ္မာကလေး တစ်ယောက်ဟု ဆိုနိုင်သည်။ ကလေးအရွယ် လည်း မဟုတ်တော့။ အရပ်ရှည်၍ မျက်နှာရင့်သဖြင့် လူပျိုပေါက်ကလေး တစ်ယောက်လိုပင် ထင်မှတ်ရသည်။

"မင်္ဂလာနံနက်ပါ ကလေး။ ကလေးနာမည် ဘယ်လို ခေါ်ပါလိမ့်"

လော်ရာက ချိုသာစွာ မေးလိုက်သည်။

"ကျွန်တော့် ဖေဖေ နာမည်က ခရစ္စတိုဖာ။ ကျွန်တော့် နာမည်က ကင်ခရစ္စတိုဖာပါ"

"ကလေးက အင်္ဂလိပ်စကား တော်တော် ပြောတတ်သားပဲ"

သူက အိမ်ထဲ ဝင်လာပြီး သူ့မေမေ ထိုင်သွားသော ထိုင်ခုံပေါ်တွင် ဝင်ထိုင်သည်။





သူ့ကြည့်ရတာ မဆိုးပါဘူး။ ယဉ်လည်း ယဉ်ကျေးတယ်၊ ချော လည်း ချောတယ်။

"ကလေး ပေးလိုက်တဲ့ စာကို အန်တီတို့ ရပါတယ်။ သူ...သူ... ကလေးရဲ့ ဖေဖေက သိပ်ပြီး လာချင်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးကိစ္စတွေ ကြောင့် အလုပ်များနေလို့ မလာနိုင်ပါဘူး။ ဒါကြောင့် သူ့ကိုယ်စား အန်တီ လာခဲ့ရတာပါ"

လော်ရာက ခရစ္စတိုဖာကလေးအား ကလေး တစ်ယောက်လို ဆက်ဆံမိရန် အထူး သတိထားသည်။ သို့သော် သည်အချက်ကို ကလေး က သဘောမှ ပေါက်ပါ့မလား။

"ကျွန်တော့် ဖေဖေ နေကောင်းပါရဲ့လား"

"ဟုတ်ကဲ့ အများကြီး နေကောင်းပါတယ်"

"အန်တီ့ဆီမှာ သူ့ဓာတ်ပုံ ပါလာသလား"

"ပါလာပါတယ်"

သူမက လက်ကိုင်အိတ် ဖွင့်ကာ ဓာတ်ပုံကို ထုတ်ပေးလိုက်သည်။ ကလေးက သူ့ ဖေဖေ ဓာတ်ပုံကို လက်နှစ်ဖက်ဖြင့် အားတက်သရော လှမ်း ယူသည်။

"ဟင်...ဆံပင်တောင် ဖြူနေပြီ"

ကလေးက ရုတ်တရက် အော်ပြောလိုက်သည်။

"နားသယ်တစ်ဖက်တစ်ချက်မှာ နည်းနည်းပါးပါး ဖြူတာလောက် ပါ"

"သူက အိုတော့ မအိုသေးဘူး...နော်"

"ဟုတ်တယ်... မအိုသေးပါဘူး။ ဒါပေမဲ့ သိပ်တော့ မငယ်တော့ ပါဘူး"

"ချောလည်း တော်တော်ချောတာပဲ"

ကလေးက တိုးတိုးကလေး ပြောသည်။ ပြီးတော့ လော်ရာ့မျက်နှာကို မော့ကြည့်ပြီး...

"ဒီပုံကို ကျွန်တော် သိမ်းထားလို့ ဖြစ်မလား"

"ရပါတယ်။ ကြိုက်ရင် ယူထားပါ။ ဒါနဲ့…ဒီထက်ကြီးကြီး ဖြန်ကူး ပေးရင် မဖြစ်ဘူးလား"

"နေပါစေ။ ဒီပုံပဲ ယူပါ့မယ်"

သူက ခေတ္တ စဉ်းစားနေဟန် ပြုပြီးတော့မှ…

"သူက ကျွန်တော့်ကို မခေါ်ချင်ဘူးလား"

"ကလေးက ကလေးရဲ့ မေမေနဲ့ မနေချင်လို့လား"

လော်ရာက ပြန်လှန်မေးခွန်းဖြင့် ပြန်မေးလိုက်သည်။

"ကျွန်တော်က ဖေဖေ့ကိုလည်း ချစ်ပါတယ်"

**ကလေးက တော်တော် စကားပြောတတ်ပါကလား။**

"အဲဒီတော့ တို့ ဘယ်လို စီစဉ်ကြမလဲ"

"ကျွန်တော့် ဖေဖေပြောတဲ့အတိုင်း ကျွန်တော် လုပ်မှာပဲ။ ကျွန်တော့်ကို ဖေဖေပဲ ပိုင်တယ်။ မေမေ မပိုင်ပါဘူး"

"ဒါပေမဲ့ သူ့ခမျာမှာ ကလေးတစ်ယောက်ပဲ ရှိတာ။ ဘယ်လို လုပ်ပြီး ခွဲနိုင်ပါ့မလဲ"

"သူက မိန်းမပဲ။ သူ့ယောက်ျား ပြောတာ သူ လုပ်ရမှာပေါ့။ ဖေဖေ ကျွန်တော့်ကို လာပါလို့ခေါ်ရင် မေမေကလည်း သဘောတူရမှာပေါ့"

"ကလေးရဲ့ မေမေက ကလေးကို ဘယ်တော့မှ မခွဲနိုင်ဘူးဆိုရင် ကော…"

ခရစ္စတိုဖာကလေးက စိတ်ပျက်လက်ပျက်ဟန်ဖြင့် လက်နှစ်ဖက်ကို ရှေ့သို့ ဖြန့်လိုက်ပြီး…

"ဒီမှာနေရင် ကျွန်တော်ဟာ ဘာမှ မဟုတ်ဘူး။ ကျွန်တော့်ကို ဘယ်သူမှ လက်မခံဘူး။ ဖေဖေက ကျွန်တော် စာသင်ဖို့ ပိုက်ဆံ ပို့ပေးပေမဲ့ လည်း ဘာမှ မထူးဘူး။ ကျွန်တော်က ကိုရီးယား လူမျိုး မဟုတ်ဘူး။ နိုင်ငံ ခြားသား ဖြစ်နေတယ်။ သူတို့အားလုံးက ဒီလိုပဲ ထင်ကြတယ်။ ကျွန်တော့်





ဖေဖေက အမေရိကန် လူမျိုး ဖြစ်နေတယ်။ ကျွန်တော် ဘာဖြစ်လို့ ဒီလို မွေးလာရတာလဲ"

ကလေးက တကယ့် နာကြည်းမှုဖြင့် ပြောနေသည်။ သူ့အသံတွေ တုန်နေသည်။ လော်ရာ ရင်ထဲတွင် နင့်ခနဲ ခံစားရပြန်သည်။

သူမက ခရစ္စတိုဖာကလေး၏ လက်မောင်းပေါ်သို့ သူမ၏ လက်ကို တင်လိုက်ပြီး…

"အန်တီတို့လည်း ဒီကိစ္စကိုပဲ စဉ်းစား နေကြတာပဲ။ အခုအထိ ဘယ်လို လုပ်ရမှန်း မသိသေးဘူး။ ဒါနဲ့ အန်တီ့ကို ပြောပါဦး ကလေးရယ်၊ ကလေးက မေမေ့ကို မချစ်ဘူးလား… ဟင်။ သူ့ခမျာ ကလေးအပေါ်မှာ ကောင်းရှာပါတယ်ကွယ်"

ခရစ္စတိုဖာက သူ့လက်ကို ပြန်ရုပ်လိုက်ရင်း…

"ချစ်လည်းချစ်တယ်။ မုန်းလည်းမုန်းတယ်"

"ကလေးမေမေက သိပ်ပြီး စိတ်ကောင်းရှိပါတယ်ကွယ်။ ဒါနဲ့များ… ကိုယ့်မေမေကို ဘာဖြစ်လို့ မုန်းရတာလဲ ကလေးရယ်"

သူက ပြန်မဖြေ။ မျက်နှာလွှဲကာ ဥယျာဉ်ထဲသို့သာ ငေးကြည့်နေသည်။ သူ့စိတ်ကိုသူ အားတင်း၍ ထိန်းချုပ်နေသည့်ပုံမျိုး။

"ကလေး ဘာတွေ စဉ်းစားနေတာလဲ…ဟင်၊ အန်တီ့ကို မပြောပြနိုင်ဘူးလားကွယ်"

"မပြောနိုင်ဘူး"

သူက အသံမာမာဖြင့် တစ်ခွန်းတည်းသာ ပြန်ပြောလိုက်သည်။ ပြီးတော့… ထိုင်ရာမှ ငေါက်ခနဲ ထကာ ဆတ်ခနဲ ဦးညွှတ်လိုက်ပြီး…

"အန်တီ့မှာ ကျွန်တော့်ကို တခြား ပြောစရာ မရှိတော့ဘူးဆိုရင် ကျွန်တော့်ကို ခွင့်ပြုပါဦး…အန်တီ"

သူက ယင်းသို့ ပြောပြီးနောက် အိမ်ပေါ်မှ ဆင်းကာ ဥယျာဉ်ထဲ တစ်ကြောတည်း ဝင်ပြေးသွားတော့သည်။

လော်ရာက ခေတ္တမျှ ထိုင်စောင့် နေသေးသည်။ သူ ဘယ်တော့မှ ပြန်မလာတော့ပါဘူးဟု စိတ်ကို တုံးတုံးချလိုက်ပြီးသောအခါတွင်မှ ထိုင်ရာမှ ပြန်ထလိုက်သည်။

ထို[illegible]ိုက် မှန်ခန်းဆီးတံခါး ပွင့်လာပြီး တံခါးဝတွင် အဘွားကြီး ပေါ်လာသည်။ အဘွားကြီးသည် တစ်ချိန်လုံး မှန်ခန်းဆီး နောက်ကွယ်မှ နေ၍ တိတ်တိတ်ကလေး ချောင်းမြောင်း နားထောင်နေခဲ့တာ ဖြစ်ရမည်ဟု လော်ရာက တွက်လိုက်သည်။

လော်ရာက ဘာစကားမှ မပြောတော့ဘဲ အိမ်ပေါ်မှ ဆင်းလာသည်။ အဘွားကြီးက ခြံဝအထိ သူမ နောက်မှ လိုက်လာသည်။

အိမ်ရှေ့ခြံပြင်တွင် အငှားကားကို အသင့် တွေ့ရသည်။ လော်ရာက ကားပေါ်သို့ တက်ကာ ကားဆရာကို ပြောလိုက်သည်။

"ဟိုတယ်ကို ပြန်သွားပါ"

*

နွေဦးပေါက်ရာသီ ကုန်ဆုံး၍ နွေရာသီရောက်ခဲ့ပြီ။ အချိန်တာတွေကလည်း အကုန် မြန်လိုက်ပါဘိ။ နေလိုက်ရသည်ဟုပင် မထင်မိရ။

လော်ရာ သူမ အခန်းသို့ ပြန်ရောက်လာခဲ့သည်။ တစ်ခန်းလုံး ထိုင်းမှိုင်းပြီး ပူစပ်ပူလောင် ဖြစ်နေသည်။ လေကလည်း တစ်စက်မျှ မတိုက်။ တောင်ထိပ်ပေါ်တွင် မိုးတိမ်မည်းမည်းကြီးတွေ အုံ့ဆိုင်းနေသည်ကို ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။

သူမစိတ်သည် အိမ်သို့ ပြန်ရောက်သွားသည်။ အိမ်ကို အောက်မေ့လာမိသည်။ ခရစ္စကို သတိရမိသည်။





ထိုင်ရာမှ ဆက်ခနဲထကာ တယ်လီဖုန်း စားပွဲသို့ လျှောက်လာခဲ့သည်။

နာရီဝက်ခန့် ဆက်တော့မှ အဝေးပြော အော်ပရေတာနှင့် အဆက်အသွယ် ရသည်။ သို့သော် သူမ ဆန္ဒကား မပြည့်။

"ဝမ်းနည်းပါတယ်ရှင်။ အဝေးပြောလိုင်း အစက်အခဲ ရှိနေလို့ပါရှင်"

လင်တော်မောင် ခရစ္စ၏ အသံကို ကြားချင်လှသော်လည်း ကြားခွင့်မရတော့။ စိတ်ပျက်ပျက်နှင့် လက်လျှော့လိုက်ရတော့သည်။

တယ်လီဖုန်း ဆက်လို့မရရင် စာရေးရ ကောင်းမလားဟု တွေးမိသည်။ သို့သော်... စာရေးရန် အချိန်မတန်သေး။ စောလွန်းနေသေးသည်။ သူမ အနေဖြင့် ခရစ္စတိုဖာကလေး အကြောင်းကို ပြည့်ပြည့်စုံစုံ သိရန် လိုသေးသည်။ ယခုအတိုင်းဆိုလျှင် သည်ကောင်လေးကို နောက်ထပ် တွေ့ရဖို့ပင် မပ်မက်ခက်။

မိုးခြိမ်းသံကြီး နားကွဲမတတ် ပေါ်ထွက်လာသည်။

အိပ်ရာထဲ တစ်ခါတည်း တန်းဝင်လိုက်တာပဲ ကောင်းမလား။ အိပ်ပျော်သွားတာဟာ စိတ်သက်သာရာ သက်သာကြောင်း အကောင်းဆုံး ထွက်ပေါက်ပါပဲ။ ရေအေးအေးနဲ့ ရေချိုးပြီး အိပ်လိုက်တော့မယ်လေ...။

သို့ဖြင့် အဝတ်အစားလဲကာ ရေချိုးလိုက်သည်။ ကိုယ်ရောစိတ်ပါ တော်တော် လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။ ဆံပင်ကို ဖြီးသင်ကာ ကျစ်ဆံမြီးထုံးသည်။ ထို့နောက် အိပ်ရာထဲ ဝင်လှဲလိုက်တော့သည်။

အပြင်ဘက်တွင်တော့ လေမုန်တိုင်းကြီး တဝုန်းဝုန်း တိုက်ခတ်လျက်...။

နေဝင်ရိုးဖျ အချိန်တွင် သူမ ပြန်နိုးလာသည်။ မိုးနှင့်လေနှင့်လည်း သွားခဲ့ပြီ။ တစ်ရေး ကောင်းကောင်းအိပ်လိုက်ရ၍ တော်တော် အားရှိသွားသလို ထင်ရသည်။ ဆာလည်း တော်တော်ဆာနေသည်။ မနက် ကတည်းက ဘာမှ မည်မည်ရရ မစားဖြစ်ခဲ့သည်ကို ယခုမှ သတိရမိတော့သည်။

သို့ဖြင့် အိပ်ရာမှထ၍ အဝတ်အစားလဲသည်။ ပြီးတော့... စားသောက်ခန်းသို့ ဆင်းလာခဲ့သည်။

အချိန်က တော်တော်နောက်ကျနေပြီ။ ညစာ စားချိန်ပင် ကုန်ဆုံးခါနီးနေပြီ။

အခန်း တစ်နေရာ ပြတင်းပေါက်နားမှ စားပွဲတွင် ယူနီဖောင်းဝတ် အမေရိကန် လူငယ် နှစ်ယောက်ကို လှမ်းမြင်လိုက်သည်။

သူမ လျှောက်လာစဉ် သူတို့က စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။ သူမက သူတို့ စားပွဲနှင့်ကပ်လျက် စားပွဲတွင် ခပ်တည်တည်ဖြင့် ဝင်ထိုင်သည်။

သူတို့က စားသောက်လို့ ပြီးခါနီးနေပြီ။ ကော်ဖီသောက်ရင်း သူ့အကြောင်းကို မကြားတကြား ပြောနေကြသည်။

တစ်ယောက်သော လူနှင့် မျက်လုံးချင်း ဆုံမိသွားသည်။ သူမက ပြုံးပြလိုက်သည်။

သူတို့ နှစ်ယောက်စလုံး ရုတ်တရက် ထရပ်လိုက်ကြသည်။ တစ်ယောက်သောသူက သူမ ဆီသို့ လျှောက်လာသည်။

"ခွင့်လွှတ်ပါ ခင်ဗျာ"

ဆံပင်နီနီနှင့် အငယ်လူက ပြောသည်။

"ကျွန်တော်တို့ကို သိများသလို့ပါလား။ ကျွန်တော်တို့ကတော့ လုံး မမှတ်မိလို့ပါ"

သူမက ခပ်မြူးမြူးကလေး တစ်ချက် ရယ်လိုက်ပြီးတော့မှ...

"ကျွန်မလည်း ရှင်တို့ကို မှတ်မိတယ်လို့ မထင်ပါဘူး။ ကျွန်မက မနေ့ကမှ ဒီကို ရောက်လာတဲ့ လူပါ"

"ဒီလိုဆို ဟိုတုန်းက မသိလည်း အခု သိကြပြီပေါ့ဗျာ။ မဟုတ်လား ကျွန်တော် ပြောတာ..."

"ဟုတ်ပါတယ်။ ကျွန်မ နာမည်က မစွက်ခရစ္စဝင်းတားလို့ ခေါ်ပါ တယ်"





"အစကတည်းက ကျွန်တော် ထင်သားပဲ။ ကျွန်တော်တို့ ကံဆိုးတာပဲ ခင်ဗျား။ ကျွန်တော်က ဂျင် ထရေနေပါ။ ဒါက ဗိုလ် လူစီးယပ် ဘရောင်း။ ကျွန်တော်တို့က ဒီမှာ တာဝန်ကျတာ။ ဟိုတယ်တွေမှာတော့ အမြဲတမ်း စားနိုင်ကြပါဘူး။ ဒါပေမဲ့...ဒီဟိုတယ်က အမဲကြော် နာမည်ကြီးလွန်းလို့ လာစားကြတာ။ ဂျပန်ကလာတဲ့ အမဲသား။ ကိုဘေး အမဲသား။ သိပ်ပြီး ကောင်းတယ်။ အရသာကလည်း သိပ်ရှိတာပဲ။ ပါးစပ်ထဲ ထည့်လိုက်ရင် တစ်ခါတည်း လျှာရည်လည်သွားမယ်။ ဒါနဲ့တောင်မှ မဒမ်က ငါးဟင်း မှာစားတာ အံ့ပါရဲ့"

"ကျွန်တော်တို့ ထိုင်လို့ ဖြစ်ပါသလား...မဒမ်"

ဗိုလ်ဘရောင်းက ခွင့်တောင်းသည်။

သူက ပို၍ ယဉ်ကျေးသည်။ ဣန္ဒြေသိက္ခာလည်း ရှိသည်။ မြို့ကြီးသား ဖြစ်ပုံရသည်။

ဂျင်ကတော့ ဗိုလ်ဘရောင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ခပ်ပေပေ ခပ်တေတေ အစားမျိုး ဖြစ်ပုံရသည်။

"ထိုင်နိုင်ပါတယ်။ ကျွန်မလည်း ပျင်းတာနဲ့ ဘာလုပ်ရမှန်းတောင် မသိပါဘူး"

သူတို့ ဝင်ထိုင်ကြသည်။

"ဒါနဲ့ မဒမ် ပေါ့ကားတောင်ကုန်း ရောက်ဖူးသလား"

ဂျင်က မေးသည်။

"ကျွန်မ ဘယ်မှ မရောက်ဖူးပါဘူး"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်ကြသည်။

"ဒါဆို မစွက်ဝင်းတားကို ကျွန်တော်တို့ အဲဒီ ခေါ်သွားကြမယ်"

ဂျင်က ပြောသည်။

"သိပ်ကောင်းတာပေါ့"

ဗိုလ်ဘရောင်းက ထောက်ခံသည်။

နောက်တစ်နာရီခန့် အကြာတွင် လော်ရာသည် ဂျင်နှင့် ဘရောင်းတို့ နှစ်ယောက်ကြား ထိုင်နေပြီ။ သို့သော်...နေရာကတော့ တခြား တစ်နေရာ ဖြစ်နေသည်။

သူတို့သည် အခန်းကျယ်ကြီး ထဲတွင် ရောက်နေကြသည်။ စားပွဲ ခပ်သေးသေး ကလေးများတွင် အမေရိကန် အမျိုးသားတွေ တချို့ တစ်ယောက်တည်း။ တချို့က နှစ်ယောက် တစ်တွဲ။ လေးယောက် တစ်ဝိုင်း ထိုင်နေကြသည်။ ဂီတသံ၊ ဇွန်းသံ၊ ပန်းကန်သံ၊ ကောင်တာမှ လှမ်းအော်သံ များဖြင့် တစ်ခန်းလုံး တအုန်းအုန်းနှင့် ဆူညံနေသည်။

အခန်းအစွန်တစ်ဖက်တွင် ဝတ်လစ်စလစ် ဝတ်ထားသော ကိုရီးယား ကချေသည်မကလေးက ရှေ့ပွဲလာတို့အား မြူးမြူးကြွကြွ ဖြေဖျော်လျက် ရှိသည်။

ခန်းမကြမ်းပြင်ပေါ်တွင်တော့ အမေရိကန်စစ်သားများက အနောက် တိုင်း ဝတ်စုံများကို တိုတိုကျပ်ကျပ် ဝတ်ထားသော ကိုရီးယားသူကလေး များနှင့် တွဲကနေကြသည်။

"ကျွန်မတို့ ဘယ်ရောက်နေကြတာလဲ"

လော်ရာက ဝေဝေဝါ ဖြစ်နေဟန်ဖြင့် မေးသည်။

ဂျင်က ရယ်လိုက်ပြီး...

"ဒီကောင်မလေးတွေကို ဂရုစိုက်နေစရာ မလိုပါဘူး...မဒမ်။ သူတို့ က သူတို့ကိုယ် သူတို့ အမေရိကန် အမျိုးသမီးတွေလို့ ထင်နေကြတာ။ ရုပ်ရှင် မဂ္ဂဇင်းတွေထဲက ပုံတွေကြည့်ပြီး ဟောလီးဝုဒ်က ရုပ်ရှင်မင်းသမီးတွေ လို လိုက်လုပ်နေကြတာ။ ဒါပေမဲ့..."

သူက ဆက်မပြောတော့ဘဲ ခေါင်းကို ခါယမ်းလိုက်သည်။

ဗိုလ်ဘရောင်းက သူ့ကိုယ်စား ဆက်ပြောသည်။

"ဖြစ်နေတာကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ် မစ္စက်ဝင်းတား။ ဒီမိန်းကလေးတွေက အမေရိကန် အမျိုးသမီးတွေကို





တစ်ခါမှ မမြင်ဖူးကြဘူး။ ဒါပေမဲ့... သူတို့က အမေရိကန် အမျိုးသမီး အားလုံးဟာ ရုပ်ရှင်မင်းသမီးတွေ အတိုင်းပဲ ဝတ်စားဆင်ယင်ကြတယ်လို့ ထင်နေကြတယ်လေ။ ဒါကြောင့် သူတို့လည်း အမေရိကန် ရုပ်ရှင် မင်းသမီး တွေ အတိုင်း အစွမ်းကုန် ပြင်ဆင်ခြယ်သကြတယ်။ အဲဒီနောက်တော့ ကျွန်တော်တို့ ဟောလီးဝုဒ်က မင်းသမီးတွေတောင် စိတ်မကူးရဲတဲ့ အပြုအမူ တွေကို လွတ်လပ်စွာ အစွမ်းကုန် လုပ်ကြတော့တာပဲ"

"တစ်နေ့တုန်းက ကျွန်တော် လမ်းလျှောက်လာတော့ ကောင်မလေး တစ်ယောက်ကတောင် လှမ်းခေါ်သေးတယ်"

ဂျင်က ဖြတ်ပြောသည်။ ဗိုလ်ဘရောင်းက သူ့ကို လှည့်ကြည့်တော့ သူက ဆက်ပြီး မပြောတော့ဘဲ စကားဖြတ်ပစ်လိုက်သည်။

ထိုအခိုက် သူတို့အနားသို့ မိန်းကလေးတစ်ယောက် ရောက်လာပြီး...

"ကျွန်မ တစ်ကိုယ်လုံး မီးလို ပူနေပြီ" ဟု ဂျင်အား တိုးတိုးကပ်ပြော လိုက်သည်။

"သွားစမ်းပါ"

ဂျင်က မျက်နှာတင်းတင်းနှင့် မောင်းထုတ်လိုက်သည်။

လော်ရာက အသံထွက်၍ ရယ်လိုက်ပြီး...

"ငါ့မောင်က တော်တော် စွံတဲ့လူပဲ"

"အဖြစ်မှန်က အဲဒီလို မဟုတ်ဘူး...မစ္စက်ဝင်းတား။ ယောကျ်ား ကလေး တစ်ယောက် လမ်းပေါ် လျှောက်သွားရင် ကောင်မလေးတွေက ဝိုင်းအုံသလို လိုက်အုံကြတယ်၊ တစ်ခါကဆိုရင် ကျွန်တော့်ကို ကောင်မလေး တစ်ယောက်က အတင်း လိုက်ဆွဲတယ်"

"ဟေ့လူ...စကား ကြည့်ပြောပါ"

ဗိုလ်ဘရောင်းက တားလိုက်သည်။

"ဟုတ်ပါတယ်...မစ္စက်ဝင်းတား။ အဖြစ်မှန်ကတော့ အဲဒီအတိုင်း ပါပဲ။ ယောကျ်ားတွေကို အပြစ်တင်လို့လည်း မရပါဘူး။ အခြေအနေကကို အဲဒီလို ဖြစ်နေတာ။ ဒါပေမဲ့... ကျွန်တော်တော့ ဒါတွေ လုံးဝ မစွဲလမ်းမိ

ပါဘူး။ ကျွန်တော့်မှာ အော့စတွန်မြို့မှာ နေစပ်ပြီးသား ချစ်သူ ရှိတယ်၊ ဒါပေမဲ့ ဂျင်ကတော့…ဒီမှာ…"

သူက စကားဖြတ်ပြီး ပြုံးနေသည်။

"တော်ပါတော့…တော်ပါတော့ ဗိုလ်ကြီးရာ"

သို့သော်…ဗိုလ်ဘရောင်းက ဆက်ပြောသည်။

"ဒီကို ရောက်လာတဲ့ စစ်သားလေးတွေက ဆယ့်ရှစ်နှစ်နဲ့ နှစ်ဆယ့် ငါးနှစ်ကြား အရွယ်တွေ။ ကျေးရွာတွေက လာကြတာ များတယ်။ ဒီကို ရောက်လာတော့ သူတို့က အားလုံး လျှောက်လုပ်ကြတော့တယ်။ အခြေအနေ ကလည်း ပေးနေတယ်။ မိန်းကလေးတွေက မြှူဆွယ်နေကြတယ်။ စစ်သား ကလေးတွေက အိမ်ကို အောက်မေ့နေကြတယ်။ ဒီမှာ နေရတာ မပျော်ကြ ဘူး။ သူတို့ ဒီကို ဘာကြောင့် ရောက်ကြတယ် ဆိုတာလည်း မသိကြဘူး၊ ဒီတော့ စိတ်ညစ်ညစ်နဲ့ ခဏတာပဲ ပျော်ရ ပျော်ရ ဆိုပြီး အကုန်လျှောက်ပျော် ကြတော့တာပေါ့။ ဟော…ဟိုမှာ…ဟိုချာတိတ် ကြည့်ပါလား"

ယင်းချာတိတ်မှာ ဆယ်ကျော်သက် အရွယ်မျှသာ ရှိသေးသော မိန်း ရှည်ရှည် စစ်သားကလေး ဖြစ်သည်။ သူသည် ရုပ်ချောသော ကိုရီးယား ကလေး တစ်ယောက်ကို ကျစ်ကျစ်ပါအောင် ဖက်ကာ သူတို့သော ပြန် လျှောက်သွားသည်။

"အဲဒီ ချာတိတ်ဆိုရင်…"

ဗိုလ်ဘရောင်းက ဆက်ပြောသည်။

"သူ့ရုပ်ရည်မျိုးနဲ့ ကိုယ့်နိုင်ငံမှာ ဘယ်မိန်းကလေးကမှ လှည့်ကြည့် မယ့်ကောင် မဟုတ်ဘူး။ ဒါပေမဲ့ ဒီမှာတော့ ချောမောလှပပေဆိုတဲ့ ကောင် လေးတွေကိုမှ တစ်ယောက်ပြီး တစ်ယောက် ရွေးပြီး တွဲနေတာ။ မှုန တွဲသွားတဲ့ ကောင်မလေးကိုပဲ ကြည့်တော့။ ဘယ်လောက် ချောလိုက်သလဲ လို့"

လော်ရာက စိတ်ဝင်စားစွာ နားထောင်နေရာမှ ဖြတ်ပြောလိုက်သည်။





"အမှန်ဆိုရင် ယောက်ျားကလေးနဲ့ မိန်းကလေး တွဲကြတာ မဆန်းပါ ဘူး။ တရားမဝင် ကလေး မမွေးဘူးဆိုရင် ဘာမှ ပြဿနာ မရှိနိုင်ပါဘူး၊"

"အမယ်လေး…ဒီအကြောင်းတော့ မပြောပါနဲ့ မစွက်ဝင်းတား"

ဂျင်က ပြောသည်။

"တရားမဝင် ကလေးတွေ ထောင် သောင်း ချီပြီး ရှိတာပေါ့။ မယုံရင် မြို့ပြင် ကျေးရွာတွေ သွားကြည့်ပါလား။ ပြွတ်ပြွတ်စီနေတာ တွေ့ရပါလိမ့် မယ်"

ဂီတသံက နားကွဲမတတ် ဆူညံနေသည်။ မိန်းကလေးတစ်ယောက် က အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ပီပီသသနှင့် အေးအေးမြည့်မြည့် ဆိုနေသည်။

"အခု သူ ဘာသီချင်း ဆိုနေတယ်ဆိုတာကို ဒီကလေးမ နားရော လည်ပါရဲ့လား"

လော်ရာက မေးသည်။

ဂျင်က ခေါင်းကို ခါယမ်းလိုက်သည်။

"တစ်လုံးမှ နားမလည်ဘူး။ သူက ဓာတ်ပြားဖွင့် နားထောင်ပြီး ကြက်တူရွေး စာသင်သလို နှုတ်တိုက် လေ့ကျက်ထားတာ"

ဂီတသံ၊ သီချင်းသံနှင့် ကခုန်သံတွေကြားတွင် လော်ရာက ပိတ်ပိတ် သား နှုတ်ဆိတ်နေမိသည်။ သူမ အတွေးနက်နေသည်။

ငါ ဒီကို ဘာကြောင့် ရောက်လာရတဲ့ အကြောင်း၊ သူတို့ နှစ်ယောက် ကို ဖွင့်ပြောလိုက်ရမှာလား။ ဖွင့်ပြောလို့ရော အကျိုးရှိပါ့မလား။ သူတို့ဆီက အကူအညီ တစ်စုံတစ်ရာ ရနိုင်ပါ့မလား။

သူမ၏ မေးခွန်းများကို သူမ ကိုယ်တိုင် မဖြေဆိုနိုင်မီမှာပင် ခန်းမ ဆောင် တံခါးဝမှ မစ္စတာချို ဝင်လာသည်ကို လှမ်းမြင်လိုက်ရသည်။

မစ္စတာချိုသည် တံခါးဝတွင်ရပ်ကာ တစ်ခန်းလုံးကို မျက်လုံးကစား ကြည့်လိုက်သည်။ နောက်ဆုံးတွင် လော်ရာကို သူ မြင်သွားသည်။

သူ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာသည်။ ကနေသော စုံတွဲ တွေ ကြားမှ တိုးဝှေ့ကာ ဖြတ်လျှောက်လာသည်။

"အား...မစ္စက်ဝင်းတားလည်း ဒီကို ရောက်နေတာကိုး"

သူက လော်ရာ၏ ဘေးတွင် ဝင်ရပ်သည်။

"ကျွန်တော် တစ်ချိန်လုံး ခင်ဗျားကို လိုက်ရှာနေတာ"

"ကျွန်မ ဒီမှာရှိတယ်ဆိုတာ ဘယ်လိုလုပ် သိသလဲ"

"ဟိုတယ်က ပြောလိုက်တယ်"

သူက ရပ်မြဲ ရပ်နေသည်။ လော်ရာက သူ့ကို လူငယ်စစ်သား နှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

ဗိုလ်ဘရောင်းက မစ္စတာချို့နှင့် လက်ဆွဲနှုတ်ဆက်သည်။ ဂျင်က ခေါင်းညိတ်ပြသည်။

"ထိုင်ပါလား မစ္စတာချို့"

လော်ရာက ဖိတ်ခေါ်သည်။

သူက မထိုင်သေးဘဲ...

"ခင်ဗျားအတွက် ဖိတ်စာတစ်စောင် ရောက်နေတယ်။ အဲဒါ သက် ဆိုင်သူက ကျွန်တော့်ကို တာဝန်ပေးထားလို့။ ခင်ဗျား လက်ခံအောင် ဖိတ်ပေးပါလို့ တောင်းပန်လိုက်တယ်"

"ဩော်...ဟုတ်လား၊ ဘယ်မှာလဲ။ ဘယ်သူက ဖိတ်တာလဲ"

"ကင်ဆွန်ယာက ဖိတ်တာ။ ပန်းရိပ်သာမှာ သူကပွဲကို လာကြည့် စေချင်ပါတယ်တဲ့။ မစ္စက်ဝင်းတားက လက်ခံရင်တော့ ပန်းရိပ်သာကို ပထမဆုံး ရောက်ဖူးတဲ့ အမေရိကန်လူမျိုး ဖြစ်ပါလိမ့်မယ်"

လော်ရာက ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ ပြီးတော့ လူငယ် စစ်သား နှစ်ယောက်ဘက်သို့ လှည့်ကာ...

"ကဲ...ငါ့မောင်တို့ ခွင့်ပြုကြပါဦး။ ကျွန်မအနေနဲ့ ဒီဖိတ်ခေါ်ချက်ကို လက်မခံလို့ မဖြစ်လို့ပါ။ အထူးအကြောင်း ရှိလို့ပါ"

"ဟုတ်ကဲ့...ရပါတယ်ခင်ဗျား"

ဗိုလ်ဘရောင်းက ပြောသည်။





"ဟုတ်ကဲ့...သွားရမှာပေါ့ခင်ဗျာ"

ဂျင်က ပြောသည်။

ပြီးတော့ နှစ်ယောက်စလုံး ထရပ်လိုက်ကြသည်။

တံခါးဝရောက်တော့ လော်ရာက သမင်လည်ပြန် လှည့်ကြည့်လိုက် သည်။ ဗိုလ်ဘရောင်းနှင့် ဂျင်တို့က သူမအား အံ့သြသော မျက်နှာဖြင့် မျက်တောင်မခတ် ရပ်ကြည့် ကျန်ရစ်ကြသည်။

"ကျွန်တော်က နေဝင်မီးငြိမ်းခေါင်းလောင်း မထိုးခင် မစ္စက်ဝင်းတား ကို တွေ့မှတွေ့ပါ့မလားလို့ စိုးရိမ်နေတာ"

ကားပေါ်ရောက်တော့ မစ္စတာချို့က ပြောသည်။

သူတို့သည် စိမ်းခံကားပေါ်တွင် ဘေးချင်းယှဉ်၍ ထိုင်နေကြပြီ။ ဒရိုင်ဘာက လမ်းပေါ်မှ ကြိတ်ကြိတ်တိုး လူအုပ်ကြားထဲ မောက်ဝင်ကာ ကားကို မောင်းနှင်လာခဲ့သည်။

"မစ္စက်ဝင်းတား ဘယ်မှာ ရှိတယ်ဆိုတာ ဟိုတယ်က ပြောပြတော့မှ ကျွန်တော် စိတ်အေးသွားတယ်။ သူတို့က နိုင်ငံခြားသား ဧည့်သည်တွေကို အမြဲတမ်း စောင့်ကြည့်နေကြတယ်။ ဘယ်အချိန် ဘယ်မှာ ရှိမယ်ဆိုတာ အမြဲတမ်း ထောက်လှမ်းနေကြတယ်"

"အဲဒီလို ဘာဖြစ်လို့ လုပ်တာလဲ"

"ခေတ်ကာလ အခြေအနေ မကောင်းလို့ပေါ့။ ရုတ်တရက် မမျှော်လင့် တဲ့ နိုင်ငံရေး အပြောင်းအလဲ တစ်ခုခု ပေါ်ပေါက်လာရင် နိုင်ငံခြားသားတွေ ဘယ်ရောက်နေတယ် ဆိုတာ သိထားမှ ဖြစ်မယ်။ နိုင်ငံခြားသားတွေ လုံခြုံ ရေး အတွက် အလုပ် လုပ်တာပါ"

"ရှင်က နိုင်ငံရေး အပြောင်းအလဲ ရှိမယ်လို့ ထင်သလား"

"အပြောင်းအလဲကတော့ အချိန်မရွေး ပေါ်ပေါက်နိုင်တာပဲ။ တစ်နှစ် နှစ်နှစ်အတွင်းတော့ အေးအေးဆေးဆေးပဲ ရှိလိမ့်မယ် ထင်ပါတယ်။ ဒါပေမဲ့

နိုင်ငံရေး မျက်နှာပြင် ငြိမ်သက်နေပေမဲ့ ရေအောက်မှာ ဆူပွက်နေတာကို လူတိုင်း မသိနိုင်ပါဘူး။ ခေတ်အခြေအနေက မကောင်းဘူး၊ မစွက်ဝင်းတာ ကျွန်တော်တို့ နိုင်ငံကို ရိုးရာ ဘုရင်စနစ်နဲ့ အုပ်ချုပ်လာခဲ့တယ်။ ဂျပန်ဝင်လာတော့ ဘုရင်စနစ် ပျက်သွားတယ်။ ကျွန်တော်တို့ရဲ့ ထီးမျ မင်းသားကို ဂျပန်တွေက ဂျပန်မင်းသမီးနဲ့ အတင်း လက်ဆက်ပေးတယ်၊ ဒီလိုနဲ့ ကျွန်တော်တို့ ပြည်သူတွေဟာ ဖက်ဆစ်တွေရဲ့ အုပ်ချုပ်ရေးအောက်မှ နှစ်ပေါင်းများစွာ နေလာခဲ့ကြရတယ်"

"အခု အမေရိကန်တွေ ရောက်လာပြန်တော့လည်း ပြည်သူတွေ အပြည့်အဝ နားမလည်တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ အုပ်ချုပ်ခံနေကြရပြန်တယ်၊ ဒီမိုကရေစီစနစ်တဲ့။ ဒီစနစ်ကို ကျွန်တော်တို့ နားမလည်ပါဘူး။ ကျွန်တော်တို့ အတွက် အသစ်အဆန်း ဖြစ်နေတယ်။ အာဏာငမ်းငမ်းတက် နိုင်ငံရေးသမား တွေ ကြားထဲမှာ အတွင်းကျိတ် ပဋိပက္ခတွေ ရှိနေတယ်။ သူတို့ နောက်မှ စစ်တပ်တွေ ကိုယ်စီ ရှိကြတယ်။ ငြိမ်းချမ်းရေးကတော့ ဝေးပါသေးတယ်၊ ကျွန်တော်တို့ လူငယ်တွေကလည်း မကျေနပ်ကြဘူး။ တော်လှန်ချင်နေကြ တယ်။ အထူးသဖြင့် ဂျပန်နဲ့ စီးပွားရေး စာချုပ်ချုပ်တာကို လုံးဝ သဘောမကျ ကြဘူး။ မြောက်ကိုရီးယား၊ ကွန်မြူနစ်တွေက နှစ်နိုင်ငံ ပူးပေါင်းရေး ဖြ ဖြန့်နေကြတာကို လူငယ်တွေက တော်တော်ကလေး စိတ်ပါနေကြတယ်"

မစ္စတာချိုက စိတ်ပါလက်ပါ ပြောနေသည်။ လော်ရာကလည်း စိတ်ဝင်စားစွာ နားထောင်သည်။ မစ္စတာချို၏ ဆိုလိုချက်ကိုလည်း အကုန် အစင် သဘောပေါက်သည်။ သို့ပေမဲ့ သူမ၏ စိတ်အာရုံက ကိုရီးယား နိုင်ငံရေး ကိစ္စထက် တခြား ကိစ္စတစ်ခုသို့သာ မကြာခဏ ရောက်၍ ရောက်၍ သွားတတ်သည်။ သူမက မစ္စတာချို၏ စကားကို နားထောင်နေရင်း သူမ ခင်ပွန်း ဖြစ်သူ၏ ရင်သွေးငယ် ဆီသို့သာ ရောက်သွားတတ်သည်။ ထို့ကြောင့် သူမက မေးလိုက်သည်။

"အဲဒီလိုဆိုရင် ကင်ခရစ္စတိုဖာလို ကပြားကလေးတွေရဲ့ ကံကြမ္မာ ဘယ်လို ဖြစ်လာနိုင်သလဲ"

"အားလုံး သေကုန်မှာပေါ့။ အများကြီးလည်း သေကုန်ကြပြီ"





"ဘာကို ဆိုလိုတာလဲ"

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ခေတ်တစ်ခေတ် ပေါ်ခဲ့တယ် မစွက် ဝင်းတား။ အမေရိကန် အဖေတွေနဲ့ မွေးလာတဲ့ ကလေးတွေ တော်တော် များများပဲ ထူးထူးဆန်းဆန်း ပျောက်ကုန်ကြတာကို ပြောတာပါ"

"ပျောက်ကုန်ကြတယ်...ဟုတ်လား"

"ဟုတ်တယ်...သေကုန်ကြတာကို ပြောတာ။ နည်းမျိုးစုံနဲ့ သေကုန် ကြတယ်။ တချို့ ယောက်ျားကလေးတွေဆိုရင် သင်းကွပ်ပစ်တာတောင် ရှိတယ်။ ဒီနိုင်ငံမှာသာ မဟုတ်ဘူး။ ဂျပန်မှာလည်း ရှိခဲ့တယ်။ ဒါအဖြစ်မှန်ပဲ။ တကယ် ဖြစ်ခဲ့တာပဲ။ ဒီလုပ်ရပ်အတွက် ခင်ဗျားတို့က ကျွန်တော်တို့ကို အပြစ်တင်လိမ့်မယ်။ တင်ရင်လည်း ခံရမှာပဲ။ ခင်ဗျား သိတဲ့အတိုင်း ကျွန်တော်တို့ လူမျိုးက အလွန် ရှေးကျတဲ့ လူမျိုးပါ။ အလွန် အမျိုးဂုဏ် မောက်တဲ့ လူမျိုးပါ။ ခင်ဗျားတို့ နိုင်ငံမှာလည်း ဘာထူးလို့လဲ။ သွေးမတူတဲ့ လူမျိုး နှစ်ယောက်တွေ့ရင် ဘာဖြစ်တတ်သလဲ။ သတိကြတာပဲ မဟုတ်လား"

လော်ရာက မစ္စတာချို၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။ သူသည် အတွေးနက်စွာဖြင့် လမ်းဘေးမီးရောင်များကို စိုက်ကြည့်နေသည်။

သည်ခဏ၌ လော်ရာ၏ ဦးနှောက်ထဲသို့ အသိတစ်ခု ဝင်လာသည်။ ထိုအသိနှင့်အတူ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ချမိလျက်သား ဖြစ်သွား သည်။

"ဒီလိုဆိုရင် မစ္စတာချို၊ ကင်ခရစ္စတိုဖာကလေးကို ကျွန်မ ဒီနိုင်ငံက ခေါ်ထုတ်သွားချင်တယ်။ ရှင် ကျွန်မကို ကူညီနိုင်ပါ့မလား"

မစ္စတာချိုက လော်ရာဘက်သို့ လှည့်ကြည့်ပြီး အားတက်သရော ပြောလိုက်သည်။

"အဲဒါ အကောင်းဆုံး အစီအစဉ်ပဲပေါ့။ ကလေးအတွက် စိတ်ချရဆုံး ပဲပေါ့"

*

ရောင်စုံစက္ကူပန်းများဖြင့် အလှဆင်ထားပြီး လျှပ်စစ်မီးတွေ ထိန်ထိန် လင်း နေသော ဂိတ်ဝရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။ ကိုရီးယား ဝတ်ထားသော မိန်းကလေးနှစ်ယောက်က လက်ထဲတွင် ပန်းစည်းကိုယ်စီ စောင့်ကြိုနေကြသည်။

"အား...ကျွန်တော်တို့ကို အဆင်သင့်ကြိုနေကြတယ် မစ္စက်ဝင်း

မစ္စတာချိုက ပြောသည်။

သူတို့နှစ်ယောက်သည် ကားပေါ်မှ ဆင်းကြသည်။ မိန်းက များက ရှေ့သို့ တိုးလာပြီး ပန်းစည်းများ ဆက်ကြသည်။

"ကြိုဆိုပါတယ်"

"ကြိုဆိုပါတယ်"

မိန်းကလေး နှစ်ယောက်က တစ်ယောက်တစ်လှည့် ပြောသည်။

"ကျေးဇူးတင်ပါတယ်"

လော်ရာက ပြန်ပြောလိုက်သည်။

ပန်းစည်းကို လက်ထဲတွင် ကိုင်ပြီး မိန်းကလေးများ နောက်မှ လိုက် လာခဲ့ကြသည်။ ခြံဝင်းကိုဖြတ်ကာ စကျင်ကျောက်လှေကားကို တက် ခန်းမကြီးထဲ ဝင်လာခဲ့ကြသည်။

ခန်းမ တစ်ဖက်တစ်ချက်ရှိ မှန်ခန်းဆီးများကို ဖွင့်ထားသည်။

အခန်းအဆုံးမှ ဆွန်ယာ လျှောက်လာသည်ကို မြင်လိုက်ရသည်။ ဆွန်ယာသည် ဘရိုကိတ်ဖဲဂါဝန်နှင့် ရွှေရောင်အကျီကို ဝတ်ဆင်ထားသည်။ နက်မှောင်နေသော ဆံပင်များကိုမူ ကျစ်ဆံမြီး မထုံးဘဲ ခေါင်းနောက် အုပ်လိုက် ဖြန့်ချထားသည်။

ဆွန်ယာအနီးသို့ ရောက်လာသောအခါ လော်ရာသည် ကြက်သီးမွေး ပင် ထသွားမိသည်။ သည်လောက် ချောမောလှပသော မိန်းမတစ်ယောက်





ည် သူမအနေဖြင့် သည်တစ်ခါသာ မြင်ဖူးသေးသည်ဟုပင် ထင်မှတ်မိ ည်။ ယခု သူမ မြင်နေရသော ဆွန်ယာသည် ယခင်က ရေချ မြင်ခဲ့ရသော န်ယာထက် အဆပေါင်းများစွာ ပို၍ လှလိမ့်မည်ဟုလည်း ထင်မိသည်။ သော် ဖြူစင်ချောမွတ်သော အသားအရေ၊ ဂန္ထဝင်မြောက်သော အာရှ င်နှင့် ပြူးကျယ် မည်းနက်သော မျက်လုံးများကတော့ ဘယ်တော့မှ ပြောင်းလဲဘဲ နဂိုအတိုင်းပင် ရှိကြလိမ့်မည် ထင်သည်။

ဆွန်ယာက လော်ရာ အနီးသို့ တိုးလာပြီး လော်ရာ လက်ထဲမှ စည်းကို ယူကာ ဘေးနားတွင် အသင့် ရပ်နေသော အစိမ်းရောင်ဝတ် ကလေးအား ကမ်းပေးလိုက်သည်။

"ပန်းက များလွန်းတယ်။ မမ အသက်ရှူ ကျပ်နေလိမ့်မယ်။ ကဲ... က်ကို ကြွကြွပါ"

ထို့နောက် သူမက လော်ရာ၏ လက်ကိုကိုင်ကာ အခန်းကြီး တစ်ခန်း ခေါ်လာခဲ့သည်။ အခန်းထဲတွင် ဖဲသားထိုင်ဖုံများပေါ်၌ ယောကျ်ားတွေ ိုင်နေကြသည်။ သူတို့ ဘေးတွင်လည်း မိန်းကလေး တစ်ယောက်စီ ရှိကြ ည်။ မိန်းကလေးများက ယောကျ်ား ဧည့်သည်များအား ဧည့်ခံ ကျွေးမွေး ကြသည်။ စီးကရက် မီးညှိပေးကြသည်။ ယပ်တောင်ခတ်ပေးကြသည်။ ယောကျ်ားများက ရယ်စရာ ပြောလျက် မြူးမြူးရွှင်ရွှင် ရယ်မောကြသည်။ သူတို့အား ယောကျ်ားတွေက တို့ကနန်း ဆိတ်ကနန်း လုပ်လျှင်လည်း မငြင်း န်ဘဲ ကြည်ကြည်ဖြူဖြူ ခွင့်ပြုကြသည်။

အခန်း တစ်ဖက်တွင် နောက်မှီပါသော အနီရောင် ကတ္တီပါ ထိုင်ခုံ စ်လုံး ရှိသည်။ ယင်း ထိုင်ခုံပေါ်တွင် ဆွန်ယာက လော်ရာအား နေရာချပေး ည်။ သည်ထိုင်ခုံတွင် သူမ ထိုင်နေကျ ဖြစ်ဟန်တူသည်။ လော်ရာက င်းဆန်သောအခါ ဆွန်ယာက သူမ၏ နူးညံ့သော လက်နှစ်ဖက်ဖြင့် လော်ရာ၏ ပခုံးကို ရွရွကလေးကိုင်ကာ အတင်းထိုင်ခိုင်းသည်။

မစ္စတာချိုကိုလည်း လော်ရာအနီးမှ ထိုင်ခုံလွတ်တွင် ထိုင်စေသည်။ ထို့နောက် မစ္စတာချိုအား တခြား ယောကျ်ားတွေလို ပြုစုရန် မိန်းကလေး တစ်ယောက် ရောက်လာသည်။

ယခုအချိန်အထိ ဆွန်ယာ ကိုယ်တိုင်ကတော့ ဘယ်နေရာတွင်မှ မထိုင်သေး။

သူမသည် ကြမ်းပြင်မြင့်ကလေး တစ်ခုဆီသို့ လျှောက်သွားပြီး မတ်တတ်ရပ်ကာ စောင့်နေသည်။ သူမ ဘယ်သူ့ကို စောင့်နေမှန်း ဘယ်သူမှ မသိနိုင်။ သို့သော် သူမ မျက်နှာတွင် စိတ်မရှည်ရိပ်များကိုတော့ အကဲခတ်မိ ရသည်။

သူမ လက်ခုပ် တီးလိုက်သည်။

ချက်ချင်းလိုပင် အားခန်းတစ်ခုမှ ကိုရီးယား အမျိုးသားကလေး တစ်ယောက် ထွက်လာသည်။ ထိုကလေးသည် အဖြူရောင်အမျိုးသား ဝတ်စုံ ကို ဝတ်ထားသည်။ နက်မှောင်နေသော ဆံပင်ကို ငယ်ထိပ်တည့်တည့်မှာ ဆံစုထုံးထားသည်။ လက်ထဲတွင်တော့ ဗျပ်စောင်းကို ကိုင်ထားသည်။ သူသည် ကြမ်းပြင်ပေါ်တွင် တင်ပလ္လင်ခွေ ထိုင်ချလိုက်ပြီး ဗျပ်စောင်းကို တီးခတ်တော့သည်။

တစ်မိနစ်ခန့် ကြာသောအခါ ဆွန်ယာက စတင်၍ သီချင်းဆိုသည်။ သူမ၏ အသံသည် တစ်ခန်းလုံးကို ဖုံးလွှမ်းသွားသည်။ အသံက ချိုလည်း ချိုသည်။ ကြည်လည်းကြည်သည်။ ကြားရသူတိုင်း ညှတ်ပျောင်းခံစားရသော အသံ။

လော်ရာက စိတ်ဝင်စားစွာ နားထောင်နေသည်။ သူမလည်း တခြား သူများကဲ့သို့ပင် သီချင်းသံနှင့် ဂီတသံတို့၏ ညို့စားခြင်းကို ခံနေရပြီ။

တကယ်တော့ ဆွန်ယာ့ကို ငါ မယှဉ်နိုင်တာ အမှန်ပဲ။ ရှေ့မှာ ဆွန်ယာ့ အကြောင်းကို နှစ်ပေါင်းများစွာ မပြောဘဲ ဘာကြောင့် လျှို့ဝှက် ထားခဲ့တာပါလိမ့်။

သူမက ယင်းသို့ တွေးနေစဉ်တွင် ဗျပ်စောင်းသမားလေးက ခေါင်း မော်ကာ သူမကို လှမ်းကြည့်သည်။ သူ့လက်ချောင်းကလေးများက ဗျပ်စောင်း ကြိုးပေါ်တွင် တရွရွ လှုပ်ရှားနေကြသည်။





ကလေး၏ မျက်လုံးကို သူမ သတိရလိုက်မိသည်။ ကင်ဇရုစ္စတို ကလေး၏ မျက်လုံးများ...။

သူမက မစ္စတာချိုဘက်သို့ ကိုယ်ကိုကိုင်း၍ မေးလိုက်သည်။

"ကျွန်မကို ဒီနေရာကို ဘာလို့ ခေါ်လာတာလဲ"

"ဆွန်ယာက ခေါ်ခိုင်းလို့ပါ"

"ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ ခေါ်ခိုင်းတာလဲ"

မစ္စတာချိုက ဆွန်ယာ့ဆီသို့ လက်ကို ဝှေ့ယမ်းပြရင်း...

"သူ သီချင်းဆိုနေတယ်။ ကျွန်တော်တို့ ဂရုစိုက်ပြီး နားထောင်ကြရ အောင်"

လော်ရာက ဘာမှ ပြန်မမေးတော့။

လော်ရာသည် ဆွန်ယာ သီချင်းဆိုပြီးလျှင်ပြီးချင်း ထိုင်ရာမှထသည်။

"ကျွန်မတို့ ပြန်ကြရအောင် မစ္စတာချို"

"အို...ဘယ့်နှယ် မဟုတ်တာဘဲ။ ဒါပြီးရင် စားသောက်ပွဲ လာဦးမယ် မျက်ဝင်းတား"

"ဒါဆို ကျွန်မ တစ်ယောက်တည်းပဲ ပြန်တော့မယ်"

"ဟာ...မဟုတ်တာဘဲ မစ္စက်ဝင်းတား။ ကျွန်တော်ပါ လိုက်မှာပေါ့"

မစ္စတာချို၏ ကုတ်အင်္ကျီနှင့် ဦးထုပ်ကို မိန်းကလေးတစ်ယောက်က ယူပေးသည်။ မစ္စတာချိုက မိန်းကလေးအား 'ဘောက်ဆူး' ပေးသည်။ မိန်းကလေးက ဦးညွတ်ကာ အကြိမ်ကြိမ် အရိုအသေပေးသည်။

ထို့နောက် သူတို့နှစ်ယောက် ပြန်ထွက်လာခဲ့ကြတော့သည်။

"ဒီကလေးကို ရှင် အရင်တုန်းက မြင်ဖူးသလား"

ခိမ်ခံကားဖြင့် ဟိုတယ်သို့ ပြန်လာကြစဉ် လော်ရာက မစ္စတာချိုအား မေးလိုက်သည်။

"ဒီကလေးကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး"

မစ္စတာချိုက ပြန်ဖြေသည်။

"သူဟာ ကျွန်မ ယောကျ်ားရဲ့ ကလေးပဲ မစ္စတာချို"

မစ္စတာချို မျက်လုံးမျက်ဆံ ပြူးသွားသည်။

"ဒီကလေး မဟုတ်ပါဘူး။ သူက ကိုရီးယား အမျိုးသားက"

"မဟုတ်ပါဘူး။ ဆွန်ယာက ကိုရီးယား အမျိုးသားက တူအောင် ဝတ်ဆင် ပေးထားတာပါ။ အကြောင်း တစ်ခုခုရှိလို့ ဖြစ် ဘာအကြောင်းများ ဖြစ်ပါလိမ့်မလဲ"

"တော်တော် ကောက်ကျစ်တဲ့ မိန်းမပဲ။ ရုပ်ရည်ချောမောတဲ့ တိုင်း ကောက်ကျစ်တတ်တာပဲ"

"ဒီကလေးကို သူက ဘာကြောင့် အသုံးချရတာလဲ"

"အဲဒါတော့ ဘယ်သူ သိမလဲ။ သူ့ရဲ့ လက်ထောက် လုပ် လေ့ကျင့်ပေးတာလည်း ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ်ရင် သူ့အတွက်ချော် ခေါ်ပေးတဲ့လူ အဖြစ်လည်း အသုံးချနိုင်တာပဲ"

"ဒါနဲ့ သူ့ရိပ်သာက ပြည့်တန်ဆာရိပ်သာနဲ့ ဘယ်လိုများ ခြား သလဲ"

မစ္စတာချိုက ခေတ္တမျှ အင်တင်တင် လုပ်နေသည်။ ပြီးတော့

"အင်း... အဲဒီလို ခေါ်ရင်လည်း ခေါ်လို့တော့ ရပါတယ်။ ဒါ ကျွန်တော်တို့လို အသက်အရွယ် ကြီးတဲ့ လူတွေက ခင်ဗျားတို့လို တွေ ထက်ပိုပြီး လောကရေးရာမှာ ကျွမ်းကျင်ကြတယ်ဆိုတာ နားလည်ပါတယ်လေ။ တစ်နည်းပြောရရင် ကျွန်တော်တို့က နေသား ရှိနေတဲ့ လူ့အဖွဲ့အစည်းကို ကြိုက်တယ်။ အဲဒီလို အမြဲတမ်း နေသား ရှိနေဖို့ အတွက် လူ့သဘာဝကို အခြေခံပြီး ကျွန်တော်တို့ရဲ့ ဥပဒေ ဓလေ့ထုံးစံတွေကို သတ်မှတ်ကြတယ်။ ခင်ဗျားတို့နိုင်ငံမှာ ဥပဒေကို ထားတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လူ့သဘာဝကို ဦးစားပေးထား ဥပမာ ပြောရရင် မိန်းမတွေအနေနဲ့ ယောကျ်ား မရှိလည်း ဖြစ် ယောကျ်ားတွေအနေနဲ့ မိန်းမ မရှိမဖြစ်ဆိုတာ ကျွန်တော်တို့ လက်ခံ တယ်။ ကျွန်တော်တို့က မိန်းမတွေကို ဇနီးမယားအဖြစ် ကျွန်တော်





လေးတွေရဲ့ မိခင်အဖြစ် လိုအပ်တယ်။ ပြီးတော့ ကျွန်တော်တို့က မိန်းမ ကို လိင်ကိစ္စ ဖြေသိမ့်မှုအတွက်လည်း လိုအပ်တယ်။ ဒီတာဝန် နှစ်ခုစလုံး မိန်းမ တစ်ယောက်တည်းက အမြဲခပ်သိမ်း မဖြည့်ဆည်းနိုင်ပါဘူး။ ချက်ကို ကျွန်တော်တို့ လက်ခံတယ်။ ဒါကြောင့်မို့လို့ မိန်းမတွေအနေနဲ့ ကို ကိုယ်တိုင် အမျိုးအစား ခွဲခြားထားတာကို ကျွန်တော်တို့ကလည်း တွေ့တယ်။ ဇနီးမယားအဖြစ်၊ မိခင်အဖြစ် တည်ငြိမ်တဲ့ ဘဝမှာ နေချင် မိန်းမတွေက အိမ်ထောင်ရေးမှာ မိသားစု ဘဝမှာ သူတို့ကိုယ်သူတို့ ကြတယ်။ အကြောင်းအမျိုးမျိုးကြောင့် သူတို့ရဲ့စရိုက် သဘာဝကြောင့် ငြိမ်နေတဲ့ ဘဝမှာ မနေချင်တဲ့ မိန်းမတွေက ပြည့်တန်ဆာဘဝမှာ ကြတယ်။ ကျွန်တော် စကားရိုင်းရိုင်း ပြောတာ မဟုတ်ပါဘူး။ တော်တို့ နိုင်ငံရဲ့ လူနေမှု ဘဝမှန်ကို ရိုးရိုးသားသား ပြောပြတာပါ။ လို အမျိုးသမီးတွေကို ကျွန်တော်တို့က "ပြည့်တန်ဆာ"လို့ မခေါ်ဘူး။ "လို့ပဲ ခေါ်ကြတယ်။ ပန်းနဲ့ တင်စားကြတယ်"

မစ္စတာချို၏ သဘောတရား ဆွေးနွေးချက်ကို လော်ရာက တိုက်ရိုက် ဖြင့် ပြန်ချေလိုက်သည်။

"အမှန်ကတော့ ပြည့်တန်ဆာဟာ ပြည့်တန်ဆာပါပဲ...မစ္စတာချို"

မစ္စတာချိုက လေအေးအေးဖြင့် ပြန်မေးသည်။

"သူတို့ကို ဘယ်လိုပဲခေါ်ခေါ်။ အဲဒီအချက်ဟာ အရေးကြီးလို့လား"

"ကျွန်မတို့ အတွက်တော့ အရေးကြီးတယ်။ ကျွန်မတို့က ပေါက်တူး ပေါက်တူးပဲ ခေါ်ပါတယ်"

"အား...ဟုတ်ပြီ။ ကျွန်တော် သဘောပေါက်ပြီ။ ခင်ဗျားတို့က ချက်ကို လုံးဝ ထည့်မတွက်ဘူး"

"အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူး"

"ဟုတ်ပါတယ်။ လူ့သဘာဝ အမှန်တရားကို ဘယ်လိုမှ ဖုံးကွယ်လို့ ရပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ခင်ဗျားတို့ထက် ပိုမှန်တယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော်တို့က ပြည့်တန်ဆာ လုပ်ငန်းကို လူ့

အမွဲ့အစည်းရဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် လက်ခံတယ်။ ပြည့်တန် တစ်ယောက်မှာ တရားဝင် နေရာရှိတယ်။ အသိအမှတ် ပြုထားတဲ့ ရှိတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်တို့က ပြည့်တန်ဆာ တစ်ယော ဘဝနဲ့ ခံစားချက်ကို အလေးအနက် ထားတယ်။ လေးစားတယ်။ ဒါကြ မို့လို့လည်း ကျွန်တော်တို့ ပြည့်တန်ဆာ အမျိုးသမီး တစ်ယောက်ကို နှိုင်းထားတာ ဖြစ်တယ်"

ထို့နောက် စကားစပြတ်သွားကြသည်။

ဟိုတယ်သို့ ရောက်သောအခါ မစ္စတာချို့က လော်ရာအား ခန်းသို့ ခေါ်လာခဲ့သည်။ အခန်းထဲတွင် ဟိုတယ် စာရေးမှတစ်ပါး မည်သူမျှ မရှိ။

"ဒါနဲ့ ကလေးကိစ္စ ဘယ်လို လုပ်မယ်လို့ စိတ်ကူးထားသလဲ"

မစ္စတာချို့က မေးသည်။

"ကျွန်မ ဒီတွ လာတုန်းက စိတ်ကူးထားတာကတော့ ကလေး သင့်တော်တဲ့ ကျောင်းမှာအပ်ပြီး ပညာကောင်းကောင်း သင်ပေးမယ်။ နိုင်တဲ့အခါ သက်မွေးဝမ်းကျောင်း အလုပ်တစ်ခု ရအောင် လုပ်ပေးမယ် ရည်ရွယ်ခဲ့ပါတယ်"

"သူ့ကို ကိုရီးယား လူမျိုး တစ်ယောက်ဖြစ်အောင် လုပ်ပေးမယ် ဆို တော့"

မစ္စတာချို့က ကြားဖြတ်၍ ဝင်ထောက်သည်။

"သူက ကိုရီးယား လူမျိုးပဲ။ ဘာလုပ်ပေးစရာ လိုသေးသလဲ။ သူ ကိုရီးယားမှာ မွေးတယ်။ အဲဒီတော့ သူ ကိုရီးယား လူမျိုးပဲပေါ့"

"ခင်ဗျားအနေနဲ့ သူ့ကို ကိုရီးယား အမျိုးသားကလေးလို့ ခေါ် ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အနေနဲ့တော့ လုံးဝ မခေါ်နိုင်ဘူး ခေါ်လို့လည်း မရပါဘူး။ ကျွန်တော့် အမြင်က သူဟာ သူ့အဖေရဲ့ သား သူ့အဖေက အမေရိကန် လူမျိုး။ ဒါကြောင့် သူလည်း အမေရိကန် လူမျိုး ဒါနဲ့ သူ့အဖေက ဒီကလေးဟာ သူ့ရဲ့ တရားဝင် ရင်သွေးဖြစ်ကြော





လို့ မကြေညာရတာလဲ။ ဘာလို့ မတောင်းဆိုရတာလဲ။ အဲဒီလိုသာ ပ်မယ်ဆိုရင် ပြဿနာတွေ အားလုံး ရှင်းသွားမယ်"

သူ့ကို ငါ ဘယ်လို ရှင်းပြရပါလိမ့်။

"မစ္စတာချို့လည်း ကျွန်မတို့ နိုင်ငံကို ရောက်ဖူးသားပဲ"

"ဟုတ်ပါတယ်။ ခင်ဗျားတို့ နိုင်ငံမှာ လူမျိုးတွေ အားလုံး ရောနှော ကြတယ်။ အားလုံး ကပြားတွေ ဖြစ်နေကြတယ်။ ကိုရီးယားကပြား နေလို့ ဂုဏ်ငယ်စရာ မရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာကျတော့ လို မဟုတ်ဘူး။ တစ်မျိုး ဖြစ်နေတယ်။ ကျွန်တော်တို့ လူမျိုးက ကမ္ဘာမှာ အကျဆုံး လူမျိုး။ ယဉ်ကျေးမှု အစောဆုံး လူမျိုးပါ။ ခင်ဗျားတို့ရဲ့ ဘိုးဘွား င်တွေက ကျောက်ဂူတွေမှာ နေတဲ့အချိန်မှာ ကျွန်တော်တို့ ဘိုးဘွား င်တွေက အနုပညာရှင်တွေ၊ စာပေပညာရှင်တွေ ဖြစ်နေကြပြီ"

"ဒီအကြောင်း ကျွန်မလည်း ဖတ်ဖူး လေ့လာဖူးပါတယ်။ မစ္စတာချို့ သလို မဟုတ်သေးပါဘူး။ တကယ်တော့..."

မစ္စတာချို့က လော်ရာ့ စကားဆက်ကို စောင့်နေသည်။ သူက လော်ရာ နှာကို စိုက်ကြည့်နေသည်။ သူနှင့် ဆန့်ကျင်ဘက် ငြင်းနေ၍ အကျိုးမရှိ ။ လောလောဆယ်တွင် သူမအဖို့ တစ်ဦးတည်းသော အားကိုးရမည့်သူမှာ တာချို့သာ ဖြစ်သည်။ ထို့ကြောင့် သူမ စကားလမ်းကြောင်း လွှဲလိုက် ည်။

"လောလောဆယ်မှာ ကျွန်မယောကျ်ားက ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးအတွက် အရွေးခံဖို့ လုပ်နေပါတယ် မစ္စတာချို့။ ဒီကလေးအကြောင်း သွားရင် သူ့ပြိုင်ဘက်တွေက လက်ခမောင်း ခတ်ကြပါလိမ့်မယ်။ စစ် ွင်းက သေမင်းကို နေ့တိုင်းမျှော်နေရတဲ့ စစ်သားကလေး တစ်ယောက်ရဲ့ ်မှားမှုကြောင့် အင်မတန် ရခဲတဲ့ ရာထူးကြီး တစ်ခုကို လက်လွှတ်မခံ ိုဘူးလို့ ကျွန်မ ယုံကြည်ပါတယ်"

"အဲဒီတော့ ဒီကလေးကို သူ့အဖေဆီ မခေါ်သင့်ဘူးလို့ ဆိုလိုတာ ။"

"ကျွန်မတို့ကတော့ ကလေးအနေနဲ့ ဒီမှာပဲ ရပ်တည်မှု ရ ပါတယ်"

"ဒီကလေးဟာ လူသားတစ်ယောက်ပါ မစ္စက်ဝင်းတား။ သူ့ကို ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ ကြားမှာ ဘဝပျက်အောင် လုပ် ကောင်းပါ့မလား။ အမှန်တရားကိုသာ ရဲရဲကြီး ရင်ဆိုင်လိုက်စမ်းပါ"

ဗိုလ်ဘရောင်းနှင့် ဂျင်တို့ဝင်လာသဖြင့် စကားပြတ်သွားကြ

"ဟာ...ဒီမှာ တွေ့ပြီ...တွေ့ပြီ။ ကျွန်တော်တို့က ခင်ဗျားကို တိုင်း လိုက်ရှာနေကြတာဗျ သိလား"

ဂျင်က အရက်သမား အာလုပ်သံကြီးဖြင့် အော်ကြီးဟစ်ကျယ် သည်။

"ဟုတ်တယ် ကျွန်တော်တို့က နေရာတိုင်း လိုက်ရှာနေတာ"

ဗိုလ်ဘရောင်းကလည်း အရက်မူးသံဖြင့် ထောက်ခံလိုက်သည်။

ဤတွင် မစ္စတာချိုက မန်းကတန်း ဖြတ်ပြီး...

"ကဲ...မစ္စက်ဝင်းတား၊ ခင်ဗျားအခန်းကို ကျွန်တော် လိုက်ပို့ သွားကြစို့"

မစ္စတာချိုက လော်ရာနှင့် အမေရိကန်လူငယ် နှစ်ယောက် ကြား ဝင်ရပ်လိုက်သည်။

ထို့နောက် သူက လော်ရာ၏ လက်ကိုဆွဲပြီး ဓာတ်လှေကား ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။

သူမ၏ အခန်းရှေ့ ရောက်တော့ ခပ်ယဲ့ယဲ့ကလေး ပြုံးလိုက်ပြီး

"ကျေးဇူးတင်ပါတယ် မစ္စတာချို။ ကျွန်မတို့ လူမျိုးတွေရဲ့ က ကျွန်မကို ကယ်တင်လိုက်တဲ့အတွက် အများကြီး ကျေးဇူးတင်ပါ ရှင်"

တကယ်တော့ ဒီတဒင်္ဂ ဖြစ်ရပ်လေးအတွက် သူမက ပျော်သ လည်း ဖြစ်မိသည်။ ဒေါသလည်း ထွက်မိသည်။





မစ္စတာချိုက ဦးညွှတ် အရိုအသေပြုကာ ရပ်စောင့်နေသည်။ လော်ရာ တာမှ မသိသလို ဇဝေဇဝါ ဖြစ်နေသည်။

"အခန်းထဲ အမြန်ဝင်ပါ။ အတွင်းက တံခါးပြန်ပိတ်သံ ကျွန်တော် းပါရစေ"

မစ္စတာချိုက ထပ်ပြောလိုက်သည်။

"အို...ဟုတ်ကဲ့။ နောက်ထပ် ကျေးဇူး အများကြီး တင်ပါတယ်ရှင်။ နိုက် မစ္စတာချို"

*

ော်ရာ တံခါးရွက်ကို ပြန်ပိတ်ပြီး လက်ကိုင်ဖုကို လှည့်ကာ သော့ခတ် က်သည်။

အခန်းထဲတွင် သူမတစ်ပါး ဘယ်သူမျှ မရှိ။ အားငယ်စိတ်သည် မဆင့် ဖုံမဆင့် ဝင်ရောက်လာပြီး သူမတစ်ကိုယ်လုံး ခြုံလွှမ်းသွားသည်။ ကျန် အဖော်မဲ့ခြင်း ဝေဒနာကို သူမ ဆို့နင့်စွာ ခံစားရတော့သည်။

သည်လို အခြေအနေမျိုးကို သမုဒ္ဒရာ ရေအောက်တွင် ထူးဆန်းသော သတ္တဝါများ အကြား၌ ရေကူးနေစဉ်တုန်းကသာ မကြာခဏ ကြုံခဲ့ရဖူး ည်။ လူသားကမ္ဘာနှင့် တခြားစီ ဖြစ်သော ရေအောက်ကမ္ဘာတွင် ရောက်ရှိ စဉ် စိတ်အားငယ်ခြင်း ဝေဒနာသည် သူမအား တကယ်ပင် ဖိစီးခဲ့သည်။ သော်လည်း သူမသည် မိမိစိတ်ကို ထိန်းချုပ်နိုင်ခဲ့သည်။ အဏ္ဏဝါဗေဒ ရှင် လုပ်မည်ဆိုလျှင် ရေအောက်၌ စိတ်အားငယ် ဝေဒနာကို ခံစားရ ည်မှာ ရှောင်လွှဲ၍ မရသော ဓမ္မတာပင် ဖြစ်သည်။ သို့သော် ရေအောက်သို့ ယောက်တည်း မဆင်းဘဲ အဖော်နှင့် ဆင်းလျှင် ယင်းအခက်အခဲကို ကျော်လွှားနိုင်သည်သာ ဖြစ်သည်။

တစ်ခါက လုပ်ဖော်ကိုင်ဖက်ဖြစ်သူ သိပ္ပံပညာရှင် ဖွန် ဝီလ ... အတူ ပင်လယ်ရေမျက်နှာပြင်အောက် ပေခုနစ်ဆယ်အထိ ငုပ်၍ သုတေ... လုပ်ငန်းများ လုပ်ခဲ့ဖူးသည်။ ဝီလတန်က သူမ၏ ဘေးမှ စောင့်ရှော... လိုက်ပါလာသည်။ သူမက ရေစီးနှင့်အတူ မျောပါလာသော အယ်လဂျီ... များကို တစ်မျိုးပြီးတစ်မျိုး ရှာဖွေစုဆောင်းသည်။ မတော်လျှင် ... သို့မဟုတ် ဘာရာကျူဒါ စသော လူသားစား ရေသတ္တဝါကြီးများ... အန္တရာယ်နှင့် အချိန်မရွေး ဝင်တိုးနိုင်သည်။ သို့သော်လည်း သူမက လုံး... မကြောက်။ စိတ်အားငယ်ခြင်းလည်း လုံးဝ မဖြစ်မိ။

အဘယ်ကြောင့်ဆိုသော်...မိမိဘေးတွင် စောင့်ရှောက်လိုက်ပါ... သော အဖော် တစ်ယောက် ရှိနေသောကြောင့်လည်း ဖြစ်သည်။ ... မိမိတို့၏ သုတေသန လုပ်ငန်းကြီး အောင်မြင်လျှင် လူသားအားလုံးအ... တန်ဖိုး မဖြတ်နိုင်သော အသက်ကယ် ဆေးစွမ်းကောင်းများကို ဖော်... နိုင်မည် ဟူသော ယုံကြည်ချက်ကြောင့်လည်း ဖြစ်သည်။

ယခုမူ ထိုသို့မဟုတ်။ သူမသည် အလွန်တရာမှ အားငယ်မိသ...

ကုလားထိုင်... ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး သူမ အခြေအနေ... ပြန်လည် သုံးသပ်ကြည့်သည်။

**ငါ ဒီကို ဘာလာလုပ် နေတာလဲ။ ငါ ဘာမှ မသိတဲ့ ... နားမလည်တဲ့ ဒီနေရာမှာ ရေရွှလည်း မပါတဲ့ ဘာလုပ်နေရတာ... ဒီနေရာမှာ နေနိုင်ဖို့အတွက် ငါ့မှာ ဘာအခြေအနေမှလည်း မရှိ... ဘယ်သူမှလည်း မရှိဘူး။ ငါနဲ့တိုက်ရိုက် မသက်ဆိုင်တဲ့ ပြဿနာ ... ဖြေရှင်းဖို့ လာခဲ့ပေမဲ့ အခုအချိန်အထိ ပြဿနာရဲ့ အဖြေကိုလည်း ... မရသေးဘူး။ အလကားပဲ။ အချိန်ကုန် လူပန်းရုံပဲ ရှိမယ်။ ... မြန်မြန် ပြန်တာပဲ အကောင်းဆုံး ဖြစ်လိမ့်မယ်။**

**တကယ်တော့ ဒီပြဿနာက စစ်ကြောင့် ဖြစ်လာရတဲ့ ပြဿနာ... စစ်ပွဲတွေ ရှိနေသမျှ ဒီပြဿနာမျိုးတွေလည်း အမြဲတမ်း ပေါ်ပေါက်... မှာပဲ။ ဘယ်တော့မှ ဖြေရှင်းလို့ ဆုံးနိုင်မှာ မဟုတ်ဘူး။**



သူမက စိတ်လျှော့ဟန်ဖြင့် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်ကားလိုက်... ည်။

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည်။ စကားပြောခွက် ...ကမန်းကတန်း ကောက်ကိုင်လိုက်သည်။ ကိုရီးယားသံဝဲဝဲဖြင့် အင်္ဂလိပ်လို ...သံကို ကြားရသည်။

"မစ္စက် ခရစ္စတိုဖာ ဝင်းတားနဲ့ ကျေးဇူးပြုပြီး ပြောပါရစေ"

"ဟုတ်ကဲ့ ပြောပါ"

"အဝေးပြော တယ်လီဖုန်း လာနေပါတယ်ရှင်"

လော်ရာက ဘာမှ ပြန်မပြောလိုက်နိုင်မီမှာပင် ခရစ္စ၏ အသံကို ...ားရတော့သည်။ အသံက ရေမြေတောတောင် အထပ်ထပ်ကို ကျော်ဖြတ် ... ရောက်လာသော်လည်း အခန်းချင်းကပ်၍ ပြောနေသလိုပင် ပီပြင် ...သွားသည်။ တစ်ခါတလေ လေထု အပြောင်းအလဲကြောင့် မသိမသာ ...ယ် အနိမ့်အမြင့်တော့ ရှိနေသည်။

"ခု ပြောနေတာ လော်ရာလား"

"ဟုတ်တယ်... မောင်။ မောင့်အသံ ကြားရတာ ကျွန်မ ဝမ်းသာ ...က်တာ မောင်ရယ်။ မောင့်ဆီ ကျွန်မ ဖုန်းမဆက်မိတာ အများကြီး စိတ် ...ကောင်းပါဘူး"

"မင်း ဘယ်တော့ ပြန်လာမယ် စိတ်ကူးသလဲ"

"ဘာဖြစ်လို့လဲ။ ကျွန်မ ဘယ်လိုမှ မပြောနိုင်သေးဘူး...မောင်။ ...မ အခုမှ လုပ်ငန်း စခါစ ရှိသေးတယ်။ ကျွန်မ ကလေးနဲ့တော့ တွေ့ရ ..."

"ကလေးက ဘယ်သူနဲ့ တူသလဲ"

"မောင့်ရုပ်အတိုင်းပါပဲ"

တစ်ဖက်မှ အသံတိတ်သွားသည်။ လော်ရာက အော်၍ ခေါ်လိုက် ...ည်။

"မောင်...မောင်..."

"ပြောပါ...ငါ နားထောင်နေပါတယ်"

"ကလေးကိစ္စ ကျွန်မ ဘယ်လို လုပ်ရမှန်း မသိဘူး...မောင်"

"သူ့ကို တစ်နေရာက သင့်တော်တဲ့ ကျောင်းတစ်ကျောင်းမှာ ထားခဲ့ပါ။ ပြီးရင် အမြန် ပြန်လာခဲ့တော့။ ဒီက အခြေအနေက မင်း မဖြစ်တော့ဘူး။ ငါ့ကို ပါတီက ကိုယ်စားလှယ်လောင်းအဖြစ် ရွေးလိုက်"

"အို...ကြားရတာ ဝမ်းသာလိုက်တာ...မောင်ရယ်"

"ဒါပေမဲ့... လုပ်စရာတွေ တစ်ပုံကြီး ရှိသေးတယ်။ ဒါနဲ့... ပိုက်ဆံ လုံလုံလောက်လောက် ရှိသေးရဲ့လား"

"ဟုတ်ကဲ့။ အများကြီး ရှိပါသေးတယ်။ ကျွန်မ ဒီမှာ တစ်ပြား မသုံးရသေးဘူး။ ကျွန်မ ဆွန်ယာနဲ့လည်း တွေ့ပြီးပါပြီ"

"သူ့မှာ ငွေကြေး အကူအညီများ လိုသလား"

"အဲဒါတော့ သူက ဘာမှ မပြောသေးဘူး"

"မင်း အနေနဲ့ အခက်အခဲ တစ်ခုခုကြုံရင် အမေရိကန်သံရုံးကို အကူ အညီ တောင်းဖို့ မမေ့ပါနဲ့။ သူတို့ကို ဒီအတွက် ထားတာ"

"ကျွန်မမှာ ဘာအခက်အခဲမှ မရှိပါဘူး။ နောက်တစ်ဆင့် ဘာလုပ် ရမယ် ဆိုတာကို မဆုံးဖြတ်နိုင်သေးတာ တစ်ခုပါပဲ"

"ဒါဆိုရင် အိမ်ကိုပဲ ပြန်လာခဲ့ပါတော့လား"

"ပြန်လို့ မဖြစ်သေးဘူးမောင်။ ကျွန်မ ဒီကို ရောက်လာပြီးမှ ဘာမှ မလုပ်နိုင်ခဲ့ဘဲ ပြန်လို့ မဖြစ်သေးဘူး။ ကလေးအတွက် တစ်ခုခု လုပ်ပေး ဦးမှ"

"ဒါဖြင့် ငါ လိုက်လာခဲ့ရမှာလား"

"မလိုပါဘူး။ လုပ်စရာ ရှိတာတွေ ကျွန်မပဲ လုပ်ခဲ့ပါ့မယ်"

စကားဆက်ပြောစရာတော့ ကုန်သွားပြီ။ သို့သော်လည်း လော်ရာက စကားပြောခွက်ကို ပြန်မချသေးဘဲ ကိုင်မြဲကိုင်ထားသည်။ သူမက မောင့် အသံကို ဆက်၍ ကြားချင်နေသေးသည်။





"မောင်... ကိုရီးယားနိုင်ငံက သိပ်ပြီး လှတာပဲ။ ဒါကို မောင် အရင် တုန်းက ကျွန်မကို မပြောပြခဲ့ဖူးပါဘူး။ ဒါပေမဲ့ ကျွန်မ အတွက်တော့ အလုံးလိုလို စိမ်းနေတယ်...မောင်။ လူလည်း တစ်ထွေ၊ ရေလည်း တခြား ဆိုသလို ဖြစ်နေတယ်။ သူတို့ စကားလည်း ကျွန်မ နားမလည်ဘူး။ သူတို့ အကောထားလည်း နားမလည်ဘူး။ သူတို့က ကျွန်မတို့ တွေးသလို မတွေး ကြဘူး"

"ငါ ပြောတာသာ လုပ်ပါ။ အမေရိကန်တွေ ဆီက အကူအညီ တောင်းပါ"

"ကောင်းပါပြီ...မောင်"

ရုတ်တရက် တစ်ဖက်မှ အသံတိုးသွားသည်။ ရေစ္စက စကားဆက် ပြောနေသော်လည်း လော်ရာက ပီပီသသ မကြားရတော့။

"မောင်...မောင်...ကျွန်မ ဖုန်းကို ကိုင်ထားသေးတယ်လေ။ ပြောပါ... ဆက်ပြောပါ"

သို့သော်လည်း အချည်းနှီးသာ။

နောက်ဆုံးတော့ သူမက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး အိပ်ရာထဲ ဝင် လိုက်လေတော့သည်။

*

နောက်တစ်နေ့မနက် အိပ်ရာမှ နိုးလာတော့ ညတုန်းက သူမ အိပ်မက် မက်ခဲ့သလို ထင်မှတ်မိသည်။ အိပ်မက်ထဲတွင် ရေစ္စနှင့် စကားပြောခဲ့သလိုလို ထင်နေမိသည်။

ပြောခဲ့သော စကားတွေကိုလည်း သူမက အသေးစိတ် မှတ်မိနေ သည်။

ငါပြောတာသာလုပ်ပါ။ အမေရိကန်တွေဆီက အကူအညီတော

ဓရှေ့က ယင်းသို့ မှာသွားသည်။

သူ မှာသွားသည့်အတိုင်းလည်း သူမက တကယ် လုပ်သည်။

အိပ်ရာမှ ထပြီးနောက် ရေမိုးချိုးသည်။ ဖြီးလိမ်းပြင်ဆင်သည်။

ပြီးတော့...အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"အမေရိကန်သံရုံး ဘယ်မှာ ရှိပါသလဲ"

သူမက ဟိုတယ်စာရေးကို မေးကြည့်သည်။

"ဟိုတယ်ရှေ့က လမ်းမကြီး ဖြတ်ကူးလိုက်ပြီး တွေ့တဲ့ လူ မေ

ပါ...မဒမ်"

*

လော်ရာအား ရုံးခန်းမကြီးထဲသို့ ခေါ်လာသည်။ နောက်တစ်ခန်းသို့ ဆက်

လာသည်။ မျက်နှာထား အေးစက်စက်နှင့် လူလတ်ပိုင်းအရွယ် အမျိုး

တစ်ယောက်ကို တွေ့ရသည်။

"မစ္စက်ဝင်းတားလား၊ ထိုင်ပါ။ ကျွန်မ ဘာအကူအညီ ပေးရမှာပါ

ထိုအမျိုးသမီးက အိုဟိုင်ယို ပြည်နယ်သံ ဝဲဝဲဖြင့် မေးသည်။

လော်ရာက ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီးနောက်...

"ကျွန်မ ကလေးတစ်ယောက်ကို ရှာဖို့လာတာပါ။ အမေရိ

ကပြား ကလေးပါ...မစ္စ..."

"ကျွန်မ နာမည် မစ္စပစ်တမင်းပါ၊ ကလေးက ရှင့်ယောက်

ကလေးလား"

"မစ္စပစ်တမင်းက ဘယ်လို လုပ်ပြီး သိပါသလဲ"





"ဒီကိစ္စမျိုးအတွက် လာတာ ရှင်က ပထမဆုံး မဟုတ်ပါဘူး။ နောက်

တော့လည်း...ရှင့်လို အမျိုးသမီးတွေသာ မဟုတ်ပါဘူး။ အမျိုးသားတွေ

ယ်တိုင်လည်း သူတို့သားသမီးတွေ ရှာဖို့ မကြာမကြာ ရောက်ကြပါတယ်"

"အဲဒီလို ကလေးတွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ အစိုးရက ဘယ်လို

ကူအညီများ ပေးနိုင်ပါမလဲ"

"ဘာအကူအညီမှ မပေးနိုင်ပါဘူး မစ္စက်ဝင်းတား။ ကျွန်မတို့မှာ အဲဒီ

လေးတွေကို ကူညီရေးအတွက် ဘာစီမံကိန်းမှ ချမှတ်ထားတာ မရှိသေး

ဘူး။ အခုဆိုရင်... ကျွန်မတို့ နိုင်ငံက စစ်သားတွေ အာရှ နိုင်ငံပေါင်း

နိုင်ငံမှာ ရောက်နေကြတယ်။ အဲဒီတော့..."

"အဲဒီတော့ သူတို့နဲ့ ရတဲ့ အဲဒီနိုင်ငံက ကလေးတွေ ဘယ်လို အခြေ

နေမျိုး ရောက်နေပါသလဲ"

"အဲဒါတော့ ကျွန်မလည်း ဘာမှ မပြောတတ်ပါဘူး။ ကျွန်မတို့မှာ

တို့အတွက် ဘာစီမံကိန်းမှ..."

"ဒီအချက် စောစောက ပြောပြီးပါပြီ"

မစ္စပစ်တမင်းက စားပွဲပေါ်မှ စာရွက်များကို လှန်ကြည့်နေသည်။

"အဲဒီတော့ ကျွန်မက ဘာကူညီရမှာလဲ"

"ကျွန်မအနေနဲ့ အကောင်းဆုံး လုပ်သင့်တဲ့ အချက်ကို သိပါရစေ"

"ဒါကတော့ မစ္စက်ဝင်းတားက ဘာကို လုပ်ချင်တယ် ဆိုတာပေါ်မှာ

ည်ပါတယ်"

"လောလောဆယ် ကျွန်မ ဘာကို လုပ်ရမှန်း မသိအောင် ဖြစ်နေ

ါတယ်"

"လုပ်နိုင်တာက နှစ်ချက်တော့ ရှိတယ် မစ္စက်ဝင်းတား။ ဒါပေမဲ့

ီနှစ်ချက် အနက် တစ်ချက်ကိုပဲ လုပ်လို့ရမယ်။ အဲဒီကလေးကို ဒီမှာပဲ

ားပစ်ခဲ့ပါ။ ဒါမှမဟုတ် အမေရိကကို ခေါ်သွားပါ"

"ဒီမှာပဲ ထားပစ်ခဲ့ရင် ကလေးအနေနဲ့ ဘယ်လို ဖြစ်လာနိုင်ပါသလဲ။

နမ ဆိုလိုတာက သူ့ကို ဘော်ဒါကျောင်းမှာ အပ်ထားခဲ့ရင် ဖြစ်ပါ့မလား"

"ဒီမှာက ဘော်ဒါကျောင်းက ကလေးတိုင်းကို လက်မခံဘူး။ ဒါ့ သူ့အသက် ဘယ်လောက် ရှိပြီလဲ"

"၁၂ နှစ်ပါ"

"ဒါဆိုရင် ဒီမှာ သူ့အတွက် ဘော်ဒါကျောင်း မရှိဘူး။ သူ့ကို မိဘ ကလေး တစ်ယောက်အဖြစ် မသတ်မှတ်ဘူး"

"ဒါဖြင့် ကျွန်မ ဘယ်လို လုပ်ရပါ့မလဲ"

"အကောင်းဆုံးကတော့ သူ့ကို မေ့ပစ်လိုက်ပါ။ တခြား အမေရိကန် တွေလည်း ဒီလိုပဲ လုပ်ကြတာပဲ။ သူတို့လို ကလေးတွေက ထောင် သောင်း ချီလို့ ရှိနေတယ်"

"သူတို့လေးတွေ နောင်ရေး ဘယ်လို နေပါ့မလဲ"

"ဒါက ဒီနိုင်ငံမှာ ဘာတွေ ဖြစ်လာမလဲဆိုတဲ့ အချက်အပေါ်မှာ တည်နေတယ်။ တကယ်လို့ ဒီနိုင်ငံကို ကွန်မြူနစ်တွေ ဝင်လာရင် ဝင်လာ နိုင်တဲ့ အခြေအနေလည်း ရှိနေတယ်။ ကျွန်မတို့က ဗီယက်နမ်ကို ဖိသွန်းပြီး ကူညီမယ်ဆိုရင် ဒီနိုင်ငံက ကျွန်မတို့ စစ်သားတွေကို ဗီယက်နမ်ကို စစ်ကူ လွှတ်ရမယ်။ အဲဒါဆိုရင် ကွန်မြူနစ်တွေ ဝင်လာကြမယ်။ သူတို့ ဝင်လာရင် ဒီကလေးတွေကို သူတို့က တစ်ယောက်မကျန် သတ်ပစ်လိမ့်မယ်။ မသတ်ရင် လည်း ကွန်မြူနစ် ကလေးတွေ ဖြစ်လာအောင် ကျူးသွင်းလိမ့်မယ်။ ဘာဖြစ် လို့လဲ ဆိုတော့ သူတို့ကို ဘယ်သူကမှ အသိအမှတ် မပြုကြလို့ပဲ"

ယင်းသို့ ပြောပြီးနောက် မစ္စပစ်တမင်းက ရှင်းလင်းစ စာရွက်စာတမ်း များကို ဆက်လက်၍ ရှင်းနေသည်။

လော်ရာက သူမအား အတန်ကြာကြာ စောင့်ကြည့် နေပြီးနောက် စိတ်မရှည်ချင်သလို ဖြစ်လာသည်။ ထို့ကြောင့် တဲ့တိုးကြီးပင် မေးလိုက် သည်။

"မစ္စပစ်တမင်းကို ကျွန်မ တစ်ခု မေးပါရစေ။ မစ္စပစ်တမင်း အနေနဲ့ ဒီကလေးတွေကို သားသမီးချင်း စာနာပြီး မသနားမိဘူးလား"





"သနားတော့ကော ကျွန်မက ဘာတတ်နိုင်မှာလဲ။ ဘာမှ မတတ်နိုင် ဘူး"

"ဒီကလေးအတွက်တော့ ကျွန်မ တစ်ခုခု အဓိပ္ပာယ် ပေါက်အောင် လုပ်သွားချင်ပါတယ်။ ဖြစ်နိုင်တဲ့ နည်းလမ်းများရှိရင် ကျေးဇူးပြုပြီး လမ်းညွှန် ပါဦး မစ္စပစ်တမင်း၊ ကျေးဇူး အများကြီး တင်ပါတယ်"

မစ္စပစ်တမင်းက မျက်မှန်ပေါ်မှ ကျော်၍ကြည့်ရင်း...

"ဖြစ်နိုင်တဲ့ နည်းလမ်းကို စောစောက ကျွန်မ ပြောခဲ့ပြီပဲ။ သူ့ကို အမေရိကကို ခေါ်သွားလို့ ရပါတယ်။ ရှင့်ယောကျ်ားက ဒီကလေးဟာ သူ့ ရင်သွေးအစစ် ဖြစ်ကြောင်း တရားဝင် ကြေညာရင် အမေရိကကို ခေါ်သွားပြီး နိုင်ငံသားအဖြစ် သွတ်သွင်းလိုက်ရုံပဲပေါ့"

"ဒီနည်းလမ်းပဲ ရှိသလား"

"ဒီနည်းလမ်းပဲ ရှိတယ်"

လော်ရာ ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

ကိစ္စက သည်မှာတင် ပြတ်နေပြီ။ ဦးနှောက်ခြောက်ခံကာ ထွေထွေ ထူးထူး စဉ်းစားနေစရာ မလိုတော့။ သူမ အနေဖြင့် ခရစ္စတိုဖာကလေးကို သည်တွင်ပဲ မေ့ပစ်လိုက်ပြီး အိမ်ကိုပဲ တန်းပြန်သွားတော့မှာလား။ ဒါမှ မဟုတ် ခရစ္စကို ကလေးအဖေအဖြစ် ကြေညာခိုင်းပြီး ကလေးကို အမေရိက ကိုပဲ ခေါ်သွားရမှာလား။

ဟုတ်ပြီ။ ပြဿနာက အဖြေ ထွက်နေပြီ။ လမ်းနှစ်သွယ်ရှိတဲ့အနက် တစ်လမ်း ရွေးဖို့ပဲ လိုတော့တယ်။ ဟိုတယ်ကို ပြန်သွားမယ်၊ ပြီးတော့ မောင့်ဆီကို စာရေးမယ်၊ သူ့အနေနဲ့ အမှန်ကို ဖွင့်ဟဝန်ခံလိုက်တာ အကောင်းဆုံးနဲ့ အလွယ်ဆုံး နည်းလမ်းပဲဆိုတာ ရေးလိုက်မယ်၊

ဒီကိစ္စ ပြတ်သွားရင် ကလေးကို အမေရိက ခေါ်သွားလို့ရပြီ၊

သူ့ကို ခေါ်သွားပါ လော်ရာ၊ ခေါ်ဖြစ်အောင် ခေါ်သွားပါ၊ ကလေးက

သူ့အမေနဲ့ သိပ်တူတာပဲ။ သူ့အမေသာ မြင်ရရင် သိပ်ပြီးချစ်မှာပဲ… သိပ်ပြီး ချစ်မှာပဲ…။

*

လော်ရာ လမ်းမကြီးကို ဖြတ်၍ သံရုံးသို့ လျှောက်သွားသည်ကို ဟိုတယ် သူမအခန်း အပေါ်ထပ် အခန်းပြတင်းပေါက်မှ မစ္စတာချို့က ရပ်ကြည့် နေသည်။ လော်ရာ သံရုံးမှ ပြန်ထွက်၍ ဟိုတယ်သို့ ပြန်လျှောက် လာတာ လည်း သူ မြင်ရသည်။ ယခုဆိုလျှင် လော်ရာသည် သူမ အခန်းထဲ ပြန် ရောက် နေရှာမည်။

မစ္စတာချို့အနေဖြင့် အမေရိကန် အမျိုးသမီး တစ်ယောက်နှင့် ယခု တွေ့ဆုံပြီး ရင်းရင်းနှီးနှီး စကား မပြောခဲ့ရသည်မှာ နှစ်ပရိစ္ဆေဒ တော်တော် ပင် ကြာပြီ။

တစ်ကြိမ်က ကြုံခဲ့ရသော အတိတ်ဖြစ်ရပ်များသည် သူ၏စိတ် မျက်စိရှေ့တွင် မှုန်ဝါးဝါး ပြန်ပေါ်လာကြသည်။

ကြာတော့ တော်တော်ကြာခဲ့ပါပြီ။ သူ တက္ကသိုလ်ကျောင်းသား နောက်ဆုံးနှစ်တုန်းက ဖြစ်သည်။ ထိုစဉ်က သူသည် အမေရိကန် ကျောင်းသူ လေး တစ်ဦးကို အရူးအမူး စွဲချစ်ခဲ့သည်။ သူကလေးသည် ယခု မစ္စက် ဝင်းတားနှင့် ရုပ်ချင်း အလွန်ဆင်သည်။ သူမ၏ ဆံပင်က သိပ်ပြီး ရော မနီ။ ရုပ်ရည်ကလည်း အလှကြီး မဟုတ်။ သို့ပေမဲ့ မစ္စတာချို့၏ မျက်စိထဲ မှာတော့ 'တက္ကသိုလ်တစ်ကျောင်းလုံး ဒီသူငယ်မ အလှဆုံး' ဖြစ်နေသည်။

သို့ဖြင့် သူက ယင်းအမေရိကန် ကျောင်းသူကလေးနှင့် လက်ထပ်၍ ပြုပါမည့် အကြောင်း သူ့မိဘများထံ လှမ်း၍ စာရေးလိုက်သည်။ သားထံမှ စာကို ဖတ်ရတော့ မိဘများမှာ အလွန် စိတ်မချမ်းသာ ဖြစ်ကြရသည်။





ထံသို့ ပြန်စာ ရေးသောအခါတွင်လည်း ချော့မော့၍ တစ်မျိုး၊ ခြောက်၍ တစ်နည်း ရေးသားလိုက်သည်။ ပြန်စာတွင် မိဘနှစ်ပါး၏ မျက်ရည်များပင် စွန်းထင်း၍ ပါလာသည်။

သည်လိုနှင့် မစ္စတာချို့မှာ မိဘနှစ်ပါး၏ စိတ်ချမ်းသာမှုကို ငဲ့ကာ အမေရိကန်သူ ကလေးအား ရင်နင့်စွာဖြင့် စွန့်လွှတ်လိုက်ရရှာသည်။

ထို့နောက်တွင်တော့ သူသည် တက္ကသိုလ် နောက်ဆုံးနှစ် စာမေးပွဲ ဖြေဆိုပြီး မိဘရပ်ထံသို့ ပြန်လာခဲ့သည်။ အမိနိုင်ငံသို့ ပြန်ရောက်ပြီးနောက် လများ မကြာမီတွင်ပင် အကြာကြီးကတည်းက မိဘများ ရွေးချယ်ထား သော မိန်းကလေးနှင့် လက်ထပ်လိုက်သည်။

သူ၏ ကိုရီးယားသူ ဇနီးမှ သမီးတွေ အများကြီးနှင့် သား တစ် ယောက် ထွန်းကားသည်။ သမီးတွေ အရွယ်ရောက် လာသောအခါ ထိုက်တန်လျော်သော ခင်ပွန်းလောင်းများနှင့် အိမ်ထောင်ရက်သား ချပေးသည်။ သူငယ် ဆယ့်နှစ်နှစ်သားခန့် အရွယ်တွင် ဇနီးသည် ကွယ်လွန်သွားသဖြင့် မစ္စတာချို့မှာ ဖြေမဆည်နိုင်အောင် ခံစားခဲ့ရရှာသည်။

ယခုတော့ တစ်ကိုယ်ရေ တစ်ကာယ မုဆိုးဖိုဘဝဖြင့် ကိုယ့်ဘဝကိုယ် မပျော်အောင် နည်းအမျိုးမျိုးဖြင့် ဖြေဖျော်နေရင်းမှ နှလုံးသား ပြဿနာ နှစ်ခုနှင့် လာ၍ ငြိနေရပြန်သည်။

ပထမ ပြဿနာက ရုပ်ရည် ချောမောသော ပြည့်တန်ဆာမကလေး ယွန်ယာအား စွဲချစ်မိသည့် ပြဿနာ။ ဒုတိယ ပြဿနာက ယခုမှ တွေ့ဆုံ ကျွမ်းရသော အမေရိကန်သူ မစ္စက်ဝင်းတားအား စွဲလမ်းမိသည့် ပြဿနာ။

သို့သော် သူက ဆင်ခြင်တုံတရား ရှိသော လူတစ်ယောက်။ ထို့ကြောင့် ယင်းအမျိုးသမီး နှစ်ယောက်အနက် မည်သူ့ကိုမှ လက်ထပ်ရန် မကြံစည်ဘဲ စဉ်းစား။ သူ့အနေဖြင့် တိုင်းသိပြည်သိ ပြည့်တန်ဆာ အမျိုးသမီး တစ် ယောက်ကို အိမ်ထောင်ပြုဖို့ ဆိုသည်မှာ လုံးဝ မဖြစ်နိုင်။ ထို့ပြင် လင်ရှိ အမေရိကန် အမျိုးသမီး တစ်ယောက်ကို ယူဖို့ဆိုတာကလည်း ဘယ်နည်း နှင့်မှ မဖြစ်နိုင်။ ဖြစ်နိုင်သည့်တိုင်အောင် ဘယ်လိုမှ မသင့်လျော်သော အလုပ်။

သို့သော် ယင်းအမျိုးသမီး နှစ်ယောက်စလုံးကို အလွန် စိတ်ဝင်စား မိတာကတော့ တကယ်ပင်။ စိတ်ဝင်စားမိတာကလည်း တခြားကြောင့် မဟုတ်။ ယင်း အမျိုးသမီး နှစ်ယောက် စလုံးပင် တစ်ယောက်တည်းသော အမေရိကန် အမျိုးသားနှင့် ယှက်နွယ် ပတ်သက်နေသောကြောင့် ဖြစ်သည်။

ထိုအမေရိကန် အမျိုးသားတွင် ထူးခြားသော ဥပဓိရုပ်ရည် ရှိကို ရှိမည်ဟု သူက ယုံကြည်သည်။ ထို့ပြင် ထိုသူသည် ယခုအခါ နိုင်ငံရေး အာဏာ ရရေးအတွက် အပြင်းအထန် ကြိုးစားနေကြောင်းကိုလည်း သိရှိရသည်။

နောက် တစ်ချက်မှာ အဆိုပါ အမျိုးသမီး နှစ်ယောက်တို့၏ တစ်ယောက်နှင့် တစ်ယောက် မတူ ခြားနားချက်များကြောင့်လည်း သူက ပို၍ စိတ်ဝင်စားမိခြင်း ဖြစ်သည်။ တစ်ယောက်သော အမျိုးသမီးက အလွန် မိန်းမ ပီသသည်။ အလွန် သိမ်မွေ့နူးညံ့သည်။ တစ်ယောက်သော အမျိုးသမီးက ယောကျ်ားဆန်ပြီး အလွန် အသိဉာဏ် ထက်မြက်သည်။ သည်အကြောင်းကို ယမန်နေ့ ညနေက သူက ပါးစပ်မှ ထုတ်ဖော်၍ပင် ချီးကျူးမိသည်။

သူ၏ ချီးကျူးစကားကို လော်ရာက စိတ်ဝင်စားစွာဖြင့် နားထောင်သည်။ သူက လော်ရာအား အခန်း တံခါးဝအထိ လိုက်ပို့သောအခါ စကားကို ပြန်ဆက်ပြီး လော်ရာအား ဖြားယောင်းရလျှင် ကောင်းမည်လားဟု တွေးမိသေးသည်။ သို့ပေမဲ့ လော်ရာက သူ့ခံစားချက်ကို အလေးအနက် မထားသလို တည်တည်မှန်မှန် လုပ်နေ၍ သူ့အနေဖြင့် စကားဆက်ပြောရန် အခွင့်အရေး မရနိုင်ခဲ့တော့။

ဘယ်လိုပဲဖြစ်ဖြစ် လော်ရာ၏ လှုပ်ရှားမှုများကိုတော့ သူက အထူး စိတ်ဝင်စားမိသည်။ အမေရိကန် သံရုံးသို့ လော်ရာ ဘာသွားလုပ်သနည်း။ သံရုံးတွင် သူ့လူယုံ ရှိသည်။ သူ့စပိုင် ရှိသည်။ သူ့စပိုင်က သူ့ထံ သတင်းလာ ပို့လိမ့်မည်။

လောလောဆယ်တွင် ဆွန်ယာ့ဆီ သွားလည်တာပဲ ကောင်းမည်။ သူမ၏ အမေရိကန်ကပြား သားကလေးကိုလည်း တွေ့ချင်သည်။





နောက်တစ်နာရီခန့်တွင် မစ္စတာချို့သည် 'ပန်းရိပ်သာ'ရှိ ဆွန်ယာ၏ ဧည့်သည် အခန်းထဲတွင် ထိုင်ကာ ဆွန်ယာနှင့် စကားပြောနေပြီ။

သူက ခရစ္စတိုဖာဝင်းတား အကြောင်းကို ပြောပြရန် ဆွန်ယာအား တောင်းပန်သည်။

ဆွန်ယာက ကိုရီးယားစကားဖြင့် ပြောပြသည်။ သူမသည် ရုပ်ချော သလောက် စကားပြောလည်း ကောင်းသည်။ သူမ၏အသံက ချိုသာ အေးမြသည်။ သူမ၏ ဟန်ပန်မူရာက ယဉ်ကျေးသိမ်မွေ့သည်။ မစ္စတာချို့ ကဲ့သို့သော အထက်တန်းလွှာ လူကြီးလူကောင်းများနှင့် အဆင့်အတန်းမြင့်မြင့် စကား ပြောတတ်သည်။

"ကျွန်မတို့ ဇာတ်လမ်းက ဘယ်ပုံဘယ်နည်း စတင်ခဲ့တယ်ဆိုတာ ပြောပြဖို့တောင် မလွယ်သလိုပါပဲ မစ္စတာချို့"

ဆွန်ယာက သည်လိုပင် နိဒါန်းချီလိုက်သည်။

ဆွန်ယာသည် ကြမ်းခင်း ထိုင်ခုံပေါ်တွင်ထိုင်ကာ သူတို့နှစ်ယောက် ကြားမှ စားပွဲနိမ့်ကလေးပေါ်တွင် တံတောင်တင်ကာ မေးများကို လက် ထောက်ထားသည်။ သူမသည် အစိမ်းရောင်ဂါဝန်နှင့် အဝါနုရောင် အင်္ကျီကို ဝတ်ထားသည်။ အင်္ကျီလက်မောင်းများက အောက်သို့ လျှောကျနေသဖြင့် နှင်းနှစ်ရောင် လက်မောင်းသားနုနုကို အတိုင်းသား မြင်နေရသည်။ အချိုး အဆစ် ပြေပြစ်ပြီး အရိုးအခြင် ပျော့ပျောင်းနူးညံ့သော ကိုယ်ကာယပိုင်ရှင် ကလေးပါကလား။ လက်ဖနောင့် လက်ဖဝါးကလေးတွေကလည်း အရိုးမရှိသလို ပိစက်နူးညံ့သော အသွင်ကို ဆောင်နေသည်။ လက်ချောင်းကလေးတွေက ဖူးဖောင်း သွယ်ပျောင်းကာ လက်သည်းကလေးတွေကလည်း ပုံပန်းတကျ နှင့် ပုလဲရောင် တောက်နေကြသည်။

"တကယ်တော့ ကျွန်မဟာ မစ္စတာချို့ သိတဲ့အတိုင်း အောက်တန်းစား မိသားစုထဲက မဟုတ်ပါဘူး။ ဒါကြောင့်မို့လည်း တခြား မိန်းကလေးတွေ အများစုလို အမေရိကန်တွေကို မြင်ရင် ငမ်းငမ်းတက်လည်း မလိုက်ခဲ့ပါဘူး။ ကျွန်မ မိဘတွေက ပညာတတ်တွေပါ။ ဖေဖေက ကျောင်းဆရာ။ ကျွန်မက

တစ်ဦးတည်းသော သမီး။ ကျွန်မတို့ အိမ်ကို ဗုံးကြဲခံရတဲ့အကြော မစ္စတာချိုကို ကျွန်မ အရင်တုန်းက ပြောခဲ့ဖူးပါပြီ။ မေမေလည်း ဗုံးထဲ ပါ ခဲ့ရှာတယ်။ အဲဒီအချိန်ကစပြီး ကျွန်မတို့ သားအမိလည်း ဘဝပျက်တာ ကျွန်မတို့ သားအမိ နှစ်ယောက်မှာ ခိုကိုးရာမဲ့ပြီး လမ်းပေါ် ရောက်တဲ့ ဒုက္ခရောက်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ နိုင်ငံခြား စစ်သားတွေက မြို့ထဲက လမ်းတကာမှာ ခြေချင်းလိမ် နေကြတယ်။ လယ်ကွ ကျိုင်းကောင် ကျသလို ပြွတ်ပြွတ်စီ ကြိတ်ကြိတ်တိုး နေကြတယ်။ အန္တရာယ်ကို ဘယ်သူမှ မရှောင်နိုင်ပါဘူး။ ကျွန်မ မေမေတောင်မှ နိုင်ခဲ့ပါဘူး"

သူမက မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည်။ ခဏကြာ ဆက်ပြောသည်။

"ဒီအကြောင်းကို ကျွန်မ ပြောလို့ မဖြစ်ဘူး။ ဘယ်လိုပြောရမှန်း မသိတော့ပါဘူး။ ဒါပေမဲ့ အဲဒီတုန်းက ကျွန်မ ဆုံးဖြတ်လိုက်တာက ငါ့မေမေကို ငါ ကယ်တင်ရမယ် ဆိုတဲ့ အချက်ပဲ။ ဒါနဲ့ ကျွန်မလည်း ကြောင့် မိဘမဲ့ ဖြစ်နေတဲ့ တခြား မိန်းကလေးတွေနဲ့ ဆက်သွယ်ပြီး ဆိုပါတယ်။ ကလည်း ကပါတယ်။ ဒီလိုနဲ့ပဲ ကျွန်မတို့ သားအမိ နှစ် ဝမ်းကျောင်းခဲ့ကြရပါတယ်"

"နောက်တော့ အခန်းကလေး တစ်ခန်း ငှားပါတယ်။ ကျွန်မ သွားတဲ့ အချိန်မှာ မေမေက အိမ်မှာ ကျန်ရစ်ပါတယ်။ ကျွန်မက မိန်းကလေးတွေလို ပင်ပန်းသိပ် မခံနိုင်လို့ ခဏခဏ နေမကောင်း တယ်။ ကျွန်မ အဲဒီလို နေမကောင်းလို့ အလုပ် မလုပ်နိုင်တဲ့အခါမှာ အသိ မိန်းကလေးတွေက ကျွန်မကို ထမင်း ကျွေးကြပါတယ်။ ကျွန်မ အပေါ်မှာ သိပ်ပြီး ကောင်းကြပါတယ်။ ဒါပေမဲ့ မေမေ့အတွက် တော့ သူတို့ ဆီက ကျွန်မ မမျှော်လင့်နိုင်ပါဘူး။ သူ့ခမျာတွေက သူတို့ရတဲ့ ပိုက်ဆံကလေး နည်းနည်းပါးပါးထဲက ဖဲ့ပြီးဝယ် ကျွေးရ ဒါနဲ့ တစ်နေ့ကျတော့ အမေရိကန်တွေစုပြီး ကတတ်တဲ့ နေရာတစ်နေရာ ကျွန်မ ရောက်သွားပါတယ်။ ကျွန်မက အဲဒီနေရာကို သွားရမှာ





ကြောက်မိပါတယ်။ ဒါပေမဲ့ အခြေအနေအရ မသွားမဖြစ်လို့ သွားရပါတယ်။ ကျွန်မတို့ အားလုံးလိုလို အမေရိကန်တွေကို အကြောက်ဆုံးပါပဲ။

"ကျွန်မ အဲဒီနေရာ ရောက်သွားတော့ စားပွဲမှာ တစ်ယောက်တည်း ထိုင်နေတဲ့ လူငယ်တစ်ယောက်ကို သတိပြုမိပါတယ်။ သူက တော်တော် လည်း ရုပ်ချောတယ်။ ဒါပေမဲ့ သူ့မျက်နှာကတော့ ဝမ်းနည်း ကြေကွဲနေတဲ့ ပုံမျိုး ပေါက်နေတယ်။ သူက တခြား အမေရိကန်တွေနဲ့စာရင် အသက်လည်း တော်တော် ငယ်ပါသေးတယ်။ ဒါပေမဲ့ သူက သူများတွေလို ဝိုင်းထဲ ဝင်မက ဘူး။ ကျွန်မလည်း သူတို့ အကကို တော်တော်ကို မုန်းတယ်"

"ဒါနဲ့ ကျွန်မက စဉ်းစားမိတယ်။ တကယ်လို့ ငါ ဒီလူငယ်နားမှာ သွားထိုင်နေရင်တော့ တခြား ယောကျ်ားတွေ အန္တရာယ်က ကင်းလွတ်လိမ့် မယ်လို့ ကျွန်မ စဉ်းစားမိတယ်။ ကျွန်မ သူငယ်ချင်း ဒေါလီကလည်း ကျွန်မကို အဲဒီ လူငယ်နားမှာ သွားထိုင်နေဖို့ တိုက်တွန်းပါတယ်။ ဒီလိုနဲ့ပဲ ကျွန်မတို့ ဇာတ်လမ်း စခဲ့တာပါ မစ္စတာချို"

ဆွန်ယာက ဆက်မပြောလိုတော့သည့် ဟန်မျိုးဖြင့် အကြာကြီး ငြိမ်နေသည်။ မစ္စတာချိုက မအောင့်နိုင်၍ မေးသည်။

"ဇာတ်လမ်း စခဲ့ပုံကိုတော့ သိရပါပြီ။ ဇာတ်လမ်း အဆုံးကိုလည်း ပြောပြပါဦး။ ဇာတ်လမ်း အဆုံးမှာ ကလေးတစ်ယောက်က ဘယ်လို ရောက် လာတာလဲ"

ဆွန်ယာက လက်ချောင်းကလေးတွေကို ပေါင်ပေါ်တွင် တင်ရင်း အသာ လိမ်ချိုးနေသည်။ တော်တော်ကလေး ကြာတော့မှ ဆက်ပြောပြန် သည်။

"သူ ပြန်သွားမှာကို ကျွန်မ သိပ်ပြီး စိုးရိမ်မိခဲ့ပါတယ်။ သူဟာ ကျွန်မရဲ့ ကယ်တင်ရှင်ပါ။ တခြား ယောကျ်ားတွေရဲ့ အန္တရာယ်တွေကြားက ကျွန်မကို ကယ်တင်ခဲ့တာ သူပါပဲ။ တခြား ယောကျ်ားလေးတွေက သိပ်ပြီး ကြမ်းကြတာ။ သိပ်ပြီး ကြောက်စရာကောင်းတာ။ ကျွန်မ သူနဲ့ တွဲနေတာ မြင်တော့ သူတို့က ကျွန်မ အနား မကပ်ရဲကြတော့ဘူး"

"အဲဒီနောက်ပိုင်းကျတော့ ကျွန်မတို့ နှစ်ယောက် တဲအိမ်ကလေးမှာ အတူ နေကြပါတယ်။ အိမ်လခက အပြီးအပိုင် အမေရိကန်ဒေါ်လာ ... ပေးရတယ်။ အဲဒီ ပိုက်ဆံကို သူကပဲ ပေးပါတယ်။ အိမ်ရှင်က အဲဒီပိုက်ဆံ ... ငွေတိုးချ စားပါတယ်။ သူ သူ့နိုင်ငံပြန်တော့ အဲဒီဒေါ်လာ ၁၅၀ ကို အိမ်ရှင် က သူ့ကို ပြန်ပေးလိုက်တယ်။ ကျွန်မတို့ အဲဒီတဲအိမ်ကလေးမှာ နေနေကြ... ကာလအတွင်းမှာ သူက တပ်တွင်း ရိက္ခာဆိုင်က ရသမျှ ပစ္စည်းတွေ... ကျွန်မတို့ အတွက် ဝယ်လာပေးပါတယ်"

မစ္စတာချိုက ခေါင်းညိတ်လိုက်သည်။ ဆွန်ယာက ဆက်ပြောသည်။

"ဒါနဲ့ ကျွန်မက အဲဒီပစ္စည်းတွေကို မှောင်ခိုဈေးမှာ ပြန်ရောင်းပြီး အိမ်အတွက် မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းတွေ ပြန်ဝယ်ပါတယ်။ အမေရိကန် ယောကျ်ားတွေနဲ့ ပေါင်းရင် ဒီအလုပ်ကတော့ မလုပ်မဖြစ် လုပ်ရ... အလုပ်ပါပဲ။ ပြီးတော့ သူ့ဆီကို သူ့မိဘတွေဆီကလည်း စာအိတ်နဲ့ ထည့်... ပိုက်ဆံ ပို့လေ့ရှိပါတယ်။ ဒါပေမဲ့ အဲဒီ ပိုက်ဆံကိုတော့ သူက ကျွန်မ... မပေးပါဘူး။ သူ့ အပြောတော့ မြောက်ပိုင်းက စပိုင်တွေက တောင်ပိုင်း... ဝင်လာပြီး အမေရိကန် ပိုက်ဆံတွေကို ဝယ်ကြတယ်လို့ သိရပါတယ်။ သူ... က အဲဒီ ငွေတွေနဲ့ တခြား နိုင်ငံတွေမှာ သူတို့ ကိုယ်ကျိုးအတွက် အသုံးချ... ...ယ်လို့ သူက ပြောပါတယ်။ အမေရိကန် ပိုက်ဆံကတော့ နေရာတကာ... တန်ဖိုး ရှိတာပါပဲ"

"ဒါနဲ့ ကလေးအကြောင်း လုံးဝ မပြောသေးဘူးနော်"

မစ္စတာချိုက ဖြတ်ပြောလိုက်သည်။

ဆွန်ယာ့ မျက်နှာတွင် ရှက်သွေးဖြာသွားသည်။ ရှက်စနိုး အမူအရာ ကလေးဖြင့်ပင် သူမက ဆက်ပြောပြန်သည်။

"ကျွန်မ သူ့ကို တစ်နေ့ထက်တစ်နေ့ ပိုချစ်လာမိပါတယ်။ သူဟာ ကျွန်မ ဘဝမှာ မရှိမဖြစ်တဲ့ လူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ကျွန်မဟာ သူ့ကို ချစ်သလို ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့ဖူးပါဘူး။ သူက ကျွန်မကို ကြင်နာပါတယ်။ ကျွန်မအပေါ်မှာ သိပ်ပြီး ကောင်းပါတယ်။ ကျွန်မက လျှို...





...ယ်မိန်းမနဲ့မှလည်း သွားမနေဘူး။ ကျွန်မကို လက်ထပ်ယူပါလို့ ကျွန်မက ...ကို ပြောပါတယ်။ သူက ဘာပြန်ပြောသလဲဆိုတော့ "တစ်နေ့တော့ ...ပ်ဖြစ်ပါလိမ့်မယ်" တဲ့။ သူက ဒါလောက်ပဲ ပြောပါတယ်။ တကယ် ...က်ထပ် ယူပါ့မယ်လို့ အတိအကျ ဘယ်တော့မှ မပြောပါဘူး"

"ဒါနဲ့ ကျွန်မ စဉ်းစားမိပါတယ်။ ကျွန်မမှာ ကလေးရလာရင် ...လေးကိုရော ကျွန်မကိုရော သူတို့နိုင်ငံကို ခေါ်သွားမှာ ကျိန်းသေပဲလို့ ...န်မ တွက်မိပါတယ်။ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတဲ့အခါကျတော့ ...က ကျွန်မကို စိတ်ဆိုးပါတယ်။ သူက ကျွန်မကို စိတ်ဆိုးပေမဲ့ ကလေး ...ျင်တာကတော့ အမှန်ပါပဲ။ ဒါနဲ့ပဲ အချိန်ရောက်တော့ သားကလေး ...းလာခဲ့ပါတယ်။ သားကလေးကို မြင်ရတော့ သူက တစ်ခါတလေတော့ ...းသာသလိုပဲ။ တစ်ခါတလေကျတော့လည်း စိတ်ညစ်နေသလိုပဲ။ သူ့ ...ထဲမှာ ဘယ်လို ခံစားနေရမှန်းတော့ ကျွန်မ မပြောတတ်တော့ပါဘူး"

"ဒီလိုနဲ့ တစ်နေ့ကျတော့ သူ ပြန်သွားပါတော့တယ်။ သူနဲ့ နေခဲ့တဲ့ ...ချိန်လုံး ကျွန်မ မေမေကို တခြားမှာပဲ ထားခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ...တော့ မေမေ့ဆီကို အမေရိကန်တွေ ရောက်လာမှာ ကြောက်လို့ပါပဲ။ ...မက ကျွန်မမှာ မိဘတွေ မရှိတော့ဘူးလို့ အရင်ကတည်းက ပြောထားခဲ့ ...ါတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ သူ့အပြင် ဘယ်သူမှ မှီခိုစရာ ...ရှိတော့ဘူးလို့ သူက ထင်အောင်လို့ပါပဲ။ အဲဒီလို ထင်ရင် သူက ကျွန်မကို ...စ်ယောက်တည်း ထားခဲ့ပြီး သူ့နိုင်ငံ ပြန်သွားမှာ မဟုတ်ဘူးလို့ ယုံကြည်လို့ ...ပဲ။ ဒါပေမဲ့ သူ ထွက်သွားတယ်။ ကျွန်မဆီကို စာတစ်စောင်လည်း ...ရေးလိုက်တယ်။ သူ ဘယ်မှာ နေတယ်။ သူ ကျွန်မကို အောက်မေ့တယ်။ ...စ်နေ့ကျတော့ ပြန်လာနိုင်ပါလိမ့်မယ်ဆိုပြီး စာထဲမှာ ရေးထားပါတယ်။ ...စာကို ကျွန်မ ဒီနေ့အထိ သိမ်းထားတုန်းပါပဲ"

"ဒါပေမဲ့ သူက ကတိ မတည်ဘူးဆိုပါတော့"

"ဟုတ်ပါတယ်…သူ ဘယ်တော့မှ ကတိ မတည်ခဲ့ပါဘူး"

"မင်း သူနဲ့ စတွေ့တုန်းက သူ့မှာ မိန်းမ ရှိတယ်ဆိုတာ မသိဘူးလား"

"မသိပါဘူး၊ သူလည်း တစ်ခါမှ မပြောခဲ့ပါဘူး"

"မင်းက မေးမကြည့်ဘူးလား"

"ကျွန်မက သူ ပြောပြလိမ့်မယ်လို့ မျှော်လင့်နေခဲ့ပါတယ်။ အဲဒီ ကိစ္စ မျိုးတွေ မေးရမှာလည်း ကြောက်ပါတယ်"

"ဒါဖြင့် မင်း အခုထိ သူ့ကို ချစ်နေတုန်းပဲလား"

"မချစ်တော့ပါဘူး။ သူ့အပေါ်မှာ ကျွန်မ အချစ် ခန်းခြောက်ခဲ့တာ ကြာခဲ့ပါပြီ"

"အဲဒီတော့ ဘယ်လို လုပ်မလဲ။ နောက်ပိုင်း ဘယ်လို စခန်းသွားကြ မလဲ"

"သူ့သားကလေးအတွက် သူက တန်ရာတန်ကြေးကိုတော့ ပေးရမှာ ပေါ့။ ပေးကိုပေးရမယ့် တာဝန်လည်း သူ့မှာ ရှိနေတယ်လေ"

*

မစ္စတာချိန်နှင့် သူ့မမေတို့ စကားပြောနေကြသည်ကို ကင်ခရစ္စတိုဖာကလေး က မှန်ပြတင်း အပြင်ဘက် စီစဝါပန်းချုံ နောက်ကွယ်တွင် ရပ်ကာ တိတ်တိတ်ကလေး ချောင်းနားထောင်နေသည်။

သူ ဘယ်လို မွေးဖွားခဲ့ကြောင်းကို ယခုမှ အတိအကျ အစုံသိရတော့ သည်။ သူ့ဖခင်၏ နာမည်ကိုလည်း မကြာမီကမှ သိရှိခဲ့ရသည်။

ယခင်က သူ သိခဲ့ရသမျှမှာ သူ့ဖခင်သည် အမေရိကန် လူမျိုး တစ်ယောက်ဖြစ်သည် ဆိုတာလောက်သာ ဖြစ်သည်။ ယင်းသို့ သိရသော်





လည်း သူ့အနေဖြင့် ဝမ်းသာစရာကား မကြုံရ။ ဝမ်းနည်းစရာသာ ကြုံရ သည်။ သူ့ကိုယ်သူ လူထူးလူဆန်း တစ်ယောက်လို့သာ ထင်မှတ်ရသည်။ ကိုရီးယား နိုင်ငံတွင် သူသည် နိုင်ငံခြားသား တစ်ယောက် ပမာသာ ဖြစ်နေ သည်။

"ဒီကောင်တွေက တို့လူမျိုးနဲ့ ဘယ်လိုမှ မဆိုင်ဘူး။ ဒီအကောင်တွေ တို့နိုင်ငံမှာ ရှိနေလို့ ဘာအကျိုးရှိမှာလဲ"

သူ့လို ကပြားကလေးတွေကို မြင်တိုင်း ကိုရီးယားတိုင်းရင်းသား တွေက ယင်းသို့ဖြင့် ကဲ့ရဲ့သကြိုဟ်စကား ဆိုကြသည်။ သူတို့က သည်စကား မျိုးကို လမ်းပေါ်တွင်လည်း ပြောကြသည်။ ဈေးထဲတွင်လည်း ပြောကြသည်။ တစ်ခါတရံတွင် သူတို့က ကြုံတုန်းကြုံခိုက် စကားအဖြစ်သာ ပြောသွား ကြသဖြင့် ပြီးပြီးပျောက်ပျောက် သဘော ရှိသော်လည်း တစ်ခါတစ်ရံတွင် ကား သူတို့စကားကို ကြားရသည်မှာ ကြက်သီးထစရာပင် ကောင်းလှ သည်။

တစ်နေ့တုန်းက အဘိုးကြီး တစ်ယောက် လူပုံအလယ်တွင် အော်ကြီး ဟစ်ကျယ် ပြောသွားသောစကားကို ယခုတိုင် ကြားယောင်နေပါသေးသည်။

"ဟေ့…ဒီမှာ… ငါ ပြောမယ်။ ဒီ လူရာမဝင်တဲ့ အမျိုးဖျက် ကပြား ကောင်လေးတွေကို တခြားနည်းနဲ့ မရှင်းပစ်နိုင်ရင် သူတို့အားလုံး ပင်လယ် ထဲ မောင်းချလိုက်ရုံပဲ ရှိတော့တယ်"

သည်လိုနှင့် သူ့ခမျာ ကျောင်းနေချင်၍လည်း မနေရ။ ကိုရီးယား ကျောင်းသားကလေးတွေကလည်း သူ့ကိုတွေ့လျှင် ပြောင်လှောင် သရော်ကြ သည်။ လက်ညှိုးငေါက်ငေါက် ထိုးကာ ကဲ့ရဲ့ကြသည်။

ထို့ပြင် သူ့မျက်လုံးတွေကလည်း မပြူး။ သူ့နှာခေါင်းလည်း မရှည် ပါတဲ့လျက် သူ့အား "ဟေ့ မျက်ပြူး…၊ ဟေ့ နှာခေါင်းရှည်" ခေါ်၍လည်း ကြသေးသည်။

သူသည် မှတ်မိသည့် အရွယ်မှစ၍ ဤနိုင်ငံတွင်ပင် အပယ်ခံ ဖြစ်ခဲ့ ရသည်။ သူ့အဖို့ ဤနိုင်ငံတွင် နေစရာ မရှိ။ သူ့တွင် အဘွားတစ်ယောက်

နှင့် မေမေတစ်ယောက် ရှိတာတော့ မှန်ပါသည်။ သို့သော် အဘွား [illegible] ဒီနေ့တွင် ငုံထားမတတ်ချစ်သော်လည်း မနက်ဖြန် ကျတော့ သေလု [illegible] ရိုက်နက်တတ်သည်။

မေမေ့ကိုကျပြန်တော့လည်း သူက ချစ်လည်းချစ်သည်။ မုန်း [illegible] မုန်းသည်။ မေမေက အလွန် ရုပ်ရည် ချောမောသည်။ ထို့ကြောင့် [illegible] ချစ်သည်။ မုန်းရတာကတော့ သူ့မေမေသည် သူ မနှစ်သက်သော [illegible] ဖြင့် အသက် မွေးနေသောကြောင့် ဖြစ်သည်။

သူသည် သူ့မေမေ၏ ပန်းရိုပ်သာတွင် မနေ့ကမှ ပထမဆုံး [illegible] ရောက်ခဲ့ဖူးသည်။ ပန်းရိုပ်သာတွင် မိန်းမချောကလေးတွေ ပြည့် [illegible] နေသည်။

မေမေက သူ့ကို ပန်းရိုပ်သာသို့ ခေါ်သွားပြီး ရေချိုးပေးသည်။ [illegible] လျှော်ပေးသည်။ ပြီးတော့ ဆံပင်ကိုလည်း တိုတို ညှပ်ပေးသည်။

"သားဟာ ဒီနေ့ကစပြီး နောက်ကို အမြဲတမ်း 'ပန်းရိုပ်သာ'မှာ [illegible] နဲ့ အတူ ကူလုပ်ပေးရမယ်။ ဒါကြောင့်မို့ ဒီက လုပ်ငန်းတွေကို [illegible] အောင် လေ့လာရမယ်" ဟုလည်း မေမေက ပြောသည်။

သည်စကားဖြင့် သူ့မေမေ ဘာကို ဆိုလိုတာပါလိမ့်။ သည်အ [illegible] သူ လုံးဝ သဘောမပေါက်။

သူက သီချင်းဆိုရတာ၊ ဗျပ်စောင်းတီးရတာကိုတော့ အလွန်သ [illegible] ကျသည်။ သည်ပညာတွေကို သူ့ဘာသာသူ လေ့ကျင့်ပြီး တတ် [illegible] ဖြစ်သည်။ သူ့မေမေက အဆိုအက အလွန်တော်သည်။ ထို့ကြောင့် [illegible] ချစ်လွန်း၍ မေမေ့ပညာကို သူလည်း တတ်လာခြင်း ဖြစ်သည်။

သူသည် ဈေးထဲတွင် တံမြက်စည်း လှည်းပြီး ဝိုက်ဆံအတော် [illegible] စုမိသောအခါ ဗျပ်စောင်း တစ်လက် ဝယ်သည်။ ဗျပ်စောင်းက အကောင် [illegible] တော့မဟုတ်။ အပေါစား ဗျပ်စောင်းသာ ဖြစ်သည်။ သို့သော် [illegible] ဗျပ်စောင်းဆိုလျှင် တော်ပါပြီ။ ကောင်းကောင်း ဆိုးဆိုး တီးရလျှင် [illegible] ပါပြီ။





မနေ့ညက သူ့ဗျပ်စောင်းကလေးကို တီးခတ်၍ ချည့်သည်များအား [illegible] ဖျော်ခဲ့ရသည်ကို သူ အလွန် ဂုဏ်ယူခဲ့ရသည်။ အလွန် ဝမ်းသာခဲ့ရသည်။

မနေ့ညက ဧည့်ခံပွဲ ပြီးသွားပြီးသည့်နောက် ပန်းရိုပ်သာသို့ လူတွေ [illegible] တော်များများ ရောက်လာကြသည်။ သူတို့က မိန်းကလေးတွေ ကိုယ်စီ [illegible] သီးသန့်ခန်းကလေးတွေထဲ အသီးသီး ဝင်သွားကြသည်။

သို့သော် မေမေ့ အခန်းကိုတော့ ဘယ်သူမှ မသွား။

ခရစ္စတိုဖာက ပန်းရိုပ်သာတွင် ပအိပ်။ ဂိတ်စောင့် အဘိုးကြီးအခန်းမှာ [illegible] အိပ်သည်။ အဘိုးကြီးက တစ်ညလုံး တခေါခေါဖြင့် ဟောက်နေ၍ [illegible] ရေပင် မဝခဲ့။

သည်နေ့ မနက်ကျတော့ သူ့မေမေဆီသို့ မစ္စတာချို ရောက်လာ [illegible] ။ သူက စီဓဝါပန်းချုံဘေးတွင် ပုန်းကာ ချောင်းနားထောင်ခဲ့သည်။

ယခုတော့ မစ္စတာချို ပြန်ထွက်သွားပြီ။ သူက ချုံကွယ်တွင်ရပ်ကာ [illegible] အနေကို ဆက်လက် အကဲခတ် စောင့်ကြည့်နေသည်။

မကြာမီတွင် သူ့မေမေ အခန်းသို့ မိန်းမကြီး တစ်ယောက် လက်ဖက် [illegible] ယူ၍ ဝင်လာသည်။ သူ့မေမေက မိန်းမကြီးအား စိတ်ဆိုးမာန်ဆိုး [illegible] အရာဖြင့် မောင်းထုတ်သည်။

"ပြန်ယူသွား... မသောက်ချင်ဘူး။ ဒီအခန်းထဲ ဘယ်သူမှ မလာစေနဲ့။ [illegible] မ တစ်ယောက်တည်း နေပါရစေ"

သူ့မေမေ သည်လို စိတ်ဆိုးသည်ကို သည်တစ်ခါပဲ သူ မြင်ဖူးသေး [illegible] ။

မိန်းမကြီး ပြန်ထွက်သွားသည်။ ရှိုက်သံ ကြားရသည်။ သူက [illegible] ကွယ်မှ ထွက်၍ အခန်းထဲသို့ ချောင်းကြည့်သည်။ သူ့ မေမေသည် [illegible] ခင်း ထိုင်ခုံပေါ်တွင် ထိုင်ကာ ရှိုက်ကြီးတငင် ငိုနေသည်။

သူမသည် လက်နှစ်ဖက်ကို စားပွဲပေါ်တွင်တင်ကာ လက်ပေါ်တွင် [illegible] နှာအပ်၍ ငိုနေသည်။

ခရစ္စတိုဖာကလေးက မငုံမရဲဟန်ဖြင့် သူ့မေမေ အနားသို့ ကပ်လာ
ခဲ့သည်။

"သား...အားလုံး သိပါပြီ မေမေ"

သူက ကိုရီးယား စကားဖြင့် ပြောလိုက်သည်။

ဆွန်ယာက ဆတ်ခနဲ မျက်နှာမော့ကာ...

"ဘာ သိတာလဲ"

"သား ဘယ်သူ ဆိုတာကို ပြောတာ"

"သားက မေမေ့သားပဲ။ ဒါများ ပြောနေစရာ လိုသေးသလား"

"သားရဲ့ အမေရိကန် ဖေဖေ့နာမည်ကို သား သိပြီ"

သူက ဆက်ပြောသည်။

"သူ့နာမည် သိတော့ကော ဘာဖြစ်မှာလဲ။ ဘာအကြောင်းထူးမှာလဲ။ သူက သားကို ရှိမှန်းတောင် မသိပါဘူး။ သားအတွက် ပိုက်ဆံလည်း တစ်ပြားမှ မပို့ဘူး။ သား ဘယ်မှာ နေတယ်ဆိုတာကိုတောင် စုံစမ်းတာ မဟုတ်ဘူး"

ခရစ္စတိုဖာက သူ့မေမေ မျက်နှာကို စိုက်ကြည့်နေသည်။

ငါ စာရေးတာကို မေမေ သိသွားပြီလား။ မသိသေးဘူးလား။

"ဒါပေမဲ့ သူ ဘယ်မှာ နေတယ်ဆိုတာကို သားသိတယ်။ သူ့လိပ်စာကို သား သိပြီးပြီ"

ဆွန်ယာက စိတ်ဆိုးမာန်ဆိုးဖြင့် အော်ပြောလိုက်သည်။

"ဟင်... ဒီလိုဆို နင်က သူ့ဆီ စာရေးလိုက်တယ်ပေါ့...ဟုတ်လား။ ငါ့စားပွဲထဲက စာကို ခိုးဖတ်ပြီး ငါ့အကြောင်း မကောင်း ရေးလိုက်တယ် ပေါ့လေ ဟုတ်လား။ မေးနေတာ မကြားဘူးလား ဟင်"

"သား... မေမေ့အကြောင်း... မေမေ့အကြောင်း... မကောင်း မရေး ပါဘူး... မေမေ"





မေမေ ဆူပူကြိမ်းမောင်းလျှင် သူ အမြဲတမ်း တုန်တုန်ယင်ယင် ဖြစ်နေတတ်သည်။ ယခုလည်း သူ ကြောက်ဒူးတုန်နေသည်။

ဆွန်ယာက ထိုင်ရာမှ ကမန်းကတန်း ထတဲ့ပြီး ခရစ္စတိုဖာ၏ ပါးပြင် နှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်သည်။ ခရစ္စတိုဖာက ကြမ်းပြင်ပေါ် ဝပ်ချ လိုက်သည်။

သူ့မေမေ အရင်း ခေါက်ခေါက်ကမှ သူ့ကို မချစ်တော့လျှင် ဘယ်သူ က ချစ်ဦးမည်နည်း။ သူသည် တစ်မိုး နိုင်ငံတွင် တစ်မိုး တစ်ယောက်လို ဖြစ်နေပြီ။ သူက ကြမ်းပြင်ပေါ် ဝပ်ရင်း ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ထား သည်။ သူ့မေမေက သူ့တင်ပါးကို ခြေထောက်နှင့် ပိတ်ကန်ပြန်သည်။

"ခွေးတိရစ္ဆာန်ကလေး၊ ခုချက်ချင်းထွက်သွားစမ်း။ ငါက ဒီလောက် လုပ်ကျွေးနေတာတောင်မှ ငါ့ကို မချစ်ဘူး။ ကျေးဇူးကန်းကလေး၊ သွား... မကြည့်ချင်ဘူး...ခုချက်ချင်း ထွက်သွား"

ခရစ္စတိုဖာကလေးက ကြမ်းပြင်ပေါ် ဝပ်နေရာမှ ဆတ်ခနဲ ထရပ် လိုက်သည်။ ပြီးတော့ ရှိုက်ရင်း ငိုရင်း ပြောသည်။

"သား...မေမေ့ကို ချစ်ပါတယ်...မေမေ။ မေမေ့ကို သား ချစ်ပါတယ်"

"အလကား ညာပြောတာ။ မင်း ငါ့ကို မချစ်ပါဘူး။ မင်းက မင်းအဖေ ကိုမှ ချစ်တာ။ ကိုယ့်ကို သေပြီလား... ရှင်နေသေးသလား ဆိုတာတောင် စုံစမ်းဖော် မရတဲ့ အဖေကိုမှ မင်းက ချစ်တာ..."

သားအမိနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့် နေကြသည်။

ခရစ္စတိုဖာ၏ တစ်ကိုယ်လုံးတွင် အားမာန်တွေ ဝင်လာပြီး ဒေါသ စိတ်များ ကြွတက်လာသလို ခံစားရသည်။

"ဒါဆို... သားက ဒီလိုပဲ မိဘ မရှိတဲ့ လူတစ်ယောက် အနေနဲ့ တစ်သက်လုံး နေသွားရတော့မှာလား။ ဒီအတိုင်းသာဆိုရင် သားလူကြီး ဖြစ်လာရင် ဘယ်လို နေမှာလဲ။ ဘာဖြစ်မှာလဲ။ သား လမ်းဘေး အမှိုက်ပုံမှာ

အဝတ်စုတ် ကောက်တဲ့အကောင် လုပ်ရမှာလား။ ဒါမှမဟုတ် သူတောင်းစားပဲ လုပ်ရမှာလား"

"အဲဒါတွေ ဘာမှ မလုပ်ရဘူး။ ဒီရိပ်သာမှာပဲ နေရမယ်။ ငါ့ကို ကူညီလုပ်ပေးရမယ်။ ငါ နိုင်းတာကို လုပ်ရမယ်"

"အစေခံ အလုပ်လား"

"အစေခံ အလုပ်"

သူမက အေးပြောလိုက်သည်။

"ဟုတ်တယ်။ အစေခံအလုပ်။ အဲဒါ မင်းနဲ့ အသင့်တော်ဆုံး အလုပ်ပဲ"

ခရစ္စတိုဖာက သူ့မေမေ၏ မျက်နှာကို စိုက်ကြည့်နေသည်။ "ဟြော်... ငါဟာ ငါ့အမေရဲ့သားပါလား" ဟူသော အသိ ရုတ်တရက် ဝင်လာသည်။ သူ့မေမေ၏ မျက်နှာသည် သူ့မျက်နှာနှင့် တစ်ထေရာတည်း ဖြစ်သည်။ ဟိုအရင်တုန်းကဆို သူ့ကိုယ်သူ သူ့ဖေဖေ အမေရိကန်နှင့် ပို၍တူသည်ဟု သာ ထင်မှတ်ခဲ့သည်။

"အဲဒီတော့ မေမေက သားကို ဘာဖြစ်စေချင်သလဲ"

သူက ပြတ်ပြတ်ပင် မေးလိုက်သည်။

ဆွန်ယာ ဒေါသ ပြေသွားပြီ။ သတ်မတစ်ချက် ရှိုက်ထုတ်လိုက်ပြီး...

"ခုနက မေမေပြောခဲ့ပြီ မဟုတ်လား။ တခြား ဘာလုပ်ရဦးမှာလဲ။ မေမေ့ လုပ်ငန်းမှာ ဝင်လုပ်ရုံပဲ။ သားကို့အဆိုလည်းကောင်းတယ်။ ပြီးတော့ ချပ်ဆောင်း တီးလည်း တော်တယ်"

"ဟင်...အဲဒါတော့ သား မလုပ်ချင်ဘူး။ ဒါက မိန်းကလေး အလုပ်ပဲ"

"အဲဒါက အစကလေးပါ။ နောက်တော့ သားက စာရင်းအင်းပညာ နားလည်အောင် သင်ယူရမယ်။ စာရင်းအင်းပညာ ကျွမ်းကျင်လာတဲ့အခါ လုပ်ငန်း တစ်ခုလုံးကို ကြီးကြပ်အုပ်ချုပ်ရမယ်။ နောက်ဆုံး မေမေ အငြိမ်းစားယူတဲ့အခါ ဒီလုပ်ငန်းကို သားပဲ ပိုင်လာမှာပေါ့"

ခရစ္စတိုဖာက စဉ်းစားနေသည်။ သူသည် ကလေး မဟုတ်တော့။ ဘယ်တုန်းကမှလည်း ကလေး မဟုတ်ခဲ့။ သူက သူ့လို ဘဝတူ ကလေးတွေ





အကြောင်းကို ကောင်းကောင်း သိသည်။ ထိုကလေးတွေမှာလည်း သူ့လိုပင် အမေရိကန် ကပြားကလေးတွေ ဖြစ်ကြသည်။ သူတို့သည် အမေရိကန် စစ်စခန်းများသို့ သွားရောက်ပြီး သူတို့၏အစ်မများအတွက် "ကိုယ်စားလှယ်" လုပ်ပေးကြသည်။ ယင်းအတွက် သူတို့အား အမေရိကန် စစ်သားတွေက "ကိုယ်စားလှယ်ကြေး" ပေးကြသည်။

သူ့မိတ်ဆွေလေး တစ်ယောက်ဆိုလျှင် သည်အလုပ်မျိုးကို အမြဲတမ်း လုပ်စားနေသည်။

မနေ့ကပဲ ဖြစ်ရပ်တစ်ခုကို ကြုံခဲ့ရသေးသည်။

သူတို့သည် အမေရိကန် စစ်စခန်း တစ်ခု၏ ဂိတ်ဝ အပြင်ဘက်တွင် ဧယ်တောက်တမ်း ကစားနေကြစဉ် အမေရိကန်လူငယ် စစ်သားသုံးယောက် ဂိတ်ဝမှ ထွက်လာသဖြင့် ကစားဝိုင်း ရပ်သွားသည်။

ဤတွင် ခရစ္စတိုဖာ၏ မိတ်ဆွေကလေးသည် ဝိုင်းထဲမှ ရုတ်တရက် ပြေးထွက်သွားပြီး အမေရိကန်စစ်သားများနောက်မှ လှမ်းအော်ပြောလိုက်သည်။

"ဟေး...ဟေး...မိန်းမ လိုချင်သလား။ အသစ်ကလေး ရမယ်။ အရမ်းလှတယ်"

သို့သော် စစ်သားများက သူ့ကို လှည့်ရုံသာ လှည့်ကြည့်ပြီး ဆက်လျှောက် သွားကြသည်။ သို့ဖြင့် သူတို့လည်း ကစားပွဲကို ဆက်လက် ကစားကြသည်။

အများအားဖြင့်တော့ အမေရိကန်စစ်သားတွေက သူတို့ ကစားဝိုင်းသို့ ကြွခဏ လာရောက်ပြီး သူတို့နှင့် မိတ်ဖွဲ့တတ်ကြသည်။ ပြီးတော့ မိန်းကလေး လှလှ ရှာပေးနိုင်မလားဟု မေးတတ်ကြသည်။ ဤသို့ဖြင့် ကလေး အတော်များများမှာ လက်ထဲတွင် ပိုက်ဆံ ရှင်နေကြတော့သည်။

တစ်ခါကဆိုလျှင် စစ်သား တစ်ယောက် ရောက်လာပြီး သူ့ကို "ပန်းရိပ်သာ" သို့ လိုက်ပို့နိုင်းသည်။ လိုက်ပို့လျှင် ခရစ္စတိုဖာအား ပိုက်ဆံ ပေးမည်ဟုလည်း ပြောသည်။ သို့သော် ခရစ္စတိုဖာက ငြင်းလိုက်သည်။

အကြောင်းကတော့ သူ့အနေဖြင့် သည်အလုပ်မျိုးကို ယခင်က တစ်ခါမှ မလုပ်ဖူးသေးသောကြောင့် ဖြစ်သည်။ သူ့မေမေ ကြိုက်မကြိုက် မသိသေးသော ကြောင့်လည်း ဖြစ်သည်။ မေမေက မကြိုက်လျှင် သူ အဆူခံရမည် ကြောက်သည်။

"ငိုင်တိငိုင်တိုင်နဲ့ မင်း ဘာတွေ စဉ်းစားနေတာလဲ ခရစ္စတိုဖာ"

ဆွန်ယာက မေးသည်။

ခရစ္စတိုဖာက ပခုံးနှစ်ဖက်ကို တစ်ချက် တွန့်လိုက်ပြီး ဘာမှ ပြန် မပြောဘဲ ရှာခနဲ လှည့်ထွက်သွားတော့သည်။ ဆွန်ယာက ကမန်းကတန်း လှမ်းခေါ်သည်။

"ဟဲ့... ဒါက ဘာလုပ်တာလဲဟင်။ ခုချက်ချင်း ပြန်လာစမ်း။ ငါ မေးတာ လာဖြေစမ်း။ မင်း အရိုက်ခံချင်သလား...ဟင်"

ရိုက်ချင်သလောက် ရိုက်ပါစေတော့။ ခရစ္စတိုဖာကတော့ သူ့မေမေ စကားကို လုံးဝ နားမထောင်နိုင်တော့။ မေမေ့ကို ကြောက်စိတ်လည်း တစ်စက်ကလေးမျှ မရှိတော့။ မေမေ့ကို ကြောက်စရာလည်း မလိုတော့။ ဘယ်ဒီတော့မှလည်း မကြောက်တော့။

သူ့မေမေ၏ သဘောထားကို သူ သိရပြီ။ သူ့ကို မေမေ ဘာဖြစ်စေ ချင်သည် ဆိုတာကို သူ သိရပြီ။ မေမေက သူ့အား "ပွဲစား" လုပ်ငန်းကို လုပ်စေချင်သည်။ သူ မလုပ်နိုင်။ လုံးဝ မလုပ်နိုင်။ ဘယ်တော့မှ မလုပ်နိုင်။

လောလောဆယ် သူ လုပ်ရမှာက သူ့ဖေဖေကို တွေ့အောင် ရှာရမည့် အလုပ်သာ ဖြစ်တော့သည်။

*





...ယ်ရာ ခုတင်ပေါ်တွင် လှဲနေစဉ် အခန်းတံခါးခေါက်သံ ပေါ်ထွက် ...သည်။ တံခါးခေါက်သံက ရဲရဲတင်းတင်း ခေါက်သံမျိုး မဟုတ်။ မဝံ့မရဲ ...ခေါက်သံမျိုး။

သူမ မျက်လုံးများကို ဖွင့်လိုက်သည်။ သို့သော် အိပ်ရာပေါ်မှတော့ ...ထသေး။

သူမ တော်တော် ပင်ပန်းနေသည်။ စိတ်ပန်းကိုယ်ပန်းဖြစ်ကာ ဘာမှ ...လုပ်ချင်လောက်အောင် နွမ်းနယ်နေသည်။ ဘာကိုမှလည်း ပြတ်ပြတ် ...သားသား စဉ်းစား၍ မရ။ သူမ စိတ်တွေ ဂနာမငြိမ် ဖြစ်နေသည်။ တွေဝေ ...နေသည်။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ကြားရပြန်သည်။ သည်တစ်ခါတော့ အသံက ...တ်တော် ကျယ်သည်။ ရဲရဲတင်းတင်း ခေါက်သံမျိုး။

ကမန်းကတန်း အိပ်ရာမှ လူးလဲထသည်။ ရေလဲဝတ်ရုံကြီး ကောက် ...ပြီးနောက် တံခါးဆီသို့ လျှောက်လာခဲ့သည်။

တံခါးကို ဆွဲဖွင့်လိုက်သည်။

တံခါးဝတွင် ကင်ခရစ္စတိုဖာကလေး ရပ်နေသည်။ သူသည် မနက် ...က အဝတ်အစားများကိုပင် ဝတ်ထားသည်။ ခြေထောက်တွင်တော့ ...ကက်ရှိုး ဖိနပ် စီးထားသည်။

သူက လော်ရာ၏ မျက်နှာကို စိုက်ကြည့်ရင်း မတုန်မလှုပ် ...နေသည်။

"လာပါ...ဝင်ပါ... ကင်ခရစ္စတိုဖာ"

သူမက ဖိတ်ခေါ်လိုက်သည်။

သူ အခန်းထဲသို့ ဝင်လာသည်။ ဘေးဘီကို မျက်လုံး တစ်ချက် ...ကြည့်သည်။

"ဟိုင်ပါကွယ်"

သူမက ကုလားထိုင် တစ်လုံးတွင် အရင် ဝင်ထိုင်သည်။ ထို့နောက် ခရစ္စတိုဖာက တခြား တစ်လုံးတွင် ဝင်ထိုင်သည်။

ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်သည် ခရစ္စတိုဖာ၏ မျက်နှာပေါ်သို့ တည့်တည့်ဖြာကျနေသည်။ သူ့ပါးပြင် နှစ်ဖက်တွင် နီရဲရဲ အရှိုးကလေးတွေ ထင်နေသည်။

"ကလေး မျက်နှာပေါ်က အနီကြောင်းတွေက ဘာဖြစ်တာလဲ...ဟင်"

"မေမေ့ လက်ချက်ပေါ့"

သူက ပြောရင်း ညာဘက်လက်ကို မြှောက်ပြီး ဘယ်ပြန်ညာပြန် ရိုက်သလို လုပ်ပြသည်။

"အို...မဟုတ်တာဘဲ။ မေမေက ဘာလို့များ ရိုက်ရတာလဲကွယ်"

လော်ရာက ကုလားထိုင်မှ ထသွားပြီး ခရစ္စတိုဖာ၏ ပါးပြင်နှစ်ဖက်ကို လက်ဖြင့် အသာအယာ စမ်းကြည့်သည်။ ကလေး၏ ပါးပြင်များက ဝင်းမွတ်ပြီး နူးညံ့နေသည်။

"သူက ဘာဖြစ်လို့များ ရိုက်ရတာလဲဟင်"

ခရစ္စတိုဖာက အင်္ဂလိပ်လို စကားလုံးများ ရွေးချယ်နေသည်။ အတန်ကြာတော့မှ ကြိုးစားပြီး ပြောသည်။

"မေမေက...သူ...သူက ကျွန်တော့်ကို သူ့အနားမှာပဲ နေစေချင်တယ်"

"ပန်းရိပ်သာကို ပြောတာလား"

သူက ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့၊ သူက အဲဒီမှာ သူနဲ့အတူ အလုပ် လုပ်နိုင်းပါတယ်"

"ကလေးက အဲဒီမှာ လုပ်ချင်သလား"

"ဟင့်အင်း...မလုပ်ချင်ဘူး"

လော်ရာက ကလေး၏ မျက်နှာကို စိုက်ကြည့်နေသည်။ ကလေး ဘာတွေ စိတ်ကူးနေသည်ကို မှန်းကြည့်နေခြင်း ဖြစ်သည်။

"ကလေးက မေမေ့ကို ချစ်သလား"





"တစ်ခါတလေတော့ ချစ်ပါတယ်"

"တစ်ခါတလေ... ဟုတ်လား။ သူက ကလေးကို ကြင်ကြင်နာနာ ရှိရဲ့လား"

သူ တွဲဆိုင်းဆိုင်း လုပ်နေသည်။ ပြီးတော့မှ...

"ကျွန်တော့်ကို ကျောင်းမထားဘူး"

"အဘွားကရော ဘယ်လို နေသလဲ။ ကလေးကို ချစ်ရဲ့လား"

ခရစ္စတိုဖာက ကြမ်းပြင်ကို ဖနောင့်ဖြင့် ပေါက်ပြရင်း...

"သူက ကျွန်တော့်ကို ဒီလို ဒီလို ခဏခဏ လုပ်တယ်"

ခရစ္စတိုဖာက ကုလားထိုင်တွင် ပြန်ထိုင်သည်။ သူ့လက်နှစ်ဖက်ကို ရှိုးငေါ့နေသော ဒူးနှစ်ဖက်ပေါ်တွင် ယှက်တင်ထားသည်။

သူက တံခါးဝကို ငေးကြည့်နေသည်။ သူ့မျက်နှာတွင် ခံစားမှု ကင်းမဲ့နေသည်။

"အန်တီက ကလေးကို ဒီမှာ ကျောင်းထားပေးရင် ဖြစ်နိုင်မလား"

သူက ခေါင်းကို ခါယမ်းပြသည်။ စကားတော့ မပြော။

"မဖြစ်နိုင်ဘူးလား"

လော်ရာက ထပ်မေးသည်။

သူက လော်ရာအား မျက်တောင် ပင့်ကြည့်လိုက်ပြီး...

"ကျွန်တော် အမေရိကကိုပဲ သွားချင်တယ်"

လော်ရာက သက်မတစ်ချက် ချလိုက်သည်။

"ကျွန်တော့် ဖေဖေကိုပဲ တွေ့ချင်ပါတယ်။ သူ့ကို ကျွန်တော် သိပ်ပြီး တွေ့ချင်ပါတယ်"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ အန်တီ သဘောပေါက်ပါပြီ။ အန်တီ သဘောပေါက်ပါပြီ"

လော်ရာက စိတ်လှုပ်ရှားစွာဖြင့် ထိုင်ရာမှထကာ ပြတင်းပေါက်သို့

လျှောက်လာခဲ့သည်။ အပြင်ဘက်တွင် ဆိုးလ်မြို့တော်ကို စီးမိုး၍ မြင်ရ ရသည်။

ဟုတ်ပါတယ်။ ဒီမြို့၊ ဒီနေရာ၊ ဒီလူတွေဟာ ငါနဲ့ ဘာမှ မဆိုင် သူစိမ်းတရံဆံတွေချည်းပါပဲ။ ဒါပေမဲ့ ဒီကိစ္စက ဒီကလေး တစ်ယော တည်း ရှင်းရမယ့် ကိစ္စ မဟုတ်ဘူး။ ခရစ္စနဲ့ တိုက်ရိုက် ပတ်သက်နေ ကိစ္စ။ ဒီတော့ သူ့အကြောင်းကိုလည်း ထည့်ပြီး စဉ်းစားမှ ဖြစ်မယ်။ ငါ့ အနေနဲ့တော့ ဘဝနစ်စုမှာ ကျင်လည်နေရတဲ့ လူ။ တစ်ဘဝက သိပ္ပံပညာ ဘဝ။ သိပ္ပံပညာရှင်ဆိုတာ ကိုယ့်ပညာရပ်နဲ့ မဆိုင်တဲ့ အရာတွေ လုံးဝ အာရုံစိုက်တာ မဟုတ်ဘူး။ ဒါပေမဲ့ တစ်ဖက်ကြည့်ပြန်တော့ ငါ ခရစ္စရဲ့ မိန်းမ။ ဒီတော့ သူ့ကိစ္စဟာလည်း ငါ့ကိစ္စပဲ။ ခရစ္စရဲ့ ဘဝ တခြားလူတွေ၊ မဲဆန္ဒရှင်တွေရဲ့ စိတ်စေတနာ အပေါ်မှာ တည်ဆော ထားရတဲ့ ဘဝ။ မဲဆန္ဒရှင်တွေ ကြိုက်ရင် သူ့ဘဝ တိုးတက်မယ် မကြိုက်ရင် သူ့ဘဝ ကျဆုံးမယ်။ ဒီတော့ ဒီကလေးကို ငါ ခေါ်သွား ဘယ်လို ဖြစ်မလဲ၊ ခရစ္စအကြောင်း မကောင်းသတင်းတွေ ပြည်နယ် တစ်ခုလုံး... တစ်နိုင်ငံလုံး... တောမီးလို ပျံ့သွားမှာ မလွဲဘူး။ အဲဒီအတိုင် ဆိုရင်တော့ သူ့ဘဝ တစ်ခုလုံး ရေစုန်မျောတော့မှာပဲ။ သူ့ဘဝ ပျက်တော့ ပဲ၊ ဒါပေမဲ့ ဒီပြဿနာ တစ်ခုလုံးမှာ အပြစ် လုံးဝ ကင်းတဲ့လူက ကင်ခရစ္စတိုဖာကလေးပါပဲ။

သူမသည် ဆတ်ခနဲ ပြန်လှည့်ပြီး ခရစ္စတိုဖာကလေး အနား လျှောက်လာသည်။ သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

ကလေး၏ အဝတ်အစားတွေက ကြည့်မကောင်းအောင် ညစ် ဟောင်းနွမ်း နေကြပြီ။ အာဟာရ ချို့တဲ့သောကြောင့် လူကလည်း ရုပ် အောင် ပိန်လှီလှသည်။ အသားအရေကတော့ နုညံ့ဖြူဖွေးနေသည်။

"ကင်ခရစ္စတိုဖာကလေးအတွက် အန်တီက ဘောင်းဘီ အကျီ ဝယ်ပေးမယ်။ အန်တီကို ဆိုင်လိုက်ပြပါလား"

"အား...ဟုတ်ကဲ့...ဟုတ်ကဲ့"





ခရစ္စတိုဖာက ယင်းသို့ ဝမ်းပန်းတသာ ပြောလိုက်ပြီး လော်ရာ၏ က်ကို ဆွဲကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဟိုတယ်ရှေ့ ရောက်တော့ သူက လမ်းထိပ်ဘက်သို့ လက်ညှိုး ထိုးပြ ည်။

"အင်္ကျီဆိုင် ရှိသလား"

လော်ရာက မေးသည်။

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ခရစ္စတိုဖာက အားတက်သရော ပြန်ပြောသည်။

နောက် တစ်နာရီလောက်ကြာတော့ ခရစ္စတိုဖာကလေးမှာ အင်္ကျီ သစ်။ ဘောင်းဘီ အသစ်တွေနှင့် သားသားနားနား ဖြစ်နေပြီ။ လော်ရာက ူအား ဝတ်စုံ သုံးစုံနှင့် ကြက်သွေးရောင် အနွေးထည် ဆွယ်တာ လက်ရှည် စ်ထည် ဝယ်ပေးသည်။

"ဒီအဟောင်းတွေကို မဝတ်နဲ့တော့။ လွှင့်ပစ်လိုက်တော့..."

လော်ရာက ပြောသည်။

ခရစ္စတိုဖာကလေး မျက်လုံးပြူးသွားသည်။ သို့သော် သူက ဘာမှ တော့ ပြန်မပြော။

လော်ရာက အဝတ်အစား သစ်သစ်လွင်လွင်ဖြင့် ပို၍ ချောနေသော ရစ္စတိုဖာကလေးကို ကြည့်ကာ သဘောကျနေသည်။

**ဒီအချိန်မှာ ခရစ္စသာ ရှိလိုက်ရင် ဘယ်လောက် ကောင်းလိမ့်မလဲ။**

ခရစ္စတိုဖာကလေးက ရုပ်ချောရုံသာ မဟုတ်။ ကျက်သရေလည်း ှိသည်။ အားမာန်လည်း ရှိသည်။

သူက ဘာစကားမှ မပြောဘဲ လော်ရာရှေ့တွင် ငြိမ်သက်စွာ ရပ်နေ ည်။ စိတ်ရှည်စွာ ရပ်နေသည်။ လော်ရာ ဘာပြောဦးမှာလဲ ဆိုတာကို စောင့်နေခြင်း ဖြစ်သည်။

"ကောင်းတယ်။ ငါ့ တူကြီးက သိပ်လှသွားပြီ"

လော်ရာက ချိုးကျူးစကား ဆိုသည်။

"အမေရိကန်နဲ့ တူတာလား"

ခရစ္စတိုဖာက မျှော်လင့်ချက်ဖြင့် မေးသည်။

"ဟုတ်တယ်"

လော်ရာက အမှားတစ်ဝက် အမှန်တစ်ဝက် ဖြေလိုက်သည်။

မှန်ပါသည်။ ခရစ္စတိုဖာက ကိုရီးယားနိုင်ငံတွင် အမေရိကန်ရုပ် ပေါက်နေသည်။ သို့သော်...အမေရိကန်ရောက်တော့ ကိုရီးယားရုပ်ပေါက်မှာ သေချာသည်။ တကယ်တော့ သူ့ဘဝက တော်တော်ဆန်းသည်။ ကြွက်နှင့် လည်း တူသည်။ ငှက်နှင့်လည်း တူသည်။ သို့သော်... ကြွက်လည်း မဟုတ်၊ ငှက်လည်း မဟုတ်။

**ဒီတော့... သူ ဘာလဲ၊ သူ ဘယ်သူလဲ၊ ကြွက်လား...ငှက်လား၊**

**သူ့နိုင်ငံ ဘယ်မှာလဲ၊ သူ ဘယ်မှာ နေရမှာလဲ၊ ကိုရီးယားမှာ နေရမှာလား၊ အမေရိကန်မှာ နေရမှာလား၊**

လော်ရာ အဖြေရှာ မရတော့။

သို့ဖြင့် သူမက စိတ်ကူးပေါ်ရာကိုသာ ပြောလိုက်တော့သည်။

"ကဲ...လာပါ...ခရစ္စတိုဖာ။ တို့နှစ်ယောက် ဟိုတယ်ပြန်ပြီး နေ့လယ် စာ သွားစားကြစို့"

*

စားသောက်ခန်းထဲသို့ ဝင်လိုက်လျှင်ဝင်လိုက်ချင်း လော်ရာက မစ္စတာချို ချက်ချင်း မြင်မိသည်။ သူသည် ထိုင်နေကျ ပြတင်းပေါက်နားမှ စားပွဲမှာ ထိုင်နေသည်။





လော်ရာက ပြုံးပြီး လက်ကို ဝှေ့ယမ်းပြလိုက်သည်။ ထို့နောက် တခြား စားပွဲတစ်လုံးတွင် ကင်ခရစ္စတိုဖာနှင့် အတူ ဝင်ထိုင်ကြသည်။

မစ္စတာချိုက သူတို့ နှစ်ယောက်ကို စိတ်ဝင်စားစွာ လှမ်းကြည့် နေသည်ကို လော်ရာ သတိထားမိသည်။ ယင်းသို့ ကြည့်နေသည်ကို စိတ် ထဲကလည်း ကျေနပ်မိသည်။

တကယ်တော့ မစ္စတာချိုသာ မဟုတ်။ တခြားစားပွဲများမှ အမေရိကန် လူမျိုးများနှင့် ဥရောပတိုက်သားများ အပါအဝင် ကမ္ဘာလှည့် ခရီးသည်များ ကလည်း သူတို့နှစ်ယောက်ကို လှမ်းကြည့်နေကြသည်။

သူတို့အား လှမ်းကြည့်ရုံတွင်မကဘဲ သူတို့အကြောင်းကို အချင်းချင်း တီးတိုး ပြောဆို ဝေဖန် နေကြတာကိုလည်း လော်ရာ မြင်ရသည်။

ကင်ခရစ္စတိုဖာကလေးနှင့် ယခုလို တစ်စားပွဲတည်းတွင် အတူထိုင် နေရတော့ လော်ရာ၏ စိတ်ထဲတွင် မိခင် တစ်ယောက်၏ ပျော်ရွှင်ကြည်နူး မှုမျိုးပင် မသိမသာ ဖြစ်ပေါ်လာမိသည်။

သို့ပေမဲ့ ခရစ္စတိုဖာကတော့ တခြား လူတွေ၏ အကြည့်ကို လုံးဝ သတိရပုံ မပေါ်။ သူက လော်ရာ အပြုအမူကို စိတ်ဝင်စားစွာဖြင့် အကဲခတ် စောင့်ကြည့်နေသည်။ လော်ရာက ဇွန်းနှင့် ခက်ရင်းကို ကိုင်ပုံ၊ လက်သုတ် ပုဝါကို အသုံးပြုပုံတို့ကို သူက အတုယူ၍ လိုက်လုပ်နေသည်။

မကြာမီတွင် မစ္စတာချို စားသောက်၍ ပြီးသွားသည်။ သူက သိချင် စိတ်ဖြင့် လော်ရာတို့ စားပွဲနားမှ ဖြတ်လျှောက်လာပြီး...

"ဘယ့်နှယ်... နေကောင်းပါရဲ့လား...မစ္စက်ဝင်းတား"

သူက ယဉ်ကျေးစွာဖြင့် နှုတ်ဆက်သည်။

"ဟုတ်ကဲ့... နေကောင်းပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ ကျွန်မ နေ့ ခရစ္စတိုဖာနဲ့အတူ ဈေးဝယ်ထွက်ခဲ့တယ်...မစ္စတာချို"

မစ္စတာချို၏ မျက်နှာတွင် တွေဝေရိပ် သမ်းသွားသည်။

"အား...ဟုတ်လား...ကောင်းပါတယ်။ ကောင်းပါတယ်။ ကိုယ့်လူက

ဘယ်ဆိုးလို့လဲ။ အမေရိကန်ကလေး ကျနေတာပဲ။ ဒါနဲ့ သူ့ကို မွေး ဝင်းတား အမေရိကကို ခေါ်သွားမလို့လား"

လော်ရာက ခရစ္စတိုဖာဘက်သို့ လှည့်ကာ ပြုံးပြရင်း...

"ဘယ့်နှယ်လဲ။ ခေါ်သွားရမှာလား"

"ဟုတ်ကဲ့။ ကျေးဇူးပြုပြီး ကျွန်တော့်ကို ခေါ်သွားပါ...အန်တီ"

"သူ့အမေကရော သဘောတူမယ် ထင်သလား"

မစ္စတာချိုက မေးသည်။

"ဟုတ်ကဲ့... တူလိမ့်မယ် ထင်ပါတယ်"

လော်ရာက ပြန်ဖြေသည်။

သူမ၏ အဖြေကို နောက်မှပြန်၍ အံ့သြမိသည်။ တကယ်တော့ သူမအနေဖြင့် ဘာကိုမှ တိတိကျကျ မဆုံးဖြတ်ရသေး။ သို့ပေမဲ့ မစ္စတာချို အဓိပ္ပာယ်ပါသော စကားကြောင့် သူမက ယင်းသို့ပင် အလိုအလျောက် လိုက်မိလျက်သား ဖြစ်သွားသည်။

"အား...ဒါဆို မဆိုးပါဘူး။ ကောင်းပါတယ်။ ကောင်းပါတယ်"

ယင်းသို့ ပြောပြီး မစ္စတာချို ပြန်ထွက်သွားသည်။

စားသောက်နေစဉ်အတွင်း ခရစ္စတိုဖာကလေးက တစ်ချိန်လုံး ငြိမ် သည်။ စကား တစ်ခွန်းမှ မပြော။ သည်အတွက် လော်ရာ၏ ရင်ထဲ၌ တစ်မျိုးတစ်မည် ခံစားရသည်။ သို့သော် တစ်ဖက်က ကြည့်တော့လည်း သူမ အတွက် ဆုံးဖြတ်ချက် တစ်ခုကို အပိုင်ချရန် အခြေအနေက ပေးပြီ ထင်မိသည်။

ကလေးက စားပွဲပေါ် လာချသမျှကို အားရပါးရစားသည်။ လော် က ဝမ်းလည်းသာသည်။ စိတ်မကောင်းလည်း ဖြစ်မိသည်။

စားသောက်ပြီးသောအခါ ကလေးကို ပြန်လွှတ်ရမှာ ရင်လေး ပြန်သည်။

သူ့ကို ဒီနေရာ ခေါ်ထားလို့ ဘာထူးမှာလဲ။ ခဵုးစားရေးရာ အများကြီး ရှိသေးတယ်။ လုပ်စရာတွေ အများကြီး ကျန်သေးတယ်။





"မနက်ဖြန်ကျတော့ ပြန်လာခဲ့ပါဦး...ခရစ္စတိုဖာ"

လော်ရာက ဆင်ဝင်ဆောင်တွင် ခရစ္စတိုဖာအား အဝတ်အစား ထုပ်များကို ပေးရင်း ပြောသည်။

"မနက်ဖြန် မနက်ကျတော့ လာခဲ့ပါဦး"

"ဟုတ်ကဲ့ပါ...အန်တီ"

ငါ့ကို အန်တီလို့ မခေါ်ပါနဲ့ဟု ပါးစပ်မှ ထွက်သွားတော့မလို ဖြစ် သွားသည်။ သို့သော် သူမက စိတ်ကို ပြန်ထိန်းလိုက်သည်။

တကယ်တော့... အန်တီလို့ ခေါ်ခြင်းသည်သာလျှင် အခြေအနေအရ အကောင်းဆုံး။ မစ္စက်ဝင်းတားဟု ခေါ်လျှင်လည်း သူစိမ်းပြင်ပြင် နိုင်လှ သည်။ "မေမေ"လို့ ခေါ်နိုင်းဖို့ကလည်း ဘယ်လိုမှ မဖြစ်နိုင်။ သူ့မှာ အမေ အရင်းကြီး ခေါက်ခေါက် အသက်ထင်ရှား ရှိနေသေးသည်။

အို...ဒီကိစ္စက အရေးမဟုတ်ပါဘူး။ နောင်ခါလာ နောင်ခါချေပေါ့။ အခြေအနေအရ ဖြစ်လာမှာပေါ့။

"ကဲ...ကောင်းပြီ...ခရစ္စတိုဖာ။ ပြန်လိုက်ဦးတော့...နော်"

လော်ရာသည် ခရစ္စတိုဖာကလေးအား တယုတယ နမ်းချင်စိတ်ကို မနည်းကြီး ပြန်ထိန်းထားလိုက်ရလေသည်။

*

အခန်းထဲပြန်ရောက်တော့ ခရစ္စထံမှ စာရှည်ကြီး တစ်စောင် ရောက်နေသည် ကို တွေ့ရသည်။ ပထမဆုံး ရရှိသော စာရှည်ကြီးပင် ဖြစ်သည်။

သူမ ဆိုးလ်မြို့သို့ရောက်နေသည်မှာ ရက်အနည်းငယ်မျှသာ ရှိသေး သော်လည်း ရက်သတ္တပတ် တော်တော်များများ ကြာသွားပြီဟု ထင်မိသည်။

စာအိတ်ကို ကောက်ယူပြီး ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ပြီးတော့ တခြားကိစ္စတွေအားလုံး မေ့ထားလိုက်ကာ စာကိုသာ စိတ်မြေနမြေ ဖတ်တော့သည်။

အချစ်ဆုံးလော်ရာ...

မင်းစာတွေက တိုလွန်းတော့...

ဟုတ်ပါတယ်...မောင်။ ကျွန်မစာတွေက တိုလွန်းပါတယ်။ အဲဒီလို ဖြစ်ရတာကလည်း ရှည်ရှည်ရေးစရာအကြောင်း မရှိသေးလို့ပါ...မောင်ရယ်။

...ငါ့မှာ တော်တော့်ကို ကသိကအောက်ဖြစ်ရတယ်... လော်ရာ။ ဒါကြောင့် ဒီက အလုပ်တွေအားလုံး ဒီအတိုင်း ထားပစ်ခဲ့ပြီး မီရာ လေယာဉ်ပတ်နဲ့ လိုက်လာရ မလားလို့တောင် စိတ်ကူးမိခဲ့တယ်။ ဒါပေမဲ့...အဲဒီကို လိုက်လာရင် မင်းအတွက် ပြဿနာတွေ ပိုလာဖို့သာ များတယ်ဆိုတာ ပြန်တွေးမိလို့ မလာဖြစ်တော့ဘူး။ အခုတော့ မင်းက ကလေးကိုလည်း တွေ့ပြီနော်...

အို...မောင့်ကို မြင်စေချင်လိုက်တာ...မောင်ရယ်။ အဲဒါဆိုရင် ဆုံးဖြတ်ချက်ချရတာ ပိုလွယ်သွားမယ် ထင်တာပဲ။ တကယ်တော့... လွယ်ပါ့မလား။ မလွယ်တဲ့အပြင် ပိုတောင်များ ခက်သွားမလား။

...အမျိုးသမီးက မင်းကိုတော့ ဒုက္ခပေးလိမ့်မယ် မဟုတ်ဘူးလို့ ငါ ယုံကြည် ပါတယ်။

ထို့နောက်တော့ သူက မဲဆွယ်တရားဟောပွဲ အကြောင်းကို စိတ်ပါ လက်ပါ အသေးစိတ် ရေးထားသည်။

တရားပွဲတွေ တစ်ပွဲပြီးတစ်ပွဲ မနားတမ်း တက်ရောက် ဟောပြောနေရ သော လင်တော်မောင်ကို မြင်ယောင်လာသည်။ ရုပ်မြင်သံကြားမှ စကားပြော နေသော သူ့ရုပ်ပုံကို မြင်ယောင်မိသည်။ သူက ဥပမိရုပ် ကောင်းသလောက် ဓာတ်ပုံလည်း အလွန်စားသည်။





သို့ပေမဲ့...အစစအရာရာ သတိတမန်။ ဉာဏ်မြေကတုတ် ရှိဖို့တော့ အထူး လိုအပ်သည်။ တစ်ဖက်မှ အပြိုင်ပုဂ္ဂိုလ်မှာ ဝါရင့် နိုင်ငံရေးသမားကြီး ဖြစ်သည်။ သူတို့က ဓရုစ္စကို အပုပ်ချနိုင်ရေးအတွက် ဓရုစ္စ၏ လှုပ်ရှားမှု မှန်သမျှကို အလွတ် စုံထောက်တွေ ငှား၍ မျက်ခြည်မပြတ် ထောက်လှမ်း နေကြသည်။ ဓရုစ္စ ကလေးဘဝမှသည် ယခုအချိန်အထိ အဖြစ်အပျက် များကို အသေးစိတ် စုံစမ်းထောက်လှမ်းကာ ပေါ်ပေါက် ရှာနေကြသည်။ တော်တော် ညစ်ပတ်သော လုပ်ငန်းပါတကား။ သို့သော်... နိုင်ငံရေး ဆိုသည် မှာ မိမိနှင့် မိမိပါတီ အနိုင်ရရှိရေး အတွက် တစ်ဖက်သား၏ လည်ပင်းကို ရက်ရက်စက်စက် ဖြတ်ရသော လုပ်ငန်းမျိုး မဟုတ်ပါလား။

လော်ရာက အတွေးကို ရပ်ပြီး စာကို ဆက်ဖတ်သည်။

...တင်နစ် အလန်ကတော့ တကယ့် အားကိုးလောက်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ သူက ပြည်နယ်အတွင်းမှာသာမက တစ်နိုင်ငံလုံး အတိုင်းအတာအထိ အဘက်ဘက်မှာ ဩဇာထိုက်တွမရှိတဲ့ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်တယ်။ သူလို ပုဂ္ဂိုလ်ကြီး တစ်ယောက်ရဲ့ အားပေး ထောက်ခံမှုကို ရထားရင် ငါ့အနေနဲ့ ဒီရွေးကောက်ပွဲမှာ အောင်ပွဲခံရမှာ ကျိန်းသေပါပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က တရားသဖြင့် အောင်နိုင်တဲ့ ရွေးကောက်ပွဲ မျိုး ဖြစ်ဖို့တော့ ငါ့အနေနဲ့ အတတ်နိုင်ဆုံး ကြိုးစားရမှာပဲ...။

လော်ရာက ဂုဏ်ယူစွာဖြင့် စာကို နမ်းလိုက်သည်။ ပြီးတော့ စာရွက် ကို ခေါက်ပြီး သူမ၏ အင်္ကျီ ရင်ဖုံးကပ်ထဲ ထိုးထည့်ထားလိုက်သည်။

ထို့နောက် ကုလားထိုင်တွင် နောက်မှီကာ မျက်လုံးများကို မှိတ်ထား လိုက်သည်။ မျက်လုံးတွေ မှိတ်ထားသော်လည်း ဓရုစ္စကို မြင်နေသည်။ သူ့အကြောင်းကို တွေးနေမိသည်။

မေတ္တာချစ်ကို အလေးအနက် မထားကြဘဲ တဏှာချစ်ကိုသာ ပုံကြီး ချဲ့နေကြသော သည်ခေတ်ကြီးတွင် သူမအနေဖြင့် မေတ္တာချစ် သဘောကို ကောင်းကောင်း နားလည်သည့် ခင်ပွန်းကောင်း တစ်ယောက်ကို ရနိုင်ခဲ့ သည်မှာ အလွန်တရာမှ ကံကောင်းလှပါကလား။

တကယ်ဆိုရင် ငါလို မိန်းမတစ်ယောက်ကို ဘယ်ယောကျ်ားက ချစ်ပါ့မလဲ၊ ချစ်နိုင်ပါ့မလဲ၊ ငါ ဖြစ်နေတဲ့ဘဝ၊ ငါ လုပ်နေတဲ့ အလုပ်မျိုးကို ဘယ်ယောကျ်ားကများ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်နိုင်ပါ့မလဲ၊ နားလည်နိုင်ပါ့မလဲ၊ ငါက သူ့လုပ်ငန်းကို ဘာမှအထောက်အကူ မပြုနိုင်ဘဲ သူက သာ ငါ့လုပ်ငန်းကို အထောက်အကူ ပြုနေတာ...၊ အခုလို တစ်နိုင်ငံ တစ်ပြည်ခြားမှာ ဂျပန် မိန်းမတစ်ယောက်နဲ့ ရခဲ့တဲ့ သားကလေး တစ် ယောက် ရှိနေတာတောင်မှ တို့နှစ်ယောက်ရဲ့ အချစ်က ပျက်ပြယ် မသွားဘူး၊ ဒါဟာ အလွန် ရခဲတဲ့ ဘဝတစ်ခုပဲ၊ သူ့သားကလေးကလည်း ချစ်စရာ ကောင်းလိုက်တာ၊ ဒါပေမဲ့ သူ့မှာ တိုင်းပြည် မရှိတဲ့ကလေး၊ လူမျိုး မရှိတဲ့ ကလေး ဖြစ်နေရှာတယ်၊ ဒီတော့ ဒီကလေး ပြဿနာကို ဘယ်လို ဖြေရှင်းမလဲ၊ ဒီကလေးအတွက်ကြောင့် သူ့ဘဝ အပျက်ခံရမှာလား၊ ဒါတော့... လုံးဝ မဖြစ်နိုင်ဘူး၊ သူ့ဘဝ ဘယ်နည်းနဲ့မှ အပျက်ခံလို့မဖြစ်ဘူး၊ သူ့ဘဝက သိပ်ပြီး တန်ဖိုးရှိတဲ့ဘဝ... ရခဲတဲ့ ဘဝ၊ လူသန်းပေါင်းများစွာရဲ့ အကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်တဲ့ဘဝ၊ တကယ်လို့ သူ့ရန်သူတွေကသာ သူ့အကြောင်းကို အပုပ်ချ ဖော်ထုတ်ခြင်း မပြုရင်... သူ့အနေနဲ့ တိုင်းပြည် ကောင်းကျိုးကို တကယ် ဆောင်ရွက်နိုင်မှာ သေချာတယ်၊

လော်ရာက ဟင်နရီအလန်အကြောင်းကို ရုတ်တရက် တွေးမိပြန်သည်။

ဓရွှက ဒီကလေးကိစ္စကို ဟင်နရီအလန်ကို သွားပြောပြလိုက်ပြီလား၊ ပြောတော ပြောပြသင့်သလား၊ ပြောမပြရင်တော ရိုးသားရာ ရောက်ပါ့ မလား၊ အို... တကယ် တွေးကြည့်ရင် သူ့အဖြစ်က မလွယ်လှပါတလား၊ ရှုပ်လည်းရှုပ်၊ စားလည်းရှုပ်မယ့် အဖြစ်ပါကလား၊

လော်ရာသည် တွေးရင်း တွေးရင်းဖြင့် ရင်ထဲ ဆို့ကျပ်လာသည်။ သို့ဖြင့်... သူမ၏ ခံစားချက်များကို အောင့်မထားတော့ဘဲ ဓရွှအား ပြန် ပေးရန် ဆုံးဖြတ်လိုက်သည်။

သူမသည် စားပွဲတွင်ထိုင်ကာ ဓရွှထံသို့ စာရေးတော့သည်။





မောင်...

ဓရွှကိုတာကလေး ကိစ္စကို ဟင်နရီအလန်ကို ပြောပြသင့်တယ်လို့ မောင် ထင်သလား။ အင်း...ဘာမှ လူတစ်ယောက် မဟုတ်တာဟာ တော်တော်လည်း အနေကျပ်လှပါကလား မောင်ရယ်။ တကယ်ဆိုရင် ဒီကလေးကိစ္စဟာ ကျွန်မတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စသက်သက်ပါ။ တခြားလူတွေ ဘယ်လိုထင်ထင် ကျွန်မတို့ ဂရုစိုက်စရာ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့... ဒီကလေးလိုပဲ ကလေးတွေ ထောင် သောင်းချီလို့ ရှိနေတာပဲ မဟုတ်လား။ အဲဒီတော့... ကျွန်မက ဒီလို စဉ်းစားမိတယ်... မောင်။ သူ့ကို ကျွန်မ ခေါ်ထားပြီး... ထိုင်းယား စစ်အတွင်းက မိသားစု သေဆုံး ကလေး ဖြစ်သွားတဲ့ ကလေးအဖြစ် မွေးစားထားမယ်။ လူတွေက ပြောချင်သလို ပြောကြပါစေ တော့။ တကယ်တော့ ဒီကိစ္စဟာ သူတို့နဲ့ ဘယ်လိုမှ မဆိုင်ပါဘူး။ အခုဆိုရင် မောင့်ရဲ့ အနာဂတ်ဘဝ ဇာတ်လမ်းက သိပ်ပြီး ကြောင့်ကြဖွယ်ကောင်းနေပြီ။ ကျွန်မ အထင်ကို ပြောရရင် တော့... ဒီအမှားကလေး တစ်ခုကြောင့် မောင့်ရဲ့ကြီးကျယ်တဲ့ အနာဂတ် ရည်မှန်းချက် ကို လုံးဝ မစွန့်လွှတ်သင့်ဘူးလို့ ထင်ပါတယ်...မောင်။

သူမက စာကိုဖတ်ပြီး အမှားကလေး၊ တစ်ခုဟူသော အသုံးအနှုန်းကို ပြန်ခြစ်လိုက်ကာ အတွေ့အကြုံ တစ်ခုဟူသော စကားကို အစားပြန်ထိုးလိုက် ပြီးတော့မှ စာကို ဆက်ရေးသည်။

....ဒီကလေး မွေးစား ဝေလာရင် သိပ်ကောင်းမှာပဲလို့ ဆုတောင်းရင်းထောက် အောင်ပါပဲ...မောင်။ ကလေးက မောင့်လိုပဲ သိပ်ပြီး ချောပါတယ်။ ချစ်စရာလည်း အလွန် ကောင်းပါတယ်။ သူ့အမေ အဝေါ်မှာ ဘယ်လို သဘောထားတယ် ဆိုတာတော့ ကျွန်မလည်း အခု အချိန်အထိ အတပ်ခတ်လို့ မရသေးပါဘူး။ ဒါပေမဲ့ သူက မောင့်ကို သိပ်ပြီး တွေ့ချင်နေတာတော့ အမှန်ပဲ။

ဒီနေ့ ကျွန်မ သူ့အတွက် အဝတ်အစား အသစ်တွေ ဝယ်ပေး လိုက်ပါတယ်... မောင်။

လော်ရာက စာကို အဆုံးသတ်လိုက်သည်။ ဓရှူတို့ဖာကလေး အကြောင်း တော်တော်ပင် ရေးလိုက်မိသည်။ သို့သော် သူမက ရေး၍ ရေးမှန်းပင် သတိမထားလိုက်မိ။ စုစုပေါင်း စာရေးစက္ကူ ငါးမျက်နှာအပြည့်။

ထို့နောက်တော့ သူမက စာကို စာအိတ်တွင်ထည့်ကာ စာတိုက်ပုံး၌ သွားထည့်လိုက်သည်။

ပြီးတော့ အခန်းထဲ ပြန်လာပြီး ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲအိပ်ကာ အားရပါးရ ငိုချလိုက်တော့သည်။

သူမသည် လင်တော်မောင်ကိုလည်း အလွန် အောက်မေ့မိသည်၊ အိမ်ကိုလည်း လွမ်းသည်။ သူတို့ အိမ်ကြီးက ကျယ်ဝန်းခမ်းနားပြီး နောက်ဖေး သမိုင်း ရှိသော အိမ်ကြီး။

ဟိုး… လွန်ခဲ့သော နှစ်ပေါင်းများစွာက ဝင်းတား မိသားစုပိုင် ပုဂ္ဂိုလ်ကြီး တစ်ဦးသည် ပြင်သစ် အမျိုးသမီး တစ်ယောက်အား အရူးအမူး စွဲချစ်မိခဲ့သည်။

သူက လက်ထပ်ခွင့်တောင်းသောအခါ ထိုအမျိုးသမီးက အခွင့်အရေး တစ်ရပ် တောင်းဆိုသည်။ သူမအား လက်ထပ်လိုလျှင် အမေရိကန်မှ ဝင်းတား မိသားစု အိမ်ကြီးကို ပြင်သစ်ပြည်မှ သူမတို့၏ ရဲတိုက်ကြီးအတိုင်း ပြုပြင် ဆောက်လုပ်ရမည်ဟု သူမက တောင်းဆိုသည်။

သို့ဖြင့် ထိုပုဂ္ဂိုလ်သည် ချစ်သူ၏ မေတ္တာပန်းကို ရရှိနိုင်ရေးအတွက် မိသားစု အိမ်ကို ရဲတိုက်ကြီးအသွင် ပြုပြင်ဆောက်လုပ်ခဲ့ရသည်ဟု ဆိုသည်။

ယခုတော့ သူမသည် မိုင်ပေါင်းများစွာ ဝေးကွာလှသော ဟိုတယ် တစ်ခုအပေါ်မှနေ၍ အိမ်ကို လွမ်းနေမိပြီ။ အိမ်ကိုသာမဟုတ်။ သစ်ပင်တွေ စီတန်း ပေါက်နေသော လမ်းတွေကိုလည်း လွမ်းသည်။ အိမ်နီးချင်းတွေ ကိုလည်း လွမ်းသည်။ သူမ၏ အလုပ်ကိုလည်း လွမ်းသည်။

အခုဆိုလျှင် အိမ်ကြီးထဲတွင် ဓရှူ တစ်ယောက်တည်း ပျင်းနေမှာ ရှော့မည်။ သူမ အိမ်သို့ ချက်ချင်း ပြန်သွားချင်သော ဆန္ဒ ပေါ်လာသည်။ တကယ် ပြန်မည်ဆိုလျှင်လည်း နာရီပိုင်းအတွင်း ရောက်သွားနိုင်သည်သာ ဖြစ်သည်။





ကိုရိုးယားသို့ ထွက်လာခါနီးတွင် ဓရှူက အလေးအနက် မှာလိုက် တာကို အမှတ်ရမိသည်။ "အပြန် လက်မှတ်၊ ပတ်စပို့နဲ့ ခရီးသွားချက် လက်မှတ် စာအုပ်တွေကို လက်ကိုင်အိတ်ထဲမှာ အမြဲတမ်း ထည့်ထားဖို့ မမေ့ပါနဲ့" တဲ့။

ပြီးတော့ သူက ဆက်ပြောသေးသည်။

"ဘယ်အချိန်မှာ ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ ဆိုးလ်မြို့က ရန်သူ့ နယ်စပ်နဲ့ မိုင်ကိုးဆယ်သာသာပဲဝေးတာ။ ဒါကြောင့်မို့… အရေးရယ်၊ အကြောင်းရယ်ဆိုရင် ချက်ချင်း ထွက်ခွာလာနိုင်အောင် အဆင် သင့် ဖြစ်နေဖို့ မမေ့ပါနဲ့"

သူမသည် ချက်ချင်း ပြန်သွားလိုစိတ် ဖြစ်ပေါ်လာမိသည်။

**ဟုတ်ပါတယ်။ ပြန်သွားတာပဲ ကောင်းပါတယ်၊ ဟိုတယ်ကထွက် တက္ကစီငှားပြီးတော့ လေယာဉ်ကွင်းသွား၊ ပထမဆုံးထွက်တဲ့ လေယာဉ်နဲ့ပြန်၊ ဒါဆို ပြီးတာပဲ။**

သို့သော် ဒုတိယ အတွေးကြောင့် သူမ စိတ် တစ်မျိုးပြောင်းသွား ပြန်သည်။

ပြန်သွားလို့ မဖြစ်သေး။ သည်မှာ ကိစ္စတွေကို ပြတ်အောင် လုပ်ခဲ့ရဦး မည်။ သို့သော် …ဘယ်လို ပြတ်အောင် လုပ်ရမှာလဲ။

သူမ၏ မေးခွန်းကို ဖြေလိုက်သည့်အလား စားပွဲပေါ်မှ တယ်လီဖုန်း မြည်သံ ရုတ်တရက် ပေါ်ထွက်လာသည်။

"ဟုတ်ကဲ့…ပြောပါရှင်"

"မစ္စက်ဝင်းတားပါလား…"

ဗိုလ်ဘရောင်း၏ အသံမှန်း ချက်ချင်း သိလိုက်သည်။

"ကျွန်တော်နဲ့ ဂျင်တို့က စိတ်ကူးတစ်ခု ရလို့ပါ မစ္စက်ဝင်းတား။ ဝေါ်ကားကုန်းမြင့် ရိပ်သာကို ကားမောင်းထွက်ကြရင် ကောင်းမလားလို့ပါ။ ပြီးတော့ အဲဒီမှာ ညစာ စားကြတာပေါ့။ ကချင်ရင်လည်း ကနိုင်ပါတယ်"

"ကောင်းသားပဲ…"

သူမ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။

"ကောင်းပါပြီ။ နာရီဝက်အတွင်း ဟိုတယ်ကို ကျွန်တော်တို့ လာခေါ်ပါမယ်"

"ကောင်းပါတယ်"

*

ဗိုလ်ဘရောင်းနှင့် ရဲဘော်ဂျင်တို့သည် ခါတိုင်းလို မဟုတ်တော့ဘဲ ယနေ့တော့ စီးပွားကျ ယူနီဖောင်းဝတ်စုံများကို ကြော့နေအောင် ဝတ်လာကြသည်။

"ရှင်တို့နှစ်ယောက် ဒီကိုမလာခင်ကတည်းက သိကျွမ်းလာခဲ့ကြတာလား"

ဂျင်က ကားကို မောင်းနှင်လာစဉ် လော်ရာက စကားမစပ်ဘဲနှင့် ကောက်ကာငင်ကာ မေးလိုက်သည်။

"မဟုတ်ပါဘူး။ ဂျင်က ကျွန်တော့် အသက်ကို ကယ်လိုက်တာကြောင့် သိကျွမ်းခဲ့ကြတာပါ"

ဗိုလ်ဘရောင်းက လေးနက်သော အမူအရာဖြင့် ပြန်ဖြေသည်။

"တစ်ညမှာ ကျောင်းသားတွေက မြို့ထဲလျှောက်ပြီး ဆူပူဆန္ဒပြကြတယ်။ သူတို့က ဂျပန်နဲ့ စာချုပ်တာကို မကျေနပ်လို့ ဆူပူကန့်ကွက်ကြတာ။ ကျွန်တော်က ကျောင်းသားအုပ်ထဲ ရောက်နေတဲ့ အချိန်မှာ ဂျင်က အတင်းပြေးဝင်လာပြီး ဆွဲထုတ် ကယ်တင်လာလို့ ကျွန်တော် မသေတာပါ။ ဒါတောင် မနည်းကြီး အရိုက် ခံလိုက်ရသေးတာ"

"ကျွန်မ မသိလို့ မေးပါရစေဦး။ သူတို့က စာချုပ်ကို ဘာဖြစ်လို့ ကန့်ကွက်ကြတာလဲ"





"ဒါကတော့ ရှင်းပါတယ်။ ဂျပန်က ကိုရီးယားကို နှစ်ပေါင်း ငါးဆယ်ကျော်ကျော် အုပ်ချုပ်ခဲ့ဖူးတယ်။ ဟိုတုန်းကဆိုရင် ကိုရီးယားလူမျိုးတွေက ကိုယ့်မင်းကိုယ်ချင်းနဲ့ လွတ်လွတ်လပ်လပ် နေလာခဲ့ကြတာ။ သူတို့က နိုင်ငံနဲ့ လူမျိုးကိုလည်း သိပ်ပြီး ချစ်ကြတယ်။ ဂျပန်တွေ လက်အောက်မှာ ကိုရီးယား ယဉ်ကျေးမှုတွေ ပျက်ခဲ့တယ်။ ကျောင်းတွေမှာလည်း ဂျပန်စကားကိုပဲ သင်ရတယ်။ ဒါကြောင့်မို့ ကိုရီးယားတွေက ဂျပန်တွေကို မယုံကြတော့ဘူး။ အခုလို စာချုပ်လိုက်တာဟာ ဂျပန်က ကိုရီးယား စီးပွားရေးကို နောက်ထပ် ချုပ်ကိုင်ချင်လို့ လှမ်းလိုက်တဲ့ ခြေလှမ်းပဲလို့ ကိုရီးယားတွေက ထင်ကြတယ်။ အဲဒီက တစ်ဆင့်တက်ပြီး တစ်ပြည်လုံးကို သိမ်းယူတဲ့အထိ ဖြစ်ပေါ်လာလိမ့်မယ်လို့ ယုံကြည်ကြတယ်"

လော်ရာက ကြားဖြတ်ပြီး...

"အဲဒါဆိုရင် အမေရိကန် ကပြားကလေးတွေ ဘယ်လို ဖြစ်နိုင်သလဲ"

"အဲဒါတော့ အတိအကျ ပြောလို့တော့ မရဘူး။ ဒါပေမဲ့ မလွယ်တာတော့ အမှန်ပဲ။ ဒုက္ခတော့ တစ်နည်းမဟုတ် တစ်နည်း ရောက်ကြမှာပဲ"

သုံးယောက်စလုံး စကားဆက်မပြောတော့ဘဲ ငြိမ်သွားကြသည်။

ဆည်းဆာချိန်မို့ ပတ်ဝန်းကျင် ရှုခင်းတွေက သာယာလှသော်လည်း စိုးကြီးကြောင့် မွေးဖွားလာသော ကလေးများ၏ ကြောက်စရာ ကံကြမ္မာကို တွေးပြီး အားလုံးပင် ရှုခင်းတွေ စိတ်မဝင်စားနိုင်အောင် ဖြစ်နေကြသည်။

တောင်စွယ်တွင် နေကွယ်သွားသောအခါ လှိုမြောင်တောင်ကြားတွေထဲသို့ အရိပ်တွေ ထိုးကျလာသည်။ တောင်တန်းတွေက ခရမ်းရောင်၊ လှိုမြောင်တွေက အစိမ်းရောင် ပြောင်းသွားကြသည်။ ကျောက်တောင်ကျောက်စွန်းကြီးများ၏ အနက်ရောင် နောက်ခံတွင် ရွှေရောင် လင်းနေသော ပေါ်ပလာပင်များကိုလည်း ဟိုနေရာ တစ်ပင်၊ သည်နေရာတစ်ပင် ကြိုကြား ကြိုကြား မြင်တွေ့ရသည်။ တောရွာများက လယ်ကွင်းများ ကြားတွင် ရှုပြုနေကြသည်။ တစ်ခါတစ်ရံတွင် အဖြူရောင် ဝတ်ရုံကြီး ဝတ်ကာ အနက်ရောင် မြင်းမွေး ဦးထုပ်မြင့်ကြီးကို မေးကြိုးသိုင်း ဆောင်းထားသော အရပ်

ရှည်ရှည်နှင့် လူကြီး တစ်ယောက်ယောက်ကို သော်လည်းကောင်း၊ တစ်ခါ တစ်ရံတွင်မူ ဂါဝန်ပွကြီးနှင့် တင်းကျပ်သော အင်္ကျီကိုဝတ်ကာ ခေါင်းပေါ် တွင် အထုပ်ကြီး တစ်ထုပ်ရွက်၍ ရှာရီးတစ်လျှောက် လျှောက်သွားနေသော မိန်းမကြီး တစ်ယောက်ယောက်ကို သော်လည်းကောင်း တွေ့ရတတ်သည်။

လော်ရာ၏ အတွေးမြားဦးသည် တစ်နေရာသို့ ရုတ်တရက် လှည့် သွားပြီး ခပ်တိုးတိုး မေးလိုက်သည်။

"ကျွန်မတို့ စစ်သားတွေဟာ ဒီမိန်းမတွေနဲ့ ဖြေသိမ့်ပြီး ကလေးတွေ မွေးအောင် လုပ်ကြတာ ကျွန်မတော့ လုံးဝ နားမလည်နိုင်အောင်ပဲ"

ဂျင်က ကားလက်ကိုင်ဘီးကို ထိန်းရင်း ရှေ့တည့်တည့်သို့ ကြည့်နေ ရင်းမှ ခပ်မြန်မြန်ကလေး ပြန်ဖြေသည်။

"ကျွန်တော့်မှာလည်း မိန်းကလေး တစ်ယောက် ရှိတယ် မွေး ဝင်းတား။ ကောင်မလေးက မိကောင်းဖခင် သားသမီးပါ။ သူက ကျွန်တော့် တစ်ယောက်တည်းကိုပဲ စွဲနေတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကို အပြတ် ပြောထားတယ်။ "ဒီမှာ ကလေးမ…မင်းက ငါ့ဆီလာပြီး ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတဲ့နေ့ဟာ မင်းနဲ့ငါနဲ့ ပြတ်တဲ့နေ့ပဲ" ဆိုပြီး ပြောထား တယ်။ သူကလည်း နားလည်ပြီးသားပါ။ ကျွန်တော့် စကားအတိုင်း မှ လိုက်နာ နိုင်သမျှတော့ သူ့အပေါ်မှာ ကျွန်တော် ကောင်းနေဦးမယ်ဆိုတာ သူ သဘောပေါက်ပြီးသားပါ"

"ကိုယ်ဝန် ရှိလာတော့ကော မင်းကို ပြောမလားကွ။ သူ့ဟာသူ ဖျက်ချပစ်မှာပေါ့"

ဗိုလ်ဘရောင်းက ခပ်တည်တည်ဖြင့် ပြောသည်။

"အဲဒါကတော့ သူ့ဟာသူ ဘာပဲလုပ်လုပ်ပေါ့"

"တချို့ မိန်းကလေးတွေများ တစ်နှစ်မှာ ရှစ်ကြိမ် ကိုးကြိမ် အထိ တောင် ဖျက်ချကြတာ"

"အဲဒါ ကျွန်တော့် အလုပ် မဟုတ်ပါဘူး"

ထိုအခိုက် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ကလေးသုံးယောက်





လမ်းမပေါ်သို့ ပြေးထွက်လာကြသဖြင့် ကားကို လမ်းဘေးသို့ ကမန်းကတန်း ထိုးရပ်လိုက်ရသည်။

ကလေးများက ညစ်ပေနေသော လက်ကလေးများကို ဖြန့်၍ ကစာစာ အော်ဟစ်ကာ ပိုက်ဆံ တောင်းကြသည်။

"စကားတောင် မဆုံးသေးဘူး။ ဒီချာတိတ်တွေနဲ့တော့ လာတိုးနေ ပြန်ပြီ"

ဂျင်က အင်္ကျီအိတ်ထဲ ပိုက်ဆံ နှိုက်ရင်း ပြောသည်။

"သူတို့အားလုံး ကပြားကလေးတွေချည်းပဲ"

ဗိုလ်ဘရောင်းက ဖြည့်စွက်လိုက်သည်။

"သူတို့ကလေးတွေ ရွာတိုင်းမှာ တင်းကြမ်းပြည့်။ ကဲ…ဟော့ ဟောဒီ မှာ ရော… ရော…"

ဂျင်က ယင်းသို့ ပြောရင်း ပိုက်ဆံ အကြွေတွေကို မြေကြီးပေါ်သို့ ပစ်ပေးလိုက်သည်။ ကလေးတွေက အမဲရိုးကို ခွေးတွေ ဝိုင်းလုကြသလို တစ်ယောက်နှင့် တစ်ယောက် တွန်းဆွဲ တိုးဝှေ့ကာ ဖုန်တောထဲ မြုပ်နေသော ပိုက်ဆံ အကြွေများကို သွေးရူးသွေးတန်း ယက်ရှာကြသည်။

လော်ရာက ကလေးတွေကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသည်။

အားလုံးပင် အမေရိကန်ကပြားကလေးတွေချည်း ဖြစ်ကြသည်။ ယောကျ်ားကလေး တစ်ယောက်က ဆံပင်နီနီနှင့်။ မျက်နှာမှာလည်း မှဲ့ဖြောက်ကလေးတွေ ပြည့်လို့…။ မိန်းကလေး တစ်ယောက်ကတော့ ဖုန်မှုန့် တွေ ပေကျံနေသော အညိုရောင် ဆံပင်နှင့်။ သူ့ မျက်နှာကလေးကျတော့… ပြောလိုက်တာ။ ပုံပြင်ထဲက နတ်မိမယ်ကလေး မျက်နှာအတိုင်း။ သူကလေး သည် ပိုက်ဆံကြွေတွေ လုယက် ရှာဖွေနေကြသော အဖော် ကောင်ကလေး တစ်ယောက်အား လက်သီးဆုပ်ကလေးဖြင့် ထုရင်း အော်ဟစ် ကျိန်ဆဲနေ သည်။

သည်မြင်ကွင်းကို ကြည့်ပြီး လော်ရာ အလွန် စိတ်ပျက်သွားသည်။ ထို့ကြောင့် သူမက ဂျင်ဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"ကဲ...သွားကြစို့။ ဒီလောက်ဆို တော်ပါပြီ"

*

သူတို့သုံးယောက် ညနေစာ စားပြီးကြသောအခါ ကော်ဖီ သောက်ရင်း ငြိမ်သက်နေကြသည်။

လော်ရာက ဟိုတယ်သို့ ပြန်ရမှာကို တွေးကြောက်နေသည်။ အခန်း ထဲတွင် တစ်ယောက်တည်း အချိန်ဖြုန်းရမည်ကို ကြောက်နေသည်။ နောက် ထပ် ဘာအလုပ် ဆက်လုပ်ရမည်ကိုလည်း အတိအကျ မဆုံးဖြတ်နိုင်သေး။

ဝေါကားကုန်းမြင့်ရိပ်သာမှ ခန်းမဆောင်ကြီးထဲတွင် ယူနီဖောင်းဝတ် အမေရိကန် အမျိုးသားများနှင့် အနောက်တိုင်း ဝတ်စုံဝတ် ကိုရီးယား အမျိုးသမီးကလေးများဖြင့် ပြည့်နက်လျက်ရှိသည်။

လော်ရာသည် အရွှးအမူးနှင့် ဝရုန်းသုန်းကားဖြစ်နေသော လူအုပ်ကြား ဝင်ကရန် ဘယ်လိုမှ စိတ်မပါအောင် ဖြစ်နေသည်။

ဂျင်က သူ့ထက်အရပ်မြင့်သော ပိန်ပိန်ပါးပါး ကချေသည် မကလေး တစ်ယောက်ကို ဆွဲထုတ်လာသည်။

"သတိထားပါ ကိုယ့်လူ။ မင်းကောင်မ ကြည့်ရတာ တီဘီရှိပုံပဲ"

ဗိုလ်ဘရောင်းက အင်္ဂလိပ်လို ပြော၍ သတိပေးသည်။

"ဘာမှ မဖြစ်ပါဘူး။ စိတ်ချရပါတယ် ဗိုလ်ကြီး"

"သူတို့ထဲမှာ တစ်ဝက်လောက်က တီဘီရောဂါသည်တွေကွ"

သို့သော် ဂျင်က နားမထောင်။ သူ့ကောင်မလေးကို ဆွဲခေါ်သွားပြီး ဝိုင်းထဲ ကနေသည်။

"သူတို့မှာ ရောဂါရှိနေတာ ဆေးမကုကြဘူးလား"

လော်ရာက ဗိုလ်ဘရောင်း ဘက်သို့လှည့်၍ မေးလိုက်သည်။





"ဆေးကုဖို့ ပိုက်ဆံမှ မရှိတာ။ စားဖို့က အရေးကြီးတော့ အလုပ်ပဲ လုပ် နေကြရတာပေါ့။ ကပြားကလေးတွေလည်း သူတို့လိုပဲ အနည်းဆုံး တစ်ဝက်လောက်တော့ တီဘီ ရှိနေကြလိမ့်မယ်"

"ဒီလောက်တောင် များပါ့မလား"

"ဘာလို့ မများရမှာလဲ။ သူတို့ကို ဘယ်သူက အရေးလုပ်ပြီး ဆေးကု ပေးမှာလဲ"

ဗိုလ်ဘရောင်း၏ စကားက စစ်သားပီပီ ပြတ်ပေမဲ့ မေတ္တာပါကြောင်း လော်ရာက အကဲခတ်မိသည်။

"ရှင်ကရော အဲဒီကလေးတွေကို ကြင်နာမိရဲ့လား"

"ကြင်နာတော့ကော ကျွန်တော်က ဘာတတ်နိုင်မှာတဲ့လဲ မစ္စက် ဝင်းတား"

ထိုစဉ် ခန်းမဆောင် အဆုံးရှိ စာတ်ခုံပေါ်တွင် အခမ်းအနား အစီအစဉ် ကြေညာသူ လာရပ်သည်။

ဂီတသံများ ရပ်သွားသည်။ ကချေသည်မကလေးများ စာတ်ခုံ နောက်သို့ ပြန်ဝင်သွားကြသည်။

အစီအစဉ် ကြေညာသူက အားရပါးရ ပြုံးကာ အသံကို မြှင့်၍ ပြော သည်။

"ရွှေပွဲလာ ဧည့်ပရိသတ်များခင်ဗျား...ဒီနေ့ညမှာ ဧည့်ပရိသတ်များကို ကြိုတောင်ကြိုခဲ့တဲ့ အထူးအစီအစဉ်များနဲ့ ဧည့်ခံဖြေဖျော်ဖို့ ကျွန်တော်တို့ စီစဉ်ထားရှိကြောင်း ဝမ်းမြောက်ဝမ်းသာ ကြေညာလိုပါတယ် ခင်ဗျား"

"အထူးအစီအစဉ်များအနက် ပထမဆုံး အစီအစဉ်အနေနဲ့ ဆန်ဖရန် စစ္စကိုမြို့မှ ရောက်ရှိလာတဲ့ ကချေသည် အမျိုးသမီးက ဖြေဖျော်မှာ ဖြစ်ပါ တယ်။ ဒီအမျိုးသမီးလေးဟာ ဆိုရင်ဖြင့် အမေရိကမှာ အလွန် ထင်ရှား ကျော်ကြားသူကလေး တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ အထူးဂရုစိုက် ပြီး ရှုစားကြပါလို့ ကျွန်တော်က ကြိုတင် ပန်ကြားလိုပါတယ် ခင်ဗျား..."

"သူ ဖြေဖျော်ပြီးတဲ့ နောက်မှာလည်း အထူး အစီအစဉ်တွေနဲ့ ဆက်

လက် ဖြေဖျော်ဖို့ ရှိပါသေးတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နာမည်ကျော် ကချေသည်မကလေး မစ္စဆွန်ယာ အကြောင်းကို ရှေ့ပွဲလာ ဧည့်ပရိသတ်များ ကြားဖူးကောင်း ကြားဖူးကြပါလိမ့်မယ်"

"မစ္စဆွန်ယာကလည်း ပရိသတ်များရဲ့ အထူးမေတ္တာရပ်ခံချက်အ ဧည့်ပရိသတ်များအား သီဆို ဖြေဖျော်ပါလိမ့်မယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်"

လော်ရာက အံ့အားသင့်စွာဖြင့်...

"သူ ဒီကိုလာမယ်ဆိုတာ ရှင်တို့ ကြိုတင် သိထားသလား"

"လုံးဝ မသိပါဘူး"

ဗိုလ်ဘရောင်းက ပြန်ပြောသည်။

"သူက ဒီကို လာခဲ့ပါတယ်။ တစ်ခါတလေလောက်ပဲ သူ လာတတ် ပါတယ်။ အထူး ဧည့်သည်တော်တွေ ရောက်လာမှ သူ လာတတ်ပါတယ်။ သူတို့ အပြောအရဆိုရင် မစ္စဆွန်ယာရဲ့ ဖြေဖျော်မှုကို ကြည့်ရဖို့ မလွယ်ဘူး သူက သူ့ကိုယ်ပိုင် နိုပ်သာကလျှံပြီး တခြား နေရာတွေမှာ ဖြေဖျော်ခဲ့ပါတယ် အခုလို ဒီနေရာကို သူလာပြီး ဖြေဖျော်တာဟာ အလွန် ရတောင့်ရခဲ အခွင့်အရေး တစ်ရပ်ပဲ မဟုတ်ဝင်းတား"

"သူ့အဆင့်အတန်းက ဒီလောက်တောင် မြင့်လို့လား"

"လူတွေက မြင့်တယ်လို့ မထင်ပေမဲ့ သူကတော့ သူ့ကိုယ်သူ မြှ ထားတယ်။ ဒါကြောင့်မို့လို့လည်း သူ့ကို လူတိုင်းမြင်တွေ့ရဖို့ မလွယ်ပါဘူး"

"ကိုရီးယား လူမျိုးတွေတောင်မှ သူ့ကိုမြင်ရဖို့ မလွယ်ဘူးလား"

"ဟုတ်ပါတယ်။ မလွယ်ပါဘူး"

စာတ်ခုံပေါ်တွင် ဆန်ဖရန်စစ္စကိုမှ ကချေသည်မကလေး ပေါ် သည်။

သူကလေးသည် ချက်အောက်ပိုင်းတွင် အသားကပ် ဘီကီနီ ဝတ်စုံကို မလုံ့တလုံ ဝတ်ထားသည်။ စနေနှစ်ခိုင်ပေါ်တွင်မှ ပန်း ရွှေရောင် ရင်လျှား ပါးပါးကလေးကို လွှမ်းထားသည်။





တစ်ခန်းလုံး အပ်ကျသံပင် ကြားရမတတ် တိတ်ဆိတ်နေသည်။ မျိုးသားတွေက ကုလားထိုင်တွင် နောက်မှီကာ မလှုပ်မယှက် စိုက်ကြည့် နေကြသည်။ အမျိုးသမီးတွေက စားပွဲပေါ် တံတောင်တင်ကာ မျက်လုံး ပေါက်ထောက် ကြည့်နေကြသည်။

တစ်ခန်းလုံး ဂီတသံ လွှမ်းခြုံသွားသည်။ ကချေသည်မကလေးက တင်ကသည်။ ကသည် ဆိုသော်လည်း သူမ၏ ကိုယ်ခန္ဓာက လုံးဝ လှုပ်ရှားဘဲ ကြွက်သွားများကသာ လှုပ်ရှားနေကြသည်။ ဗိုက်သားနှင့် ရင်သားများက တခြားစီ ဖြစ်နေကြသည်။ ဗိုက်သားက ခွေနေသော မြွေတစ်ကောင်လို အလိပ်လိပ် လှုပ်ရှားနေသည်။ သူကလေး၏ ခန္ဓာကိုယ် စိတ်အပိုင်း တချို့က လှုပ်ရှား နေကြသော်လည်း အပြာရောင် မျက်လုံးပြာ များကတော့ မျက်တောင်ပင် မခတ်သလို ထင်ရသည်။ အနီရောင်ဆိုးထား သော နှုတ်ခမ်းအစုံကိုလည်း စေ့နေအောင် ပိတ်ထားသည်။

လော်ရာက တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။

အမေရိကန်တွေက ရယ်မောနေကြသည်။ အာရှတိုက်သားတွေက တော့ လုံးဝ မရယ်မပြုံးကြ။ သူတို့၏ မျက်နှာတွေက လေးနက် တည်ကြည် နေကြသည်။ သူတို့သည် အနောက်တိုင်းမှ ထူးဆန်းသော အကကို အထူး စိတ်ဝင်စား နေကြသည်။

လော်ရာက သည်မြင်ကွင်းကို ကြည့်နေရင်းမှ စိတ်ထဲတွင် ရှက်သလို လို ခံစားလာရသည်။

သည်မိန်းကလေးက ဘယ်သူလဲ။ ဘယ်လို မျိုးရိုးက မွေးဖွားလာသူ လဲ။ သူက သူ့ဇာတိ နိုင်ငံမှာ ဘာဖြစ်လို့ မနေရတာလဲ။ အဝှေ့အလာ ယဉ်ကျေးမှုကို အလွန် တန်ဖိုးထားသော ဒီလို နိုင်ငံမျိုးကို ဘာဖြစ်လို့ ရောက်လာရတာလဲ။

အက ရပ်လိုက်သောအခါ အမေရိကန်များက လက်ခုပ်လက်ဝါး တီးကာ အော်ဟစ်၍ ဩဘာ ပေးကြသည်။

အာရှတိုက်သားတွေကတော့ လက်ခုပ်လက်ဝါးလည်း မတီး။ အော် ဟစ်၍လည်း ဩဘာမပေး။ ပကတိ ငြိမ်သက်စွာပင် ထိုင်နေကြသည်။

ကချေသည်မကလေးက ပရိသတ်အား ဆတ်ခနဲ ဦးညွှတ် အလေး[illegible] ပြီးနောက် ဇာတ်ခုံပေါ်မှ ပြန်လည် ထွက်ခွာသွားသည်။

ထို့နောက် အစီအစဉ် ကြေညာသူ ပေါ်လာပြန်သည်။

"ဂုဏ်သရေရှိ ညည့်ပရိသတ်များ ခင်ဗျား... အခုအချိန်က [illegible] မစ္စကင်ဆွန်ယာက ဖြေဖျော်ပါလိမ့်မယ်။ နားသောတ ဆင်တော်မူ[illegible] ခင်ဗျား"

တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။ ဇာတ်ခုံပေါ်သို့ ဆွန်ယာ [illegible] လာသည်။

သူမသည် ကိုရီးယား ရိုးရာဝတ်စုံကို ဝတ်ဆင်ထားသည်။ နှင်း[illegible] ရိုက် လှိုင်းတွန့်ပိုးဂါဝန်နှင့် ငွေချည်ထိုးပိုးအင်္ကျီ။

သူမ၏ ပိတုန်းရောင် ကေသာကို ကျစ်ဆံမြီး ထိုးကာ နောက်[illegible] ချထားသည်။ ခြေထောက်တွင်မူ ငွေရောင် ညှပ်ဖိနပ်ကို စီးထား[illegible] သူမ၏ ခြေသန်းများကလေးတွေက အပေါ်သို့ ကော့ထောင်နေကြ[illegible]

သူမသည် လက်နှစ်ဖက်ကို ယှက်ကာ မလှုပ်မယှက် ရပ်နေ[illegible] တီးဝိုင်းမှ ဂီတသံကို စောင့်ဆိုင်းနေသည်။

တီးဝိုင်းမှ ဂီတသံ ပေါ်ထွက်လာသည်။ မျက်နှာကို မူလအနေ[illegible] ထက် အနည်းငယ် မော့လိုက်ပြီးနောက် သီချင်း စဆိုတော့သည်။

သီချင်းက ကိုရီးယားသီချင်း မဟုတ်။ ကမ္ဘာကျော် ရုရှား[illegible] ဂီတစာဆိုကြီး ချိုက်ကော့စကီး၏ "အထီးကျန်နှလုံးသား" သီချင်းဖြစ်[illegible]

ယခုတော့ အမေရိကန်များ၏ ဆူညံရယ်မောသံတွေ မကြား[illegible] အာရှတိုက်သားများ၏ တအံ့တသြ ငေးမောစိုက်ကြည့်နေကြသည့် [illegible] များကိုလည်း မမြင်ရတော့။

ဆွန်ယာ သီဆိုနေသော သီချင်းက တစ်ကမ္ဘာလုံး နား[illegible] သီချင်း။ အရှေ့တိုင်းရော အနောက်တိုင်းပါ ခံစားနိုင်သည့်သီချင်း။

ပိတ်ပိတ်သား တိတ်ဆိတ် ငြိမ်သက်နေသည်။ ခန်းမဆောင်[illegible] သူမ၏ သီချင်းသံက ညို့ဓာတ် အပြည့်ဖြင့် မြိုင်လွှမ်းမင်းမူနေသည်[illegible]





သီချင်းသံသည် တစ်ခါတစ်ရံ လေတိုးသံမျှ လျော့ကျသွားပြီး တစ်ခါတစ်ရံ မုန်တိုင်း တိုက်သံလို မြင့်တက်လာသည်။

သီချင်း ဆုံးသွားသောအခါ လက်ခုပ်သံများဖြင့် တစ်ခန်းလုံး ဝက်ဝက်ကွဲ ပွဲတင်ဟိန်းသွားသည်။

ဆွန်ယာက ပရိသတ်များအား ဦးညွှတ် အလေးပြုပြီးနောက် ဇာတ်ခုံ ပေါ်မှ ပြန်လည် ထွက်ခွာသွားသည်။

သူမ လျှောက်သွားပုံမှာ လမ်းလျှောက်သွားသလို မထင်ရ။ ကြမ်းပြင် နှင့် ခြေဖဝါး ပွတ်တိုက်ကာ ဖြည်းဖြည်းသာသာ လျှောစီး သွားသလိုသာ ထင်မှတ်ရသည်။

ဆွန်ယာ မရှိတော့သော်လည်း လက်ခုပ်ဩဘာသံများက မစဲသေး။ "ဝမ်းစမိုး... ဝမ်းစမိုး" ဟု အော်ဟစ်ကာ ထပ်မံ ပွဲတောင်းသံများကလည်း သောင်းသောင်း ညံနေဆဲ။

သို့သော် ဆွန်ယာကား ပြန်ထွက် မလာတော့။ သူမအစား အစီအစဉ် ကြေညာသူသာ ပေါ်ထွက်လာသည်။

"ညည့်ပရိသတ်များ ခင်ဗျား။ မစ္စဆွန်ယာက ညည့်ပရိသတ်များကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ သူ့ကို ခွင့်လွှတ်ပါလို့လည်း တောင်းပန်ပါတယ်။ မစ္စဆွန်ယာအနေနဲ့ သီချင်းတစ်ပုဒ်ကို ဘယ်တော့မှ နှစ်ကြိမ် ထပ်ဆိုလေ့ မရှိပါဘူး ခင်ဗျား..."

လော်ရာက ပထမတော့ အံ့အားသင့်မိသည်။ ပြီးတော့ လေးစားလာမိသည်။ နောက်ဆုံးတော့မှ တွေဝေသွားမိသည်။

သူက ဒီသီချင်းကိုမှ ဘာကြောင့် ရွေးဆိုရတာလဲ။ ဒီသီချင်းကို သူ ဘယ်လို လေ့ကျင့်ထားသလဲ၊ တစ်ယောက်ယောက်ကို ရည်ညွှန်းလို့လို့ သူက ဒီသီချင်းကို ဆိုတာလား၊ ဒါဆို ဘယ်သူ့ကို ရည်ညွှန်းချင်တာလဲ၊ [illegible]ကိုများ ရည်ညွှန်းချင်လို့လား၊

ဒါဆိုရင် ငါ ဒီည ဒီမှာ ရောက်နေတယ်ဆိုတာ သူ ဘယ်လိုလုပ်ပြီး [illegible]တာလဲ၊

မေးစရာ မေးခွန်းတွေက တသီတတန်းကြီး ပေါ်လာကြသည်။ သို့သော် အဖြေကတော့ တစ်ခုမှ ပေါ်ထွက်မလာ။

လော်ရာသည် ကုလားထိုင်မှ ရုတ်တရက် ထရပ်လိုက်သည်။

"ကျေးဇူးပြုပြီး ခဏလောက်နော်...။ ကျွန်မ ဆွန်ယာနဲ့ စကား ပြောစရာ ရှိလို့..."

သူမက ဗိုလ်ဘရောင်းနှင့် ဂျင်တို့အား တောင်းပန်စကား ပြောပြီးနောက် ခုတ်ခုံ နောက်ဘက်သို့ လျှောက်ထွက်လာခဲ့သည်။

ဆွန်ယာအား အခန်းကလေး တစ်ခန်းထဲတွင် မှန်တင်ခုံရှေ့၌ ထိုင်နေသည်ကို တွေ့ရသည်။ သို့သော် သူမသည် မှန်ကို မကြည့်။ လက်နှစ်ဖက်ကို မှန်တင်ခုံပေါ်တွင် တင်ပြီး လက်ပေါ်တွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုယိုနေသည်။

လော်ရာက တံခါးဝတွင်ရပ်ကာ ခေတ္တ စောင့်ကြည့်နေသေးသည်။ ပြီးတော့မှ... အခန်းထဲသို့ ဝင်လာပြီး သူမ၏ လက်ကို ဆွန်ယာ၏ လက်မောင်းပေါ်သို့ တင်လိုက်သည်။

"ဆွန်ယာ... မမပါကွယ်"

ဆွန်ယာက ခေါင်းကို တစ်ချက် မော့ကြည့်ပြီး နောက်သို့ ပြန်ဆုတ်သွားသည်။ လော်ရာက အံ့အားသင့်သွားသည်။

"ကျွန်မဆီ ဘာလို့ လာရတာလဲ"

သူမက အသံမာမာဖြင့် မေးသည်။ မျက်ရည်တွေက ပါးပြင်ပေါ်သို့ စီးကျလာသည်။ မျက်တောင်ရှည်ကြီးများ ပေါ်တွင်လည်း မျက်ရည်ချေသီးနေသည်။

"ညီမ... သီချင်း...သီချင်းဆိုတာ သိပ်ကောင်းတာပဲနော်။ ဒါနဲ့... ဒါနဲ့..."

လော်ရာ စကားထစ်နေသည်။

"ဒါနဲ့ အဲဒီသီချင်းကို ဘာကြောင့်...အဲလေ... ညီမကို အဲဒီသီချင်း ဘယ်သူ သင်ပေးတာလဲဟင်"





"ဘာဖြစ်လို့ သိချင်တာလဲ"

သူမအသံက မာမြဲမာနေသည်။

"ဘာဖြစ်လို့ဆိုတာတော့ မမ အတိအကျ မပြောတတ်ဘူး။ ဒါပေမဲ့ သိချင်တာကတော့ အမှန်ပါပဲ ညီမရယ်"

သူမက ဘာစကား ဆက်ပြောရမှန်းမသိ ဖြစ်နေသည်။ အတန်ကြာတော့မှ ဆက်ပြောသည်။

"ညီမနဲ့ မမတို့က တစ်ယောက်ကိုတစ်ယောက် နားလည်သင့်ပါတယ် ညီမရယ်။ ညီမ စိတ်မချမ်းသာအောင် ဘယ်တော့မှ မလုပ်ချင်ပါဘူး။ ညီမကလည်း မမကို စိတ်မချမ်းသာအောင် မလုပ်ဘူးဆိုတာ မမ ယုံကြည်ပြီးသားပါ။ တကယ်တော့ ခရစ္စတိုဖာကလေး ကိစ္စကို မမတစ်ယောက်တည်း ဆုံးဖြတ်လို့ မဖြစ်ဘူး။ ညီမနဲ့ နှစ်ယောက် ပေါင်းပြီး ဆုံးဖြတ်မှဖြစ်မယ်။ မမက ညီမအတွက် ဘာမှမပူပါဘူး။ အမှန်အတိုင်းပြောရရင် မမနဲ့ မမရဲ့... အဲ...ကလေးရဲ့ အဖေအတွက်သာ တွေးပြီး ပူနေတာပါ"

ဆွန်ယာက သူမ၏ အင်္ကျီလည်ပင်းကိုက်ထဲ ညှပ်ထည့်ထားသော ပိုးလက်ကိုင်ပဝါနုနုကလေးကို ထုတ်ယူကာ မျက်ရည်တွေကို သုတ်နေသည်။

ထို့နောက် ထိုင်ရာမှထပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

လော်ရာအား ကုလားထိုင်တွင် ထိုင်ရန် ညွှန်ပြသည်။ သူမ ကိုယ်တိုင်ကလည်း မှန်တင်ခုံကို ကျောခိုင်းပြီး တခြား ကုလားထိုင် လွတ်တစ်လုံးတွင် ဝင်ထိုင်သည်။

နှုတ်ခမ်းများ ခပ်တင်းတင်း တစ်ချက် ကိုက်လိုက်ပြီးမှ စကား စပြောသည်။

"ကျွန်မက သင့်တို့ရှိတဲ့ မိန်းမ မဟုတ်ပါဘူး။ ကျွန်မစိတ်ကို တင်းပြီး ပြောတာပါ။ ကျွန်မက မမရဲ့... ကျွန်မက သူ့...သူ့ကို အများကြီး ချစ်ခဲ့မိပါတယ်။ ဒါကြောင့်မို့ အဲဒီသီချင်းကို ကျွန်မဘာသာကျွန်မ တမင် လေ့ကျင့်သင်ယူခဲ့ပါတယ်။ ဒီသီချင်းက ကျွန်မ ရင်ထဲမှာ ခံစားနေရတာတွေ။ ကျွန်မစိတ်ထဲမှာ ရှိတာတွေကို ပြောပြနေသလိုပဲ။ ကျွန်မ အိပ်မက်တွေလည်း

အများကြီး မက်ခဲ့ပါတယ်။ တစ်ခါတလေ အိပ်မက်ထဲမှာ ကျွန်မ သူ့ကို တွေ့ရပါတယ်။ သူ ကျွန်မဆီ ပြန်ရောက်လာတယ်လို့ အိပ်မက်တွေ မက်ပါတယ်။ ကျွန်မက သူကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး"

"အဲဒီတော့ ညီမက သားကလေးကို ဆက်လက် စောင့်ရှောက် ထား မယ်လို့ ဆိုလိုတာလား"

လော်ရာက အကင်းပါးစွာဖြင့် စကားလမ်းကြောင်း ပြောင်း၍ မေး လိုက်သည်။

ဆွန်ယာက ခေါင်းကို ခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူး။ ကျွန်မ အဲဒီလို မဆိုလိုပါဘူး။ သူက ဖအေတူသ ပါ။ ကျွန်မကို သူ ဘယ်တော့မှ မချစ်နိုင်ပါဘူး"

ဆွန်ယာ၏ လှပသော နှုတ်ခမ်းကလေးတွေ တရှုရှု တုန်ယင် နေကြ သည်။ သူမက စိတ်ကိုတင်းကာ နှုတ်ခမ်းကို တအား ဖိကိုက်ထားလိုက် သည်။

"ဒီတော့ ညီမ ဆန္ဒကို ပြောပြစေချင်တယ်။ ညီမ ဘယ်လို လုပ်ချင် သလဲ။ ဘာလိုချင်သလဲ။ မမအနေနဲ့ အတတ်နိုင်ဆုံး ကူညီပါ့မယ်။ ဘာမှ အားမနာပါနဲ့။ စိတ်ထဲမှာ ရှိတာကိုသာ ပြောပါ"

ဆွန်ယာ၏ ပါးပြင်ပေါ်သို့ မျက်ရည်တွေ သွန်ကျလာကြပြန်သည်။ သူမက လက်ကိုင်ပဝါဖြင့် ကမန်းကတန်း သုတ်ပစ်သည်။

"အမှန်ကို ပြောရရင် လောလောဆယ် ကျွန်မ ပိုက်ဆံပဲ လိုချင်ပါ တယ်။ ကျွန်မအတွက် ပိုက်ဆံပဲ လိုနေပါတယ်"

"ပိုက်ဆံ...ဟုတ်လား"

လော်ရာက ထပ်မေးလိုက်သည်။

ဆွန်ယာက မျက်လုံးပြူးကြီးများဖြင့် လော်ရာကို မော့ကြည့်လိုက် ပြီး...

"ကျွန်မ ကိုယ့်အိမ်နဲ့ကိုယ် တစ်ယောက်တည်း နေချင်ပါတယ်။ ပန်းရိပ်သာမှာ မနေချင်တော့ဘူး။ ဒီလုပ်ငန်းကိုလည်း မလုပ်တော့ဘူး။





...ဘာမှ မလုပ်တော့ဘူး။ ကျွန်မ တစ်ယောက်တည်းပဲ နေတော့မယ်။ ကျွန်မမှာ ...စောင့်ရှောက်မယ့် လူတွေ ရှိပါတယ်။ ကျွန်မဆီမှာ လုပ်ခဲ့တဲ့ အသွားကြီးတွေ ...ရှိပါတယ်။ သူက ကျွန်မကို မလိုချင်တော့ဘူးဆိုရင် ကျွန်မကို အိမ်ပဲပေးပါ။ ...တစ်ယောက်တည်း အေးအေးဆေးဆေး နေနိုင်တဲ့ အိမ်ကိုပဲ လိုချင်ပါတယ်"

"ဒီလိုဆို ဧရွှတိုဖာကလေး ကိစ္စကိုရော ဘယ်လိုစဉ်းစားထားသလဲ"

"ပိုက်ဆံ မရရင် သူ့ကို ပန်းရိပ်သာမှာ အလုပ်လုပ်နိုင်းမယ်။ ကျွန်မကို ...ကူညီနိုင်းမယ်။ ပိုက်ဆံ ရရင်တော့ မမသူ့ကို ခေါ်သွားပါ"

"သူ့ကို မမ ခေါ်သွားမယ်"

လော်ရာ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။

လော်ရာက ဆွန်ယာ အနားမှ ပြန်လည် ထွက်ခွာသွားရမှာကို ...ွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေမိသည်။ သူမသည် ချစ်စရာ ကောင်းသော ...ကိုရီးယားသူ ဆွန်ယာကို သံယောဇဉ် တွယ်နေမိသလိုလိုပင် ဖြစ်နေပြီ။

တခြား တစ်နေရာရာ တခြား တစ်ချိန်ချိန်တွင်သာ ဆိုလျှင် သူတို့ ...နှစ်ယောက် ခွဲခွာ၍ မရနိုင်သော မိတ်ဆွေများ ဖြစ်သွားကြမည်မှာ သေချာ ...သည်။

ယခုတော့ သူတို့ နှစ်ယောက်မှာ တစ်ယောက်နှင့် တစ်ယောက် ...ပေါင်း၍ မရအောင် ခြားနားနေကြသည်။ သည်လို ခြားနားနေရခြင်းမှာ ...မျိုး မတူသောကြောင့်လည်း မဟုတ်။ ဘာသာစကား မတူသောကြောင့် ...လည်း မဟုတ်။

သူတို့နှစ်ယောက်အား တကယ် ခြားနားထားသော တရားခံ အစစ်မှာ ...ယောကျ်ား တစ်ယောက်တည်းအား ချစ်မိသော "အချစ်" နှင့် "စစ်" တို့ပင် ...ဖြစ်သည်။

လော်ရာက ဆွန်ယာ၏ပခုံးပေါ်တွင် လက်တင်လိုက်ပြီး...

"မမ အများကြီး စိတ်မကောင်းပါဘူး ညီမရယ်။ အများကြီး စိတ် ...ကောင်းပါဘူး" ဟု လေသံဖြင့် တိုးတိုးလေး ပြောလိုက်သည်။

"မမက ကံကောင်းပါတယ်။ ကျွန်မက ကံဆိုးပါတယ်"

ဆွန်ယာက ယင်းသို့ ပြောပြီးတော့ ဘာမှ မဖြစ်သလို ဟန်မျိုးဖြင့် မှန်တင်ခုံဘက်သို့ မျက်နှာ ပြန်လှည့်ကာ သူမ၏ ချစ်စရာ နှုတ်ခမ်းများ သာ စိတ်အေးလက်အေးနှင့် အရောင် ခြယ်သနေတော့သည်။

*

ထိုနေ့ ဟိုတယ်သို့ ပြန်ရောက်တော့ လော်ရာက ခရစ္စထံသို့ စာရေးသည်။

တစ်ချိန်မှာ တစ်ခုခုပဲ လုပ်ရမှာပဲ မောင်။ အနာဂတ်ကို ကျွန်မ ပြတ်ပြတ် သားသား မမြင်သေးပါဘူး။ လုံးဝ မပြတ်သားသေးပါဘူး။ ပြဿနာက ရှိနေတုန်း ဘာလုပ်ရမှာလဲ။ ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ကလေးကို ဒေါ်ကို ဒေါ်လာရတော့ လုပ်ငန်းစဉ်ကတော့ လွယ်လွယ်ကလေးပါ။

မောင်ဟာ ကလေးရဲ့ ဖခင်အစစ် ဖြစ်ကြောင်း ကျမ်းကျိန်လွှာကို ကျွန်မ ပို့ပေးလိုက်ရုံပါပဲ။ ဒီက သံရုံးဝန်ထမ်းတွေကလည်း ကျွန်မကို တစ်နည်းနည်းနဲ့ အကူအညီ ပေးကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီတော့ မောင့်အနေနဲ့ လုပ်ရမှာ က… တင်ခရစ္စတိုဖာကလေးဟာ ဆွန်ယာနဲ့ရတဲ့ မောင့်ရဲ့ ရင်သွေးအစစ် ဖြစ်ကြောင်း ကျွန်မဟာ မောင့်ရဲ့ တရားဝင် ဇနီးဖြစ်ကြောင်း။ ကလေးကို ဒေါ်လာနဲ့အတွက် ကျွန်မ မောင်က ကိုယ်စားလှယ်အဖြစ် လွှတ်လိုက်ကြောင်း… ကျမ်းကျိန်စာသာ အမြန် ပို့ပေး ပါတော့။ ကျန်တာတွေကိုတော့ ကျွန်မဘာသာ ကျွန်မ ကြည့်လုပ်ပါ့မယ်။ မောင့်ရဲ့ ကျမ်းကျိန်စာကို ရပြီးတဲ့နောက် တစ်ပတ် အတွင်းမှာ ကျွန်မ အရောက်ပြန်လာခဲ့ပြီး ကျွန်မကို ဆန်ဖရန်စစ္စကိုမှာ လာကြိုပါ။ ဆွန်ယာ့ကိုတော့ ကျွန်မတို့ ပိုက်ဆံပေး လိမ့်မယ်… မောင်။

ထို့နောက် သူမနှင့်ဆွန်ယာတို့ တွေ့ဆုံကြရပုံကို အသေးစိတ် ရေး သည်။





ဒီတော့…ပိုက်ဆံက ဘယ်လောက် ပေးရမှာလဲ၊ ဘယ်လောက် ပေးသင့်တယ်ဆိုတာ ခရစ္စ သိပါလိမ့်မယ်၊ ဆွန်ယာကလည်း အကျပ်ကိုင်ပြီး ဘယ်ရွှေ့ဘယ်မျှရယ်လို့ အတိအကျ တောင်းတာမှ မဟုတ်ဘဲ၊ အနည်းဆုံး တော့ ဒေါ်လာငါးထောင်လောက်ဆိုရင် အလုပ်ဖြစ်ပါလိမ့်မယ်၊ ဒါလောက် ဆိုရင် ဆွန်ယာအတွက် အိမ်လည်း ဝယ်နိုင်ပြီ၊ ပိုတဲ့ငွေကို ချေးငှားစားမယ် ဆိုရင်လည်းဖြစ်ပြီ၊ တတ်နိုင်ရင်တော့… ဒေါ်လာ တစ်သောင်းလောက်ဆိုရင် အကောင်းဆုံးပဲ၊ ဒါပေမဲ့…ဒါက အရေးမဟုတ်ပါဘူး၊ ဒီကိစ္စက ကလေး ကို အရောင်းအဝယ် လုပ်တာမှ မဟုတ်ဘဲ၊ ခရစ္စက ဆွန်ယာနဲ့ အတူနေရင် ရှိနိုင်မယ့် ငွေနဲ့ ကလေးနဲ့ အလဲအလှယ် လုပ်တဲ့သဘောပါ၊

ဆွန်ယာ့မှာ ပိုက်ဆံလိုနေတယ်…မောင်။

လော်ရာက အတွေးကိုရပ်ကာ စာကို ဆက်ရေးသည်။

တကယ် လိုအပ်နေလို့ပါ။ အခွင့်အရေးတစ်ခုအနေနဲ့ တောင်းတာ မဟုတ် ပါဘူး။ သူ့ထ လက်ရှိ ဘဝက ရုန်းထွက်ချင်နေတယ်။ သူ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်။ သူက မောင့်ကို ဒီနေ့အထိ မျှော်လင့်နေတုန်းပဲ။ မောင့်ကို သူ အများကြီး ချစ်ပါတယ်။ သူနဲ့ တွေ့ဆုံပြီး စကားပြောရတာ ကျွန်မအနေနဲ့ လိပ်ပြာမလုံသလို ခံစားမိရပါတယ်။ ကျွန်မကိုယ်ကျွန်မ အပြစ်ရှိနေသလို ခံစားရပါ တယ်… မောင်။ ဘာဖြစ်လို့လဲဆိုတော့…ကျွန်မက မောင့်မယား ဖြစ်နေလို့ပဲပေါ့…။

*

နံရိပ်သာတွင် ဆွန်ယာနှင့် မစ္စတာချိုတို့ နှစ်ယောက်သား စကား လက်ဆုံ ကျနေကြသည်။

"ကျွန်မအနေနဲ့ တစ်သက်လုံး ဒီအတိုင်း မသွားနိုင်ဘူးဆိုတာ မစ္စတာ သဘောပေါက်ပါလိမ့်မယ်"

ဆွန်ယာက သူမ၏ နူးညံ့လှသော လက်နစ်ဖက်ကို ခါယမ်း၍
ပြောသည်။

မစ္စတာချို့က စေတနာအပြည့်ဖြင့် စိတ်ဝင်စားစွာ နားထောင်နေ
သည်။ ရုပ်ရည်လှပသော ဆွန်ယာ၏ ဘဝ မလှသည်ကို သူ ကောင်းမွ
သဘောပေါက်သည်။ ဆွန်ယာသည် ပြောသည့်အတိုင်း တကယ် လုပ်မည်
ဆိုသည်ကိုလည်း သူ ယုံကြည်သည်။

နှစ်များ မကြာမီတွင်ပင် ဆွန်ယာ၏ ချိုမြိန်သော အသံများသည်
ဇရာသဘောအရ ပျက်ယွင်းလာကြပေတော့မည်။ သူမ၏ ချစ်စရာ ကော
သော မျက်နှာပေါ်တွင်လည်း ဇရာရိပ်တွေ ထင်လာကြပေတော့မည်။
ထိုအခါ သူမသည် နာမည်ကျော် ကချေသည်မတစ်ယောက် ဘဝမှ မ
မသေဖူ ကျဆင်းရပေတော့မည်။

သို့ဖြင့် သူမအား သာမန် ပြည့်တန်ဆာခေါင်း တစ်ယောက်အဖြစ်
လူတွေက အသိအမှတ် ပြုကြပေတော့မည်။

"ဟုတ်ပါတယ် ဆွန်ယာ။ မင်းဘဝကို ငါ သဘောပေါက်ပါတယ်။
ကိုယ်ချင်းလည်း စာမိပါတယ်"

မစ္စတာချို့ တကယ့် စေတနာဖြင့် ပြောသည်။

သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ စင်စစ် ယခုမှ
ဝင်လာသော အတွေးတော့ မဟုတ်။ ယခင်ကလည်း သည်အတွေး
ဝင်ခဲ့ဖူးပြီ ဖြစ်သည်။ အကယ်၍ ဆွန်ယာသည် ပန်းရိပ်သာလုပ်ငန်းကို
အမျိုးကောင်းသမီးအဖြစ်ဖြင့် ဘဝသစ်ကို ထူထောင်မည်ဆိုပါက မစ္စတာ
အနေဖြင့် ဆွန်ယာအား အိမ်သူသက်ထားအဖြစ် မရွေးနိုင်စရာမရှိ။ တ
တော့ ဒုတိယဇနီးသည် ပထမဇနီးနှင့် ဂုဏ်သိက္ခာချင်း မတူနိုင်။ ဤသည်မှ
သဘာဝပင်။ သည်အချက်ကို လူတွေကလည်း နားလည်ကြမည်သာ
သည်။ မည်သို့ပင်ဖြစ်စေ... ဆွန်ယာသည် သာမန်မိန်းမ တစ်ယော
မဟုတ်။ ထင်ရှားသောအနုပညာရှင်တစ်ယောက်။ အဆိုကျော်တစ်ယောက်။
သမ္မာရှိသော ဂီတပညာရှင်တစ်ယောက် ဆိုသည်ကိုတော့ လူတိုင်း လက်ခံ





မည်ပင်။ ထို့ပြင် အမေရိကန် ကပြားကလေးဖြစ်သော သူမ၏ သားငယ်ကို
လည်း မစ္စက်ဝင်းတားက အမေရိကန်သို့ ခေါ်သွားတော့မည် ဖြစ်သည်။
သို့ဆိုလျှင်... ဆွန်ယာအနေဖြင့် တစ်ချိန်က အမေရိကန် တစ်ယောက်နှင့်
ညားခဲ့သည်ဟူသော ပြဿနာသည်လည်း နောက်ထပ် ပေါ်လာနိုင်စရာ မရှိ
တော့။ ယင်းပြဿနာ မပေါ်လျှင် သားကလေး တစ်ယောက် ရှိခဲ့သည်
ဟူသော ပြဿနာလည်း လုံးဝ မပေါ်နိုင်တော့။

ထို့ကြောင့် မစ္စတာချို့အနေဖြင့် ဆွန်ယာအား ဇနီးမယားအဖြစ်
လက်ထပ်မည်ဆိုလျှင် မဖြစ်နိုင်စရာအကြောင်း လုံးဝ မရှိတော့။

မစ္စတာချို့က ပါးစပ်ကို လက်ဝါးနှင့်အုပ်၍ ခပ်သဲ့သဲ့ကလေး ချောင်း
ဆိုးသည်။ ပြီးတော့မှ စကားပြောသည်။

"ငါ့ သဘောကို ပြောရရင်တော့ ကလေးကို သူ့အဖေဆီ ပို့လိုက်တာ
အကောင်းဆုံးပဲ ဆွန်ယာ။ အဲဒါဆိုရင် မင်းအနေနဲ့လည်း ဂုဏ်သိက္ခာ ပျက်
စရာ လုံးဝ မရှိတော့ဘူး။ မင်းက ကလေးကို မင်းအမေနဲ့ပဲ ထားလာခဲ့တာ
ဟာလည်း သိပ်ကောင်းတဲ့ စိတ်ကူးပဲ။ ဒီကလေးဟာ မင်းရဲ့ သားကလေးလို့
ဘယ်သူမှ မသိကြဘူး။ ငါတောင်မှ မသိခဲ့ဘူး"

"ဟုတ်ပါတယ်။ ဘယ်သူမှ မသိပါဘူး။ ကလေးက ဒီရိပ်သာကို
တောင် တစ်ခါပဲ လာဖူးတာ။ ကျွန်မကလည်း သူ့ကို ကိုယ့်သားလို မဆက်
ဆံဘဲ အလုပ်သမား တစ်ယောက်လိုပဲ ဆက်ဆံခဲ့ပါတယ်"

"အဲဒါ သိပ်ကောင်းတာပေါ့။ ပြီးတော့ ကလေးက မင်းနဲ့ လုံးဝ
မတူဘဲ သူ့အဖေနဲ့သာ တူတာဟာလည်း သိပ်ကံကောင်းတဲ့ အချက်ပဲ။
အဲဒီတော့...သူ့ကို မြန်နိုင်သမျှ မြန်မြန်သာ ပို့လိုက်ပါတော့။ မင်းအနေနဲ့
လောကဓံတရားကို အများကြီး ခံစားခဲ့ရတာ ငါသိပါတယ်။ ဒါပေမဲ့ အဲဒါ
တွေ ဘာမှပြန်တွေးမနေပါနဲ့တော့။ ရသလောက်ကိုသာ ယူတော့ ဆွန်ယာ။
တန်သလောက် မရရင်လည်း ဘာမှ မကျေမနပ် ဖြစ်မနေပါနဲ့တော့"

မစ္စတာချို့က ဆွန်ယာအား ကြင်နာမြတ်နိုးစွာဖြင့် စိုက်ကြည့်နေ
သည်။ ပြီးတော့ ဆက်ပြောပြန်သည်။

"မင်းအတွက် ငါ အစီအစဉ် ချထားပြီးပါပြီ။ ငါ့အတွက်ဆိုရင်လည်း မမှားပါဘူး။ ဖြစ်နိုင်တဲ့ အခြေအနေလည်း ရှိပါတယ်။ ဖြစ်လည်း ဖြစ်နိုင်ပါတယ်။ မင်းဆီက ကလေးထွက်သွားတဲ့အချိန်က စပြီး သူ့အကြောင်း လုံးဝ ပြည်ဖုံးကား ချပစ်လိုက်ပါ။ လုံးဝ မေ့ပစ်လိုက်ပါ။ အတိတ်ကို လုံးဝ မေ့ပစ်လိုက်ပြီး အနာဂတ်ကိုသာ စဉ်းစားပါတော့။ ကလေး မရှိတော့တဲ့ အချိန်မှာ မင်းအနေနဲ့ အထီးကျန် ဖြစ်လိမ့်မယ်ဆိုတာ ငါ ကိုယ်ချင်းစာမိပါတယ်။ ဒါပေမဲ့ မပူပါနဲ့။ ငါ တစ်ယောက်လုံး ရှိပါသေးတယ်။ မင်း ဘဝ ကောင်းကျိုးအတွက် ငါ ကူညီနိုင်ပါတယ်။ တကယ်တော့...ငါလည်း မင်းလိုပဲ အထီးကျန် တစ်ယောက်ပါ...ဆွန်ယာ"

သူ တော်တော် ပြောလိုက်ပြီးပြီ။ သည်လောက်ဆို တော်သင့်ပြီ။ ဆွန်ယာ သဘောပေါက်လောက်ပြီ။

သူက ထိုင်ရာမှ ထရပ်လိုက်သည်။ ဆွန်ယာကလည်း လိုက်၍ ထသည်။

မစ္စတာချို ဘာကိုရည်ရွယ်၍ ပြောကြောင်း ဆွန်ယာက ကောင်းကောင်းကြီး သဘောပေါက်ပါသည်။

သူ့စကားကို ကြားရ၍ ဆွန်ယာ ဝမ်းသာရသည်။ ကျေးဇူးလည်း တင်မိသည်။ တစ်ချိန်တည်းတွင် ဝမ်းနည်းချင်သလိုလိုလည်း ခံစားရသည်။

တကယ်တော့ သူမ အသက်ရှင်နေသမျှ ဝမ်းနည်းခြင်း ဝေဒနာကိုတော့ တစ်ချိန်မဟုတ် တစ်ချိန် ခံစားနေရဦးမည်ပင် ဖြစ်သည်။

သူမအနေဖြင့် မစ္စတာချိုကို ကြည်ညိုပါသည်။ လေးစားပါသည်။ သို့သော် ချစ်ဖို့ဆိုတာကိုတော့ သူမ တွေး၍ပင်မရ။

သူမဘဝတွင် ချစ်သူတစ်ဦးသာ ရှိခဲ့သည်။ ချစ်လင် တစ်ယောက်သာ ရှိခဲ့သည်။ ထိုချစ်လင်သည် သူမအား သားကလေး တစ်ယောက်နှင့် ပစ်ထားခဲ့သည်။ သို့ပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူ ပြန်လာလိမ့်မည်ဟု သူမ စောင့်မျှော်နေခဲ့သည်။





ယခုတော့ သူမ သိခဲ့ရပြီ။ သူ ဘယ်တော့မှ ပြန်မလာတော့ ဆိုသည်ကို အတိအကျ သိခဲ့ရပြီ။

သူက သူ့ကိုယ်တိုင်တော့ မလာ။ သူ့မိန်းမကိုသာ လွှတ်လိုက်သည်။

သူ့မိန်းမက ချောလည်း ချောသည်။ ပညာလည်း တတ်သည်။ ဂုဏ်လည်း ရှိသည်။

**သူ့မိန်းမက ငါ့ထက် အများကြီး သာပါတယ်။ ဒါကြောင့်မို့လည်း သူက ဒီမိန်းမကို ငါ့ထက် ချစ်တာပေါ့။ သူ့မိန်းမကလည်း သူ့ယောက်ျားကို သိပ်ပြီး ချစ်ပုံရတယ်။ အဲလေ... ချစ်တဲ့ချစ်သူချင်း ပေါင်းကြတာဟာ အကောင်းဆုံးပါပဲ။ ချစ်နိုင်ကြပါစေ။ ပေါင်းနိုင်ကြပါစေ။**

ဆွန်ယာသည် ဘာစကားမှ ပြန်မပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ် မစ္စတာချို နောက်မှ လိုက်လာခဲ့သည်။

တံခါးဝသို့ ရောက်တော့ နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

ဆွန်ယာက လေးစားစွာဖြင့် အကြိမ်ကြိမ် ဦးညွှတ်၍ နှုတ်ဆက်နေသည်။

မစ္စတာချိုက ခေါင်းညိတ်၍ အသိအမှတ် ပြုသည်။

ပြီးတော့...မျက်နှာလွှဲကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

◆ ◆ ◆

# အပိုင်း (၃)

ရွှေသည် လော်ရာတို့အား ဆန်ဖရန်စစ္စကို လေဆိပ်မှ အသင့် စောင့်ကြို
နေသည်။

ခရစ္စ၏ မျက်နှာကို လှမ်းမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်...
"အင်း...မောင်က တကယ့်ကို ချစ်ချောချောတဲ့ ယောကျ်ားတစ်ယောက်ပါ
လား..." ဟု ကျိတ်ပြီး မှတ်ချက်ချလိုက်မိသည်။

သူမ၏ ယောကျ်ားသည် မည်မျှချောသည်ဆိုတာကိုပင် လော်ရာက
မသိတော့သလို ခံစားမိရသည်။ အမှန်ကတော့ သူမ သိပါသည်။ သို့ပေမဲ့
သူမသည် တခြား တစ်နိုင်ငံတွင် (ရက်ပိုင်းမျှ နေခဲ့ရသည့်တိုင်) မျက်နှာ
ပုံသဏ္ဍာန် တစ်မျိုးရှိသော ယောကျ်ားများကိုသာ မြင်နေခဲ့ရသောကြောင့်
ယခု ခရစ္စ၏ မျက်နှာကို ရုတ်တရက် မြင်လိုက်တော့ တစ်မျိုးတစ်ဖုံ ဆန်းနေ
သလို ထင်မိခြင်း ဖြစ်သည်။

မစ္စတာချိုလည်း ခရစ္စလိုပင် ချောပါသည်။

သို့ပေမဲ့... ယခု အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းဖြင့်
ချစ်ချောချောသည့် သူမ၏ ယောကျ်ားကို မြင်လိုက်ရသောအခါ လော်ရာက
ကမ္ဘာပေါ်တွင် ယောကျ်ား နှစ်မျိုး။ မိန်းမနှစ်မျိုး ရှိနေသလို ထင်မှတ်မိသည်။
ယင်းနှစ်မျိုးအနက် ဘယ်အမျိုးတွင်မှ မပါဝင်သူကတော့ ကင်ခရစ္စတိုဖာ
ကလေးသာ ဖြစ်သည်။

ကိုရီးယားမှ ထွက်ခွာလာသည့် အချိန်မှစ၍ ခရစ္စတိုဖာကလေးက လော်ရာကိုသာ တွယ်ကပ်နေခဲ့သည်။ သူမကိုသာ အားကိုးတကြီး ဖြစ်နေခဲ့ သည်။ လော်ရာကလည်း ကလေး အပေါ်တွင် ကြင်နာမှု အပြည့်ဖြင့် လှိုက်လှိုက်လှဲလှဲ တုံ့ပြန်ဆက်ဆံခဲ့သည်။

ပြီးတော့လည်း...ဆွန်ယာနှင့် မစ္စတာချိုတို့အား နောက်ဆုံး နှုတ် ဆက်၍ လေယာဉ်ပေါ် ရောက်လာသည့် အချိန်မှစပြီး ခရစ္စတိုဖာကလေးက လော်ရာအား "မေမေ..." ဟုပင် ခေါ်လာခဲ့သည်။

ဆွန်ယာ၏ ပြောဆိုဆက်ဆံပုံကလည်း ပိပိရိရိရှိလှသည်။ သူမသည် ဒေါ်လာ ၃၅၀၀ တန် ချက်လက်မှတ်ကို အေးအေးဆေးဆေးပင် လက်ခံ သည်။ နည်းသည်များသည် တစ်ခွန်းမှ မပြော။ သူမက ချက်လက်မှတ်ကို အင်္ကျီ ရင်ဟိုက်ထဲတွင်လည်း မထည့်။ ပိုက်ဆံ အိတ်ထဲတွင်လည်း မထည့်။ အဆုံးစွန် ပြောရလျှင် စားပွဲပေါ်တွင် တင်ထားသော ချက်လက်မှတ်ကို နောက်တစ်ကြိမ် စောင်းငဲ့၍ပင် မကြည့်။ သူမ၏ အမူအရာကို ကြည့်ရသည် မှာ ယင်း ချက်လက်မှတ်သည် သူမအတွက် ဘာမှ အဓိပ္ပာယ်မရှိဟူ၍ ခံယူ ထားပုံမျိုးပင် ပေါ်လွင်နေသည်။

လေဆိပ်တွင် ဆွန်ယာက သားကလေးအား ဆုံးမစကား ပြောသည်။

"ဟိုရောက်ရင် မင်းဖေဖေ့စကားကို မြေဝယ်မကျ နားထောင် ပါ...သား။ ပြီးတော့ မစ္စက်ဝင်းတား စကားကိုလည်း တစ်သဝေမတိမ်း နားထောင်ပါ။ သူက မင်းဖေဖေရဲ့ ဂုဏ်သရေရှိဇနီး...။ အခု မေမေ ပြောလိုက် တာတွေကို ဘယ်တော့မှ မမေ့နဲ့။ အမြဲတမ်း သတိရပါ။ အခန်းထဲကို မေမေ ဝင်လာရင် ထိုင်ရာက ထရပ်ပြီး အရိုအသေပေးပါ။ ဖေဖေ မထိုင်သေးရင် ကိုယ်က ပြန်မထိုင်နဲ့။ ဖေဖေ စိတ်ချမ်းသာအောင် ကျောင်းစာကိုလည်း နေ့တိုင်း မှန်မှန် ကြိုးစားကျက်ပါ။ စားတဲ့သောက်တဲ့အခါမှာလည်း မေမေ အရင် စစားပြီးမှ ကိုယ်က စားပါ။ အခု မေမေ ပြောလိုက်တာတွေကို တစ်သက်လုံး မမေ့ပါနဲ့..."

သည်စကားတွေကို သူမက လော်ရာ့ ရှေ့တွင်ပင် အင်္ဂလိပ်လို ပြော





သည်။ သူမအနေဖြင့် သားကလေးကို စည်းကမ်းတကျ ဆိုဆုံးမထား ကြောင်း သိစေလိုသောကြောင့် ဖြစ်ဟန်တူသည်။

ခရစ္စတိုဖာကလေးက သူ့မေမေ၏စကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ ပါးစပ်ကတော့ ဘာမှ ပြန်မပြော။ သူသည် လေယာဉ်ကွင်း တွင် ရှိနေစဉ် တစ်ချိန်လုံး ဘာစကားမှ မပြောခဲ့။ ဂျက်လေယာဉ်ကြီး တိမ်တိုက်ထဲ ရောက်တော့မှ ပထမဆုံး စကား တစ်ခွန်းကို စတင်ပြောသည်။

သူက လော်ရာ့ဘက်သို့ လှည့်ပြီး ခေါ်လိုက်သည်။

"မေမေ..."

လော်ရာက ပြုံးပြရုံသာ ပြုံးပြသည်။ သို့ပေမဲ့ သူမ၏မျက်လုံးအစုံတွင် မျက်ရည်တွေ ရုတ်တရက် ပြည့်လျှံကာ လာကြသည်။

ယခုတော့ ခရစ္စတိုဖာက ခေါင်းငုံ့နေရာမှ ဖခင်ဖြစ်သူအား မော့ကြည့် လိုက်သည်။ ပြီးတော့ သူ့ဖခင် ပထမပြောသည့် စကားကို နားစွင့်နေသည်။

"ဟဲလို...အဲ...အား"

ခရစ္စမှာ သားဖြစ်သူနှင့် ဇနီးတို့အား ဘယ်လို နှုတ်ဆက်ရမှန်းပင် မသိတော့လောက်အောင် စိတ်လှုပ်ရှားနေမိသည်။ သူက ဝိန်ညှော်ညှော် ရုပ်ရည်နှင့် သနားကမား အမူအရာရှိသော သားငယ်အား မလုံမလဲဟန်ဖြင့် ငုံ့ကြည့်နေသည်။ ကလေး၏ မျက်နှာက သူ့မျက်နှာနှင့် တစ်ပုံတည်း ဖြစ်နေ သည်။ သူ့နှလုံးသားသည် တဒိန်းဒိန်းဖြင့် အခုန်မြန်လာသည်။

"သိပ်အရုပ်ရှည်တာပဲ"

ခရစ္စတိုဖာကလေးအား ဖခင်က ကြည့်ပြီး မှတ်ချက်ချလိုက်သည်။

သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ကြက်သေသေနေကြသည်။

လော်ရာက ခရစ္စတိုဖာ၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး...

"ကဲ...ကျွန်မတို့ ဒီကနေပြီး ဘယ်ကို သွားကြမလဲ"

သူမ၏ လေသံက ပုံမှန် လေသံမျိုး...။

"ငါ မြို့ပြင်က ဟိုတယ်တစ်ခုမှာ အခန်း ငှားထားတယ်။ နေရာက တော်တော် အေးချမ်းတယ်။ လူလည်း သိပ်မလာဘူး။ လာရင်မှာ ကမ်းခြေ မှာ...။ တို့ အဲဒီရောက်တော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ အေးအေးဆေးဆေး စီစဉ်နိုင်အောင်ဆိုပြီး ငါ ခွင့် နှစ်ရက် ယူလာခဲ့တယ်။ ဒါနဲ့...မင်း စာတွေကလည်း ဘာမှ မရေရာဘူး။ အားလုံး ရှုပ်နေတယ်။ ပြဿနာက နှစ်ဖက်စလုံးမှာ ရှိနေတယ်။ ဒီမှာလည်း အခြေအနေတွေက သိပ်ပြီး တင်းမာနေတယ်။ သတင်းထောက်တွေ လာရင်တော့ မောင်းထုတ် ရမှာပဲ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ငါ ဘားမင်းကိုပါ ခေါ်လာခဲ့တယ်။ သတင်းထောက်တွေ ပြဿနာကို သူ ကြည့်ရှင်းလိမ့်မယ်။ ဒီကိစ္စ သတင်းစာ တွေထဲ ပါလာရင်တော့ အားလုံး ရှေ့နန်းမျှော်ပြီသာ မှတ်တော့။ ကဲ...တို့ ဒီနေရာက မြန်မြန် ထွက်ကြရအောင်။ မင်းတို့ပစ္စည်းတွေ ဘားမင်း ရွေးယူ လာလိမ့်မယ်"

လော်ရာက ခရစ္စတိုဖာ၏ လက်ကို ဆုပ်ကိုင်ထားရာမှ ပြန်လွှတ် လိုက်သည်။

"ကဲ...တို့နဲ့ အမီသာ လိုက်လျှောက်တော့ ခရစ္စတိုဖာ"

လော်ရာက ပြောသည်။

ခရစ္စတိုဖာက လော်ရာ ပြောသည့်အတိုင်း သူမဘေးမှ ခြေလှမ်း သွက်သွက်ဖြင့် လျှောက်လိုက်လာသည်။

ခရစ္စ၏ခြေလှမ်းကို လော်ရာက အမီလိုက်နိုင်သော်လည်း ခရစ္စတိုဖာ အဖို့မူ မနည်းကြီး မီအောင် လိုက်နေရသည်။ ခရစ္စက သူတို့ဘေးသို့ ကလေး တစ်ယောက်ပါလာမှန်း သတိမှ ပြုမိပါလေစ။

လေယာဉ်ကွင်း ဂိတ်ဝတွင် သူတို့အား ဘားမင်းက အသင့် စောင့်နေ သည်။ သူက လော်ရာ့ဆီသို့ လက်ကို ကမ်းပေးလိုက်ပြီး...။

"မွေးရပ်မြေက ကြိုဆိုပါတယ် မစ္စက်ဝင်းတား"

သူက ခရစ္စတိုဖာကလေးအား တစ်ချက် စောင်းကြည့်ပြီး မျက်နှာလွှဲ လိုက်သည်။





"ကျွန်တော် ပစ္စည်းတွေ သွားရွေးလိုက်မယ် မစ္စတာဝင်းတား"

"ကလေးက အင်္ဂလိပ်စကား တော်တော်နားလည်ရဲ့လား"

ခရစ္စက မေးသည်။

"သိပ် နားမလည်ဘူး"

လော်ရာက ပြန်ဖြေသည်။

"နည်းနည်းပဲ နားလည်ပါတယ်"

ခရစ္စတိုဖာက ပြုံးပြီးဝင်ပြောသည်။

သူ့အပြုံးက ပွင့်လင်းသည်။ ရဲတင်းသည်။ ခရစ္စက ပြန်ပြုံးပြရင်း...

"ကိစ္စမရှိပါဘူး။ မကြာခင် နားလည်လာပါလိမ့်မယ်။ ကျောင်းအိပ် ကျောင်းစား ပို့လိုက်ရင် မကြာခင် တက်လာမှာပါ"

"ကျောင်းအိပ် ကျောင်းစား ဟုတ်လား"

လော်ရာက ပြန်မေးသည်။

"မေးစရာရှိတာ နောက်တော့မှ မေးပါ"

*

နောက်နှစ်နာရီခန့် ကြာသောအခါ သူတို့လင်မယားသည် ဟိုတယ် ခန်းထဲ တွင် မျက်နှာချင်းဆိုင်ထိုင်ကာ ဆွေးနွေးနေကြသည်။ ကင်ခရစ္စတိုဖာ ကလေးကတော့ ကပ်လျက် အခန်းတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီ။ ခရစ္စတိုဖာကလေးသည် ရေချိုးနှင့် ရေချိုး၍ နံနက်စာစားပြီးမှ အိပ်ပျော် သွားခြင်းဖြစ်သည်။

"ကျောင်းအပ်ဖို့ ကိစ္စ ငါ အားလုံး စီစဉ်ထားပြီးပြီ။ ကျောင်းက ကျောင်းကောင်းပါ"

ခရစ္စက ပြောသည်။

"ကလေးကို မောင်က အိမ်ကို ခေါ်မသွားဘဲ အစုလို ကျောင်းအိပ် ကျောင်းစား ပို့မယ် ဆိုတာကိုသာ ကျွန်မ ကြိုတင် သိခဲ့ရရင် ကျွန်မ သူ့ကို ဒီကို လုံးဝ ခေါ်မလာဘူး။ သူ့အမေဆီမှာပဲ ထားပစ်ခဲ့တယ်။ ကျွန်မကတော့ ဒီကလေးမှာ အနည်းဆုံး မိဘ တစ်ယောက်ယောက်တော့ အနီးကပ် ရှိဖို့ လိုအပ်တယ်လို့ ထင်တယ်...မောင်"

လော်ရာလည်း ရေချိုးပြီးပြီ။ နံနက်စာလည်း စားပြီးပြီ။ သူမသည် နှင်းဆီရောင်နှင့် ပန်းနုရောင် ဝတ်စုံကို ဝတ်ထားသဖြင့် ပို၍ လှနေသလို ထင်ရသည်။ သို့သော် ရုပ်ရည် လှသလောက် မျက်နှာ အမူအရာကတော့ တင်းမာနေသည်။

ခရစ္စက ဇနီးသည်အား သိုင်းဖက်လိုက်သည်။ သူမက အဖက်ခံ၏၊ လင်တော်မောင်၏ လက်ကို ညင်သာစွာဖြင့် ပြန်လည် ပုတ်ချလိုက်သည်၊

"မောင်က ကလေးအတွက် ဒီအတိုင်းပဲ အစီအစဉ် ဆွဲထားသလား"

သူမက မကျေနပ်သံဖြင့် မေးသည်။

ဤသို့လျှင် သူတို့လင်မယားသည် အချေအတင် စကားများ ခဲ့ကြရ သည်။ တစ်ဦးအပေါ်တစ်ဦး အလွန်ချစ်ကြတာကတော့ အမှန်ပင်။ သို့သော် လည်း ခံယူချက်နှင့် ပတ်သက်လာလျှင်တော့ တစ်ယောက်နှင့် တစ်ယောက် အလျှော့ မပေးတတ်ကြ။

လွန်ခဲ့သော တစ်နာရီခန့်ကလည်း သည်လိုပင် စကားများခဲ့ကြသေး သည်။ လော်ရာ ရေချိုးခန်းထဲမှ ထွက်လာတော့ စိတ်လန်းကိုယ်လန်းရှိ တော်တော့်ကို လှနေသည်။ ခရစ္စက သူမအား ဖက်မည်လုပ်တော့ လော်ရာ က အဖက်မခံဘဲ သူ့လက်ကို ဆွဲဖယ်ပစ်လိုက်သည်။

ဤတွင် ခရစ္စမှာ အနည်းငယ် ဒေါသဖြစ်သွားပြီး ရှက်ပြုံးပြုံးရင်း...

"ဘာလဲ...မင်းက ငါ့ကို မကျေနပ်လို့လား။ မင်းက ကိုယ့်သဘော အတိုင်း လုပ်ချင်ရာ လုပ်နေတာပဲ။ ငါ့ကိုလည်း ပွင့်ပွင့်လင်းလင်း မပြော ချင်ဘူး။ ဟိုတုန်းက မင်း ဒီလိုပုံစံမျိုး မဟုတ်ပါဘူး"





ခရစ္စ၏ စကားကြောင့် လော်ရာ ဒေါသ ဖြစ်ရပြန်သည်။ ထို့ကြောင့် သူမက စိတ်ပေါက်ပေါက်ဖြင့် အော်ပြောလိုက်သည်။

"ဒီမှာ မောင်။ မောင် ဒီစကားမျိုး ပြောတာ မောင့်အစား ကျွန်မ ရှက်မိတယ်။ တကယ်တော့ ကျွန်မက ပြဿနာရဲ့ အဖြေကို ရှာနေတာပါ။ ကျွန်မ ဘာကိုမှ အတိအကျ မဆုံးဖြတ်နိုင်သေးတာပါ"

"ကောင်းပါပြီ...ကောင်းပါပြီ။ မင်းပဲ ဆုံးဖြတ်ပါ။ မင်းပဲ အဖြေရှာပါ"

ဤသို့ဖြင့် တစ်ယောက်နှင့် တစ်ယောက် အချေအတင် စကားများခဲ့ ကြရပြန်သည်။

ယခု သူတို့ ရောက်ရှိနေသော နေရာမှာ ကာလီဖိုးနီးယား ပြည်နယ် အတွင်းမှ ရှုခင်း သာယာ၍ စိတ်ကြည်နူးစရာ ကောင်းသော နေရာတစ်နေရာ ဖြစ်သည်။ သူတို့ လင်မယား၏ ချစ်ပန်းကို အသစ်တစ်ဖန် ပြန်လည် ရှိက်ထုရန်အတွက် ခရစ္စက သည်နေရာကို တမင်တကာ ရွေးချယ်၍ လာ ရောက်ခြင်း ဖြစ်သည်။

သူတို့ အခန်း ဝရန်တာမှ ကြည့်လိုက်လျှင် ခပ်လှမ်းလှမ်းတွင် ကမ်းခြေ သဲသောင်ပြင်ကို မြင်နေရသည်။ ပစိဖိတ်သမုဒ္ဒရာ ရေမျက်နှာပြင် ပေါ်တွင် လှိုင်းအိကလေးများ တငြိမ့်ငြိမ့် တလိပ်လိပ်ဖြင့် ဆော့ကစား နေကြသည်။ ကောင်းကင်ပြာနှင့် ပင်လယ်ပြာတို့အား မိုးကုပ်စက်ဝိုင်းက တစ်သားတည်း ဆက်စပ်ထားသည်။ ဝဲယာနှစ်ဖက်တွင် နက်မှောင်သော ကျောက်တောင်ကြီးများက ပင်လယ်ပြင်သို့ တိုးထွက်နေကြသည်။

ရှုခင်းက စိတ်ကူးယဉ်စရာလည်း ကောင်းသည်။ ဖော်ကွာဝေးသူများ အတွက် ချစ်သူကို လွမ်းဆွေးတသစရာလည်း ကောင်းသည်၊ ခရစ္စက သည်ရှုခင်းကို ကြည့်ရင်း လော်ရာကို တသသ ဖြစ်လာမိသည်။ လော်ရာနှင့် ပျော်နေခဲ့ရသော နေ့ရက်များကို ဆွတ်ဆွတ်ပျံ့ပျံ့ ပြန်လည် သတိရမိသည်။

လော်ရာသည် ခရစ္စ၏ဘေးမှ ဆိုဖာကုလားထိုင်ရှည်ပေါ်တွင် လှဲအိပ် နေသည်။ ခရစ္စက သူမ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"ဒီမှာလော်ရာ...ဒီကလေးဟာ တို့နှစ်ယောက' အကြားကို ရောက် လာမယ်ဆိုရင်..."

“ရောက်လာမယ်ဆိုရင် မဟုတ်ဘူး။ ရောက်ကို ရောက်နေပြီ။ အဲဒီ သူ့ကို ကျွန်မတို့ ဘယ်လို စီစဉ်မလဲ”

“သူ့ကို ကျောင်းအပ်လိုက်မယ်”

“အဲဒီနောက်တော့ကော...”

“တစ်ချိန်မှာ တစ်ခုပဲ လုပ်စမ်းပါ”

“ကောင်းပြီလေ။ သူ့ကို ကျောင်းအပ်လိုက်ပါ။ အဲဒီတော့ ဘယ် ကျောင်းမှာ အပ်မလဲ”

“နယူးဟမ်းပ်ရှိုင်းယားပြည်နယ်က ဝိတ်ထ်ကျောင်းမှာ အပ်မယ်။ အဲ ဒီကျောင်းက အသေးစား ပုဂ္ဂလိက ကျောင်းတွေထဲမှာ အကောင်းဆုံး ကျောင်း ပဲ”

“ဒါဆို ကျောင်းပိတ်ရက်တွေမှာ ဘယ်လို လုပ်မလဲ”

“ကျောင်းပိတ်ရက်တွေမှာလည်း ကျောင်းမှာပဲနေတဲ့ ကျောင်းသား တွေ အများကြီး ရှိပါတယ်။ မိဘတွေက ဥရောပမှာ ရှိနေကြတော့ အိမ်မပြန် တော့ဘဲ ကျောင်းမှာ ဆက်နေကြပြီး စာလိုက်နိုင်အောင် ကျူရှင်ယူတဲ့လူများ ယူကြတယ်။ သူလည်း အဲဒီလိုပဲ လုပ်ရင်ရတာပေါ့”

“အဲဒီကျောင်းက မိဘမဲ့ကလေးတွေအတွက် တမင် ဖွင့်ထားတဲ့ ကျောင်းလား”

“မဟုတ်ပါဘူး”

“ဒါဆိုရင် သူက မိဘမဲ့ကလေး ဖြစ်နေမှာပေါ့။ ကျွန်မ တကယ် ပြောတာပါ မောင်။ ဒီကလေးကို ကျွန်မ ခေါ်လာခဲ့တာ တကယ် မှားတယ် ဖြစ်နိုင်ရင် ခုချက်ချင်းတောင် ပြန်ပို့လိုက်ချင်တော့တယ်”

“မင်းဟာ သိပ်ပြီး အတွေးလွန်နေပြီ လော်ရာ။ သူ ကိုရီးယားမှာ နေရင် ဘာဖြစ်မလဲဆိုတာ တွေးကြည့်စမ်းပါ။ ဘာပညာမှ တတ်မှာ မဟုတ် ဘူး။ လူရာလည်း ဝင်မှာ မဟုတ်ဘူး။ ဒီမှာဆိုရင် သူ့အနေနဲ့ ပညာ ကောင်း ကောင်း ရမယ်။ တော်ရင် တော်သလို အခြား အခွင့်အရေးတွေလည်း ရမယ်”

“ဒါပေမဲ့...ကိုယ့်အိမ်ကိုယ့်ရာနဲ့ မိဘကိုတော့ မရနိုင်ပါဘူး။”





ခရစ္စက ဒေါသစိတ်ကြောင့် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက် သည်။

“ကဲ...ဒီလိုဆို ကောင်းပြီ။ ငါ အားလုံးကို စွန့်လွှတ်လိုက်တော့မယ်။ ရွေးကောက်ပွဲ မဝင်တော့ဘူး။ တို့ တစ်နေရာ ပြောင်းရွှေ့ပြီး ဒီကလေးကိုပဲ ပြုစု စောင့်ရှောက်ကြမယ်။ ငါ့အနေနဲ့ ဘဝသစ် ထူထောင်နိုင်မယ့် လူမသိ သူမသိ နေရာသစ် တစ်ခုကို ပြောင်းကြမယ်”

“ကျွန်မ ဒီကလေးကို သူ့အမေဆီ အချိန်မရွေး ပြန်ပို့လို့ ရပါတယ်”

ခရစ္စက ထိုင်ရာမှ ထကာ ဝရန်တာလက်တန်းတွင် မှီ၍ ပင်လယ်ပြင် ကို ငေးကြည့်နေသည်။ ပင်လယ်ပြင်သည် ရေလှိုင်းတွန့်များဖြင့် တလက် လက် တောက်နေသည်။ သူက လော်ရာဘက်သို့ ပြန်လှည့်ကာ...

“ဟင့်အင်း...မင်း သူ့ကို ပြန်မပို့ရဘူး”

“ဘာဖြစ်လို့ မပို့ရမှာလဲ”

“သူ့ကို ခေါ်ချင်လို့ ခေါ်လာပြီးမှ ဘာဖြစ်လို့ ပြန်ပို့ရမှာလဲ။ ငါ့ဘက် က လုပ်သင့်တဲ့ အလုပ်ကို လုပ်ပြီးပြီ။ ငါဟာ ကလေးအဖေ ဖြစ်ကြောင်း လည်း တရားဝင် ကြေညာခဲ့ပြီးပြီ။ သူ့အတွက် ငါ့မှာ တာဝန် ရှိတယ်ဆိုတာ ငါ သိပါတယ်။ ဒါပေမဲ့ အဲဒီလို တာဝန်ရှိတဲ့အတွက် ငါ့ ရည်မှန်းချက်နဲ့ ငါ့ ဘဝကို စွန့်လွှတ်ရမယ်လို့ ငါ မယုံကြည်ဘူး။ ဒီမှာ လော်ရာ။ လူသား တစ်ယောက်အတွက် သက်သက်ကိုသာ ငါ မစဉ်းစားနိုင်ဘူး။ လူသား တစ်ယောက်အတွက် ငါ့ လုပ်ရပ်ကြီး တစ်ခုလုံးကို မစွန့်လွှတ်နိုင်ဘူး။ အဲဒီ လူသားဟာ မင်းနဲ့ ငါတို့ရဲ့ ရင်သွေး ဖြစ်နေရင်တောင်မှ ငါ မစွန့်လွှတ် နိုင်ဘူး။ မင်းက လိုအပ်တာထက်ပိုပြီး တောင်းဆိုနေတယ်လို့ ငါထင်တယ်”

သူက အားနှင့်မာန်နှင့် ပြောသည်။ သို့သော် လော်ရာကတော့ အေးအေးဆေးဆေးပင် တုံ့ပြန်သည်။

“ကျွန်မက ဘာမှမတောင်းဆိုပါဘူးမောင်။ ကျွန်မက မောင် ဘယ်လို လုပ်မလဲ ဆိုတာကိုပဲ သိချင်တာပါ။ အခု ကျွန်မ သိရပြီ။ ဒါပေမဲ့ ကျွန်မ စိတ်ပြောင်းသွားပြီ။ ဒီကလေးအကြောင်း ကျွန်မ ဘာမှမသိခဲ့ရင် သိပ်ကောင်း

မှာပဲ။ မောင့် လျှို့ဝှက်ချက်ကို မောင့်ရင်ထဲမှာ ထိန်းသိမ်းထားခဲ့ရင် သိ ကောင်းမှာပဲ။ ကျွန်မက အဲဒီလိုပဲ စိတ်ကူးမိတော့တယ်"

ထို့နောက်တွင်တော့ လော်ရာ ငြိမ်ကျသွားပြီး ရုတ်တရက် ငိုပါလေ တော့သည်။ ယခုလို လော်ရာက ဘယ်တုန်းကမှ မငိုခဲ့ဖူး... တရှုံ့ရှုံ့ငြ ရှိုက်ငိုနေသော ဇနီးသည်ကို ကြည့်ကာ ခရစ္စမှာ မနေတတ် မထိုင်တတ် ဖြစ်နေတော့သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက သူ လုပ်ခဲ့သော အလုပ် တစ်ခု၏ မကောင်းကျိုးကို ယခုမှသာ သူက လေးလေးနက်နက် ခံစားမိတော့ သည်။

သူက လော်ရာဆီသို့ ပျာယီးပျာယာ လျှောက်လာပြီး လော်ရာ တစ်ကိုယ်လုံးကို သိုင်းဖက်လိုက်သည်။ သူ့ရင်ထဲမှာတော့ အပ်နှင့်ဆွသလို ခံစား နေရလေသည်။

"ငါ့ကို ခွင့်လွှတ်ပါ လော်ရာ။ ငါ့ကို ခွင့်လွှတ်ပါ။ ငါ မှားခဲ့တာ ငါ သိပါပြီ လော်ရာ"

လော်ရာက မျက်နှာကို ဆတ်ခနဲ မော့ကာ ခရစ္စကို ကြည့်လိုက် သည်။ မျက်ရည်တွေက ပါးပြင်ပေါ်သို့ စီးကျလာကြသည်။

"ကျွန်မက မောင့်အကြောင်းကို တွေးနေတာ မဟုတ်ဘူး မောင် မောင့်ကို ကျွန်မ နားလည်ပြီးသားပါ။ အတိတ်က ဖြစ်ရပ်အတွက် မောင့်ကို ကျွန်မ အပြစ်လည်း မတင်လိုပါဘူး။ အဲဒီအကြောင်းကို တွေးလည်း မတွေး ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိစ္စ ဘယ်လိုဖြစ်ခဲ့တယ် ဆိုတာကို ကျွန်မ မသိတာဘဲ။ ကျွန်မက အဲဒီကိစ္စကို ဘယ်လိုမှလည်း သဘောမထား ပါဘူး။ တကယ်လို့ ဒီကလေးသာ မရှိခဲ့ဘူးဆိုရင် ကျွန်မက အဲဒီကိစ္စကို ရယ်တောင် ပစ်လိုက်ဦးမယ်။ ဒါပေမဲ့ အခုတော့ ကလေးက ရှိနေပြီ ဒီကလေးဟာ ကျွန်မတို့ အသက်ရှင်နေသမျှ ကျွန်မတို့နဲ့ ပတ်သက်နေမှာ သူ ဘာပဲဖြစ်ဖြစ် ကျွန်မတို့မှာ တာဝန်ရှိနေမှာပဲ"

လော်ရာက သူမ၏ ဦးခေါင်းကို ခရစ္စ၏ ပခုံးပေါ်တွင် မှီတင်ထား သည်။ ခရစ္စက လော်ရာ တစ်ကိုယ်လုံးကို တင်းကျပ်စွာ ဖက်ထားသည်။ အကြာကြီး ဖက်ထားသည်။





သူ ဘာစကားမှ မပြောတတ်တော့။ ပြောစရာလည်း ဘာစကားမှ မရှိတော့။ သူ့သားကလေးသည် သူတို့ထံသို့ ရောက်လာခဲ့ပြီ မဟုတ်ပါလား။

*

နောက်ဆုံးတော့ သူတို့ လင်မယား အိမ်သို့ ပြန်ရောက် လာခဲ့ကြသည်။ အချိန်က သန်းခေါင်အချိန်မို့ တစ်အိမ်လုံး တိတ်ဆိတ်လျက်ရှိသည်။

ခရစ္စသည် တက္ကစီကားခ ရှင်း၍ ပစ္စည်းတွေ သယ်ချနေသည်။ လော်ရာ တစ်ယောက်တည်း အိမ်ထဲသို့ ဝင်လာခဲ့သည်။ သူမသည် တံခါးဝမှ မီးလုံးကို ဖွင့်ကာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ တစ်အိမ်လုံး သန့်ရှင်း ပြောင်လက်နေသည်။ ဂရီတာက အခန်းကို မှန်မှန် တိုက်ချွတ် သန့်ရှင်း ထားကြောင်း သိသာသည်။ သို့ပေမဲ့ အခန်းထဲတွင် ပန်းတော့ လုံးဝ မရှိ။

ခရစ္စက လော်ရာအား ဘယ်နေ့ အိမ်သို့ ပြန်မည်ဆိုတာကို မပြောခဲ့။ ယင်းသို့ မပြောခဲ့သည်မှာ ဘယ်နေ့ ပြန်မည်ဆိုတာကို ခရစ္စကိုယ်တိုင်လည်း ဆုံးဖြတ်ရသေးသောကြောင့်ပင် ဖြစ်သည်။

တကယ်တော့ ယနေ့မနက် ဗိတ်ထိ အထက်တန်းကျောင်းတွင် ခရစ္စတိုဖာကလေးကို ကျောင်းအိပ်ကျောင်းစား အပ်ပြီးတော့မှသာ ရုတ် တရက် ဆုံးဖြတ်ချက်ချကာ လေယာဉ်ပျံကလေး တစ်စင်း ငှားပြီး အိမ်သို့ ပြန်လာခဲ့ကြခြင်း ဖြစ်သည်။

လော်ရာသည် ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး ဦးထုပ်နှင့် လက် အိတ်များကို ချွတ်ထားလိုက်သည်။

သည်အိမ်ကြီးသည် သူမ၏အိမ်။ သူမ ပိုင်သောအိမ်။ ယခု သူမသည် ကိုယ့်အိမ်သို့ ပြန်ရောက်လာခဲ့ပြီ။ သို့သော် စိတ်ထဲတွင်ကား ပျော်ရွှင် မ်းသာခြင်း တစ်စက်ကလေးမျှ မဖြစ်မိ။ သူမသည် ထူးထူးဆန်းဆန်း

ဝမ်းနည်းနေမိသည်။ ခရစ္စတိုဖာကလေးကို အောက်မေ့နေမိသည်။ သည်လို ဖြစ်လိမ့်မည်ဟု အစတုန်းက သူမ လုံးဝ မထင်မိခဲ့။ ယခုတော့ သူမ တခု ထဲသို့ သည်ကလေး ဝင်ရောက် လာခဲ့ပြီ။ တာဝန်တစ်ရပ်အဖြစ် ဝင်ရောက် လာခြင်း မဟုတ်။ မိမိနှင့်သူ လူသားတစ်ယောက်အဖြစ် ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဟုတ်ပါသည်။ သည်ကလေး ကိစ္စတွင် သူမလည်း ဝင်ရောက် ပတ်သက်နေပါပြီ။

တံခါးဝမှ ခရစ္စ ခြေသံကို ကြားရသည်။ တံခါး ပြန်ပိတ်သံ ကြားရ သည်။ အခန်းထဲသို့ ခရစ္စ ဝင်လာသည်။

"အိမ်ပြန်ရောက်လာတာ သိပ်ကောင်းတာပဲ လော်ရာ။ မင်း အိမ်ပြန် ရောက်လာတာ ငါ သိပ်ဝမ်းသာတယ်။ အိမ်တစ်အိမ်မှာ အိမ်ရှင်မ မရှိရင် သိပ်ဆိုးတာပဲ"

ပြီးတော့ သူက လော်ရာ၏ မေးကို လက်ဖြင့် အသာမကာ နမ်းသည်။ လော်ရာကလည်း လိုလိုချင်ချင် တုံ့ပြန်ခံစားသည်။

သည်ကိစ္စတွင် သူမ တစ်ယောက်တည်း လုပ်၍ မဖြစ်နိုင်ဆိုသည်ကို လော်ရာက ကောင်းကောင်း သိသည်။ ခရစ္စ မရှိလျှင် သူမ မနေနိုင်။ ခရစ္စ မမုန်းနိုင်။ ခရစ္စတိုဖာကလေး ကိစ္စအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လို လုပ်ရမည်ဆိုတာကိုလည်း သူမအနေဖြင့် အတိအကျ မပြောတတ်။ မဆို ကလည်း ဘာလုပ်ရမည်ဆိုတာကို အတိအကျ မပြောတတ်။ သို့သော် ကလေးအပေါ်တွင် ဖခင်တစ်ယောက်အဖြစ် ဆက်ဆံပုံကိုတော့ သူမ ကျေနပ် မိသည်။ ခရစ္စက ကလေးအပေါ်တွင် ထားရှိသော သူ့စေတနာ သူ့မေတ္တာ ပါးစပ်ဖြင့် ထုတ်ဖော်၍ မပြောသော်လည်း အမူအရာဖြင့်တော့ ပြသပါ၏။ သူ့မေတ္တာ၊ သူ့စေတနာ မပါဘဲနှင့် သည်ကလေး၏ အနာဂတ်ကို မပြောင်မြှုံးနိုင် ဆိုသည်ကို သူက ကောင်းစွာ သဘောပေါက်ထားပုံ အရိပ်လက္ခဏာများကိုတော့ အထင်အရှား မြင်တွေ့ရသည်။ သားအမိ နှစ်ယောက် ရယ်ရယ်ပြုံးပြုံးဖြင့် ပြောဆို ဆက်ဆံကြသည်ကို ကြည့်ရင်း လော်ရာက ကျိတ်ပြီး ပီတိဖြစ်မိသည်။





"ဒါက ဘာလဲ...မေမေ"

"ဒါကိုရော ဘယ်လို ခေါ်သလဲ...မေမေ"

ခရစ္စတိုဖာကလေးက တွေ့ရာမြင်ရာကို မနားတမ်း လျှောက်မေး သည်။ အစား အသောက်။ ယာဉ်။ စကားလုံး။ အရာဝတ္ထုနှင့် အဆောက်အအုံ တွေ့သမျှ လျှောက်မေးသောအခါ ဖခင်ဖြစ်သူက စိတ်ရှည်စွာ ပြန်ဖြေသည်။

သူတို့သည် ဝိတ်ထ် အထက်တန်း ကျောင်းတွင် တစ်ရက် တည်းခို ပြီး ခရစ္စတိုဖာကလေးအတွက် အဝတ်အစားတွေ ဝယ်ကြသည်။ ကျောင်း အုပ်ကြီး ဒေါက်တာ ဂျိမ်း ဘားလက်နှင့် တွေ့ဆုံပြီး အင်္ဂလိပ်စာပြ အထူး ကျူရှင်ဆရာ ငှားရေးအတွက် ဆွေးနွေး တိုင်ပင်ကြသည်။ ခရစ္စတိုဖာနှင့် တစ်ခန်းတည်း နေရမည့် ကျောင်းသားကလေးနှင့် တွေ့ဆုံကာ တရင်းတနှီး စကားပြောကြသည်။ ထိုကလေးမှာ နယူးယောက်မှဖြစ်ပြီး သူ့မိဘများက ကွာရှင်းပြတ်စဲထားကြပြီး ဖြစ်သည်။

"ကောင်လေးက တော်တော် သဘောကျစရာ ကောင်းပါတယ်"

သူတို့ ပြန်ခါနီးတွင် ဒေါက်တာဘားလက်က ခရစ္စတိုဖာကလေး အကြောင်းကို ယင်းသို့ မှတ်ချက်ချလိုက်သည်။

ကျောင်းအုပ်ကြီးက အနည်းငယ် စိတ်ဆက်ပုံ ရသော်လည်း စိတ်ကောင်းတော့ ရှိပုံရသည်။ သူက ခရစ္စတိုဖာကလေးနှင့် ခရစ္စတို့ ရုပ်ချင်း ဆင်သည်ကို သတိပြုမိကောင်း ပြုမိလိမ့်မည်။ သို့သော် သည်ကိစ္စနှင့် ပတ်သက်၍ ဘာတစ်ခွန်းမှ မေးမြန်း စုံစမ်းခြင်း မပြု။ လော်ရာ ရှင်းပြသည် ကိုလည်း သူက မထူးဆန်းသလိုပင် နားထောင်သည်။ သူမ ကိုရီးယားသို့ ရောက်ရင်း သည်ကလေးကို တွေ့သဖြင့် ခေါ်ယူလာခဲ့ကြောင်း။ သူတို့ လင်မယားအား မိဘအရင်းသဖွယ် သဘောထားရန် သူမက ကလေးအား ပြောပြထားကြောင်း။ သူတို့ လင်မယားတွင် သားသမီး မရှိ၍ ကျောင်းအိပ် ကျောင်းစား ထားလျှင် ကလေးအနေဖြင့် အင်္ဂလိပ်စာ ပို၍ တက်လာနိုင် ကြောင်း လော်ရာက ပြောပြသည်။

လော်ရာ ပြောပြချက်ကို ဒေါက်တာဘားလက်ကလည်း သဘောတူ လက်ခံသည်။

"ဟုတ်ပါတယ်။ အဲဒါ အကောင်းဆုံးပါပဲ။ နှစ်မကုန်ခင် ကောင်းကောင်း တတ်သွားမှာပါ။ အခု ကျုပ် ကျောင်းမှာ ဘရာဇီးလ်က ကလေး တစ်ယောက် ရှိတယ်။ ရောက်လာခါစက အင်္ဂလိပ်စကား တစ်လုံးမှ မပြော တတ်ဘူး။ အခု သူ့အခြေအနေကို တွေ့ရရင် ခင်ဗျားတို့ အံ့ဩ သွားကြလိမ့် မယ်"

သူက နောက်ဘက်သို့ လှမ်းခေါ်လိုက်သည်။ အသားညိုညို မျက်လုံး ပြာပြာနှင့် ကလေးတစ်ယောက် သူ့ရှေ့သို့ အပြေးကလေး ရောက်လာသည်။ ကလေး၏ မျက်နှာသည် ပြုံးရွှင်နေသည်။

ဒေါက်တာဘားလက်က ကလေး၏ ကောက်ခွေခွေ ဆံပင်နက်များ ကို လက်ဖြင့် ထိုးဖွရင်း...

"မင်း အင်္ဂလိပ်စာ အတတ်မြန်တဲ့ အကြောင်း ငါက ပြောပြနေတယ်။ အဲဒီတော့ ပေဘာဒီက ခရစ္စတိုဖာကို စိတ်ခတ်မကျအောင် မင်းက ကူညီ ရမယ်...ဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော် ကူညီပါ့မယ်။ စိတ်ချပါ ခင်ဗျား"

ကလေးက အင်္ဂလိပ်လို သွက်လက်ချက်ချာစွာ ပြောသည်။

ထို့နောက် သူက ခရစ္စတိုဖာ၏ လက်မောင်းကို ဆုပ်ကိုင်ကာ အပြင် သို့ ခေါ်ထုတ်သွားသည်။ ခဏအကြာတွင် သူတို့နှစ်ယောက်သား အားကစား ကွင်းထဲတွင် ဘောစ်ဘော ကစားနေကြသည်ကို မြင်တွေ့ကြရသည်။

သို့ပေမဲ့...လော်ရာတို့ လင်မယားအဖို့ သည်နေ့မနက်တွင် အကော်အ ကလေးတွေတော့ တွေ့ရသေးသည်။

သူ့ကို ကျောင်းတွင် ထားပစ်ခဲ့ပြီး လော်ရာတို့ လင်မယား ပြန်သွား ကြမည်ကို တွေးပြီး ခရစ္စတိုဖာက စိတ်မကောင်း ဖြစ်နေသည်။

သူတို့လင်မယား ကျောင်းဝင်းထဲမှ ထွက်ခွာနီးတွင် ခရစ္စတိုဖာက သူလည်း ပြန်လိုက်မည်ဟု အတင်း တွယ်ကပ် နေတော့သည်။

သို့ဖြင့် လော်ရာက ချော့မော့ ဖျောင်းဖျရသည်။

"ကလေးက ပြန်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲကွယ်။ ကျောင်းမှာနေ





စာတတ်တော့မှာပေါ့။ နေရစ်ခဲ့ပါ ကလေးရယ်။ အန်တီတို့လည်း ခဏခဏ လာလည်မှာပဲဟာ။ ပြီးတော့...ဒီမှာ အဖော် ကျောင်းသားလေးတွေလည်း အများကြီး ရှိတာပဲ မဟုတ်လား"

ခရစ္စတိုဖာကလေးက လော်ရာ၏ မျက်နှာကို အံ့ဩစွာဖြင့် မော့ကြည့် သည်။ ပြီးတော့ သူမ၏ လက်ကို ဆုပ်ကိုင်ကာ အတင်း တွယ်ကပ်နေသည်။

"ကျွန်တော် မနေချင်ဘူး။ ပြန်လိုက်မယ်"

ဤတွင် ခရစ္စမှာ မလွှဲမရှောင်သာ၍ ဝင်ပြောရတော့သည်။

"တို့ ပြန်လာဦးမှာပါ ကလေးရယ်။ ခဏ ခဏ လာမှာပါ။ နေရစ်ပါ နော်။ ကလေးက လိမ္မာပါတယ်ကွယ်"

ခရစ္စတိုဖာကလေးက လော်ရာ၏ လက်ကို ပြန်ဖြုတ်ပြီး ဖခင် ဖြစ်သူ ၏ လက်မောင်းကို သူ့လက်နှစ်ဖက်ဖြင့် တင်းတင်း ဆုပ်ကိုင်လိုက်ပြန်သည်။ သို့သော် ဘာစကားမှတော့ မပြော။ သူ့မျက်နှာကလေးက တောင်းပန်နေ သည့် ဟန်ဖြင့်။ မျက်လုံး အစုံတွင်လည်း မျက်ရည်တွေ ရွှန်းလျက်...။

"မောင်..."

လော်ရာက ပြောသည်။

"ဒီအဖြစ်ကို ကျွန်မ ကြည့်မနေနိုင်တော့ဘူး။ ကျွန်မ ရင်ထဲမှာ မခံနိုင် တော့ဘူး။ သူ့ခမျာ အခုမှ မိစုံဖစုံနဲ့ နေရသေးတာ။ အခုပဲ ပြန်ခွဲရမယ်ဆိုတော့ ခံနည်းရှာမှာပေါ့။ အဲဒါ ဘယ်လို လုပ်ကြမှာလဲ။ ပြန်ပြီး စဉ်းစားကြည့် ပါဦး...မောင်"

"ကိစ္စမရှိပါဘူး၊ ပြန်မှာသာ ပြန်ကြပါ"

ဒေါက်တာဘားလက်က ဝင်ပြောသည်။

"ကျုပ် ကြည့်ပြီး ပြောပြပါ့မယ်။ သူ့အနေနဲ့ တစ်ရက်နှစ်ရက်တော့ ခံစားရမှာပေါ့။ နောက်တော့လည်း နေသားကျသွားပါလိမ့်မယ်"

နောက်ဆုံးတော့ သူတို့လင်မယား ခရစ္စတိုဖာကလေးအား ဒေါက် တာဘားလက်၏ ရင်ခွင်ထဲ ထိုးအပ်ကာ နောက်လှည့်ပြီး ကျောင်းဝင်း ထဲမှ ခပ်မြန်မြန်ကလေး ထွက်လာခဲ့ကြပါတော့သည်။

ယခုတော့ လော်ရာသည် လူသူ မရှိသော ဧည့်ခန်းကြီးထဲ ပြန်ရောက်နေပြီ။ အခန်းထဲတွင် ပန်းအိုးတွေလည်း မရှိ။

သူမသည် ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်သည်။ ပြီးတော့ လှေကားရင်းသို့ လျှောက်လာသည်။ ခရေ့စ္စက မီးဖွင့်သည်အထိ ရပ်စောင့်နေသည်။

ခရေ့စ္စက သူမ အနားသို့ လျှောက်လာပြီး သူမ ပခုံးကို သိုင်းဖက်လိုက်သည်။ ပြီးတော့ နှစ်ယောက်သား လှေကားအတိုင်း တက်လာခဲ့ကြသည်။

"ကျွန်မ ကလေးကို အောက်မေ့နေသလိုပဲ…မောင်"

"တစ်ရက် နှစ်ရက်ဆို အောက်မေ့ ပြေသွားမှာပါကွယ်"

"ကလေးက သိပ်ငယ်သေးတယ်…မောင်"

"ထားလိုက်စမ်းပါကွယ်"

"ဟုတ်…ဟုတ်ကဲ့…။ ဟုတ်ကဲ့…"

လော်ရာက သက်ပြင်း မှုတ်ထုတ်လိုက်သည်။

တကယ်တော့ သည်အကြောင်းကို သူမ မေ့ပစ်ရမည်။ ဒါကို သူမ သဘောပေါက်သည်။ သို့သော် ဘယ်တော့မှ မေ့၍ ရနိုင်မည် မဟုတ်။ ဒါကိုလည်း သူမ နားလည်ပါသည်။

ဘာပဲဖြစ်ဖြစ် လောလောဆယ်တွင် သူမအနေဖြင့် ခင်ပွန်းသည်၏ အကြောင်းကိုသာ အလေးထား၍ စဉ်းစားရမည် ဖြစ်သည်။ သို့သော် သူမ မစဉ်းစားနိုင်။ သူ့ကို ယခင်ကလို စိတ်ရောကိုယ်ပါ မချစ်နိုင်တော့။ ချစ်၍ မရတော့။

ချစ်၍ မရသော်လည်း ချစ်နိုင်အောင်တော့ ကြိုးစားရမည်သာ။ ရွေးကောက်ပွဲ အောင်နိုင်သွားပြီးသည့်နောက်တွင် အခြေအနေ တစ်မျိုး ပြောင်းလာနိုင်သည်။ အခြေအနေ ကောင်းလာနိုင်သည်။ ယင်းအချိန်အထိ တော့ စောင့်ကြည့်ရလိမ့်မည်။

လောလောဆယ်တွင်တော့ သူမအနေဖြင့် ဇနီးမယားကောင်း





တစ်ယောက်အဖြစ် သူ့ကို ပြုစုရမည်။ သူ့လုပ်ငန်း အောင်မြင်ရေးအတွက် အစွမ်းကုန် ကူညီရလိမ့်မည်။

ဒါက သူ့အနေဖြင့် မလုပ်မဖြစ်သော အလုပ်။ လုပ်ကို လုပ်ရမည့် အလုပ်…။

သည်အချက်ကို လော်ရာ ကောင်းစွာ သဘောပေါက်ပါသည်။

*

လော်ရာတို့လင်မယား ပြန်ထွက်သွားကြပြီ။ ခရေ့စ္စတိုဖာက ရပ်ကြည့် ကျန်ရစ်သည်။ သူ့မျက်စိကို သူ မယုံနိုင်အောင် ဖြစ်မိသည်။

သူက သူတို့လင်မယားကို အားကိုးသည်။ သူ့ကို သူတို့ လင်မယား ပိုင်သည်။ သူ့ ကံကြမ္မာသည် သူတို့လင်မယား လက်ထဲတွင် ရှိသည်။ သူက ယင်းသို့ပင် တွေးမိသည်။

သို့သော် ယခုတော့ သူတို့လင်မယား ပြန်သွားကြပြီ။ သူ့ကို တစ်စိမ်းတွေ လက်ထဲ အပ်ထားခဲ့ပြီး သူတို့ ပြန်သွားကြပြီ။ ဘယ်လိုမှ မယုံနိုင်စရာကြီးပါလား။ ယုံယုံ မယုံယုံ သူတို့ ပြန်သွားကြတာကတော့ တကယ့် အဖြစ်မှန် ပါပဲ။

သူတို့နှစ်ယောက် အငှားကားပေါ် တက်ကြသည်။ သူ လှမ်းမြင်နေရသည်။

ပြေးလိုက်သွားချင်စိတ် ဖြစ်ပေါ်လာသည်။ သို့သော် ပြေးလို့မရ။

ပြုတ်တူကြီးလို ညှစ်အားကောင်းသော လက်ကြီးက သူ့လက်မောင်းကို တအား ဆုပ်ကိုင်ထားသည်။

"ငြိမ်ငြိမ်နေစမ်းပါ ခရေ့စ္စတိုဖာ"

သူ့လက်ကို ဆုပ်ကိုင်ထားသော လူကြီးက ခပ်တည်တည် မျက်မြင် ပြောသည်။

ထိုလူကြီး၏ နာမည်မှာ ဒေါက်တာ ဘားလက် ဖြစ်ကြောင်း သူ သိသည်။ ထိုလူကြီးသည် မည်သူမည်ဝါ ဖြစ်သည်ဆိုတာကိုတော့ သူမသိ။

ဒေါက်တာ ဘားလက်သည် အရပ်ရှည်ရှည်နှင့် ပိန်ပိန်ပါးပါး ဖြစ်သည်။ သူ့အရွယ်က သိပ်မကြီးသေး။ သို့သော် လူငယ် တစ်ယောက်တော့ မဟုတ်။ အနည်းဆုံး လေးဆယ်ကျော် ငါးဆယ်နီးပါးခန့်ရှိမည် ထင်ရသည်။ သူ့ရုပ်ကို ကြည့်ရသည်မှာ အကြင်နာတရား ရှိပုံရသည်။ မစ္စတာချီလည်း သူ့လိုပင် အကြင်နာတရား ရှိပုံရသည်။ သို့သော် မစ္စတာချီက အတိတ် ကာလတွင် ကျန်ခဲ့ပြီ။ တခြား ပုဂ္ဂိုလ်တွေလည်း မစ္စတာချီလိုပင် အတိတ် ကာလတွင် ကျန်ခဲ့ကြပြီ။

မေမေ့ကို သွား၍ သတိရမိသည်။ ပြီးတော့... ဘွားဘွားမျက်နှာကို မြင်ယောင်လာသည်။

"သွား...သွား...ဆယ်ခါသွား။ နင့်အဖေ အမေရိကန်ဆီ မြန်မြန်လိုက် သွား.."

ဘွားဘွားက ယင်းသို့ပြောကာ သူ့ကို အိမ်ထဲက မောင်းထုတ်သည်။ သည်လို မောင်းထုတ်ပေမဲ့ သူက စိတ်မဆိုး။ ဝမ်းပင်သာ လိုက်သေးသည်။

ဘွားဘွားက သူ့ကျောပြင်ကို အကြိမ်ပေါင်းများစွာ ဖြောတီးခဲ့သည်။

"ဟော့...တိရစ္ဆာန်ကလေး။ ဆို့...အပင်းဆို့...ဝအောင်ဆို့။ ပါးစပ်က ချေးအန်အောင် ဆို့စမ်း..."

အစားတစ်လုတ်စားတိုင်း ဘွားဘွားက သူ့အား ယင်းသို့ပင် ကျိန်ဆဲ ကျေးခဲ့သည်။

မေမေ...မေမေက အလွန် လှသည်။ အလွန် ချောသည်။ သို့သော် လူရှေ့သူရှေ့တွင် သူက မေမေလို့ မခေါ်ရ။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်မေမေနှင့် ကိုယ့်ဘွားဘွားရှိသော စာတိုနိုင်ငံ ကို စွန့်ခွာပြီး တစိမ်းနိုင်ငံသို့ ထွက်ခွာလာခဲ့သည်မှာ သူ့အဖို့ မှန်ကန်သော





လုပ်ရပ် ဖြစ်နိုင်ပါ့မလား။ ယင်းနိုင်ငံမှာက သူ့ကို လူတိုင်း နားလည်ကြ သည်။ သူကလည်း လူတိုင်းကို နားလည်သည်။

သူ တော်တော် စိတ်ဓာတ်ကျသွားသည်။ ခွန်အားတွေ...သတ္တိတွေ ကုန်ခန်းသွားသည်။

သူ့အား အမေရိကန်ကလေး... နိုင်ငံခြားသားကလေး... မျက်လုံးပြူး ကလေး...ဟု လှောင်ပြောင် ခေါ်ဝေါ်ခဲ့သော ကိုရီးယားကလေးတွေကို ပြန်ချ တက်သော သတ္တိ။ သူ့ကို မချစ်သော သူ့မေမေအား ပြန်ချစ်နိုင်သော သတ္တိ...။ သူချစ်သော ပုဂ္ဂိုလ်များ။ သူချစ်သော အမိနိုင်ငံကို စွန့်ခွာပြီး သူ့ ဖေဖေ၏ ဇနီးဆိုသော လူဖြူ အမျိုးသမီး တစ်ယောက်ကို အားကိုးယုံကြည် ကာ တစိမ်း နိုင်ငံသို့ပင် လိုက်လာနိုင်ခဲ့သော သတ္တိ။ ယခုအချိန်တွင် ယင်း သတ္တိတွေ အားလုံး သူ့စိတ် သူ့ကိုယ်မှာ ဖဲ့ခွာလွင့်ပျောက်သွားကြပြီ။

သူ့ဖေဖေကို တွေ့ရတော့ သူ အားတက်မိခဲ့သည်။ ငါ့ဘဝ လုံခြုံပြီ။ ငါ့နောင်ရေး အေးပြီဟု ထင်မှတ်မိခဲ့သည်။

သို့သော် ယခုမှု သူ အားလျော့သွားပြီ။ သူ့ဘဝ မလုံခြုံ။ သူ့နောင်ရေး မအေး။ သူသည် အထီးကျန် တစ်ယောက် ဘဝသို့ ပြန်ရောက်သွားသည်။

သူသည် လော်ရာတို့ လင်မယားထံမှ မျက်နှာလွှဲပြီး သူ့လက်ကို ဆုပ်ကိုင်ထားသော အရပ်ရှည်ရှည် ပုဂ္ဂိုလ်ကြီးအား အားကိုးတကြီးဖြင့် မှီကပ် ထားလိုက်သည်။

ပြီးတော့ သူသည် ဝမ်းပန်းတနည်းဖြင့် ရှိုက်၍ ရှိုက်၍ ငိုချလိုက် သည်။ သူ့တစ်ကိုယ်လုံး သိမ့်သိမ့် တုန်နေသည်။ သူ့အသည်းတွေ အစိတ် စိတ် အမြွှာမြွှာ ကွဲထွက်ကုန်ပြီ။

သူက ငိုရှိုက်ရင်းမှပင် ကိုရီးယားလို စကားတွေ တတွတ်တွတ် ပြော နေသည်။ သူ့စကားကို ဘယ်သူမှ နားလည်မည် မဟုတ်။

"ကျွန်တော့်ကို သူတို့ ပစ်သွားကြပြီ...ကျွန်တော့်ကို ပစ်သွားကြပြီ..."

သူက ငိုရှိုက်ရင်း ပြောသည်။

ဒေါက်တာ ဘားလက်က ကိုယ်ကိုကိုင်းကာ သူ့ကို ပွေ့ဖက်လိုက်

သည်။ တကယ်တော့ သူ့စကားကို ဒေါက်တာဘားလက် တစ်လုံးမှ နား မလည်။ သို့ပေမဲ့ ကလေးငယ်၏ ခံစားချက်ကို သူ နားလည်သည်။

လူတွေက သူ့ထံသို့ ကလေးတွေ ခေါ်လာကြသည်။ ပြီးတော့ သူ့ ထံတွင် ထားပစ်ခဲ့ပြီး ပြန်သွားကြသည်။ သူတို့သည်လို ဘာကြောင့် လုပ်ကြ သည်ကို သူမသိ။ သူ့ထံသို့ ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြတာကိုပဲ သူသိသည်။ သည်ကလေးတွေအတွက် သူက တစ်ခုခု လုပ်ပေးရမည် ဆိုတာလောက်ကိုပဲ သူသိသည်။

သူက ကလေးတွေကို ကျွေးမွေးရမည်။ နေရာထိုင်ခင်း ပေးရမည်။ စာသင်ပေးရမည်။

ယင်း လုပ်ငန်းများအတွက် သူ့ကို ကူညီရန် ဆရာတွေ ရှိထား သည်။ ဆရာတွေအနေနှင့် အကြင်နာတရား ရှိရမည်။ အမှန်ကို ပြောရမည် ဟု သူက တင်းကျပ်သော စည်းကမ်း ထုတ်ထားသည်။

"လာပါ...ဧရှူတိုဖာ။ လာပါ ကလေးရယ်။ မငိုပါနဲ့တော့ကွယ်"

သူ ကလေး၏ ခေါင်းကို တယုတယ ပွတ်သပ်ကာ ပြောသည်။

"သူတို့ ပြန်လာဦးမှာပဲ။ ဒီလိုပဲ တခြား မိဘတွေလည်း မကြာ မကြာ ပြန်လာကြတာပဲ။ ဒီမှာ မင်း ပျော်သွားမှာပါ။ မင်းလိုပဲ တခြား ကလေးတွေ အများကြီး ရှိပါတယ်။ နောက် တစ်ရက် နှစ်ရက်ဆိုရင် မင်း ပျော်သွားပါ လိမ့်မယ်။ ကဲ...လာ မင်း သိပ်ဆာနေပြီ။ တစ်ခုခု စားလိုက်ပါဦး"

ဤသည်ကား ငိုနေသော ကလေးတစ်ယောက်အား ဒေါက်တာ ဘားလက်၏ လက်ကသုံး အချော့စကား။

ငိုနေသော ကလေးအား စားစရာတစ်ခုခု ကျွေးမည်။ တခြားကလေး တွေနှင့် ကစားနိုင်မည်။ ဒါမှမဟုတ် စကား ပြောနိုင်မည်။

သူက ဧရှူတိုဖာအား ရောမ စားသောက်ဆောင်ကြီး တစ်ခုထဲသို့ ခေါ်လာခဲ့သည်။ စားသောက်ဆောင် တာဝန်ခံက စားဖိုမှူး မစ္စက် ဘက် တယ်။ မစ္စက်ဘက်တယ်သည် အချက်အပြုတ် အလွန်တော်သည်။ ဘယ် ကလေး အတွက် ဘာချက်ပေးရမည် ဆိုတာကိုလည်း ကောင်းကောင်း နားလည်သည်။





သူတို့ရောက်သွားချိန်တွင် မစ္စက်ဘက်တယ်သည် စားပွဲတွင်ထိုင်၍ ကော်ဖီသောက် နေသည်။

"ဟောဒီမှာ ကျောင်းသားသစ် တစ်ယောက် ရောက်လာပြန်ပြီ မစ္စက် ဘက်တယ်။ လူကြီးတွေ ပြန်သွားတော့ သူက ငိုကျန်ရစ်တယ်။ အဲဒါ ကြည့်ပြီး ချော့စမ်းပါဦး။ သူက အင်္ဂလိပ်စကားတော့ သိပ်မပြောတတ်သေး ဘူး။ အခုမှ ကိုရီးယားက ရောက်လာတာ...။ မစ္စတာ ဧရှူဝင်းတားတို့ လင်မယားက သူ့ကို ခေါ်လာတယ်။ သူတို့က ဗီလာဒေးလ်ဖီးယားမှာ နေကြတာ။ ဒါပေမဲ့ ကလေးကိုတော့ ကျုပ်တို့ဆီမှာပဲ ထားမယ်တဲ့။ နောက် ကြောင်း ရာဇဝင်တော့ ရှိမှာပေါ့။ အဲလေ... ဒီကိုရောက်လာတဲ့ ကလေးတိုင်း မှာ နောက်ကြောင်းရာဇဝင် ရှိကြတာပဲ မဟုတ်လား။ ကိုင်း... သူ တော်တော် ဆာနေရှာမယ်။ တစ်ခုခု ကျွေးစမ်းပါဦး။ သူ့နာမည်က ဧရှူတိုဖာတဲ့"

"အတော်ပဲ ဆရာကြီး။ ကျွန်မ ခုတင်ကပဲ သကြားကိတ်မုန့်တွေ လုပ်ထားတယ်။ သူ့ကို ထားခဲ့ပါဆရာကြီး။ ကျွန်မ ကြည့်ကျွေးလိုက်ပါ့မယ်"

သူမက စားပွဲနားသို့ ကုလားထိုင်တစ်လုံး ဆွဲယူလိုက်သည်။ ပြီးတော့ ကော်ဖီ တစ်ခွက် ထပ်ထည့်သည်။ ပန်းကန်ပြားထဲတွင် သကြားကိတ်မုန့် ထည့်သည်။

"ထိုင်ပါ...ဧရှူတိုဖာ"

ဧရှူတိုဖာက ဝင်ထိုင်သည်။ ပါးပြင်ပေါ်မှ မျက်ရည်များကို လက်ခုံ ဖြင့် သုတ်ပစ်လိုက်သည်။

ဒေါက်တာဘားလက် ပြန်ထွက်သွားသည်။ မစ္စက်ဘက်တယ်က ဧရှူတိုဖာအား ပြုံး၍ကြည့်နေသည်။

နှစ်ယောက်သား ဘာစကားမှ မပြောကြ။ ကလေးက အင်္ဂလိပ်စကား မပြောတတ်တော့လည်း ဘာပြောနေစရာ လိုသေးသလဲဟု မစ္စက်ဘက်တယ် က တွေးမိသည်။

သူမက ပန်းကန်ပြားထဲသို့ မုန့်တွေ ထပ်ထည့်ပေးသည်။ ဧရှူတိုဖာ သည် ဆာဆာဖြင့် အားရပါးရ စားနေသည်။ ကော်ဖီက ပူလည်းပူသည်။ ချိုလည်းချိုသည်။ သူ တော်တော်ကြိုက်ပုံရသည်။

သူ့မျက်နှာတွင် မျက်ရည် မရှိတော့။ သူ နေသာထိုင်သာ ရှိသွားပြီ၊ စိတ်ငြိမ်သွားပြီ။ အိပ်ချင်စိတ်ပင် ပေါ်လာသည်။

မစ္စက်ဘက်တယ်က ထိုင်ရာမှ ထရပ်လိုက်ပြီး…

"ကဲ…ဆိုဖာပေါ်မှာ လှဲလိုက်ပါလား လူကလေး။ အန်တီကြီးက စောင်ခြုံပေးမယ်နော်။ တစ်မှေးလောက် အိပ်လိုက်ပါ…ဟုတ်လား။ နိုးလာတော့ အများကြီး လန်းသွားလိမ့်မယ် သားရဲ့"

ခရစ္စတိုဖာက မစ္စက်ဘက်တယ် ပြောသော စကားလုံးတိုင်းကို နားမလည်။ သို့သော် သူမ ဘာဆိုလိုသည် ဆိုတာကိုတော့ ကောင်းမွာ သဘောပေါက်သည်။

သို့ဖြင့်…သူက စားပွဲမှထသွားပြီး ဆိုဖာပေါ် လှဲအိပ်လိုက်သည်။

မစ္စက်ဘက်တယ်က သူ့ ကိုယ်ပေါ်တွင် ရောင်စုံကွက်ကျား စောင် ဟောင်းကြီး တစ်ထည်ခြုံပေးသည်။

ခရီးဝေးမှ လာခဲ့ရခြင်း။ စိတ်ထဲတွင် တငွေ့ငွေ့ လွမ်းဆွေးနေခြင်း တို့ကြောင့် မိနစ် အနည်းငယ်အတွင်း သူ အိပ်ပျော်သွားတော့သည်။

*

ဝေးလံလှစွာသော ကိုရီးယားနိုင်ငံမှ ပန်းရိပ်သာတွင်တော့ ဆွန်ယာသည် သူမ၏ အဝတ်အစားနှင့် အသုံးအဆောင် ပစ္စည်းများကို သိမ်းဆည်း ထုပ်ပိုး လျက် ရှိလေသည်။

သူမသည် ပန်းရိပ်သာမှ အပြီးအပိုင် ထွက်ခွာသွားရတော့မည်။ သူမ မြတ်နိုးလှစွာသော ပန်းရိပ်သာကို စွန့်လွှတ်ကာ မစ္စတာချို၏ ဇနီးမယား အဖြစ် ဘဝသစ် ထူထောင်ရတော့မည်။





မစ္စတာချိုနှင့် ဆွန်ယာတို့အား မစ္စတာဂျိုရှုဝါပက်ဆိုသူ ကုန်သည်ကြီး တစ်ဦးက အောင်သွယ်လုပ်၍ စေ့စပ်ပေးခဲ့ခြင်း ဖြစ်သည်။

မစ္စတာပက်သည် ယခင်က အမေရိကန်များထံမှ ကန်ထရိုက် ဆွဲခြင်းဖြင့် စီးပွားဖြစ်ကာ ကျိကျိတက် ချမ်းသာလာခဲ့သည်။ ယခုအချိန်တွင်မူ အမေရိကန်များနှင့် အဆက်ပြတ်ကာ မကြာမီက ချုပ်ဆိုခဲ့သော ကိုရီးယား-ဂျပန် ကုန်သွယ်ရေး စာချုပ်အရ ဂျပန်ကုမ္ပဏီများနှင့်သာ ဆက်သွယ် လုပ်ကိုင်လျက်ရှိသည်။

မစ္စတာပက်က ဖြောင့်မှန် ရိုးသားသော အမေရိကန်များကိုလည်း မကြိုက်။ မရိုးသားသော အမေရိကန်များကိုလည်း မုန်းသည်။ အဘယ်ကြောင့်ဆိုသော် ရိုးသားသော အမေရိကန်များအား လာဘ် မစား၍ မကြိုက်။ မရိုးသားသော အမေရိကန်များအား လာဘ်စား၍ မကြိုက်။ ယင်းသို့လျှင် ကိုရီးယားတွင် အမေရိကန် လူမျိုး နှစ်မျိုးနှစ်စား ရှိနေသည်။

ဂျပန်တွေကတော့ ဘယ်လိုနည်းနှင့်မှ လာဘ်ထိုး၍ မရ။ သူတို့က အလုပ်ကိစ္စကိုသာ အဓိက ထားကြသည်။

မစ္စတာပက်အနေဖြင့် အမေရိကန်တွေကို မုန်းတီးရခြင်း အခြား အကြောင်း တစ်ခုလည်း ရှိသေးသည်။ ယင်းမှာ အခြားမဟုတ်။ အမေရိကန် စစ်သားတွေက ကိုရီးယား အမျိုးသမီးများကို ယူကာ ကိုရီးယားကပြား ကလေးတွေ မွေးထုတ်နေကြခြင်းပင် ဖြစ်သည်။

ကိုရီးယား အမျိုးသမီးကလေးများမှာ သည်အလုပ်ကို ပင်ကိုက မနှစ်သက်ကြသော်လည်း စစ်ဒဏ်ကြောင့် စီးပွားပျက်ကာ ဝမ်းရေးအတွက် မလွဲမရှောင်သာ လုပ်ကိုင်နေကြရခြင်းသာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မစ္စတာပက်မှာ တစ်ယူသန် မျိုးချစ် တစ်ယောက် ဖြစ်သဖြင့် အဆိုပါ ကပြားကလေးတွေကို မွေးစကတည်းက ပျောက်ဖျက် ပစ်ရမည်ဟု အမြဲတမ်း ကြုံးဝါးနေသူ ဖြစ်သည်။ အကယ်၍ ယင်းကလေး တွေ ငယ်စဉ်က မသေခဲ့လျှင်လည်း မျိုးဆက်မပွားနိုင်အောင် သင်းကွပ်ပစ်ရ မည်ဟု သူက ဆိုသည်။

သူ့ခံယူချက်အရ ကိုရီးယား လူမျိုးများက ရှေးကျသောလူမျိုးဖြစ်၍ သွေးသန့်သည်။ လူမျိုးစစ်သည်။ သူတို့နှင့် လူမျိုးချင်းနီးစပ်သော တရုတ်၊ ဂျပန် လူမျိုးများနှင့် တောင်မှ လုံးဝ သွေးမနှောဘဲ အမျိုးဂုဏ်ကို ရာ နှစ်ပေါင်း များစွာ ထိန်းသိမ်းလာခဲ့ကြသည်။ သို့ပါလျက် အမေရိကန်ရေ ရောက်လာတော့မှ ယခုကဲ့သို့ လူမျိုး မသန့်သည့် ကပြားကလေးတွေ ပေါ် ပေါက်လာခြင်းမှာ လုံးဝ သည်းခံနိုင်စရာ မရှိဟု မစ္စတာပက်က အ အနက် ယုံကြည်သည်။

စကားစပ်မိသဖြင့် သူက မစ္စတာချိုအား ပြောပြသည်။

"ဒီကပြားကလေးတွေကို တိုင်းပြည်က မောင်းထုတ်ပစ်ရမယ် လိုအပ်ရင် ပင်လယ်ထဲတောင် ပစ်ချသင့် ပစ်ချရမှာပဲ"

သို့သော် မစ္စတာချိုကတော့ သူ့လောက် စိတ်မကြွမ်း။ နိုင်ငံခြားတွင် အကြာကြီး နေဖူးသူဖြစ်၍ နိုင်ငံတကာ အမြင်အနေသို့ နားလည် သ ပေါက်သူ ဖြစ်သည်။

သို့သော်...ယင်း ကပြားကလေးတွေကို သူတို့ ဖခင်များ၏ နိုင်ငံ ပို့ရမည်ဆိုသည်ကိုတော့ မစ္စတာချိုက လက်ခံသည်။

အမေရိကန် လူမျိုးတွေက လူမျိုး စစ်မှန်ခြင်းကို နားလည်ကြပုံ မ သူတို့ လူမျိုးတွေ၏ အသားရောင်၊ ဆံပင်အရောင်၊ မျက်လုံးအရော အမျိုးမျိုး ကွဲပြားနေကြတာကို ကြည့်ပါလား။

မစ္စတာချိုက မိမိအနေဖြင့် ပန်းရိပ်သာမှ မိန်းကလေး တစ်ယောက် အမေရိကန် ကပြား သားကလေး တစ်ယောက်ကို အမေရိကန် နိုင် ပို့ဖြစ်အောင် ဆောင်ကြဉ်း ပေးခဲ့ဖူးကြောင်း မစ္စတာပက်အား ဂုဏ်ယူ ပြောပြလိုက်သည်။

တစ်ချိန်တည်းတွင်ပင် ပန်းရိပ်သာပိုင်ရှင် ဆွန်ယာအား သူ လက်ထပ် လိုသဖြင့် မစ္စတာပက်အနေဖြင့် အောင်သွယ်လုပ်၍ ဈေးဝင် လမ်း ပေးရန်လည်း မေတ္တာရပ်ခံသည်။

မစ္စတာချို၏ မေတ္တာရပ်ခံချက်ကို မစ္စတာပက်ကလည်း လိုလိုချင်





ယသောတူ လက်ခံသည်။ အဘယ့်ကြောင့်ဆိုသော် မစ္စတာချို၏ စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်း အချို့အတွက် သူက ကန်ထရိုက်ဆွဲရန် စိတ်ကူး ထားသောကြောင့်ပင် ဖြစ်သည်။

ဤသို့ဖြင့် မစ္စတာပက်၏ နားဖောက်မှုကြောင့် မစ္စတာချိုနှင့် ဆွန်ယာတို့ ဂဟေဆက်၍ ဖူးစာဖက်ခဲ့ကြခြင်း ဖြစ်သည်။

ယနေ့ ဆောင်းဦးပေါက်ရာသီ နံနက်ခင်းတွင် ပန်းရိပ်သာ ဂိတ်ဝ၌ အမေရိကန်လုပ် စိမ်းနက်ကားတစ်စီး ရပ်ထားသည်။ ဆွန်ယာသည် ပန်းရိပ်သာ ၌ သူမ၏ သီးသန့်စန်းထဲတွင် ကိုယ်ပိုင်ပစ္စည်း ပစ္စယကလေးများကို နောက်ဆုံးအကြိမ် အပြီးသတ် စစ်ဆေးသိမ်းဆည်းလျက် ရှိသည်။

အိမ်ဖော်မကလေးအား အခန်းထဲမှ ပြန်ထွက်ခိုင်းလိုက်ပြီးနောက် အပြတမ်း သော့ခတ်ထားသော အလှပြင်စားပွဲ အံဆွဲကို သော့ဖွင့်လိုက်သည်။ ထို့နောက် ကလေးအဖေ၏ ဓာတ်ပုံများကို ထုတ်ယူသည်။

ခန့်ချော ချောသော မျက်နှာကို စိုက်ကြည့်နေရင်း သူမ၏ ရင်သည် သိမ့်ခနဲ တုန်သွားမိသည်။

ကလေးအဖေ အမေရိကန် လူမျိုးအပေါ်တွင် သူမ အနေဖြင့် အချစ် မရှိတော့ကြောင်း မစ္စတာချိုအား သူမက ညာပြောခဲ့သည်။ သူမသည် ကကယ်လည်း ယင်းခံစားမှုမျိုး မကြာခဏ ဖြစ်ပေါ်ခဲ့ဖူးသည်။ သို့သော် သူမ၏ နှလုံးသားကို သူမ သိပါသည်။ သူမအနေဖြင့် လုံးဝ မျှော်မှန်းချက် မထားတော့သည့် တိုင်အောင် အကယ်၍သာ ထိုပုဂ္ဂိုလ်နှင့် ပြန်လည်ပေါင်း ရမည်ဆိုလျှင် သူ့ကို ပြန်၍ ချစ်နိုင်ဦးမည်သာ ဖြစ်သည်။

သူမဘဝတွင် ယင်းပုဂ္ဂိုလ်လောက် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ချစ်ခဲ့ဖူး။ သူတို့ နှစ်ယောက် တစ်ယောက်စကား တစ်ယောက် နား လည်မိ အချိန်ကပင် တစ်ယောက် ခံစားချက်ကို တစ်ယောက် နားလည် ကြသည်။ ခံစားချက်ချင်း တူညီခဲ့ကြသည်။ သူကလည်း သူမအား ကကယ်ပင် ချစ်ခဲ့သည်။ သည်အချက်ကို သူမ ကောင်းစွာ ယုံကြည်ပါ သည်။ ထိုအချိန်က သူသည် အမေရိကန်နိုင်ငံတွင် ကျန်ရစ်ခဲ့သော သူ့ဇနီး

ကို သူ့နှလုံးသားထဲတွင် ဒုတိယအဆင့်၌သာ ထားခဲ့သည်။ သည်အချက်ကို လည်း ဆွန်ယာက ခြွင်းချက်မရှိ ယုံကြည်ခဲ့သည်။

သို့သော် အခုတော့ အချိန်တွေ ကုန်လွန်သွားခဲ့ပါပြီ။ သူမ၏ လုပ်ငန်း လည်း အဆုံးစွန်အဆင့်သို့ ရောက်ရှိနေပြီ။ နောက်တစ်နှစ် နှစ်နှစ် ဆိုလျှင် သူမအနေဖြင့် အရွယ် ကျလာပေတော့မည်။ ထိုအခါ သူမ နေရာတွင် သူမ ထက် နုပျိုသော သူမထက် ရုပ်ရည် ချောမောသော အမျိုးသမီးကလေး တစ်ယောက်ယောက်က နေရာဝင်ယူလာပေလိမ့်မည်။

ယခုဆိုလျှင် သူမသည် မစ္စတာချို၏ ဒုတိယ အိမ်ထောင်အဖြစ် ပေါင်းသင်းနေထိုင် သွားရတော့မည် ဖြစ်သည်။ သို့သော်လည်း ဂုဏ်ပေါ် စရာတော့ လုံး၀ မရှိ။ မယားငယ်သဘော နေထိုင်သွားရမည် မဟုတ်၍ ဘယ်လိုမှ သိက္ခာကျစရာ မရှိ။

သူမသည် ဓာတ်ပုံကို စေ့စေ့စပ်စပ် စိုက်ကြည့်နေမိသည်။

ဒီပုံတွေကို သိမ်းထားလို့ မဖြစ်ဘူး။ လင်သစ်အိမ်မှာ လင်ဟောင်း ဓာတ်ပုံ သိမ်းထားလို့ မသင့်တော်ဘူး။

စိတ်ထဲတွင် ဝေခွဲမှု ချီတုံချတုံ ဖြစ်နေမိသည်။ နောက်ဆုံး ဆုံးဖြတ် ချက် တစ်ခုကို ယတိပြတ် ချလိုက်သည်။

ထို့နောက်တွင် စားပွဲပေါ်ရှိ ယွန်းခွက်ထဲတွင် စိုက်ထားသော ဖယောင်းတိုင်ကို မီးညှိလိုက်သည်။ ပြီးတော့ ဓာတ်ပုံကို ဖယောင်းတိုင်မီးတွင် ရှို့လိုက်သည်။ ဓာတ်ပုံကို မီးစွဲလောင်ပြီး တွန့်လိမ်ကွေးကောက်သွားသည်ကို ကြည့်နေရင်းမှာပင် ခဏအတွင်း ဓာတ်ပုံတစ်ခုလုံး ပြာမှုန်ဘ၀သို့ ရောက်ရှိ သွားတော့သည်။

နောက်ထပ် ဓာတ်ပုံတစ်ပုံ ကျန်နေသေးသည်။ တစ်လသားအရွယ်က ရိုက်ထားသော သားကလေး၏ ဓာတ်ပုံ။

ဆွန်ယာက သားကလေးကို ရင်ဘတ်တွင်ကပ်၍ ပွေ့ချီထားသည်။ သည်ဓာတ်ပုံကို ကလေးအဖေ ကိုယ်တိုင် ရိုက်ခဲ့ခြင်း ဖြစ်သည်။





ဆွန်ယာက ဓာတ်ပုံထဲမှ သူမ၏ မျက်နှာကို သေသေချာချာ စိုက် ကြည့်နေသည်။

ထိုစဉ်က သူမအရွယ် တော်တော်ပင် ငယ်သေးသည်။ ချောလည်း အလွန်ချောသည်။ သားကလေးကလည်း အမေရိကန်ဝတ်စုံကလေးနှင့် ချစ်စရာကလေး။ ယင်းဝတ်စုံကို သူ့ဖေဖေ တစ်နေရာက ဝယ်လာခဲ့သည်။ ဆွန်ယာက သားကလေးအား ဝတ်ပေးပြီးတော့ သူတို့ အိမ်ကလေးရှေ့တွင် သားအမိ နှစ်ယောက် ဓာတ်ပုံအရိုက်ခံခဲ့ကြသည်။

ယခုတော့ သူမ၏ သားကလေးသည် သူမ အနီးတွင် မရှိတော့။ သူ့အဖေ၏ မယားကြီး အမေရိကန်မနှင့် အဝေးကြီးသို့ လိုက်ပါသွားခဲ့ပြီ။ သူမသည် အဖေဖြစ်သူကို မုန်းလို့မရနိုင်တော့ သားဖြစ်သူကိုပင် မုန်းချင် သလိုလို ဖြစ်လာသည်။ အဖေဖြစ်သူက သူမအနားတွင် အမြဲတမ်း ရှိနေသလို ခံစားနေရသည်။ သို့သော် သားဖြစ်သူကတော့ သူမအဖို့ တစိမ်းဆန်နေ သည်။ ဘာမှမဆိုင်သော ကြားလူ တစ်ယောက်လို ဖြစ်နေသည်။

သူမသည် ယင်းဓာတ်ပုံကိုလည်း ဖယောင်းတိုင်မီးတွင် ရှို့လိုက် သည်။ သက်မတစ်ချက်ချကာ ပြာကို လက်ဝါးပေါ် ခြွေချသည်။ ပြီးတော့... ထိုင်ရာမှထကာ ပြတင်းပေါက် အနီးသို့ လျှောက်လာခဲ့သည်။ ထို့နောက် လက်ကိုဖြန့်ကာ ပြာများကို ပါးစပ်ဖြင့် မှုတ်လိုက်သည်။ ပြာများသည် လေထဲတွင် လွင့်ကာ ရေကန်ထဲသို့ ကျသွားကြသည်။

ဤသို့ ပြုလုပ်ခြင်းမှာ အတိတ်ကို မေ့ပစ်ချင်သောကြောင့်ပင် ဖြစ်သည်။ သို့သော် တော်တော်နှင့် မေ့၍ရနိုင်မည်မဟုတ် ဆိုသည်ကို သူမ ရင်ထဲက အလိုလို သိနေသည်။

သူမသည် နိုင်ငံခြားသား တစ်ယောက်အား ယုံစားမိ၍ သူမ တစ် ကိုယ်လုံးကို ပုံအပ်မိခဲ့သည်။ ထိုသူက သူမအား သားကလေး တစ်ယောက် ကိုယ်ပွား ပေးထားခဲ့သည်။ ယခုအချိန်တွင် ထိုသူနှင့် သူမတို့ ရာသက်ပန် ခွဲခွာခဲ့ကြပြီ ဖြစ်သော်လည်း သူတို့နှစ်ယောက်၏ အကြားတွင် သားကလေး တစ်ယောက် ရှိနေသည်ဟူသော အချက်ကိုကား တစ်သက်လုံး မေ့ပျောက်၍ ရနိုင်တော့မည် မဟုတ်။

သည်ကလေးကို ဘယ်အရာကမှလည်း မဖျက်ဆီးနိုင်။ အဆုံးမှန် ပြောရလျှင် သေခြင်းတရားသည်ပင်လျှင် သူ့ကို မဖျက်ဆီးနိုင်။ အဘယ်ကြောင့်ဆိုသော်...အကယ်၍ သူ သေသွားပြီးသည့်တိုင်အောင် တစ်ချိန်တုန်းက သူ အသက်ရှင်နေခဲ့ပါသည်ဟူသော အချက်ကို ဘယ်သောအခါမှ မေ့ပျောက်၍ ရနိုင်မည် မဟုတ်သောကြောင့်ပင် ဖြစ်သည်။

သည်အတွေးများသည် ဆွန်ယာ၏ နှလုံးသားကို ဖွဲမီးပမာ တငွေ့ငွေ့ဖြင့် လောင်ကျွမ်းစေသည်။

သို့သော်လည်း သူမက စိတ်ကိုတင်းကာ ယင်းအတွေးများကို မောင်းထုတ်ပစ်လိုက်သည်။

အခန်းထဲတွင် ယူစရာ ပစ္စည်းများ ကျန် မကျန် သေချာအောင် မျက်လုံး တစ်ချက် ဝေ့၍ နောက်ဆုံးအကြိမ် ကြည့်လိုက်သည်။

ပြီးတော့...အိမ်ဖော်ကို ပြန်ခေါ်လိုက်ပြီး ပန်းရိပ်သာမှ ထွက်ကာ မြဲဝတွင် အသင့် ရပ်ထားသော အိမ်စီးကားပေါ်သို့ တက်သည်။

"ဒါနဲ့ မမလေး...မကြောက်ဘူးလား...ဟင်"

ကားထွက်လာတော့ သူမ၏ဘေးတွင်ထိုင်လိုက်လာသော အိမ်ဖော်ကလေးက ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သည်။

"ဘာကို ကြောက်ရမှာလဲ"

ဆွန်ယာက ပြန်မေးသည်။

"ဩော်...ကျွန်မက မစ္စတာချိုရဲ့ အိမ်မှာ သွားနေရမှာကို ပြောတာပါ။ သူ့အိမ်ကြီးက ရောမ အိမ်ကြီးလို့ ပြောသံကြားဖူးတယ်...မမလေးရဲ့"

"မမက မကြောက်ပါဘူးကွယ်။ ဘဝသစ်ကို ရရှာဖို့ တွေးပြီး ပျော်တောင်ပျော်မိပါသေးတယ်"

သူမက ပြောလို့သာ ပြောလိုက်ရပေမဲ့ စိတ်ထဲကတော့ တကယ်ပဲ ကြောက်နေမိသည်။ အဘယ်ကြောင့်ဆိုသော် သူမသည် တရားဝင် လင်ယောကျ်ား တစ်ယောက်ကို ဘယ်တုန်းကမှ မရခဲ့ဖူးသောကြောင့်ပင် ဖြစ်သည်။ ယခုတော့ သူမအနေဖြင့် ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ





တရားဝင် လင်ယောကျ်ား တစ်ယောက်ကို တကယ်ပင် ယူကို ယူရပေတော့မည်။

*

"အဲဒါက ဘယ်ကစာလဲ"

ခရစ္စက မေးသည်။

သူတို့လင်မယားသည် ယနေ့ နွေရာသီ နံနက်ခင်းတွင် မနက်စာ စားနေကြသည်။ အိမ်ဖော် ဂရိတာက လိမ္မော်ရည်ဖန်ခွက်များကို စားပွဲတွင် လာချသည်။ ဝက်သားကင်နံ့နှင့် ကော်ဖီနံ့များက အခန်းထဲတွင် မွှေးပျံ့နေသည်။

"ဓာတ်ခွဲခန်းက ဝီလတန်ဆီကပါ"

လော်ရာက ပြောသည်။

"သူ ကျွန်မကို အချိန်ပြည့် ပြန်လာလုပ်စေချင်တယ်။ အယ်လဂျေး သုတေသန စီမံကိန်းကို ကြီးကြပ်ဖို့အတွက် ကျွန်မကို ခေါ်တာ။ သူကတော့ ယူဂလီးနား သုတေသန လုပ်ငန်းကိုပဲ ဖိလုပ်ချင်လို့တဲ့"

ခရစ္စက ရယ်လိုက်ပြီး...

"ဟဲ...ဟဲ... ယူဂလီးနားဆိုတာ မိန်းကလေးတစ်ယောက် နာမည်တော့ မဟုတ်ပါဘူးနော်"

လော်ရာက ပြုံးလျက်...

"မိန်းကလေး မဟုတ်ပါဘူး။ သမုဒ္ဒရာ ရေအောက်မှာ တွေ့ရတဲ့ အပင် တစ်မျိုးကို ခေါ်တာ။ သိပ္ပံဝေါဟာရနဲ့ ပြောရရင် ကိုယ်ပြန်မှိဝပင်လို့ ခေါ်တယ်"

လော်ရာက မျက်ခုံးချိကာ ထပ်ဆင့် မေးခွန်းကို စောင့်နေသည်။

"အသေးစိတ်ကလေး လုပ်ပါဦး"

"ဒီအပင်က တိရစ္ဆာန် တစ်ကောင်လိုပဲ အာဟာရလိုအပ်တဲ့ အပင် တစ်မျိုး ဖြစ်တယ်။ တချို့ အပင်တွေက ဗီတာမင် ထုတ်ပေးတယ်။ တချို့ အပင်တွေက ဗီတာမင် ကျွေးရမယ်။ ယူဂလီးနားဆိုတာ အဲဒီလို အပင် တစ်မျိုးပေါ့။ သူ့ကို ဗီတာမင် ဘီ(၁၂)ဓာတ် ကျွေးရတယ်"

"ဒီတော့..."

"ဒီတော့ ယူဂလီးနား သုတေသနလုပ်ငန်း အောင်မြင်ရင် သွေးအား နည်း ရောဂါအတွက် ဆေးကောင်းတစ်မျိုး ဖော်စပ်နိုင်မယ်။ သွေးကင်ဆာ ရောဂါ အတွက်လည်း ဆေးကောင်း ဖော်ထုတ်နိုင်လိမ့်မယ်လို့ ယုံကြည် ထားတယ်"

လော်ရာက အသေးစိတ် ရှင်းပြနေပေမဲ့ ခရစ္စက လုံးဝ စိတ်မဝင်စား။ သူ့အတွေးက တခြားသို့သာ ရောက်နေသည်။

"ငါ့အနေနဲ့တော့...မင်းကို ဓာတ်ခွဲခန်း ပြန်မသွားစေချင်သေးဘူး" ဟု သူက ပြောသည်။

လော်ရာက...

"ဒါဖြင့် ကျွန်မ အိမ်မှာ ဘာလုပ်နေရမှာလဲ...မောင်"

"အိမ်မှာ ဘာလုပ်နေရမှာလဲ။ ငါ့မိန်းမ လုပ်နေရမှာပေါ့။ ငါ ရွေးကောက်ပွဲ အတွက် အကြိတ်အနယ် မဲဆွယ်ရတော့မယ်။ အဲဒီအချိန်မှာ မင်းက ငါ့အနားမှာ ရှိနေရမှာပေါ့။ ငါ့ရဲ့ ဇနီးချောကလေးကို ငါ့အနားမှာ ရှိနေစေချင်တယ်"

"ကျွန်မက လူတကာနဲ့ လက်ဆွဲ နှုတ်ဆက်ရတဲ့ အလုပ်မျိုး မကျွမ်း ကျင်ဘူး။ အဲဒါကို မောင်လည်း သိသားပဲ"

"မစိုးရိမ်ပါနဲ့။ လက်ဆွဲနှုတ်ဆက်တဲ့ အလုပ်ကို ငါ လုပ်ပါမယ်။ မင်းက ငါ့ဘေးမှာရပ်ပြီး ပြုံးရုံသာ ပြုံးနေစမ်းပါ။ ကိုယ်ဟန်ပြမယ် လုပ်ရို တုန်းက ပညာတွေကို သတိရစမ်းပါ။ အဲဒီနည်းက သိပ်ပြီး ထိရောက်တယ်"





"အဲဒါက ကြာခဲ့ပါပြီ"

"သိပ်မကြာသေးပါဘူး။ မင်း ပါရဂူဘွဲ့မရခင် နှစ်နှစ်လောက်ကပါ"

"မောင်က တော်တော် စိတ်ရှည်တာပဲနော်"

"ငါက မင်းအတွက် ဂုဏ်လည်းယူပါတယ်။ ပြည်နယ်အုပ်ချုပ်ရေး မှူးတိုင်းမှာ အရည်အချင်း နှစ်ခုရှိတဲ့ ဇနီးမယား မရှိကြပါဘူး။ ပထမ အရည်အချင်းက အလှ။ ဒုတိယ အရည်အချင်းက အသိဉာဏ်"

လော်ရာက နောက်စာတစ်စောင်ကို ယူ၍ ဖွင့်လိုက်သည်။ သူမက လက်ရေးကို မှတ်မိသည်။

"ဒီစာက ခရစ္စတိုဖာဆီက လာတာ။ သူ စာကောင်းကောင်း ရေး တတ်နေပြီ မောင်။ ဝမ်းသာစရာပဲ"

"သူ ဘာတွေ ရေးထားသလဲ"

"မောင့်ဆီရေးတဲ့ စာပါ၊ ကျွန်မ ဖတ်ပြရမှာလား"

ခရစ္စက ခေါင်းညိတ်ပြသည်။ လော်ရာက အသံထွက်၍ ဖတ်ပြ သည်။

**ချစ်လှစွာသော ဖေဖေ...**

**သားမောင် ရိုးသေစွာ စာရေးလိုက်ပါတယ်။ အခုဆိုရင် သားမောင် ကောင်းကောင်း ရေးတူးတတ်နေပါပြီ။ နိုင်ငံထိုးလည်း ကျွမ်းကျင်နေပါပြီ ဖေဖေ။ ဘော့စ်ဘောတို့ ဘာတို့လည်း ကစားတတ်နေပါပြီ။ အခုဆိုရင် တချို့ ကျောင်းသားတွေ နွေရာသီ ကျောင်းပိတ်ရက်မှာ အိမ်ပြန်တဲ့လူ ပြန်သွားကြပါပြီ။ သားမောင် ဘယ်တော့ အိမ်ကို ပြန်ရမှာလဲ ဖေဖေ။ သားမောင်ဆီ စာပြန်မှာလား ဖေဖေ။ မကြာခင်မှာ ကျောင်းသားတွေ အကုန်လုံး ပြန်ကြပါတော့မယ်။ သားမောင်ဟာ ဖေဖေတို့ကိုပဲ နေ့တိုင်းမျှော်နေမိ ပါတယ်။ ဘယ်တော့ လာခေါ်ကြမှာလဲဟင်။ သားမောင် သင်ခန်းစာတိုင်းမှာ အမှတ် လည်း ကောင်းကောင်း ရပါတယ်ဖေဖေ။**

**ဖေဖေ့သား**

**ခရစ္စတိုဖာ**

"တော်တော် တော်တဲ့ ချာတိတ်ပဲ"

ရေချွကာ ပြောသည်။

"အဲဒီတော့ သူ့ဆီ မောင် ပြန်စာ ရေးမှာလား"

"မင်းပဲ ရေးလိုက်ပါ"

"နွေရာသီ ကျောင်းပိတ်ရက်ကိုရော ဘယ်လို လုပ်မှာလဲ"

"ငါ ကျောင်းကို သွားစုံစမ်းတုန်းက မေးကြည့်ခဲ့ပြီးပြီ။ သူ့ ကျောင်းမှာ နွေရာသီ ရက်အားအတွက် အစီအစဉ်တွေရှိတယ်။ လေ့လာ စခန်း ထွက်တာမျိုးပေါ့။ ကျောင်းသားတွေ တော်တော်များများ အိမ်ပြန် မရှိကြပါဘူး"

လော်ရာက စာကို အိတ်ထဲ ပြန်ထည့်လိုက်သည်။

"ဒီရက်တွေမှာ မောင် အလုပ် သိပ်များနေတယ်လို့ ကျွန်မက လိုက်ပေမဲ့ သူက ယုံမှာ မဟုတ်ဘူး။ မောင့်အနေနဲ့ ပြန်စာရေးဖို့ အချိန်မရဘူးလို့ စာပြန်လိုက်ရင် သူက ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ် မောင်"

"ငါ တောင်းပန်ပါတယ် လော်ရာ၊ ကျေးဇူးပြုပြီး..."

လော်ရာက ခင်ပွန်းသည်၏ မျက်နှာကို မော့ကြည့်လိုက်သည်။ အသံတွင် ဒေါသသံပါသဖြင့် အံ့သြသွားမိသည်။ ထို့ကြောင့် သူမက အေးအေးဖြင့် ပြောသည်။

"ကျွန်မ မှားတာရှိရင် ခွင့်လွှတ်ပါမောင်။ တကယ်တော့ ဒီကလေး မောင်နှင့်ကျွန်မတို့က ဒီကို ခေါ်လာခဲ့ကြတာပါ။ သူဟာ သူ့အတွက် စိမ် တဲ့ ဒေသမှာ သူစိမ်းတွေကြားထဲ ရောက်နေတာကို မောင်လည်း သိပါတယ်"

"ဒါဆို တို့ သူ့ဆီသွားကြမယ်။ ရေချွမတ် ပွဲတော်ရက်မှာ သူ့နဲ့ သွားနေကြမယ်"

"ဟင်...မောင် တကယ် ပြောတာလားဟင်။ တကယ် ပြောတာလ မောင်"

"တကယ် ပြောတာပေါ့။ ပြီးတော့ မင်းကလည်း ရေချွမတ်ပွဲမှာ ငါ့





နှစ်ယောက်တည်းဆိုရင် ပျော်မှာ မဟုတ်ဘူး။ တို့က နှစ်ယောက်တည်း မဟုတ်တော့ဘူး။ နောက်တစ်ယောက် တိုးလာပြီ...မဟုတ်လား"

"အဲဒါကလဲ..."

"ဟုတ်ပါတယ်...ငါ သိပါတယ်။ ငါ သိပါတယ်။ ငါ့ အပြစ်ကြောင့် ပါ"

"ကျွန်မက အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ သူ့မှာ တစ်ယောက် တည်း အားငယ်နေမှာကြောင့်ဖို့လို့ ပြောတာပါ။ မောင်ကသာ ဒီကလေးကို သူ့အမေနဲ့ပဲ ထားခဲ့ပါဆိုရင်... ကျွန်မက ဒီကလေးကို ခေါ်ထဲ ထည့်ပြီး လုံးဝ မစဉ်းစားပါဘူး"

"ဒါဆိုရင် သူ့ကို ပြန်ပို့သင့်သလား"

"မောင်က ပြန်ပို့ပါဆိုရင် ကျွန်မ ပြန်ခေါ်သွားမယ်လေ..."

ရေချွက လက်ထဲမှ ဇွန်းနှင့်ခက်ရင်းကို ပြန်ချလိုက်သည်။

"မင်းက တကယ် ပြောနေတာလား"

"ဟုတ်တယ်။ ကျွန်မ တကယ် ပြောနေတာပါ။ ကလေးနဲ့ နီးနီး ကပ်ကပ် တစ်ယောက်ယောက် ရှိနေမှဖြစ်မယ်...မောင်။ ကလေးကို ချစ်မယ့် သူ တစ်ယောက် သူ့အနီးမှာ ရှိမှဖြစ်မယ်"

"လော်ရာ...မင်းက ငါ့ကို တမင် ဒေါသဖြစ်အောင် ဆွပေးနေတာ လား။ တကယ်ဆိုရင် ခုနေခါမှာ သူ့အနေနဲ့ ဘာများ လိုအပ်သေးသလဲ။ အားလုံး ပြည့်စုံနေပြီ မဟုတ်လား။ ပညာလည်း သင်ရပြီ။ အဝတ်အစား လည်း ပြည့်စုံပြီ။ စားရေးသောက်ရေးလည်း မပူရတော့ဘူး။ အခုဆိုရင် သူ့အနေနဲ့ ကြိုးစားရင် ကြိုးစားသလို အခွင့်အရေးတွေ ရနိုင်တဲ့ နိုင်ငံကို ရောက်နေပြီ မဟုတ်လား"

"ဒါပေမဲ့ သူ့အတွက် အလိုအပ်ဆုံး အရာကိုတော့ မရသေးဘူး မောင်။ သူ့အတွက် အလိုအပ်ဆုံး အရာက မိသားစုပဲ"

ရေချွက လက်သုတ်ပဝါကို စားပွဲပေါ် ပစ်ချလိုက်ပြီး...

"ကဲ...ဒါဆိုရင် ငါ လုံးဝ စွန့်လွှတ်လိုက်တော့မယ်။ ငါ အရှုံးမခံ

တော့ဘူးလို့ ဘားမင်းကို ပြောလိုက်တော့မယ်။ ငါ ဘာနိုင်ငံရေးမှ မလုပ်
တော့ဘူး။ တစ်သက်လုံး ဒီကလေးကိုပဲ ပြုစုစောင့်ရှောက်သွားတော့မယ်"

"အဲဒါဆိုရင် နောက်ဆုံးပွဲ ဖြစ်မှာပဲ။ အဲဒီလိုသာဆိုရင် မကြာခင်မှာ ကျွန်မ ကွာရှင်းခွင့် တောင်းရလိမ့်မယ်"

"လော်ရာ...မင်း...ဘယ်လို ပြောလိုက်တာလဲ"

"ဒီလိုပဲ ပြောရမှာပေါ့။ မောင်နဲ့ ဆက်ပေါင်းနေစရာမှ အကြောင်း မရှိတော့တာပဲ"

"ငါကလည်း ဒီဘဝကို ကျေနပ်နေတယ်လို့ မပြောပါဘူးကွ"

"ဘာလဲ၊ ကျွန်မကို ဆိုလိုတာလား"

သူတို့လင်မယားသည် ယခင်အခါများကလည်း ရန်ဖြစ်ခဲ့ဖူးသည်။ သို့သော် ယခု လောက်တော့ အကျယ်အကျယ် ဘယ်တော့မှ မဖြစ်ခဲ့ဖူး။

လော်ရာက ခင်ပွန်းသည်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သူ၏ မျက်လုံးပြာကြီးများသည် ဒေါသစိတ်ကြောင့် အရောင် တလက်လက် တောက်နေကြသည်။ လော်ရာ၏ နှလုံးသားသည် အေးစက်သွား ထင်လိုက်ရသည်။

သူတို့ လင်မယားကြားတွင် ခရစ္စတိုဖာကလေး ပြဿနာထက် ကြီး ကျယ်သော ပြဿနာတစ်ရပ်တော့ ပေါ်ပေါက်လာခဲ့ပြီ။ ဒီအချက်ကို သူ ဘယ်လို ရှင်းပြနိုင်ပါမည်နည်း။ ခရစ္စသည် သူမ မျှော်လင့်ခဲ့သော လူစား မှ ဟုတ်ပါသေးရဲ့လားဟူသော သံသယစိတ်က သည်းမခံနိုင်လောက်အောင် ကြီးမားလာခဲ့ပြီ။ သူသည် အမှန်တရားကို ရင်မဆိုင်ရဲဘဲ ရှောင်ဖယ်ရန် ကြိုးစားနေပါရောလား။ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်၏ အသိတရား ရှိရှိဖြင့် ကိုယ့်တာဝန်ကိုကိုယ် ပြည့်ပြည့်ဝဝ မယူရဲပါက သူက ယခုလို ဂုဏ်သရေ ကျဆင်းမည့် လုပ်ရပ်မျိုးကို လုပ်နေလျှင် သူမ အနေဖြင့် ဘယ်လိုလုပ်ပြီး သည်းခံနိုင်ပါမည်နည်း။

**ငါ စိတ်ကူးပုံ မဟုတ်သေးပါဘူး။ ငါက ငါမြစ်စေချင်တဲ့ ပုံကို သူ့ကို တိုင်ပင်တာနေသလို ဖြစ်နေပြီ။ တကယ်လို့ ဒီကလေးဟာ ငါ့**





**ကလေးသာ ဆိုရင် ငါ အမြတ်နိုးဆုံး အရာကို စွန့်လွှတ်ပြီး ဒီကလေးကို တရားဝင် အသိအမှတ် ပြုနိုင်ပါ့မလား။**

သို့သော် သူမအဖို့ အမြတ်နိုးဆုံးအရာမှာ လင်တော်မောင် ခရစ္စသာ ဖြစ်သည်။ ထို့ကြောင့် အကယ်၍ သူမအနေဖြင့် အခြားယောက်ျား တစ်ပါးနှင့် ရသော ကလေးလေး တစ်ယောက်ကို မိဘမဲ့ ဂေဟာတွင် ထားရသော အချိန်တွင် ခရစ္စအနေဖြင့် ယင်းကလေးကို ဘယ်နည်းနှင့်မျှ လက်မခံနိုင်ဟု လည်း မိမိက အတပ်သိနေသည်ဆိုပါလျှင် ယင်းကလေး အကြောင်းကို သူမက ခရစ္စအား ပွင့်ပွင့်လင်းလင်း ပြောပြရဲပါမည်လား။ သို့မဟုတ် လုံးဝ မပြောဘဲ တစ်သက်လုံး ရေငုံနှုတ်ပိတ်နေပါမည်လား။

သည်မေးခွန်းအတွက် အဖြေမထွက်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ သော ပြဿနာ မပေါ်ပေါက်သောကြောင့်ပင် ဖြစ်သည်။

တကယ် တွေးကြည့်လိုက်လျှင် ယခုကိစ္စတွင် ခရစ္စအနေဖြင့် ဆုံးရှုံး မှုမှာ လူတစ်ဦး တစ်ယောက် ဆုံးရှုံးခြင်း မဟုတ်။ အကြီးကျယ်ဆုံးသော ဘဝ ရည်မှန်းချက်ကြီး တစ်ရပ် ဆုံးရှုံးခြင်းသာ ဖြစ်နိုင်သည်။ ယင်းရည်မှန်း ချက်မှာလည်း မိမိ တစ်ယောက်တည်းအတွက် မဟုတ်။ နိုင်ငံအတွက် လူမျိုး အတွက် ရည်မှန်းချက် ဖြစ်သည်။

ခရစ္စသည် ထိုရည်မှန်းချက်အတွက် မွေးဖွားလာသူလည်း ဖြစ်သည်။ ထိုရည်မှန်းချက် အတွက်ပင် ပညာသင်ယူခဲ့ခြင်းဖြစ်သည်။ သူတို့မျိုးရိုးသည် အစဉ်အလာအရ တိုင်းပြည် တာဝန်ကို ထမ်းဆောင်လာခဲ့ကြသူများသာ ဖြစ်သည်။

ခရစ္စသည် အာဏာကို လိုချင်သည်။ ဟုတ်ပါသည်။ သူသည် ပြည် နယ် အုပ်ချုပ်ရေးမှူးကောင်း တစ်ယောက် ဖြစ်ချင်သည်။ အဘယ်ကြောင့် ဆိုသော် ပြည်သူတွေအနေဖြင့် ရိုးသား ဖြောင့်မှန်သော ပြည်နယ် အုပ်ချုပ် ရေးမှူးကောင်းကို အလိုရှိနေသောကြောင့် ဖြစ်သည်။

သူသည် အရွယ်ရောက်လာသည့်အချိန်မှစ၍ တိုင်းပြည်တိုးတက်ရေး လုပ်ငန်းများကိုသာ ဦးစားပေးထားကာ စိုက်လိုက်မတ်မတ် ဆောင်ရွက် လာခဲ့

သည်။ "နိုင်ငံသားကောင်း တစ်ယောက်အနေနဲ့ မိမိပြည်နယ် ကောင်းကျိုးကို ပထမဆုံး ဆောင်ရွက်ရမယ်။ အဲဒီက တစ်ဆင့် မိမိနိုင်ငံ ကောင်းကျိုးအတွက် ဆောင်ရွက်ရမယ်" ဟူသော စကားကို သူ မကြာခဏ ပြောလေ့ရှိသည်။ "ကျွန်တော် သမ္မတဖြစ်လာတဲ့အခါ..." ဟူသော စကားမျိုးကိုကား ဘယ်တုန်းကမှ မပြောခဲ့စဖူး။ သို့သော် ယင်းစကားကို သူက ပါးစပ်မှ ထုတ်မပြော သည့် တိုင်အောင် ရင်ထဲတွင်တော့ တိုးတိုးကလေး ကျိတ်၍ ရေရွတ်မိ ပေလိမ့်မည်။ သည်အချက်ကို သူလည်း သိပါသည်။ လော်ရာလည်း သိ သည်။

လွန်ခဲ့သော ညက အဖြစ်ကလေးကိုပဲ ကြည့်ပါဦး။ ရေရွှသည် ညကြီးမင်းကြီး အိပ်ရာမှထလျက် အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက် နေသည်။ ပြီးတော့ ဇနီးသည်အား နှိုးကာ အခွန်တော်ကိစ္စ ပြုပြင်ပြောင်းလဲ ရေးနှင့် ပတ်သက်သော သူ၏စိတ်ကူးများကို စိတ်ပါလက်ပါ ပြောပြသည်။ လော်ရာကလည်း လင်တော်မောင်ပြောပြသည်ကို စိတ်ဝင်စားစွာ နားထောင် သည်။

သူ့စကား ဆုံးသောအခါ လော်ရာက ထောက်ခံချက်ပေးလိုက်သည်။

"မောင့်ကို ကျွန်မ ယုံပါတယ် မောင်။ မောင်လုပ်ရင် တကယ် အောင် မြင်မှာပါ"

ရေရွှက အကျေနပ်ကြီး ကျေနပ်သွားပြီး ချစ်ဇနီးကလေးအား အားရ ပါးရ မွှေ့ဖက်ထားလိုက်သည်။ ထိုနေ့က သူတို့နှစ်ယောက်သည် အရုဏ် တက်ချိန်တွင်မှ အိပ်ပျော်သွားခဲ့ကြသည်။

သို့သော်... ယနေ့အဖြစ်ကတော့ မနေ့က အခြေအနေနှင့် တခြား ဖြစ်နေသည်။ မနေ့က လင်မယားနှစ်ယောက် ချစ်ရည်လူးကာ အပျော်ကြီး ပျော်ခဲ့ကြသည်။ ယနေ့တွင်မူ သူတို့ နှစ်ယောက် အကျယ်အကျယ် ရန်ဖြစ် နေကြသည်။ လော်ရာက သူ့ယောက်ျားကိုတော့ ချစ်ပါသည်။ သို့သော် လည်း တစ်နေရာတွင်တော့ တစ်ခုခု မှားယွင်းနေပြီဆိုသည်ကို သူမ ခံစား သည်။





ရေရွှက ဆွန်ယာ့ အကြောင်းကို သူမအား မပြောဘဲ ထိမ်ချန်ထား ခဲ့သည်။ သည် အချက်ကို သူမအနေဖြင့် ခွင့်မလွှတ်နိုင်။ သည်မျှသာမက သေးပါ။ ရေရွှတိုဖာကလေး အကြောင်းကိုလည်း ရေရွှက စာရောက်သည့် နေ့အထိ အကြာကြီး မပြောဘဲ ထားခဲ့သည်။ သည်အချက်ကိုလည်း၊ သူမ အနေဖြင့် ခွင့်လွှတ်နိုင်စရာ မရှိ။

သို့သော်... ကလေးမှာ အပြစ်ကင်းစင်စွာဖြင့် မွေးဖွားလာခဲ့သော လူသားကလေးသာ ဖြစ်သည်။ သူသည် လူသား တစ်ယောက်အနေဖြင့် လူ့ဘဝသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့မှာ အသက်ရှင် နေထိုင်ခွင့် ရှိသည်။ အိုးနှင့်အိမ်နှင့်၊ မိဘနှင့် ပျော်ရွှင်စွာ နေထိုင်ခွင့်ရှိသည်။ ထို့ကြောင့် ကလေးကိစ္စနှင့် ပတ်သက်၍ ရေရွှက ခေါင်းရှောင်ချင်သော် လည်း သူမအနေဖြင့် ခေါင်းရှောင်နေ၍ မဖြစ်။ အပြစ်ကင်းစွာ မွေးဖွား လာသော လူသားကလေးတစ်ယောက်ကို ငုံကွက်ရမည်။ ထိုလူသားကလေး မှာ သူမ ချစ်သော လင်တော်မောင်၏ ရင်သွေးကလေး ဖြစ်နေသဖြင့် ပို၍ပင် အကြင်နာတရား ထားရဦးမည်။

"မောင်...ကျွန်မ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ မောင့်ကို ကျွန်မ အများကြီး ချစ်ပါတယ် မောင်ရယ်"

ချစ်ဇနီး၏ ကြင်နာယုယသော စကားကြောင့် ရေရွှ၏ ရင်ထဲမှ တင်းမာနေသော ဒေါသစိတ်များ ရုတ်ခြည်း အရည်ပျော်သွားသည်။

"မင်းကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာကိုလည်း ဘုရားသခင် သိပါတယ် လော်ရာ။ ငါ့ဘဝမှာ မင်းကလွဲပြီး ဘယ်သူမှ တွယ်တာ မြတ်နိုး စရာ မရှိတာ အမှန်ပါ။ မင်း စိတ်ချမ်းသာမယ်ဆိုရင် ငါ တတ်နိုင်တာ မှန်သမျှ လုပ်ပေးချင်ပါတယ်။ တစ်ချိန်တည်းမှာ ငါ့အတွက်လည်း မင်း အနေနဲ့ ဝုဏ်ယူစေချင်ပါတယ်"

ရေရွှက ရှေ့သို့ နှစ်လှမ်းတိုးကာ လော်ရာအား သူ့ရင်ထဲသို့ ဆွဲယူ လိုက်သည်။

"ခွင့်ပြုပါ ခင်ဗျား"

တံခါးဝမှ ပေါ်ထွက်လာသော အသံကြောင့် နှစ်ယောက်သား ဖက်ထားရာမှ အလန့်တကြား ကိုယ်ချင်း ခွာလိုက်ကြသည်။ တံခါးဝမှ ဂျိုးဘားမင်း ရပ်နေသည်။ သူ့မျက်နှာတွင် အားနာစိတ်၊ ရှက်စိတ်များ ပေါ်လွင်နေသည်။

"အခုလို နှောင့်ယှက်မိတာ ခွင့်လွှတ်ပါခင်ဗျား။ အထူးသဖြင့် မောင်နှံနှစ်ယောက် ချစ်ကြည်နူးကြတုန်း နှောင့်ယှက်မိတာကို အများကြီး စိတ်မကောင်းပါဘူး"

ရေချွှက ရယ်ပြီး နောက်သို့ ပြန်ဆုတ်လိုက်သည်။

"ဒါပေမဲ့...ကျုပ်တို့က ရိုးရိုးတန်းတန်းပါဗျာ။ လာပါ ဂျိုး။ လော်ရာ ကော်ဖီ တစ်ခွက် ထပ်လုပ်ပါဦး။ အမှန်ကတော့..."

ရေချွှက စားပွဲထိပ်တွင် ပြန်ထိုင်လိုက်သည်။ လော်ရာကလည်း ကျွန်မပျက်ပင် ခင်ပွန်းသည်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

"အမှန်ကတော့ မဲဆွယ်လုပ်ငန်းမှာ လော်ရာပါ ဝင်ကူဖို့ ကိစ္စကို ကျုပ်တို့ ဆွေးနွေးနေကြတာပါ...ဂျိုး။ ကဲ...ထိုင်စမ်းပါဦး"

ဘားမင်းက သူတို့ကြားမှ ကုလားထိုင်လွတ်တွင် ဝင်ထိုင်သည်။

"ကျွန်တော်လည်း အဲဒီကိစ္စ ဆွေးနွေးဖို့ လာခဲ့တာပဲ မစ္စတာဝင်းတား ကျွန်တော်တို့က အမျိုးသမီး အသင်းအဖွဲ့တွေ၊ ကလပ်တွေအားလုံး စည်းရုံး ထားပြီးပြီ။ သူတို့က ခင်ဗျား မိန့်ခွန်းပြောတာကို နားထောင်ချင်နေကြတာ မစ္စက်ဝင်းတား။ ခင်ဗျား သဘောတူရင် ပထမဆုံး မြို့ထဲမှာ ဟောပြော လုပ်မယ်။ ပြီးရင်...ပြည်နယ်တစ်ခွင် လှည့်လည်ပြီး ဟောပြောမယ်"

လော်ရာက အံ့အားသင့်သွားဟန်ဖြင့်...

"သူတို့က မောင် ဟောပြောတာကိုပဲ နားထောင်ချင်ကြတာပါ။ ကျွန်မကို နားမထောင်ချင်ကြပါဘူး။ ကျွန်မ အနေနဲ့လည်း ဘာမှ ဟောပြော စရာ မရှိပါဘူး"

ဘားမင်းက ပြုံးကြည့်ရင်း...

"မစ္စတာဝင်းတားက အမျိုးသားတွေပွဲမှာ ဟောပြောပါလိမ့်မယ်။





ဒီတော့... ခင်ဗျားက ဘာအကြောင်း စိတ်ဝင်စားသလဲ။ ကိုယ်စိတ်ဝင်စား တာ ဟောပြောရုံပဲပေါ့"

ရေချွှက ခပ်မြူးမြူးကလေး ရယ်လိုက်ပြီး...

"အဲဒီအကြောင်း သူ့မေး မနေပါနဲ့။ သူက တော်တော်စွဲကျတဲ့ ရေအောက် သတ္တဝါတွေ အကြောင်းကိုပဲ စိတ်ဝင်စားတာဗျ။ အဲဒီ သတ္တဝါ တွေက တစ်ချိန်တည်းမှာ အပင်ဆိုလည်း ဟုတ်တယ်။ သတ္တဝါတွေဆို လည်း ဟုတ်တယ်။ အဲဒီအကြောင်းသာ ဟောပြောရရင်တော့ အမျိုးသမီးတွေ က လော်ရာကို အရက်မူးနေတယ်လို့ ထင်ကြမှာ သေချာတယ်။ ဒါပေမဲ့ သူတို့က နားတော့ ထောင်ကြမှာပါ"

ဘားမင်းက ကြောင်သွားပြီး...

"ဘာလဲ။ ခင်ဗျားက နောက်ပြောနေတာလား"

"မောင်က နောက်ပြောနေတာ မဟုတ်ဘူး မစ္စတာဘားမင်း။ တကယ် ပြောနေတာပါ။ ကျွန်မက အဏ္ဏဝါဗေဒ ဆေးပညာရှင် တစ်ယောက်မို့လို့ပါ"

"ဟင်...ကျွန်တော်ကတော့ မစ္စက်ဝင်းတား ကိုယ်ဟန်ပြမယ် လုပ်ခဲ့ တာလောက်ပဲ သိတာ"

"အဲဒါလည်း ဟုတ်ပါတယ်။ ဒါပေမဲ့... အဲဒါက ကျွန်မ ပါရဂူဘွဲ့ အတွက် တက္ကသိုလ်တက်နေတုန်းက ခဏ လုပ်ခဲ့တဲ့ အလုပ်ပါ"

"အဲဒီအချက်က အရေးကြီးတယ် လော်ရာ"

ရေချွှက ခပ်မြူးမြူးကလေး ပြောသည်။

"အဲဒါ အလုပ်ဖြစ်မှာ သေချာတယ်။ မစိုးရိမ်ပါနဲ့ ဂျိုး"

"ကျွန်တော်က မစိုးရိမ်ပါဘူး။ အဲဒါဆို ပိုလို့တောင် ကောင်းသေးတာ ပေါ့။ မစ္စက်ဝင်းတားအနေနဲ့ တက္ကသိုလ်ပညာတတ် အမျိုးသမီးတွေကို ခင်ဗျားရဲ့ သိပ္ပံပညာလုပ်ငန်း အကြောင်း ဟောပြောပြီး တခြားအမျိုးသမီးတွေ ကိုတော့ ကိုယ်ဟန်ပြမယ် လုပ်ခဲ့တဲ့ အတွေ့အကြုံ ပြောပြနိုင်တာပေါ့"

"အဲဒီတော့ ကျုပ်က ဘယ်နေရာက ပါဝင်ရမှာလဲဗျ"

ရေချွှက ဖြတ်မေးလိုက်သည်။

"မစ္စတာဝင်းတားက မစ္စက်ဝင်းတားသွားရာ လိုက်ရုံပဲပေါ့။ အမျိုး သမီးတွေက မစ္စတာဝင်းတားအနေနဲ့ အိမ်ရှင်မကို စီးဖိုချောင်ကိစ္စတွေမှာ ဝင်ကူပါရဲ့လား။ ကလေးတွေကို ချစ်တတ်သလား...ဆိုတာ သိချင်ကြ မယ် ခင်ဗျ"

ဧရှူ ငြိမ်ကျသွားသည်။

လော်ရာက အေးဆေးစွာပင် ဝင်ပြောသည်။

"ကျွန်မတို့မှာ ကလေး မရှိတာတော့ တော်တော် စိတ်မကောင်း ပါပဲရှင်..."

သို့သော် ဧရှူက ဘာမှ မထူးခြားသလို အမူအရာဖြင့်...

"မင်း လုပ်နိုင်ပါတယ်...လော်ရာ။ သူ ဟောပြောမယ်ဆိုတာ ပေးလိုက်စမ်းပါ...ဂျိုး။ အမျိုးသမီးတွေ အုံအားသင့် သွားကြပါလိမ့်မယ် ဒါနဲ့... ရိုးတေရီကလပ်မှာ ကျူပ်ပြောမယ့် ကိစ္စကော အစီအစဉ် လုပ်ပြီး လား"

"အားလုံး စီစဉ်ထားပြီးပါပြီ"

သူတို့ စကားပြောနေစဉ် လော်ရာက ထိုင်ရာမှ ဖြည်းဖြည်း အခန်းထဲမှ ထွက်လာခဲ့သည်။ သူမ ထွက်လာခဲ့သည်ကို ဧရှူနှင့် တို့ပင် သတိပြုမိကြပုံ မရ။

အပြင်ဘက် ပန်းခြံထဲတွင် နံနက်ခင်း နေရောင် ဖြာကျနေသည်။ ပန်းခြံက သိပ်ပြီး မကျယ်သော်လည်း ပန်းမျိုးစုံကို ဂရုတစိုက် စနစ်တကျ စိုက်ပျိုးထားသဖြင့် ရှုခင်းက သာယာလှသည်။ ပန်းခြံထဲတွင် ရေပန်း စားပွဲဝိုင်း တစ်ခုနှင့် သံကုလားထိုင် နှစ်လုံးကိုလည်း လော်ရာက ကိုယ် အစီအမံဖြင့် ပြုလုပ်ထားသည်။

ပန်းခြံရောက်လာတော့ ကိုရီးယားမှ ဆွန်ယာတို့ အိမ်ခြံဝင်းမှ ကလေးကို ရုတ်တရက် သတိသွားရမိသည်။ ဆိုးလ်မြို့ပေါ်သို့ စီးမိုးနေ တောင်စွယ် တောင်တန်းများ။ ရှေးဟောင်း နန်းတော်များ၏ ကော့ပျံနေ အမိုးအထွတ်များနှင့် လမ်းပေါ်တွင် ကြိတ်ကြိတ် တိုးသွား လာနေကြ





လူအုပ်များကို မြင်ယောင်လာသည်။ အထူးသဖြင့် ကင်ရှူတို့ဖာ ကလေး ထိုသို့သော လမ်းပေါ်မှ ခြေသလုံးအိမ်တိုင် အမေရိကန်ကပြားကလေးများ၏ မျက်နှာကို မြင်ယောင်လာမိသည်။

လော်ရာသည် အတွေးနက်စွာဖြင့် သံကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

အုတ်တံတိုင်းပေါ်သို့ ကိုင်းညွှတ်နေသည့် သဖန်းပင်ပေါ်မှ ငှက် တစ်ကောင်၏ သာယာသော မြည်ကျူးသံ ပေါ်ထွက်လာသည်။ သို့သော် လော်ရာသည် ငှက်မြည်သံကို ကြားပင် မကြားလိုက်မိ။ သူမ၏ စိတ်အာရုံက အဝေးတစ်နေရာသို့ ရောက်နေသည်။

ရှေးဆန်၍ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုကို အထူး မြတ်နိုးသော ယနေ့ ကိုရီးယားနိုင်ငံမှ ဆိုးလ်မြို့တော်ကား မယုံကြည်နိုင်လောက်အောင်ပင် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ။ ယနေ့ ဆိုးလ်မြို့တော်တွင် အနောက် တိုင်း ယဉ်ကျေးမှု လွှမ်းမိုးကာ အမေရိကန် လူငယ်များ ခြေချင်း လိမ်လျက် ရှိနေပြီ။ သည်အကြောင်းကို တွေးမိသောအခါ မဝေးသေးသော ကာလ တုန်းက စဏတာ တွေ့ခဲ့ရသော ဗိုလ်ဘရောင်း၏ မျက်နှာသည် လော်ရာ၏ မျက်ညက် ကွန်ရက်ထဲသို့ မမျှော်လင့်ဘဲ ရုတ်တရက် ဝင်ရောက် လာလေ သည်။

ဗိုလ်ဘရောင်း၏ မျက်နှာတွင် အရွယ်အလျောက် လွတ်လွတ် လပ်လပ် ပျော်ချင်ပါးချင်သော စိတ်ကို ချုပ်တီးထားရသည့် လက္ခဏာများ ထင်ရှားစွာ ပေါ်လွင်နေသည်။ သည်အချက်ကို လော်ရာက ပီပီပြင်ပြင် မြင်ယောင်မိသည်။

ဧရှူလည်း ဒီအတိုင်းနေမှာပါပဲ၊ တကယ်တော့ သူတို့ဟာ ဆွေးသား သောင်းကျွန်းတုန်း၊ အရွယ်တွေဖြစ်လို့ အများနည်းအနေနဲ့ ရှုက်ဆန့တွေကို လိုက်လျောမိကြမှာကတော့ သေချာပါတယ်၊ အဲဒီတော့ ဆွန်ယာလို မိန်းမချောလေး တစ်ယောက်ကို မလွှဲမရှောင်သာ ချစ်မိတဲ့အတွက် ဧရှူကို အပြစ်တင်လို့ ရနိုင်ပါ့မလား...။

အိမ်ရှေ့တံခါး ပြန်ပိတ်သံ ကြားလိုက်ရသည်။ ခရစ္စက သည်းထိုး ဂွမ်းခနဲ။ ဇန်းခနဲ အမြဲတမ်း ဆောင့်ပိတ်သည်။ ဂျိုးဘားမင်း ပြန်ထွက်သွားခြင်း ဖြစ်ကြောင်း အတပ်သိလိုက်သည်။

သူမ ထိုင်နေရာမှ ပြန်ထကာ အိမ်သို့ ပြန်ဝင်လာခဲ့သည်။

ထို့နောက် ခရစ္စအနီးသို့ လျှောက်လာပြီး လက်နှစ်ဖက်ဖြင့် လည်ပင်း ကို သိုင်းကာဖက်ရင်း ပြောလိုက်သည်။

"စိတ်ချပါ မောင်ရယ်။ မောင့်လုပ်ငန်းကို အစွမ်းကုန် ကူညီပါမယ် မောင်ရယ်"

*

လော်ရာ ကားပေါ်မှဆင်း၍ 'တာဝါရိပ်သာ' အိမ်ကြီး၏ ဆင်ဝင်ဆောင် ထဲသို့ ဝင်လာချိန်တွင် အပြင်ဘက်၌ မိုးဖွဲဖွဲကလေး ရွာလျက်ရှိသည်။

ယခု ဟောပြောပွဲ ပြုလုပ်မည့် နေရာမှာ မစ္စက်ဟင်နရီ အလန်၏ တိုက်ခန်းကျယ်ကြီး ထဲတွင် ဖြစ်သည်။ ယခုတော့ လော်ရာအနေဖြင့် ပရိသတ်ကို ရင်ဆိုင်ရန် ကြောက်ခြင်း၊ ရှက်ခြင်း လုံးဝ မရှိတော့။

သူမက အဘိုးကြီး ဟင်နရီအလန်ကို လူပုဂ္ဂိုလ်တစ်ယောက် အနေ ဖြင့်လည်း ခင်မင်လေးစားသည်။ ခရစ္စ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ငွေကြေး ရက်ရက်ရောရော ကူညီသောကြောင့်လည်း အလွန် ကျေးဇူး တင်သည်။ သူသည် ခရစ္စအတွက် ကျောက်ဆောင်ကြီးပမာ အားကိုးလောက် သော အင်အားကြီး တစ်ရပ်ပင် ဖြစ်သည်။ သူမအဖို့ဆိုလျှင်လည်း အပြုံး ယုံကြည်သင့်သော မိတ်ဆွေကောင်းကြီး တစ်ဦးပင် ဖြစ်သည်။ သို့သော် သူမအနေဖြင့် ဘာအကူအညီမှတော့ မတောင်းခဲ့စဖူး။





အဘိုးကြီးကလည်း သူမအပေါ်တွင် သမီး အရင်းအချာပမာ ချစ်ခင် ကြင်နာမှု ရှိသည်။

လော်ရာသည် ဓာတ်လှေကားစီး၍ (၁၈)ထပ်သို့ တက်လာခဲ့သည်။

အခန်းတံခါး ပွင့်လာပြီး တံခါးဝတွင် ဟင်နရီအလန်က စောင့်ကြို နေသည်။

"ကဲ...ကြွပါ...ကြွပါ...လော်ရာ။ ဒီမှာ လူစုံ ရောက်နေကြပါပြီ။ အားလုံးလိုလို ဘဏ်သူဌေးကတော်တွေ၊ လုပ်ငန်းပိုင်ရှင်ကတော်တွေချည်း ပါပဲ။ သူတို့က သူတို့ သဘောမကျရင် ပိုက်ဆံတစ်ပြားတောင် အကုန်ခံမယ့် လူတွေ မဟုတ်ဘူး။ အဲ...သူတို့ ကြိုက်ပြီဆိုရင်တော့ ပိုက်ဆံကို တင်းနဲ့ခြင်ပြီး ပေးပါလိမ့်မယ်။ အဲဒီတော့ တို့က သူတို့ပေးချင်လာအောင် ကြိုးစားကြည့်ရ မှာပေါ့၊ ဟုတ်လား။ ခရစ္စလို အားမာန်ရှိတဲ့ စိတ်စေတနာ ကောင်းတဲ့ လူငယ် တစ်ယောက်အနေနဲ့ သူတို့နိုင်ငံကို သူတို့သိပ်ပြီး ကြောက်နေတဲ့ အန္တရာယ် တွေက ကယ်တင်နိုင်မှာ သေချာပါတယ်။ သူတို့ကို ကိုယ့်ဘက်ပါအောင် တယ်လို စည်းရုံးရမယ်ဆိုတာ မင်း သိပြီးသားပါ"

လော်ရာသည် မစ္စတာ ဟင်နရီအလန် နောက်မှ လိုက်ကာ ခမ်းနား ကျယ်ဝန်းသော ဧည့်ခန်းဆောင်ကြီး ထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲတွင် စုစုပေါင်း အမျိုးသမီး တစ်ရာခန့် ထိုင်နေကြသည်။

သူတို့ကို လော်ရာအား အပြုံးမျက်နှာများဖြင့် လှမ်းကြည့်နေကြ သည်။ စ်ပြမယ် လုပ်ခဲ့ဖူးသော အတွေ့အကြုံသည် သူမအတွက် အလွန် အထောက်အကူ ပြုကြောင်း လော်ရာက တွေးမိသည်။ သူမက ပရိသတ် အထောက် ချက်ချင်းပင် အကဲခတ် သိရှိလိုက်ပြီ။ သူမအနေဖြင့် သူတို့အား မဟုတ်မလွန် ရှင်မြူးတည်ငြိမ်သော အမူအရာဖြင့် ချဉ်းကပ်ရမည်။ သူမသည် အနာဂတ်တွင် တက်လမ်းရှိသော နိုင်ငံရေးသမား တစ်ယောက်၏ ဇနီးမယား ဖြစ်ကြောင်း ပြောရမည်။ သို့သော်လည်း အဓိက အချက်များကို တိုတိုနှင့် လိုရင်းသာ ပြောပြီး သူတို့က မေးခွန်းထုတ်နိုင်ရန် အချိန်များများ ပေးရမည်။ သို့မှသာ သူမအနေဖြင့် သူတို့၏ သဘောထားကို သိရှိနိုင်မည် ဖြစ်သည်။

မစ္စက်ဟင်နရီအလန်က ထိုင်ရာမှ ထကာ လော်ရာအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

"ကိုယ်စားလှယ်လောင်း တစ်ယောက်ရဲ့ ဇနီးဟာ ဘယ်လို အမျိုးသမီးလဲ ဆိုတာကို ကျွန်မတို့ အမျိုးသမီးတွေ အနေနဲ့ သိချင်တဲ့ဆန္ဒ အပြည့်အဝ တမ်း ရှိနေကြပါတယ်။ ကျွန်မ ပြောတာ မှန်ပါသလားရှင်။ အဲဒီတော့ အခု လို ကျွန်မတို့ ပြည်နယ်အုပ်ချုပ်ရေးမှူးလောင်းရဲ့ ဇနီးဖြစ်သူ မစ္စက်ဝင်းတားနဲ့ ဧည့်ပရိသတ်များကို မိတ်ဆက်ပေးခွင့် ရတဲ့အတွက် ကျွန်မ အများကြီး ဝမ်းသာပါတယ်။ ဂုဏ်လည်း အများကြီး ယူပါတယ်ရှင်။

"မစ္စက်ဝင်းတားဟာ သူ့ခင်ပွန်းနဲ့အတူ နေရာများစွာကို ခရီးထွက်ပြီး ဟောပြော နေရတဲ့အတွက် အလွန် အလုပ်များတဲ့ အမျိုးသမီး တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း...သူ့ဓာတ်ပုံတွေကို သတင်းစာတွေထဲမှာ ကျွန်မတို့ အကြိမ်ပေါင်းများစွာ မြင်ခဲ့ဖူးပါတယ်။ ဒါပေမဲ့...ဒီနေ့မှာတော့ ကျွန်မတို့ အများစုအနေနဲ့ မစ္စက်ဝင်းတားကို လူကိုယ်တိုင် ပထမဆုံးအကြိမ် မြင်တွေ့ရခြင်း ဖြစ်ပါတယ်။

"အဲဒီတော့ အခုအချိန်ကစပြီး တစ်နည်းအားဖြင့် ကျွန်မတို့ရဲ့ အနာဂတ် သမ္မတကတော်ဖြစ်တဲ့ မစ္စက်ဝင်းတားက ပြောပါလိမ့်မယ်ရှင်"

လော်ရာက ရှက်ပြုံးကလေးဖြင့် နေရာမှ ထရပ်လိုက်သည်။ သို့သော် ဟန်လုပ်ထားသော ရှက်ပြုံးကား မဟုတ်။

"ကျွန်မဟာ ဒီလို လုပ်ငန်းမျိုးနဲ့ ယဉ်ပါးသူ တစ်ယောက် မဟုတ်ပါ ဘူးရှင်။ အမှန်အတိုင်း ဝန်ခံရရင် ဒီလို လုပ်ငန်းမျိုးကို လုံးဝ မကျွမ်းကျင် ပါဘူး။ ကျွန်မဟာ ပင်ကိုအားဖြင့် အေးအေးဆေးဆေး နေတတ်သူ တစ်ယောက်ပါ။ တကယ်တော့ ကျွန်မတို့ လင်မယား နှစ်ယောက်စလုံး အေးအေးဆေးဆေး နေတတ်ကြတဲ့ လူတွေချည်းပါပဲ။

"ကျွန်မ ဒီနေ့ ဒီနေရာကို ရောက်လာတာဟာ ကျွန်မရဲ့ ပင်ကိုစရိုက် ကြောင့် မဟုတ်ပါဘူး။ ကျွန်မခင်ပွန်းက သွားဆိုလို့ ရောက်လာရတာ ဖြစ်ပါ တယ်။ ဒီနေရာကို သူသာ လာရောက် ဟောပြောရရင်လည်း သိပ်ပြီး ဝမ်းသာ





မှာ သေချာပါတယ်။ သူက တစ်နေရာမှာ သွား ဟောပြောနေရလို့ သူ့ ကိုယ်စား လွှတ်လိုက်ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူ့ကိုယ်စား ကျွန်မ အခုလို လာရောက် ဟောပြောရခြင်း ဖြစ်ပါတယ်။

"ဟောပြောမယ်ဆိုတော့ ကျွန်မ ဘယ်ကစ ပြောရမှန်းတောင် မသိ တော့ပါဘူး။ အဲဒီတော့... ကျွန်မရဲ့ ခင်ပွန်းကို အခု ကြွရောက်လာတဲ့ ပရိသတ်နဲ့ ကျွန်မကပဲ မိတ်ဆက်ပေးပါ့မယ်။

"သူဟာ ဘယ်လို ရုပ်ရည်မျိုး ရှိပါသလဲ။ ဟုတ်ကဲ့...သူ့အရပ်က ခြောက်ပေနှစ်လက်မပါ။ သူ့မျက်လုံးတွေက အပြာရောင်ပါ။ သူ အားရပါးရ ကားပြောတဲ့ အခါနဲ့ စိတ်ဆိုးတဲ့အခါတွေမှာ သူ့မျက်လုံးတွေဟာ အရောင် တောက်လာတတ်ပါတယ်။ သူဟာ တင်းနစ် ကစားတာကို ဝါသနာပါ ပါတယ်။ ရေခဲပြင် လျှောစီးတာမှာလည်း အလွန် တော်ပါတယ်။ မြင်းစီး လည်း ကျွမ်းကျင်ပါတယ်။ ကျွန်မတို့ နှစ်ယောက်စလုံး မြင်းစီးဝါသနာ ပါကြပါတယ်။ သူက ဂေါက်သီးရိုက်တာကိုလည်း ဝါသနာ ပါပါတယ်။ ကျွန်မကတော့ ဂေါက်သီး ရိုက်တာ ဝါသနာ မပါပါဘူး။

"ပညာရေးနဲ့ ပတ်သက်လို့ပြောရရင် သူဟာ ဟားဗတ်တက္ကသိုလ်က ဘောဂဗေဒ ဂုဏ်ထူးနဲ့ ဘွဲ့ရခဲ့သူ ဖြစ်ပါတယ်။ ဘွဲ့ရပြီးတဲ့နောက် နယူး ယောက်မြို့က ဘဏ်တိုက်ကြီး တစ်ခုမှာ ဝင်ရောက် လုပ်ကိုင်ခဲ့ပါတယ်။ ဘဏ်တိုက်မှာ အလုပ် လုပ်ရင်း သူဟာ ငွေကြေးကိစ္စကို နားလည်အောင် လေ့လာခဲ့ပါတယ်။ ငွေကို အကျိုးရှိအောင် ဘယ်လို အသုံးချမလဲ။ ဘယ်လို ထိန်းသိမ်းစုဆောင်းမလဲ။ စီးပွားရေး လုပ်ငန်းရှင်တွေကို ဘယ်လိုနည်းနဲ့ ငွေထုတ်ချေးမလဲ။

"အဲဒီပညာရပ်တွေကို နားလည်အောင် ဆည်းပူးပြီးတဲ့အခါ ဟားဗတ် တက္ကသိုလ်ကို ပြန်တက်ပြီး ဥပဒေဘွဲ့ကို ယူခဲ့ပါတယ်။

"သူဟာ ကိုရီးယားကို သွားရောက်ပြီးတော့လည်း စစ်မှုထမ်း တာဝန် ကို ပြီးဆုံးအောင် ထမ်းဆောင်ခဲ့ပါတယ်။ စစ်မှုထမ်း တာဝန် ပြီးဆုံးတော့ ကိုယ့်နိုင်ငံ ပြန်လာပြီး ဒီမြို့က နာမည်ကြီး ရှေ့နေလုပ်ငန်းဌာန တစ်ခုမှာ ဝင်လုပ်ခဲ့ပါတယ်။

"ဒါတွေဟာ သူ့ရဲ့ အပြင်ပန်းဘဝ၊ လူမှုရေးဘဝ ရုပ်ပုံလွှာတွေပါပဲ၊ သူ့ရဲ့ အိမ်တွင်းဘဝ၊ မိသားစုဘဝ ရုပ်ပုံလွှာကတော့..."

သူမက စကားရပ်၍ စဉ်းစားဟန်ဖြင့် ခေါင်းကို ငုံ့လိုက်သည်၊ ပြီးတော့မှ ခေါင်းကို ပြန်မော့ကာ ပရိသတ်အား ပြုံးကြည့်ပြီး ဆက်ပြောသည်။

"သူ့ရဲ့ အိမ်တွင်းဘဝ၊ မိသားစုဘဝကို ကျွန်မ ဘယ်လိုပြောရပါမလဲ၊ ကျွန်မတို့မှာ သားသမီး တစ်ယောက်မှ မထွန်းကားခဲ့ပါဘူးရှင်။ ကျွန်မတို့ လင်မယား နှစ်ယောက် သားသမီး ဘယ်လောက် လိုချင်ကြသလဲဆိုတာ ကိုယ်ချင်းစာစိတ်နဲ့ တွေးလို့သာ ကြည့်ကြပါတော့ရှင်။ တကယ်လို့ ကျွန်မတို့မှာသာ သားသမီးကလေးတွေ ရှိခဲ့ရင် ကျွန်မ ခင်ပွန်းဟာ ဖခင်ကောင်း တစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာ ကျွန်မအနေနဲ့ အကြွင်းမဲ့ ယုံကြည်ပါတယ်၊

"ကျွန်မခင်ပွန်းရဲ့ စိတ်နေစိတ်ထားနဲ့ ပတ်သက်လို့ ပြောရရင်တော့ သူဟာ အစဉ်အလာကို လေးစားပါတယ်။ စည်းကမ်းကို အလွန် ရိုသေပါတယ်။ ကျိုးကြောင်းညီညွတ်စွာ ဆင်ခြင်တွေးတောခြင်းကို ယုံကြည်ပါတယ်။ ပြီးတော့...သူဟာ အမှန်တရားကို မြတ်နိုးသူလည်း ဖြစ်ပါတယ်၊ သူဟာ အမြဲတမ်း အမှန်တရားဘက်က ရပ်လေ့ရှိပါတယ်"

သူမက စကားကို ရပ်လိုက်ပြန်သည်။ ရေချွတိုဗာကလေး၏ ရုပ်လွှာကို ရုတ်တရက် မြင်ယောင်လာသည်။

ဟင့်အင်း...ဟင့်အင်း...၊ ဒီအချိန်မှာ သူ့အကြောင်း လုံးဝ မတွေးသင့်ဘူး။

သို့ဖြင့် သူမက ပြောလက်စ စကားကို ကမန်းကတန်း ဆက်ပြောသည်။

"နိုင်ငံရေးအရ ပြောရရင်တော့ ကျွန်မရဲ့ခင်ပွန်းဟာ အကောင်းဆုံး အတော်ဆုံး လူငယ် ရီပတ်ပလစ်ကန် ပါတီဝင်တွေရဲ့ ကိုယ်စား ဝင်ရောက်လာသူ တစ်ဦးလို့ ဆိုရပါလိမ့်မယ်"

ထို့နောက် ပရိသတ်ထဲမှ မေးမြန်းချက်များကို သူမက ယဉ်ကျေးစွာ





လိမ္မာပါးနပ်စွာဖြင့် ဖြေဆိုသွားသည်။ ပရိသတ်များက သူမ၏ ဟန်မူရာနှင့် တကွ အပြောအဆိုကိုပါ သဘောကျ နှစ်သက်ကြောင်း သိသာလှသည်။

နောက်တစ်နာရီခန့် အကြာတွင် သူမက နိဂုံးချုပ်စကား ပြောသည်။

"ဒီနေ့အဖို့တော့ ဒီလောက်နဲ့ ကျေနပ်လောက်ပါပြီ။ အခုလို လာရောက် တွေ့ဆုံပြီး ရင်းရင်းနှီးနှီး နီးနီးနှောဖလှယ်ခွင့် ရတာကို ကျွန်မအနေနဲ့ အများကြီး ဝမ်းသာမိပါတယ်။ ဂုဏ်လည်း ယူမိပါတယ်။ ကျွန်မကို မေးမြန်းကြတဲ့အတွက် ကျွန်မအနေနဲ့ အများကြီး ဗဟုသုတ ရပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်ရှင်"

သူမက ပရိသတ်ကို မျက်နှာလွှဲကာ ကုလားထိုင်တွင် ထိုင်ချမည် လုပ်တုန်း မစ္စက်ဟင်နရီအလန်က ရုတ်တရက် ထလာပြီး သူမ၏ လက်ကို ကိုင်ကာ...

"နေပါဦး...ခဏနေပါဦး...မစ္စက်ဝင်းတား။ ကျွန်မက ပရိသတ်နဲ့ နောက်တစ်ကြိမ် ထပ်ပြီး မိတ်ဆက်ပေးချင်သေးလို့ပါ။ ကြွရောက်လာကြတဲ့ အမျိုးသမီးများရှင်...၊ ကျွန်မတို့ရဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးလောင်းရဲ့ ဇနီးဖြစ်တဲ့ မစ္စက် ခရစ္စတိုဗာ ဝင်းတားကို ကျွန်မက ပရိသတ်နဲ့ မိတ်ဆက်ပေးပြီးပါပြီ။ ယခုအချိန်ကစပြီး နောက်ထပ် အမျိုးသမီး တစ်ယောက်နဲ့ ဆက်လက်ပြီး မိတ်ဆက်ပေးပါရစေရှင်။

"အခု ဟောပြောသွားတဲ့ အမျိုးသမီးဟာ နာမည်ကျော် အမျိုးသမီး သိပ္ပံပညာရှင် ဒေါက်တာ လော်ရာဒီဝစ်လည်း ဖြစ်ပါတယ်ရှင်။ သူဟာ အဏ္ဏဝါဗေဒ ဆေးသိပ္ပံပညာရပ်ကို အခြား ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး နှစ်ယောက်နဲ့အတူ ပူးတွဲပြီး သုတေသန ပြုလုပ်လျက် ရှိပါတယ်။ ဒီပညာရပ်နဲ့ ပတ်သက်ပြီး မိတ်ဆွေများ မသိတာရှိရင်လည်း ဘယ်လိုမှ မဖြစ်ကြပါနဲ့။ ကျွန်မ ကိုယ်တိုင်လည်း ဘာမှ မသိပါဘူးရှင်။ ကျွန်မအနေနဲ့ ရှာဖွေဖတ်ရှုလေ့လာ ရပါဦးမယ်။ အချုပ်အားဖြင့် သိရသလောက်တော့ ဒီပညာရပ်ဟာ ရေအောက်ရှိ အပင်တွေနဲ့ သတ္တဝါတွေကို လေ့လာ စမ်းသပ်ပြီး လူသားတွေ အတွက် အလွန် အကျိုးရှိစေမယ့် ဆေးဝါးကောင်းတွေ ဖော်ထုတ်မယ့်

ပညာရပ် ဆိုတာလောက်တော့ သိရပါတယ်။ အဲဒါ ဟုတ်ပါသလား မစ္စက်ဝင်းတား"

မစ္စက် ဟင်နရီအလန်၏ ရှိုးကျူးစကားကြောင့် လော်ရာ မနေတတ် မထိုင်တတ်သလိုပင် ဖြစ်သွားမိသည်။

သို့သော် ပရိသတ်များ၏ လက်ခုပ်သံကတော့ တဖြောင်းဖြောင်းဖြင့် တစ်ခန်းလုံး ဆူညံသွားလေသည်။

ထို့နောက် လက်ဖက်ရည်ပွဲနှင့် ကောက်တေး စားပွဲသို့ အားလုံး ထလာကြသည်။

စားသောက်နေကြစဉ် အဏ္ဏဝါဗေဒ ဆေးပညာ အကြောင်းကို တစ်ယောက်မှ မမေးကြ။ တခြား ရောက်တတ်ရာရာ အာလာပသလ္လာပ အကြောင်းအရာများကိုသာ ပြောကြသည်။

ပြန်ခါနီးကျတော့ လော်ရာက တံခါးဝတွင် ရပ်ကာ မစ္စက်ဟင်နရီအလန်အား တိုးတိုး မေးလိုက်သည်။

"ဘယ်လို သဘောရပါသလဲ မစ္စက်အလန်၊ ပရိသတ်က ကျွန်မအပေါ် တစ်မျိုးများ မြင်သွားမလား မသိဘူး"

"အမယ်လေး...တူမကြီးရယ်။ ပရိသတ်က ကြိုက်လွန်းလို့ လက်ခုပ်ဩဘာသံ ပေးကြတာ တူမကြီး အမြင်ပဲ မဟုတ်လား။ အမှန်က ဒီအချိန်မှာ အသိဉာဏ်ရှိတဲ့ အမျိုးသမီးတွေအတွက် တခြား အမျိုးသမီးတွေအားလုံး ဂုဏ်ယူရမယ့် အချိန်ပဲကွယ့်"

မစ္စက်ဟင်နရီအလန်က ယင်းသို့ ပြောပြီးနောက် လော်ရာ၏ ပါးပြင်ကို တစ်ချက် နမ်းလိုက်သည်။

ပြီးတော့ လော်ရာအတွက် အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

*





ခရစ္စတိုဖာကလေးထံမှ စာ...။

ချစ်စွာသောမေမေ...

နောက်အပတ်ဆိုရင် ဇူလိုင်လ (၄)ရက် ရောက်လာပါတော့မယ်။ အမျိုးသားလွတ်လပ်ရေးနေ့ကြီးဖြစ်လို့ ကျောင်းသားမိဘတွေ ရောက်လာကြတော့မယ်။ အဲဒီလိုပဲ ပြောနေကြတာကို သားမောင် ကြားရပါတယ်။ မေမေတတ် လွှတ်ပွဲကို ကျေးဇူးပြုပြီး လာကြည့်ကြပါ။

မေမေချစ်သော သား

ခရစ္စတိုဖာဝင်းတား

လော်ရာက ဘာစကားမှ မပြောဘဲ စာကို ခရစ္စထံသို့ ကမ်းပေးလိုက်သည်။

ခရစ္စက ဖတ်ကြည့်သည်။

"ဒီစာ ဒီနေ့ ရောက်တာလား"

"ဟုတ်တယ်။ ဒါနဲ့ ကျွန်မ မောင့်အတွက် အရက်တစ်ခွက် စပ်လိုက်ရမှာလား"

"ကောင်းသားပဲ။ တို့ လေးရက်နေ့မှာတော့ ဘယ်လိုမှ သွားလို့ဖြစ်မှာ မဟုတ်ဘူး။ ငါက ပြည်နယ်မြို့တော်မှာ အရေးကြီးတဲ့ မိန့်ခွန်း ပြောစရာ ရှိနေတယ်။ လူတစ်ယောက် ဒေါ်လာ လေးရာတန် ညစာစားပွဲပေါ့။ မင်းလည်း ငါနဲ့ လိုက်ရမယ်။ ဒါနဲ့ ရှောကတ်ဆိုတာက ဘာကို ပြောတာလဲ"

"ဩော်...ရှောကတ် ဆိုတာလား။ မီးရှူးမီးပန်းလွှတ်တာကို ပြောတာပါ"

"ဪ...ဒီလိုလား။ အဲလေ...ဘာပဲဖြစ်ဖြစ် ခရုရှမတ်မှာတော့ ...
သွားလို့ ရပါတယ်။ ငါလည်း ပြောထားပြီးသားပဲ"

"အင့်...ဒီမှာ စပ်ပြီးသား အရက်"

ခုမှ ဇူလိုင်လပဲ ရှိသေးတာ။ ခရုရှမတ်က အဝေးကြီး ကျန်သေး...
ဟု လော်ရာက တွေးလိုက်မိသည်။ သို့သော် သူမက အခြေအနေကို သ...
ပေါက်ပါသည်။ မပေါက်တောင်မှ ပေါက်သည်ဟုတော့ ယူဆပါသည်။

ယခုအချိန်တွင် မဲဆွယ်ရေးလုပ်ငန်းက အလွန် အရေးကြီးနေသည်။
ခရုရှအနေဖြင့် အရေးကြီးသော မဲဆွယ် မိန့်ခွန်းများကို တစ်ပွဲပြီး တစ်...
ဟောပြော နေရသည်။ ပြည်သူတွေကလည်း သူ့အပေါ်တွင် အလွန် မျှော်...
ချက် ထားကြသည်။ သူတို့က ခရုရှအား "သတ္တိရှိသော ပုဂ္ဂိုလ်" ဟုပ...
ခေါ်ဝေါ် နေကြပြီ။ ခရုရှသည် အရေးကြီးသော နိုင်ငံရေး ပြဿနာများ...
ပတ်သတ်ပြီး ကြီးကျယ်သော မေးခွန်းများကို ဖြေကြားနေရသည်။ ...
အနေဖြင့် မိမိနိုင်ငံ၏ ပြဿနာများကိုသာမက ကမ္ဘာ့ ပြဿနာများကို...
အဖြေရှာ နေရသည်။ သို့ပါလျက် မိမိ၏ ကိုယ်ရေးကိုယ်တာ ပြဿ...
ကလေး တစ်ခုကို ပြတ်ပြတ်သားသား မဖြေရှင်းနိုင်တာကိုတော့ လော်ရာ...
ဘယ်လိုမှ ဘဝင်မကျနိုင်အောင် ဖြစ်မိသည်။

သည်အကြောင်းတွေကို စဉ်းစားရင်း သူမက ဂရိုဗာကလီးဗ်လင်...
အကြောင်းကို သွား၍ သတိရမိသည်။ ကလီးဗ်လင်းသည် တရားမ...
မွေးဖွားသော ကလေးတစ်ယောက်ကို မွေးစားထားခဲ့သည်။ သူ သမ္မ...
လောင်းအဖြစ် အရွေးခံသောအခါ ထိုအကြောင်းကို အမှန်အတိုင်း ...
ဝန်ခံခဲ့သည်။

**သူက ကလီးဗ်လင်း လောက်တောင်မှ သတ္တိ မရှိဘူးလား။ သူ့အ... နဲ့ ဒီလိုသာ သတ္တိကြောင်နေမယ်ဆိုရင် ငါ့အနေနဲ့ သူ့ကို ကူညီနေ... ဘာအဓိပ္ပာယ် ရှိဦးမှာလဲ။ သူ့လုပ်ရပ်တွေကရော ဘာတန်ဖိုး ရှိဦးမှာ...**

"ရွေးကောက်ပွဲပြီးရင် ငါက ကမ္ဘာလှည့် ခရီးထွက်ရဦးမယ်။
ခရုရှမတ် ရက်အား အတွင်းမှာ ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ဒါက မလုပ်မဖြ...
တဲ့ အလုပ်။ မင်းအတွက်ရော ငါ့အတွက်ရော သိပ်ပြီး အရေးကြီးတယ်"





"ဒါပေမဲ့...ခရုရှမတ်ရက် အတွင်းမှာတော့ သွားလို့ မဖြစ်ဘူးမောင်။
...ဒီရက်အတွင်းမှာ ကျွန်မတို့က ခရုရှတိုဗာဆီ ရောက်နေရမယ် မဟုတ်
...လား"

"ဟုတ်ပါတယ်။ ငါ ပြောထားပြီးပြီပဲ"

သူ့စကားတွေက မပြတ်သား။ ပါးစပ်ထဲ တွေ့တာ လျှောက်ပြောနေ
...လို ထင်မှတ်ရသည်။ ထို့ကြောင့် လော်ရာက သူ့ကိစ္စ ဆက်စဉ်းစား မနေ
...တော့ဘဲ ကိုယ့်ကိစ္စအတွက်သာ တွေးတော့သည်။

ယခုဆိုလျှင် ဇူလိုင် လေးရက် ရောက်ရန် ဆယ်ရက်သာ လိုတော့
...သည်။ ဓာတ်ခွဲခန်းမှ ဒေါက်တာဝီလတန်က သူမအား သူ့လုပ်ငန်း တိုးတက်
... များကို လာကြည့်ရန် ဖိတ်ခေါ်ထားသည်။

"မင်းရဲ့ စူးရှတဲ့ မျက်လုံးတွေနဲ့ ထက်မြက်တဲ့ အသိဉာဏ်တွေကို
...ပ်ပြီး လိုအပ်နေတယ်...လော်ရာ" ဟု ဒေါက်တာ ဝီလတန်က စာထဲတွင်
...ရေးလိုက်သည်။

"စမ်းသပ်ကန်ထဲမှာ မွေးထားတဲ့ အကောင်ကလေးတွေက တကယ့်
...ကို အစွမ်းပြ နေကြပြီ။ ဒီအကောင်ကလေးတွေက တစ်ချိန်တည်းမှာ အပင်
...တွေလည်း ဟုတ်တယ်။ သူတို့အထဲမှာ ကလိုရိုဖီးဓာတ်တွေ ပါဝင်တယ်။
...င်ဆာရောဂါ ကာကွယ်ရေးအတွက် အစွမ်းထက်တဲ့ ဆေးနည်းသစ်ကို
...ထုတ်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ယုံကြည်တဲ့အတိုင်း တကယ်
...အောင်မြင်ပါစေလို့ပဲ ဆုတောင်း နေရတော့တာပဲ"

လော်ရာက စပ်အရက် သောက်နေရင်းမှ ခရုရှထံတွင် ခွင့်တောင်း
...လိုက်သည်။

"ဒါနဲ့...မောင်။ ကျွန်မကို ခွင့်တစ်ရက်လောက်များ ပေးနိုင်မလား
...င်။ ကျွန်မ ဓာတ်ခွဲခန်းကို ခဏသွားကြည့်ချင်လို့ပါ။ ဒေါက်တာ
...လတန်က စမ်းသပ်မှု အသစ် တစ်ခုကို တွေ့နေပြီလို့ ယုံကြည်နေတယ်
...မောင်ရဲ့"

"ကောင်းပါတယ်။ သွားလိုက်ပါ"

သူမ ထင်ထားသလို မဟုတ်ဘဲ ရေစွက ရှောရှော ... ဆိုသောကြောင့် လော်ရာမှ နောက်ထပ် မေးမည့် မေးခွန်းကိုပင် ... ဖြစ်တော့။ သူ မေးချင်သည့် မေးခွန်းက တခြားမဟုတ်။ တကယ်လို့ ... အဲဒီက တစ်ဆင့် ရေစွတိုဖာဆီ ဆက်သွားရင် မောင် သဘောတူပါ ... ကျွန်မတို့က နှလိုင် လေးရက်နေ့မှာ မသွားနိုင်ဘူးဆိုတော့ ဒီကြ ... သွား တွေ့လိုက်ရင် သူ ဝမ်းသာရှာမှာပဲ မောင်။

သို့ပေမဲ့...သူမက သည်မေးခွန်းကို မမေးဖြစ်တော့။ ဓာတ် ... ရောက်ပြီးတော့မှ အခြေအနေအရ ကြည့်လုပ်တာပေါ့ဟူ၍ စိတ်ထဲ ... လိုက်သည်။

"ကျေးဇူးတင်ပါတယ်...မောင်"

"ကိုယ်ကတောင် ပြန်ပြီး ကျေးဇူးတင်စရာ ရှိပါသေးတယ်။ ... ဟောပြောတာကို အမျိုးသမီးတွေ သိပ်ပြီး သဘောကျ နေကြတယ် ... ဟင်နရီအလန်က ပြောတယ်။ အဲဒီ အတွက် ကိုယ် အများကြီး ကျေးဇူး ... ပါတယ် လော်ရာ"

သူက ပြောရင်းဆိုရင်း လော်ရာဘေးသို့ ကပ်လာပြီး အားရ ... နမ်းနေသည်။ အကြာကြီး နမ်းနေသည်။

နှစ်ယောက်စလုံး ရင်ဝယ်သိမ့်သိမ့် ကြည်နူးရသော အနမ်း။

*

နောက် ရက်သတ္တတစ်ပတ်ခန့် အကြာတွင် လော်ရာသည် ဓာတ်ခွဲခန်း ... ရောက်နေသည်။ မိမိ အလွန်ဝါသနာပါသော အလုပ်နှင့် လေးစား ... သော ဆရာသမား လုပ်ဖော်ကိုင်ဖက်များအား လပေါင်းများစွာ ခွဲခွာ ... ပြီးမှ ယခုကဲ့သို့ ပြန်လည် ဆုံစည်းရသည့်အတွက် သူမ အလွန် ဝမ်း ... ပျော်ရွှင်မိသည်။





ဓာတ်ခွဲခန်းတွင် နှစ်ရက်တိတိ လေ့လာခဲ့ပြီးနောက် သုံးရက်မြောက် ...ကိ နယူးဟမ်းပ်ရှိုင်းယား ပြည်နယ်သို့ ကိုယ်တိုင် ကားမောင်း၍ ထွက်ခွာ ...ခဲ့သည်။

သူမသည် ကားမောင်းလာရင်း ကင်ရေစွတိုဖာကလေး၏ မျက်နှာကို ...င်ယောင်လာသည်။ အထူးသဖြင့် ဘော်ဒါကျောင်းတွင် နောက်ဆုံး ...ခါနီး အမူအရာ ပျက်နေသော ရေစွတိုဖာကလေး၏ မျက်နှာကို အမှတ် ...ထင်ထင် မြင်ယောင်နေမိသည်။

သူ့ဖခင်သည် သူ့ကို ကျောင်းအိပ်ကျောင်းစား အပ်ထားခဲ့ပြီးနောက် ...မ်သို့ ပြန်သွားတော့မည်ဟု သိရသောအခါ ရေစွတိုဖာကလေးက ဘာ ...ကားမှ မပြောတော့။ သို့ပေမဲ့... သူ့မျက်လုံး အစုံတွင်တော့ မျက်ရည်တွေ ...လာသည်။

လော်ရာသည် ဓာတ်ခွဲခန်းထဲတွင် နှစ်ရက်လုံးလုံး စိတ်နှင့်ကိုယ်ကို ...ပ်နှံထားခဲ့သည့် တိုင်အောင် ရေစွတိုဖာကလေး၏ ပြဿနာကို လုံးဝမမေ့။ ...မြဲတမ်း သတိရနေသည်သာ ဖြစ်သည်။ ကလေး၏ ပြဿနာသည် အရေး ...ကြီးသော ပြဿနာဖြစ်သည်ဟူသော ခံယူချက်က သူမ၏ ဦးနှောက်ထဲတွင် ...မှိုခွဲသလို စွဲနေသည်။

ထို့ကြောင့်လည်း ယမန်နေ့ညက ရေစွထံသို့ ဖုန်းလှမ်းဆက်ခဲ့ ...င်းဖြစ်သည်။

"မောင်...ကျွန်မ မူလ အစီအစဉ်အတိုင်း မနက်ဖြန် ပြန်နိုင်ဦးမယ် ...ထင်ဘူး။ နောက်ထပ် နှစ်ရက် သုံးရက်လောက် နေရဦးမယ် ထင်တယ်"

"ဒါဆို နှလိုင်လေးရက်နေ့အတွက် နောက်ကျနေမှာပေါ့"

"မကျပါဘူး။ သုံးရက်နေ့ညမှာ ကျွန်မ အရောက် ပြန်ခဲ့ပါ့မယ်။ ...ဖြစ်နိုင်ရင် နှစ်ရက်နေ့ ညလည်း ရောက်ချင် ရောက်လာနိုင်တယ်"

"ကိုယ်က နောက်နေ့ပွဲအတွက် သိပ်ပင်ပန်းနေမှာ စိုးလို့ပါ"

"စိတ်ချပါ...မောင်။ ဖြစ်ပါတယ်။ ကျွန်မ မပင်ပန်းပါဘူး"

သည်လိုနှင့် နောက်ထပ် တွေရာလေးပါး ရယ်စရာ မောစရာကလေး တွေ ခေတ္တမျှ ပြောကြပြီးနောက် ဖုန်းကို ပြန်ချလိုက်ကြသည်။

ယခုလို တစ်ယောက်တည်း ကားမောင်းပြီး ထွက်လာရင်း ပြန်တွေး ကြည့်တော့မှ သူမ ဆုံးဖြတ်ချက် ဘယ်လောက် မှန်သည်ဆိုတာကို ရှင်းရှင်း လင်းလင်း သဘောပေါက်မိတော့သည်။

သူမသည် ဓာတ်ခွဲခန်းတွင် သူမ၏ လုပ်ငန်းတာဝန်ကို ပြီးပြတ်အောင် လုပ်ကိုင်ခဲ့ပြီးနောက် စမ်းသပ် တွေ့ရှိချက် အစီရင်ခံစာကို ဒေါက်တာ ဝီလတန်ထံ ရေးသားတင်ပြခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့်လည်း ယခုအချိန်တွင် ခရစ္စတိုဖာကလေးကိစ္စကို ပေါ့ပေါ့ အေးအေးဖြင့် စဉ်းစားနိုင်ခဲ့ခြင်း ဖြစ်သည်။

စဉ်းစားကြည့်လေလေ အခြေအနေမှန်ကို ပို၍ ပြတ်ပြတ်သားသား မြင်လာလေလေပင်။

ကလေးကိစ္စက သည်အတိုင်း အချိန်ဆွဲပြီး လိပ်ခဲတည်းလည်းလာရုံ ဘယ်နည်းနှင့်မျှ မဖြစ်တော့။ ရွေးစရာက နှစ်လမ်းသာ ရှိတော့သည်။ ပထမ လမ်းက ကလေးကို ခရစ္စ၏ တရားဝင်သားအဖြစ် အသိအမှတ်ပြုကာ မိမိတို့ အိမ်သို့ ခေါ်ရန်ဖြစ်သည်။ ဒုတိယလမ်းက ကိုရီးယားနိုင်ငံရှိ သူ့မိခင်ထံ ပြန်ပို့ရန်။

ယင်းသို့ အဖြူအမည်း ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက် ပြီးသောအခါတွင်မှ သူမ၏ ခေါင်းထဲတွင် ကြည်ကြည်လင်လင် ဖြစ်လာ တော့သည်။

လော်ရာ မောင်းလာသော ကားကလေးသည် ညနေစောင်းချိန် စိတ်ထဲ ယောက်ျားကလေး အထက်တန်း ကျောင်းဝင်းထဲသို့ တွေ့ဝင်လိုက် သည်။

သူမ လာမည်ဆိုသည်ကို ကြိုတင် အကြောင်းမကြားဘဲ ယခုလို ရောက်လာခြင်းမှာ တမင်တကာ အကြောင်းရှိ၍ ဖြစ်သည်။ သူမက





ခရစ္စတိုဖာကလေး၏ အခြေအနေကို ပကတိအတိုင်း မြင်တွေ့ချင်သော ကြောင့် ဖြစ်သည်။

သူမသည် ကားကို ကျောင်းရှေ့တွင် ရပ်ထားခဲ့ပြီးနောက် လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်။

ချက်ချင်းပင် ခပ်ကြီးကြီး ကျောင်းသားကလေး တစ်ယောက် ကျောင်းရှေ့သို့ ထွက်လာသည်။

“ဒေါက်တာဘားလက် ရှိသလား...ကလေး”

“ဟုတ်ကဲ့...ရုံးခန်းထဲမှာ ရှိပါတယ်။ ဒါပေမဲ့ သူ အခုပဲ အိမ်ပြန်ဖို့ လုပ်နေပြီ ခင်ဗျာ”

“ဒါဖြင့်...ဆရာကြီးကို ခဏ ပြောပေးပါကွယ်။ မစ္စက်ခရစ္စဝင်းတား လာပါတယ်လို့ ပြောပေးပါနော်”

ကျောင်းသားကလေး ပြန်ထွက်သွားပြီးနောက် လော်ရာသည် ဧည့်ခန်းဆောင်ထဲတွင် ရပ်စောင့် ကျန်ရစ်သည်။

မကြာမီတွင်ပင် သူမထံသို့ ဒေါက်တာဘားလက် ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည်ကို မြင်လိုက်ရသည်။ သူမကို မြင်လိုက်ရတော့ ဒေါက်တာ ဘားလက်၏မျက်နှာတွင် အံ့ဩရိပ်များ ဖြစ်ပေါ်သွားသည်။

“ဟဲလို... မစ္စက်ဝင်းတား။ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ဘာများ အကြောင်း ထူး ရှိလို့ပါလိမ့်”

“ဪ...အကြောင်းထူး မရှိပါဘူး ဆရာကြီး။ ကျွန်မ လမ်းကြုံတာနဲ့ ခရစ္စတိုဖာကလေး အခြေအနေ ဝင်ကြည့်တာပါ”

“ဪ...သူ့အခြေအနေလား။ သူ့အခြေအနေကတော့ သိပ်ကောင်း ပါတယ်ဗျာ။ သိပ်ကောင်းပါတယ်။ လာပါ။ ကြွပါ။ သူ့ကို ကျုပ် ခေါ်ခိုင်း လိုက်ပါ့မယ်”

“ဖြစ်နိုင်ရင် မခေါ်ပါနဲ့လား...ဆရာကြီး။ သူရှိတဲ့နေရာ ကျွန်မ သွား ကြည့်မယ်လေ။ သူ့ကို ကျွန်မက မမျှော်လင့်ဘဲ ရုတ်တရက် တွေ့ချင်လို့ပါ”

သို့ဖြင့် ဒေါက်တာဘားလက်က လော်ရာအား ဦးဆောင်ခေါ်လာခဲ့

သည်။ ခရစ္စတိုဖာကလေးအား စာကြည့်ဆောင်ထဲတွင် တစ်ယောက်တည်း တွေ့ကြရသည်။ သူသည် ပြတင်းပေါက် အနီးမှ ကုလားထိုင်တွင် ထိုင်၍ ဆည်းဆာ အလင်းရောင်ဖြင့် စာအုပ်ကြီးတစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှု နေသည်။

"ခရစ္စတိုဖာ...ဒီဘက်ကို လှည့်ကြည့်စမ်းပါဦး"

ဆရာကြီးက လှမ်းပြောလိုက်သည်။

ခရစ္စတိုဖာက စာအုပ်ပေါ်မှ မျက်နှာကိုခွာ၍ ခေါင်းမော့ကြည့်သည်။

သူ တော်တော်ပိန်နေသည်ကို လော်ရာက ချက်ချင်း သတိပြုလိုက်မိ သည်။ သို့ပေမဲ့ မတ်တတ်ရပ်လိုက်သောအခါမှ သူ့အရပ်လည်း တော်တော် ရှည်နေပြီ ဆိုသည်ကို သတိပြုလိုက်မိပြန်သည်။

"ဟင်...ကျွန်တော့်ဆီ လာတယ်"

သူက အံ့အားသင့် နေဟန်ဖြင့် အော်ပြောလိုက်သည်။ ထို့နောက် ခေတ္တမျှ တွေ့ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ လော်ရာထံသို့ ပြေးလာသည်။ ပြီးတော့ လော်ရာ့ပခုံးတွင် မျက်နှာအပ်ကာ ငိုပါလေတော့သည်။ လော်ရာ သူ့ကို လက်နှင့်ဖက်ထားပြီး ဒေါက်တာဘားလက်၏ မျက်နှာကို လှည့်ကြည့် လိုက်သည်။

"သူ ဒီမှာ နေရတာ မပျော်ဘူးလား...ဆရာကြီး"

ဆရာကြီး မဖြေမီတွင် ခရစ္စတိုဖာက ဝင်ဖြေလိုက်သည်။ သူ့ မျက်နှာကို မော့ကာ မျက်ရည်စက်လက်ဖြင့် ပြုံးရင်း...

"ကျွန်တော် ဒီမှာ ပျော်ပါတယ်...အန်တီ။ အန်တီ အခုလို လာတွေ့ ဝမ်းသာလွန်းလို့ မျက်ရည်ကျမိတာပါ"

"ဟုတ်ပါတယ်...မစ္စက်ဝင်းတား။ သူ ဒီမှာ နေရတာ ပျော်ပါတယ်။ ဒါပေမဲ့... တစ်ခါတလေ စိတ်ဓာတ်ကျမိတာကလေးတွေတော့ ရှိတာပေါ့ လေ...။ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံကလည်း သူ့အတွက် တစိမ်းနိုင်ငံ ပြီးတော့ မစ္စက်ဝင်းတားတို့ လင်မယားရဲ့ ဆက်ဆံပုံကလည်း စိမ်းသလို ဖြစ်နေတယ်ဆိုတော့..."





ခရစ္စတိုဖာကလေးသည် မည်သူမည်ဝါ ဖြစ်ကြောင်းကို လော်ရာတို့ လင်မယားက ဒေါက်တာဘားလက်အား လုံးဝ မပြောကြ။ သို့ပေမဲ့... ပညာရှိသော ဆရာကြီးကတော့ အခြေအနေကို အကဲခတ်၍ သိတန် သလောက် သိထားပြီး ဖြစ်လိမ့်မည်ဟု လော်ရာက တွေးမိသည်။ တကယ် တော့ ဆရာကြီးက ဘာမှ မမေးသောကြောင့် သူတို့ကလည်း အထွေအထူး ရှင်းပြနေစရာ မလိုတော့ဟု ယူဆထားခြင်းပင် ဖြစ်သည်။

ဆရာကြီးနှင့် နှစ်ယောက်ချင်း တွေ့ဆုံပြီး အဖြစ်မှန်ကို ပြောပြလိုက်ရ ကောင်းမည်လားဟု စဉ်းစားနေစဉ်တွင်ပင် ဆရာကြီးက စကားဆက် ပြောသည်။

"ခရစ္စတိုဖာ ငိုတာကို ဘယ်လိုမှ သဘောမထားပါနဲ့... မစ္စက် ဝင်းတား။ ကျုပ် အာရှနိုင်ငံ တော်တော်များများကို ရောက်ဖူးပါတယ်။ ဂျပန် ...တ်တုန်းကလည်း ဂျပန်မှာ တော်တော် ကြာကြာ နေခဲ့ပါတယ်။ အာရှ ...ကိုက်သားတွေ အနေနဲ့ မျက်ရည်ကျတာကို ဂုဏ်သိက္ခာ ကျစရာလို့ မထင် ...ကြပါဘူး။ အာရုံ ခံစားတတ်တဲ့ လက္ခဏာလို့ ယူဆကြတယ်။ အခု ခရစ္စတိုဖာ ...ကလည်း အဲဒီ လက္ခဏာ ရှိတာ တွေ့ရတယ်။ တကယ်တော့...သူ့အနေနဲ့ ...စားနေရတဲ့ ပြဿနာတစ်ခုခု ရှိတာကတော့ အမှန်ပါပဲ"

"ကျွန်မတို့ အဲဒီကိစ္စ ဆွေးနွေးကြရအောင်လား...ဆရာကြီး။ ဖြစ်နိုင် ...ရင် ဒီည ကျွန်မကို ဒီမှာပဲ တည်းခွင့် ပြုစေချင်ပါတယ်"

"အို...ဟုတ်ကဲ့။ ဖြစ်ပါတယ် မစ္စက်ဝင်းတား။ ကျုပ်တို့ ကျောင်းမှာ ...ကောင်းဆုံး ဧည့်ရိပ်သာ အဆင်သင့် ရှိပါတယ်။ ကဲ...ခရစ္စတိုဖာ... မစ္စက် ...င်းတားကို အရှေ့ဆောင်ကိုသာ တစ်ခါတည်း ခေါ်သွားတော့။ ပြီးတော့ ...စာ စားတော့လည်း မင်းနဲ့အတူ စားသောက်ဆောင်မှာပဲ စားလိုက်ကြပေါ့ ...ဟုတ်လား။ ကဲ...ခရစ္စတိုဖာနဲ့ပဲ လိုက်သွားပါတော့ မစ္စက်ဝင်းတား။ မစ္စက် ...င်းတားကလည်း သူ့ဆီကိုပဲ လာလည်တဲ့ ဧည့်သည် မဟုတ်လား"

ဒေါက်တာဘားလက် ပြန်ထွက်သွားသည်။ ခရစ္စတိုဖာက လော်ရာ ၏ လက်ကို တင်းတင်းဆုပ်ကိုင်ကာ ဆွဲညှိနေသော ကျောင်းသားအုပ်ကို ...တ်၍ ခန်းမဆောင်အတိုင်း လျှောက်လာခဲ့ကြသည်။

ထို႔ေနာက် အေရွ႕ဘက်သို႔ လှည့်၍ စင်္ကြံလမ်းအတိုင်း ဆက်လျှ
လာခဲ့ကြပြီး အခန်းတစ်ခန်းရှေ့ ရောက်သောအခါ ခရစ္စတိုဖာက တံခါ
ဖွင့်လိုက်သည်။ အခန်းမှာ ကျယ်ကျယ်ဝန်းဝန်းနှင့် ခမ်းနား သပ်ရ
ပြင်ဆင်ထား၍ နေချင့်စဖွယ် ကောင်းလှသည်။

လော်ရာသည် ဆိုဖာကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ပြီး ခရစ္စ
အား သူမအနီးသို့ ဆွဲကပ်လိုက်သည်။

"လာပါဦး သားရဲ့။ အန်တီ ကြည့်စမ်းပါရစေဦး။ သား ကြည့်ရ
အရပ်ရှည်ပြီး ပိန်သွားသလိုပဲ။ ဒါနဲ့ အစားအသောက်ရော ဝဝလင်
စားရပါရဲ့လား"

ခရစ္စတိုဖာက ရှက်စနိုးဟန်ဖြင့် ခေါင်းညိတ်ပြသည်။ ပြီးတော့
မျက်လုံးအစုံတွင် ရုတ်တရက် မျက်ရည်တွေ ဝဲလာကြပြန်သည်။ လော်ရ
ကလေး၏ အတွင်းစိတ်တွင် ခံစားနေရသော အခြေအနေကို နားလည်စွ
ဘာစကားမှ မပြောဘဲ ငြိမ်နေလိုက်သည်။ သို့သော် နောင်တွင် သည
အဖြစ်မျိုး မရှိစေရတော့ဟု သူမက တွေးလိုက်မိသည်။

"ကျွန်တော့်ဖေဖေ ဘယ်တော့လာမလဲ...ဟင်"

ခရစ္စတိုဖာက ကောက်ကာငင်ကာ မေးပါလေတော့သည်။

"လာမှာပေါ့ သားရဲ့။ သားဖေဖေ ခရစ္စမတ်ပွဲတော်အမီ လာမှာ
ခရစ္စမတ်ပွဲတော်အကြောင်း သားသိတယ် မဟုတ်လား"

ခရစ္စတိုဖာက ခေါင်းညိတ်ပြသည်။

"ဒါနဲ့ အန်တီ့ကို ပြောစမ်းပါဦးကွယ်။ ကဲ...ထိုင်ပါဦး"

သူမက အနီးမှ ကုလားထိုင်ကို ညွှန်ပြရင်း...

"ရေခဲပြင် လျှောစီးတာကိုရော သားသိသလား"

ခရစ္စတိုဖာက ကုလားထိုင်တွင် ဝင်ထိုင်သည်။

"လျှောစီးတာကိုတော့ သိပါတယ်။ စီးတော့ မစီးတတ်ပါဘူး"

"အေး...ဒါဆိုရင် စီးတတ်အောင် သင်ရမယ်နော်။ သားဖေ
လျှောစီး အလွန် တော်တယ်ကွဲ့။ အဲဒါ သူ့ အကြိုက်ဆုံး အားကစားနည





ခရစ္စမတ် ရာသီမှာ အန်တီတို့ လာတဲ့အခါ ဟိုတောင်တန်းတွေဆီ သားကို ခေါ်သွားပြီး လျှောစီးသင်ပေးမယ် သိလား။ ဒီက ကျောင်းသားကလေး အားလုံးလိုလို လျှောစီး ကျွမ်းကျင်ကြလိမ့်မယ်လို့ အန်တီ ထင်တယ်။ သားလည်း သားဖေဖေလို လျှောစီး ချန်ပီယံ ဖြစ်လာရမှာပေါ့ကွယ်။ အဲဒါ ဆိုရင် သား ပျော်မှာလား...ဟင်"

ခရစ္စတိုဖာက မျက်လုံးအရောင် တလက်လက်ဖြင့် ခေါင်းညိတ်ပြသည်။ လော်ရာ တော်တော်စိတ်ချမ်းသာ သွားသည်။ သူမက ဆက်ပြောသည်။

"အဲဒီတော့ အန်တီက သားအတွက် လျှောစီးသင် ဆရာကောင်း တစ်ယောက် ငှားပေးမယ်။ လိုအပ်တဲ့ ပစ္စည်းတွေလည်း အပြည့်အစုံ ဝယ်ပေးမယ် သိလား"

"အန်တီလည်း လျှောစီးတတ်သလား"

"တတ်တော့ တတ်ပါတယ်။ ဒါပေမဲ့ သားဖေဖေလိုတော့ မကျွမ်းကျင်ဘူးကွယ်"

ဤသို့ဖြင့် သူတို့ နှစ်ယောက်သည် တစ်နာရီ နီးပါးခန့် တရင်းတနှီး ပျော်ရွှင်စွာ စကား ပြောနေကြပြီးနောက် ညစာစားချိန် ခေါင်းလောင်းထိုးသံ ပေါ်ထွက်လာသဖြင့် စားသောက် ခန်းမဆောင်သို့ လာခဲ့ကြသည်။

စားသောက်ခန်းထဲ ရောက်သောအခါ ခရစ္စတိုဖာသည် လော်ရာအား စားပွဲတစ်လုံးတွင် နေရာချထားခဲ့ပြီးနောက် သူက တခြား စားပွဲတစ်လုံးသို့ သွားကာ မိတ်ဆွေ ကျောင်းသားကလေးတွေနှင့်အတူ ထိုင်ပြီး စကား တပြောပြောဖြင့် မြိန်မြိန်ရှက်ရှက် စားသောက်နေသည်။ သည်အဖြစ်ကို မြင်ရသောအခါ လော်ရာက ခင်ပွန်းသည်၏ လျှို့ဝှက်ဖြစ်ရပ်ကို ကျောင်းအုပ်ကြီးအား မပြောပြတော့ရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။ သူမအနေဖြင့် သည်ဖြစ်ရပ်ကို ဘယ်လိုလုပ် ရှင်းပြရပါမည်နည်း။ ဘာပဲဖြစ်ဖြစ် မိမိ ခင်ပွန်းသည် အပေါ်တွင် သစ္စာစောင့်သိရမည့် တာဝန်သည် သူမ၏ အဓိက တာဝန်ပင် မဟုတ်ပါလား။

ညဦးပိုင်းတွင် လော်ရာသည် ရေချွတ်တိုဖာနှင့်အတူ ကျောင်းပြဇာတ် သွားကြည့်သည်။ ပြဇာတ်မှာ ကျောင်းသားကလေးများ ကိုယ်တိုင် ပါဝင် ကပြသော ဟာသပြဇာတ်ဖြစ်သည်။ ရေချွတ်တိုဖာက တစ်ချိန်လုံး တဟားဟား နှင့် ရယ်နေသည်ကို ကြည့်၍ လော်ရာက အလွန် သဘောကျနေမိသည်။

ပြဇာတ်ပြီးသောအခါ လော်ရာက ရေချွတ်တိုဖာအား သူ၏ အခန်းသို့ ခေါ်လာပြီး အိပ်ရာဝင် နှုတ်ဆက်စကား ပြောသည်။

"ကဲ...မနက်စာ စားပွဲကျတော့ ထပ်တွေ့ကြတာပေါ့ ဟုတ်လား၊ အဲဒီနောက်တော့ အန်တီလည်း သားဖေဖေဆီ ပြန်သွားရဦးမယ်"

လော်ရာ၏ စကားကြောင့် ရေချွတ်တိုဖာ၏ ရွှင်နေသော မျက်နှာသည် ရုတ်ခြည်း ညှိုးကျသွားသည်။

ထို့နောက် ဂွတ်နိုက်...မေမေဟု နောက်ဆုံး နှုတ်ဆက်ကာ ဦးညွှတ် အရိုအသေ ပေးပြီး နေရာမှ ပြန်လည် ထွက်ခွာသွားတော့သည်။

လော်ရာက စင်္ကြံလမ်းအတိုင်း လျှောက်ထွက်သွားသော ရေချွတ်တိုဖာ ကလေးအား ရပ်ကြည့်ကျန်ရစ်ပြီး စင်္ကြံလမ်းချိုး ကွယ်သွားသောအခါတွင်မှ မျက်နှာလွှဲကာ အခန်းတံခါးကို ပိတ်လိုက်လေသည်။

*

"တကယ်တော့ ကလေးကို ကျွန်မ တမင် တွေ့ချင်တာနဲ့ သွားတွေ့တာပါ မောင်။ အဲဒီလို တွေ့ချင်တာကလည်း သူ ကျောင်းမှာ ပျော်ရဲ့လား။ အဆင်ပြေ အနေ ကောင်းရဲ့လားဆိုတာ သိချင်လို့ပါ။ ဒီကိစ္စဟာ ကျွန်မ ရင်ထဲမှာ ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုကို လွယ်ထားရသလို ထင်နေတယ်။ ဒီပြဿနာကို မောင်နဲ့ ကျွန်မတို့ လုံးဝ မရှင်းနိုင်သေးပါဘူး။ ဒါကို မောင်လည်း သိပြီးသား ပါ"





နောက်တစ်နေ့တွင် လော်ရာသည် သန်းခေါင်လောက်မှ အိမ်သို့ နောက်ကျပြီး ပြန်ရောက်လာသည်။ ရေချွတ်သည် သတင်းစာတွေ တစ်စောင်ပြီး တစ်စောင်ဖတ်ရင်း ဧည့်ခန်းတွင် ထိုင်စောင့်နေသည်။

ယခုတော့ ရေမိုးချိုးပြီး အဝတ်အစားလဲကာ အပေါ်ထပ် လသာ ဆောင်တွင် လင်မယားနှစ်ယောက် အအေးသောက်ရင်း စကားပြောနေကြပြီ။

"အဲဒီလို မင်း တစ်ယောက်တည်း ဘာကြောင့် သွားတွေ့ရသလဲ ဆိုတာ ငါတော့ လုံးဝ သဘောမပေါက်ဘူး လော်ရာ"

သူ့အသံက နည်းနည်း မာသည်။ သူ သဘောမတူကြောင်း သိသာ သည်။

"မတော်လို့ လမ်းမှာ မင်း အန္တရာယ် တစ်ခုခုဖြစ်ရင် ဘယ်လို လုပ်မလဲ။ ငါ့အနေနဲ့ ဘယ်လိုလုပ်ပြီး လိုက်ရှာရမလဲဆိုတာ စဉ်းစားလို့တောင် မရဘူး။ ဒီအတိုင်းဆို ဓာတ်ခွဲခန်းမှာလည်း မင်း ဘယ်သွားတယ်ဆိုတာ မှာထားခဲ့ပုံ မရဘူး။ ဟုတ်ပါတယ်။ မင်း မမှာထားခဲ့ပါဘူး။ ဒီနေ့ မနက်ပိုင်း ဒေါက်တာ ဗီလတန်က မင်းဆီ ဖုန်းလှမ်းဆက်တာဟာ မင်း သူ့ကို ဘာမှ မပြောခဲ့လို့ ဆက်တာပေါ့။ တကယ်လို့သာ မနေ့ညက မင်း ငါ့ဆီ မဆက်ခင် သူကသာ အရင်ဆက်မယ် ဆိုရင်တော့ မင်းအတွက် စိတ်ပူပြီး ငါ ခေါင်းမီး တောက်ရမှာ သေချာတယ်။ ခုခေတ်က သိပ်ပြီး အန္တရာယ်များတယ် လော်ရာ။ မင်း လုပ်ပုံ မနိပ်သေးပါဘူး"

"ကျွန်မ သူနဲ့ သွားတွေ့မယ်ဆိုတာ မောင့်ကို ပြောသင့်တယ်ဆိုတာ ကျွန်မ စဉ်းစားမိပါတယ်။ ဒါပေမဲ့ မပြောဖြစ်ခဲ့တာတော့ ကျွန်မ အပြစ်ပါပဲ။ ကျွန်မ သူ့ကို သိပ်ပြီး တွေ့ချင်လွန်းလို့ပါ"

"ဘာဖြစ်လို့ တွေ့ချင်တာလဲ"

"ကျွန်မ သူ့ကို မမေ့နိုင်လို့ပါ"

"ပြဿနာက မပြီးပြတ်သေးဘူး...လော်ရာ"

"မပြီးပြတ်သေးလို့ ပိုဆိုးတာပေါ့။ ဒီကိစ္စကို ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင်လုပ်ဖို့ ကျွန်မတို့မှာ တာဝန်ရှိနေတယ်...မောင်"

ခရစ္စက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"သူက ငါနဲ့ မတွေ့ခဲ့ရင်လည်း အကောင်းသား"

"သူက မောင်နဲ့ တွေ့နေတယ်။ အနေးနဲ့အမြန် အဖြစ်မှန် ပေါ်လာလိမ့် မယ်။ ဘယ်လိုမှ ရှောင်လို့ မရဘူး"

"အဲဒီတော့...ငါ ရွေးကောက်ပွဲနိုင်ပြီးမှ ရှင်းကြရင် မဖြစ်ဘူးလား"

"အဲဒါဆိုရင် ပိုဆိုးသထက် ဆိုးသွားလိမ့်မယ်။ ပြည်နယ်အုပ်ချုပ် ရေးမှူးရဲ့ အပုပ်အရွပ်ဆိုပြီး ကျော်မကောင်း ကြားမကောင်း ဖြစ်သွားလိမ့် မယ်။ ဒီမှာ...မောင်။ မောင့်အဖြစ်က ပါးစပ်ထဲက အစာ မျိုမချနိုင်သလို ဖြစ်နေတယ်။ မထူးပါဘူး။ မျိုသာ ချလိုက်ပါ။ ဒီကလေးကို ဒီအတိုင်း တချောင်ချောင်မှာ ဝှက်ထားလို့ မဖြစ်ဘူး။ မောင့်ရဲ့ ဂုဏ်သိက္ခာက အရေးကြီး သလား။ ဒီကလေးက အရေးကြီးသလားဆိုတာ တစ်ချိန်ချိန်မှာ မောင် အပြတ် ဆုံးဖြတ်ရလိမ့်မယ်"

ခရစ္စ၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် သူက မူ ကိုယ်သူ ကာကွယ်သည်။

"ပြဿနာက ဒီအဆင့်ထိ မရောက်သေးပါဘူး။ ဟုတ်ပါတယ်။ ငါ့အနေနဲ့ သားကလေး တစ်ယောက် လိုချင်ပါတယ်။ ဒီဆန္ဒ အမြဲတမ်း ရှိနေတာ မှန်ပါတယ်။ တကယ်လို့ ငါ့အနေနဲ့ သာမန်ပြည်သူ တစ်ယောက် သာ ဆိုရင် ဒီကလေးကို စုချက်ချင်း ကောက်မွေးလိုက်မှာပဲ။ စုချက်ချင်း တရားဝင် သားအဖြစ် ကြေညာလိုက်မှာပဲ။ ငါ့ရဲ့ ကျော်ကြားမှု။ ငါ့ရဲ့ ဂုဏ် သိက္ခာကို လုံးဝ ငဲ့မနေတော့ပါဘူး။ ဒီအခြေအနေကို မင်း သဘောပေါက်ရဲ့ လား"

သူ့အသံတွင် ဒေါသရိပ် နည်းနည်းပါနေသည်ကို လော်ရာ သတိပြု သည်။

"ဟုတ်ပါတယ်။ ကျွန်မ သဘောပေါက်ပါတယ်။ မောင်က အာဏာ ကို မက်နေတယ်။ အာဏာ လိုချင်နေတယ်။ အာဏာ ရလာရင်လည်း မောင်က အာဏာကို ကောင်းကောင်း အသုံးချတတ်မှာပါ။ ဒီအချက်ကို





တခြား လူထက် ကျွန်မက ပိုသိပါတယ်။ ဟုတ်ပါတယ်။ မောင်က အာဏာ ရရင် အပျော်လုံး ဆို့နေမယ့်လူပါ။ ဒါကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဘာကြောင့် ...ကာဖြစ်လို့လဲဆို..."

"တော်ပါ လော်ရာ။ တော်ပါ..."

ခရစ္စက စိတ်မရှည်သလို လက်ကာပြလိုက်သည်။

"ဟုတ်ပါတယ်။ ငါ ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်နယ်လူထုအတွက် ပြည်နယ် အုပ်ချုပ်ရေးမှူး ကောင်း တစ်ယောက် ဖြစ်ချင်လို့ပဲ။ ဒါဟာ ငါ့ကိုယ်ကျိုးအတွက် မဟုတ်ပါ ဘူး။ နိုင်ငံရေး ပတ်သက်လို့ လုပ်ရပ် မှားတွေကို ငါ မြင်နေရတယ်။ အဲဒီ အမှားတွေကို ငါ့အနေနဲ့ အမှန်ရောက်အောင် လုပ်နိုင်လိမ့်မယ်လို့ ယုံကြည် တယ်။ ဒါကြောင့် ငါ ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်ချင်တယ်။ ပြီးတော့လည်း ဖြစ်နိုင်ရင် ဖြစ်နိုင်အောင်လည်း ကြိုးစားဖို့ ရည်ရွယ်ထားတယ်။ အမေရိကန် ပြည်ထောင်စုရဲ့ သမ္မတအထိ ငါ ဖြစ်ချင်တယ်။ အဲဒါလည်း ကျော်ကြားမှုကို လိုချင်လွန်းလို့ မဟုတ်ပါဘူး။ တိုင်းပြည်အတွက် တိုးတက်ရေး လုပ်ငန်းတွေ ကို ထိထိရောက်ရောက် ဦးဆောင် လုပ်ကိုင် ကြည့်ချင်လို့ပါ။ ဒါ ငါ့စိတ်ထဲ ရှိတာကို အမှန်အတိုင်း ပြောတာပါ။ ဒီတော့ ငါ့ ရည်ရွယ်ချက် အောင်မြင်ဖို့ အတွက် ပြည်သူတွေရဲ့ အကူအညီကို အများကြီး လိုအပ်တယ်။ မင်း အပါအဝင် လူအများစုကြီးရဲ့ အကူအညီကိုရမှ ဖြစ်နိုင်မယ် လော်ရာ"

သူက ဓာတ်မျှ စကားကို ရပ်လိုက်သည်။ ပြီးတော့မှ အားနှင့်မာန်နှင့် ဆက်ပြောသည်။

"ငါက ငါ့ကိုယ်ငါလည်း ယုံကြည်တယ်။ ငါ့ ရည်ရွယ်ချက်ဟာ မှန်မြတ်တယ်ဆိုတာကိုလည်း ငါ သိတယ်။ ငါဟာ လူတစ်ယောက်အနေနဲ့ တိုင်းပြည်အတွက် လုပ်နိုင်တာကို ကြီးကြီးကျယ်ကျယ် လုပ်ခဲ့ချင်တယ်။ ဟုတ်တယ်။ ငါ လုပ်ကို လုပ်ရမယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီနေ့ ရင်ဆိုင် နေရတဲ့ နိုင်ငံရေး ပြဿနာတွေရဲ့ အဖြေကို ငါ သိထားတယ်လို့ ငါ ယုံကြည် တဲ့ အတွက်ကြောင့်ပါပဲ။ အဲဒီတော့...မင်းကို ငါ မေးပါရစေ။ ငါ့အနေနဲ့ ကိုရီးယားမှာ အမှားတစ်ခု ကျူးလွန်ခဲ့မိတာကြောင့် ဒီလုပ်ရပ်တွေအားလုံး

ရေထဲမျှောပစ်လိုက်ရတော့မှာလား။ ငါ့ဘဝကို ရေစုံမျှောလိုက် ရတော့မှာ လား။ တိုင်းပြည်အတွက် ရည်မှန်းချက်တွေကို စွန့်လွှတ် လိုက်ရတော့မှာ လား"

သူက လရောင် ဆမ်းထားသော လော်ရာ၏ မျက်နှာကို စေ့စေ့ကြည့်ကာ အဖြေကို စောင့်နေသည်။ သို့သော် လော်ရာက ဘာမှ ပြန်မပြော။ သူ့ မျက်နှာကိုသာ ငေး၍ ပြန်ကြည့်နေသည်။ ခရစ္စက ဆက်ပြောပြန်သည်။

"ငါ့အဖြစ်က မလွယ်ပါဘူး...လော်ရာ။ ငါကိုယ်ငါ တိုက်ပွဲမှာ ကျသွားပါစေလို့ ဆုတောင်းခဲ့ရတဲ့အထိ ငါ စိတ်ဆင်းရဲခဲ့ရတယ်။ ပတ်ဝန်း ကျင်ကို ကြည့်လိုက်ရင် စိတ်ညစ်စရာ မြင်ကွင်းတွေကိုပဲ မြင်နေရတယ်။ စိတ်ညစ်စရာ အကြောင်းတွေကိုပဲ ကြားနေရတယ်။ အဲဒီ အချိန်မှာ မင်း တခြား တစ်ကမ္ဘာမှာ ရှိနေတယ်။ ငါဟာ အထီးကျန် အဖော်မဲ့တဲ့ ... ရောက်ပြီး စိတ်ဓာတ်တွေ အကြီးအကျယ် ကျနေတယ်။ အဖော်ကောင်း တစ်ယောက်ကို နီးနီးကပ်ကပ် အလွန် လိုအပ်နေတယ်။ အမှန်အတိုင်း ပြောရရင် ရိုးသားဖြူစင်တဲ့ မိတ်ဆွေကောင်းကို ငါ သိပ်ပြီး တောင့်တ တယ်။ ဒီအခြေအနေမျိုးမှာ ငါလည်း တခြား အမေရိကန်လူငယ် စစ်သား ကလေးတွေနဲ့ ဘာမှ မထူးခြားပါဘူး။ ဒါပေမဲ့ ငါက အပေါစား မိန်းကလေး ဆီတော့ မသွားပါဘူး။ ဒါကိုတော့ ငါ အဝေးက ရှောင်ခဲ့တာ အမှန်ပါ။ တကယ်လို့ ဆွန်ယာနဲ့သာ မတွေ့ခဲ့ရင် ငါ ဘယ်သူနဲ့မှ တွဲခဲ့မှာ မဟုတ်ပါ ဘူး။ ငါ့ဘာသာ ငါ တစ်ယောက်တည်းပဲ ဖြစ်သလို နေနေခဲ့မှာပါ။ ဆွန်ယာကလည်း ငါ့လိုပဲ အထီးကျန် တစ်ယောက်တည်း ဖြစ်နေတဲ့ မိန်းကလေး။ သူ့ကို ငါ ကပွဲမှာ တွေ့ရပေမဲ့ သူက အပေါစား မိန်းကလေး မဟုတ်ပါဘူး။ သူဟာ ဒီလုပ်ငန်းနဲ့ အသက်မွေး နေရပေမဲ့ မင်းမြင်ရ... အတိုင်း တန်ဖိုးရှိတဲ့ မိန်းကလေး တစ်ယောက်ပါ။ သူ့ အရည်အချင်းကို မင်းလည်း သိပါတယ်။ သူက ငါ့ကို တကယ်လည်း ချစ်ပါတယ်။ ... အနေနဲ့လည်း သူ့ကို တကယ် လိုအပ်ခဲ့ပါတယ်။ ငါဟာ ဆွန်ယာ့ကို အပေါ စား မိန်းကလေး တစ်ယောက်လို့ လုံးဝ မထင်ခဲ့ဘူး။ သူက အသက် ... တယ်။ အခြေအမြစ် မရှိဘူး။ အိမ်ခြေရာခြေ မရှိဘူး။ ဒါပေမဲ့... အဲဒီအချိန်





သူ့ကို အပေါစားလို့ သတ်မှတ်လို့ မရပါဘူး။ ဒါပေမဲ့... မင်းနဲ့ ယှဉ်ရင်တော့ အလကားပါပဲ...အလကားပါပဲ။ ဘာမှ ယှဉ်လို့ မရပါဘူး"

လော်ရာ၏ ရင်ထဲတွင် ဆို့နင့်နင့် ခံစားလာရသည်။ သို့သော် သူမက ဘာမှ မပြော။ မလှုပ်မယှက် ငြိမ်သက်စွာဖြင့်သာ နားထောင်မြဲ ထောင်နေ သည်။

"ဒီလိုနဲ့... ကလေး မွေးလာတယ်။ ဒါဟာ မရှောင်မလွှဲသာမှ နောက်ဆုံးအဆင့်အဖြစ် ငါ လိုချင်တဲ့ အရာပါ။ ကလေး ရလာတော့ ငါ အကြီးအကျယ် တုန်လှုပ်သွားမိတယ်။ ကိုယ့်ကိုယ်ကိုယ် ပြစ်မှုကြီးတစ်ခု ကျူးလွန်သွားမိသူလို့လည်း ထင်လာမိတယ်။ ကလေး လိုချင်တဲ့စိတ် တစ်ခါတလေ ဖြစ်ပေါ်ခဲ့မိတယ်ဆိုတာ ငါ ဝန်ခံပါတယ်။ ဒါပေမဲ့ ဒီကလေး ကိုတော့ ငါ့ရင်သွေးကလေးလို့ လုံးဝ မထင်ခဲ့ဘူး။ ဒီကို ခေါ်လာဖို့ ဆိုတာကို လည်း ငါ အိပ်မက်တောင် မမက်ခဲ့ပါဘူး။ သူက ကိုရီးယားမှာ မွေးတယ်။ သူဟာ ကိုရီးယား နိုင်ငံနဲ့ပဲ ပတ်သက်တယ်။ အဲ...ငါ့အနေနဲ့ ဝမ်းသာချင် သလိုလို ဖြစ်ခဲ့တာ တစ်ချက်တော့ ရှိတယ်။ ဆွန်ယာ့မှာ သားကလေး ရတာတဲ့ အတွက် သူ့ကို ပြုစုစောင့်ရှောက်ဖို့ လူတစ်ယောက် ရလာပြီဆိုပြီး ငါက တစ်နည်းအားဖြင့် ဝမ်းသာမိခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါက သူနဲ့အတူတူ တစ်သက်လုံး မနေနိုင်ဘူး။ ကိုယ့်နိုင်ငံ ပြန်ရမယ်။ မင်းဆီ ပြန်ရမယ် မဟုတ်လား"

သူက စကားရပ်၍ လော်ရာထံမှ တုံ့ပြန်ချက်ကို မျှော်သည်။ သို့သော် လော်ရာက ဘာမှ မပြော။ သည်တော့မှ သူက ဆက်ပြောပြန်သည်။

"ဒီအကြောင်း တခြား မိန်းမတစ်ယောက်ကို ပြောပြရတာ တော်တော် ခက်ခဲတဲ့ အလုပ်ပဲ။ ဒါကြောင့်မို့လို့လည်း ရောက်စက မင်းကို ငါ မပြောဖြစ် ခဲ့ရတာပါ။ မင်းကို ငါ အများကြီး ချစ်ပါတယ်...လော်ရာ။ မင်းရဲ့အလှ။ မင်းရဲ့ အသိဉာဏ်ဟာ ဘယ်သူနဲ့မှ ယှဉ်လို့ မရပါဘူး။ ဒါကြောင့်လည်း ငါဟာ ဆွန်ယာနဲ့ သူ့ သားကလေးကို လုံးဝ ဂရုမစိုက်ဘဲ နေနိုင်ခဲ့တာပေါ့။ ငါက သူ့ကို ဘာကတိမှ မပေးခဲ့ပါဘူး။ သူ လိုချင်တာကို ငါက ပေးခဲ့တယ်။

ငါလိုချင်တာကို သူက ပေးခဲ့တယ်။ ဒီလောက်ပါပဲ။ အတိတ်ဟာ အတိ
ကျန်ခဲ့ပါပြီ။

"ဒါပေမဲ့ တခြားလူတွေက ဒီအခြေအနေတွေကို ဘယ်လို နားလ
နိုင်ပါ့မလဲ။ ပြည်နယ် အုပ်ချုပ်ရေးမှူး ဖြစ်ချင်တဲ့ လူတစ်ယောက်။ တ
ရင် သမ္မတအထိ ဖြစ်ချင်တဲ့ လူတစ်ယောက်ရဲ့ ဘဝကို စာနာ
နားလည်တဲ့လူ ဘယ်နှယောက် ရှိပါ့မလဲ။ လူတွေက တော်တော် ရက်
ကြတယ်။ လိုတစ်မျိုး မလိုတစ်မျိုး။ တရားမျှတမှုဆိုတာ လုံးဝ မ
တော့ဘူး။ အဲဒီတော့ ငါ့အနေနဲ့ သူတို့ရဲ့ သားကောင်ဘဝမျိုးကို ဘ
အရောက်ခံတော့မှာလဲ။ ငါ့ဘဝ ဘာလို့ အပျက်ခံတော့မှာလဲ"

လော်ရာက သူ့စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်။ သို့
ယခုအချိန်တွင် ခရစ္စက သူမ တစ်ယောက်တည်းကိုသာ ပြောနေ
မဟုတ်ကြောင်း သူမ သဘောပေါက်သည်။ သူက သူ ရင်ဆိုင်နေရ
ပြဿနာကို မမြင်ရသော နံ့သမာဓိ ရုံးတော်တွင် ထုချေ လျှောက်လဲနေ
ဖြစ်သည်။ ပြည်သူတွေထံ တင်ပြနေခြင်း ဖြစ်သည်။ တစ်ကမ္ဘာလုံး
တင်ပြနေခြင်း ဖြစ်သည်။

သူ့ခံစားချက်ကို လော်ရာ နားလည်ပါပြီ။ သို့သော် သူမက
ပြန်မပြော။

သူမသည် နေရာမှ ထကာ ခရစ္စ အနီးသို့သွားပြီး သူ့ဘေး
ဒူးထောက် ထိုင်ချလိုက်သည်။ ပြီးတော့ ခရစ္စ ရင်ခွင်တွင် ခေါင်းအ
ဖက်ထားလိုက်သည်။

သူမရင်သည် တဖျပ်ဖျပ် ခုန်လာသလို ခံစားရသည်။

*





ပြောင်းအလွဲ များစွာဖြင့် နေ့ရောညပါ အငြိမ်မနေရဘဲ ရက်တွေ လတွေ
ကုန်လွန်သွားခဲ့သည်။ ထိုကာလအတွင်း လော်ရာသည် ခြေကုန်လက်ပန်း
ကျကာ စိတ်မောလူမော ဖြစ်ခဲ့ရသည်။ တစ်ခါတလေများ ငါ တခြား
တစ်နိုင်ငံကိုများ ရောက်နေသလား။ လူတွေမြင်ရတာလည်း တစိမ်းတွေလိုပဲ။
သူတို့ ပြောတာဆိုတာတွေကိုလည်း ငါ ဘာမှ နားမလည်ဘူး... ဟူ၍ပင်
တွေး ဝင်ခဲ့မိသည်။

သူမသည် မပြုံးချင်ဘဲလျက်လည်း ပြုံးခဲ့ရသည်။ လူပေါင်း များစွာ
နှင့် လက်ဆွဲနှုတ်ဆက်ရသောကြောင့် သူမ၏လက်မှာ ယခင်ကထက်
သွားသလိုပင် ထင်ခဲ့ရသည်။ သူမ ကျင်လည်နေရသော ဘဝကား သူမ
နှင့် ဘယ်လိုမှ မပတ်သက်သော ဘဝပါတကား။

သူမနှင့် ခရစ္စတို့သည် စာတ်ဆောင်တွေ ဖြစ်နေကြသည်။ ပျော်တော်
ကော်တွေ ဖြစ်နေကြသည်။ အဝတ်အစားတွေ မကြာခဏ လဲကြရသည်။
နေ့ရောညပါ ဓာတ်ပုံတွေ အရိုက်ခံကြရသည်။

သို့ပေမဲ့...ခရစ္စကတော့ တစ်စက်ကလေးမျှ အပြုံးမပျက်။ သူ့မျက်နှာ
သူ့ အမူအရာတွင် ပင်ပန်းရိပ်လည်း နိုးစဉ်းမျှ မထင်။ သူသည် အလွန်
အားတက်နေသည်။ အလွန် ပျော်ရွှင်နေသည်။

သူက တိုင်းရေးပြည်ရေး။ ကမ္ဘာ့အရေးနှင့် ပတ်သက်သော မိန့်ခွန်း
တွေကို တစ်ပွဲပြီး တစ်ပွဲ မမောတမ်း ဟောပြောနေသည်။ သူသာလျှင်
ပြည်သူတွေ အားကိုးလောက်သော ပြည်နယ် အုပ်ချုပ်ရေးမှူးကောင်း
ဖြစ်ကြောင်း သက်သေ သာဓကတွေ ထုတ်ပြနေသည်။

ခေတ်ကလည်း ခေတ်ဆိုးကြီး။ တစ်ကမ္ဘာလုံး တင်းမာမှုတွေ ပေါ်
ပေါက်နေကြသည်။ အရှေ့တောင် အာရှတွင် စစ် ဖြစ်နေသည်။ တိုးတက်စ
နိုင်ငံများ အချင်းချင်း ရန်စောင်နေကြသည်။ နေရာတကာတွင် စစ်ကိုဦးတည်
နေသော တင်းမာမှုတွေ ပေါ်ပေါက်နေကြသည်။

"မောင်...ခေတ်ကြီးကလည်း မကောင်းပါလား။ ဒီခေတ်မှာမှ ကျွန်မ
တို့ လူလာဖြစ်ရတာ သိပ်ကံဆိုးတာပဲ...နော်"

တစ်ညတွင် လော်ရာက လင်တော်မောင်အား ညည်းပြော ပျု

သည်။

“ဘယ်နှယ် အစိပ္ပာယ် မရှိတာ။ ဒီခေတ်မှ စိတ်ဝင်စားဖို့ ကောင်း ...လော်ရာ။ ဒီခေတ်မှာ လူသားတွေအတွက် အကောင်းဆုံး အလုပ် လုပ်နိုင်မှာ”

“လုပ်နိုင်မယ့် အခြေအနေတွေက ပေးနေတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီပြည်သူတွေကို ဘယ်လို လုပ်ပြီး စည်းရုံးလို့ ရနိုင်ပါ့မလဲ”

“ရနိုင်အောင် စည်းရုံးရင် ရနိုင်ရမှာပေါ့။ ပြည်သူတွေက အ မဟုတ်ပါဘူး။ ခေါင်းဆောင်သာ အဓိကပါ။ ငါကလည်း ပြည်သူတွေ ခေါင်းဆောင် ခေါ်ယူသွားဖို့ကိုပဲ ရည်ရွယ်တယ်။ တစ်ဆင့်စီ တစ်ဆင့်စီ ကိုယ်လိုချင်တဲ့ နေရာကို ခေါ်သွားရမှာပေါ့”

“ဘယ်လို ခေါ်သွားမှာလဲ”

“ပြည်သူတွေက အုပ်စုတွေကွဲပြီး စည်းရုံးရေးပျက်ပြားနေကြတယ်။ တို့ ဘာလူမျိုးလဲ ဆိုတာ မေ့နေကြတယ်။ အဲဒါကို တစ်သွေးတစ်သံတည်း တစ်လုံးတစ်စည်းတည်းဖြစ်အောင် စည်းရုံး ယူရမယ်။ မယုံရင် မင်း စောင့် ကြည့်စမ်းပါ။ ငါသာ အာဏာရလာရင်...တကယ် တော်တဲ့ အာဏာရှင် ဖြစ်လာမှာ သေချာပါတယ်”

သူက ပြောပြီး ပြုံးနေသည်။

“ဒီစကားကို လူထုရှေ့မှာတော့ ကျေးဇူးပြုပြီး မပြောလိုက်ပါနဲ့ မောင်ရယ်”

လော်ရာကလည်း ပြုံးနေသည်။

“လောကမှာ ပြောသင့်တဲ့ အချိန်။ မပြောသင့်တဲ့ အချိန်ဆိုတာ ရှိ တယ်... လော်ရာ။ ငါက မပြောသင့်တဲ့ စကားကို မပြောသင့်တဲ့ အချိန်မှာ သွားပြောရလောက်အောင် မမိုက်သေးပါဘူး။ အခုအချိန်မှာ ငါက မျိုးချစ် စိတ် သဘောတရားတွေကိုပဲ ဟောပြောနေတယ်။ အာဏာ ရသွားပြီ နောက်မှာ ဒီသဘောတရားကို အသေးစိတ် ရှင်းပြမယ်။ လက်တွေ့ အကောင် အထည် ဖော်ပြမယ်”





တစ်နေ့ထက် တစ်နေ့ ရွေးကောက်ပွဲ ကျင်းပရန် အချိန် နီးကပ်လာ သည်နှင့်အမျှ သူတို့ အားလုံး အကြောက်ဆုံး အချက်ကတော့ ဘယ်က လာမှန်း မသိသော အပုပ်ချ အတင်းစကားများပင် ဖြစ်သည်။ သမ္မတ ဟာဒင် အကြောင်းနှင့် ပတ်သက်၍ သူမ၏ဖခင် ပြောဖူးသည်ကို လော်ရာ ရုတ်တရက် သွား၍ သတိရမိသည်။ ဟာဒင် သမ္မတလောင်းအဖြစ် အရွေးခံ တော့ ပြိုင်ဘက် ရန်သူများက ဟာဒင်သည် အမေရိကန်လူမျိုး မစစ်။ ကပ္ပလီ သွေး ပါသည်ဆိုကာ အပုပ်ချ သတင်းလွှင့်ခဲ့ကြသည့်အကြောင်း ဖြစ်သည်။ ဤသည်မှာ လွန်ခဲ့သော မျိုးဆက် နှစ်ဆက်ကာလက ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်...။ သို့သော် လူမျိုးမစစ်မှုနှင့် ပတ်သက်၍ နိုင်လိုမင်းထက် ပြုမှုများမှာ ယနေ့ခေတ်တွင်လည်း ဆိုးရွားစွာ တည်ရှိနေဆဲပင် ဖြစ်သည်။

ပြီးတော့...သမ္မတ ဂရိုဗာ ကလီးဗ်လင်း ကိစ္စလည်း ရှိသေးသည်။ သူ့ ပြဿနာက ရေရှူပြဿနာနှင့် ထပ်တူထပ်မျှလို ဖြစ်နေသည်။ ကလီးဗ် လင်းသည် တရားမဝင် ရခဲ့သော သားကလေးကို လူသိရှင်ကြား ကြော်ငြာပြီး ရွေးကောက်ပွဲ ဝင်ခဲ့သည်။ သူ့ကို တိုင်းပြည်က သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခဲ့သည်။

သို့သော် ကလီးဗ်လင်းအား ပြည်သူတွေက ခွင့်လွှတ်နိုင်သော်လည်း ရေရှူကိုကျတော့ ခွင့်လွှတ်နိုင်ကြမည် မဟုတ်။ အကယ်၍ သူ့တွင် တရား မဝင်သော ကိုရီးယားကပြား သားကလေး တစ်ယောက် ရှိနေသည် ဆိုတာကို ဆန့်ကျင်ဘက် အုပ်စုက သိသွားခဲ့လျှင် သည်ပြဿနာသည် ဒိုင်းနမိုင်း ပေါက်ကွဲသလို ဝုန်းခနဲ ဖြစ်လာနိုင်သည်။

သည်အကြောင်းကို တွေးမိသောအခါ လော်ရာမှာ စိတ်ထဲက ကျိတ် ပြီး အကြီးအကျယ် ပူနေမိတော့သည်။

သူမသည် ရေရှူတို့ဇာကလေး ထံသို့လည်း နောက်ထပ် မသွားတော့။ သတင်းဦး သတင်းထူးကို ကတွတ်ပေါက်က ဖျိုင်းစောင့်သလို စောင့်နေကြ သော သတင်းစာဆရာများ သတင်းနံ့ မရနိုင်အောင် လိပ်စာနှင့် လက်မှတ် မပါသော ပို့စကတ်များကိုသာ အခါအားလျော်စွာ ပို့နေရတော့သည်။

*

ဆောင်းဦးပေါက် ရာသီသို့ နီးကပ်လာခဲ့ပြီ။ မကြာမီတွင် နိဝင်ဘာလ ... ရောက် လာပေတော့မည်။

မြေပြင်တွင် ဆီးနှင်းတွေ ဖုံးလွှမ်းနေပြီ။ သစ်ရွက်တွေ ဝါကြန့်လာ... ပြီး စိမ့်အေးသော လေထဲတွင် ပျံ့ဝဲနေကြပြီ။

ရာသီတွေ ပြောင်းလာသလို ခရေစ္စ၏ အခြေအနေကလည်း ပြောင်း... လာသည်။ သူ့ အမူအရာသည် ယခင်ကလို ကြည်ကြည်ရွှင်ရွှင် မရှိ... သည်ကို လော်ရာ သတိပြုလာမိသည်။ သူသည် ရွေးကောက်ပွဲ မန်နေ... ဘာမင်းနှင့် ခေါင်းချင်းရိုက်ကာ နေထွက်မှသည် သန်းခေါင်ချိန် တိုင်... အလုပ်တွေ ဖိလုပ်လာသည်။ သူ့မျက်နှာတွင် အရေးတကြီး အရိပ်အ... တွေကိုလည်း မြင်ရသည်။

ခရေစ္စ၏ အမူအရာကို အကဲခတ်ကာ လော်ရာမှာလည်း တစ်နေ့... တစ်နေ့ စိုးရိမ်စိတ်များ ကြီးထွားလာခဲ့သည်။ သို့ဖြင့် တစ်နေ့တော့ ... မနေနိုင်တော့သဖြင့် သူ့ကို ဖွင့်မေးတော့သည်။

"မောင်... မောင့်အခြေအနေ ကြည့်ရတာ အရင်ကနဲ့ မတူ... ဘာတွေများ အရေးကြီးနေသလဲ...မောင်။ စိုးရိမ်စရာတွေများ ရှိ... လား...ဟင်"

"အို...ဘာမှ မရှိပါဘူး။ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ ရွေးကော... နီးလာလို့ အလုပ်များနေတာပါ။ ဘာမှ မပူပါနဲ့...လော်ရာ။ ဖြစ်လ... အခြေအနေကို ရဲရဲရင်ဆိုင်ကြတာပေါ့။ ဟိုကိစ္စနဲ့ ပတ်သက်လို့လည်း ... ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ပြီးပါပြီ။ အဲဒီကိစ္စအတွက် ငါ ဘာမှ ... မတွက်တော့ဘူး။ လောလောဆယ် လုပ်စရာ ရှိတာတွေကိုပဲ ဦးစား... လုပ်တော့မယ်။ ပြဿနာ ပေါ်လာရင်လည်း ပေါ်လာတဲ့အတိုင်း ... သွားရမှာပဲ။ ဒါပေမဲ့ ငါ အရွေးခံရရင် အမှန်တရားကို ရင်ဆိုင်ပါ... အဲဒါတော့ မလုပ်လို့ မဖြစ်ဘူး။ အချိန်ဆွဲထားလေလေ ပိုဆိုးလေလေ ... လိမ့်မယ်"





"ဒါနဲ့...ဘားမင်းကရော ဘာတွေ ပြောသေးသလဲ...ဟင်"

"အစကတည်းက သူ ပြောနေတာတွေကတော့...ထုံးစံအတိုင်းပဲပေါ့။ ...ည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်လာတဲ့အခါ ကိုယ့်ကို ကူညီထားတဲ့ လူတွေကို ...င့်တော်တဲ့ ရာထူးတွေမှာ ခန့်ထားဖို့။ သင့်တော်တဲ့ လူတွေကို ကန်ထရိုက် ...ုပ်ငန်းတွေ ချပေးဖို့ ကိစ္စတွေပဲပေါ့။ အခုဆိုရင် နောက်ဆုံး ညစာ စားပွဲ ...အတွက် လူတွေ တန်းစီနေကြပြီ။ တစ်ပွဲကို ဒေါ်လာတစ်ထောင်စားပွဲ။ ...ိုက်ဆံ အများဆုံး ပေးထားတဲ့ လူတွေကလည်း ထိပ်တန်း ရာထူးကြီးတွေ ...ပေးဖို့ အခုတည်းက လက်ဖြန့် တောင်းခံနေကြပြီ။ ငါတော့ ဒီကိစ္စတွေကို ...တယ်နည်းနဲ့မှ အလျှော့မပေးဘူးလို့ ဆုံးဖြတ်ထားတယ်။ ဟုတ်တယ်။ ...ါကိုတော့ လုပ်ကို လုပ်ရမယ်။ ပြီးတော့... ဒီရွေးကောက်ပွဲကို ရှုံးရှုံးနိုင်နိုင် ...င်ဖြစ်အောင် ဝင်မယ်ဆိုတာလည်း အပြတ် ဆုံးဖြတ်ထားပြီးပြီ။ လောလော ...ယ်မှာ တစ်ဖက်လူတွေက ငါ့အကြောင်း မကောင်း သတင်းတွေကို ...န်းရှာသလို ရှာနေကြတယ်ဆိုတာ မင်းလည်း သိပါတယ်။ ဘာသာရေး၊ ...ကျင့်စာရိတ္တ၊ တက္ကသိုလ် ကျောင်းသားဘဝ၊ စီးပွားရေးလုပ်ငန်း၊ ...ရွေးကောက်ပွဲ ရန်ပုံငွေ ကိစ္စတွေနဲ့ ပတ်သက်ပြီး ဟာကွက်ကို ပိုက်စိပ်တိုက် ...ိုက်ရှာနေကြတယ်။ တော်တော် ရှုပ်ရာကောင်းတဲ့ နိုင်ငံရေး လုပ်ရပ်ပဲ။ ...နိုင်ငံက အရှိန်အဟုန်နဲ့ စစ်ကြီး ဖြစ်နေတဲ့အခါမှ ဂုဏ်ရှိတယ်လို့ ယုံကြည် ...နေကြတာ...လော်ရာ။ အဲဒီတော့...မင်း အနေနဲ့ ငါ့အတွက် စစ်ပွဲကြီးတစ်ခု ...န်တီး မပေးနိုင်ဘူးလား"

သူက ရယ်ပြီး ပြောသည်။

"ဒီရွေးကောက်ပွဲမှာ ငါ့အနေနဲ့ ဒေါ်လာတစ်သန်းကျော် အကုန်အကျ ...ထားတယ်။ အဲဒါတွေဟာ ငါ့ကိုယ်ပိုင်ပိုက်ဆံ မဟုတ်ဘူးဆိုတာ ဘယ်လိုမှ ...သူတို့ စုံစမ်းလို့ မရကြဘူး။ အခုတော့ သူတို့က တစ်မျိုး စတန့်ထွင်နေကြ ...ပြန်ပြီ။ ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းရဲ့ ကိုယ်ပိုင် ပိုက်ဆံ ...သုံးစွဲတာ ဒီမိုကရေစီ မကျဘူးဆိုပြီး ကြွေးကြော်နေကြပြန်ပြီ။ ဒါနဲ့အပြိုင် ...မှုရိုးလ်က ပိုက်ဆံမရှိလို့ အဲဒီလို ကြွေးကြော်တာ။ ဘာပဲဖြစ်ဖြစ် ငါ့အနေနဲ့

တော့ ရွေးကောက်ပွဲပြီးတဲ့ အထိ လုပ်သင့်တာတွေ အားလုံး လုပ်သွားမှာပါ၊ ရွေးကောက်ပွဲကလည်း ရက်ပိုင်းလောက်ပဲ လိုတော့တယ်...မဟုတ်လား"

သူတို့လင်မယားသည် ခရစ္စတိုဖာကလေး အကြောင်း လုံး၀ မဆွေးနွေးခဲ့ကြသည်မှာ ရက်သတ္တပတ် တော်တော်ကြာသွားခဲ့ပြီ။ ယခု လည်း ကလေးအကြောင်း လုံး၀ မပြောကြ။ နိုင်ငံရေးကိစ္စနှင့်သာ အလုပ်များ နေကြလေသည်။

*

ဒေါက်တာဘားလက်သည် ရုံးခန်းထဲတွင် ထိုင်ကာ နောက်တစ်ပတ်ကျ ကျောင်းသားမိဘများထံ ပို့ရမည့် ပညာရည်ပြကတ်များကို စစ်ဆေး ကြည့် နေသည်။ တစ်ကျောင်းလုံးတွင် ကျောင်းသားကလေး တစ်ရာငါးဆယ် ဘိတိရှိရာ သူက တစ်ယောက်မကျန် အကုန်လုံး သိသည်။ တစ်ယောက် ၏ ပညာအရည်အချင်း တိုးတက်မှုကိုလည်း အမြဲတမ်း မျက်ခြည်မပြတ် စောင့်ကြည့်ကာ လိုအပ်သလို ညွှန်ကြားဆုံးမသည်။

"ဒေါက်...ဒေါက်..."

ရုံးခန်းတံခါး ခေါက်သံ ပေါ်ထွက်လာသည်။

"ဝင်ခဲ့ပါ.."

ဆရာကြီးက လှမ်းပြောသည်။

တံခါး ပွင့်လာသည်။ တံခါးဝတွင် ကင်ခရစ္စတိုဖာ ရပ်နေသည်။

အချိန်က ညနေပိုင်း။ ဆရာကြီးသည် ယနေ့ စောစောပြန်ရန် စိတ်ကူး ထားသည်။ သူ့ဇနီး၏ မွေးနေ့ဖြစ်၍ မွေးနေ့လက်ဆောင် ပေးရန် အိမ် ပြန်ရမည် ဖြစ်သည်။





"လာလေ...ခရစ္စတိုဖာ။ ဘာကိစ္စ ရှိလို့လဲ"

ခရစ္စတိုဖာသည် ရုံးခန်းထဲသို့ ဝင်လာပြီး စားပွဲစွန်းမှ ကုလားထိုင်တွင် ကျိုးနွံစွာ ဝင်ထိုင်သည်။

"ခွင့်ပြုပါ ဆရာကြီး။ ကျွန်တော် လာတာ အနှောင့်အယှက်များ ဖြစ်နေမလား...ဆရာကြီး"

သူ့ အင်္ဂလိပ်စကား တော်တော် ကျွမ်းကျင်နေပြီ။ အချိန်တိုအတွင်း အံ့သြလောက်အောင် တိုးတက်လာခဲ့သည်။ ဒေါက်တာဘားလက်က သည် ကလေး၏ အရည်အချင်းကို ယုံကြည်သည်။ အနေအထိုင်နှင့် အကျင့် စာရိတ္တကိုလည်း သဘောကျသည်။

"ရပါတယ်...ခရစ္စတိုဖာ။ ဘာလို့ အနှောင့်အယှက် ဖြစ်ရမှာလဲ"

ဆရာကြီးက ပညာရည် ပြကတ်များကို ဘေးသို့ ချထားလိုက်ရင်း...

"မင်း အမှတ်စာရင်းကို ငါ ခုပဲ ကြည့်ပြီးပြီ။ တော်တော် ကောင်းပါ တယ်။ ငါ ဝမ်းသာပါတယ်။ ဒါပေမဲ့... သမိုင်းနဲ့ အင်္ဂလိပ်စာမှာ နည်းနည်း အမှတ် နည်းနေသေးတယ်။ သချာကတော့ အကောင်းဆုံးပဲ"

"ကျွန်တော်က သချာကို သိပ်ပြီး ကြိုက်ပါတယ် ဆရာကြီး။ အခု ကျွန်တော် လာတာက နောက်အပတ်ကျရင် သိပ္ပံ ယူလို့ ရပါ့မလားလို့ပါ... ဆရာကြီး"

ဒေါက်တာဘားလက်က မျက်ခုံး ချီလိုက်ပြီး...

"တို့က ဘာသာရပ် တိုးသင်တာကို ဒုတိယနှစ်မှ လုပ်ပေးလေ့ရှိတယ် ကွယ့်"

"ကျွန်တော်က သိပ္ပံကို သိပ်ပြီး သဘောကျလို့ပါ ဆရာကြီး"

"မင်းက ဘာသိပ္ပံကို သဘောကျတာလဲ"

"ရူပဗေဒပါ ခင်ဗျား"

ဒေါက်တာဘားလက်က ကိုယ်ကို ကုလားထိုင်တွင် နောက်ပစ် မှီ လိုက်ရင်း...

"မင်းအသက် ဘယ်လောက် ရှိပြီလဲ"

"ဆယ့်နှစ်နှစ်ပါ ခင်ဗျား"

"ဒါနဲ့ မင်း ဒီကျောင်းရောက်ပြီးမှ မွေးနေ့နဲ့ ကြုံပြီးပြီလား"

"ကြုံပြီးပါပြီ ဆရာကြီး။ ပြီးခဲ့တဲ့ အပတ်ကပါ"

"ဒီတော့ တို့လည်း ဘာမှ မသိလိုက်ရပါလား"

"ကျွန်တော်က ဘယ်သူ့ကိုမှ အသိမပေးပါဘူး ဆရာကြီး"

"အဲဒါ မင်း မှားတာပေါ့။ တို့က ကျောင်းသားတွေရဲ့ မွေးနေ့ အမြဲတမ်း သိချင်တယ်။ ဒါမှ မွေးနေ့လက်ဆောင် ပေးနိုင်တော့မှာပေါ့။ တို့ကျောင်းက စားဖိုမှူး မစ္စက်ဘက်တယ်က မွေးနေ့ကိတ်မုန့် လုပ်ရမှာ အလွန် တော်တယ်ကွယ့်။ ကဲ...ဒီတော့ နောက်တစ်ကြိမ် မွေးနေ့ ရောက်ရင် ငါ့ကို အသိပေးဖို့ မမေ့နဲ့ ကြားလား။ ဒါနဲ့ မင်းမွေးနေ့ ပြောပါဦး။ ပါ မှတ်ထားပါရစေ"

"အောက်တိုဘာလ (၂၆)ရက်ပါ ဆရာကြီး"

မိသားစု အကြောင်းကို တစ်ယောက်မျှ မပြောကြ။ နှစ်ယောက်စလုံး ပင် နားလည်စွာဖြင့် မပြောကြခြင်း ဖြစ်သည်။ ခရစ္စတိုဖာက ဘာမှ ဆက် မပြောဘဲ ငြိမ်ချက်သား ကောင်းစွာဖြင့် ထိုင်နေသည်။

သူသည် တစ်ခုခုကို ပြောချင်သေးပုံ ရသည်။ သို့သော် ပြောရမှာကို ပြောမထွက် ဖြစ်နေပုံမျိုးလည်း ပေါ်လွင်နေသည်။

"ကဲ...နောက် ဘာကိစ္စ ရှိသေးသလဲ ခရစ္စတိုဖာ"

ဆရာကြီးက အလိုက်သိစွာဖြင့် မေးလိုက်သည်။

"ဟုတ်ကဲ့...ဆရာကြီး။ ကျွန်တော် နောက်တစ်ခု ပြောချင်ပါသေး တယ် ဆရာကြီး"

"ပြောပါ...ဘာအကြောင်းလဲ"

"ကျွန်တော့် အကြောင်းပါ ဆရာကြီး"

"မင်းအကြောင်း ဘာပြောမလို့လဲ"





ခရစ္စတိုဖာက မျက်စုံး အနည်းငယ် ချီလိုက်ပြီး...

"ကျွန်တော် ဘယ်သူလဲ ဆရာကြီး"

ဆရာကြီးက ခရစ္စတိုဖာအား အတန်ကြာမျှ ကြောင်၍ ကြည့်နေမိသည်။ ပြီးတော့မှ–

"မင်းက ဘယ်သူရမှာလဲ၊ ငါ့တပည့်ပဲပေါ့ကွယ့်"

"အဲဒါတော့ ဟုတ်ပါတယ် ဆရာကြီး။ ဒါပေမဲ့ ကျွန်တော့် အနေနဲ့ ဆိုရင် ကျွန်တော် ဘယ်သူပါလဲ ခင်ဗျား"

ဆရာကြီးက မေးစေ့ကို လက်နှင့် ပွတ်သပ်နေသည်။ သူ ဘယ်လို ဖြေရပါ့။

"ကဲ...ငါမေးမယ်။ မင်းပဲ ဖြေစမ်းပါဦး။ မင်း ဘယ်သူလဲ"

"ကျွန်တော် မသိပါဘူး ဆရာကြီး။ အစကတော့ ကျွန်တော်ဟာ ကျွန်တော့် အမေရဲ့ သားလို့ ထင်ခဲ့ပါတယ်။ ဆရာကြီး သိတဲ့အတိုင်း မေမေ့ နာမည်က ဝင်းတားပါ။ ဒါပေမဲ့ အခုတော့ ကျွန်တော့်ကိုယ်ကျွန်တော် မသေချာတော့ပါဘူး။ ကျွန်တော်ဟာ ကျွန်တော့် မေမေရဲ့သားပဲလား မသိ ပါဘူး။ မေမေ့ နာမည်က ကင်ဆွန်ယာပါ ခင်ဗျား"

"မင်းမေမေက ဘယ်မှာ နေသလဲ ခရစ္စတိုဖာ"

"ကိုရီးယားမှာ နေပါတယ် ဆရာကြီး၊ မေမေက ကိုရီးယားသူပါ"

"ကဲ...မင်းမေမေ့အကြောင်း ငါ့ကို ပြောပြပါဦး"

ခရစ္စတိုဖာ၏ မျက်နှာတွင် ရှက်သွေး ဖြာလွှမ်းသွားသည်။

"ကျွန်တော်လည်း နည်းနည်းပဲ သိပါတယ် ဆရာကြီး။ ကျွန်တော် သိရသလောက်ဆိုရင် မေမေက ကျွန်တော့် မေမေအရင်းပါ။ မေမေဟာ ချောလည်း သိပ်ပြီး ချောပါတယ်။ ကိုရီးယားမှာ ကျွန်တော့် ဘွားဘွားလည်း ရှိပါတယ်။ မေမေရဲ့ မေမေပါ။ အသက်ကြီးပါပြီ။ ဒါပေမဲ့ စိတ်ကောင်းတော့ မရှိဘူး။ ကျွန်တော့်ကို ခဏခဏ ကျိန်ဆဲပါတယ်။ ရိုက်လည်း ရိုက်ပါတယ်။ အစာများများ စားရင်လည်း အမြဲတမ်း ဆူပါတယ်။ မေမေကတော့ ဘွားဘွား လို မဟုတ်ပါဘူး။ သူက အေးပါတယ်။ ဒါပေမဲ့ တစ်ခါတလေတော့..."

သူက ခေါင်းကို ခါယမ်းရင်း စကားကို ဖြတ်ထားလိုက်သည်၊ ဒေါက်တာ ဘားလက်က ချိုသာအေးဆေးသော အသံဖြင့်...

"လုပ်ပါဦးကွယ်။ တစ်ခါတလေတော့...ဘာဖြစ်သလဲ"

ခရစ္စတိုဖာက မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ပြီးတော့မှ...

"မေမေက ကျွန်တော့်ကို မုန်းနေသလိုပဲ ဆရာကြီး။ ဘာဖြစ်လို့ဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး"

"အမေအရင်းက ကိုယ့်သားလေးကို မုန်းမတဲ့လားကွယ်။ မဟုတ်နိုင်ပါဘူး"

ဒေါက်တာဘားလက်က ကလေး၏ ခံစားချက်ကို နားလည်သော်လည်း မသိဟန်ဆောင် ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပါတယ် ဆရာကြီး။ မေမေက ကျွန်တော့်ကို မုန်းပါတယ်၊ ကျွန်တော် ထင်တာတော့ ကျွန်တော်ဟာ ကျွန်တော့် ဖေဖေလို အမေရိကန် ဖြစ်နေလို့ ထင်တာပဲ။ ကိုရီးယားမှာကျတော့ ကျွန်တော်ဟာ အမေရိကန် လူမျိုး ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒီမှာကျတော့ ကျွန်တော်ဟာ ဘာလူမျိုးလဲ မသိပါဘူး။ ကိုရီးယား လူမျိုး ဖြစ်နေတယ် ထင်ပါတယ်။ ကိုရီးယားမှာ ကျွန်တော့်ကို လူတွေက "မျက်ပြူးကလေး" လို့ ခေါ်ကြပါတယ်။ ဒီမှာတော့ "ငစွေကလေး" တဲ့"

"အဲဒီလို ဘယ်သူတွေက ခေါ်သလဲ"

"တချို့ ကျောင်းသားတွေက ခေါ်ကြပါတယ်။ သူတို့ ခေါ်ချင်သလို ခေါ်ကြပါစေ ဆရာကြီး။ ကိစ္စမရှိပါဘူး။ ကျွန်တော် စိတ်မဆိုးပါဘူး။ ကျွန်တော် သိချင်တာက ကျွန်တော် ဘယ်သူလဲ ဆိုတာပဲ သိချင်ပါတယ် ဆရာကြီး"

ဒေါက်တာဘားလက်၏ ရင်ထဲတွင် နာကျင်ခြင်း ဝေဒနာတစ်ရပ်ကို သိသိသာသာ ခံစားလိုက်ရသည်။

ခံစားချက် အမျိုးမျိုးဖြင့် သူ့ရုံးခန်းထဲသို့ ကျောင်းသားကလေးတွေ





အများကြီး လာဖူးပါသည်။ သို့သော် သည်ကလေး၏ ခံစားချက်က ပို၍ ပြင်းထန်လိမ့်မည်ဟု သူက တွေးမိသည်။

သည်ကလေး နားလည်အောင် သူ ဘယ်လို လုပ်ပြီး ရှင်းပြရပါမည်နည်း။ သူကိုယ်တိုင်လည်း သည်ကလေးလိုပင် ခံစားနေရသည် မဟုတ်ပါလား။

"မင်းက သိပ္ပံပညာ စိတ်ဝင်စားတယ် မဟုတ်လား...ခရစ္စတိုဖာ။ အဲဒီတော့...မင်းကို ငါ သိပ္ပံပညာစကားနဲ့ပဲ ရှင်းပြမယ်။ ဇီဝဗေဒ သဘောနဲ့ ဆိုပါတော့။ သဘာဝ သိပ္ပံပညာရပ်အရဆိုရင် အလွန် အဖိုးတန်တဲ့၊ အလွန် စိတ်ဝင်စားစရာ ကောင်းတဲ့ သတ္တဝါတွေ ရှိတယ်...ခရစ္စတိုဖာ။ အဲဒီ သတ္တဝါတွေဟာ သက်ရှိ မျိုးပွားသစ်တွေပဲ။ သူတို့ဟာ ပတ်ဝန်းကျင် သဘာဝအရ ပြောင်းလဲတတ်ကြတယ်။ ဒါနဲ့... ပတ်ဝန်းကျင်ဆိုတာ နားလည်သလား"

"ဟုတ်ကဲ့ဆရာကြီး။ ကျွန်တော် အဲဒီစကားလုံးကို အဘိဓာန်ထဲမှာ ကြည့်ဖူးပါတယ်"

"အေး...ဟုတ်ပြီ။ ဒီတော့ အဲဒီ သတ္တဝါတွေဟာ သစ်သီးသစ်ရွက် ပတ်ဝန်းကျင်ထဲမှာ နေရတဲ့အခါ သူတို့လည်း သစ်သီးသစ်ရွက်တွေလိုပဲ ရှင်သန် လှုပ်ရှားကြတယ်။ တစ်ခါ သက်ရှိသတ္တဝါတွေရဲ့ ပတ်ဝန်းကျင်ထဲမှာ နေပြန်တော့လည်း သက်ရှိသတ္တဝါတွေလိုပဲ ရှင်သန်လှုပ်ရှားကြပြန်တယ်။ ဒီသတ္တဝါတွေနဲ့ ပတ်သက်ရင် မစ္စက်ဝင်းတားက ပါရဂူတစ်ယောက်လို့ ငါ သိရတယ်။ မင်း သိပ္ပံပညာ ဝါသနာပါတဲ့ အကြောင်း သူ့ကို ပြောပြဖူးသလား။ အေး... ကိစ္စမရှိပါဘူး။ မပြောပြဖူးဘူး ဟုတ်လား။ အဲဒီတော့ ငါ ပြောချင်တာက ဒီသတ္တဝါတွေဟာ သူတို့ ရောက်ရှိနေတဲ့ နေရာဌာန၊ သူတို့ ရောက်ရှိနေတဲ့ ပတ်ဝန်းကျင်အလိုက် ပြောင်းလဲတတ်တယ်ဆိုတာ မင်း သိခဲ့ရပြီ...နော်။ ပိုပြီး ရှင်းအောင် ငါ ဥပမာတစ်ခု ပြောပြမယ်။ ပုစဉ်းကောင် ဆိုပါတော့။ မင်း ပုစဉ်းကောင်ကို သိသလား"

"သိပါတယ် ဆရာကြီး။ ကိုရီးယားမှာ အများကြီး ရှိပါတယ်"

"အေး...ဒီမှာလည်း အများကြီး ရှိတယ်။ ကောင်းပြီ။ ဒီတော့ ခါ ပုစဉ်းတွေကို လေ့လာကြည့်တဲ့အခါ ရေထဲကစပြီး သက်ရှင်ဖြစ်ပေါ်လာတာ တွေ့ရတယ်။ ဒါကြောင့် သူတို့ကို ရေသတ္တဝါလို့ပဲ ခေါ်ရလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို မဟုတ်သေးဘူး။ တစ်နေ့ကျတော့ ဒီအကောင်တွေဟာ ရေမျက်နှာ ပြင် ပေါ်ကနေပြီး ပျံထွက်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာကြတယ်။ ဒါနဲ့ သူတို့ဟာ သူတို့ရဲ့ အရေခွံကို လဲလိုက်ကြတဲ့အခါ အတောင်တွေ ပေါက်လာကြတယ်။ ဟိုတုန်းက သူတို့မှာ အတောင် မရှိကြဘူး။ အတောင်ပေါက်လာတယ် ဆိုရင်ပဲ တစ်ခါတည်း ရေမျက်နှာပြင်ပေါ်က ပျံတက်ပြီး ကုန်းပေါ်မှာ ပျံ ကျက်စား နေကြတော့တာပဲ။ ရေထဲကို ဘယ်တော့မှ ပြန်မသွားကြတော့ဘူး။ အဲဒီတော့ ငါ ဆိုလိုတာက နေရာတကာမှာ သဘာဝ တရားအလျောက် တန်ဖိုးရှိတဲ့ သတ္တဝါတွေ ရှိနေကြတယ်။ မျိုးပွားသစ်တွေ ရှိနေကြတယ်။ သူတို့ဟာ သူတို့ ရောက်ရှိနေတဲ့ နေရာဒေသ၊ ပတ်ဝန်းကျင် အလျောက် ပြောင်းလဲ တိုးတက်နေကြတယ် ဆိုတာကို ပြောလိုတာပဲ။ သိပ္ပံစကားနဲ့ ပြောရရင် သူတို့ကို အစပ် သတ္တဝါတွေလို့ ခေါ်တယ်။ ဒီသဘောအတိုင်းပဲ တို့လူသားတွေလည်း ပတ်ဝန်းကျင်ကို လိုက်ပြီး ပြောင်းလဲ တိုးတက်ကြ တာပဲကွယ်။ စောစောက တန်ဖိုးရှိတဲ့ သတ္တဝါတွေဆိုပြီး ငါ ပြောခဲ့တယ်။ ဘာဖြစ်လို့ တန်ဖိုး ရှိသလဲ ဆိုတော့ သူ့သဘာဝအလျောက်။ မျိုးပွားသစ် အလျောက် ပြီးပြည့်စုံစွာ ဖြစ်ပေါ် တိုးတက်လာတဲ့ သတ္တဝါတွေ ဖြစ်လို့ တန်ဖိုး ရှိတယ်လို့ ပြောရတာပဲ။ အဲဒီတော့... လောကမှာ ဘယ်သက်ရှိ သတ္တဝါတွေပဲဖြစ်ဖြစ် သူ့မျိုးပွားအလျောက်။ သူ့သဘာဝအလျောက် တန်ဖိုး ရှိတာချည်းပဲ...ခရစ္စတိုဖာ။ အမျိုးအစား ကွဲပြားတာက အဓိက မကျဘူး။ အမြဲတမ်းလည်း မဟုတ်ဘူး"

"ဆရာကြီးက ကျွန်တော့်ကို ရည်ရွယ်ပြီး ပြောနေတာလား"

"ဟုတ်တယ်။ မင်းကို ရည်ရွယ်ပြီး ပြောနေတာ။ ဘာဖြစ်လို့လဲဆိုရင် တစ်နေ့ကျတော့ ကမ္ဘာတစ်ဝန်းလုံးမှာ၊ နိုင်ငံတိုင်းမှာ မင်းလိုလူတွေ အများ ကြီး ရှိလာကြလိမ့်မယ်။ များလွန်းလို့ နာမည် ပေးဖို့တောင် မတတ်နိုင်အောင် ဖြစ်လာလိမ့်မယ်။ ဒါဟာ သဘာဝတရားရဲ့ ဖြစ်စဉ်ပဲ။ ဘယ်သူမှ တားလို့





မရဘူး။ အဲဒီတော့ မင်း သက်ရှိလူသား တစ်ယောက်အနေနဲ့ တန်ဖိုး ရှိတယ်။ အရေးပါတယ်။ အနှစ်သာရ ရှိတယ်။ မင်းအနေနဲ့ အခုလို အစပ်လူမျိုး တစ်ယောက်အဖြစ် ဘယ်လို မွေးဖွားလာတယ် ဆိုတာတော့ ငါ မပြောတတ် ဘူး။ ဘာဖြစ်လို့လဲ ဆိုတာတော့ မင်းရဲ့ နောက်ခံဘဝအကြောင်း ငါက ဘာမှ မသိလို့ဘဲ။ ဒါပေမဲ့ တစ်နေ့ကျတော့ မင်း သိလာရပါလိမ့်မယ်။ လောလောဆယ် အရေးကြီးတာကတော့ မင်းကိုယ်မင်း တန်ဖိုးရှိတဲ့ လူသား တစ်ယောက်။ အရေးပါတဲ့ လူသားတစ်ယောက်ဆိုတာ စွဲစွဲမြဲမြဲ မှတ်ထား စေချင်တယ်။ မင်းဟာ အလကား မွေးဖွားလာတာ မဟုတ်ဘူး။ ရည်ရွယ်ချက် တစ်ခုအတွက် မွေးဖွားလာတာ။ သဘာဝတရားရဲ့ ထာဝရ ရည်ရွယ်ချက် အတွက် မွေးဖွားလာတာ။ ပထမအဆင့်မှာ ကွဲပြား နေပေမဲ့ နောက်အဆင့် ရောက်တော့ ပေါင်းစည်းပြည့်စုံသွားမယ်။ ဒါဟာ သက်ရှိတို့ရဲ့ သဘာဝ ဖြစ်စဉ်ပဲ။ ဒီသဘာဝ ဖြစ်စဉ်ကြီးဟာ ရေစီးသလို အမြဲမပြတ် စီးနေမှာပဲ။ ဆက်လက်တည်ရှိနေမှာပဲ"

ဒေါက်တာဘားလက်က စကားတွေ အများကြီး ပြောလိုက်မိသည်။ ခရစ္စတိုဖာ ကလေး နားမလည်ပါ့မလား။ သဘောမှ ပေါက်ပါ့မလား။ ဘာပဲ ဖြစ်ဖြစ် သူက သည်ထက်တော့ ပိုပြီး ရှင်းမပြလိုတော့။ ကလေးအနေဖြင့် သူ့ ဉာဏ်မီသလောက် စဉ်းစားပါစေ။ တွေးခေါ်ပါစေ။ တစ်စုံတစ်ခုသော အတိုင်းအတာ အထိတော့ အကျိုး သက်ရောက်မှု ရှိပါလိမ့်မည်။

ခရစ္စတိုဖာ ကလေးက ဒေါက်တာဘားလက်၏ မျက်နှာကို မျက်လုံး ဝိုင်းကြီးများဖြင့် စိုက်ကြည့်နေသည်။

သူ့ဦးနှောက်ထဲသို့ အတွေး ဝင်သွားပြီ။ သည်အချက်ကိုတော့ ဒေါက်တာဘားလက်က ခရစ္စတိုဖာကလေး၏ အမူအရာကိုကြည့်၍ ကောင်းစွာ သဘောပေါက်မိသည်။

ရုတ်တရက် သတိရသဖြင့် ဒေါက်တာဘားလက်က ထိုင်ရာမှ ထရပ် လိုက်သည်။

"ကိုင်း... ဒီလောက်ဆို တော်ကြရောပေါ့ ဟုတ်လား။ ငါလည်း

အိမ်ကို စောစော ပြန်စရာရှိသေးတယ်။ ဒီနေ့က ဆရာကြီးကတော် မွေးနေ့ကွဲ့။ မွေးနေ့မှာ တို့လင်မယား ညစာ အတူစားရမယ်"

ခရစ္စတိုဖာကလည်း ထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ ဆရာကြီးအား ဦးညွတ် အရိုအသေပြုကာ အခန်းထဲမှ ပြန်ထွက်သွားလေသည်။

*

ထိုနေ့ ညစာစားပွဲတွင် ဒေါက်တာဘားလက်က စနီးသည်အား ရင်ကိုလက်ဆောင် ပေးပြီးနောက် ခရစ္စတိုဖာကလေးအကြောင်းကို ပြောပြသည်။ မစ္စက်ဘားလက်က စိတ်ဝင်စားစွာ နားထောင်နေသည်။

"ကလေး အဖြစ်ကတော့ အဲဒီအတိုင်းပဲကွ။ တော်တော်လည်း သနားစရာကောင်းတဲ့ အဖြစ်ပါပဲ"

ဒေါက်တာဘားလက်က ယင်းသို့ ပြောပြီး သူ့စကားကို နိဂုံးချုပ်လိုက်သည်။

"ဒါဆို ဒီကလေးဟာ ဘယ်သူလဲဆိုတာ ရှင်းနေပြီပဲ မောင်။ ခရစ္စဝင်းတားက ဒီကလေးရဲ့ အဖေပဲပေါ့။ ဒီအဖြစ်က ကိုရီးယား စစ်အတွင်းက ဖြစ်ပျက်ခဲ့တာ။ ဟုတ်ပါတယ်။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ဒါ မဆန်းပါဘူး။ ဒါနဲ့… ကျွန်မ မရှင်းလို့ တစ်ခု မေးပါရစေဦး။ ဒီကလေးက ဒီနိုင်ငံကို ဘယ်လို ရောက်လာတာလဲ။ ဒါဟာ အဓိကအချက်ပဲ မောင်။ ဒါလည်း ရှင်းတော့ ရှင်းနေပြီးသားပါ။ ဒီကလေးက အရေးကြီးဆုံး အချိန်မှာမှ ဒီကို ရောက်လာတာကိုး။ ပြည်နယ် အုပ်ချုပ်ရေးမှူးလောင်းအဖြစ် အရွေးခံနေတဲ့ လူတစ်ယောက်အနေနဲ့ နေ့ချင်းညချင်းပဲ ဒီကလေးကို ဘယ်လိုလုပ် မွေးလို့ ဖြစ်နိုင်ပါ့မလဲ။ ကျွန်မ ပြောတာ မဟုတ်ဘူးလား ဟင်"

ဒေါက်တာဘားလက်က စနီးသည်၏ မျက်နှာကို ကြည့်ကာ စဉ်းစဉ်းစားစား အမူအရာဖြင့် မေးလိုက်သည်။





"အဲဒီတော့ ဆိုကြပါစို့။ အဲဒီလို ပုဂ္ဂိုလ် တစ်ယောက်က အဲဒီလို ကလေး တစ်ယောက်ကို မွေးလိုက်တယ် ဆိုကြပါစို့။ အဲဒီလိုဆိုရင် ဘယ်လို ဖြစ်နိုင်သလဲ"

"အဲဒီလိုဆိုရင် ဘယ်လိုဖြစ်နိုင်သလဲ ဟုတ်လား။ အများကြီး ဖြစ်နိုင်တာပေါ့ မောင်။ အကုန်လုံး မီးတောက်ကုန်မှာပေါ့။ အချိန်အခါက စကားပြောတယ်…မောင်။ ဒီအချိန်ဟာ မစ္စတာဝင်းတားအတွက် ကြိုးတန်းပေါ် လျှောက်နေရတဲ့အချိန်။ ထစ်ခနဲ တစ်ခုခု မှားသွားရင် ကြိုးတန်းပေါ်က တစ်ခါတည်း ဗုန်းခနဲ ကျသွားမှာ သေချာတယ်။ တကယ်လို့ သူ့အရွေးခံရရင်တောင် သူ့မှာ ၁၂ နှစ်သားအရွယ် သားကလေးတစ်ယောက် ရှိပါတယ်လို့ ပြည်သူတွေကို ထုတ်ဖော်ကြေညာဖို့ မလွယ်ပါဘူး။ သူ ရှုံးသွားရင်တော့… ဘယ်လို ဖြစ်လာမယ်ဆိုတာ ကျွန်မ မပြောတတ်ဘူး။ ဒါပေမဲ့ သူ မရှုံးနိုင်ဘူး ဆိုတာတော့ ကျွန်မ အတပ် ပြောရဲပါတယ်။ တစ်နိုင်ငံလုံးက သူ့ဘက်အားလုံး ညွတ်နေကြပြီ။ သူက စကားပြောကလည်း အလွန်ကောင်းတဲ့လူ။ သတင်းစာတွေကလည်း သူ့မိန့်ခွန်းတွေကိုပဲ အသားပေးပြီး တခမ်းတနား ဖော်ပြနေကြတယ် မဟုတ်လား"

ဒေါက်တာဘားလက်၏ မျက်နှာတည်သွားသည်။

"အဲဒီတော့…ဒီကလေးရဲ့ အနာဂတ်က ဘယ်လို နေမလဲ။ ဘယ်လို ဖြစ်နိုင်သလဲ"

"ဒါတော့ ကြိုပြောဖို့ အခက်သားပဲ။ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်။ သူ့ကို တစ်သက်လုံး ဒီလိုပဲ ဖုံးထားလို့တော့ မရပါဘူး။ အဲဒါကတော့ သေချာပါတယ်မောင်"

*

ဇရစ္စတိုဖာကလေးသည် သူ့အခန်းထဲတွင်ထိုင်ကာ သူ့ဘဝ အခြေအနေကို ပြန်လည် သုံးသပ်နေသည်။ ကောင်းသော အချက်များနှင့် မကောင်းသော အချက်များကို ခွဲခြားစိတ်ဖြာကြည့်နေသည်။

ယခုအချိန်တွင် သူ့အနေဖြင့် စားရေးသောက်ရေးလည်း မပူရ။ ပညာလည်း သင်နေရပြီ။ အဝတ်အစား ဆိုလျှင်လည်း တစ်ပုံကြီး။ မိတ်ဆွေ အပေါင်းအသင်းတွေလည်း ရှိနေပြီ။ အားကစားမျိုးစုံကိုလည်း ကြိုက်သလို ကစားနိုင်သည်။ ဆရာတွေကလည်း သူ့အပေါ်တွင် အလွန် ကောင်းကြသည်။ ဆရာကြီးဆိုတာကတော့ မပြောနှင့်တော့။ ကောင်းလိုက်တာမှ အဖေအရင်း တမျှ ကောင်းသည်။ သူက သူ့အဖေသာ ဖြစ်လိုက်ပါတော့ဟုပင် ဆုတောင်းမိသည်။ သည်နိုင်ငံသို့ ရောက်လာပြီး သည်လို အဖေအရင်းတမျှ ကောင်းသော ဆရာကြီးလက်အောက်တွင် ပညာဆည်းပူးနေရသည်မှာ သူ့အဖို့ ကံကောင်းလေစွ။

သို့သော် သူ့အဖေအရင်းအကြောင်း တွေးကြည့်ပြန်တော့ စိတ်ထဲတွင် တစ်မျိုးကြီး ခံစားရပြန်သည်။ သူက သူ့အဖေကို အလွန်ချစ်သည်။ အဖေ ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့် အရွယ်ကလည်း အလွန်တင့်သည်။ ဖြင့်ဖြင့်ချင်း ချစ်ခင်မြတ်နိုးစရာ ကောင်းသော အဖေမျိုးပင်။ သို့သော် သူ့အဖေကို သူ ချစ်ခင်မိသလို သူ့ကို သူ့အဖေက ချစ်ခင်သည်ဟု မထင်။ သည်လိုဆို သူ့မိခင်ရှိရာ ကိုရီးယားကိုပဲ ပြန်သွားရ ကောင်းမလား။ မဖြစ်သေး။ မဖြစ်သေး။ သည်အတိုင်းလည်း မဖြစ်နိုင်သေး။ သူ့မေမေကလည်း သူ့ကို ချစ်ပုံမရ။

သူ ငယ်ငယ်ကဘဝကို ပြန်တွေးကြည့်သည်။

ငယ်ငယ်ကတော့ မေမေက သူ့ကို အလွန် ချစ်ခဲ့သလို ထင်ရသည်။ သို့ပေမဲ့ တော်တော်ကြီးလာတော့ သူ့အပေါ် တစ်မျိုး ဆက်ဆံလာသည်။ အမေလို မဆက်ဆံတော့။ တစ်ခါတစ်ရံ ရက်ရက်စက်စက်ပင် ဆက်ဆံလာတတ်သည်။ ရိုက်လား ပုတ်လားပင် လုပ်လာသည်။ တကယ်တော့ မေမေကလည်း သူ့ကို မချစ်ပါလား။





သည်နိုင်ငံမှာကျတော့ သူ့ကို ဘယ်သူမှလည်း ရိုက်လားပုတ်လား မလုပ်ကြ။ ပြန်သွားပါလို့လည်း ဘယ်သူကမျှ မမောင်းထုတ်ကြ။ အားလုံးကပင် သူ့ကို လိုလိုချင်ချင် ဆက်ဆံကြသည်။

ပြီးတော့…ဖေဖေ၏မိန်းမ။ ဖေဖေ၏မိန်းမကို သူက အမေအရင်းလို သဘောထားပြီး "မေမေ"လို့ပဲ ခေါ်ချင်သည်။ သို့ပေမဲ့ ဖေဖေ့မိန်းမက ယင်းသို့ အခေါ်ခံချင်ပုံ မရ။ သူ့အပေါ် ကြင်နာဟန်ပြပေမဲ့ သူနှင့် နီးစပ်မှု မရှိ။

တကယ်တော့ ဖေဖေ့မိန်းမက သူနှင့် ဘယ်လိုမှ ပတ်သက်တာ မဟုတ်။ သူနှင့် ဘာမှဆိုင်တာ မဟုတ်။

သည်တော့ သည်ဖေဖေနှင့် သည်မိန်းမ ကြားတွင် သူက ဘယ်နေရာမှာ ရှိနေသလဲ။ ဘယ်နေရာမှာ နေရပါမလဲ။

သူတို့ ဘယ်မှာ နေကြမှန်းလည်း သူကမသိ။ စာမရောက်တာလည်း ကြာပြီ။

တကယ်တော့ သူ့ဘဝက အမှောင်ထဲ ရောက်နေသော မျက်မမြင် တစ်ယောက်လိုပါကလား။

ဇရစ္စတိုဖာ ကလေးက ယင်းသို့ ဆို့ဆို့နင့်နင့် တွေးတောနေချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် နေဝန်းကြီးသည် အဝေးတစ်နေရာမှ တောင်စွယ်တွင် ကွယ်ပျောက်သွားပြီး တစ်လောကလုံးကို အမှောင်ထုက ခြုံလွှမ်းလိုက်လေသည်။

*

နေရောင်ပျောက်၍ အမှောင် ရောက်လာချိန်တွင် လော်ရာသည် မီးလင်းဖိုဘေးတွင် စိမ်ပြေနပြေ ထိုင်ရင်း စာအုပ် တစ်အုပ်ကို ဖတ်နေလေသည်။

လောလောဆယ်တွင် ယခုလို အေးအေးလူလူ နားနားနေနေ အားလပ်ရှိန်မျိုးကို သူမအနေဖြင့် ရတောင့်ရခဲလှသည်။ အဘယ်ကြောင့်ဆိုသော် မျှကောက်ပွဲ နီးကပ်လာပြီဖြစ်၍ လင်တော်မောင်နှင့်အတူ မဲဆွယ် ဟောပြောပွဲများသို့ နေ့စဉ်ရက်ဆက် တက်နေရသဖြင့် အားလပ်ချိန် မရှိအောင် အလုပ်များ နေသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် ယခုလို နာရီပိုင်းကလေးမျှ ကိုယ့်စိတ်ကူးနှင့်ကိုယ် အေးအေးဆေးဆေး နားခွင့်ရသည်ကိုပင် သူမအနေဖြင့် ဝမ်းသာမဆုံး ဖြစ်ရသည်။

သူမသည် လက်ထဲမှ စာအုပ်တွင် ဖက်လက်စနှင့် မှတ်ထားခဲ့သော စာမျက်နှာ (၂၁၈)ကို လှန်လိုက်သည်။

ခရစ္စတိုဖာ ကလေး၏ ပြဿနာက ဦးနှောက်ထဲသို့ အမြဲလိုလို ဝင်ရောက်လာ တတ်သောကြောင့် အဖြေတစ်စုံတရာ မရနိုင်သည့်တိုင်အောင် သူမအနေဖြင့် ဖြေဖြေရာ ရလိုရငြား ရည်ရွယ်ကာ မနုဿဗေဒ ပညာရှင်များ၏ စာအုပ်များကို ဖတ်ရှုလေ့လာနေခြင်းပင် ဖြစ်သည်။

ယခု သူမ၏ လက်ထဲမှ စာအုပ်မှာ ဒေါက်တာ အက်ရှလီမွန်တေဂူ ရေးသားသော "လူသား၏ အန္တရာယ် အများဆုံး ယုံတမ်းပုံပြင် သို့မဟုတ် လူမျိုးပြဿနာ ခံယူမှုအမှား" ဟူသော စာအုပ်ဖြစ်သည်။

ဤအချက်နှင့် ပတ်သက်၍ အဆိုတစ်ရပ် ရှိသည်။ ယင်းမှာ အခြား မဟုတ်။ လူတစ်ယောက်သည် အရောအနှောထဲမှ ရှန်းထွက်ရန်ထက် အရောအနှော ထဲသို့ ဝင်ရောက်ရန် ပို၍ လွယ်ကူသည် ဟူသော အချက်ပင် ဖြစ်သည်။ အောက်စီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့ကို ရောစပ်လိုက်သောအခါ ရေ ဖြစ်လာသည်။ သွပ်နှင့်ကြေးနီကို ရောစပ်လိုက်သောအခါ သတ္တုစပ်။ သို့မဟုတ် ကြေးဝါကို ရရှိသည်။ ယင်းသတ္တုစပ် သို့မဟုတ် ကြေးဝါသည် မရောစပ်ရသေးသော မူလသတ္တုထက် ပို၍ အရည်အသွေး ကောင်းလာပြီး ပို၍လည်း





မာလာသည်။ ဤအချက်သည်ပင် အရောအနှောထဲသို့ ဝင်ရောက်ခြင်း ဖြစ်သည်။ မျိုးသန့် အပင်နှစ်မျိုး သို့မဟုတ် မျိုးသန့် တိရစ္ဆာန်နှစ်ကောင်တို့အား မျိုးစပ်လိုက်ခြင်းဖြင့် ပေါက်ပွားလာသော မျိုးစပ်အပင် သို့မဟုတ် မျိုးစပ် တိရစ္ဆာန်များသည် မူလမျိုးသန့်များထက် ပို၍ အရည်အသွေး ကောင်းလာသည်ကို တွေ့ကြရသည်။

အလားတူပင် လူသားတို့၏ တိုးတက်မှုနှင့် ပတ်သက်၍လည်း လူမျိုး တစ်မျိုးနှင့် တစ်မျိုး သွေးနှောခြင်းဖြင့် မူလ လူမျိုးထက် ကာယအား၊ ဉာဏအား ပိုမိုပြည့်ဝသော မျိုးစပ်လူမျိုးများ ပေါ်ထွက်လာနိုင်ပေသည်။

လော်ရာသည် လက်ထဲမှ စာအုပ်ကို ဖျတ်ခနဲ ပစ်ချလိုက်သည်။ သူမအနေဖြင့် လွန်ခဲ့သော လပေါင်း တော်တော်ကြာကြာ ကတည်းကပင် သိသင့်ခဲ့သော အချက် တစ်ရပ်ကို ယခုမှ ရုတ်တရက် သိလိုက်ရပြီ။

တကယ်ဆိုလျှင် ခရစ္စတိုဖာကလေးသည်လည်း မျိုးစပ်လူသားကလေး တစ်ယောက်ပင် ဖြစ်သည်။ ကမ္ဘာတစ်ဝန်းသို့ လူသားတွေ ပြန့်ကြဲ ဖြန့်နေသမျှ ကာလပတ်လုံး။ တစ်နိုင်ငံမှ ယောက်ျားများနှင့် တခြားတစ်နိုင်ငံမှ မိန်းမတွေ ပေါင်းသင်း ဆက်ဆံနေကြသမျှ ကာလပတ်လုံး ခရစ္စတိုဖာကလေးလို မျိုးစပ်လူသားတွေ မရေတွက်နိုင်အောင် တိုးပွားလာဦးမည်သာ ဖြစ်သည်။

သည်အကြောင်းကို တွေးမိသောအခါ သူမသည် ခရစ္စ ကိုယ်စား ရှက်စိတ်ပင် ဝင်မိသည်။ ခရစ္စသည် သူ့ပယောဂကြောင့် မွေးလာခဲ့သော သည်ကလေးကို သူ့ပတ်ဝန်းကျင်ထဲသို့ သတ္တိရှိရှိဖြင့် ဘာကြောင့် မခေါ်သွင်းနိုင်ရပါသနည်း။

သည်ကလေးကို သည်အတိုင်း ပစ်ထားခဲ့လျှင် သူမနှင့် ခရစ္စတို့ ဇရာဒုဗ္ဗလအရွယ် ရောက်လာသောအခါ ကလေး၏ **အနာဂတ်** ဘဝသည် အဘယ်သို့ ရှိပါမည်နည်း။

သည်ကလေးသည် ခရစ္စ၏ ပယောဂကြောင့် အမေရိကန်သား၊ ... နှင့် ကိုရီးယားသူ မိခင်တို့မှ ပေါက်ဖွားခဲ့သော မျိုးစပ် လူသားကလေး ... ဖြစ်သည်။ ထို့ကြောင့် သည်ကလေး၏ အနာဂတ်ဘဝ ဖြောင့်ဖြူးသာယာ ... အတွက် ခရစ္စမှာ လုံးဝ တာဝန်ရှိသည်။

တကယ်ဆိုသော်...လူသား တန်ဖိုးအရ သုံးသပ်ကြည့်မည်ဆိုလျှင် ခရစ္စတိုဖာ ကလေးသည် သူ့ဖခင် ခရစ္စထက် ပို၍ အရေးကြီးပေသေးသည်။ ခရစ္စအနေဖြင့် အမေရိကန် ပြည်ထောင်စု၏ သမ္မတကြီး ဖြစ်လာသည့်တိုင်အောင် ခရစ္စတိုဖာလောက် အရေးမကြီးသေး။ ဤသည်မှာ ... သဘောအရ လူသားတစ်ဦးနှင့် တစ်ဦး နှိုင်းယှဉ်ချက် ဖြစ်သည်။

လူ့လောကတွင် လူသားကလေး တစ်ယောက် မွေးဖွားလာခြင်းသည် အလွန် တာဝန် ကြီးသည်။ နောက်ထပ် သက်ရှိတစ်ခု တိုးပွားလာခြင်းသည် မူလသက်ရှိတို့အတွက် အလွန် တာဝန်ရှိသည်။ သို့သော်... ယခု ခရစ္စကို ... ကလေး၏ ဘဝကား သူမ၏ ခံယူချက်နှင့် တခြားစီ ဖြစ်နေသည်။ သူသည် အနာဂတ်သို့ ခရီးနှင်နေသော လူသားကလေး တစ်ဦး ဖြစ်သည်။ ယင်း... ဖြောင့်ဖြူးရေးအတွက် ခရစ္စနှင့် သူမတို့တွင် လုံးဝ တာဝန်ရှိသည်။ သို့သော် သူတို့က ယင်းတာဝန်ကို မသိကျိုးကျွန် ပြုထားကြသည်။ သည်ကလေး... မိဘမဲ့ ကလေးကျောင်းတွင် ပို့ထားခြင်းသည် လုံးဝ မသင့်လျော်။ လုံး... မမှန်။

"ကျွန်မတို့ လုပ်နေပုံ မဟုတ်သေးဘူး...မောင်။ မဟုတ်သေးဘူး။ ကျွန်မတို့ အကြီးအကျယ် မှားနေကြပြီ"

စာကြည့်ခန်းထဲတွင် သူမ တစ်ယောက်တည်း ရှိနေသော်လည်း သူမက အသံထွက်၍ ပြောနေမိသည်။

"ဒီကလေးကို အစားအစာ ကျွေးထားရုံနဲ့ မပြီးသေးဘူး။ နေစရာ ပေးထားရုံနဲ့ မပြီးသေးဘူး။ ပညာသင်ပေးရုံနဲ့ မပြီးသေးဘူး။ ဒီထက်ပိုပြီး လုပ်ပေးစရာတွေ အများကြီး ရှိသေးတယ်။ အများကြီး ရှိသေးတယ်"

သည်စကားတွေကို ခရစ္စအား ပြောပြလိုက်ချင်ပါသည်။ သို့သော်...





...ယ်တော့ ပြောပြမှာလဲ။ မဖြစ်သေးဘူး။ မဖြစ်သေးဘူး။ လောလောဆယ် ပြောပြလို့ မဖြစ်သေးဘူး။

ရွေးကောက်ပွဲက ရက်ပိုင်းသာ ကျန်တော့သည်။ အခြေအနေတွေ ကလည်း အားလုံး ကောင်းနေသည်။ ခရစ္စ အရွေးခံရမည်မှာ သေချာ သလောက် ဖြစ်နေပြီ။ ရွေးကောက်ပွဲ မန်နေဂျာ ဂျိုးဘားမင်းကလည်း "ခရစ္စ နိုင်ကို နိုင်ရမယ်" ဟု ကျိန်းသေပေါက် ပြောနေပြီ။

ခရစ္စတိုဖာ ကလေးအကြောင်းနှင့် ပတ်သက်၍လည်း ဘာသတင်းမှ ထွက်မလာ။

"ဘာမှမပူပါနဲ့။ ကျွန်တော်တို့ အောင်ပွဲခံမှာ သေချာပါတယ်။ မစ္စက် ဝင်းတား"

တမြန်နေ့က ဟောပြောပွဲ တစ်ခုတွင် ခရစ္စကို စောင့်နေရင်း ဘားမင်း က လော်ရာအား ပြောခဲ့သည်။

"ပထမတော့ အနံ့ခံကောင်းတဲ့ တစ်ယောက်ယောက်ကများ မဖျော် လင့်ဘဲ ဖြုန်းဆို ဖွင့်ချလိုက်လေမလားဆိုပြီး ကျွန်တော် တော်တော်ကလေး နီးရိမ်နေခဲ့မိတယ်။ ဒါပေမဲ့ ဘာမှ မဖြစ်ပါဘူး။ ကျွန်တော်တို့ဘက်က လုံခြုံပါတယ်။ မစ္စက်ဝင်းတား အနေနဲ့သာ သတိထားပါ။ အတတ်နိုင်ဆုံး လုံအောင် ထိန်းရမှာပါပဲ"

"အဲဒါတော့ ကျွန်မ အာမ မခံနိုင်ဘူး...မစ္စတာဘားမင်း။ ဒါ ကျွန်မ အမှန်အတိုင်း ပြောတာပါ။ သူ့ဟာသူ လွင့်လာတဲ့ ကောလာဟလ သတင်း တစ်ခုကို ဘယ်သူက ကြိုပြီး ပိတ်ထားလို့ ရနိုင်ပါ့မလဲ။ အထူးသဖြင့် ကျွန်မတို့ ရုံးက လူတွေရဲ့ ပါးစပ်ကို ကျွန်မ ဘယ်လိုလုပ်ပြီး ပိတ်နိုင်ပါ့မလဲ။ ပြီးတော့...ကျောင်းစရိတ် ထောက်ခံလွှာတွေလည်း ရှိသေးတယ်"

"ကျောင်းစရိတ် ထောက်ခံလွှာတွေက မစ္စက်ဝင်းတား ကိုယ်တိုင် ရှင်းပေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ အဲဒီကိစ္စတွေကို ကျွန်မကလည်း အသေးစိတ် တာဝန်ယူ လုပ်နေပါတယ်။ ဒါပေမဲ့... ကျောင်းက တာဝန်ကို ဘယ်သူ

ယူနိုင်ပါ့မလဲ။ အဖြစ်မှန်ကို တစ်ယောက်ယောက် သိသွားရင် ဘာပါဖြစ် လုပ်မလဲ။ ဒီကလေးကို ကျွန်မတို့က ထောက်ပံ့နေတယ်ဆိုတာ သိတဲ့ လူ တစ်ယောက်ယောက်က သတင်းလွှင့်လိုက်ရင် မဖြစ်နိုင်ဘူးလား"

"အို...မဖြစ်လာသေးတဲ့ ကိစ္စအတွက် ဒီလောက်လည်း တွေးကြောက် မနေပါနဲ့ မစ္စက်ဝင်းတား။ ဖြစ်လာရင်လည်း ဖြစ်လာသလိုပဲပေါ့။ အခုတော့ ဖြစ်မလာ သေးတာကိုပဲ ဝမ်းသာရမှာပါ"

"ဒီနေ့ ဖြစ်မလာသေးရင်လည်း တစ်နေ့တော့ ဖြစ်ကိုဖြစ်လာမှာပါ။ လျှို့ဝှက်ချက် ဆိုတာ တစ်သက်လုံး ဖုံးထားလို့ ရနိုင်တာမျိုး မဟုတ်ပါဘူး။ အထူးသဖြင့် ခရစ္စလို ပုဂ္ဂိုလ်မျိုးအတွက် ပိုပြီး မလွယ်ပါဘူး။ ဒီပြဿနာ ခေါင်းထဲ ထည့်ပြီး မနက်အိပ်ရာက နိုးလာတိုင်း သူ ဘယ်လိုများ တွေးမိ လိမ့်မလဲ မသိပါဘူး"

"သူက မတွေးပါဘူး။ သူ မတွေးချင်တဲ့ကိစ္စ ဘယ်တော့မှ မတွေး ဘူး။ အဲဒါ သူ့ ဝါသနာပဲ။ သူ့ အရည်အချင်းပဲ။ မနက်အိပ်ရာက ထလာရင် ဒီနေ့ ငါ ဘာလုပ်ရမှာလဲ ဆိုတာလောက်ပဲ သူ တွေးတယ်။ တခြား ကိစ္စမှ လုံးဝ မတွေးဘူး။ ဒါဟာ သူ့ရဲ့ ထူးခြားတဲ့ အရည်အချင်းပဲ။ သူက ဘယ် တော့မှ တွေးမပူတတ်ဘူး"

ဘားမင်း ပြောတာ မှန်သည်။ ခရစ္စက ဘယ်တော့မှ တွေးပူတတ်သူ မဟုတ်။ သူမကသာ အရာရာကို တွေးပူတတ်သူ။

သို့ဆိုလျှင်...ခရစ္စတိုဖာ ကလေး၏ ပြဿနာကို သူမကပင် လုံးဝ တာဝန်ယူ၍ ဖြေရှင်းရတော့မှာလား။ အိုးကမပူ စလောင်းကပူ ဆိုသလို ခရစ္စ ကိုယ်တိုင် ဖြေရှင်းရမည့် ပြဿနာကို သူမက ဝင်ဖြေရှင်းလို့ကော ရနိုင် ပါ့မလား။

ဘာပဲဖြစ်ဖြစ် ယခုလို ခရစ္စအတွက် ရွေးကောက်ပွဲကိစ္စ အရေးကြီး နေချိန်တွင် သည်ကိစ္စကို မေ့ထားလိုက်တာပဲ အကောင်းဆုံး ဖြစ်လိမ့်မည်။

သို့သော်...မေ့လို့မရ။ ခရစ္စတိုဖာ ကလေး၏ မျက်နှာက သူမရှေ့တွင် မကြာခဏ ပေါ်၍ ပေါ်၍ လာသည်။





သူက သူမထံမှ အဖြေကို တောင်းခံနေသည်။

*

ခရစ္စတိုဖာကလေးသည် သူ၏ အခန်းထောင့် တစ်နေရာတွင် သူ့စိတ်ကူးနှင့် သူ အလုပ်ရှုပ်နေသည်။

သူ့ဘဝတွင် ယခုလို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေခဲ့ရ သော အချိန်ဟူ၍ မရှိသလောက်ပင်။ ကိုရီးယားတွင် နေခဲ့တုန်းကဆိုလျှင် သူ့မှာ 'လူသစ်' တစ်ယောက် ဖြစ်နေပြီး အများနည်းတူ လူတောသူတောထဲ ဝင်ခွင့်မရခဲ့။ ကလေးတွေ ကစားဝိုင်းတွင်လည်း သူ့မှာ ဘယ်တော့မှ ဝင် မကစားရ။ ပွဲကြည့်ပရိသတ် တစ်ယောက်အဖြစ် အပြင်ကသာ ထိုင်ကြည့် နေခဲ့ရသည်။

ယခု သည်ကျောင်းမှာတော့ ယင်းသို့ မဟုတ်။ ကိုရီးယားတုန်းက အခြေအနေမျိုးနှင့် တခြားစီ ဖြစ်သည်။ အစတုန်းက သည်ကျောင်းကို မိဘမဲ့ ယောက်ျားကလေး ကျောင်းအဖြစ် သူ သိခဲ့ရသည်။ သို့သော်လည်း မိဘတွေ ကျောင်းသို့ လာရောက်ကြသည်ကို သူ မြင်တွေ့ရသည်။ ကျောင်းပိတ်ရက် ကျတော့လည်း အချို့ ကျောင်းသားကလေးတွေ အိမ်သို့ ပြန်ကြသည်။ အချိန် တန်တော့ ကျောင်းသို့ ပြန်လာကြသည်။

ကျောင်းတွင်း ကစားပွဲများတွင်လည်း သူ့အနေဖြင့် သဘောရှိ ပါဝင် ကစားခွင့်ရသည်။ ကိုရီးယားတွင် ဝိုင်းပယ်ခြင်း ခံနေခဲ့ရ၍ သူ့မှာ လူတော မတိုးရဲ။ အောက်ကျ နောက်ကျစိတ် ဝင်နေခဲ့ရသည်။ ယခုတော့ ယင်းသို့ မဟုတ်တော့။ ကစားပွဲများတွင် ဘယ်သူ့ကိုမှ ကြောက်စရာ မလိုတော့ဘဲ စိတ်ရှိတိုင်း ပြေးချင်သလိုပြေး။ အော်ချင်သလို အော်နိုင်ပြီ ဖြစ်သည်။

နေ့ပိုင်းတွင် တခြား ကျောင်းသား ကလေးတွေနှင့် အတူ စာသင်နေ ထဲသို့ ရောက်နေပြီး ညနေပိုင်း အားကစားချိန်နှင့် ညစာစားချိန် စပ်ကြား တော့ ကိုယ်ပိုင် အားလပ်ချိန်ဖြစ်၍ ကိုယ်ဝါသနာပါရာ အလုပ်ကို လွတ်လပ် စွာ လုပ်နိုင်လေသည်။

ယနေ့လည်း ထုံးစံအတိုင်း သူ၏ ရုပ်သေးရုပ် ကလေးတွေနှင့် အလုပ် များ နေလေသည်။

သူနှင့် တစ်ခန်းတည်းနေ ကျောင်းသားကလေး ဖွန်ဘားစတိုး တခြား အဖော်တွေနှင့် တစ်နေရာတွင် ရှိနေချိန်မို့ ခရစ္စတိုဖာသည် အခန်း တံခါးကို ပိတ်ကာ အခန်းထောင့် တစ်နေရာမှ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်သည်။

ကန့်လန့်ကာ ပွင့်သွားသောအခါ အခန်းထောင့်တွင် ကုန်ပြောင် ထည့်သော ထင်းရှူး သေတ္တာကြီးတစ်လုံး ပေါ်လာသည်။ ထင်းရှူးသေတ္တာ ပေါ်တွင်တော့ ရုပ်သေးရုပ်ကလေး သုံးရုပ်...။ ချယ်ရီသားဖြင့် သူကိုယ်တိုင် ထုလုပ်ထားသော အရုပ်ကလေးတွေ ဖြစ်သည်။

တစ်ရုပ်က သူ၏ ကိုရီးယားသူ မိခင်၏ အရုပ်။ နောက် နှစ်ရုပ် ကတော့ သူ့ဖေဖေနှင့် ဖေဖေ့ဇနီးတို့၏ အရုပ်...။ သူ့ဖေဖေ၏ဇနီးကို သူက သူ့မေမေ အရင်းလို ဆက်ဆံချင်သည်။ သို့သော် ဘာကြောင့်မှန်းတော့ မသိ၊ သူ့အနေဖြင့် အမေလို ဆက်ဆံခွင့် မရ။

စတုတ္ထ အရုပ်ကလေး တစ်ရုပ်ပေါ်မှ အဝတ်စကို ခွာလိုက်သည်။ ယောက်ျားကလေး တစ်ယောက်၏ အရုပ်။ အဝတ်အစားက အမေရိကန် အဝတ်အစား။ သည်အရုပ်ကလေးကိုလည်း တခြား အရုပ်သုံးရုပ် အတိုင်း သူကိုယ်တိုင် ထုထားခြင်း ဖြစ်သည်။

ကိုရီးယားသူ မေမေ့ရုပ်က ကိုရီးယားဝတ်စုံနှင့်။ တခြား နှစ်ရုပ် ကတော့ အနောက်တိုင်း ဝတ်စုံများနှင့်။

ကလေးရုပ်ကလေးမှာ လက်စမသတ်ရသေး။ တစ်ပိုင်းတစ်စသာ ပြီးသေးသည်။





သူက မောင်းချစားကလေးကို ဖွင့်ပြီး အရုပ်ကလေး၏ ဦးခေါင်းကို အချောကိုင်လေသည်။

ရုပ်သေးရုပ် ကလေးတွေကို ဘယ်အချိန်ကစ၍ သူ ချစ်တတ်လာခဲ့ ကြောင်းကိုတော့ သူ တွေး၍ မရတော့။ ဆိုးလ်မြို့တွင်လည်း ရုပ်သေးပွဲ များများစားစား မရှိလှ။ လူတွေက ရုပ်ရှင်နှင့် ပြဇာတ်ပွဲများကိုသာ ပို၍ နှစ်သက်ကြသောကြောင့်ပင်။

သို့သော် ဆိုးလ်မြို့တွင် နေခဲ့တုန်းက ရုပ်သေးရုပ်တွေ ထုလုပ်ပြီး ရုပ်သေးပွဲ ကပြသော အဘိုးကြီး တစ်ယောက်ကိုတော့ သူ ကောင်းကောင်း မှတ်မိနေသေးသည်။ တစ်နေ့တွင် အဘိုးကြီးက တောသူ အဘွားကြီး အရုပ် တစ်ရုပ်ကို ထုနေချိန်တွင် ခရစ္စတိုဖာကလေး ရောက်သွားသဖြင့် စိတ်ဝင်စား စွာဖြင့် ထိုင်ကြည့်နေမိသည်။

"အဘိုး ဒီအလုပ်ကို လုပ်စားလာတာ နှစ်ပေါင်းလေးဆယ် ကျော်ပြီ ကွယ့်"

အဘိုးကြီးက ခရစ္စတိုဖာအား စိတ်ရှည်စွာ ပြောပြသည်။

"ဒါပေမဲ့ ဒီခေတ်မှာတော့ ရုပ်သေးပွဲကို လူတွေ မကြိုက်ကြတော့ ပါဘူး။ တို့နိုင်ငံမှာ "ကိုဒူဂက်စီနိုရီယံ" ဆိုတာ အလွန် နာမည်ကြီးတဲ့ ရှေးဟောင်း ပြဇာတ်ပဲပေါ့ကွယ့်"

"အဲဒီ ရုပ်သေးပြဇာတ်ကို ကျွန်တော် သိပ်ပြီးကြည့်ချင်တာပဲ ဘိုးဘိုး"

ခရစ္စတိုဖာက စိတ်အားထက်သန်စွာဖြင့် ပြန်ပြောလိုက်သည်။

"ကြည့်ချင်ရင် ကြည့်ရမှာပေါ့ ငါ့မြေးရဲ့။ မနက်ဖြန် ညကျတော့ အဲဒီ ပြဇာတ်ကို ဘုရားကျောင်းမှာ အဘိုးကိုယ်တိုင် ပြမယ်ကွယ်။ အနည်းဆုံး တစ်ခန်းလောက်တော့ ပြဖြစ်ပါလိမ့်မယ်။ ဒီပြဇာတ်က အခန်းတွေ အများ ကြီး အရှည်ကြီးကွယ့်။ ဆုံးအောင် ပြမယ်ဆိုရင် သုံးလေးရက်လောက် ပြရ လိမ့်မယ်"

ခရစ္စတိုဖာကလေးသည် ယင်းရုပ်သေး ပြဇာတ်ကို ကြိုးကြား ကြိုးကြားဖြင့် အစအဆုံး အပိုင်းစုံ ကြည့်ခဲ့ဖူးသည်။သူသည် ကလေးသဘာဝ

အတိုင်း ပြဇာတ်ဇာတ်လမ်းကိုထက် ရုပ်သေးရုပ်ကလေးတွေကို ပို၍ သဘော ကျခဲ့သည်။ ထို့ကြောင့်လည်း တစ်နေ့တွင် သူကိုယ်တိုင် ရုပ်သေးရုပ်ကလေး တွေ ထုလုပ်မည်ဟု ရည်ရွယ်ထားခဲ့သည်။ သို့သော် ထုစရာ ဓားဆောက် ကိရိယာ မရှိသဖြင့် သူ့စိတ်ကူးမှာ အိပ်မက်စိတ်ကူး အဖြစ်ဖြင့်သာ ပြယ် ပျောက် သွားခဲ့ရသည်။

သို့ပေမဲ့…ကံကောင်းချင်တော့ သူသည် ဤကျောင်းတွင် ပန်းချီပန်းပု သင်တန်း တက်ခွင့်ရခဲ့သည်။ ဤတွင် တစ်ချိန်က သူ၏ အိပ်မက်စိတ်ကူးကို လက်တွေ့ အကောင်အထည် ဖော်ခွင့် ရလာခဲ့တော့သည်။

သို့ဖြင့် သူ့စိတ်ကူးနှင့်သူ အရုပ်ကလေးတွေ ထုသည်။ ဘယ်သူ ဘယ်ဝါ အရုပ်ဆိုသည်ကိုတော့ သူက ဆရာ့ကို မပြော။ ဆရာ လုပ်သူက လည်း မေးလားမြန်းလား မလုပ်။ သူ့သဘောနှင့်သူ ထုချင်တဲ့အရုပ် ထုပါ စေဟု လွှတ်ပေးထားသည်။

ထို့ကြောင့်ပင် ယနေ့ညနေတွင် ခရစ္စတိုဖာသည် လက်စမသတ်သေး သော သူ့ရုပ်တုကို စိမ်ပြေနပြေ အချောကိုင်နေခြင်း ဖြစ်သည်။

သို့သော်…ယခု သူထုလုပ်နေသော ရုပ်သေးရုပ်လေးရုပ်၏ ဇာတ် လမ်းသည် ဘယ်လို ဖြစ်ပေါ်လာမည် ဆိုတာကိုတော့ သူ့အနေဖြင့် လုံး၀ စဉ်းစား၍ မရသေး။

စိတ်ပါဝင်စားစွာဖြင့် အရုပ်ကလေးကို အချောကိုင်နေစဉ်မှာပင် ညစာစားချိန် ခေါင်းလောင်းထိုးသံ ပေါ်ထွက်လာလေသည်။ တစ်ချိန်တည်း တွင် အခန်းတံခါး ပွင့်သွားပြီး သူ့အခန်းဖော် ဂျွန်ဘားစတိုး ဝင်လာသည်။

တစ်ယောက်မျှ စကား မပြောကြ။ ဂျွန်က ခရစ္စတိုဖာ အနီးသို့ လျှောက်လာပြီး နောက်ဘက်မှ ရပ်ကြည့်နေသည်။

"အရုပ်ကလေးက လှတယ်ကွ။ မင်းရုပ်အတိုင်းပါပဲလား"

ဂျွန်က ချီးကျူးလိုက်သည်။

"ဒါ…ငါ့အရုပ်ပဲလေ"

ခရစ္စတိုဖာက နောက်သို့ လှည့်မကြည့်ဘဲ ပြန်ပြောသည်။





"ဒါနဲ့…ဒါတွေကရော"

"ငါ့အဖေနဲ့ ငါ့အမေ"

"နောက် ဒီအရုပ်ကရော ဘယ်သူလဲ"

"အဲဒါလည်း ငါ့အမေပဲ"

"ဟင်…မင်းဥစ္စာက မဟုတ်တာ"

"ဟုတ်ပါတယ်ကွ။ ငါ့မှာ အမေ နှစ်ယောက် ရှိတယ်"

"ဒီကောင် မဟုတ်တာ ပြောပြန်ပြီ။ ဘယ်သူ့မှ အမေ နှစ်ယောက် မရှိပါဘူးကွ"

ခရစ္စတိုဖာက ဘာမှ ပြန်မပြော။ ဘယ်လို ပြောရမှန်းလည်း သူမသိ။

"ပြောစမ်းပါဦးကွ…ခရစ္စတိုဖာ"

ဂျွန်က ထပ်မေးနေပြန်သည်။

"အမေ နှစ်ယောက်ဆိုတာ တကယ် ရှိနိုင်လို့လား သူငယ်ချင်းရ"

"ဟုတ်တယ်…ဂျွန်။ တို့ကိုရီးယားနိုင်ငံမှာ ဆိုရင် အမေ နှစ်ယောက် ဆိုတာ တကယ် ရှိတယ်"

ထို့နောက် သူသည် မောင်းချစားကလေးကို ပြန်ပိတ်ပြီး အရုပ် ကလေးကို အဝတ်စနှင့်ပတ်ကာ ထင်းရှူးသေတ္တာပေါ်တွင် ပြန်တင်ထား လိုက်သည်။

ပြီးတော့…ကန့်လန့်ကာကို ဆွဲပိတ်လိုက်သည်။

သည်အရုပ်ကလေးတွေကို ထုလုပ်နေရသည်မှာ သူ့အဖို့ အလွန် ပျော်စရာ ကောင်းလှသည်။ အရုပ်ကလေးတွေကို တစိမ့်စိမ့် ကြည့်နေရသည် နှင့်ပင် ဘဝင်အေးကာ ကြည်နူး ဝမ်းသာနေမိသည်။

သို့သော်… သို့သော်… သည်အရုပ်ကလေး လေးရုပ်၏ နောက်ခံ ဇာတ်လမ်းကို စဉ်းစားမိသောအခါတွင်ကား သူ့ရင်မှာ ပူလောင်လာသလို ခံစားရလေသည်။

သူတို့၏ ဇာတ်လမ်းက အနာဂတ်တွင် ဘယ်လို ဖန်လာကြပါ မည်နည်း။ ဘယ်လို အဆုံးသတ်ပါမည်နည်း။

ခရစ္စတိုဖာကလေး အဖို့တော့ အဆုံးမမြင်သော ကြေကွဲဖွယ် ဇာတ်လမ်း တစ်ပုဒ်လိုပင် ထင်မှတ်နေမိ ပါတော့သည်။

*

"တစ်ချိန်မှာ တစ်ခုပဲ လုပ်ကြတာပေါ့...လော်ရာ"

ခရစ္စက ပြောသည်။

သူတို့လင်မယားသည် အိပ်ခန်းထဲတွင် အတူရှိနေကြသည်။ လော်ရာ က အဖြူရောင် ဖဲပျော့ဝတ်စုံကို ဝတ်ထားသဖြင့် ထူးထူးခြားခြား လှနေ သည်။ ခရစ္စက ကိုယ်လုံးပေါ် မှန်ရှေ့တွင် ရပ်ကာ အင်္ကျီလည်စည်း တပ်နေရင်း မှန်ထဲမှ လော်ရာ၏ ရုပ်ကို ကြည့်ပြီး 'သူက အဖြူရောင်နဲ့ သိပ်လိုက်တာပဲ' ဟု တွေးလိုက်မိသည်။

လော်ရာ၏ ကိုယ်ကာယက နွဲ့နှောင်း ပျော့ပျောင်းသည်။ ဆံပင်က ရွှေနီရောင် တလက်လက် တောက်နေသည်။ မျက်လုံးတွေက အနက်ရောင်၊ ကြည့်လေ လှလေ ရုပ်သွင်မျိုး။

သူမ၏အလှက ဖြုလယမ်း အလှမျိုးမဟုတ်။ သိမ်မွေ့သော အလှမျိုး ဖြစ်သည်။ မြင်ရသူ ဘဝင်အေးရသော အလှမျိုးဖြစ်သည်။

သို့သော် ယင်းအလှထဲတွင် လေးနက်သော တည်ငြိမ်မှု ကိန်းဝပ် နေသည်ဟု ခရစ္စက ယူဆသည်။

"ဒါနဲ့...မောင်။ ခရစ္စတိုဖာကလေး အကြောင်းကို မောင်တစ်ခါမှ မတွေးမိဘူးလား...ဟင်" ဟု လော်ရာက မေးလာသောကြောင့် စောစောက အတိုင်း ပြန်ပြောလိုက် ခြင်းဖြစ်သည်။





တကယ်တော့ ဘားမင်း ပြောခဲ့သလို သူက ခရစ္စတိုဖာကလေး အကြောင်းကို လောလောဆယ်တွင် လုံးဝ မတွေးတာ အကောင်းဆုံးဟု ယူဆထားခြင်း ဖြစ်သည်။ သူသည် ဆုံးဖြတ်ချက် တစ်ခုကို ဆန္ဒစွဲဖြင့် ချမှတ်တတ်သူ မဟုတ်။ အချိန်အခါနှင့် အခြေအနေကို ကြည့်၍သာ ဆုံးဖြတ်တတ်သူ ဖြစ်သည်။

"တစ်ချိန်မှာ တစ်ခုပဲ လုပ်တာ ကောင်းပါတယ် လော်ရာ"

သူက ပြောပြီးသား စကားကိုပင် ထပ်ပြောလိုက်သည်။ ပြီးတော့ ညစာစားပွဲတွင် ဝတ်သော ဂျက်ကတ်အင်္ကျီ လှမ်းယူလိုက်သည်။

"ဒီတော့...ကလေးရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး မောင်က ဘယ်လို ရည်ရွယ်ထားလို့လဲ"

လော်ရာက ထပ်မေးနေပြန်သည်။

ခရစ္စအနေဖြင့် ဖြေဆိုနိုင်ရန် အသင့် မရှိ၍ သည်မေးခွန်းကို သူမ မမေးသင့် ဆိုတာကို လော်ရာ သိပါသည်။ သို့သော်လည်း သူမသည် အချိန် ရှိတိုင်း ခရစ္စတိုဖာကလေး ဆီသို့သာ စိတ်ရောက်နေသဖြင့် သည်ကိစ္စကို ခရစ္စနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုစိတ် အလွန် ပြင်းပြနေသည်။ ထို့ကြောင့်ပင် ဒေါ်လာတစ်ထောင်တန် ညစာစားပွဲသို့ သွားရန်ပြင်ဆင်နေစဉ် သူမက မေးလိုက်ခြင်း ဖြစ်သည်။

"အဲဒါတော့ ငါ မသိဘူး"

ခရစ္စက ပြန်ပြောသည်။

"ဒီပြဿနာမျိုးဆိုတာ ကြိုပြီး ဆုံးဖြတ်ချက်ချလို့ရတာ မဟုတ်ဘူး။ အချိန်အခါဆိုတာ ရောက်လာပါလိမ့်မယ်။ အဲဒီအချိန်ကျတော့မှ ဘာ လုပ်သင့်တယ်ဆိုတာ အလိုလို သိလာမှာပဲ"

အင်း...ဟုတ်ပါတယ်။ အလိုလို သိလာပါလိမ့်မယ်...ဟု တွေးရင်း လော်ရာ သက်မတစ်ချက် ချလိုက်သည်။ အလိုလို သိလာမယ့် အချိန် ရောက် လာနိုင်ပါစေဟုလည်း စိတ်ထဲက ဆုတောင်းလိုက်မိသည်။ တစ်ချိန်တည်း တွင် သူမအနေဖြင့် ခရစ္စအား ဘယ်လိုမှ တွန်း၍ ရမည်မဟုတ် ဆိုသည်ကို

လည်း သဘောပေါက်မိသည်။ သူ့စိတ်ကို သူမ သိသည်။ သူက ပြဿနာ တစ်ရပ်ကို အလေသုံးဆယ် ဆုံးဖြတ်တတ်သူ မဟုတ်။ ပြဿနာ တစ်ရပ် ကြုံလာလျှင် ကိုယ်နှင့် ဘာမှ မဆိုင်သလို ဘေးချိတ်ထားလိုက်ပြီး ဖေါ်ရွေ အေးအေးဖြင့် အဖြေ ရာကာ အချိန်တန်ပြီဟု ယူဆသော အခါတွင်မှ ဆုံးဖြတ် ချက် ချတတ်သူ ဖြစ်သည်။ သူက လော်ရာ၏ ရှည်လျားသော အကြောင်း ပြချက်များကို စိတ်မရှည်။ သူသည် နေရာတကာတွင် ကျိုးကြောင်း ညီညွတ် သော ဆင်ခြင်တုံတရားကို လက်မခံ။ သူ၏ ပင်ကို ခံစားချက်ကို အမိ ထားပြီး တစ်ပါးသူ၏ စကားကို နားထောင်သည်။ အချက်အလက် စုသည် ပြီးတော့မှ ဆုံးဖြတ်ချက် ချသည်။ သူ့ ဆုံးဖြတ်ချက်များသည် အမြဲတမ်းလိုလို မှန်ကန်နေတတ်ကြောင်းကိုလည်း သူမ အကြိမ်ပေါင်းများစွာ တွေ့မြင်ခဲ့ ပြီးပြီ။ ထို့ကြောင့် ယခု ကိစ္စတွင်လည်း သူ ဆုံးဖြတ်ချက်ချသည့် အချိန်အထိ စောင့်ရန်သာ ရှိတော့သည်။

ခရေစ္စ၏ ထိုးထွင်းဉာဏ် ဘယ်လောက်ထိ အစွမ်းထက်ကြောင်း ယနေ့ညတွင် ထင်ထင်ရှားရှား မြင်ရတော့မည်။ ပရိသတ်အား ဘာ ပြောမည်ဆိုတာကို သူ သေသေချာချာမှ ကြိုတင် စိတ်ကူးထားပြီး ပါရဲ့လား ဟူ၍ လော်ရာက စိုးရိမ်မိသည်။ သို့သော် ကိစ္စမရှိ။ ပူစရာမလို။ သူ့ အကြောင်း သူ အသိဆုံး။

သူက ပရိသတ်ရှေ့တွင် မတ်တတ်ရပ်ပြီး ပရိသတ်ကို အကဲခတ်မည်။ ပရိသတ် ဘာကြိုက်မည် ဆိုတာကို လေ့လာမည်။ ထို့နောက်တွင်မှ သူ့ခံစား ချက်နှင့် သူ့ ဗဟုသုတ အတွေ့အကြုံတွေကို အကွက်ချေချေဖြင့် ကျွမ်း ရေသွန် ဟောပြောသွားလိမ့်မည်။

ဤသည်ကား သူ၏ နည်းဗျူဟာ...။

သူသည် ပြည်နယ် အုပ်ချုပ်ရေးမှူးကောင်း တစ်ဦး ဖြစ်လာနိုင်သည် ဟူသော အချက်ကို လော်ရာက အကြွင်းမရှိ လက်ခံသည်။

တစ်နေ့သော အခါတွင် ကြီးကျယ်သော သမ္မတကြီး တစ်ဦးပင် ဖြစ်လာနိုင်သေးသည်ဟုလည်း အလေးအနက် ယုံကြည်ထားသည်။





နောက် တစ်နာရီခန့် အကြာတွင် သူတို့အားလုံး ဟောပြောပွဲ ခန်းမ ကြီးထဲသို့ ရောက်နေကြပြီ။ ခန်းမကြီး တစ်ခုလုံး ပရိသတ်တွေ ပြည့်လျှံ နေသည်။ ပန်းဆွဲမီး ပဒေသာများဖြင့် ထိန်ထိန်လင်း နေသည်။

လော်ရာက သူမဘေးတွင် ထိုင်နေသော မစ္စတာ ဟင်နရီအလန်အား မသိမသာ စောင်းငဲ့၍ အကဲခတ်လိုက်သည်။ အဘိုးကြီးသည် အတော် ကလေး စွမ်းနယ်နေပုံရသည်။

"ဘယ်လိုနေမယ်ထင်သလဲ...အန်ကယ်"

လော်ရာက နှစ်ကိုယ်ကြား လေသံဖြင့် မေးလိုက်သည်။

"အို... စိတ်ချစမ်းပါ။ သူ ကောင်းကောင်း ပိုင်ပါတယ်။ ဟောပြောပွဲ တွေ ဒီလောက် ဆက်တိုက် လုပ်နေတာ ကျုပ်ဖြင့် ဖတ်ဖတ်ကို မောနေတာပဲ။ ဒါပေမဲ့...သူကတော့ နည်းနည်းကလေးမှ မဖြုံဘူး။ လူငယ် တစ်ယောက်လို မြူးကြွ သွက်လက်နေတယ်။ ကြည့်ပါလား။ ကျုပ် ပြောတာ မဟုတ်ဘူး လား။ ဘယ်လောက်ကို တက်ကြွနေသလဲဆိုတာ။ တကယ်တော့ သူ့ကို ဘယ်သူမှ တားလို့ မရနိုင်ပါဘူး လော်ရာ"

သူ့ကို ဘယ်သူမှ မတားနိုင်ဘူး ဆိုပါလား။ ဟုတ်ပါ့မလား။ တစ် ယောက်ယောက်ကများ တီးတိုးစကားတစ်ခွန်း လက်ဆင့်ကမ်းလိုက်ရင် ဘယ်လို ဖြစ်သွားမလဲ။ ဒါမှမဟုတ် လူပုံအလယ်မှာ အရှက်တကွဲ အကျိုး နည်းအောင် မေးခွန်း ထုတ်လိုက်ရင် ဘယ်လို လုပ်ပါ့မလဲ။

သည်အတွေးကြောင့် လော်ရာ ရင်ထဲတွင် ဆို့ကျပ်လာမိသည်။ သို့ပေမဲ့ သူမက ဣန္ဒြေ အပြည့်ဖြင့် ဟန်မပျက် ငြိမ်ငြိမ်ထိုင်ကာ ပရိသတ်ကို စောင့်ကြည့်နေသည်။ ဂီတသံကို နားစွင့်နေသည်။

ဘားမင်းဘက်သို့ လှည့်ကြည့်လိုက်သည်။ သူလည်း သူမလိုပင် ရင်ခုန်နေလိမ့်မည်ဟု တွေးမိသည်။ သူက ခရေစ္စဘေးတွင် ကပ်ထိုင်နေသည်။ မျက်နှာက တည်သည်။ သို့သော်လည်း ပရိသတ်ထဲမှ လှုပ်လှုပ်ရွရွမြင်တိုင်း သူ့ အမူအရာ ဂနာမငြိမ် ဖြစ်ဖြစ်သွားသည်ကို လော်ရာ အကဲခတ်မိသည်။

အကယ်၍သာ ယနေ့ညတွင် ပရိသတ်ထဲမှ တစ်ယောက်ယောက်က

ထရပ်ပြီး ခရစ္စ၏ အဓိက လျှို့ဝှက်ချက်ကြီးကို ဖော်ထုတ်လိုက်မည် ဆိုလျှင်တော့... ဆိုလျှင်တော့... သွားပြီ... သွားပြီ...အားလုံး ရေစုန်မျောပြီ...။ အရက်ရက် အလလက ကြိုးစားခဲ့သမျှ လူအား၊ ငွေအား အားလုံး ဆုံးရှုံးပြီ... ဆုံးရှုံးပြီ။

"ဒီနေ့ည ကျုပ်တူမကြီး တယ်...ငြိမ်ချက်သား ကောင်းနေပါလား။ သိပ်ပြီး အတွေးနက်နေတယ် ထင်တယ်"

မစ္စတာဟင်နရီအလန်က တိုးတိုးပြောသည်။

"ဒါပေါ့...အန်ကယ်။ ဒီလိုပွဲမျိုးကို အတွေးမနက်တဲ့လူ ရှိပါ့မလား။ သိပ်ပြီး အရေးကြီးတဲ့ပွဲ ဆိုတော့ တာဝန်လည်း သိပ်ကြီးတာပေါ့"

"သိပ်မပူပါနဲ့လေ။ ကိုယ့်လူ ကောင်းကောင်း ကိုင်နိုင်ပါတယ်။ ဘယ်သူလဲ မသိ တစ်ယောက် ပြောဖူးတယ်။ ဘယ်နေရာမှာ တွေ့ခဲ့သလဲ ဆိုတာ ကျုပ် မမှတ်မိတော့ဘူး။ ပါရမီဆိုတာ အတိုင်းမသိ ဖန်ဆင်းရှင်တဲ့။ အရာခပ်သိမ်းကို စိတ်တိုင်းကျ ဖန်တီးနိုင်တယ်တဲ့။ ကျုပ်တို့ လူမှာ အဲဒီ စွမ်းရည် ရှိပါတယ်"

"တကယ်လို့များ သူ ရှုံးသွားရင် ဘယ်လိုများ နေလိမ့်မလဲ။ ကျွန်မတော့ တွေးပြီး ကြောက်မိတယ်...အန်ကယ်"

သည်အချက်သည် အလုံးစုံ မမှန် ဆိုသည်ကို သူမ ချက်ချင်း သတိပြုလိုက်မိသည်။ အကယ်၍ ခရစ္စသည် သာမန် ပြည်သူတစ်ယောက် ဘဝသို့ ပြန်ရောက်သွားခဲ့လျှင် ခရစ္စတိုဖာကလေးသည် အိမ်သို့ ရောက်လာပေလိမ့်မည်။ သို့သော်...ဘယ်တော့မှ သာမန် ပြည်သူ တစ်ယောက် မဖြစ်ခဲ့သော ခရစ္စသည် သာမန်ပြည်သူ ဘယ်လို ဖြစ်လာနိုင်ပါမည်နည်း။

"သူ နိုင်မှာ သေချာပါတယ်"

အဘိုးကြီးက အလေးအနက် ပြောသည်။

"ဒီအချက်ကိုတော့ သံသယ မဖြစ်ပါနဲ့"

"မမျှော်လင့်တာတွေဆိုတာ ဖြစ်လာတတ်သေးတာပဲ...အန်ကယ်"





သူမက သူမ တွေးကြောက်နေသော ပြဿနာကို အဘိုးကြီးအား ပြောပြလိုက်ချင်စိတ်ပင် ဖြစ်ပေါ်မိသည်။

"ခရစ္စအနေနဲ့ မဖြေရှင်းနိုင်တဲ့ ပြဿနာဆိုတာ မရှိပါဘူး လော်ရာ။ ပြည်သူတွေကလည်း အားလုံးနီးပါး သူ့ဘက် ပါနေကြပြီ။ မဲဆွယ် ဟောပြောပွဲတွေမှာလည်း သူက အကြီးအကျယ် အောင်မြင်ခဲ့တယ်။ ပြည်နယ် တစ်ဝန်းလုံးက မြို့တိုင်း မြို့တိုင်းကို အနည်းဆုံး သုံးကြိမ် လောက်စီ ခရီး ထွက်ခဲ့တယ်။ သူက ရောက်လေရာမှာ လူထုကို သူ့ဘက်ပါအောင် ဆွဲဆောင်နိုင်တာချည်းပဲ။ ပြည်သူတွေကလည်း သူ့ကို ယုံကြည်တယ်။ သူ ဘယ်နေရာမှာ ရပ်နေတယ်ဆိုတာ သူတို့က နားလည်ကြတယ်။ လက်ရှိ ပြည်နယ် အုပ်ချုပ်ရေးမှူးနဲ့ ယှဉ်ပြိုင်နိုင်တဲ့လူ ဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်"

အဘိုးကြီးက ခေတ္တ စဉ်းစားပြီးတော့မှ ဆက်ပြောသည်။

"သူ လုပ်ပုံကိုင်ပုံတွေကို မင်း သတိထားပြီး လေ့လာ ကြည့်မိရဲ့လား။ သူ့မှာ ဖန်တီးနိုင်စွမ်းတဲ့ အနုပညာရှင် တစ်ယောက်ရဲ့ နည်းပညာတွေ ရှိတယ်။ နည်းပညာဆိုတာ မဟုတ်သေးဘူး။ အခြေခံ စွမ်းရည်ဆိုမှ ပိုမှန်လိမ့်မယ်။ သူက အစဉ်အလာသမား မဟုတ်ဘူး။ ခေတ်လည်း အလွန်မီတယ်။ ပန်းချီ အနုပညာရှင် တစ်ယောက်ဟာ သူ့ပန်းချီကားကို သူ ဘယ်လို ဆွဲမယ်ဆိုတဲ့ ရည်ရွယ်ချက် မပါဘဲ စဆွဲတယ်။ အလားတူပဲ စာရေးဆရာ တစ်ယောက်ကလည်း သူ့စာအုပ်ကို ဘယ်လို ရေးမယ်ဆိုတဲ့ ရည်ရွယ်ချက် မပါဘဲ စရေးတယ်။ ဒါပေမဲ့ သူ ရရှိထားတဲ့ အခြေခံ ကုန်ကြမ်းပေါ်မှာ ကြည့်ပြီး စီမံကိန်း ချသွားတယ်။ အဲဒီနောက်တော့ ဖန်တီးမှုဆိုတာ ပေါ်လာတယ်။ ဒါဟာ ခရစ္စရဲ့ လုပ်နည်းလုပ်ဟန်ပဲ။ သူဟာ လူသားတွေ၊ စိတ်ကူးဉာဏ်တွေနဲ့ အလုပ် လုပ်သွားတယ်။ အဲဒါတွေအားလုံး သူ့ပတ်ဝန်းကျင်မှာ ရှိကြတယ်။ သူ ကြည့်တယ်၊ နားလည်အောင် ခံစားတယ်။ ပြီးတော့ အသုံးချတယ်။ အဲဒီမှာ...ဖန်တီးမှုဆိုတာ ဖြစ်ပေါ်လာတယ်။ ဒီတော့..."

စကားကောင်းနေတုန်း ဘားမင်း ရောက်လာပြီး မစ္စတာ ဟင်နရီ အလန်၏ နားဝသို့ ကပ်၍ တိုးတိုးပြောသည်။

"ကိုယ်စားလှယ်လောင်းကို ပရိသတ်နဲ့ မိတ်ဆက်ပေးဖို့ အချိန်ရောက်ပါပြီ ခင်ဗျား။ ဆယ်မိနစ် အချိန်ပေးပါ့မယ်"

အဘိုးကြီးက ထိုင်ရာမှ ထရပ်လိုက်ပြီး...

"ကျုပ် အဲဒီလောက် အချိန် မယူချင်ဘူး"

"ယူသာယူပါ ခင်ဗျား၊ ယူသာယူပါ"

ဘားမင်းက တိုးတိုး ထပ်ပြောသည်။

"ကိုယ့်လူကို မိုးထိအောင် တင်ပေးလိုက်စမ်းပါ။ ပရိသတ်က မျှော်နေပြီ"

ကျယ်ဝန်းသော ခန်းမဆောင်ကြီးထဲတွင် ပရိသတ်တွေ ကုလားထိုင်ရွေ့ရင်း လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ စားပွဲထိုးများက ပန်းကန်ခွက်ယောက်များ ကမန်းကတန်း လိုက်သိမ်းကာ စားပွဲတွေကို ရှင်းနေကြသည်။

မီးပန်းဆိုင် နှစ်ဆယ့်သုံးခုမှ အလင်းရောင် အောက်တွင် စိန်ရွှေရတနာများနှင့် ပိုးဖဲ ကတ္တီပါများ တလက်လက် အရောင်တောက်နေကြသည်။

တီးဝိုင်းမှ ဂီတသံ ငြိမ့်ညောင်းညင်သာစွာ ပေါ်ထွက်နေသည်။

မစ္စတာဟင်နရီအလန်သည် စကားပြောခုံ ရှေ့တွင် ရပ်လိုက်သည်။ ဂီတသံများ တိတ်သွားသည်။ ကြည်လင်ပြတ်သား၍ ဩဇာ အပြည့်ပါသော အသံသည် အခန်းတစ်ခုလုံးကို လွှမ်းခြုံသွားသည်။

"မိတ်ဆွေများ ခင်ဗျား၊ ကျွန်တော်တို့ အားလုံးနဲ့ တစ်မြေတည်းနေ တစ်ရေတည်းသောက် ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်တဲ့၊ ကျွန်တော်တို့မြို့၊ ကျွန်တော်တို့ ပြည်နယ်က ထင်ရှားကျော်ကြားတဲ့ မိသားစုတစ်ခုက မွေးဖွားလာတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်းဖြစ်တဲ့ ကျွန်တော်တို့ လူမျိုးရဲ့ အစဉ်အလာအရ မွေးဖွားလာပြီး ကျွန်တော်တို့ လူမျိုးရဲ့ အစဉ်အလာအတိုင်း ပညာသင်ကြားလာခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်းဖြစ်တဲ့ မစ္စတာခရစ္စတိုဖာ ဝင်းတား အကြောင်းကို ပရိသတ် ရှေ့မှောက်မှာ အခုလို ပြောခွင့်ရတဲ့အတွက် ကျွန်တော် အများကြီး ဂုဏ်ယူပါတယ်။ ဝမ်းလည်းသာပါတယ်"





အဘိုးကြီးက မဆိုးဘူးပဲဟု လော်ရာက မှတ်ချက်ချလိုက်သည်။

ဟင်နရီအလန်က အေးအေးဆေးဆေးနှင့် တည်တည်ငြိမ်ငြိမ် ဆက်ပြောသွားသည်။

ခရစ္စသည် သတ္တိရှိသော လူပျော်တစ်ယောက်ဖြစ်ကြောင်း၊ ပြဿနာတစ်ရပ်ကို အရင်းအမြစ်ကျကျ ချဉ်းကပ်ပြီး အဖြေမှန်ကို ရအောင် နိုက်ယူတတ်သူ ဖြစ်ကြောင်းတို့ကို အကွက်မိမိ ပြောသွားသည်။

ထို့နောက် ခရစ္စ၏ ကလေးဘဝ၊ လူငယ်ဘဝ၊ ဟားဗတ်တက္ကသိုလ်ကျောင်းသားဘဝတွင် ထူးချွန်ခဲ့ပုံ၊ ရှေ့နေပေါက်စဘဝ အတွေ့အကြုံများကို ဆက်ပြောသည်။

တစ်ဖန်...ခရစ္စသည် စိတ်ဓာတ်မြင့်မြတ်သူဖြစ်ကြောင်း၊ ဉာဏ်ပညာထက်မြက်ကြောင်း၊ လူတိုင်းအတွက် မိတ်ဆွေကောင်း တစ်ယောက်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တ ကောင်း၍ အကြင်နာတရား ရှိသူဖြစ်ကြောင်း၊ စိတ်ကူးစိတ်သန်းကို လက်တွေ့ အကောင်အထည်ဖော် နိုင်စွမ်းသူဖြစ်ကြောင်း...။

"ကိုင်း... ကျွန်တော် ပြောချင်တာကတော့ ဒါလောက်ပါပဲ။ မစ္စတာခရစ္စတိုဖာ ဝင်းတားဟာ ရှေ့နေကျော်တစ်ယောက်အဖြစ်နဲ့ ကျွန်တော်တို့မြို့မှာ တာဝန် ထမ်းဆောင်ခဲ့ပြီးပါပြီ။ အခု သူက အဲဒီထက် ပိုလို့ ကြီးမားကျယ်ပြန့်တဲ့ တာဝန်ကို ထမ်းဆောင်ပါရစေလို့ တောင်းခံနေပါပြီခင်ဗျား"

မစ္စတာဟင်နရီအလန်က စကားပြောခုံဘေးသို့ ထွက်ရပ်လိုက်သည်။

ခရစ္စက ရှေ့သို့လျှောက်လာသည်။ တက်ကြွသော၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သော၊ ဝင့်ဝါခြင်းကင်းသော၊ ဂုဏ်ယူသော အမူအရာအပြည့်ဖြင့်...။

လက်ခုပ်သံများ တစ်ခန်းလုံး ညံသွားသည်။ ပန်းဆွဲ မီးဆိုင်းများပင် လှုပ်ခါသွားသလား ထင်မှတ်ရသည်။

သူက သူ၏ လူတိုင်း စွဲမက်သော အပြုံးဖြင့် ပြုံးကာ လက်ခုပ်သံစဲသည်အထိ စောင့်နေလိုက်သည်။

ထို့နောက်တွင်တော့...

တည်ငြိမ်လေးနက်သော အားမာန်ရှိသောအသံဖြင့် စကင်ပေးလျှာ တော့သည်။

"လေးစားအပ်သော မိတ်ဆွေများခင်ဗျား"

လော်ရာက ရင်တဒိုဒိုဖြင့် နားထောင်နေရာမှ ကျိတ်ပြီး မှတ်ချက်ချ လိုက်သည်။

**ဒီမိန့်ခွန်းဟာ သူ ပြောခဲ့သမျှတွေထဲမှာ အကောင်းဆုံး၊ အလေးနက် ဆုံး မိန့်ခွန်း ဖြစ်မှာပဲ။**

*

မြို့တွင်းရှိ ဓရုစ္စ၏ ရုံးခန်းထဲတွင် လူတွေ တရုန်းရုန်းနှင့် ဂနာမငြိမ် ဖြစ်နေ ကြသည်။ အချိန်က သန်းခေါင်ကျော်သွားပြီ။ ဌာနချုပ်သို့ မဲဆန္ဒတွေ တစ်သုတ်ပြီးတစ်သုတ် ဝင်လာနေသည်။

အရုဏ်တက်ချိန်တွင် မဲအားလုံး ရေတွက်ပြီးသွားသည်။ မဲဆန္ဒရှင် ငါးသန်းခွဲကျော် ရှိသည့်အနက် လူပေါင်း ခုနစ်သောင်းငါးထောင်တို့က ဓရုစ္စအား မဲပေးကြသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် ဓရုစ္စက ပြိုင်ဘက် များအား အပြတ်အသတ် နိုင်လိုက်ပြီ။

"ဂုဏ်ယူပါတယ်...ပြည်နယ်အုပ်ချုပ်ရေးမှူး ခင်ဗျား"

ဘားမင်းက အသံသြသြကြီးဖြင့် အော်ပြောလိုက်သည်။

"ဂုဏ်ယူပါတယ် ခင်ဗျား"

"ဂုဏ်ယူပါတယ် ခင်ဗျား"

သူ့ပတ်ပတ်လည်တွင် လူတွေ ဝိုင်းနေကြသည်။ သူက ရင်းတို့...





ပြုံးပြသည်။ သူ တော်တော် ပင်ပန်းနေပြီ။ သည်အချက်ကို လော်ရာက အကဲခတ်မိသည်။ သို့သော်လည်း သူ ပျော်နေသည်။ သူ့အနားသို့ လာသမျှ လူတွေနှင့် ဝမ်းသာအားရ လက်ဆွဲ နှုတ်ဆက်နေသည်။ သူ အောင်နိုင်ရေး အတွက် လုပ်ကိုင် ပေးခဲ့ကြသော ရုံးအမှုထမ်းများနှင့် မဲဆွယ်ရေး တာဝန်ခံ များ၏ ပျော်မြူး အော်ဟစ်သံများဖြင့် ဆူညံနေသည်။

လော်ရာက ခပ်လှမ်းလှမ်းတွင် ရပ်ကာ သူတို့ကို ပြုံးကြည့်နေသည်။

အားလုံး ဂုဏ်ပြုနှုတ်ဆက် ပြီးသွားသောအခါတွင်မှ သူမက ဓရုစ္စ အနီးသို့ အေးအေးသက်သာ လျှောက်သွားပြီး ပါးပြင်ကို နမ်းရှုပ်၍ ဂုဏ်ပြု လိုက်သည်။

"မောင်တော့ တကယ့်ကို အောင်မြင်တဲ့ ပြည်နယ် အုပ်ချုပ်ရေးမှူး တစ်ယောက် ဖြစ်လာမှာပဲ...မောင်"

*

အိပ်ခန်းထဲမှ ခုတင်ပေါ်တွင် လှဲနေသည်။ လဝင်သွားတာလား။ တိမ်ဖုံး သွားတာလား။ သူမ မသိ။ အခန်းထဲတွင် လရောင်ဖွေးဖွေး ပျောက်ကွယ်သွား သည်ကိုသာ သူမ သတိပြုမိသည်။ သူမသည် လမင်းကြီးကို ကြည့်ပြီး စိတ်ကူး နေရသည်ကို အလွန် သဘောကျသည်။ လရောင်သည် အေးမြ၍ စိတ်ကူး စိတ်သန်းကို နှိုးဆွပေးသည်။ ယခင်ကဆိုလျှင် အိပ်ရာပေါ်တွင် လှဲရင်း ပြတင်းပေါက်မှ မြင်ရသော လမင်းကြီးကို ကြည့်ကာ မကြာခဏ စိတ်ကူးကြော ဖြန့်ခဲ့ဖူးသည်။ ယခုတော့ လမင်းကြီးကို အေးအေးဆေးဆေး မကြည့်ရသည်မှာ တော်တော်ကြာခဲ့ပြီ။

ရွေးကောက်ပွဲကြီး ပြီးသွားပြီးနောက် ယနေ့ညတွင် ဓရုစ္စအနေဖြင့် ကိုယ်ရောစိတ်ပါ တော်တော် နွမ်းနယ်သွားသည်။

သတင်းထောက်တွေ ဝိုင်းလာပြီး မေးခွန်းတွေ အမျိုးမျိုး ထုတ်ကြ သည်။

"ကိုယ့်ဆရာတို့… ဒီနေ့တော့ တောင်းပန်ပါတယ်။ ကျွန်တော် တော်တော့်ကို ပင်ပန်းနေလို့ပါ။ မနက်ဖြန်မှပဲ ဆုံကြတာပေါ့။ ဒီကိစ္စ ပတ်သက်ပြီး ကျွန်တော် ဘယ်လို ပြောရမှန်းလည်း မသိသေးပါဘူး။ ကျွန်တော် စဉ်းစားပါရစေဦး။ တစ်ညလောက် စဉ်းစားကြည့်ပါရစေဦး"

သူက ရယ်ရယ်ပြုံးပြုံးဖြင့် တောင်းပန်စကားဆိုကာ လော်ရာကို လက်ဆွဲပြီး ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

အိမ်ရောက်တော့ အိမ်ရှေ့တံခါးကို သော့ခတ်လိုက်သည်။ သူ ယိုင်ထိုး တော့မလို ဖြစ်သွားသဖြင့် လော်ရာက ကမန်းကတန်း ဖေးမထား လိုက်ရ သည်။

"ရပါတယ်။ ရပါတယ်။ ငါ ဘာမှ မဖြစ်ပါဘူး။ ငါ့ကို ဘယ်သူမှ မတိုက်ခိုက်နိုင်ပါဘူး…လော်ရာ။ ငါကသာ တိုက်ခိုက်မှာပါ"

ထို့နောက် သူတို့နှစ်ယောက် အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ လော်ရာက အဝတ်အစားလဲပြီး အိပ်ရာပြင်နေစဉ် ဓရစ္စက ရေချိုးခန်းသို့ ဝင်ကာ ရေချိုးနေသည်။ ခဏကြာတော့ ပြန်ထွက်လာပြီး အိပ်ခန်းထဲဝင်ကာ အိပ်ရာပေါ်တွင် တစ်ကြိုးတည်း လှဲအိပ်လိုက်တော့သည်။

မကြာမီတွင်ပင် သူ အိပ်ပျော်သွားသည်။ လော်ရာက သူ့ခုတင်နားမှ ထွက်လာပြီး အလယ်ခန်းခွဲ တံခါးကို အသာအယာ ပြန်ပိတ်လိုက်သည်။

သူမ မအိပ်ချင်သေး။ ရေချိုးခန်းထဲ ဝင်ပြီး ရေချိုးပစ်လိုက်သည်။ အဝတ်အစားလဲပြီး ဆံပင်ဖြီးသည်။ ပြီးတော့ အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲလိုက်သည်။

မီးထွန်း မထား၍ တစ်ခန်းလုံး မှောင်မည်းနေသည်။ အိပ်၍မပျော်၊ မျက်လုံးတွေ ကြောင်နေသည်။ စိတ်ကူးတွေကလည်း ပြန့်လွင့်နေသည်။

ရွေးကောက်ပွဲကြီးတော့ အနိုင်ရခဲ့ပြီ။ နောက်ထပ် ဘာလုပ်စရာရှိ



ကျန်ပါသေးသနည်း။ အောင်မြင်မှုသည် သူတို့ လင်မယားအတွက် ဘယ် အတိုင်းအတာအထိ အကျိုး ရှိပါနည်း။ ဘယ်လို အကျိုးတွေ ရှိပါသနည်း။

ဟင်နရီအလန် ပြောသော စကားကို ရုတ်တရက် သွား၍ သတိရ သည်။

ဓရစ္စက အနုပညာရှင် တစ်ယောက်တဲ့၊ အနုပညာရှင်ဟာ သူ့ရဲ့ အခြေခံ ကုန်ကြမ်းပေါ်မှာကြည့်ပြီး ပုံပေါ်အောင် ဖော်ဆောင်သွားတယ်တဲ့၊

ဟုတ်တယ်၊ အဘိုးကြီး ပြောတာ မှန်တယ်၊ ငါ့အနေနဲ့ အချိန် ရောက်အောင် စောင့်နေရမယ်၊ ဓရစ္စမတ်ရက်ကုန်အထိ စောင့်နေရမယ်၊ ကလေးနဲ့ အားလုံးဆုံကြတဲ့အခါ ဘာလုပ်သင့်တယ်ဆိုတာ ဓရစ္စက သိလိမ့် မယ်၊ အခြေအနေကို ကြည့်ပြီး သူ ဆုံးဖြတ်လိမ့်မယ်၊ တကယ်တော့ သူ့ ဘဝဟာလည်း ငါ့ဘဝပါပဲ၊ သူ့ပြဿနာဟာလည်း ငါ့ပြဿနာပါပဲ၊

သည်အတွေးကြောင့် သူမရင်ထဲတွင် အေးငြိမ်းသွားသည်။ မကြာမီ တွင် သူမ အေးငြိမ်းစွာ အိပ်ပျော်သွားတော့သည်။

*

"သူ့ အခြေအနေ အလွန် ကောင်းပါတယ်။ ပတ်ဝန်းကျင်နဲ့လည်း အဆင် ပြေအောင် နေတတ်တယ်"

ဒေါက်တာ ဘားလက်က ပြောသည်။

သူတို့သည် ဓရစ္စတိုဖာကလေး အလာကို ဧည့်ခန်းဆောင်တွင် ထိုင်စောင့်နေကြသည်။ ဓရစ္စမတ် ကျောင်းပိတ်ရက်သည် တမြန်နေ့ကပင် စခဲ့သည်။ ကျောင်းသားတွေ အားလုံးလိုလိုပင် ပြန်ကုန်ကြပြီ။ ကျောင်းကြီး တစ်ခုလုံး တိတ်ဆိတ်လျက်ရှိသည်။

အပြင်ဘက်တွင် ဆီးနှင်းတွေ တဖွဲဖွဲ ကျနေသည်။ မွဲပြာရောင် ကောင်းကင် နောက်ခံဖြင့် ဆွတ်ဆွတ်ဖြူနေသော ဆီးနှင်းတိမ်လွှာများ လေထဲတွင် တလိပ်လိပ် လွင့်မျောနေကြသည်။

"သူ အရုပ်ကလေးတွေနဲ့ အလုပ် ရှုပ်နေတယ်နဲ့ တူပါရဲ့"

ဒေါက်တာဘားလက်က ပြောသည်။

"အရုပ်ကလေးတွေ ဟုတ်လား"

လော်ရာက ပြန်မေးသည်။

"ဟုတ်ပါတယ်။ ဒီကလေးက ဗီဇရှိတဲ့ ကလေးပဲ မစ္စက်ဝင်းတား။ ကျုပ်က သူ့ကို ဘာသာရပ်တိုင်းမှာ ကြိုးစားစေချင်တယ်။ ဒါပေမဲ့ သူ။ အမေးအဖြန်း သိပ်မရှိပါဘူး။ ဉာဏ် တော်တော်ကောင်းတဲ့ ကလေး။ သုံးလေးလအတွင်းမှာပဲ အံ့ဩလောက်အောင် တိုးတက်လာတာ တွေ့ရ တယ်"

"တခြားကလေးတွေက သူ့ကို သဘောကျပါရဲ့လား"

ခရစ္စက ဖြတ်မေးသည်။

"သူခင်တဲ့ ကလေးတွေက သူ့ကို သိပ်ပြီး ခင်ကြပါတယ်။ တခြား ကလေးတွေကတော့ သူ့ကို လေးစားကြတယ်။ သူက တော်တော်လည်း နေတတ်ထိုင်တတ်တဲ့ ကလေးပါ။ ဒါနဲ့ စကားမစပ်... အဲလေ... စကားစပ်မိ တယ်။ အင်္ဂလိပ် စကားပြောနဲ့ အရေးအဖတ်ကတော့ အတော်ဆုံး ကျောင်းသားပါပဲ။ သူက ဘာသာစာပေကို တော်တော် စိတ်ဝင်စားတယ်။ ပြီးတော့ သီချင်းဆိုလည်း အလွန်ကောင်းတဲ့ ကလေးပဲ။ ဂီတဆရာက သူ့ကို ဘုရားရှိခိုးကျောင်း သံစုံတီးဝိုင်းမှာ သွင်းပေးထားတယ်။ သူကလည်း သဘောကျတယ်"

"အားကစားဘက်မှာရော...ဆရာကြီး"

ခရစ္စက မေးသည်။

"ဘောလုံးလို အကြမ်းကစားနည်းတွေကိုတော့ သူ ဝါသနာမပါဘူး။ တင်းနစ်တို့၊ ဘေ့စ်ဘောတို့ကျတော့ တော်တော်တော်ပါတယ်။ သူ့အနေနဲ့





အားနည်းချက်တစ်ခု ရှိတာက အပြိုင်အဆိုင် စိတ်မရှိတာပါပဲ။ ကျုပ်တို့က ကျောင်းသားတွေ အချင်းချင်း အပြိုင်အဆိုင် စိတ်ဓာတ်တွေ ဝင်လာအောင် ဆိုပြီး ကစားခုန်စား အမျိုးမျိုး စီစဉ်ပေးထားပါတယ်။ ဒါပေမဲ့ ခရစ္စတိုဖာက အပြိုင်အဆိုင်စိတ် မရှိဘူး။ သူက ဘာအလုပ်ပဲ လုပ်လုပ် သူ့ဝါသနာ အလျောက်ပဲ လုပ်တယ်။ ငါ အောင်နိုင်ရမယ်ဆိုတဲ့ ပြိုင်ဆိုင်မှု စိတ်ဓာတ်နဲ့ မလုပ်ဘူး"

ထိုအခိုက် တံခါးဝတွင် ခရစ္စတိုဖာကလေး လာရပ်သည်။

ကလေးကို ရုတ်တရက် မြင်လိုက်ရတော့ လော်ရာမှာ အံ့အားသင့် သွားပြီး ပါးစပ်မှ "အို" ဟုပင် အလိုလို ထွက်သွားမိသည်။

လော်ရာအနေဖြင့် အံ့အားသင့်မည်ဆိုလျှင်လည်း သင့်လောက်စရာ ပင်။

ခရစ္စတိုဖာကလေးက သူတို့ ထင်တာထက် အများကြီး ထွားနေပြီ။ အရပ်လည်း အများကြီး ရှည်သွားသည်။ ဝလည်း တော်တော်ဝလာသည်။

သူက ဘောင်းဘီရှည်နှင့် အပြာရောင် ဝတ်စုံကို ဝတ်ထားသဖြင့် အရပ်လည်း ပိုရှည်လာပြီး အသက်လည်း ပိုကြီးသွားသလို ထင်ရခြင်း ဖြစ်သည်။ ပြီးတော့ တည်ငြိမ်သော မျက်နှာ အမူအရာကြောင့်လည်း အရွယ်က ပိုရင့်သွားသည်။ သူ့မျက်နှာတွင် ဆွေးရိပ်များ လုံးဝ မရှိတော့။ ပြုံးပြုံးရွှင်ရွှင်နှင့် မျက်လုံးတွေက ရွှန်းလက်နေကြသည်။

သူတို့က ခရစ္စတိုဖာကလေးအား စတင်၍ စကား မပြောကြ။ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဘားလက်ကလည်း တမင် မပြောဘဲ နေသည်။ သူက ခရစ္စတိုဖာအား စတင် ပြောစေချင်သည်။ သူတို့ သုံးယောက် ဆက်ဆံရေးကို သူ နားလည်သလောက်တော့ နားလည်ပါသည်။ သို့သော် နားမလည်တာတွေလည်း အများကြီး ရှိသေးသည်။ ကလေးက စာရေးလျှင် ခရစ္စအား ဖေဖေဟု ခေါ်ဝေါ် သုံးစွဲသည်။ ယခု သူ့ဖခင် ကိုယ်တိုင် ရောက်လာချိန်တွင် ဘာကြောင့် ဖေဖေဟု ခေါ်ပြီး ပြေးမလာသနည်း။ သူတို့ ဆက်ဆံရေးက တော်တော်တော့ ဆန်းသည်။ စိတ်ဝင်စားစရာလည်း

ကောင်းသည်။ အစတုန်းက သူ့ဖခင်ထံ စာတွေ မပြတ် ရေးခဲ့သည်။ နောက်ပိုင်း ရေးတာ မတွေ့ရတော့။ အဆောင်မှူးအား စောင့်ကြည့်နိုင်၍ သိရခြင်း ဖြစ်သည်။ သူ့ဖခင်ထံမှလည်း စာမလာတော့။ ပို့ဆောက်တွေသာ ရောက်လာ နေတာကို တွေ့ရသည်။ ဘာအကြောင်းကြောင့်မှန်း မပြော တတ်တော့။

လော်ရာကလည်း တမင် မပြောဘဲနေသည်။ သူမက လမ်းမှာ ကတည်းက ဆုံးဖြတ်လာခဲ့သည်။ ခရစ္စကိုသာ ကလေးနှင့် စကားပြောစေ ချင်သည်။ သူနှင့်သာ တိုက်ရိုက် ပတ်သက်နေသည် မဟုတ်လား။ သားနှင့် အဖ ဆက်ဆံရေး ပြဿနာကို သူတို့ သားအဖ နှစ်ယောက်သာ ဖြေရှင်း စေချင်သည်။ သူမက ပွဲကြည့်သူအဖြစ် ဘေးက ထိုင်ကြည့်နေရုံသာ ရှိသည်။

ထို့ကြောင့်လည်း သူမသည် ဘာမှမပြောဘဲ ကုလားထိုင်တွင် ငြိမ်၍ ထိုင်နေခြင်း ဖြစ်သည်။ လက်နှစ်ဖက်ကို လက်အိတ်စွပ်ထားသည်။ သားရေ ဂျက်ကတ်အကျီကို ဒူးနှစ်ဖက် ပေါ်တွင် တင်ထားသည်။ သူမက ပြုံးရုံသာ ပြုံးပြီး အခြေအနေကို တမင် စောင့်ကြည့်နေသည်။

ခရစ္စတိုဖာကလေးက ပြုံးပြီး လော်ရာ မျက်နှာကို တစ်ချက် လှည့် ကြည့်သည်။ ပြီးတော့ သူ့ဖေဖေ မျက်နှာကိုသာ ခပ်တည်တည်ဖြင့် စိုက် ကြည့်နေသည်။

သူသည် ဖေဖေ့ကို တစ်နေ့လုံး မျှော်နေခဲ့သည်။ ဘယ်အချိန် ရောက် လာမည် ဆိုတာကိုလည်း လုံးဝ မသိ။ သူသည် စားသောက်ချိန်မှ လွဲပြီး ဘယ်မှ မထွက်ဘဲ သူ့အခန်းထဲမှာသာ တစ်နေ့လုံး ရှိနေခဲ့သည်။ သို့သော် ပျင်းစရာ အကြောင်းတော့ မရှိ။ လက်စမသတ်ရသေးသော သူ့ရုပ်ထု ကလေးကို အချောကိုင်ရင်း အချိန်ကုန်လို့ ကုန်မှန်းမသိ ဖြစ်နေသည်။ သစ်သားက တော်တော်မာသည်။ ထို့ကြောင့် သတိနှင့် ထုထွင်းရသည်။ တစ်ကြိမ်တွင် တအားဖိ၍ ဓားချော် သွားပြီး လက်ကို ရှသွားသည်။ ဒဏ်ရာ ကို အဝတ်စနှင့် စည်းထားလိုက်ရသည်။

ခရစ္စက ကျောင်းအုပ်ကြီး မျက်နှာကို ကြည့်လိုက်သည်။ ထို့နောက် လော်ရာကို ကြည့်ပြန်သည်။ သူတို့ကများ ပြောမလားဟု မျှော်လင့်သော





ကြောင့် ဖြစ်သည်။ နှစ်ယောက်စလုံး ငြိမ်နေတာ မြင်ရတော့မှ သူက စပြော သည်။

"လာလေ...ခရစ္စတိုဖာ...ဝင်လာပါ"

သူက လက်ဆန့်တန်း ပေးလိုက်သည်။ ခရစ္စတိုဖာက ဝင်လာပြီး လက်ဆွဲ နှုတ်ဆက်သည်။

"မင်း တော်တော် ထွားသွားတာပဲ"

ခရစ္စက လက်ကို မလွှတ်သေးဘဲ ပြောလိုက်သည်။

"ကျွန်တော်က နေ့တိုင်း အမဲသား စားတယ်"

သူက လက်ကို အသာရုပ်၍ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ပြီးတော့ စကားမပြောဘဲ ငြိမ်နေသည်။ တကယ်တော့ လူကြီးကို ရိုသေသည့် သဘော ဖြင့် ငြိမ်နေခြင်း ဖြစ်သည်။ အဖေ မပြောခင် ကိုယ်က ဘယ်တော့မှ စမပြောရ ဘူးဟု သူ့မိခင် ဆွန်ယာ မှာလိုက်သော စကားကို သတိရမိခြင်းကြောင့် လည်း ဖြစ်သည်။

"အဲဒါ ကောင်းတာပေါ့"

ခရစ္စက ပြောသည်။

"အမဲသား နေ့တိုင်း စားပေးရင် ကျန်းမာ သန်စွမ်းလာတာပေါ့။ မဟုတ်ဘူးလား... ဆရာကြီး"

"ဒါပေါ့"

ဆရာကြီးက ပြုံးပြီးပြောသည်။

ဆရာကြီး အလှည့်သို့ ရောက်လာပြီ။ သူက ဆရာနှင့်တပည့် ဆက်ဆံသည့် လေသံဖြင့် ကြင်နာစွာ ပြောသည်။

"မင်းက သစ်သားရုပ်တု အလွန်တော်တဲ့ အကြောင်း မင်းဖေဖေနဲ့ မစ္စက်ဝင်းတားကို ငါ ပြောပြထားပြီးပြီကွယ့်။ အဲဒါ မင်းအခန်း ခေါ်သွားပြီး အရုပ်တွေ ပြသင့်တာပေါ့"

ခရစ္စတိုဖာ၏ ဖြူရော်ရော်မျက်နှာတွင် ပန်းရောင်သမ်းသွားသည်။

"ကျွန်တော် ဖြစ်ချင်သလောက် မဖြစ်သေးပါဘူး ဆရာကြီး။ ပြောရမှာတောင် ရှက်စရာကြီး။ ကျွန်တော်က အရင်တုန်းက ဒီအလုပ် တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူး"

"ရှက်စရာ မဟုတ်ပါဘူးကွယ်။ အန်တီတို့ ကြည့်ပါရစေ။ အဲဒါ ပြီးရင် ဆရာကြီးဆီမှာ ခွင့်တောင်း...ညစာ သွားစားကြမယ်လေ။ ကျွန်မကို သူ့ကို စောစော ပြန်ပို့ပါ့မယ် ဆရာကြီး"

"အို...ဖြစ်ပါတယ်။ ကိစ္စ မရှိပါဘူး"

ဆရာကြီးက ထိုင်ရာမှထသည်။

"ခရစ္စတိုဖာကို မစ္စက်ဝင်းတားကိုပဲ အပ်လိုက်ပါတယ်။ ကျောင်းသားတွေကို (၁၀) နာရီထက် နောက်မကျရဘူးလို့တော့ ညွှန်ကြားချက် ထုတ်ထားပါတယ်။ ဒါပေမဲ့... အခုက ကျောင်းပိတ်ရက်ဆိုတော့ နည်းနည်း နောက်ကျလည်း ကိစ္စမရှိပါဘူး မစ္စက်ဝင်းတား"

"သူ့ကို (၁၀)နာရီ မထိုးခင် ပြန်ပို့ပါ့မယ် ဆရာကြီး"

ခရစ္စက ပြောသည်။

"ကျွန်တော်လည်း နည်းနည်း ခရီးပန်းနေလို့ပါ။ စောစော နားလိုက်ချင် လို့ပါ"

"မစ္စတာဝင်းတားက တကယ့် အောင်ပွဲကြီး ခံလိုက်တာပဲ။ ကျုပ် အနေနဲ့လည်း ဝမ်းသာ ဂုဏ်ယူပါတယ်ဗျာ"

ခရစ္စက ပြုံးရင်း...

"အောင်ပွဲရလို့ ဝမ်းသာတာတော့ ဟုတ်ပါရဲ့...ဆရာကြီး။ ဒါပေမဲ့ တိုက်ပွဲက အခုမှ စတာပါ။ ကျွန်တော့်အနေနဲ့ မြို့တွင်းမှာ ရှင်းစရာ ပြဿနာ တွေ ရှိနေပါတယ်။ ပေးထားတဲ့ ကတိတွေလည်း အကောင်အထည် ဖော်ပေး ရဦးမယ်"

"ကျုပ် ယုံပါတယ် မစ္စတာဝင်းတား။ အဲဒီအလုပ် နှစ်မျိုးလုံးကို မစ္စတာဝင်းတား အနေနဲ့ လွယ်လွယ်ကူကူ ဖြေရှင်းနိုင်မှာပါ။ ကဲ...ကျုပ်ကို ခွင့်ပြုပါဦး"





ယင်းသို့ ပြောပြီးနောက် ဒေါက်တာဘားလက် အခန်းထဲမှ ပြန်ထွက် သွားသည်။

ခရစ္စက ထိုင်ရာမှ ထရပ်လိုက်ပြီး...

"ကိုင်း...လာ ကလေး။ တို့ မင်းရဲ့ အနုပညာ လက်ရာတွေကို သွား ကြည့်ကြစို့။ မင်း ရှေ့ကသွား။ တို့ နောက်က လိုက်မယ်"

သို့ဖြင့်... သူတို့ လင်မယားသည် ခရစ္စတိုဖာ ဦးဆောင်ရာသို့ လိုက် လာခဲ့ကြသည်။ ခရစ္စတိုဖာ လမ်းလျှောက်ပုံကို လော်ရာက သတိထား ကြည့်မိသည်။ သူက ဇွာခြေဖြင့် ဖြည်းဖြည်းချင်း လျှောက်သွားသည်။ အရှေ့တိုင်းသားတို့ လျှောက်ပုံမျိုး။ ကိုရီးယားလူမျိုးတွေလည်း သည်လိုပင် ခြေချညီညီဖြင့် ဖြည်းဖြည်းသက်သာ လျှောက်လေ့ ရှိကြသည်။

ကလေး၏ ဦးခေါင်းက တော်တော် ပုံကျသည်။ ဆံပင်တွေကလည်း မည်းနက်ပြီး သပ်ရပ်စွာ ဖြီးထားသည်။ ကိုယ်ခန္ဓာကတော့ အနောက်တိုင်း ဆန်သည်။ အမေရိကန်ရုပ် ပေါက်သည်။ သန်မာသည်။ အရိုးအဖြင့်လည်း ကြီးသည်။

သူ့ အခန်းထဲသို့ ရောက်သောအခါ ခရစ္စတိုဖာက အခန်းထောင့်မှ ကန့်လန့်ကာကို ဘေးသို့ ဆွဲဖယ်လိုက်သည်။ ဤတွင် အသေးစား ညှပ်ခန်း ပုံစံလေး တစ်ခုကို မြင်ကြရသည်။ ညှပ်ခန်းတွင် စားပွဲ ကုလားထိုင် အပြည့်အစုံ ခင်းကျင်းထားသည်။ ကုလားထိုင်တွင် ထိုင်ကာ စာဖတ်နေသော ယောက်ျားရုပ်နှင့် စက်ချုပ်နေသော မိန်းမရုပ်များမှာ မြင်လိုက်သည်နှင့်ပင် ခရစ္စနှင့် လော်ရာ တို့ကို ပုံတူထုထားသော ရုပ်တုများ ဖြစ်ကြောင်း ချက်ချင်း သိသာလှသည်။

"ဟယ်... ခရစ္စတိုဖာ တော်လိုက်တာကွယ်။ အရုပ်ကလေးတွေက သိပ်ပြီး လက်ရာမြောက်တာပဲနော်။ မောင်...ဟိုယောက်ျားရုပ် ကြည့်စမ်းပါ။ မောင်နဲ့ တူလိုက်တာနော်"

လော်ရာက အားတက်သရော ချီးကျူးစကား ပြောလိုက်သည်။ ထို့နောက် အရုပ်ကလေးကို ကောက်ယူပြီး သေသေချာချာ ကြည့်နေသည်။

အရုပ်ကလေးမှာ ခုနစ်လက်မခန့် မြင့်ပြီး ကိုယ်အင်္ဂါ အစိတ်အပို တိုင်း အလွန် ပီပြင်သည်။

မျက်လုံး ပြူးပြူးနှင့်။ ဆံပင်ကလည်း တကယ့် ဆံပင်များကို တ ချောင်းစီ ကော်ဖြင့် ကပ်ထားသည်။ အဝတ်အစားတွေကလည်း တက အဝတ်အစားများ။

"တော်တော် လက်ရာမြောက်တာပဲ"

ခရစ္စက ရင်ထဲတွင် တစ်မျိုးတမည် ခံစားချက်ဖြင့် ချီးကျူးစကား ဆိုသည်။

ခရစ္စတိုဖာက စကားလည်း မပြော။ ပြုံးလည်း မပြုံး။ သို့သေ သူ့မေမေ၏ ချီးကျူး စကားကို လက်ခံပုံတော့ရသည်။

လော်ရာက အခန်းထဲ မျက်လုံး ဝေ့ကြည့်လိုက်ပြီး...

"ဒါနဲ့ ကလေးက ဒီအခန်းမှာပဲ နေတယ်၊ အိပ်တယ်ပေါ့နော်"

"ဟုတ်ပါတယ်။ ဒီဘက် အခြမ်းက ကျွန်တော်။ ဒီဘက် အခြမ်းက ရှန်"

"တစ်ခြမ်းနဲ့ တစ်ခြမ်း မတူကြဘူးနော်။ ကလေးတို့ နှစ်ယောက်ရဲ့ ခြားနားချက်ကို မြင်တာနဲ့ သိနိုင်တယ်"

တစ်ဖက်ခြမ်း နံရံတွင် သဘော်ပုံများ။ ဂျက်လေယာဉ်ပျံ ပုံများနှ ချူကလီးယား လက်နက်ပုံများကို ချိတ်ဆွဲထားသည်။ တခြား အခြမ်းနံရံ တွင်မူ တိမ်တိုက်ထဲမှ တိုးထွက်နေသော တောင်ထွတ်ပုံ ရှခင်းကား ခပ်ကြ ကြမ်း တစ်ချပ်။

"ဒီပုံက ကလေး ဆွဲတာလား"

လော်ရာက မေးသည်။ ခရစ္စတိုဖာက ခေါင်းညိတ်ပြသည်။

လော်ရာက ခရစ္စဘက်သို့ လှည့်ကာ...

"ကျွန်မတို့တော့ အနုပညာရှင် တစ်ယောက် ရပြီ...မောင်"

"ဒီကျောင်းမှာက ကျောင်းသားတိုင်းလိုလို အနည်းနဲ့အများ ပန်းချီ ဆွဲတတ်ကြပါတယ်"





ခရစ္စတိုဖာက ပြောသည်။

"ကျွန်တော်လည်း သဘော်ပုံတွေ ဆွဲပါတယ်။ ကျွန်တော့် မေမေက သဘော်ပုံတွေကို သိပ်ကြိုက်တာပဲ"

အခြေအနေသည် အေးစက်သွားသလို ထင်ရသည်။ ထို့ကြောင့် လော်ရာက အလိုက်သိစွာဖြင့် ခေါင်းစဉ် ပြောင်းလိုက်သည်။

"ကဲ...ဒီလောက်ဆို ကျေနပ်လောက်ပါပြီ။ ကျွန်မတို့ ညစာသွားစား ရအောင် မောင်။ ကျွန်မတော့ သိပ်ဆာနေပြီ"

*

"ဒီတော့ ကလေးနဲ့ ပတ်သက်ပြီး မောင်ဘယ်လို သဘောရသလဲ မောင်"

နောက်နေ့ ဟိုတယ်ခန်းထဲတွင် အဝတ်အစား လဲနေရာမှ လော်ရာက မေးလိုက်သည်။

"ငြိမ်လွန်းတယ် ထင်တာပဲ"

ခရစ္စက ပြောသည်။ လော်ရာက စိတ်ဆိုးသွားဟန်ဖြင့် လှည့်ကြည့် ပြီး...

"မငြိမ်ဘဲ နေပါ့မလား။ သူ့ခမျာ အနာဂတ်မှာ ဘာဖြစ်လာမယ် ဆိုတာမှ လုံးဝ မသိရှာတာပဲ"

"တို့ကရော သိလို့လား"

"မောင်က သိသလား။ ဒီကိစ္စ မောင်ကိုယ်တိုင် ဆုံးဖြတ်ရမယ် အလုပ်ပဲ။ မောင် ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ် ကျွန်မ လက်ခံဖို့ အဆင်သင့် ပါ။ ဒါပေမဲ့ ကျွန်မတော့ မဆုံးဖြတ်ဘူး"

"မင်း ငါ့နေရာမှာ ရှိရင် ဘာလုပ်မလဲ။ စဉ်းစားကြည့်စမ်းပါ"

"အဲဒါတော့ ကျွန်မ မစဉ်းစားတတ်ဘူး မောင်"

ရေစွက သဘောကျ၍ ရယ်သည်။

"အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် အဲဒီ ဆုံးဖြတ်ချက်အတွက် ငါ အသင့် အနေအထားမှာ မရှိသေးဘူး...လော်ရာ။ ငါလည်း မင်းလို ဇဝေဇဝါ ဖြစ်နေသေးတာပဲ။ ဒါပေမဲ့ ဒီကလေးဟာ ငါ့ရင်သွေးဆိုတဲ့ အချက်ကိုတော့ ငါ အမြဲ သတိရနေပါတယ်။ ဒီတော့ ငါ့အနေနဲ့ ပြည်နယ် ချုပ်ကျော် ရေးမှူး ရာထူးမှာ အချိန် တော်တော်ကြာ လုပ်ပြီးတဲ့ အချိန်မှာမှ ဒီကလေးကို အပြီးအပိုင် ပြန်ခေါ်ယူရမလား ဆိုတာလည်း ငါ စဉ်းစားကြည့်ပါတယ်။ သူ့လို အမေရိကန် ကပြားကလေးတွေ တစ်နေ့ထက်တစ်နေ့ တိုးတက် များပြား လာတယ်ဆိုတာ လူတွေကလည်း သိနေကြပါပြီ။ ဒါပေမဲ့ ငါ့အနေ နဲ့ အခုလို ပူပူနွေးနွေး ရာထူးရခါစ အချိန်မှာ ဒီကလေးကို ခေါ်ယူလိုက်ရင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်သွားလိမ့်မယ်။ အချိန်ဟာ ပြဿနာတိုင်းကို ဖြေရှင်းနိုင်ပါတယ်။ အဲဒီတော့ ငါ့ကို အချိန်ပေးပါဦး"

"ကလေးက သိပ်ပြီး အကြီး မြန်နေတယ် မောင်။ သူ စဉ်းစားတတ် နေပြီ။ ခံစားတတ်နေပြီ။ သူ့စိတ်ဓာတ်က ရင့်ကျက်နေပြီ။ အချိန် ဆွဲနေရင် သိပ်ပြီး နောက်ကျသွားလိမ့်မယ်"

"သိပ်ပြီး နောက်ကျသွားလိမ့်မယ်ဆိုတာက ဘာကို ဆိုလိုတာလဲ"

"ကျွန်မတို့က သိပ်ပြီး စောင့်နေရင် သူနဲ့ အဆက်အသွယ် ပြတ်သွား မှာကို ပြောတာပါ။ သူနဲ့ စိတ်ဓာတ်ရေးရာအရ ဆက်ဆံလို့ မရနိုင်အောင် ဖြစ်သွားနိုင်တယ်။ ကျွန်မတို့က သူ့ကို လက်မခံဘူးဆိုတာ သိလာရင် သူကို လည်း ကျွန်မတို့ကို လက်ခံမှာ မဟုတ်ဘူး"

"အို...အဲဒါတွေ ထားလိုက်စမ်းပါကွာ။ ဒါတွေက စာတ်ပြား ယောင် ကြီးတွေပါ။ ဒီစကားမျိုးကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက စိတ် ရောဂါကု ဆရာဝန်တွေက ပြောခဲ့ပြီးပါပြီ။ သူဟာ သူများနဲ့ မတူတဲ့ ထူးခြား တဲ့ အခြေအနေထဲ ရောက်နေတယ်ဆိုတာကို ဒီကလေး သိပါတယ်။ အဲဒီ အခြေအနေအတိုင်း အလိုက်သင့် နေတတ်အောင်လည်း သူကြိုးစားနေတယ်။





သူဟာ အများနည်းတူ လူသားတစ်ယောက် အနေနဲ့ မွေးလာတယ်။ လူသား တစ်ယောက် အနေနဲ့ အသက်ရှင် နေတယ်။ ဒါပေမဲ့ သူက သူများနဲ့ မတူတဲ့ လူသား တစ်ယောက်။ ဒီအချက်ကို သူလည်း သိတယ်။ သူ တို့အိမ်ကို ရောက်လာတဲ့ အခါတောင်မှ သူဟာ မင်းနဲ့ငါတို့ နှစ်ယောက်က မွေးတဲ့သား မဟုတ်ဘူးဆိုတာ စိတ်ထဲမှာ စွဲနေဦးမှာပဲ"

"အဲဒီလိုလည်း မဟုတ်သေးပါဘူး...မောင်။ သူ့ကို ကျွန်မတို့က လက်ခံရင် သူကလည်း ကျွန်မတို့ကို လက်ခံလာမှာပါ"

"ဘယ့်နှယ်... မင်းက မဆုံးဖြတ်တတ်ဘူးလို့လည်း ပြောသေးရဲ့။ ခုတော့လည်း ဆုံးဖြတ်ချက်ချပြီး ဖြစ်နေပါရောလား"

လော်ရာက နောက်ကို ပြန်ဆုတ်သည့် သဘောဖြင့်...

"အဲဒီလို မဟုတ်ပါဘူး။ ကျွန်မက နှစ်ဖက်စလုံးက ရပ်ပြီး စဉ်းစား ကြည့်တာပါ။ နောက်တစ်နည်း ပြောမယ်ဆိုရင်... သူက သူ့ခံစားချက်ကို ကျွန်မတို့ကို ရင်မဖွင့်ဘဲ ထားမယ်ဆိုရင်... သူ့ဟာသူ အခုလို အထီးကျန် ဘဝမှာ နေတာပဲ ပိုကောင်းလိမ့်မယ်"

"သူ အထီးကျန် မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲ။ နေရာတိုင်းမှာ အထီးကျန် ဖြစ်နေတာပဲ"

"အခြေခံကျကျ ပြောရရင် သူက သူများထက် မပိုပါဘူး"

"ဘာလို့ မပိုရမှာလဲ။ အများကြီး ပိုတာပေါ့။ ဇာတိနိုင်ငံကို ပစ်ပြီး တစ်နေရာ ရောက်နေတဲ့ ကလေးတစ်ယောက်..."

"ဒါဖြင့် တို့သူ့ကို ပြန်ပို့လိုက်တာပဲ ပိုကောင်းလိမ့်မယ် ထင်တယ်။ မင်းက ဆုံးဖြတ်ချက် ချနေပြန်ပြီဆိုတော့..."

"ကျွန်မတို့ သူ့ကို ပြန်မပို့နိုင်ဘူး။ ကျွန်မတို့ ပြန်ပို့တောင်မှ သူဟာ မူလ ကလေး မဖြစ်နိုင်တော့ဘူး။ သူ့စိတ်က ဒီကို ပြန်ရောက်နေလိမ့်မယ်။ မောင်ဟာ သူ့ဖေဖေဆိုတာ သူ သိပြီးပြီ။ ကိုရီးယား ပြန်ရောက်သွားတော့ သူက တစိမ်း ဖြစ်နေမှာပဲ။ အရင်လည်း တစိမ်းပဲ ဖြစ်နေခဲ့တာပဲ။ သူ့ကို အဲဒီက လူတွေက လက်မခံဘူး။ ဝိုင်းပယ် ထားကြတယ်။ အဲဒါကို သူအရင်

က မသိခဲ့ဘူး။ ခုတော့ သိသွားပြီ။ ချည်ထားတဲ့ကြိုးက ပြတ်သွားပြီမောင်။ သူဟာ အခုအချိန်မှာ ကမ်းမမြင် လမ်းမမြင်တဲ့ သမုဒ္ဒရာကြီးထဲ ရောက်နေရှာ တယ်။ သူ့ခမျာ ကမ်းကို သွေးရူးသွေးတန်း ရှာနေတယ်"

ခရစ္စက ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

"ကဲ...တို့ ဒီနေ့ ရေခဲလျှောစီး သွားကြမယ်။ မကောင်းဘူးလား..."

*

ကောင်းကင်တစ်ပြင်လုံး ကြည်လင်၍ လေကလည်း ငြိမ်နေသည်။ မြေပြင် တွင် ဆီးနှင်းတွေ ဖုံးလွှမ်းနေသည်။ ရေခဲပြင် လျှောစီးရန် အလွန်ကောင်း သော အခြေအနေပင် ဖြစ်သည်။

သူတို့သည် နံနက်စာ စားသောက်ကြပြီးနောက် ကျောင်းရှေ့သို့ ထွက်လာခဲ့ကြသည်။ ခရစ္စတိုဖာကလေးက ကျောင်းခြံဝတွင် အသင့်စောင့် နေသည်။ လက်ထဲတွင်တော့ လျှောစီးခြေနင်းကို ကိုင်လို့။ သူသည် ခေါင်း စွပ်ပါသော အနီရောင် ရှပ်အင်္ကျီကို ဝတ်ထားသည်။

"ကလေးက လျှောစီးတာ တော်တော်ကြိုက်သလား"

ခရစ္စက မေးသည်။ ခရစ္စက "သား" ဟု မခေါ်ဘဲ "ကလေး" ဟု ခေါ်နေသည့်အတွက် လော်ရာက ရင်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရသည်။

"ဟုတ်ကဲ့... ကြိုက်ပါတယ်။ ဒါပေမဲ့ အကြိုက်ဆုံးတော့ မဟုတ်ပါ ဘူး"

"အကြိုက်ဆုံးက ဘာလဲကွယ်"

လော်ရာက ဖြတ်မေးသည်။

သူတို့သည် ရပ်ထားသော ကားဆီသို့ လျှောက်လာကြပြီး လျှောစီး





ခြေနင်းများကို ခေါင်မိုးပေါ်မှ စင်ပေါ်တွင် တင်လိုက်ကြသည်။ ပြီးတော့ ကားပေါ် တက်ကြသည်။ နောက်ခန်းတွင် ခရစ္စတိုဖာ တစ်ယောက်တည်း ထိုင်သည်။

"ပြောပါဦးကွယ်။ အကြိုက်ဆုံးက ဘာလဲ...ဟင်"

လော်ရာက ထပ်၍ မေးသည်။

ခရစ္စတိုဖာက ချက်ချင်း မဖြေဘဲ စဉ်းစားသလို လုပ်နေသည်။ **ဒီကလေးက မေးခွန်းတစ်ခုကို ဘယ်တော့မှ ချက်ချင်းမဖြေဘူး။ သိပ်ပြီး သတိထားတယ်။ သူ့ကိုယ်သူ မယုံကြည်သေးလို့ပဲ**...ဟု လော်ရာက တွေးမိ သည်။

အတန်ကြာတော့ ခရစ္စတိုဖာက ဖြေသည်။

"ကျွန်တော်က သီချင်းဆိုတာကို ပိုကြိုက်ပါတယ်"

"ဒါဆို ဆိုပြစမ်းပါဦးကွယ်။ အန်တီတို့ နားထောင်ပါရစေ။ ကလေး သီချင်း ဆိုတတ်မှန်း ခုမှပဲ သိရတော့တယ်ကွယ်"

ခရစ္စတိုဖာက ခေတ္တမျှ စဉ်းစားနေသည်။ ထို့နောက် ခေါင်းကို မော့ကာ ကိုရီးယား သီချင်းတစ်ပုဒ်ကို ကောက်ဆိုတော့သည်။

ခရစ္စနှင့် လော်ရာတို့က နားစိုက်ထောင်နေရင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ သီချင်းသွားကို နားမလည်သော်လည်း အဆင့်အတန်း မြင့်သော သီချင်းတစ်ပုဒ်မှန်းတော့ ခန့်မှန်းမိကြသည်။ အသံ ပြဲဇာကလည်း အလွန်ကောင်းသည်။ နှလုံးသားထဲ ထိုးဖောက် စိမ့်ဝင် သွားနိုင်သော အသံမျိုး။

**မောင်...ဒီကလေးဟာ အလကားကလေးလား...မောင်။**

လော်ရာက ရင်ထဲ လှိုက်တက်လာပြီး အော် ပြောလိုက်ချင်**စိတ်ပင်** ပေါက်လာမိသည်။ သို့သော် သူမက စိတ်ကိုထိန်းကာ ငြိမ်၍ **ဆက်** နား ထောင်နေသည်။

သီချင်းဆုံးသွားသောအခါ လော်ရာက ပြောသည်။

"သိပ်ကောင်းတဲ့ အသံပဲကွယ်။ ကျေးဇူးတင်ပါတယ်...ခရစ္စတိုဖာ"

ခရစ္စက ဘာမှ မပြောဘဲ ငြိမ်နေတာ မြင်ရတော့ လော်ရာက... "ကဲ...တို့ ဆက် နားထောင်ပါရစေဦးကွယ်" ဟု ပြောမည် စိတ်ကူးနေတုန်း ခရစ္စက ရုတ်တရက် ပြောလိုက်သည်။

"အမေရိကန် သီချင်းတစ်ပုဒ်လောက် ဆိုပြပါလား...ခရစ္စတိုဖာ"

ခရစ္စတိုဖာက ဆုတ်ဆိုင်းခြင်း မရှိဘဲ "အို...ဆုံးစမထင် လှပသော မိုးအာကာစွင်" ဟူ၍ စတင် ဆိုလေသည်။

သူက သီချင်းတစ်ပုဒ်လုံး ဆက်ဆိုသွားသည်။ ခရစ္စက ကားမောင်းရင်းမှ ဂရုစိုက်၍ နားထောင်နေသည်။ သူ့မျက်လုံးများက ရှေ့တည့်တည့် အဝေးဆီမှ နှင်းဆောင်း တောင်တန်းများဆီသို့ ရောက်နေသည်။ သီချင်းဆုံးသွားသောအခါ ခဏ ငြိမ်နေပြီးတော့မှ သူက ပြောသည်။

"အဲဒီသီချင်း တော်တော်ကောင်းတယ်။ ဒီသီချင်း ကလေးရဲ့ဘာ ဝမ်းသာပါတယ်"

နောက်ပိုင်း ဆယ်မိုင်ခရီး တစ်လျှောက်လုံး တစ်ယောက်မျှ စကား မပြောကြ။ သီချင်းလည်း ဆက်မဆိုတော့။

နောက်ဆုံးတွင် လျှောစီးကွင်းရှိရာ တောင်ကမ်းပါးယံသို့ ရောက်လာကြသည်။ ကားပေါ်မှ ဆင်းကြပြီး လျှောစီးခြေနင်းများ တပ်ဆင်ကြသည်။

"ကလေးက တို့နှစ်ယောက် ကြားကစီး...ဟုတ်လား။ လော်ရာက ရှေ့ကသွား။ ငါက နောက်ဆုံးက လိုက်မယ်။ လိုအပ်ရင် ချော်ထွက်သွားတဲ့ ခြေနင်းတွေဘာတွေ ကောက်နိုင်အောင်ပေါ့"

ခရစ္စက ကိုယ်သိုင်းကြိုးနှင့် အခြားပစ္စည်းများကို ဂရုတစိုက် စစ်ဆေး ကြည့်ရှုသည်။ သူက ခရစ္စတိုဖာကလေးအတွက် အတွင်းကျိတ် စိုးရိမ် နေသည်မှာ ထင်ရှားသည်။

"ကလေးက အလှည့် ကျွမ်းကျင်ပါတယ်..နော်။ အန်တီ နောက်က သာ လိုက်သွားပါ။ ကိုင်း...တို့ စထွက်ကြမယ်..." ဟု ခရစ္စက ပြောသည်။

သူတို့သည် ဆင်ခြေလျှောအတိုင်း တောင်ထိပ်မှ တောင်အောက်သို့ စီးဆင်းလာကြသည်။ လော်ရာက နောက်သို့ လုံးဝ လှည့်မကြည့်ရဲ။ ဆင်ခြေ





လျှော အောက်ခြေသို့ ရောက်တော့မှ အရှိန်လျှော့ကာ နောက်သို့ ပြန်လှည့် ကြည့်လိုက်သည်။

ခရစ္စတိုဖာ ကလေးသည် သတိကြီးစွာ ကျွမ်းကျင်စွာဖြင့် တောင်ထိပ် ပေါ်မှ ကွေ့လိုက် ကောက်လိုက် စီးဆင်းလာသည်။ ခရစ္စကလည်း သူ့ နောက်မှ အရှိန်နှင့် လိုက်ဆင်းလာသည်။

နောက်ဆုံးတော့ သုံးယောက်သား တောင်ခြေရင်းတွင် ဆုံကြသည်။ သူတို့ မျက်နှာတွေက နှင်းရိုက်ပြီး နီရဲနေကြသည်။ သူတို့ အလွန်ပျော် နေကြ သည်။

ခရစ္စက ခရစ္စတိုဖာကလေး၏ ပခုံးကို လက်နှင့် အသာပုတ်လိုက်ပြီး အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"ကလေး တစ်နေ့မှာ လျှောစီးချန်ပီယံ ဖြစ်လာနိုင်တယ်"

"ကျေးဇူးတင်ပါတယ်...ဖေဖေ"

သူတို့ မျက်လုံးချင်း ဆုံကြသည်။ ခရစ္စက ကြည်နူးသွားမိသည်။ စိတ်ထဲက မလုံမလဲ ဖြစ်သွားသလိုလည်း ခံစားရသည်။ ခရစ္စတိုဖာကလေး ကတော့ မပြုံးမရယ်နှင့် တည်တည်ငြိမ်ငြိမ်။

နောက်ဆုံး ခရစ္စက ပြောလိုက်သည်။

"အိုကေ...ကဲ...အတက်ခရီး တစ်ကျော့ ပြန်ကျော့လိုက်ကြဦးစို့..."

*

"ကလေးမှာ လျှောစီး ခြေနင်းကောင်းကောင်း မရှိသေးဘူး။ သူ့အတွက် ခရစ္စမတ် လက်ဆောင်အဖြစ် ငါ ဝယ်ပေးမယ်။ ပြီးတော့ ဒီပစ္စည်းတွေ ခနစ်တကျ သိမ်းဆည်းနည်းကိုလည်း သင်ပေးရမယ်"

တစ်မနက်တွင် အဝတ်အစား လဲနေကြစဉ် ခရစ္စက ပြောသည်၊

လော်ရာကလည်း...

"ကျွန်မကလည်း သူ့အတွက် ရှော့စီးအင်္ကျီ ဝယ်ပေးပါ့မယ်။ အခု သူဝတ်နေတဲ့ အင်္ကျီက တခြား ကျောင်းသားလေး တစ်ယောက် ထားခဲ့တာ။ သူ့ကိုယ်ပိုင် မဟုတ်ဘူး။ ပြီးတော့ သူ့မှာ အရုပ် ထုဖို့ စူးဆောက် တန်ဆာ အကောင်းစားတွေလည်း လိုနေသေးတယ်။ တစ်နေ့က လမ်းထောင့် ကုန်စုံဆိုင်မှာ ကျွန်မ တွေ့ခဲ့တယ်။ ဒိန်းမတ်လုပ် အကောင်းစားတွေ"

သို့ဖြင့် သူတို့သည် ခရစ္စမတ်ပွဲတော်အတွက် ပြင်ဆင်ကြတော့သည်၊ ခရစ္စက ခရစ္စမတ်ပွဲတော်ကို လုပ်သင့်တာထက် ပို၍ အကျယ်ချဲ့ခြင်းကို မကြိုက်။ မြို့ကြီးများတွင် သူဌေး သူကြွယ် ကုန်သည်တွေက စီးပွားရေး မျက်စိဖြင့် ခရစ္စမတ် ပဒေသာပင်ကို တခမ်းတနား မွမ်းမံပြင်ဆင် တတ်ကြသည်။

ယခု သည်တောင်ပေါ် ရွာကလေးမှာတော့ ယင်းသို့ မဟုတ်၊ ခရစ္စမတ် ပဒေသာပင် လုပ်ရန် ဖခင်နှင့်သားများက ကိုယ်တိုင် သွားခုတ်ကြသည်။ မိခင်နှင့် သမီးတွေက အလှဆင် မွမ်းမံကြသည်။

ခရစ္စမတ် အကြိုမနက်တွင် ခရစ္စက သူနှင့် ခရစ္စတိုဖာကလေးကို နှစ်ယောက် ကျောင်းနောက်မှ တောင်ပေါ်တက်၍ သင့်တော်ရာ သစ်ပင် တစ်ပင် သွားခုတ်ကြမည်ဟု ပြောသောအခါ လော်ရာမှာ အံ့ဩဝမ်းသာ ဖြစ်မိလေသည်။

သူတို့ သားအဖနှစ်ယောက် သစ်ပင်ခုတ်ရန် ထွက်သွားပြီးနောက် သူမလည်း ခရစ္စမတ် ပဒေသာပင်တွင် ဆင်ရန် ပစ္စည်းတွေ သွားဝယ်ကာ သူတို့ သားအဖကို ထိုင်စောင့်နေသည်။ နောက်တစ်နာရီခန့် အကြာတွင် သူတို့ သားအဖ ပြန်ရောက်လာကြသည်။

ခရစ္စက သစ်ပင်ကို အဆင်သင့်လုပ်ထားသော အောက်ခံဘောင်ထဲတွင် ထည့်သည်။ လော်ရာက သစ်ပင်ကို ဖွယ်ဖွယ်ရာရာ ချိတ်ဆွဲ၍ အလှဆင်သည်။ ခရစ္စတိုဖာကလေးက ကြမ်းပြင်တွင် တင်ပျဉ်ခွေထိုင်ကာ စိတ်





ဝင်စားစွာဖြင့် ကြည့်နေလေသည်။ ခဏကြာတော့ စိတ်ကူးပေါက်လာသဖြင့် သူက အလှဆင် ပစ္စည်းထုပ်သော ငွေရောင် ရွှေရောင် စက္ကူများကို ကောက်ယူပြီး ငှက်ရုပ်နှင့် လိပ်ပြာရုပ်ကလေးတွေ လုပ်သည်။

"အေးကွယ်...ကလေးက တော်လိုက်တာ။ ဟန်ကျတာပဲ။ အဲဒါလေးတွေကိုလည်း ပဒေသာပင်မှာ ဆွဲရအောင်"

ခရစ္စကတော့ ကုလားထိုင်တွင် စိမ်ပြေနပြေထိုင်ကာ လော်ရာနှင့် ခရစ္စတိုဖာကလေးတို့အား တပြုံးပြုံးနှင့် စောင့်ကြည့်နေလေသည်။ တကယ်တော့ သူက ရိုးရိုး ထိုင်ကြည့်နေခြင်း မဟုတ်။ စိတ်ထဲတွင် တစ်ခုခုကို လေးလေးနက်နက် တွေးနေခြင်း ဖြစ်သည်။ သူသည် တွေးပြီးရင်းတွေးရင်း တွေးနေသည်။ ဖြစ်တယ်...ဖြစ်နိုင်တယ်၊ မဖြစ်နိုင်စရာ အာမှမရှိဘူး။ နောက်ဆုံး သူက စိတ်ထဲက ကျိတ်၍ ဆုံးဖြတ်ချက် တစ်ခုကို အပြီးအပိုင် ချလိုက်သည်။

လော်ရာက ခင်ပွန်းသည်၏ မျက်နှာကို တစ်ချက် စောင်းကြည့်လိုက်သည်။ သူ့မျက်လုံး...သူ့အပြုံးတို့တွင် တစ်စုံတရာသည် ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

**အင်း...ဒီအတိုင်းဆိုရင်တော့ ပြဿနာရဲ့အဖြေပေါ်ဖို့ အချိန်ဟာ မဝေးနိုင်တော့ပါဘူး။ ခရစ္စမတ်ပြီးလို့ အိမ်ပြန်ရောက်ရင် မောင့်အနေနဲ့ ဆုံးဖြတ်ချက် တစ်ခုခုတော့ တကယ် ချတော့မယ် ထင်တာပဲ။**

*

သည်နှစ် ခရစ္စမတ်ပွဲတော်ကို တောင်ပေါ်ရွာကလေးတွင် လာရောက် ကျင်းပရသော်လည်း သူတို့ သုံးယောက်စလုံး အလွန် ပျော်ရွှင်နေကြသည်။ စိတ်ခံစားမှုအရ အကျယ်ချဲ့တာမျိုးကို လုံးဝ မကြိုက်တတ်သော ခရစ္စသည် ပင် အကျယ်ချဲ့သော အလုပ်တွေကို လုပ်နေလေသည်။

သူက ယခုလို ဆိပ်ခေါင်တောင်များကျေးရွာကလေးမှာပင် ခရစ္စမတ် လက်ဆောင် ပို့စကတ်တွေ ဝယ်ကာ အသိမိတ်ဆွေများထံ တကူးတက ပို့လိုက်သေးသည်။

ရွာပြင်ရှိ ထင်းရှူးပင်များတွင် ခရစ္စမတ် မီးလုံးတွေ ထိန်ထိန်လင်း နေကြသည်။ ခရစ္စမတ် အကြိုညတွင် ဆီးနှင်းတွေကလည်း အဆုပ်လိုက် အဆုပ်လိုက် ကျသည်။

ခရစ္စနှင့် လော်ရာတို့ တည်းသော ဟိုတယ်ကလေးမှ သူတို့ အခန်းရှိ ဧည့်ခန်းကလေးထဲတွင် ခရစ္စမတ် ပဒေသာပင် ကလေးကို မီးရောင် ထိန်ထိန် ဖြင့် လှပစွာ ပြင်ဆင်ထားကြသည်။

သည်နှစ် ခရစ္စမတ်ပွဲတော်သည် ခရစ္စတိုဖာကလေး အနေဖြင့် ပထမ ဆုံး ပါဝင် ဆင်နွှဲရသော ပွဲတော်ပင် ဖြစ်လေသည်။

အားလုံး ပြင်ဆင်ပြီးသောအခါ လော်ရာက ခရစ္စတိုဖာကလေးအား ခရစ္စမတ်ပုံပြင် အကြောင်းကို ပြောပြသည်။ ခရစ္စကတော့ အေးမှထိုင်ကာ နားထောင်နေသည်။

"ခရစ္စမတ်ပွဲတော်ဆိုတာ မြင့်မြတ်တဲ့ သူတော်စင်ကြီး တစ်ပါးရဲ့ မွေးနေ့ကို ဂုဏ်ပြု ကျင်းပတဲ့ ပွဲပဲ ကလေးရဲ့။ သူ့နာမည်က ယေရှုခရစ်လို့ ခေါ်တယ်။ လူတွေကတော့ သူ့ကို "ထာဝရဘုရားသခင်ရဲ့ သားတော်" လို့ ခေါ်ကြတယ်ကွယ့်"

ခရစ္စတိုဖာကလေးသည် ခရစ္စမတ် ပဒေသာပင် အနီးတွင် တင်ပျဉ်ခွေ ထိုင်ရင်း နားရွက်မခတ် နားထောင်နေသည်။

"ထာဝရဘုရားသခင်ဆိုတာ ဘာလဲ...ဟင်"

သူက မေးခွန်းထုတ်သည်။

"ကလေးကို ကျောင်းက ဆရာတွေက မပြောပြဘူးလား"

"ကျွန်တော် နာမည်လောက်ပဲ ကြားဖူးပါတယ်"

"ဟုတ်တယ်။ ထာဝရဘုရားသခင် ဆိုတဲ့ နာမည်ကို တို့အားလုံး ကြားဖူးကြတယ်။ ဒါပေမဲ့ ဘယ်သူမှတော့ မမြင်ဖူးကြဘူး။ တို့က ထာဝရ





ဘုရားသခင် အကြောင်းကို ပါးစပ်နဲ့ ပြောလို့ပဲ ရတယ်။ စာနဲ့ ရေးလို့ပဲ ရတယ်။ မျက်စိနဲ့တော့ မမြင်နိုင်ကြဘူး။ ထာဝရဘုရားသခင်ဟာ တကယ် ရှိတယ် ဆိုတာကိုလည်း ယုံကြည်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကမ္ဘာ မြေကြီးနဲ့ လူသားတွေကို ထာဝရဘုရားသခင်ကပဲ ဖန်ဆင်းတော်မူလို့ပဲ။ ဒါပေမဲ့ ယေရှုခရစ်လို့ ခေါ်တဲ့ ထာဝရဘုရားသခင်ရဲ့ သားတော်ကတော့ တခြားလူတွေ အားလုံးလိုပဲ ဒီကမ္ဘာမြေပေါ်မှာ မွေးဖွားလာတယ်ကွယ့်"

ထို့နောက် သူမက ဆက်လက်၍ ယေရှုခရစ်တော် အတ္ထုပ္ပတ္တိကို အသေးစိတ် ဇာတ်ကြောင်း ပြန်ပြောပြသည်။ ခရစ္စတိုဖာကလေးက အလွန် စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

"အေး...ဒါကြောင့်မို့ သားတော်ခမျာမှာဖြင့် ဒီကမ္ဘာမြေပြင်မှာ ခေါင်းချစရာရယ်လို့ ဘယ်နေရာမှ မရှိရှာပါဘူး ကလေးရယ်"

လော်ရာ ပုံဝတ္ထုကို အဆုံးသတ်လိုက်လေသည်။

ခရစ္စတိုဖာကလေးက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် လက်နှစ်ဖက်ကို ပိုက်ကာ ကိုယ်ကို ရှေ့နောက် ယိမ်းထိုးရင်း ပြန်ပြောလိုက် လေသည်။

"ဟုတ်ပါတယ် အန်တီ။ တစ်ခါတလေ ကျွန်တော့်မှာလည်း အဲဒီလိုပဲ ခေါင်းချစရာ နေရာမရှိ ကြုံခဲ့ရပါတယ်။ တစ်ခါတလေ ကျွန်တော့် ဘွားဘွား က စိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်တော့်ကို အိမ်က မောင်းချတဲ့အခါ ကျွန်တော့်မှာ အိမ်က ထွက်ပြေးပြီး လမ်းပေါ်မှာ အိပ်ခဲ့ရပါတယ်"

လော်ရာက ရင်ထဲတွင် ဆို့နင့်စွာဖြင့် ခင်ပွန်းဖြစ်သူ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဒါနဲ့တောင်မှ...ဒီကလေးကို သူ့ဘွားဘွားဆီ ပြန်ပို့လို့ ထယ်နယ် ဖြစ်နိုင်ပါ့မလဲ...မောင်ရယ်။

*

ညနေပိုင်းကျတော့ ခရစ္စမတ် လက်ဆောင်ပစ္စည်းတွေ ထုပ်ပိုးခြင်းဖြင့် သုံးယောက်စလုံး အလုပ်များ နေကြလေသည်။

ခရစ္စတိုဖာကလေးအတွက်တော့ အရာရာတိုင်းသည် အသစ်အဆန်း ဖြစ်နေသည်။ စိတ်ဝင်စားစရာတွေ ဖြစ်နေသည်။ သူ့မျက်နှာတွင်လည်း ယခင်ကလို ညှိုးငယ်သော အရိပ် လက္ခဏာတွေ မမြင်ရတော့။ သူ့မျက်လုံး တွေက တဖျပ်ဖျပ် အရောင် တောက်နေကြသည်။ သူသည် တစ်ချိန်လုံး ပြုံးပြုံးရွှင်ရွှင်ဖြင့် မေးခွန်းတွေလည်း မနားတမ်း မေးနေသည်။

"ဒီလိုလား...ဒီလိုလား..ဟင်"

အထုပ်ကလေး တစ်ထုပ်ကို စက္ကူပတ်ရင်း သူကမေးသည်။

"ဟုတ်တယ်။ အဲဒီအတိုင်းပဲ ကောင်းတယ်။ ပြီးတော့ ကိုယ် လက် ဆောင် ပေးမယ့် လူရဲ့ နာမည်ကို ကတ်ပြားပေါ်မှာရေးပြီး အထုပ်မှာ ကပ်ပါ"

ခရစ္စက ပြောပြသည်။

"ဒါက ဖေဖေ့ အတွက်ပဲ"

ခရစ္စတိုဖာက ပြောပြီး ရယ်နေသည်။

"ဖေဖေ့အတွက် လက်ဆောင်။ ဖေဖေ မြင်ရရင် သိပ်ပြီး သဘောကျ မှာပဲ။ အခု ဖွင့်ပြရမှာလား"

"အို...နေပါစေ။ မဖွင့်ပါနဲ့။ မနက်ကျတော့မှ ဖွင့်တာပေါ့ကွယ်။ မနက်ကျတော့မှ ကိုယ့်လက်ဆောင် ကိုယ်ဖွင့်ကြတာပေါ့။ အဲဒါမှ သိပ် ပျော် စရာ ကောင်းမယ်ကွယ့်"

ခရစ္စတိုဖာကလေးသည် ရုတ်တရက် ပေါ်ပေါက်လာသော စိတ်ပျက်ဖြင့် ဖခင်ဖြစ်သူ၏ ခါးကို ဖက်ထားလိုက်လေသည်။

ခရစ္စက ကလေး၏ မျက်နှာကို ငုံ့ကြည့်သည်။ သူ့မျက်နှာတွင် အပြောင်းအလဲတွေ ပေါ်လွင်နေသည်။ ရင်ထဲတွင် အလွန် ကြည်နူးဝမ်းသာ ဖြစ်နေသော မျက်နှာမျိုး။





"ဖေဖေ... ကျွန်တော်တော့ ဖေဖေ့ကို အလွန် ချစ်သွားပြီဖေဖေ"

ခရစ္စက သားကလေး ပခုံးပေါ်တွင် သူ့လက်ကို တင်လိုက်ပြီး...

"ချစ်တယ်ဆိုတာ လွန်တယ်လို့ မရှိပါဘူးကွယ်"

ထို့နောက် သူက လက်ကို ပြန်ရုပ်လိုက်သည်။

ဟုတ်ပါသည်။ ချစ်ခြင်းမေတ္တာတွင် လွန်သည်ဟု မရှိနိုင်ပါ။ သို့သော် ကလေးကို သည်နေရာမှာပဲ ထားပစ်ခဲ့လျှင်တော့ သူ့အနေဖြင့် တကယ်ပင် လွန်လွန်းရာ ကျပေလိမ့်မည်။

"ကဲ... ဒီလောက်ဆို တော်လောက်ပါပြီ။ တို့ အိပ်ရာဝင်ကြစို့။ သန်းခေါင်ပါးတောင် နီးနေပြီ။ ဂွတ်နိုက်"

*

နောက်နေ့ မနက်တွင် နံနက်စာကို အခန်းထဲတွင်ပင် မှာယူ စားသောက် ကြသည်။ စားသောက်ပြီးသောအခါ ခရစ္စမတ် ပဒေသာပင်ကို မီးထွန်း သည်။ ပြီးတော့...လက်ဆောင် ပစ္စည်းတွေကို ဖွင့်ကြသည်။

ခရစ္စက သူ့အတွက် လက်ဆောင်ပစ္စည်း ပုံထဲမှ အထုပ်တစ်ထုပ်ကို ဖွင့်ဖောက်လိုက်ရာ သစ်သွင်း သေတ္တာကလေးတစ်လုံး ထွက်လာသည်။ သေတ္တာကလေးက သေးပေမဲ့ လက်ရာက တော်တော်ကောင်းသည်။ ယင်း သေတ္တာ ကလေးကား ခရစ္စတိုဖာကလေး၏ ကိုယ်တိုင်လုပ် ခရစ္စမတ် လက်ဆောင်ပင် ဖြစ်လေသည်။

"အစတုန်းကတော့ ကျွန်တော့်အတွက် တံဆိပ်ခေါင်း ထည့်ဖို့ လုပ် ထားတဲ့ သေတ္တာကလေးပါ...ဖေဖေ။ ဒါပေမဲ့ ကျွန်တော်က ဖေဖေ့ကို ပေးချင်လို့ပါ" ဟု သူက ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

"ကျေးဇူးပါပဲကွယ်။ ငါလည်း ကော်လာကြယ်သီးတွေ တည့်ဖို့ ဒီသေတ္တာမျိုးလေး လိုချင်နေတာနဲ့ အတော်ပါပဲ"

ခရစ္စတိုဖာကလေးက သူ့အတွက် လက်ဆောင်ထုပ်ကို ဖောက်လိုက်သည်။ လျှော်စီးဖြေနင်း အသစ်ကလေး ထွက်လာတော့ ဝမ်းသာလုံးဆို့ပြီး အူမြူးနေလေသည်။

ပါးစပ်မှလည်း "ဒါ ကျွန်တော့် အတွက်နော်။ တကယ် ကျွန်တော့် အတွက်နော်" ပြောကာ ထိုင်မထိ ထမထိ ဖြစ်နေသည်။

လျှော်စီးဖြေနင်းတွင် ကြိုးတပ်ပြီး ဖိနပ်သစ်ကို စီးကြည့်နေရင်း အချိန်ကုန်သွားသဖြင့် တခြား လက်ဆောင် ပစ္စည်းထုပ်များကိုပင် ဖွင့်ဖောက် ချိန် မရလိုက်တော့။

နံနက်ပိုင်း ဝတ်ပြုချိန် ခေါင်းလောင်းထိုးသံပေါ်ထွက်လာသည်နှင့် ဘုရားကျောင်းသို့ အလျင်အမြန် သုတ်ခြေတင်ခဲ့ကြရလေသည်။ ခရစ္စတိုဖာ ကလေးမှာ ဝတ်ပြု သံစုံတေးဂီတ အဖွဲ့တွင် သီချင်းဆိုရမည် ဖြစ်သည်။

အပြင်ဘက်တွင် ဆီးနှင်းတွေ အဆုပ်လိုက် အဆုပ်လိုက် ကျနေသည်။ မျက်နှာကို ဆီးနှင်းလာဟပ်သဖြင့် တစ်ကိုယ်လုံး ချမ်းစိမ့်သွားသည်။

သုံးလေးလမ်းကျော်ကျော်မျှ လျှောက်လာခဲ့ကြပြီးနောက် ဘုရားရှိခိုး ကျောင်းသို့ ရောက်လာကြသည်။ ခရစ္စနှင့် လော်ရာတို့က လူအုပ်ထဲ ဝင်ပြီး တန်းစီကြသည်။ ခရစ္စတိုဖာကလေးကတော့ ဝတ်ရုံလဲခန်း ထဲသို့ ခြေချ ထောက်၍ ဝင်လာခဲ့သည်။ အခန်းထဲတွင် ရွာထဲမှ တခြား ကလေးတွေ ရောက်နှင့်နေကြပြီ။ ခရစ္စတိုဖာက ဝတ်ရုံဖြူကြီးကို ကမန်းကတန်း လဲဝတ် ပြီးတော့ ဝတ်ပြုစင်မြင့်ဘက်သို့ လျှောက်လာခဲ့ကြသည်။

ဝတ်ပြု ခန်းမဆောင်ထဲတွင် ပရိသတ်တွေ ပြည့်ကျပ်နေသည်။ ခရစ္စတိုဖာက ပရိသတ်များ ဘက်သို့ မျက်လုံး ကစားကြည့်လိုက်သည်။ ပရိသတ် ကြားထဲတွင် သူ အလွန် တွေ့ချင်နေသော ခရစ္စနှင့် လော်ရာတို့ လင်မယားကို မြင်တွေ့ရပြီ။ သူ အလွန် ဝမ်းသာသွားသည်။ အားလည်း တက်သွားသည်။ သူက ခရစ္စတို့ လင်မယားဆီသို့သာ စိုက်ကြည့်နေသည်။





အစီအစဉ်အရ ဓမ္မဆရာက ဟောပြောခြင်း မပြုမီ အဖွင့်အဖြစ် ခရစ္စတိုဖာက တစ်ယောက်ချင်း ဓမ္မဂီတကို ရွတ်ဆိုရမည် ဖြစ်သည်။

ထို့ကြောင့် သူ ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ ဝတ်ပြုစင်မြင့် အစွန်နားသို့ ဖြည်းဖြည်းကလေး လျှောက်လာသည်။

လက်နှစ်ဖက်ကို နောက်ပစ်၍ ယှက်ထားလိုက်သည်။ ထို့နောက်တွင် တော့... သူသည် ဘယ်တုန်းကမှ မဆိုဖူးသော အသံနေအသံထား။ ဘယ် တုန်းကမှ မရှိခဲ့ဘူးသော အားမာန်တို့ဖြင့် စိတ်ပါလက်ပါ သီဆိုလေတော့ သည်။

သီချင်းသံသည် တစ်ခန်းလုံး လွှမ်းခြုံသွားပြီး ခန်းမဆောင် မျက်နှာ ကြက်ကိုပင် ဖောက်ထွက်သွားသကဲ့သို့ ထင်မှတ်ရလေသည်။

"အမယ်လေး...တော်လိုက်တဲ့ ကလေးနှယ်..."

လော်ရာက ရင်ဝယ် ပီတိအပြည့်ဖြင့် အသံထွက်၍ ရေရွတ်လိုက် မိသည်။ သူမသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ဝိုင်းလာသည်။ သို့ဖြင့် ခရစ္စ၏ လက်ကို တင်းတင်းဆုပ် ထားသော သူမ၏ လက်ကို ပြန်ဖြန့်ကာ လက်ဆွဲအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူလိုက်သည်။

တိုးတိုးသိမ့်သိမ့် ငိုရှိုက်သံ ကြားရ၍ ခရစ္စက လော်ရာဘက်သို့ မျက်စနဲ့ လှည့်ကြည့်လိုက်သည်။ သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံကြ သည်။ လော်ရာ့ မျက်လုံး အစုံတွင်တော့ ပီတိမျက်ရည်တွေ ဝိုင်းလျက်...။

"မောင်... တော်လိုက်တဲ့ ကလေးပဲ...မောင်ရယ်။ သိပ်တော်တဲ့ ကလေးပဲနော်"

သူမက လေသံဖြင့် နှစ်ကိုယ်ကြား ပြောလိုက်သည်။

ခရစ္စဆီကတော့ ဘာအဖြေမှ ထွက်မလာ။ မတုန်မလှုပ် ကျောက်ရုပ်။

*

"မစ္စတာ ဟင်နရီအလန်ကို အမှန်အတိုင်း ဖွင့်ပြောသင့်တယ်လို့ မောင် ထင်သလား ...ဟင်"

လော်ရာက မေးလိုက်သည်။

ခရစ္စမတ်ပွဲတော်ပြီးလို့ သူတို့လင်မယားလည်း အိမ်သို့ ပြန်ရောက် နေကြပြီ။

သို့ပေမဲ့...ခရစ္စကိုကြည့်ရတာ စိတ်တခြားလူတခြား ဖြစ်နေသည်ဟု လော်ရာက ယူဆသည်။ သူ့ကိုယ်က အိမ်မှာ၊ သူ့စိတ်က အဝေးတစ်နေရာ မှာ...။ သူ၏ စိတ်အာရုံသည် ပစ္စုပ္ပန်ကာလတွင် မရှိ။ အတိတ်ဆီသို့ ရောက်နေသည်။ သည်အချက်ကိုတော့ လော်ရာက ခြွင်းချက်မရှိ ယုံကြည် သည်။

ခရစ္စမတ်ပွဲမှ ပြန်ရောက်ကတည်းက သူတို့လင်မယား၏ ဆက်ဆံ ရေးသည် အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ ယခင်ကလိုလည်း ချစ်ချစ် ခင်ခင် ယုယုယယ ပြောဆို ဆက်ဆံခြင်း မရှိကြတော့။ နေ့စဉ် အိမ်မှုကိစ္စ အလျောက် မပြောမဖြစ်သော စကားများကိုသာ မလွှဲမရှောင်သာ၍ ပြောနေ ကြရသည်။ သည်အခြေအနေအတိုင်း ဖြစ်နေခဲ့သည်မှာ လေးရက်ပင် တိုင်ခဲ့ ပြီ။

သည်ရက်များတွင် ခရစ္စသည် ရုံးတွင် အလွန် အလုပ်များနေသည်။ 'ကက်ပီတော်လ်' အဆောက်အအုံသို့ ပြောင်းရွှေ့ရန်ကိစ္စ စီစဉ်နေရသည်။ လော်ရာမှာလည်း ပြောင်းရွှေ့ရေး အတွက် သိမ်းရဆည်းရနှင့် လက်မလည် နိုင်အောင် ဖြစ်နေသည်။

တစ်သက်လုံး နေလာခဲ့သော အိမ်ကြီးမှ ပြောင်းရွှေ့ရတော့မည် ဆိုတော့ လော်ရာ စိတ်ထဲ တစ်မျိုးကြီး ခံစားမိသည်။ လွမ်းသလိုလို ဆွေး သလိုလို ဖြစ်နေသည်။





သို့ပေမဲ့...မပြောင်းလို့တော့ မဖြစ်။ ပြည်နယ် အုပ်ချုပ်ရေးမှူးတိုင်း ဝါရှင်တန်မြို့ရှိ ကက်ပီတော်လ် အဆောက်အအုံသို့ ပြောင်းရမြဲ ဖြစ်သည်။

**အို...ကိစ္စတော့ မရှိပါဘူးလေ၊ ခနေ၊ တနင်္ဂနွေနဲ့ ရက်အားတွေမှာ လာလည်ရင်လည်း ရတာပါပဲ။**

လော်ရာ၏ မေးခွန်းကို ခရစ္စက မဖြေ။ သူတို့လင်မယားသည် အပေါ်ထပ်ရှိ ဧည့်ခန်းထဲမှ မီးဖိုရှေ့တွင် ထိုင်နေကြသည်။

ခရစ္စက ဘာမှ ပြန်မပြောတော့ လော်ရာကလည်း ထပ်မမေးတော့ဘဲ အင်္ကျီကို ချုပ်နေလိုက်တော့သည်။ သူမသည် ရိုးရာ လက်ချုပ် အလုပ်ကို အလွန်မြတ်နိုးသည်။ အားလပ်ချိန်တွင် စာဖတ်လျှင်ဖတ်။ မဖတ်လျှင် လက်ချုပ် အလုပ်ကို အမြဲတမ်း လုပ်လေ့ရှိသည်။

တော်တော်ကြာတော့မှ သူမက ထပ်မေးသည်။

"မောင်... တစ်ခုခုအတွက် စိတ်ညစ်နေတယ်ဆိုတာ ကျွန်မ သိပါ တယ်။ ခရစ္စတိုဖာကလေးအတွက်ကြောင့်ပဲ မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုရင်...မစ္စတာအလန်နဲ့ ဘာဖြစ်လို့ မတိုင်ပင်နိုင်ရတာလဲ။ ကျွန်မကိုတော့ ဘေးချိတ်ထားလိုက်ပါ။ ကျွန်မက ကလေးဘက်က ရှေ့နေ လိုက်မယ်လို့ မောင် ထင်နေတာ ကျွန်မ သိပါတယ်"

"ငါ ဘယ်သူနဲ့မှ မတိုင်ပင်ဘူး။ ငါ့ဘာသာငါ ဆုံးဖြတ်မယ်"

လော်ရာ ဘာမှ ပြန်မပြောဘဲ တည်တည်ငြိမ်ငြိမ်ဖြင့် အင်္ကျီကိုသာ ချုပ်မြဲ ချုပ်နေသည်။

**သူ ဘယ်လိုများ ဆုံးဖြတ်လိမ့်မလဲ။ သူ ဘာတွေများ တွေးနေပါ လိမ့်။**

ဟိုတွေး သည်တွေးနှင့် ဆွန်ယာ့ မျက်နှာ သွားမြင်မိသည်။ တစ်ချိန် တည်းတွင် နိုးရိမ်စိတ်လည်း ဝင်လာသည်။ မနာလိုစိတ်များပင် ဖြစ်ပေါ်လာ မိသည်။

သူ့စိတ်က ဆွန်ယာ့ဆီများ ရောက်နေလေသလား။ ဆွန်ယာတို့ သားအမိနဲ့ အတူတူ နေရရင် သိပ်ကောင်းမှာပဲလို့များ တွေးနေသလား။

သူမက သက်ပြင်း တစ်ချက်ချပြီး ချုပ်လက်စ အကျီကို ပြန်ခေါက်ထားလိုက်သည်။

"ကျွန်မ အိပ်ရာဝင်တော့မယ်...မောင်။ ပစ္စည်းတွေ သိမ်းရဆည်းရနဲ့ နည်းနည်း ပင်ပန်းသွားလို့..."

"နေမကောင်းတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး။ နေကောင်းပါတယ်။ ဒါနဲ့ အိမ်ပြောင်းပြီးရင် ကျွန်မလည်း အလုပ်ထဲ ပြန်ဝင်မယ်လို့ စိတ်ကူးထားတယ် မောင်။ ဒေါက်တာဝီလတန်ကလည်း သိပ်လာစေချင်နေတယ်"

"ဘာလဲ... မင်းက ထွက်ပေါက်ရှာတာ မဟုတ်လား"

"ဒါပေါ့။ ကျွန်မတို့ နှစ်ယောက်စလုံး ထွက်ပေါက် လိုအပ်နေတယ် မဟုတ်လား"

သူမအသံက တည်သည်။ အေးဆေးညင်သာသည်။ ယင်းသို့ ဖြစ်ရန်လည်း တမင် လုပ်ပြောခြင်း ဖြစ်သည်။

သူမ ထိုင်ရာမှ ထလိုက်တော့ ခရစ္စက လက်ကိုလိုက်ဆွဲကာ...

"ကိုယ့်ကို စိတ်ဆိုးသွားသလားကွယ်။ စိတ်မဆိုးပါနဲ့ အချစ်ရယ်"

"ကျွန်မ စိတ်မဆိုးပါဘူး။ ကျွန်မ စိတ်အိုက်နေတာပါ"

"မအိုက်ပါနဲ့။ ဒီကိစ္စ ကိုယ့်စိတ်နဲ့ကိုယ် ငါ ဆုံးဖြတ်ပါ့မယ်"

"တစ်သက်လုံးလည်း ကိုယ့်စိတ်နဲ့ကိုယ် ဆုံးဖြတ်တာပဲ မဟုတ်လား"

"မင်းကလည်း အဲဒီလို ဆုံးဖြတ်တာပဲ ကြိုက်တယ် မဟုတ်လား"

လော်ရာက သူမ၏လက်ကို ဆွဲဖြုတ်ပြီး အခန်းထဲမှ ထွက်သွားလိုက်ချင်သည်။





သို့သော် သူမက လက်ကိုလည်း ဆွဲမဖြုတ်။ အခန်းထဲမှလည်း ထွက်မသွား။ ခရစ္စ၏ဘေးမှ ကုလားထိုင်လွတ်တွင်သာ ထိုင်ချလိုက်လေသည်။

"ဟုတ်ပါတယ်။ များသောအားဖြင့် ကျွန်မက အဲဒီလိုပဲ ဆုံးဖြတ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုရင် မောင့်ဟာမောင် ကိုယ့်ဆန္ဒ ကိုယ့်စိတ်ကူးနဲ့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်စေချင်လို့ပဲ။ ဒါပေမဲ့ ဒီကိစ္စနဲ့ ပတ်သက်လို့တော့ မောင့်စိတ်ထဲမှာ ဘာတွေ တွေးနေတယ်ဆိုတာ ကျွန်မ သိချင်တယ်။ သိဖို့ အခွင့်အရေးလည်း ကျွန်မမှာ ရှိတယ်လို့ ထင်တယ်။ တစ်နည်းအားဖြင့်ဆိုရင် ဒီကလေးဟာ အခုအချိန်မှာ ကျွန်မ သားကလေး ဖြစ်နေပြီဆိုရင် မမှားပါဘူး။ မမှားဘူးလို့လည်း ကျွန်မ ယုံကြည်တယ်။ သူ့မှာ ကျွန်မက လွဲပြီး အမေ မရှိတော့ဘူး။ ကျွန်မဟာ အခြေအနေအရ သူ့အမေ ဖြစ်နေပြီ။ သူ့ကို ကျွန်မ သူ့အမေဆီက ခေါ်လာကတည်းက သူ့အမေ တာဝန်ကို ကျွန်မ လွှဲပြောင်း ယူလိုက်ပြီဆိုတာ ကျွန်မ သဘောပေါက်ပြီးသားပါ။ ဘယ်လိုပဲ တွေးတွေး ဒါဟာ သဘာဝလည်း ကျပါတယ်။ တရားလမ်းလည်း မှန်ပါတယ်။ အဲဒီတော့ ကလေးအတွက် မောင့်စိတ်ထဲမှာ ဘာတွေ တွေးနေတယ်ဆိုတာ ကျွန်မလည်း သိပိုင်ခွင့် မရှိဘူးလား"

ခရစ္စက လော်ရာ့စကားကို စူးစူးစိုက်စိုက် နားထောင်သည်။ သူ့မျက်လုံးပြာကြီးတွေက အရောင် တဖျပ်ဖျပ် တောက်လျှက်...။

သို့သော်... သူက ခေါင်းကို ခါယမ်းလိုက်ပြီး...

"ဆောရီးပဲ လော်ရာ။ ငါ ခုထက်ထိ ဘယ်လိုမှ ဆုံးဖြတ်ချက် မချနိုင်သေးဘူး။ ဒီကိစ္စက အဘက်ဘက် စဉ်းစားပြီးမှ ဆုံးဖြတ်ရမယ့် ကိစ္စ။ ငါ တစ်ဆင့်ပြီးတစ်ဆင့် ခေါင်းအေးအေးနဲ့ စဉ်းစားနေတယ်။ အဖြေရှာနေတယ်။ ဒီကိစ္စက သာမန်ကိစ္စ မဟုတ်ဘူး။ သိပ်ပြီး အရေးကြီးတယ်။ ဒီကိစ္စဟာ ငါ့ရဲ့ တစ်သက်တာ အလုပ်ဆိုလည်း ဖြစ်တယ်။ ငါ့ဘဝ တစ်ခုလုံးဆိုလည်း ဖြစ်တယ်"

"အဲဒီတော့...မစ္စတာဟင်နရီအလန်နဲ့..."

"မလိုဘူး။ ဘယ်သူမှ မလိုဘူး။ ငါ့ကိစ္စ ငါကိုယ်တိုင် ဆုံးဖြတ်မယ်"

သူ့မျက်လုံးပြာကြီးများကို လော်ရာက စိုက်ကြည့်နေသည်။ မျက်ဝန်း နှစ်ဖက် ထဲတွင် သူမ၏ရုပ်ကို သေးသေးကလေးသာ မြင်ရသည်။

"အဲဒီတော့ မောင် ဒီလောက်တောင် အချိန်ဆွဲနေတာက ကျွန်မကို ငဲ့နေလို့လား။ မောင် တစ်ခုခု ဆုံးဖြတ်လိုက်ရင် ကျွန်မ စိတ်ဆိုးသွားမှာ ကြောက်နေလို့လား"

"မကြောက်ပါဘူး။ ဆိုးဆိုးပေါ့။ ဘာဖြစ်သလဲ"

လော်ရာက ထိုင်ရာမှထကာ သူ့နဖူးကို ရွရွကလေး နမ်းလိုက်သည်။ ပြီးတော့ သူမ အိပ်ခန်းသို့ ထွက်လာခဲ့သည်။

အခန်းထဲတွင် ခဏရပ်နေသည်။ စိတ်ထဲတွင် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ခန်းကူး အလယ်တံခါးနားသို့ ပြန်လျှောက်လာသည်။ ခါတိုင်းတွင် သည်တံခါးကို အမြဲတမ်း ဖွင့်ထားသည်။

သူမသည် တံခါးရွက်ကို ဆောင့်ပိတ်ပြီး သော့ပေါက်ကို လှည့်လိုက်သည်။

တံခါးအနီးတွင် ဆက်ရပ်နေသေးသည်။

တံခါးကို ပြန်ဖွင့်သည်။

ပြီးတော့…အသာကလေး ပြန်စေ့ထားလိုက်လေသည်။

*

နောက် နှစ်ရက်မြောက်ည…။

တစ်အိမ်လုံး ရယ်မောသံ။ ဂီတသံများဖြင့် ဆူညံနေသည်။ အချို့က တော့ ညှိခန်း ဆောင်ထဲတွင် ဂီတသံ တငြိမ့်ငြိမ့်နှင့် ကနေကြသည်။





သည်ညှိခံပွဲကြီးအတွက် လော်ရာသည် ညှိဆောင်ကြီးကို လွန်ခဲ့သော နှစ်ရက်ကပင် ကြိုတင်၍ အထူးတလည် မွမ်းမံ ပြင်ဆင်ခဲ့သည်။ ရောင်စုံပန်းများကို စားပွဲများနှင့် နံရံများပေါ်တွင် တခမ်းတနား အလှဆင်ထားရာ ခန်းမဆောင်ကြီးမှာ ပန်းဥယျာဉ် တစ်ခုအလား ထင်မှတ်ရသည်။

မစ္စတာဟင်နရီအလန်တို့ လင်မယား ဝင်လာသဖြင့် လော်ရာက အခန်းဝသို့ အပြေးကလေး လျှောက်လာပြီး ဖက်လှဲတကင်း ကြိုဆိုသည်။

"တူမကြီးက အဖြူရောင် ဝတ်စုံနဲ့ဆို သိပ်ချောတာပဲကွယ်"

မစ္စက်အလန်က လော်ရာ၏လက်ကို တင်းတင်းဆုပ်ရင်း ပြောသည်။

"အခန်းကြီးကလည်း ပြင်ဆင်ထားတာ လှလိုက်တာနော်။ ဒါပေမဲ့… နောက်ကျတော့ ဒီပွဲမျိုးကို အန်တီ တက်ခွင့် ရတော့မှာ မဟုတ်တော့ဘူး။ တူမတို့က ဝါရှင်တန် ပြောင်းကြရတော့မှာ မဟုတ်လား"

"အို…ဘာလို့ တက်ခွင့် မရရမှာလဲ…အန်တီ။ တက်ကိုတက်ရမှာပါ။ ဝါရှင်တန် ပြောင်းပေမဲ့ နှစ်စဉ် လုပ်နေကျအတိုင်း ဒီအချိန်မှာ လုပ်ဦးမှာပါ။ နောက်နှစ်ကျတော့လည်း ဒီအိမ်ကြီးမှာပဲ လာပြီး လုပ်ဦးမှာပေါ့"

ထို့နောက် မစ္စတာအလန်တို့ လင်မယားက ပြုံးရယ်ကာဖြင့် တခြား ပရိသတ်တွေ ဆီသို့ လျှောက်သွားကြသည်။

လော်ရာက နောက်ထပ် ရောက်လာသော ညှိသည်များအား ဆီးကြို နှုတ်ဆက်သည်။

ညှိခန်းထဲတွင် ပရိသတ်တွေ ကနေကြစဉ် စားသောက်ခန်းတွင် တော့ စားပွဲထိုးများက အစားအသောက်များ ပြင်ဆင် ခင်းကျင်းလျက် ရှိကြသည်။

ပရိသတ်တွေ စုံသလောက် ရောက်ရှိနေကြပြီ။ ခရစ္စ ဘယ်ရောက် နေပါလိမ့်။ ပရိသတ်ထဲတွင်လည်း မတွေ့ရ။ စောစောကပဲ သူ လော်ရာ အနား လာရပ်နေသေးသည်။ ယခု သူ အခန်းထဲတွင် မရှိ။ ဘယ်များ သွားပါ လိမ့်။

လော်ရာက တစ်ခန်းလုံး ဟိုဟိုသည်သည် မျက်လုံး ကစားကြည့်

သည်။ ခရစ္စကို မတွေ့။ သူ့ စာကြည့်ခန်းထဲမှာ ဘားမင်းနဲ့ တစ်ခုခုများ တိုင်ပင် နေသလား မသိ။ မောင်ကလည်း တော်တော်ခက်တာပဲနော်။ အခုလို အချိန်မျိုးမှာတောင် အလုပ်ကိစ္စ ခဏ မေ့မထားနိုင်တာ အံ့ပါရဲ့။

"ခရစ္စ…ဘယ်သွားနေတာလဲ"

"မစ္စတာဝင်းတား မတွေ့ပါလား"

"တို့ပြည်နယ် အုပ်ချုပ်ရေးမှူးလည်း မမြင်ပါလား"

ပရိသတ်တွေက တစ်ယောက်ပြီး တစ်ယောက် လာမေးကြသည်။

"ဟုတ်ကဲ့။ သူ တစ်နေရာရာမှာ ရှိမှာပါ။ ခဏလေး စောင့်ပါဦး။ ကျွန်မ သွားခေါ်ပါ့မယ်"

ပြောနေတုန်းမှာပင် အခန်းထဲသို့ ခရစ္စဝင်လာသည်။ သူ့အမူအရာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်နှင့် ပါးပြင်နှစ်ဖက်ကလည်း အပြင်က နှင်းရိုက်လာသူလို သွေးရောင် လွှမ်းနေသည်။ သူက လော်ရာအားတွေ့ လာရပ်သည်။

"မောင်… ဘယ်သွားနေတာလဲ…ဟင်"

"နောက်တော့ သိရမှာပေါ့။ အခမ်းအနားကတော့ အနှိပ်စက်ခံရပြီ လော်ရာ။ ပရိသတ်တွေက အိမ်ရှင်မကို အရမ်း ချီးမွမ်းနေကြပြီ"

ဧည့်သည်တွေ နောက်ထပ် ရောက်လာသဖြင့် စကားပြတ်သွား ကြသည်။

ထို့နောက် ပရိသတ်တွေထဲ လျှောက်ပြီး ရယ်ရယ်မောမော စကား ပြောနေသော ခရစ္စကို ဟိုနေရာ သည်နေရာတွင် လော်ရာ လှမ်းမြင်နေရ သည်။

ဧည့်ပရိသတ်တွေ အကုန်လုံး စုံနေပြီ။ စုစုပေါင်း ပရိသတ် နှစ်ရာ ဖိတ်ကြားထားသည့် အနက် အားလုံးနီးပါး တက်ရောက်ကြသည်။

လော်ရာက တိုင်ကပ်နာရီကြီး လှမ်းကြည့်လိုက်သည်။ ညဉ့်လယ် ဆယ့်နှစ်နာရီ ထိုးရန် နာရီဝက်သာ လိုတော့သည်။ ဆယ့်နှစ်နာရီကျော်လျှင် နှစ်ဟောင်း ကုန်ဆုံး၍ နှစ်သစ် ဆန်းလာတော့မည်။





သည်နှစ် နှစ်သစ်တွင် သူတို့လင်မယား အလွန် အလုပ်များကြတော့ မည်။ ခရစ္စက ပြည်နယ် အုပ်ချုပ်ရေးမှူး တာဝန်ဖြင့် အလုပ်တွေ ဗိုင်းဗိုင်း လည်နေလိမ့်မည်။ လော်ရာက ပြည်နယ် အုပ်ချုပ်ရေးမှူး ကတော် အဖြစ် ဟိုပွဲ သည်ပွဲ၊ ဖွင့်ပွဲတွေ မနားတမ်း တက်နေရတော့မည်။

ပြီးတော့ အဖြေ မထွက်သေးသော မေးခွန်းဟောင်းအတွက် အဖြေ လည်း သည်နှစ် နှစ်သစ်တွင်ပင် ထွက်လာလိမ့်မည်။

ခရစ္စအနေဖြင့် ဘယ်လိုပင် ဆုံးဖြတ် ဆုံးဖြတ်၊ သူမက လက်ခံရမည် သာ ဖြစ်သည်။ သူ့ကို သူမ အလွန်ချစ်သည်။ အလွန် လေးစားသည်။

တကယ်လို့များ သူဟာ ငါ အထင်ကြီးသလို မဟုတ်ဘဲ ပေါ့ပေါ့ တန်တန် ဆုံးဖြတ်လိုက်ရင် ဘယ်လိုလုပ်မလဲ။ အို…သူက ဘာမှ မဆုံးဖြတ်ရ သေးခင် ငါက တွေးပူနေလို့ အလကားပါပဲ။ သူ့နေရာဝင်ပြီး ငါက ဆုံးဖြတ်သလို ဖြစ်နေပြီ။ သူ ဆုံးဖြတ်ရမယ့် အလုပ်ကို ငါက ကြားဝင်ပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး။

ခန်းမကြီး တံခါးဝတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသဖြင့် လော်ရာ အတွေးလည်း ပြတ်သွားသည်။ တစ်ချိန်တည်းတွင် ဂီတသံလည်း ရုတ် တရက် တိတ်ဆိတ်သွားသည်။

ဘယ့်နယ်… အစောကြီး ရှိသေးတာပဲ။ သန်းခေါင်ချိန်တောင် မရောက်သေးဘူးဟု လော်ရာက တွေးလိုက်သည်။

နှစ်တိုင်းဆိုလျှင် ဆယ့်နှစ်နာရီ သန်းခေါင်ချိန် ရောက်သည်အထိ ပရိသတ်တွေ ကကြသည်။ ဆယ့်နှစ်နာရီတိတိ ထိုးသည်နှင့် တစ်ပြိုင်နက် အက ရပ်လိုက်ကြပြီး "အောလန်ဆိုင်းန်" (မိတ်ဟောင်းဆွေဟောင်း မမေ့ကောင်း) သီချင်းကို ပရိသတ်အားလုံး သံပြိုင် သီဆိုကြသည်။

"လေးစားအပ်တဲ့ မိတ်ဆွေများ ခင်ဗျား"

ခရစ္စ၏ အသံသည် တစ်ခန်းလုံးကို ဖြိုလွှမ်းသွားသည်။ သူသည် တံခါးဝတွင် ရပ်နေသည်။ သူ့ ရုပ်သွင်မူရာသည် ခါတိုင်းနှင့်မတူ တစ်မူ ထူးခြား နေသည်ဟု လော်ရာက ထင်မိသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူး

ရာထူး လက်ခံပွဲ မိန့်ခွန်း ပြောစဉ်ကထက်ပင် သူ့ရုပ်သွင်က အားမာန် ပြည့် နေသည်။

"ကြွရောက်လာကြတဲ့ ပရိသတ်အားလုံးကို ကျွန်တော်က မိတ်ဆွေ ရင်းချာတွေလို့ သဘောပိုက်ပြီး ပြောလိုပါတယ်။ ကျွန်တော်တို့ ပြည်နယ်ရဲ့ ပြည်နယ် အုပ်ချုပ်ရေးမှူး ဖြစ်လိုတဲ့ ကျွန်တော့် ရည်မှန်းချက်၊ ကျွန်တော့် ဆန္ဒကို အကောင်အထည်ဖော် ပေးလိုက်ကြတဲ့ ကျေးဇူးရှင် မဲဆန္ဒရှင် အမျိုးသား အမျိုးသမီး ပြည်သူတွေအဖြစ် သဘောပိုက်ပြီး ကျွန်တော် ပြောလို ပါတယ်။

"ဒီစကားကို အခုလို မိတ်ဆွေများ မမျှော်လင့်ဘဲ ကြားရတဲ့ အခါ အထိ ရောက်လာအောင် ကျွန်တော့်အနေနဲ့ ဘယ်အတိုင်းအတာအထိ အကြိတ်အနယ် စဉ်းစားခန်း ထုတ်ခဲ့ရတယ်ဆိုတာ ကျွန်တော် ဝန်မခံဘဲ နေလို့ မရပါဘူး။

"ဟုတ်ပါတယ်။ ကျွန်တော်ဟာ ရည်မှန်းချက် ကြီးခဲ့ပါတယ်။ ဟုတ် ပါတယ်။ ကျွန်တော့်မှာ ကြီးမားတဲ့ ဆန္ဒတွေ ရှိခဲ့ပါတယ်။ နောင်ကိုလည်း ကျွန်တော့်အနေနဲ့ ကြီးမားတဲ့ ဆန္ဒတွေ ဆက်လက် ရှိနေဦးမှာ ဖြစ်ပါတယ်"

"ကျွန်တော် ပြည်နယ် အုပ်ချုပ်ရေးမှူး အလွန် ဖြစ်ချင်ပါတယ်။ ကျွန်တော် မိတ်ဆွေများကို အလုပ်အကျွေး ပြုချင်ပါတယ်။ ကျေးဇူးရှင် မဲဆန္ဒရှင် ပြည်သူတွေကို ကျေးဇူး ပြန်ဆပ်ချင်ပါတယ်။ ကျွန်တော် ကျေကျေပွန်ပွန် ကျေးဇူး ဆပ်နိုင်လိမ့်မယ်လို့ အကြွင်းမဲ့ ယုံကြည်ပါတယ်။ အလေးအနက် ယုံကြည်ပါတယ်။ ဒါပေမဲ့ ဒီကနေ့ညမှာတော့... ကျွန်တော် နဲ့ ပတ်သက်လို့ မိတ်ဆွေများ မသိသေးတဲ့ ဘဝတစ်ကဏ္ဍကို ကျွန်တော်နဲ့ အတူ မျှဝေခံစားနိုင်အောင် မိတ်ဆွေများကို ကျွန်တော် ပြောပြချင်ပါတယ်"

သူ ဘာအကြောင်း ပြောတော့မည် ဆိုတာကို လော်ရာ ချက်ချင်း သိလိုက်သည်။

သူမက ကြီးစွာသော စိတ်ဝင်စားမှုဖြင့် နားထောင်နေသည်။ ရင်မှာ တဒိန်းဒိန်း ခုန်လာသည်။ အသက်ပင် မရှူနိုင်အောင် ဖြစ်နေသည်။ ပါးပြင် နှစ်ဖက်သို့ မျက်ရည်တွေ စီးကျလာသည်။





အမိနိုင်ငံကို စွန့်ခွာပြီး တစ်နိုင်ငံ တစ်မြေခြားသို့ စစ်တိုက်ထွက်ကြ ရသော အမေရိကန် လူငယ်တွေ အကြောင်း။ စစ်မြေပြင်တွင် ရန်သူနှင့် လူဆန်စွာ သော်လည်းကောင်း... လူမဆန်စွာ သော်လည်းကောင်း ရင်ဆိုင် တိုက်နေကြရသော လူငယ်တွေ အကြောင်းနှင့် သူတို့ ဘာမှ မသိသော စစ်ပွဲကြီးကြောင့် ရန်သူလက်တွင် အသက် ဆုံးရှုံးသွားကြရသော လူငယ်တွေ အကြောင်းကို ရေရွက ခံစားချက် အပြည့်ဖြင့် ဆို့ဆို့နင့်နင့် ဝေဝေဆာဆာ ဆက်ပြောသွားသည်။

ထို့နောက် ဆက်လက်၍...

"အဲဒီလူငယ်တွေဟာ ကျွန်တော်တို့နိုင်ငံက လူငယ်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ညီတော် နောင်တော်တွေ။ ကျွန်တော်တို့ရဲ့ တူတွေ သားတွေ ဖြစ်ပါတယ်။ သူတို့တစ်တွေဟာ အခုအချိန်မှာ...၊ အခု ကျွန်တော် စကား ပြောနေတဲ့ အချိန်မှာ... အာရှနိုင်ငံ ခုနစ်နိုင်ငံမှာ ရောက်ရှိ နေကြပါတယ်။ သေဆုံးနေကြပါတယ်။ သူတို့တစ်တွေဟာ အသက်အရွယ်အားဖြင့် အလွန် ငယ်ကြပါသေးတယ်။ သနားစရာ ကောင်းလောက်အောင် ငယ်ရွယ် ကြပါ သေးတယ်။ သူတို့တစ်တွေဟာ ကျွန်တော်တို့ မိတ်ဆွေတို့လိုပဲ မေတ္တာတရား လွှမ်းခြုံတဲ့ မိဘ အရိပ် အာဝါသ အောက်မှာ နွေးထွေးစွာနဲ့၊ လုံခြုံစွာနဲ့ နေထိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့... အခုအချိန်မှာတော့ သူတို့ တစ်တွေဟာ သူတို့ အလွန်ချစ်တဲ့ မိဘ ဆွေမျိုးတွေကို စွန့်ခွာပြီး တစ်တိုင်း တစ်ပြည်ကို ရောက်နေကြပါတယ်။ သူတို့တစ်တွေဟာ အမိနိုင်ငံမှာ ကျန်ရစ် တဲ့ မိဘဆွေမျိုးတွေကို လွမ်းပြီး အထီးကျန်တွေ ဖြစ်နေကြပါတယ်။ ဒီ အကြောင်းကို ကျွန်တော် ဘယ်လို သိရပါသလဲ။ ဟိုးလွန်ခဲ့တဲ့နှစ်တော်တော် ကြာကြာက ကျွန်တော်ကိုယ်တိုင် ကိုရီးယားလို့ ခေါ်တဲ့ နိုင်ငံတစ်နိုင်ငံမှာ သူတို့လို စစ်မှုထမ်းခဲ့ရလို့ ကျွန်တော် ဒီအကြောင်းကို သိတာ ဖြစ်ပါတယ်"

သူက ခေတ္တရပ်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းချင်း ဖိကိုက်လိုက်ပြီး ဆက်ပြောသည်။

"ကျွန်တော်တို့ စစ်သားကလေးတွေဟာ တစ်ပါးနိုင်ငံမှာ ရရာကြုံရာ ခြေဖျော်စရာတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ကြံဖန်ပြီး ခြေဖျော် နေကြရပါတယ်။

ကျွန်တော့် အနေနဲ့တော့ သူတို့ တစ်တွေကို အပြစ်လည်း မတင်လိုပါဘူး။ သူတို့ ဘက်က ရပ်ပြီးလည်း ရှေ့နေ မလိုက်လိုပါဘူး။ ကျွန်တော်လည်း သူတို့လိုပဲ ဘဝတူ တစ်ယောက်ပါ။ သူတို့တစ်တွေဟာ အသက်ကို ဖက်ရွက်နဲ့ ထုပ်ပြီး ရန်သူနဲ့ တိုက်ရိုက် နေကြရပါတယ်။ ဘယ်အချိန်မှာ သူတို့ အသက်နဲ့ ကိုယ် အိုးစားကွဲ သွားမယ်ဆိုတာကို သူတို့ မသိပါဘူး။ သူတို့ ကိုယ်ထဲကို ရန်သူ့ကျည်ဆန် အချိန်မရွေး ထိုးဖောက်သွားနိုင်တယ် ဆိုတာကိုတော့ သူတို့ အမြဲတမ်း သိနေကြပါတယ်"

"ဒါကြောင့်မို့လို့ တစ်နေ့ သေရမယ့်အတူတူ ကြုံရာဘဝမှာ ပျော်ပျော်နေတာပဲ ကောင်းပါတယ်ဆိုပြီး သူတို့တစ်တွေဟာ ကပွဲတွေကို ရောက်ကြပါတယ်။ တခြား ပြေပျော်စရာ သွားစရာ ဆိုတာကလည်း ဘာမှ မရှိပါဘူး။ အဲဒီတော့ ကပွဲတွေမှာ ထုံးစံအတိုင်း မိန်းကလေးတွေနဲ့ တွေ့ကြရပါတယ်။ အဲဒီမှာ သူတို့တစ်တွေဟာ တဒင်္ဂ သာယာမှုအတွက်။ အထီးကျန်ဘဝ စဏပြေပျော်မှုအတွက် အချစ်ကို ပိုက်ဆံပေးပြီး ဝယ်ကြပါတယ်။ ဟုတ်ပါတယ်။ အဲဒီ အချစ်ဟာ မမှန်မြတ်ပါဘူး။ တန်ဖိုး မရှိဘူးဆိုတာကို သူတို့ သိကြပါတယ်။ ဒါပေမဲ့ အဲဒါကိုပဲ သူတို့က တဒင်္ဂ ကျေနပ်မှုအတွက် ရယူနေကြရပါတယ်။ အဲဒါ ဘာကြောင့်လဲ။ သိရက်သားနဲ့ အဲဒီလို ဘာကြောင့် လုပ်နေကြရတာလဲ။ ကျွန်တော် စောစောက ပြောခဲ့သလို သူတို့တစ်တွေရဲ့ ခေါင်းပေါ်မှာ သေမင်း လက်ဖျံရိုးကြီးက အရိပ်မိုးသလို မိုးနေလို့ပဲ ဖြစ်ပါတယ်။

"ဒါကြောင့်မို့လို့ သူတို့တစ်တွေဟာ အချစ်ကို ပိုက်ဆံနဲ့ဝယ်ပြီး လူမျိုးခြား မိန်းကလေးတွေရဲ့ ရင်ခွင်ထဲ ခိုလှုံကြရတာ ဖြစ်ပါတယ်။ ကျွန်တော်လည်း သူတို့လို တစ်ယောက် အပါအဝင် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်က သူတို့ထက် ကံကောင်းတယ်လို့ ဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့… ကျွန်တော် တွေ့ခဲ့တဲ့ အချစ်က ခဏတာဖြစ်ပေမဲ့ သူတို့ အများစု ရနေကြတဲ့ အချစ်မျိုး မဟုတ်ပါဘူး။ တန်ဖိုးမရှိတဲ့ အပေါစား အချစ်မျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့် အချစ်ဇာတ်လမ်းက အဲဒီမှာတင် မဆုံးသေးပါဘူး။ တကယ်လို့ အဲဒီလောက်နဲ့ပဲ ဆုံးသွားခဲ့လို့ရှိရင်လည်း အဲဒီအကြောင်းကို အခုလို မိတ်ဆွေများရှေ့မှာ ပြောပြစရာ မလိုတော့ပါဘူး။





ပြောပြရလောက်အောင်လည်း စိတ်ဝင်စားစရာ မကောင်းတော့ပါဘူး။ အခုတော့ ကျွန်တော့် ဇာတ်လမ်းက စိတ်ဝင်စားစရာ အလွန် ကောင်းပါတယ်။ အခု အထိလည်း အဆုံး မသတ်သေးပါဘူး။

"အဲဒီလို ခဏတာ တွေ့ဆုံမှုတွေဟာ များသောအားဖြင့် နောက်တစ်နေ့မှာ သေခြင်းတရားနဲ့ နိဂုံးချုပ်သွားကြရတာ များကြပါတယ်။ ဒါပေမဲ့ တစ်ခါတလေမှာ မွေးဖွားခြင်းနဲ့ ဇာတ်လမ်း ဆက်တတ်ကြပါတယ်။ မွေးဖွားခြင်း ဆိုတာက တခြား မဟုတ်ပါဘူး။ ကလေး မွေးဖွားလာတာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်သားတွေ ရောက်ရှိနေတဲ့၊ တိုက်ပွဲ ဝင်နေတဲ့၊ သေပွဲဝင်နေတဲ့ အဲဒီ အာရှနိုင်ငံပေါင်း ခုနစ်နိုင်ငံမှာ အခုအချိန်မှာ အဲဒီလို ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် မွေးဖွားနေကြပါတယ်၊

"ဒီတော့ကော အဲဒီကလေးတွေဟာ ဘယ်လို ထူးခြားချက် ရှိပါသလဲလို့ မေးလာရင် အဲဒီကလေးတွေဟာ တခြား ကလေးတွေနဲ့ မတူတဲ့ ထူးခြားချက် ရှိပါတယ်လို့ ဖြေရပါလိမ့်မယ်။ ဟုတ်ပါတယ်။ အဲဒီကလေးတွေဟာ လူမျိုးသစ် ကလေးတွေ ဖြစ်ပါတယ်။ ကပြားကလေးတွေ ဖြစ်ပါတယ်။ အနာဂတ်အတွက် လူမျိုးသစ် ကလေးတွေ ဖြစ်ပါတယ်။ သူတို့ကလေးတွေဟာ ကမ္ဘာကြီးက သူတို့အတွက် နေရာထိုင်ခင်း အဆင်သင့် မပြင်ဆင်ရသေးခင်မှာဘဲ အလွန်စောပြီး မွေးဖွား လာကြတာ ဖြစ်ပါတယ်။

"မိတ်ဆွေများ ခင်ဗျား၊ ကျွန်တော် ပြောတာ ဟုတ်ပါသလား။ လေးလေးနက်နက် စဉ်းစားကြည့်ကြစေချင်ပါတယ်။ ဟုတ်ပါတယ်။ အဲဒီကလေးတွေကို ဘယ်သူမှလည်း ဂရုမစိုက်ကြပါဘူး။ ဘယ်တိုင်းပြည်မှလည်း အရေးမလုပ်ကြပါဘူး။ ဘယ်ယောကျ်ား ဘယ်မိန်းမကမှလည်း အလေးမထားကြပါဘူး။ သူတို့ကလေးတွေဟာ နိုင်ငံမဲ့ ကလေးတွေ ဖြစ်နေကြပါတယ်။ အဲဒီ အချက်ကို သူတို့ရဲ့ အဖေတွေက သိကြပါရဲ့လား။ တစ်ခါတလေတော့ သိကြတာလည်း ရှိပါတယ်။ တစ်ခါတလေတော့ မသိကြတာလည်း ရှိပါ တယ်။ သူတို့ မသိကြတဲ့ အထဲမှာ အာရှနိုင်ငံတွေမှာ ကလေး တစ်ယောက်ရဲ့ တာဝန်ဟာ မိခင်လုပ်သူ အပေါ်မှာ မရှိဘဲ ဖခင်အပေါ်မှာသာ လုံးဝ တာဝန်ရှိတယ်ဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်။

"မိတ်ဆွေများခင်ဗျား၊ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလို လူစု ထဲမှာ တစ်ယောက် အပါအဝင် ဖြစ်ခဲ့ပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း မသိတဲ့ လူတွေထဲမှာ တစ်ယောက် အပါအဝင် ဖြစ်ပါတယ်။ အဲဒီလို ကလေး တစ်ယောက် မွေးလာတဲ့အထိ ကျွန်တော် မသိခဲ့ပါဘူး။ ဒါပေမဲ့ စုအချိန်မှာ တော့ ကျွန်တော် သိခဲ့ပါပြီ"

သူက စကားကို ရပ်လိုက်သည်။ ပရိသတ်ကို အကဲခတ်နေသည်။ တစ်နာရီလောက်ပင် ကြာသွားပြီဟု လော်ရာက ထင်မိသည်။

ဧရစ္စက ပရိသတ်များအား အပေါ်မှ စီးမိုးပြီး ရပ်ကြည့်နေသည်။ သူ့မျက်နှာက ရဲတင်းလှသည်။ မေးရိုးနှစ်ဖက်ကလည်း အားမာန်အပြည့်နှင့်။

တစ်ခန်းလုံး အပ်ကျသံပင် ကြားရမတတ် ပိတ်ပိတ်သား တိတ်ဆိတ် နေသည်။ ဘာသံမျှ မကြားရ။ နှာချေသံ။ ချောင်းဟန့်သံ။ တီးတိုးပြောသံ... ဘာသံမျှ မကြားရ။

သူက ဘေးဘက်သို့ ရုတ်တရက် လှည့်ကာ ညာလက်ကို ဆန့်တန်း လိုက်သည်။

ခန်းမကြီးနှင့်ကပ်လျက် အခန်းကလေးတံခါးဝမှ ဧရစ္စတိုဖာကလေး ထွက်လာသည်။

လော်ရာမှာ အံ့အားကြီး သင့်ကာ ကြက်သေ သေနေမိသည်။

ဧရစ္စတိုဖာကလေးက ဖခင်ဖြစ်သူ၏ ဘေးတွင် ဝင်ရပ်လိုက်သည်။

သားကလေးက ဖခင်ဖြစ်သူ၏ မျက်နှာကို မော်ကြည့်သည်။ ဖခင် ဖြစ်သူက သားငယ်၏ မျက်နှာကို ငုံ့ကြည့်သည်။

သားအဖနှစ်ယောက် ရုပ်ချင်း တူလိုက်သည့်ဖြစ်ခြင်း။

ဖအေနှင့်သား။ သားနှင့်အဖေ။ မျက်လုံးချင်းလည်း တူသည်။ ပါးစပ် ချင်းလည်း တူသည်။ ရုပ်ချင်းလည်း တူသည်။ အားလုံး ချွတ်စွပ် တူနေ သည်။

"ဧရစ္စတိုဖာ..."





ဖအေက အသံကျယ်ကျယ်ဖြင့် ခေါ်လိုက်သည်။

"ဟောဒီ ညီသည်တွေဟာ တို့ရဲ့ မိတ်ဆွေတွေ ဖြစ်တယ်။ သူတို့ကို မင်း သိစေချင်တယ်။ သူတို့ကလည်း မင်းကို သိစေချင်တယ်။ ဘာကြောင့် လဲ ဆိုတော့ မင်းဟာ အခုအချိန်က စပြီး ကိုယ့်အိမ်ကို ပြန်ရောက်လာပြီ ဖြစ်လို့ပဲ။ ငါ့ကိုလည်း သူတို့က သိစေချင်တယ်။ ဒါကြောင့် မို့လို့ မင်း အကြောင်း သူတို့ကို အခုလို ပြောပြရခြင်း ဖြစ်တယ်"

ဧရစ္စတိုဖာကလေးသည် နေရာတွင် မလှုပ်မယှက် ရပ်နေသည်။ သူက သူ့ဖေဖေ၏ မျက်နှာကိုသာ မော်ကြည့်မြဲ ကြည့်နေသည်။

ဧရစ္စက ပရိသတ်ဘက်သို့ မျက်နှာလှည့်ကာ စကားဆက်ပြောသည်။ သည်အကြိမ်တွင်တော့ စောစောကထက် ရွှင်ရွှင်မြူးမြူး ရှိသည်။ သူ့ရင်ထဲ ဆို့ကျပ်နေသော အလုံးကြီး လျှောကျသွားသလို ခံစားရသည်။

"လေးစားအပ်တဲ့ မိတ်ဆွေများခင်ဗျား။ ဒီကလေးဟာ ကျွန်တော့် သားကလေး ဖြစ်ပါတယ်။ ကျွန်တော်တို့ လင်မယားရဲ့ သားကလေး ဖြစ်ပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဇနီး လော်ရာလည်းပဲ ဒီကလေး ကိစ္စမှာ ကျွန်တော်နဲ့အတူ တစ်လျှောက်လုံး မျှဝေ ခံစားရတဲ့ အတွက်ပဲ ဖြစ်ပါတယ်။ လော်ရာဟာ ကိုရီးယားနိုင်ငံကို ကိုယ်တိုင် သွားရောက်ပြီး ကျွန်တော်တို့ သားကလေးကို ခေါ်လာခဲ့ပါတယ်။ ဟောဒီ ကျွန်တော်တို့ သားကလေး ဧရစ္စတိုဖာ ဝင်းတားကို ခေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ သားကလေးက ရုပ်ချောပါတယ်။ အသံလည်း အလွန်ကောင်းပါတယ်။ အခု ကျွန်တော်တို့ သားကလေးက မိတ်ဆွေများကို သီချင်းဆိုပြီး ဧည့်ခံဖြေဖျော် ပါလိမ့်မယ်။ ဆိုပါ...ဧရစ္စတိုဖာ"

ဧရစ္စတိုဖာကလေးက ရှေ့သို့ထွက်၍ ရပ်လိုက်သည်။ သူက ဖခင် ဘေးသို့ တစ်လှမ်းထွက်၍ ရပ်လိုက်သည်။ ထို့နောက် မျက်နှာကို မော့ကာ သီချင်းစ၍ ဆိုတော့သည်။

"ဒါ...ငါ့နိုင်ငံ၊ ဒါ...သင့်နိုင်ငံ...။ ဒါ...ငါ့တိုင်းပြည်... ဒါ...သင့် တိုင်းပြည်..."

အို...မောင်ရယ်...ဒါ မောင့်ရင်သွေးကလေး။ ဒါ ကျွန်မ ရင်သွေးကလေးပါ...မောင်ရယ်။

လော်ရာက ဝမ်းသာလွန်းသဖြင့် ရင်ထဲတွင် လှိုက်တက်လာပြီး အသံတိတ် အော်ပြောလိုက်မိသည်။

သူမသည် ဤခြေမပျက်အောင် စိတ်ကိုထိန်းကာ သီချင်းဆုံးသည်အထိ ငြိမ်ပြီး နားထောင်နေလိုက်သည်။

ငါ သူတို့ သားအဖဘေးမှာ သွားရပ်ရမယ်။ သူတို့ဘေးမှာ သွားရပ်ရမယ်။

သူမက စိတ်ကူးရုံသာရှိသေး။ အဘိုးကြီး မစ္စတာအလန်တို့ လင်မယားက နှစ်ယောက်သား လက်ချင်းယှက်ကာ ရှေ့သို့တက်သွားကြသည်။

"လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်...ခရစ္စတိုဖာ။ ဂုဏ်ယူပါတယ်...ခရစ္စတိုဖာ"

မစ္စက်အလန်က ခရစ္စတိုဖာကလေးအား ဖက်လှဲတကင်း လက်ဆွဲနှုတ်ဆက်ရင်း ပြောသည်။

"သား... အိမ်ကို ရောက်လာတာ။ မိဘတွေဆီကို ရောက်လာတာ ဘွားဘွားတို့ အများကြီး ဝမ်းသာပါတယ်...ကလေးရယ်"

အဘိုးကြီး မစ္စတာအလန်ကလည်း ခရစ္စတိုဖာကလေး၏ လက်နှစ်ဖက်ကို သူ့လက် နှစ်ဖက်ဖြင့် အားပါးတရ ဆုပ်ကိုင်လှုပ်ယမ်းရင်း...

"အများကြီး ဝမ်းသာပါတယ် သား...လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ် သား"

ထို့နောက် အဘိုးကြီးက ခရစ္စဘက်သို့ လှည့်ကာ...

"ကွန်ဂရက်ကျူလေးရှင်း...ဝင်းတား။ သားကြီးက လူချောကလေး တစ်ယောက်ပဲ။ အလွန်ချောတဲ့ လူချောကလေး တစ်ယောက်ပဲ... သားအဖတွေ ပြန်တွေ့ကြတာ အများကြီး ဝမ်းသာပါတယ်။ အားလုံးအတွက် အများကြီး ဝမ်းသာပါတယ်"





တခြား ဧည့်သည်တွေကလည်း အံ့သြဝမ်းသာစွာဖြင့် သူ့ထက်ငါ အလာအယက် ရှေ့သို့ တိုးသွားပြီး လက်ဆွဲ နှုတ်ဆက်ကြသည်။

လော်ရာက လူအုပ်ထဲမှ တိုးဝှေ့ဝင်သွားကာ ခရစ္စ၏ ဘေးတွင် ဝင်ရပ်လိုက်သည်။

ဧည့်ပရိသတ်တွေ တစ်ယောက်ပြီး တစ်ယောက် လက်ဆွဲ နှုတ်ဆက်နေသည့် ကြားမှ လော်ရာက ခရစ္စအား တိုးတိုးကလေး မေးလိုက်သည်။

"ပြီးတော့... ဘာလုပ်ဦးမှာလဲ..ဟင်...မောင်"

ခရစ္စက ပါးစပ်ကို ရွဲ့ကာ ခပ်ရွှင်ရွှင်ကလေး ပြုံးပြလိုက်ပြီး...

"ဘယ်သူ သိနိုင်ပါ့မလဲ...မိန်းမရယ်"

"ဒါပေမဲ့...ဘာပဲပြောပြော အခုဆိုရင် ကျွန်မတို့ သားမိ သားဖ သုံးယောက်တော့ တကယ့်ကို ဆုံကြပါပြီ...မောင်"

"ဒါပေါ့...အခုအထိတော့ သိပ်ကောင်းတာပေါ့"

"ဟုတ်တယ်။ အခုအထိတော့ သိပ်ကောင်းတယ်"

သူမက ခရစ္စ၏လက်ကို ကျောဘက်မှသိုင်း၍ လှမ်းဆုပ်လိုက်သည်။

ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် တိုင်ကပ်နာရီမှ သန်းခေါင်ယံ (၁၂)နာရီထိုးသံ ပေါ်ထွက်လာသဖြင့် ပရိသတ်အားလုံး၏ သံပြိုင်သီချင်းသံသည် တစ်ခန်းလုံး ဟိန်း၍ ပေါ်ထွက်လာသည်။

ယင်းအထဲမှ ခရစ္စတိုဖာကလေး၏ အသံကတော့ အကြည်လင်ဆုံး။ အပေါ်လွင်ဆုံး...။

"မိတ်ဟောင်းဆွေဟောင်း...မမေ့ကောင်းပေ...မမေ့ကောင်းပေ..."

မှန်ပါသည်။ ဘယ်သောအခါမှ မမေ့နိုင်တော့ပါ။ တစ်သက်တာ မေ့၍ မရတော့ပါ။ လော်ရာက ယင်းသို့ပင် အလေးအနက် တွေးလိုက်မိသည်။

သို့ပေမဲ့...ကိုရီးယားနိုင်ငံ။ ဆွန်ယာ။ ပြီးတော့...မစ္စတာချို... စသည့်

နှာမပညတ်တွေကတော့ နှစ်ဟောင်းတွင် ကျန်ရစ်ခဲ့ကြပြီ။ အတိတ်၏ အမှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားခဲ့ကြပြီ။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်စခဲ့ပြီ။ ရေရှ၊ လော်ရာနှင့် ရေရှတိုဖာ ကလေးတို့အတွက် နှစ်သစ်နှင့်အတူ ဘဝသစ် စတင်ခဲ့လေပြီတည်း…။

မောင်ပေါ်ထွန်း

စက်တင်ဘာလ ၁၈၊ ၁၉၈၇ ၃

❑